www.burmeseclassic.com



BURMESE CLASSIC

ရွှေကူမေနှင်း

# မေနှင်းကိုမေးပါ

လူငယ်လူရွယ်တို့၏
နှလုံးသားရေးရာ၊ လူမှုရေးရာ
အမေးအဖြေများ

www.burmeseclassic.com

www.burmeseclassic.com

**ပြည်သူ့သဘောထား**

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# မေနှင်းကိုမေးပါ

## လူငယ်လူရွယ်တို့၏ နှလုံးသားရေးရာ၊ လူမှုရေးရာ အမေးအဖြေများ

## ရွှေကူမေနှင်း

ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မေနှင်းကိုမေးပါ
ရွှေကူမေနှင်း

ထုတ်ဝေသူ - ဦးစန်းဦး
ပုံနှိပ်သူ - ဒေါ်ဝင်းမာ
မျက်နှာဖုံးဒီဇိုင်း - အမ်အက်စ်အို
ကွန်ပျူတာစလင် - အီးဂဲလ်
ထက်ခွဲစလင် - အေဇက်
စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)

မေနှင်း၊ ရွှေကူ
မေနှင်းကိုမေးပါ /
ရွှေကူမေနှင်း၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၂၊
စာမျက်နှာ ၃၄၃ မျက်နှာ၊၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) မေနှင်းကိုမေးပါ

၂၀၀၂၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်




သရဖူမဂ္ဂဇင်းမှ လူငယ်လူရွယ်တို့၏
နှလုံးသားရေးရာ၊ လူမှုရေးရာ အမေးအဖြေများ

ရွှေကူမေနှင်း ဖြေဆိုသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

(၁)

□ *'မေ' ကျွန်တော် ဒီလိုခေါ်တာ စိတ်မဆိုးပါနဲ့။ အဲဒီစာလုံးကို နှစ်သက်လို့ပါ။ ကျွန်တော် မေးချင်တာက...*

*(၁) အခုခေတ်မိန်းကလေးတွေဟာ ဘာဖြစ်လို့ ယောကျ်ားလေးတွေနဲ့ ရင်းရင်းနှီးနှီး နေချင်ကြတာလဲ။ လူအထင်သေးမှာ မကြောက်ဘူးလား။*

*(၂) အခုခေတ် ချစ်သူစုံတွဲတွေဟာ သူတို့ရဲ့ဘဝကို ဘာဖြစ်လို့ လွယ်လွယ်နဲ့ ပုံအပ်ချင်ကြတာလဲ။*

*(၃) မိန်းကလေးတွေဟာ အနောက်တိုင်း ဝတ်စားဆင်ယင်မှုကို ဘာလို့ နှစ်သက်ကြတာလဲ။ မေတို့ခေတ်တုန်းကလည်း ဒီလိုပဲလား။*

**တာခ်ီ**

❖ တောတွင်းသား ကိုတာခ်ီရေ တောင်းပန်ပါတယ်။ မေနှင်းကို ဒီလို နာမည်အဖျားဆွတ်ပြီး မခေါ်ပါနဲ့နော်။ မေနှင်းလို့ပဲ ရိုးရိုး ခေါ်စေချင်ပါတယ်။ ရှေ့စာလုံးဖြစ်ဖြစ်၊ နောက်စာလုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် အဖျားလေးဆွတ်ပြီး ခေါ်တာခံရရင် အူယားတတ်လို့ပါ။ ကဲ… မေးခွန်းတွေ ဖြေရရင်တော့…

(၁) လူအထင်သေးမှာ မကြောက်ပါဘူး။ ရိုးရိုးတန်းတန်း ရင်းရင်းနှီးနှီး နေကြတာဟာ မိန်းကလေးတွေ အိမ်တွင်းအောင်းဘဝက လွတ်မြောက်ပြီး ပညာတွေသင်၊ အလုပ်တွေ လုပ်လာကြကတည်းကပါ။ သူတို့စိတ်ထဲမှာ မိန်းမ ယောကျ်ား ခွဲခြားခံစားမှု မရှိကြပါဘူး။ အပြင်မှာ အလုပ်အတူလုပ်ကြရတဲ့ ဘဝတူ လူသားတွေလို့ နားလည်ထားကြတာမို့ပါ။

(၂)ဘာဖြစ်လို့ လွယ်လွယ်နဲ့ ပုံအပ်ချင်ကြတာလဲဆိုရင် 'မောင်တင်မောင်၊ မေရှင်' တို့ရဲ့ 'ချစ်ရေစင်' ဇာတ်ကား မကြည့်ဖူးဘဲ 'လီယိုနာဒိုနဲ့ ကိတ်' တို့ရဲ့ 'တိုက်တင်းနစ်'ဇာတ်ကားပဲ ကြည့်ခဲ့ကြလို့ ဖြစ်ပါလိမ့်မယ်။

(၃)မိန်းကလေးတွေအနေနဲ့ အနောက်တိုင်း ဝတ်စားဆင်ယင်မှုကိုချည်း နှစ်သက်ကြတာ မဟုတ်ပါဘူး။ 'ပိုင်ဝေ့' ပေါ်တော့လည်း တရုတ်အင်္ကျီ ချုပ်ဝတ်ကြ။ 'လီဆောင်းဦး' ခေတ်စားတော့ ကိုရီးယားလို ဝတ်ကြ။ ဘာရယ်ကိုမှ သတ်မှတ်မထားကြပါဘူး။ လှတယ်ထင်တာကို အားကျပြီး လိုက်ဝတ်ကြတာပါ။ မေတို့… အဲ… မေနှင်းတို့ ခေတ်ကလည်း 'ခင်ယုမေ'လို ထဘီတိုတို ဝတ်ခဲ့ကြဖူးတာပဲ။ 'ဒေဝီကျော်ဝင်း' လို ဖြောင်လုံချည်နဲ့ အပွင့်အင်္ကျီ ချုပ်ဝတ်ခဲ့ကြတာပဲ။ 'မာရီလင်မွန်ရိုး' လိုတော့ ဟိုပေါ် ဒီပေါ်တွေ လိုက်မလုပ်ခဲ့ကြတာ အမှန်ပါပဲကွယ်။

*



(၂)

□ *အန်တီမေ့ကို အားကိုးတကြီး တိုင်ပင်ပါရစေ။ ကျွန်တော့်ချစ်သူဟာ ကျွန်တော့်အချစ်ဦးပါ။ ကျွန်တော် မတိုင်ခင် ရည်းစားသုံးယောက်ရှိခဲ့သူ ဖြစ်ပါတယ်။ အခု ကျွန်တော်နိုင်ငံခြားရောက်နေတုန်း သူ နောက်ချစ်သူတစ်ယောက်ထပ်ထားကြောင်း သိရပါတယ်။ မေးတော့ မဟုတ်ဘူးလို့ ငြင်းပါတယ်။ သူ့ကို ဘဝအတွက် လက်တွဲဖော်အဖြစ် ရွေးချယ်သင့်ပါသလား။*

***မိုးသက်နိုင်၊ ခေတ္တ မလေးရှား။***

✦ ရည်းစားများရခြင်း အကြောင်းတွေက အများကြီးပါ။ ကိုယ်ကကောင်းပါရက်နဲ့ တစ်ဖက်လူမကောင်းလို့ ဖြစ်ပျက်ရတာတွေလည်း ရှိပါတယ်။ ဒီတော့ ဒါကို အပြစ်မပြောလိုပါဘူး။ ဒါပေမဲ့ ကိုယ့်လက်ထဲမှာပဲ ကိုယ်နဲ့ဝေးနေတာနဲ့ နောက်တစ်ယောက်ထပ်ထားတယ်ဆိုတာကတော့ ကိုယ်မမှားဘူးဆိုရင် ခွင့်လွှတ်စရာ မရှိပါဘူး။ သူ့ရဲ့ မတည်ငြိမ်မှုကို ပြတာပါပဲ။ ဒါပေမဲ့ သေချာအောင်လည်း လုပ်ပါ။ တစ်ဖက်သတ် အထင်လွဲခံရတာဆိုရင် သူ့အဖို့ နစ်နာပါတယ်။ အဖြစ်မှန်ဆိုတာ ဖုံးထားလို့ မရပါဘူး။ မှန်ရင် ပေါ်မှာပါ။ နည်းနည်းလေး သေချာအောင် ကြည့်လိုက်ပါဦးနော်။

*

(၃)

□ *သမီးမှာ ချစ်သူ မရှိခဲ့ပါဘူး။ ခုတော့ လူတစ်ယောက်ကို ရင်ခုန်*

www.burmeseclassic.com

www.burmeseclassic.com



*နေမိတယ်။ ဒီလိုမျိုး တစ်ခါမှ မခံစားဖူးပါဘူး။ သူက ဆရာဝန် တစ်ဦးပါ။ သမီးက လေးတန်းနဲ့ ကျောင်းထွက်ခဲ့ရတာ။ သူ့ကို မေ့ရမှာလား၊ လိပ်စာ စုံစမ်းရမှာလားဟင်။*

**နှင်းနှင်းမွန်၊ မဟာအောင်မြေ။**

ဘယ်လိုဖြေရမှန်းတောင် မသိတော့ဘူးကွယ်။ တကယ်ပဲ စိတ်မကောင်းပါဘူး။ ပညာမတတ်တဲ့ ဆရာဝန်ကတော်တွေလည်း ရှိတော့ ရှိနိုင်ပါတယ်။ ဒါပေမဲ့ နည်းနည်းရှားလိမ့်မယ်ထင်တယ်။ ခက်တာက အချစ်ဆိုတာကလည်း သင့်၏၊ မသင့်၏ ဆင်ခြင်စဉ်းစားပြီး ပေါ်ပေါက်တတ်တာမျိုးမှ မဟုတ်တာ။ မချစ်သင့်မှန်းသိရက် ချစ်မိချင် ချစ်မိတတ်တာပဲ။ အခုကိစ္စမှာတော့ သူက ဘာမှတောင် သိမှာမဟုတ်လို့ ရုပ်ရှင်ကြည့်ရင်း ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသားကို သဘောကျနေမိတဲ့ အဖြစ်လို့သာ သဘောထားစေချင်ပါတယ်။ သူနဲ့ကိုယ်က ခရီးသွားရတဲ့ လမ်းချင်း မတူဘူးမဟုတ်လား။ သူ့မှာ သူ့လမ်းနဲ့သူ ရှိနေနိုင်တယ်။ ဒီတော့... ကိုယ့်နှလုံးသားလေးကို ကိုယ့်ဘာသာဖြေသိမ့်ရင်း သူ ကျန်းမာပါစေလို့ အကောင်းဆုံးဆုကိုတောင်းနေတာ အကောင်းဆုံးပါပဲ။ ကံမျက်စိလည်ပြီး မမျှော်လင့်ဘဲ ဆုံချင်လည်း ဆုံနိုင်တာပါပဲ။ စိတ်တော့ လျှော့ထားပါ။

*

(၄)

*မင်္ဂလာပါ အန်တီမေနှင်း၊ အန်တီမေနှင်းဆီက အကူအညီ တစ်ခု တောင်းချင်တယ်။ ကျွန်တော့်မှာ ချစ်သူတစ်ယောက်*



*ရှိတယ်(ကျွန်တော်ချစ်တဲ့သူကို ပြောတာနော်)သူ့ကို ကျွန်တော်က ချစ်တယ်လို့ ဖွင့်ပြောပြီးပြီ။ ဒါပေမဲ့ သူ့ဆီက အဖြေမရသေးဘူး။ ကျွန်တော်ကိုယ်က သူ့ဆီက မတောင်းရဲဘူး။ သူ့ဆီက အဖြေတောင်းမယ်လို့ ဆုံးဖြတ်လိုက်တိုင်း ရင်ထဲမှာ ကြောက်နေတယ်။ သူ ကျွန်တော့်ကို လက်မခံမှာကို ကြောက်တယ်။ သူ့ကို ကျွန်တော့်အိမ်က လူကြီးတွေကလည်း သဘောကျတယ်။ ကျွန်တော်လည်း သူ့ကို မြတ်မြတ်နိုးနိုးချစ်တယ်။ သူ့ကို ကျွန်တော်က အပျော်သဘောမျိုးမဟုတ်ပါဘူး။ ဘဝလက်တွဲဖော်အဖြစ် ဆုံးဖြတ်ထားတယ်။ ကျွန်တော့်တစ်သက်မှာ သူ့တစ်ယောက်တည်းကို ရင်ထဲကနေ ချစ်ဖူးတယ်။ ဘယ်လို လုပ်ရမှာလဲ။ သူ့ဆီက ဘယ်လိုအဖြေတောင်းရမှာလဲ။ ဘယ်လို ပြောရမှာလဲ။ သင်ပေးပါဦးနော်။ အားကိုးပါရစေ။*

**မောင်လွင်။**

❖ ဒီမေးခွန်းက eMailနဲ့တောင်ပို့ပြီး အမြန်ဖြေလိုချင်နေရှာသူပါ။ ကိုယ်ချစ်တဲ့လူကို ချစ်တယ်လို့ ဖွင့်ပြောတာနဲ့ အဖြေတောင်းတာဟာ အတူတူပါပဲကွယ်။ ဖွင့်ပြောတာက တစ်ရက်၊ နောက်တစ်ခါမှ အဖြေတောင်းရတာ မဟုတ်ပါဘူး။ ပြောပြီဆိုကတည်းက ကိုယ့်ဘက်က တာဝန်ကျေပြီ။ သူ ပြန်ချစ် မချစ်က ဒီလိုပဲ စောင့်ရသေးတာပေါ့။ ထပ်ပြောရတာပဲပေါ့။ အဲဒီအခါတွေမှာ ပြောရင်း ကိုယ့်ကို ပြန်ချစ်မချစ် အမူအရာနဲ့ဖြစ်စေ နှုတ်ကဖြစ်စေ သိရမှာပါပဲ။ ကြောက်နေလို့တော့ မဖြစ်ဘူးလေ။ ဖွင့်ပြောပြီးမှတော့ ရှေ့တိုးပေတော့။ မလိုချင်တဲ့ အဖြေရလာရင်လည်း စိတ်ဖြေရုံပဲပေါ့။ ဒီတိုင်းထားလို့တော့ မဖြစ်

www.burmeseclassic.com



ဘူး။ ကဲ... အားခဲပြီး ထပ်ပြော။

*

## (၅)

*သမီး ကျောင်းပြီးသွားပါပြီ။ ကျောင်းတုန်းက ကြိုက်တဲ့ လူ တစ်ယောက် ရှိခဲ့တယ်။ ပထမနှစ် အဝေးသင်မှာ သမီးတို့ အဆောင်ကိုလာပြီး သီချင်းဆိုရင်း သမီးကို မြင်မြင်ချင်း ချစ် သွားတယ်တဲ့။ Propose လုပ်ပါတယ်။ ဒုတိယနှစ်မှာလည်း ထပ်လုပ်ပါတယ်။ သမီး ငြင်းခဲ့တယ်။ တတိယနှစ်ကျတော့ လည်း ချစ်တုန်းပါပဲ။ သမီးအပေါ် သည်းခံရှာပါတယ်။ သမီး က မစဉ်းစားချင်သေးဘူး။ အေးအေးဆေးဆေးပဲ နေချင်သေး တယ်လို့ ပြောခဲ့တယ်။ အခု ကျောင်းပြီးတော့ သူ့ကို အရမ်း သတိရတယ်။ ဘဝဖော်အဖြစ် ရွေးသင့်သလား။*

**သမီး(ရွှေညာသူ)။**

တို့ငယ်ငယ်တုန်းကလေ ကျောင်းပြေးတဲ့ တောလမ်းမှာ သတွတ်ပင်ကြီးတစ်ပင် ရှိတယ်။ သတွတ်သီးဆိုတာ ပင်စည် မှာ ပွတ်ခဲပြီး သီးတဲ့အပြင် မြေကြီးထဲမှာတောင် သီးနေတာ လေ။ တို့က သတွတ်သီးတွေကို ခြေနဲ့ခတ်တမ်း ကစားကြ တာ။ ဟော... မိုးကုန်လို့ သတွတ်သီးတွေတုံးတော့မှ သတွတ် သီးစားချင်လိုက်တာ မပြောပါနဲ့တော့။ အဲဒါ... မရှိတော့မှ တမ်းတတာ လူ့စိတ်။ အဲသလိုလည်း ဖြစ်နေပါဦးမယ်။ အေးလေ ခုကိစ္စကတော့ သတွတ်သီးကလည်း (သူ့နာမည် မသိလို့နော်) မတုံးသေးဘူးမဟုတ်လား။ စာရေး ဆက်သွယ် ပေါ့။ သတိရတယ်ပေါ့။ နှစ်ယောက် သဘောချင်း မှုလာ



တော့လည်း ချစ်သူဖြစ်ချင် ဖြစ်လိုက်ပေါ့။ ဘဝအဖော်ဖြစ်ဖို့ က ချစ်သူဘဝမှာ စဉ်းစားနိုင်ပါတယ်။ ကဲ...ပြောနေကြာ တယ်။ မပြောရင် မကြာဘူး၊ ဖုန်းဆက်လို့ရရင် သွားဆက်တော့။

*

## (၆)

□ *သမီးချစ်သူနဲ့ သမီး အဆင်ပြေပါတယ်။ ဒါပေမဲ့ တစ်ရက် မှာ ချစ်သူက သူ့မိတ်ဆွေတစ်ယောက် ခေါ်လာပြီး မိတ်ဆက် ပေးတယ်။ သမီး တအားလန့်သွားတယ်။ အကြောင်းကတော့ အဲဒီလူဟာ တစ်ချိန်က သမီးကို လိုက်ဖူးသူဖြစ်ပြီး သမီးက လက်မခံတဲ့အခါ သမီးဘယ်သူနဲ့ကြိုက်ကြိုက် ရအောင်ခွဲပြ မယ်လို့ ပြောခဲ့တဲ့လူ ဖြစ်နေလို့ပါပဲ။ သမီး စိတ်ပူတယ်။ သမီး ဘာလုပ်ရမလဲ။ မြန်မြန်လေး ဖြေပေးပါနော်။*

**ဝသုန်ပွင့်၊ သံတွဲ။**

◆ စိတ်မပူပါနဲ့ကွယ်။ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ။ သူဘာလုပ် နိုင်မှာတုန်း။ အရေးအကြီးဆုံးက ဒီကိစ္စကို သမီးချစ်သူကို ဖွင့်ပြောပါ။ သမီးအပြစ်မှ မဟုတ်ဘဲ။ ကိုယ့်ရည်းစားဟောင်း လည်း မဟုတ်။ သူ့ကို ပြန်မချစ်တာနဲ့ပဲ ခွဲပြမယ်လို့။ ဒီကိစ္စ ကို ချစ်သူ သိသင့်တာပေါ့။ ဒီတော့မှ တိုင်တိုင်ပင်ပင်နဲ့ ဘယ် လို ကာကွယ်ကြမယ်ဆိုတဲ့ အဖြေကိုရမှာ။ ဒီနေရာမှာ ချစ်သူ က အလိမ္မာနဲ့ ပြုမူဖို့ အများကြီးလိုတယ်။ ဒေါသဖက်ပြီး ရန်မဖြစ်နဲ့ပေါ့။ အဓိကအချက်က ချစ်သူချင်း စည်းစည်းလုံး လုံးဖြစ်နေဖို့ပါပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



(၇)

□ သိပ်ချစ်ကြတဲ့ သူငယ်ချင်းသုံးယောက်၊ ကောင်လေးနှစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ပါ။ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးက ချစ်သူဖြစ်သွားတယ်။ အဲဒါကို ကောင်လေးမိဘတွေက တားတယ်။ တခြားတစ်ယောက်ကောင်လေးနဲ့ ဖြစ်ပြီးပြီထင်လို့တဲ့။ ဘယ်လိုမှ ရှင်းမရဘူး။ သမီး သူ့မိသားစုကို သိပ်မုန်းတယ်။ သမီးဆေးရုံတက်တော့ သူက အရမ်းပြုစုခဲ့တယ်။ သူ့ကို သိပ်ယုံကြည်ပါတယ်။ ဒါပေမဲ့ သူ့ မိသားစုကို မုန်းတယ်။ ဘာဆက်လုပ်သင့်ပါလဲဟင်။

**တာတာ၊ အညာ။**

◆ လောလောဆယ်တော့ ဘာမှ မလုပ်သင့်ပါဘူး။ ချစ်သူနှစ်ယောက် သစ္စာခိုင်မြဲစွာ တိုးပြီး ယုံကြည်နေကြဖို့ လိုပါတယ်။ သူ့မိဘတွေကို ဆန့်ကျင်ပြီး မခံချင်စိတ်နဲ့ ပြောတာဆိုတာတွေကို ရပ်ထားပါ။ 'မုန်းတယ်' ဆိုတဲ့ စကားတောင် မသုံးပါနဲ့။ သူတို့ဘက်က မြင်တဲ့အမြင် မှားနေဆဲမို့ပါ။ တစ်ချိန်မှာ မှန်လာနိုင်ပါတယ်။ ကိုယ်လည်း ချက်ချင်း လက်ထပ်ဦးမှာ မဟုတ်ဘဲမဟုတ်လား။ ကိုယ်ဟာ သူတို့ထင်ခဲ့သလို မဟုတ်ဘူးဆိုတာ ပြဖို့ပဲ လိုတယ်။ ဓွတ်တရွတ်ဘာမှ မလုပ်ပါနဲ့။ ချစ်သူကိုလည်း နားမပူပါနဲ့။ သူက ကြားညပ်နေတယ်။ သူ အနေခက်ရင် ကိုယ်လည်း ဘယ်ပျော်ရမလဲ။ ဒီတော့ သူ့ မိသားစုအရေး သူ့ဟာသူပဲ ဖြည်းဖြည်းချင်း ရှင်းပါစေ။ ကိုယ်က အပြစ်ကင်းကင်းလေးနဲ့ လိမ်လိမ်မာမာလေး နေပြပါ။ ကိုယ့်ဘက်မှာ ချစ်သူရှိနေတာပဲ။ ဘာအားငယ်စရာရှိလဲနော်။

*



(၈)

□ သမီးက တစ်ချိန်က 'အိမ်ပြေး' ဖြစ်ခဲ့ဖူးပါတယ်။ မိဘတွေ ချုပ်ချယ်လွန်းလို့ပါ။ အဲသလို အိမ်ပြေးဖြစ်ခဲ့ပေမဲ့ ဘယ်ယောကျ်ားလေးနဲ့မှ မပတ်သက်ခဲ့ပါဘူး။ သမီးရဲ့ ဒီအားနည်းချက်ကို သိတဲ့လူလည်း ရှိတယ်။ မသိတဲ့လူလည်း ရှိတယ်။ သမီးကို နှစ်သက်တဲ့ ယောကျ်ားလေးတွေထဲမှာ သိရက်နဲ့ ကြိုက်သူရှိပြီး မသိတဲ့လူ ကြိုက်လာတာရှိတယ်။ သမီးနှစ်သက်တဲ့လူတွေ့ရင် ဒီအားနည်းချက်ကို ဖွင့်ပြောသင့်ပါသလား။ သူကရော ဒီအားနည်းချက်ကို ခွင့်လွှတ်နိုင်ပါ့မလား။ သမီးကတော့ ဖွင့်ပြောချင်တယ်။ ဟန်မဆောင်ချင်ဘူး။ အခု အိမ်ပြေးလေး လုပ်ဦးမှာလားမေးရင် မလုပ်တော့ပါဘူး။ သမီး အခု ပညာပြည့်ဝပြီး ဆင်ခြင်စဉ်းစားနိုင်နေပါပြီ။

**စန္ဒီမင်းသွင်၊ ရန်ကုန်။**

◆ 'အားနည်းချက်' ဆိုတဲ့ စကားလုံးကိုက သမီးကိစ္စနဲ့ ဘာမှ မဆိုင်ပါဘူး။ ငယ်ရွယ်ခိုက်မှာ မိဘနဲ့ စိတ်ဆိုးပြီး ပြဿနာဖြစ်တာဟာ အားနည်းချက် မဟုတ်ပါဘူး။ အိမ်ပြေးဆိုတိုင်း လူမိုက် မဟုတ်ပါဘူး။ အိမ်ပြေးရင်း မဟုတ်တာတွေ ဖြစ်ခဲ့တယ်ဆိုရင်တော့ တစ်မျိုးပေါ့။ သမီးက အဲလိုဖြစ်ခဲ့တာ မဟုတ်တော့ ဒါကို ပြဿနာကြီးအဖြစ် မြင်မထားပါနဲ့။ ပေါ့ပေါ့ပါးပါးပဲထား။ ကျောင်းပြေးဖူးသလိုပေါ့။ အခု လိမ္မာဖို့ အရေးကြီးတာပဲ။ သမီးနှစ်သက်တဲ့သူ တွေ့ရင်လည်း ပြောပြပေါ့။ ဒါပေမဲ့ အပြစ်ကြီးတစ်ခုကို ဝန်ခံသလို ပြောစရာ မလိုပါဘူး။ ရှေးဟောင်းနှောင်းဖြစ်ပြောရင်း ဒီလို လုပ်ခဲ့ဖူးတယ်။ ခုတော့ မှားမှန်းသိတယ် စသဖြင့် ပြောနိုင်ပါတယ်။ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားတဲ့ ပြဿနာမဟုတ်ပါဘူး။

*

(၉)

□ ကျွန်မတို့ ဇနီးမောင်နှံဟာ မြန်မာဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ထိမ်းမြားခဲ့ကြတာပါ။ နှစ်ဦးလုံး ဝန်ထမ်းများဖြစ်ကြပြီး တစ်ယောက်တစ်မြို့စီ တာဝန်ကျခဲ့ကြပါတယ်။ သူနေရတဲ့နယ်က တယ်လီဖုန်းဆက်သွယ်ရ ခက်ခဲပါတယ်။ လမ်းခရီးလည်း ကြမ်းပြီး၊ အစားအသောက်လည်း ရှားတယ်။ ကျွန်မဆီ အလုပ်တာဝန်နဲ့ပဲ လာရပါတယ်။ နှစ်ရက် သုံးရက်နေပြီး ပြန်ရတာပါပဲ။ ကျွန်မကလည်း ဝန်ထမ်းဖြစ်နေတဲ့အတွက် သူနဲ့ လိုက်မနေနိုင်ခဲ့ပါဘူး။ ကားစီးရင်လည်း မူးတတ်ပါတယ်။ လူကြုံရှိရင်တော့ စာအဆက်အသွယ်လုပ်ပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ သူဟာ အဲဒီက ဝန်ထမ်းတစ်ဦးနဲ့ မယူမဖြစ်ယူရတော့မယ်လို့ သတင်းရပါတော့တယ်။ မယူမဖြစ်ဆိုတာ ခြေလွန်လက်လွန် မဟုတ်ပါဘူး။ ကိုယ်ဝန်ရှိလို့လည်း မဟုတ်ပါဘူး။ သူတို့အသိုင်းအဝိုင်းက လူသိရှင်ကြားဖြစ်ပြီး ယူခိုင်းတာတဲ့။ မယူရင် ငါးသိန်းပေးရမယ်တဲ့။ သူက အမှားမလုပ်ခဲ့လို့ မပေးနိုင်ဘူးဆိုတော့ လူကြီးတိုင်တဲ့အဆင့် ဖြစ်တာတဲ့။ ကျွန်မခင်ပွန်း မရှိသွားခဲ့တာတော့ ပါမှာပေါ့။ ကျွန်မခင်ပွန်းဟာ ကျွန်မကိုရှင်းပြဖို့ ကျွန်မဆီ ရောက်လာပါတယ်။ ဒါပေမဲ့ ကျွန်မ အတွေ့မခံတော့ပါဘူး။ သူ့ကို အချုပ်တို့၊ ထောင်တို့လည်း မကျစေချင်ဘူး။ သူ့ကို ကျွန်မချစ်လို့ သူ ဒုက္ခမရောက်စေချင်လို့ ရှောင်ခဲ့တာပါ။ သူလည်း ဟိုမိန်းမကို ယူခဲ့ရတယ်။



အိမ်ထောင်ရေး အဆင်မပြေကြပါဘူး။ ကျွန်မက ကိုယ့်ယောကျ်ားမို့ ခွင့်လွှတ်ပါတယ်။ ခုလိုအချိန်မှာ ပြန်လာချင်ပြန်လာပါလို့ပြောရင် သင့်တော်ပါ့မလား။

သဲငယ်၊ ရှမ်းပြည်နယ်။

◆ မှန်းလို့ ကွဲခဲ့ကြတာမှ မဟုတ်ဘဲနော်။ ဝေးကွာနေကြတုန်း အခြေအနေအရပ်ရပ်က တွန်းပို့လို့ တခြားစီဖြစ်ခဲ့ရတဲ့ ငယ်ချစ်တွေပဲ။ သူသာ နောင်တရနေပြီဆိုရင် တရားဝင်ကွဲခဲ့တာ မဟုတ်တဲ့ ပထမမယားကြီးဟာ ကိုယ့်ခင်ပွန်းကို အချိန်မရွေး လက်ခံနိုင်တာပေါ့။ နောက်ယူတဲ့လူကို အပြီးထားခဲ့တာမျိုး မဟုတ်ဘဲ သွားလိုက်ပြန်လိုက်လုပ်နေမယ်ဆိုရင်လည်း ပိုပြီး ဝန်ထုပ်ဝန်ပိုး ဖြစ်နေမလား။ ဒါကို ဘေးလူကဆုံးဖြတ်ပေးလို့ မဖြစ်ဘူး။ သူ ပြန်လာရင် ဝမ်းသာမှာလား။ ပျော်မှာလား။ နှစ်ယောက်လုံး စိတ်ချမ်းသာကြမှာလား။ အဲဒါကို အကျေအလည် ဆွေးနွေးဖို့လိုတယ်။ တော်ကြာ... လမ်းစရိတ်လာတောင်းတာမျိုး ဖြစ်နေပါဦးမယ်။ ကိုယ့်ကိုလည်း သစ္စာဖောက်တယ်။ တခြားအခွင့်အရေးတွေလည်း ယူဦးမယ်ဆိုရင်တော့ အေးလက်စဖြစ်နေတဲ့ မီးဖိုကို ထပ်ပြီး မမွှေးရင် ကောင်းမယ်ထင်တယ်။ (ထင်တာနော်၊ ဒါက ဘေးအမြင်) အဲသလို မဟုတ်ဘူး။ သူပြန်လာရင် ပျော်မှာပဲ။ ဒါမှ နောက်လူလည်း အလျှော်ပေးသွားမယ်။ ကိုယ်လင်ကိုယ်မယား အမှားတွေ သင်ပုန်းချေမယ်ဆိုရင်လည်း ကောင်းပါတယ်။ ဟိုမပြတ် ဒီမပြတ်ကြီးမျိုးတော့ အဲဒီ 'ဒဏ်' ကို ခံနိုင်ဖို့ မလွယ်ဘူး။ အများအားဖြင့်တော့ အပြစ်မဲ့တဲ့ မယားကြီးဆီပြန်လာရင် မယားကြီးက သံယောဇဉ် အကြင်နာတွေနဲ့ ထွေးပိုက်တတ်ကြတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးက 'ပုံသေနည်း' မရှိလေတော့ အတတ်နိုင်ဆုံး အနာတရ မဖြစ်အောင်သာ ဂရုစိုက်ပေတော့လို့ စိတ်မကောင်းစွာ ပြောပါရစေ။

*

(၁၀)

□ *မေနှင်းကို အခင်ဆုံးသူငယ်ချင်းတစ်ယောက်လို သဘောထားပြီး တိုင်ပင်ပါရစေ။ တို့က တစ်ဦးတည်းသော သမီးပါ။ အဖေ အမေက အစိုးရိမ်ကြီးပြီး ချုပ်ချယ်ခဲ့တယ်။ ပညာရေးကိုလည်း ဆုံးခန်းတိုင်အောင် မထားခဲ့ဘူး။ တို့က ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့် လိုချင်တယ်။ တစ်ခါတလေ လောကကြီးက ထွက်ပြေးချင်တယ်။ ရင်ဖွင့်စရာ သူငယ်ချင်းလည်း မရှိဘူး။ နားလည်ပေးမယ့်လူလည်း မရှိဘူး။ ရန်ကုန်လာပြီး အလုပ်ပြင်သင်တန်း တက်ချင်တယ်။ တစ်ယောက်တည်းလာလို့ ဖြစ်ပါ့မလား။ ရန်ကုန်မှာ လူဆိုး၊ လူလိမ်တွေ များသလား။ မဂ္ဂဇင်းထဲက အလှပြင်သင်တန်းတစ်ခုရဲ့လိပ်စာကို ယူထားတယ်။ ဘယ်လိုဆုံးဖြတ်ရမလဲ အကြံပေးပါဦး။*

**ယုမွန်အေး၊ ချောင်းဦးမြို့။**

◆ မိဘက စိုးရိမ်လို့ ငယ်ငယ်က ချုပ်ချယ်ခဲ့တာ မိဘကို အပြစ်တင်လို့ မဖြစ်ပါဘူး။ တစ်ဦးတည်းသော သမီးဆိုတော့ ပိုပြီး စိုးရိမ်တာပေါ့။ ပညာအဆုံးထိ သင်မပေးတာကတော့ မိဘမှာ အပြစ်ရှိတယ်။ မိဘဝတ္တရားမှာ 'အတတ်လည်းသင်' ဆိုတာပါတာပဲ။ ဒါပေမဲ့ အခုအရွယ်ရောက်လာပြီဆိုတော့ သိပ်ချုပ်ချယ်လို့ မဖြစ်တော့ဘူး။ ပညာသင်ဖို့အတွက်က ကျောင်းပညာ



တော့ နောင်းပြီပေါ့။ ဒါပေမဲ့ ပညာဆိုတာ ကျောင်းပညာ၊ အတန်းပညာကိုသာ ခေါ်တာမှ မဟုတ်ဘဲ။ တခြား လက်မှုပညာတွေ သင်နိုင်သေးတယ်။ အလှပြင်သင်တန်းတက်တာ ကောင်းတာပေါ့။ ခုခေတ်မှာ မြို့ရော နယ်မှာပါ အလှပြင်ချင်ကြတဲ့ မိန်းကလေးတွေချည်းပဲ။ ရန်ကုန်ကို မရောက်ဖူးဘဲနဲ့ တစ်ယောက်တည်းလာဖို့ကတော့ မကောင်းဘူးပေါ့။ လူဆိုး လူလိမ်ဆိုတာ ရန်ကုန်ရယ် မဟုတ်ပါဘူး။ ဘယ်မှာမဆို ကိုယ်ကမလည်ရင် ခံရတာပဲ။ ချောင်းဦးနဲ့နီးတဲ့ မုံရွာမှာကော သင်တန်းမရှိဘူးလား။ မန္တလေးမှာလည်း ရှိမှာပါ။ လောလော ဆယ် အဲဒီမြို့တွေမှာ ခိုင်လုံအောင်စုံစမ်းပြီး တက်စေချင်ပါတယ်။ အနီးစပ်ဆုံးဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို လုပ်ပါလို့ အကြံပေးချင်ပါတယ်။ အလုပ်ထဲမှာ စိတ်ဝင်စားသွားရင် လောကကြီးကို ချစ်သွားမှာပါ။

*

(၁၁)

□ *သမီးက မှန်နေအောင် ချောတဲ့လူ မဟုတ်ပါဘူး။ ရုပ်ကြမ်းရေကျိုထက် နည်းနည်းပဲ သာပါတယ်။ ဒါပေမဲ့ သမီးထက် ချောတဲ့လူတွေထက်၊ ယောကျ်ားလေးတွေရဲ့ စိတ်ဝင်စားခြင်းကို ပိုရရှိခဲ့ပါတယ်။ သမီး အပြင်ထွက်ရင် ယောကျ်ားလေး၊ မိန်းကလေးအားလုံးရဲ့ ငေးကြည့်တာ ခံရပါတယ်။ သမီးက မော်ဒယ်လ်မဟုတ်ဘဲ လိုတာထက် ပိုအကြည့်ခံရတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ သမီး မျက်လုံးကလည်း အိန္ဒြာကျော်ဇင်တို့၊ နန္ဒာလှိုင်တို့လို စူးရှညို့ယူနိုင်တဲ့ မျက်လုံး*

www.burmeseclassic.com

www.burmeseclassic.com



မျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ သမီး တစ်ချက်ကြည့်လိုက်ရင် မလုံမလဲ ခေါင်းငုံ့သူငုံ့၊ မျက်နှာလွှဲသူလွှဲ၊ နောက်မှ ခိုးကြည့်လုပ်ကြတယ်။ သူငယ်ချင်းတွေကို မေးကြည့်တော့ သမီး အကြည့်ခံရရင် ကြက်သီးထတယ်။ အကြည့်မခံရဲဘူးတဲ့။ စုန်းတွေကိုကြောက်သလိုလားလို့ မေးတော့လည်း မဟုတ်ဘူး။ တစ်မျိုးပဲတဲ့။ အဲဒါ အန်တီ ဘယ်လိုထင်လဲဟင်။ ဘာလုပ်သင့်ပါသလဲ။ အိမ်ရှေ့မှာလည်း ဆိုင်ကယ်နဲ့ လာချောင်းကြတဲ့ လူတွေရှိလို့၊ သိက္ခာထိခိုက်မှာစိုးပါတယ်။

သမီးငယ်ငယ်၊ အညာမြေ။

◆ မျက်လုံးထူးခြားတာဟာ အလွန်ရှားတဲ့ ဥပမိလက္ခဏာတစ်မျိုးပါ။ ပင်ကိုယ် မျက်လုံးထဲမှာ အရည်လဲ့နေတာ၊ ရှူးရှနေတာ၊ ညို့နေတာ စတဲ့ အရည်အသွေးတွေဟာ လုပ်ယူလို့ရတာ မဟုတ်ပါဘူး။ မျက်စိဟာ စိတ်ရဲ့တံခါးဆိုတဲ့ စကားအရ မျက်လုံးဟာ အတွင်းစိတ်ကို ဖော်ပြနိုင်တယ်ဆိုတာလည်း မှန်ပါတယ်။ ကောက်ကျစ်တဲ့ မျက်လုံး၊ လူလည်ကျတဲ့ မျက်လုံး၊ လောဘကြီးတဲ့ မျက်လုံး၊ မတည်ငြိမ်တဲ့မျက်လုံး စသဖြင့် သိသိသာသာ ခွဲခြားနိုင်တဲ့ မျက်လုံးတွေရှိသလို၊ ရိုးစင်းဖြောင့်မတ်တဲ့ မျက်လုံး၊ ပျော့ပျောင်းနူးညံ့တဲ့ မျက်လုံးတွေလည်း သိသာစွာ မြင်နိုင်ကြတာပါပဲ။ အခု ငယ်ငယ်ရဲ့ မျက်လုံးက မိန်းမအချင်းချင်းတောင် အကြည့်မခံနိုင်ဘူးဆိုတော့ အတော်ပြင်းထန်စူးရှပုံရတယ်။ အတွင်းစိတ်ကို နည်းနည်းလျှော့ကြည့်ပါလား။ ဥပမာ အေးငြိမ်းသာယာတဲ့ တေးသံ နားထောင်တာမျိုး၊ ဘာသာရေးစာအုပ်ဖတ်တာမျိုး၊ ဆိုလိုတာက စိတ်ထဲမှာ နူးညံ့ပျော့ပျောင်းပြီး အရာရာကို အနူး



အညွတ်ဖြစ်နေရင်၊ လက်ခံနေရင်၊ စိတ်တွေနည်းနည်းလျှော့ကျပြီး မျက်နှာ မျက်လုံး အနေအထားဟာလည်း ပျော့သွားမယ်ထင်တယ်။ သာမန်အားဖြင့် စိတ်ထက်ရင် မျက်လုံးတွေ ဝင်းလာပြီး ဝမ်းနည်းရင် ညှိုးသွားတတ်တယ် မဟုတ်လား။ သိက္ခာထိခိုက်စရာတော့ မရှိပါဘူးကွယ် စိတ်အေးအေးထားပါ။

*

(၁၂)

□ ကျွန်မ အရင်က ရည်းစားများခဲ့ဖူးပါတယ်။ အခု ရည်းစားနဲ့လည်း သူ့မှာကော ကိုယ့်မှာကော ရည်းစားကိုယ်စီရှိရက်နဲ့ သူက သူ့ရည်းစားကို မချစ်ဘဲနဲ့ သူငယ်ချင်းတွေက ကြားကနေပြောပေးကြလို့ ရည်းစားဖြစ်ခဲ့တာဆိုပြီး ပြောပြတယ်။ သမီးက သူ့ကို ပျော်စေချင်တယ်။ သမီးမှာ ရည်းစားရှိကြောင်း ပြောမပြဘူး။ နောက် သမီးရည်းစားနဲ့ ပြတ်သွားတယ်။ သူတာ ချစ်ခွင့်ပန်တော့ ချစ်သူဖြစ်ခဲ့ကြတယ်။ နောက်ပိုင်းကျတော့ သူနဲ့သမီး အရင်ရည်းစားတစ်ယောက်ရဲ့ အစ်ကိုနဲ့ အသိဖြစ်ကြပြီး သမီးအကြောင်းတွေ သိသွားတယ်။ သမီးကို ဖြတ်တယ်။ စာရေးလည်း မပြန်တော့ဘူး။ သမီး ရည်းစားများခဲ့တယ်ဆိုပေမဲ့ နှစ်ယောက်တည်း တွေ့ခဲ့တာ မရှိဘူး။ သူငယ်ချင်းတွေနဲ့အတူတူ လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်တွေမှာ ပျော်ပျော်ပါးပါး နေခဲ့တယ်။ အဲဒါ သူ့ကို ဘယ်လိုရှင်းပြရမလဲ။ အကြံပေးပါ မမရယ်။

ပုံ့ပုံ့၊ ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



◆ ဘယ်လိုမှ ရှင်းပြလို့ မရပါဘူး။ ကိုယ့်အပြစ်နဲ့ကိုယ်ပေါ့။ ဘယ့်နှယ် ရည်းစားတွေ ပျော်ပျော်ပါးပါး လျှောက်ထားရတယ်လို့။ ရည်းစားထားတယ်ဆိုတာ အပျော်ကိစ္စ မဟုတ်ဘူး။ အသည်းနှလုံးရဲ့ ဆန္ဒ၊ အသည်းနှလုံးရဲ့ ကိစ္စသာဖြစ်တယ်။ အပျော်နေချင်ရင် သူငယ်ချင်းအဆင့်နဲ့ပဲ နေကြပေါ့။ ဘာမှ အပြစ်မရှိဘူး။ နောင်တရစရာ မရှိဘူး။ အထင်သေးခံရစရာ အကြောင်းလည်း မရှိဘူး။ ခုလို အထင်သေးသွားပြီ ဆိုတဲ့ အခါ ပြန်ပြီး အချစ်ခံရဖို့ ဘယ်လွယ်တော့မလဲ။ သူ့အဖို့ ချစ်စရာကောင်းတဲ့ မိန်းကလေးတွေ အများကြီး။ ဒီတော့ ရည်းစားများခဲ့တဲ့ဒဏ် ခံလိုက်ပေတော့ ပုံ့ပုံ့ရေ။

*

(၁၃)

၁ သရဖူမှာ လူပျိုကြီးတွေ အများကြီးရှိတယ်လို့ အရင်ပတ် သရဖူမှာ ဖတ်လိုက်ရလို့ အားတက်သွားတယ်။ ကျွန်တော်လည်း လူပျိုကြီးပဲ ခင်ဗျ။ ကျွန်တော်က ဘွဲ့နှစ်ခုရပြီး ၁၉၉၀ ပြည့်နှစ်ကတည်းက နိုင်ငံခြားမှာ အလုပ်သွားလုပ်တာ။ ပိုက်ဆံပြည့်စုံပြီး ကုမ္ပဏီတစ်ခုထောင်နိုင်မှ မိန်းမယူမယ်လို့ တွေးထားတာပါ။ ပြန်လာတော့ သက်တူရွယ်တူတွေက အိမ်ထောင်ပြုကုန်ကြပြီ။ ကျန်ရစ်တဲ့ သူငယ်ချင်းမိန်းကလေးတွေကျတော့လည်း အပျိုကြီးဖြစ်ကုန်ပြီ။ အပျိုကြီး လူပျိုကြီးအချင်းချင်း လိုက်ဖက်တယ်လို့ ဘေးကတော့ ဝိုင်းပို့ကြပါရဲ့။ မိတ်ဆုံစားပွဲတွေလုပ်၊ သဘောထားညှိနှိုင်းကြပေါ့နော်။ ဒါပေမဲ့ အပျိုကြီးတွေကလည်း အတော် ဆရာလုပ်ချင်ကြတာကိုး။ တော်



ရုံကတော့ ရပါတယ်။ ခုတော့ဗျာ လက်သုတ်ပဝါမရှိလို့ လက်ဖနောင့်နဲ့ ပါးစပ်သုတ်မိတာလေးကအစ အဲလိုမညစ်ပတ်နဲ့ဆိုတော့ မလွတ်လပ်လိုက်တာဗျာ။ ငယ်ငယ်လေးတွေကိုလည်း မယူရဲဘူးဗျ။ ငယ်ဂုဏ်နဲ့ အနိုင်ယူမှာစိုးတယ်။ ပစ္စည်းမက်ပြီး ကမ်းလှမ်းတာတွေကိုလည်း မရိုးသားမှန်း သိသိချည်းနဲ့ နွားအကျမခံနိုင်ဘူး။ ဒီတော့ မေနှင်းတို့ သရဖူက လူပျိုကြီးတွေလိုပဲ နေရကောင်းမလား။ သူတို့က ဘာဖြစ်လို့ လူပျိုကြီးလုပ်ကြတာလဲ။ ပျော်ရဲ့လား။ သိပါရစေ။

နိုင်ငံခြားပြန် မောင်ဟန်သိန်း၊ ၂၈ လမ်း။

◆ ဒီမေးခွန်းကိုဖြေဖို့ သရဖူ လူပျိုကြီးများနဲ့ အင်တာဗျူးလုပ်ဖို့ လိုတာပေါ့။ ဒါပေမဲ့ အင်တာဗျူးလုပ်ဖို့ သူတို့ကိုဖမ်းမိဖို့ မလွယ်ဘူးကွယ့်။ တစ်ယောက်က Computer ခုံမှာထိုင်ရင်း Computer Screen ကို သူ့ချစ်သူမျက်နှာလို သဘောထားပြီး အနီးကပ်ကြည့်လိုက်၊ ခပ်ဝေးဝေး ခွာကြည့်လိုက်နဲ့၊ အနားမှာ ဘယ်သူ ရောက်နေလဲတောင် မကြည့်အားရှာဘူး။ ဟိုတစ်ယောက်ကျ ကင်မရာကြီးတကားကားနဲ့ ပြေးထွက်သွားလိုက်၊ ပြန်ဝင်လာလိုက်နဲ့ ဒီနေ့ ဘာဟင်းချက်လဲလို့ မေးတာကို မေနှင်းကြိုက်တဲ့ ငါးခူချဉ်ရည်လို့ပဲ ပြောပြီး ကားထွက်တော့မယ်ဆိုတာနဲ့ ပြေးသွားပါလေရော။ အင်တာဗျူးဘယ်လိုလုပ်မလဲ။ အဲ နောက်တစ်ယောက်ကျပြန်တော့ ပရဖ်ဖတ်သတဲ့။ မျက်မှန်ကြီးနဲ့ လှမ်းကြည့်ပြီး ဆရာမရေ လက်ဖက်ရည်သောက်ပြီးပြီလားလို့ လှမ်းမေးဖော်ရပါရဲ့။ အဖြေကောင်းမဖြေရသေးဘူး။ သူ့ပရဖ်စာရွက်နဲ့ အယ်ဒီတာအခန်းထဲ ဝင်သွားရော။ သရဖူက ကျန်းမာရေးမဂ္ဂဇင်း Wellness ပါတွဲလုပ်

www.burmeseclassic.com

www.burmeseclassic.com



နေတော့ ဘယ်သူ့မှ Interview ချိန် မရပါဘူးကွယ်။ ဒီလိုနည်းနဲ့တော့ သူတို့လည်း လူပျိုကြီးဘဝက ကျွတ်မှာမဟုတ်ပါဘူး။ အလုပ် အလုပ်ဆိုတဲ့ စိတ်ပဲ ရှိကြတာကိုး။ ဒီလိုနေတော့လည်း ဘဝဟာ ပျော်စရာကြီးပဲ။ ပျင်းရိဖွယ်မှ မဟုတ်တာ။ ဒီတော့ မိန်းမယူချင်တဲ့ နိုင်ငံခြားပြန်ကုမ္ပဏီဥက္ကဋ္ဌကြီးရေ အတွင်းရေးမှူးမလေး ဘာလေးရှိရင် တော်ရောပေါ့။ ခုခေတ်မှာ အိမ်ထောင်မပြုကြတော့တာ များတယ်ကွယ့်။

*

(၁၄)

□ *ကျွန်တော် သံလွင်တံတား(မော်လမြိုင်) မုတ္တမဘက် ချဉ်းကပ်ရထားလမ်းတည်ဆောက်ရေး စီမံကိန်းမှာ လုပ်နေတဲ့ ဝန်ထမ်းတစ်ဦးပါ။ အလုပ်လုပ်ရင်း တွေ့ရတဲ့ သူ့ကို ချစ်မိပါတယ်။ Propose လုပ်လိုက်ရင် သူ လက်ခံပါ့မလား။ လက်ဆောင်အပြန်အလှန်ပေးတာမျိုးပဲ လုပ်ဖူးပါသေးတယ်။ နှစ်ယောက်တွေ့ရင်တော့ တစ်ယောက်ကိုတစ်ယောက် အကြာကြီး ငေးကြည့်နေတတ်ကြပါတယ်။ မေနှင်းက မိန်းမအချင်းချင်းမို့ သိမှာပါ။ ကျွန်တော့်ကို ကူညီပါ။*

ဝင်းနိုင်၊ မြန်မာစာ။

◆ ငေးကြည့်ကြတယ်ဆိုတာ စကားပြောရမှာ ပျင်းနေလို့လည်း ဖြစ်နိုင်တယ်။ စိတ်မပါရင် ငေးငိုင်နိုင်တယ်လေ။ ဒီလိုပြောလိုက်လို့ စိတ်လည်း မပျက်သွားပါနဲ့ဦး။ ချစ်ရင် စာလှမ်းရေးနေမယ့်အစား ကာယကံရှင်ကို ပြောလေ။ မြန်မြန် အဖြေသိရတာပေါ့။ ငြင်းပယ်မှာ ကြောက်လို့လား။ ဒါဆိုရင်လည်း



သံလွင်မြစ်ကမ်းပါးမှာထိုင်ရင်း 'ငြင်းပယ်မှာပဲ စိုးမိတယ်' ဆိုတဲ့ သီချင်း ဆိုပြပါလား။ အဲဒီ သီချင်းအတိုင်းပဲလို့ပြော။ သံလွင်တံတားကြီး ဆောက်ပြီးသွားရင် ခွဲရတော့မယ် ဆိုတာမျိုးနဲ့လည်း လှမ်းပြလို့ရတာပဲ။ မကြောက်ပါနဲ့ကွာ။ မသကာ မကြိုက်ဘူး အပြောခံရရုံပေါ့။ အဖြူအမည်း ကွဲအောင်တော့ လုပ်ပါ။

*

(၁၅)

□ *သမီးချစ်သူရဲ့ မိဘတွေနဲ့ သမီးမိဘတွေက အဆင်မပြေကြဘူး။ တစ်နေ့မှာ သူ့အမေက သမီးရဲ့ ဂုဏ်သိက္ခာကို ရစရာမရှိအောင် ပြောပေမဲ့ သမီးလည်း သူ့ကို အသိမပေးခဲ့ပါဘူး။ နောက် သူသိသွားတော့ တောင်းပန်ပါတယ်။ သမီးက လက်မခံဘဲ ဖြတ်လိုက်တယ်။ အခု သူက ကွယ်ရာမှာ အတင်းပြောနေတယ်။ သမီးဘာပြန်လုပ်သင့်ပါသလဲ။*

မြတ်မိုး၊ ကချင်ပြည်နယ်။

◆ သူ တောင်းပန်တုန်းက သူ့အပေါ် နားလည်ခွင့်လွှတ်ခဲ့ရို့ကောင်းတာ။ ဒါက မိဘချင်းကိစ္စပဲ။ ချစ်သူနှစ်ဦးက 'ရှိမိယိုနဲ့ဂျူးလီယက်' လို စဉ်းစားရမှာ။ အခု ဖြတ်ပြီးမှတော့ သူ ပြောချင်တာ ပြောတော့ပေါ့။ ဥပေက္ခာပြုခြင်းနဲ့ပဲ ငြိမ်နေလိုက်တာဟာ အကောင်းဆုံးဖြစ်မယ် ထင်ပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

□ သမီးဟာ ယောကျာ်းလေးတွေနဲ့ ကင်းအောင် နေခဲ့ပါတယ်။ ဒါပေမဲ့ ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ ပုံကူးရင်း ဆိုင်ကလူက သမီးပုံကို ကွန်ပျူတာမှာ ထည့်ထားလိုက်တယ်လို့ သိရတယ်။ ပြီးတော့ သမီးပုံကို မြင်ရင် ကြောက်တယ်လို့ ပြောတယ်တဲ့။ သမီး သိပ်စိတ်ဆိုးတယ်။ ကလဲ့စားချေချင်တယ်။ ဘယ်လိုချေရပါမလဲ။ နောက်တစ်ခုက စာရေးဆရာမ ဖြစ်ချင်ပါတယ်။ ဝတ္ထုရေးတာ မိတ်ဆွေတွေကတော့ ကောင်းတယ်လို့ ပြောကြတယ်။ ဘယ်လိုလုပ်ရင် စာရေးဆရာမ ဖြစ်မလဲဆိုတာ ပြောပြပေးပါနော်။

**မေမွန်ဇော်၊ ဟိုပင်။**

◆ အကောင်းဆုံး ကလဲ့စားချေနည်းဆိုတာ ရှိပါတယ်။ အဲဒါကတော့ 'ဥပေက္ခာပြုခြင်း' ပါပဲ။ သူ့ကို လှည့်တောင် မကြည့်တော့ဘူးဆိုတာဟာ သူ့ကို ရန်တွေ့တာထက် အရာရောက်ပါတယ်။ အဲဒါ အကောင်းဆုံးပါပဲ။ စာရေးဆရာမဖြစ်ချင်ရင် စာရေးရတာပေါ့။ စာရေးတိုင်းလည်း မဖြစ်ဘူးလေ။ သူများတွေဘယ်လိုရေးလဲ အရင်ဖတ်ပါ။ များများဖတ်ပါ။ ဖတ်ရင်း အတုယူပြီး ရေးရင်းနဲ့ ရေးတတ်သွားတဲ့အခါ စာရေးဆရာဖြစ်မှာပဲ။ ရမ်းပြီး လျှောက်ရေးလို့လည်း မဖြစ်ဘူး။ ခဏတဖြုတ်ဝါသနာနဲ့လည်း မဖြစ်ဘူး။ အစဉ်တစိုက် လုပ်ရတာမျိုးပါ။ မလုပ်ရမနေနိုင်တဲ့ အလုပ်မျိုးပါ။ သူများကို အားကျရုံနဲ့ ဖြစ်ချင်တာဆိုရင်တော့ ဖြစ်လာမှာ မဟုတ်ပါဘူးလို့ ဖြေပါရစေ။

*



## (၁၇)

□ မေနှင်းရဲ့ ခံယူချက်နဲ့ ကျွန်တော့်ခံယူချက်က ရာနှုန်းပြည့်ထပ်တူကျပါတယ်။ အချစ်ဆိုတာ ရှားပါးတယ်။ တန်ဖိုးကြီးတယ်။ ဖန်တီးယူလို့ မရဘူးဆိုတာလေ။ ကျွန်တော် မိန်းကလေးတစ်ယောက်ကို ချစ်မိတယ်။ သူက ပြန်မချစ်ဘူး။ ကျွန်တော့်အချစ်က ပျက်မသွားဘူး။ အဲဒါကို သူငယ်ချင်းတွေက ကျွန်တော် ရူးတယ်တဲ့။ မေနှင်းကော ဘယ်လိုထင်ပါသလဲ။

**သန့်စင်ဝင်း၊ မြင်းခြံ။**

◆ ကိုယ်ချစ်တဲ့လူက ကိုယ့်ကို ပြန်မချစ်တာနဲ့ ကိုယ့်အချစ် ပျက်မသွားဘူးဆိုတာ သဘာဝကျပါတယ်။ ရူးတာမဟုတ်ပါဘူး။ သူပြန်ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ကိုယ့်ဘက်ကချစ်နေတာ ကိုယ့်ကိစ္စပဲ။ ဖွတ်တော့ ဘာမှ လုပ်လို့မရဘူး။ ဒါကြောင့် သန့်ဇင်ဝင်း မမှားပါဘူး။

*

## (၁၈)

□ ခုခေတ်မိန်းကလေးတွေဟာ အပျိုစင်ဆိုတဲ့ ဂုဏ်ကို တန်ဖိုးမထားတာ တွေ့နေရတယ်။ မိန်းမတွေ အိမ်ထောင်ပြုတာ မှီခိုဖို့လား၊ အချစ်ကြောင့်လား၊ ဘဝရှေ့ရေးအတွက်လား၊ သမီးသဘောကတော့ ကိုယ့်မှာ ခြေလက်အစုံပါနေတာပဲ။ မှီခိုဖို့ရှာစရာမလိုပါဘူး။ အချစ်ကြောင့်ဆိုရင် ကြာတော့ ငြီးငွေ့သွားမလား။ အနာဂတ်အတွက်ဆိုတာကလည်း ကိုယ့်အနာဂတ်ကိုယ် မကိုးချင်လို့ဘဲ။ သမီးတော့ ပညာတတ်အပျိုကြီး လုပ်ချင်တယ်။ ဒီဆုံးဖြတ်ချက် မှန်ရဲ့လားဟင်။

**မြချိုမွေး(N.T.I)**

www.burmeseclassic.com

www.burmeseclassic.com



◆ အခုခေတ် ပညာတတ်မိန်းမ အတော်များများဟာ ပညာနဲ့ အလုပ်အတွက် အချိန်အတော်ကြာ ပေးခဲ့ရပြီး ယောကျ်ားတွေကို အထင်မကြီးကြတော့တဲ့အတွက် အပျိုကြီးလုပ်ကုန်ကြတာလို့ သိရပါတယ်။ မိန်းမတွေတင် မကပါဘူး။ ယောကျ်ားတွေလည်း အလုပ်နဲ့ ပျော်ကုန်ကြတာ ပိုများတယ်လို့ ဖတ်ရတယ်။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်မို့ မှားတယ်၊ မှန်တယ် မပြောလိုပါဘူးကွယ်။ ဒီအယူအဆပေါ်လာတာလည်း ခပ်ကောင်းကောင်းပါပဲ။ ကမ္ဘာပေါ်မှာ လူဦးရေ အလွန်များနေတယ်။ စားနပ်ရိက္ခာအခက်အခဲတွေ ဖြစ်လာမယ်။ ဒီတော့ လူသားအချင်းချင်း ရိုးရှင်းစွာချစ်ခင်ရင်း လောကကို အကျိုးပြုကြခြင်းဟာလည်း တစ်မျိုးကောင်းတယ်လို့ သုံးသပ်မိပါတယ်။

*

(၁၉)

◘ *သမီးက အပေါင်းအသင်းများပြီး အသင်းအဖွဲ့တွေတိုင်းမှာ ပါဝင်လှုပ်ရှားတတ်ပါတယ်။ ကြက်ခြေနီ၊ မိခင်ကလေး၊ တရားစခန်း စသဖြင့် ဘာမဆို ဝင်ပါပါတယ်။ အဲဒါကို မြို့က လူတချို့က မျက်စိနောက်ပြီး အမျိုးမျိုးပြောကြတယ်။ အဝေးသင်တက်ပြီး ပြန်လာတဲ့အခါ သူငယ်ချင်းယောကျ်ားလေးတွေ ပါလာပြန်တော့ ပိုပြောကြပြန်ရော။ သမီး ဒီမြို့မှာတောင် မနေချင်တော့ဘူး။ သိပ်စိတ်ကျဉ်းကျပ်တာပဲ။ ဘယ်လို လုပ်ရမယ်ဆိုတာ ဖြေကြားပေးပါနော်။*

**မွန်မွန်လေး၊ ရှမ်း/မြောက်။**

◆ ဘယ်လိုမှ လုပ်စရာမလိုပါဘူး။ ကိုယ်လုပ်တဲ့အလုပ်ဟာ မှန်



ကန်သလား။ အပိုတွေလားဆိုတာ ကိုယ့်ဘာသာ စစ်ဆေးပါ။ မှန်တယ်လို့ ယူဆရင် ရဲရဲလုပ်ပါ။ ပုံပြင်တစ်ပုဒ်ထဲမှာ သားအဖနှစ်ယောက်က မြည်းတစ်ကောင်ကို ဆွဲပြီးလာတော့ ဘေးလူတွေက ဝေဖန်ကြသတဲ့။ မြည်းများ ဆွဲလာရသလား။ တက်စီးပေါ့လို့။ ဒါနဲ့ သားအဖနှစ်ယောက် တက်စီးကြရော။ ဒီအခါ ပြောကြပြန်တယ်။ မြည်းလေးက ငယ်ငယ် လူနှစ်ယောက်တောင် တက်စီးရလားတဲ့။ ဒါနဲ့ အဖေက ဆင်းပြီး သားကို စီးစေပြန်တော့ သားက အဖေကို မညှာဘူးလို့အပြစ်တင်ပြန်သတဲ့။ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပဲ အပြစ်ရှာနေတတ်ကြောင်း ပုံပြင်နဲ့ ပြထားတာပါ။ ဒါကြောင့် ကိုယ်သာမှန်ပါစေ။ ပတ်ဝန်းကျင်ကို ဂရုစိုက်နေစရာ မလိုဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးတဲ့အခါ အတ္တမပါပါစေနဲ့။ အမှန်အတိုင်းမြင်အောင်ကြည့်ပါ။ သူများပြောသလို 'များလွန်း' နေရင်တော့ လျှော့ပေါ့။ ဆင်ခြင်ပေါ့။ ဘရိတ်သုံးပေါ့။ နောက်တစ်ခုက မိမိရဲ့ လုပ်ရပ်တွေဟာ သူများကို ထိခိုက်တာမျိုး မဖြစ်စေနဲ့ပေါ့။ ဥပမာ သူငယ်ချင်းတစ်ပြုံကြီး ဘတ်စ်ကားတက်စီးရင်း စကားတွေ အကျယ်ကြီး ပြောကြတယ်။ အဲဒါ မမှန်ကန်ဘူး။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေတယ်။ ဒါမျိုးနားလည်ပြီး ဆင်ခြင်ရမယ်ဆိုတာမျိုးပေါ့။ တချို့ကိစ္စတွေမှာ ကိုယ်မှန်တယ်ထင်နေတာ။ တကယ်က မှားတယ်။ ဒီတော့ ထင်တိုင်းလည်း မကြဲနဲ့ပေါ့။ ကိုယ့်ထက်နားလည်တဲ့လူ စကားကို အလေးထားပါ။

*

www.burmeseclassic.com

www.burmeseclassic.com



(၂၀)

▫ ကျွန်မရဲ့ချစ်သူက အလယ်တန်းတောင် မအောင်ပါဘူး။ ကျွန်မက ဘွဲ့ရတယ်။ သူက လူကြီးတော့ ဆန်တယ်။ ကျွန်မသဘောက ပညာချို့တဲ့ပေမဲ့ စီးပွားရေးကောင်းရင် အိမ်ထောင်ရေးအဆင်ပြေမယ်လို့ ထင်တာပါ။ ဒါကြောင့် သူ့ကို စီးပွားရေးလုပ်ဖို့ သုံးနှစ်အချိန်ပေးလိုက်ပါတယ်။ အခုတော့ ဘာမှရေရေရာရာ မလုပ်သေးဘူး။ သုံးနှစ်ကြာတဲ့အခါ စီးပွားရေးမဖြစ်ရင် တခြားလူကို လက်ထပ်မယ်လို့လည်း ပြောလိုက်တယ်။ သူလည်း လက်ခံတယ်။ အဲသလို ကျွန်မဆုံးဖြတ်တာမှန်ရဲ့လား။ ဝေဖန်ပေးပါနော်။

**ချစ်သဲပို၊ လားရှိုး။**

◆ အိမ်ထောင်ရေးကိစ္စမှာ ကြိုတင်ပြောဖို့ ခက်ပါတယ်။ စီးပွားပြည့်စုံရင် အိမ်ထောင်ရေးမှာ အိုကေပြီလို့ တစ်ထစ်ချမပြောနိုင်ပါဘူး။ ငွေက အားလုံးကို မဖန်တီးနိုင်ပါဘူး။ ငွေပြည့်စုံပြီး မပျော်ရတဲ့ အိမ်ထောင်တွေ အများကြီးပါ။ နောက်တစ်ခုက ယောကျ်ားဟာ မိန်းမထက် ပညာရော၊ စိတ်ဓာတ်ရော၊ အတွေးအခေါ်ရော သိပ်ညံ့ဖျင်းနေရင်လည်း မကောင်းလှပါဘူး။ မိန်းမက ညံ့တာမျိုး ယောကျ်ားက ဆွဲခေါ်သွားလို့ဖြစ်တယ်။ ယောကျ်ားက ညံ့နေရင် မိန်းမက ရှေ့ဆောင်ရတဲ့အခါ၊ စိတ်အခန့်မသင့်လို့ ပြောမိဆိုမိတဲ့အခါ ယောကျ်ားရဲ့ မူလမာနလေးက မခံနိုင်ဘူး။ အငုံ့စိတ်တွေများပြီး မပျော်မရွှင်ဖြစ်နိုင်တယ်။ နောင် သူ့ကို အထင်ကြီးတဲ့လူတွေ့ရင် သာယာသွားတတ်သေးတယ်။ မိန်းမဦးဆောင်တဲ့ အိမ်ထောင်တွေ မမြဲတတ်တာဟာ အဲဒီသဘာဝကြောင့်ပါပဲ။ ယောကျ်ားဆိုတာ



သူ ညံ့ပေမဲ့ ဝန်မခံချင်တတ်ဘူး။ ဒီအခါ ဝိရောဓိဖြစ်တော့တာပါပဲ။ ဒါကြောင့် အိမ်ထောင်ပြုဖို့အတွက် အချစ်ကို အခြေခံရမယ့်အပြင် စီးပွားရေးသာမက နှစ်ယောက်အတူ အပေးအယူ၊ သဘောဆန္ဒတူရဲ့လားဆိုတာ စဉ်းစားသင့်ပါတယ်။ ချစ်စခင်စမှာ ခွင့်လွှတ်နိုင်ပေမဲ့ ကြာရင် အထင်သေးလာတာမျိုးဟာ အိမ်ထောင်ပြိုကွဲရေးလမ်းစပါပဲ။ ဖြည်းဖြည်း ဆုံးဖြတ်နော်။

*

(၂၁)

▫ သမီးချစ်သူဟာ သမီးနဲ့ မတွေ့ခင်က သူ့ထက် ဆယ်နှစ်လောက်ကြီးတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ငြိစွန်းခဲ့တယ်လို့ ဖွင့်ပြောပါတယ်။ နောင်တရကြောင်း ဝန်ခံတယ်။ သမီးလေ သူ့ကို ရွံသွားတယ်။ သူကလည်း ဖွင့်မပြောရင် ရရက်နဲ့ မလိမ်ချင်လို့တဲ့။ ခွင့်လွှတ်လိုက်ရမလား။ အန်တီ့အဖြေအတိုင်း သမီးဆုံးဖြတ်မှာပါ။

**ငယ်။**

(၂၂)

▫ သမီးချစ်သူနဲ့ ကျောင်းပြီးရင် လက်ထပ်တော့မှာပါ။ ဒါပေမဲ့ သမီးမှာ အပြစ်တစ်ခုရှိနေတယ်။ သူနဲ့ ချစ်သူမဖြစ်ခင် သမီးထက် ၁၅ နှစ်လောက်ကြီးတဲ့ လူနဲ့ မသန့်ရှင်းတဲ့တည်းခိုခန်းမှာ တစ်ည အိပ်လိုက်ရပါတယ်။ သမီးရဲ့ ပါးနပ်စွာရှောင်ဖယ်နိုင်ခြင်းနဲ့ သူ့ရဲ့ဂုဏ်သိက္ခာကြောင့် သမီး ခုထိအပျိုစင်ဘဝပါပဲ။ တည်းခိုခန်း မသန့်ရှင်းတာ ကြိုတင်မသိခဲ့

www.burmeseclassic.com

www.burmeseclassic.com



*လို့ပါ။ နောက်မှသိရတော့ ဒေါသဖြစ်ရတယ်။ ဒီကိစ္စအခု သမီးချစ်သူကို ဖွင့်ပြောသင့်ပါသလား။ မပြောဘဲထားရင် အိမ်ထောင်ရေးကို ထိခိုက်နိုင်ပါသလား။ အန်တီမေနှင်းရဲ့ အကြံဟာ သမီးအတွက် အကောင်းဆုံးဖြစ်မယ်လို့ ယုံကြည်ပါတယ်။*

**N.N.T၊ မတွေး။**

စာနှစ်စောင်က သဘောချင်းဆင်တူလို့ ပေါင်းပြီးဖြေပါ့မယ်။ ကိုယ်နဲ့ မပတ်သက်ခင်က ကိစ္စတွေ။ ဒါတွေဟာ အရေးကြီးလားဆိုတော့ အရေးကြီးပါတယ်။ အရေးမကြီးပါဘူး ပြောလည်း ဖြစ်တယ်။ ကာယကံရှင်နဲ့ပဲ ဆိုင်ပါတယ်။ ပထမစာမှာ ဖွင့်ပြောတဲ့လူကို အပြစ်မြင်နေတယ်။ ဒုတိယစာက ဖွင့်ပြောရမှာ ကြောက်နေတယ်။ အမှန်က ဒီကိစ္စဟာ သိပ်ပြီး ထူးဆန်းတဲ့အဖြစ်ကြီး မဟုတ်ပါဘူး။ ကိုယ်နဲ့ မပတ်သက်ခင်က ဖြစ်ခဲ့တာတွေဟာ ကိုယ်နဲ့မဆိုင်ပါဘူး။ အခု သူ့ကို ချစ်တယ်ဆိုရင် ခွင့်လွှတ်ရမှာပဲ။ အရေးကြီးတာက ကိုယ့်လက်ထဲမှာ သူ စင်ကြယ်ဖို့ပဲဖြစ်တယ်။ သူ သစ္စာရှိနေဖို့ပဲ ဖြစ်တယ်။ ကိုယ့်လက်ထဲကနေ ဖောက်ပြန်ရင်တော့ လွှင့်ပစ်လိုက်ရုံပဲပေါ့။ ဒီလိုကြံပြီး စဉ်းစားထားရင် သက်သာပါလိမ့်မယ်။ မသန့်ရှင်းတဲ့ တည်းခိုခန်း သွားမိတာကတော့ မသိရင် အပြစ်မဟုတ်ပါဘူး။ အပျိုစင်ဘဝကို ထိန်းနိုင်ခဲ့တာ ဝမ်းသာရမှာပါ။ ဒီတော့ အပြစ်မရှိတဲ့ ကိစ္စကို ဖွင့်ပြောမနေပါနဲ့တော့။ မေ့ပစ်လိုက်ပါလို့ပဲ ဖြေလိုက်ပါတယ်။

*



(၂၃)

□ *မိဘမောင်နှမကို မေးရမှာရှက်လို့ မေနှင်းဆီ အဖြေရှာဖို့ ရေးရပါတယ်။ ကျွန်မရဲ့ သံသယစိတ်ကို အဖြေရှာဖို့ပါ။ ကျွန်မ ခင်ပွန်းက စီးပွားရေးသမားမို့ ခရီးထွက်ရပါတယ်။ ကျွန်မ သူ့ကို ယုံကြည်ပါတယ်။ ငယ်ချစ်တွေဖြစ်ပြီး အခက်အခဲကြားမှ ယူခဲ့ရတာမို့ တန်ဖိုးထားချစ်ခင်ကြပါတယ်။ သမီးလေး တစ်ယောက်တောင် ရပါပြီ။ ဒါပေမဲ့ တစ်နေ့ကတော့ အိမ်ကို စာတစ်စောင်ရောက်လာပါတယ်။ အမျိုးသမီးတစ်ယောက်ဆီကပါ။ လမ်းမှာ ခဏဆုံခဲ့ပုံရပါတယ်။ ဖုန်းနံပါတ်နဲ့ လိပ်စာလည်း ပေးခဲ့လို့ သူ့စာရေးတာ။ ဖုန်းဆက်လို့မရ။ သူ့ဆီလည်း ဖုန်းမဆက်လို့ စာလှမ်းရေးကြောင်း 'အိမ်ထောင်များ ကျသွားပြီလား' လို့ စကားနာထိုးထားသေးတယ်။ တခြားဘာမှ မရှိးမသားမပါပေမဲ့ နည်းနည်းတော့ သူ ပတ်သက်ခဲ့လို့ပေါ့။ ကျွန်မ ထူပူပြီး ယောကျ်ားကို ရန်ထောင်မိပါတယ်။ ခရီးကြုံလို့ ဟိုက မိတ်ဆက်တာကို ပြန်အသိဖြစ်ရုံပဲလို့ ရှင်းပြတယ်။ ကျွန်မ သံသယဖြစ်တာ လွန်ပါသလားရှင်။ ဟိုအမျိုးသမီးက ဘယ်လိုလဲ။ ကျွန်မရင်ထဲ မီးလုံးဝင်နေတာမို့ပါ။*

**မချော၊ မန္တလေး။**

◆ မီးလုံးဝင်နေမယ်ဟုတ်လား။ မလုပ်ပါနဲ့ကွယ် ဒါလေးများ။ မိန်းမတွေ အဲဒါခက်တာပေါ့။ ကိုယ့်ယောကျ်ားကို အဲသလောက်'ဖက်တွယ်'ပြီး ဆုံးရှုံးရမှာစိုးနေတော့ အမှန်တရားကို မမြင်နိုင်တော့ဘူး ဖြစ်သွားတာပေါ့။ ယောကျ်ားတစ်ယောက်ဆီ မိန်းမတစ်ယောက်ဆီက စာလာတာ၊ ဖုန်းဆက်တာလည်း ဘာမှ ကန့်ကွက်စရာ မရှိပါဘူး။ ထူပူရလောက်အောင် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အလကားနေ ကမ်းတက်နေပါဦးမယ်။ ဘဝဆိုတာ ထာဝရမဟုတ်ဘူးလို့ အခြေခံကို ယုံကြည်ထားရင် ဒါဟာ အသေးအဖွဲ့ပဲ။ ကဲ... ကြည့်လေ စာက လှျို့လှျို့ဝှက်ဝှက်လာ တာလား။ ကိုယ့်အိမ် လိပ်စာနဲ့ပဲ မဟုတ်လား။ ဒါဆိုရင် ကိုယ့် ယောကျ်ားဘက်က ရှင်းနေပြီ။ မရှိးသားရင် ဒီလိပ်စာ ဘယ် ပေးမလဲ။ ပြီး သူက ဖုန်းမဆက်ဘူးဆိုတော့လည်း ကိုယ့်ဘက် က ရှင်းနေပြန်တာပဲ။ အိမ်ထောင်ရှိမှန်း ပြောမပြထားတာက တော့ ခရီးသွားရင်း တွေ့ကြတဲ့လူကို 'ကျွန်တော့်မှာ အိမ်ထောင် ရှိတယ်ဗျ' လို့ ပြောရင် တစ်ဖက်ကို စော်ကားသလို ဖြစ်မှာ ပေါ့။ တစ်ခုတော့ ရှိရဲ့။ ဟိုဘက်က တယ်ပြီး လိုက်လိုက် လျောလျောတွေ မြောင်းဖောက်လာတယ်ဆိုရင်တော့ ကိုယ်က သွယ်ဝိုက်တဲ့နည်းနဲ့ သမီးလေးအတွက် မုန့်ဝယ်သွားရဦးမယ် ဘာညာစသဖြင့်ပြောပါလို့ ကိုယ့်လူကို သင်ထားလေ။ မြိန်မြိန် ကြီးလုပ်နေရင်တော့ သူ့ကို နည်းနည်းဆုံးမပေါ့။ ဥပမာ ကတိတောင်းတာတို့ ဘာတို့။ ဟိုဘက်က အမျိုးသမီးက ဘယ်လိုလဲဆိုတဲ့ မေးခွန်းက မလိုပါဘူး။ သူ့ဘာသာသူ ဘယ်လိုဖြစ်ဖြစ်ပေါ့။ ကိုယ့်ဘက်ကလူ ခိုင်နေရင် ဘာမှ ပူစရာ မလိုဘူး။ အေး ကိုယ့်လူကပါ လှျို့ဝှက်ပြီဆိုရင်တော့ မီးလုံး မကဘူး မီးတုတ်နဲ့သာ ရှို့ပေတော့။

*

(၂၄)

□ *ကျွန်တော်ဟာ ကောင်မလေးတစ်ယောက်ကို တစ်သက်မှာ တစ်ခါမှ မချစ်ဖူးတဲ့ အချစ်တွေနဲ့ မြတ်မြတ်နိုးနိုး ချစ်ပါတယ်။*



*ခက်တာက ဒီကောင်မလေးက ချစ်တဲ့လူပေါ်ပြီး ရည်းစား လည်း များတယ်။ သူ့ကို ဖွင့်ပြောလိုက်ရင် မကောင်းတဲ့အဖြေ ရမှာကိုလည်း ကြောက်တယ်။ ချစ်တယ်လို့ အဖြေပေးခဲ့ရင် လည်း အရင် သူထားခဲ့တဲ့ ရည်းစားတွေလို ကျွန်တော့်ကို လမ်းခွဲသွားမှာ ကြောက်တယ်။ စဉ်းစားပေးပါဦး။*

**အချစ်ကြီးတဲ့ အောင်ကို၊ ကလေးမြို့။**

◆ ရောဂါက ခွဲရင်လည်း သေမှာပဲ။ မခွဲရင်လည်း သေမှာပဲဆို တာမျိုး ဖြစ်နေပြီထင်တယ်။ သေမယ့် အတူတူတော့ မခွဲတာ က သက်သာမလားလို့။ ခွဲစိတ်ခတွေက အများကြီးကုန်မှာ ကိုး။ ဒါပေမဲ့ မခွဲရင် သုံးလခံမယ်။ ခွဲရင် ခြောက်လခံမယ်ဆို ရင်တော့ လူ့လောကမှာ သုံးလပိုနေရဖို့ စွန့်စားသင့်တာပေါ့။ ဒီသဘောပါပဲ။ အဖြေတောင်းသင့်ပါတယ်။ မချစ်ဘူးဆိုတော့ အရင်းပေါ့။ ကျိတ်ပြီးကုတော့ပေါ့။ ချစ်တယ်ဆိုရင်လည်း မခွဲ ခင်အထိ ချစ်ခွင့်ရတာအမြတ်ပေါ့။ မဟုတ်ဘူးလား။ ဘယ်ဟာ လိုချင်လဲ။ ကာယကံရှင်သဘောပါပဲ။ ချစ်သူဘဝမှာ ကိုယ် အနွံတာခံလို့ အချိန်ကြာကြာချစ်ရလည်း အမြတ်ပေါ့။ ရည်းစား များတဲ့လူကတော့ များဦးမှာပဲ။ သူ့မှာ ရွေးစရာ ပေါတာကိုး။ ပြောရရင် အဲဒါတွေက အချစ်စစ်(သူ့ရဲ့ အချစ်စစ်တွေ) မဟုတ် ဘူး။ မစစ်လို့ ပျက်တာကိုး။ ကံကောင်းပြီး မင်းကိုကျမှ သူက အချစ်စစ်ဖြစ်သွားရင်တော့ ကြာရှည်မှာမို့ အဝေးကနေ တွေး ကြောက်မနေဘဲ စွန့်စားသင့်တယ်လို့ ယူဆပါတယ်။ ဗွမ်းထင် တို့၊ ပတ်တီးတို့တော့ ကြိုတင်ဆောင်ထားရလိမ့်မယ်နော်။ ရုံးပွဲနဲ့ ကစားရမှာ သိသိချည်း။

*

www.burmeseclassic.com

www.burmeseclassic.com



(၂၅)

□ သမီးဟာ တော်ရုံ ယောကျ်ား၊ မိန်းမကို အပေါင်းအသင်း မလုပ်ပါဘူး။ ကျောင်းမှာ အများစုက အားရင် 'ကန်တင်း' ထိုင်ကြလို့ပါ။ သမီး သူငယ်ချင်းဆိုလို့ နှစ်ယောက်ပဲထားတယ်။ သူတို့က စာတော်တယ်။ သမီးရဲ့ ကိုယ်ပိုင် Style က သပ်ရပ်သန့်ရှင်းပြီး မျက်နှာတည်တည်ထားပါတယ်။ အတန်းထဲဝင်သွားရင် တစ်ခန်းလုံး တိတ်သွားတတ်တယ်။ ဘယ်ယောကျ်ားလေးကိုမှ အရောမဝင်ဘူး။ ပြောစရာရှိရင် အထက်စီးကပဲ ပြောတယ်။ သူများတွေက သမီးကွယ်ရာမှာ ဝေဖန်ကြပြီး ရှေ့မှာတော့ ကြောက်သလို၊ ရွံ့သလို ဖြစ်ကြတယ်။ သမီးဟာ ဘယ်လို မိန်းကလေးမျိုး ဖြစ်နေပါသလဲ။

ဝတ်ရည်။

◆ ကောင်းပါတယ်။ ဆတ်ဆလူးမတွေ များပြားနေတဲ့ ပတ်ဝန်းကျင်မှာ ကိုယ်က ပညာကို တန်ဖိုးထားတယ်။ မိမိကိုယ်ပိုင် Style နဲ့ နေတတ်တယ်။ အများလိုလိုက်ပြီး မလုပ်ဘူးဆိုတာ တန်ဖိုးပါပဲ။ မိန်းကလေးအုပ်စုတွေ ဟားလားဝါးလားနေရင် ယောကျ်ားလေးတွေက အထင်မကြီးပါဘူး။ အိမ်ထောင်ဘက် အဖြစ် တကယ်ရွေးရင်လည်း တည်ကြည်တဲ့ မိန်းမကိုသာ ရွေးမှာပါ။ အပျော်ပေါင်း သူငယ်ချင်းပေါင်းတော့ ရတာပေါ့။ ဒါပေမဲ့ 'ပေါတောတော' ဆိုတဲ့ဘက် ရောက်မသွားဖို့ အရေးကြီးတယ်။ ဘဝကို အလေးအနက်ထားတဲ့လူဆိုတာ အားတိုင်းဝိုင်းဖွဲ့မနေအားပါဘူး။ တောင်စဉ်ရေမရတွေ မပြောပါဘူး။ ဒီအရွယ်မှာ သင်ယူစရာတွေ အများကြီးရှိနေတာမို့ လေ့လာသင်ယူနေမှ တော်ကာကျပါတယ်။ ဒါကြောင့်လည်း



ကျောင်းတွေမှာ ကျောင်းပြဋ္ဌာန်းစာအပြင် တခြားဝါသနာဆိုင်ရာ ပညာတွေ သင်ပေးတာပါ။ ကျောင်းဆိုတာ သင်ယူခြင်းကိစ္စနဲ့ပဲ အချိန်မလောက်အောင် ဖြစ်နေရမှာ။ အားတိုင်း ကန်တင်းထိုင်တဲ့အကျင့်ဟာ အနုတ်လက္ခဏာပါ။ တစ်ခုခုကို အာရုံစူးစိုက်ပြီး လေ့လာသင်ယူနေမှ ကျောင်းနေရကျိုး နပ်ပါမယ်။ ဒီလို ပေါ့ပေါ့ဆဆ ကောင်မလေးတွေကြားမှာ ကိုယ်က ရှားရှားပါးပါးလေးနက်သူ (secerious)ဖြစ်သူ ဖြစ်နေတဲ့အတွက် ကွယ်ရာမှာ ဝေဖန်ကြတာပါ။ ဘာမှ မဖြစ်လောက်ပါဘူး။ ဒီအတိုင်းပဲ ဆက်နေပါလို့ တိုက်တွန်းချင်ပါတယ်။

*

(၂၆)

□ သမီးတို့မိသားစုဟာ ရည်းစားထားတာ မကြိုက်ပါဘူး။ သမီးလည်း မထားဘူးလို့ ဆုံးဖြတ်ထားတာပါ။ ခုတော့ သမီးကို အရမ်းချစ်တဲ့လူတွေ့ပြီ။ သမီးကလည်း ချစ်ပါတယ်။ အဖြေကတော့ မပေးရသေးပါ။ သမီး မိဘတွေက သမီးနဲ့ သင့်တော်မယ့်လူ၊ ဆွေမျိုးထဲကလူနဲ့ ပြောထားတာလည်း ရှိတယ်။ သမီး ရည်းစားထားမှန်းသိရင် အိမ်ကလူတွေက သမီးကိုသတ်မှာ။ မိဘကိုလည်း စိတ်ချမ်းသာစေချင်ပါတယ်။ ချစ်မိတဲ့လူကိုလည်း ပျော်စေချင်ပါတယ်။ ဒီလထဲ အဖြေပေးဖို့ပြောထားလို့ ဘာလုပ်ရမလဲ အဖြေမှန်ထုတ်ပေးပါနော်။

နွယ်ဦးခင် KPG။

◆ မိဘနဲ့ချစ်သူကိစ္စမှာ မေနှင်းရဲ့ဝါဒကတော့ ညှိနှိုင်းခြင်းပါပဲ။ ဒီလို ညှိနှိုင်းခွင့်ရဖို့ကလည်း တကယ်တော့ မလွယ်ဘူး။ အချိန်

www.burmeseclassic.com



ဆိုတဲ့ ဆရာကြီးနဲ့ ဆက်ဆံရပါတယ်။ စိတ်ရှည်သည်းခံပြီး အချိန်ယူရပါတယ်။ ဒီအချိန်အတွင်းမှာ ချစ်သူနဲ့ လွဲမသွားရအောင် ခိုင်ခိုင်ချည်ရသလို မိဘများအမြင်မှာ ကိုယ်ဟာ 'မိုက်ရူးရဲ' မလုပ်ဘူးဆိုတာလည်း ယုံကြည်အောင် ပြရပါတယ်။ ဒီလိုနဲ့ သဘောမတူတဲ့ အစွန်းနှစ်ဖက်ဟာ တဖြည်းဖြည်း အလယ်ကို တိုးလာကြတာပါ။ နှစ်ဖက်လုံးက ကိုယ့်ကို ချစ်ကြတာပဲလေ။ ကိုယ့်ကို ဒုက္ခရောက်တာ မမြင်လိုကြပါဘူး။ ဒီတော့ အဲဒီချစ်တဲ့ကြိုးလေးနဲ့ပဲ ကြာရှည်အောင် ချည်နှောင်ရတာပါပဲ။ ကိုယ့်ချစ်သူဘက်ကလည်း အိမ်ကမကြိုက်တဲ့ အချက်တွေကို ပြုပြင်ယူရမှာပဲလေ။ ကိုယ့်ဘက်မှာ ချို့ယွင်းချက်ရှိရင် ပြင်နိုင်ရမှာပေါ့။ အလွန်ပြင်နိုင်ခဲတဲ့ 'ဘာသာမတူမှု' တွေတောင် တချို့က ပြောင်းပေးနိုင်တယ်။ အလျှော့ပေးနိုင်ကြတယ်။ အဓိက အချက်က အတူပေါင်းသင်းရေးကိုး။ နောက်ဆုံး ဟိုဘက်လျှော့၊ ဒီဘက်ကလျှော့နဲ့ အလယ်မှာ လာဆုံပြီး ပေါင်းဖက်သွားတဲ့အခါ သမက်မှ သမက်ဖြစ်သွားတာမျိုးတွေတောင် အများကြီးရှိတာပဲ။ ဒီတော့ ဒီကိစ္စမှာ အရေးကြီးဆုံးက မချစ်တဲ့လူကို လက်မထပ်ဘဲ နေဖို့ပါပဲ။ ဒါကိုတော့ အကြိတ်အနယ် ကာကွယ်ရမယ်။ အိမ်ကပေးစားတဲ့ လူလည်း မယူဘူး။ အိမ်က သဘောမတူသူကို သဘောတူလာအောင် ပြုပြင် တင်ပြ ညှိနှိုင်းရမှာပါ။ လုံးဝမရတော့ဘူးရယ်လို့ မရှိပါဘူး။ ချစ်တဲ့လူက လျှော့ပေးတာပါပဲ။ ကြီးကျယ်တဲ့အပြစ်မဟုတ်ရင် လူကြီးတွေက အလျှော့ပေးတတ်ကြပါတယ်။ သမီး စိတ်ချမ်းသာပါစေပေါ့။ ဒါကြောင့် အချိန်ယူပါ။

[ငယ်ငယ်(မအူပင်)ရဲ့ စာကလည်း နွယ်ဦးခင်နဲ့ တစ်သဘောတည်းမို့ နွယ်ဦးခင်အတွက် ဒီအဖြေကိုပဲ ဖတ်ပါလို့ ပြန်ကြားပါရစေ။]



*

(၂၇)

□ *သမီးရင်ထဲမှာ ကြာမြင့်စွာ စွဲခဲ့ရတဲ့ အစ်ကိုကြီးတစ်ယောက် ရှိပါတယ်။ သူက သမီးကို နားလည်မှု ပေးပါတယ်။ မိဘတွေတောင် သူ့လောက် မပေးပါဘူး။ အဲဒီအစ်ကိုကြီးမှာ စေ့စပ်ထားတဲ့ အစ်မလည်း ရှိတယ်။ သူက အဲဒီအစ်မကို မချစ်ဘူးတဲ့။ သမီးနဲ့သူဟာ ရည်းစားမဟုတ်ဘဲ နားလည် နေကြတယ်။ တစ်နေ့တော့ သူက 'ခိုးပြေးရအောင်'လို့ ပြောပါတယ်။ သမီးက ဟိုအစ်မကျတော့ တင့်တင့်တယ်တယ် စေ့စပ်တယ်။ ကိုယ့်ကျ တန်ဖိုးမထားဘူးလို့ တွက်လိုက်ပြီး ငြင်းခဲ့တယ်။ နောက်နေ့မှာတော့ သူ လက်ထပ်တယ်တဲ့။ သက်သေ နှစ်ယောက်လောက်ရှေ့မှာတဲ့။ လက်ထပ်ပြီးတော့ ကွဲတာပါပဲ။ သူလည်း စင်ကာပူ ထွက်သွားတယ်။ သမီးမှာ သူ့ကိုပဲ သတိရနေခဲ့တာ နှစ်တွေကြာပါပြီ။ သူ ပြန်လာရင် သူ့ကိုယူရင် ကဲ့ရဲ့ကြမှာပဲနော်။ ခုထိတော့ မေ့လို့မရတဲ့ဘဝမို့ အကြံပေးပါဦးရှင်။ သူ ဒီစာကို ဖတ်မိစေချင်တယ်။*

မရင်စန်း၊ ကြံခင်း။

◆ ဘယ်လိုအကြံပေးရမှန်းတောင် မသိပါဘူးကွယ်။ သူ့ဘက်က နှစ်ဦးလုံးကို ဖြတ်သွားတာမို့ သူက အတော်မာတယ်ပြောရမှာပဲ။ နိုင်ငံခြားမှာ ဓာတ်မြှုပ်မယ့်ပုံရတယ်။ တစ်ခု စဉ်းစားရမှာက သူ စေ့စပ်ထားတဲ့လူကို ယူပြီး ချက်ချင်းကွဲလိုက်တာဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကတိတည်ကြောင်းပြပြီး သူ ပြတ်သားတာ ပြတာပါ။ ဒါပေမဲ့ သူလုပ်တာ မှားတယ်။ အမှန်က စေ့စပ်ကြောင်းလမ်းမှုကို အရင်ဖျက်ရမှာ။ စေ့စပ်ခြင်းကို ဖျက်တာနဲ့ လက်ထပ်ပြီး ဖျက်တာ ဒီဂရီကွာတယ်လေ။ တစ်ဖက်မှာ နာတာပေါ့။ စေ့စပ်တာကို ဖျက်ဖို့ပဲ ကြိုးစားသင့်တယ်။ ခုတော့လည်း ပြီးသွားပြီ။ မပြီးနိုင်တာက ကိုယ်။ ဒီတော့ သူပြန်လာတာ မလာတာထက် သူ့သဘောကို အရင်စောင့်ပါဦး။ ဆက်သွယ်ပါဦး။ သံယောဇဉ်ရှိသူချင်းမို့ ဂုဏ်မငယ်ပါဘူး။ နှစ်ဖက် ခိုင်မြဲပြီဆိုရင်တော့ ဘယ်သူ့မှ ထောက်စရာမရှိပါဘူး။ လက်ထပ်နိုင်ပါတယ်။ ကဲ့ရဲ့လည်း ကဲ့ရဲ့ကြပေါ့။ ကိုယ်က အတင်းဝင်လုခဲ့တာမှ မဟုတ်ဘဲ။ လိပ်ပြာသန့်ရင် ပြီးတာပဲလို့ ယူဆပါတယ်။

*

(၂၈)

ဒ *သမီးက ကျောင်းပြီးသွားပါပြီ။ အလုပ် တစ်ခု နှစ်ခုလည်း ဝင်ခဲ့ပြီးပါပြီ။ ဘယ်အလုပ်မှ မပျော်ဘူး။ လခကတော့ သင့်ပါတယ်။ ဒါပေမဲ့ အခွင့်အရေးပေးတဲ့ကိစ္စမှာ အလုပ်ရှင်ကို မကျေနပ်တာမျိုး၊ ကိုယ့်ကို နှိမ်တယ်လို့ ထင်တာမျိုးတွေကြောင့် မပျော်ခဲ့တာပါ။ အခု အိမ်မှာ နားနေပါတယ်။ အိမ်မှာနေတော့လည်း ပျင်းတာပါပဲ။ အလုပ်ကိုလည်း အရင်အလုပ်တွေထက်ကောင်းတဲ့ အလုပ်ကိုပဲ လိုချင်တယ်ဆိုတော့ ရှာရခက်နေတယ်။ သမီးက ရည်းစားလည်း စိတ်မဝင်စားပါဘူး။ စီးပွားရေးမှာ ဂုဏ်ရှိရှိအမျိုးသမီးကြီးဖြစ်ချင်တာ။ အဲဒါ*



*အိမ်ကတော့ စိတ်ကြီးဝင်တယ်လို့ ပြောတယ်။ မေနှင်း အမြင်ကကော။*

**မေသန္တာ၊ ဒဂုံ။**

◆ 'စိတ်ကြီးဝင်တာ' ဆိုတဲ့ စကားအစား 'ရည်ရွယ်ချက်မြင့်မားတာ' လို့ဆိုရင် မေသန္တာကြိုက်မှာပေါ့နော်။ စိတ်ကြီးဝင်တာနဲ့ ရည်ရွယ်ချက်မြင့်မားတာက ကွာတော့ကွာပါတယ်။ စိတ်ကြီးဝင်တဲ့အဆင့်မဟုတ်ဘဲ ရည်ရွယ်ချက်မြင့်မားအောင်တော့ တည် ဆောက်ထားတာ သိပ်ကောင်းပါတယ်။ သာမန်ရည်ရွယ်ရင် သာမန်ပဲ ဖြစ်လိမ့်မယ်။ လမ်းဘေးမှာ ဖြစ်သလိုနေ၊ အိပ်၊ စားတဲ့ ဘဝကို ကျေနပ်တဲ့လူဟာ ဘယ်တော့မှ နေအိမ်နဲ့ နေရမှာ မဟုတ်ပါဘူး။ အရေးကြီးတာက မိမိ လက်ရှိအနေအထားနဲ့ အဟပ်မကွာဖို့ပါဘဲ။ ရည်ရွယ်တာကတော့ ရည်ရွယ်ထားရမှာပေါ့။ အခု မေသန္တာ အလုပ်တွေထွက်ခဲ့တဲ့ကိစ္စကို ပြန်ဆန်းစစ်တဲ့အခါ အလုပ်ထွက်ရတဲ့ အကြောင်းရင်းတွေက မခိုင်လုံပါဘူး။ အလုပ်ရှင်ကို ကျေလည်အောင်လုပ်နိုင်ပါတယ်။ ကိုယ့်ကို နှိမ်တယ်ထင်တာလည်း အနှိမ်မခံရအောင် လုပ်ပြရုံပါပဲ။ ထွက်လိုက်စရာမလိုပါဘူး။ ထွက်ပြီဆိုရင်လည်း တခြားမှာ သေချာတဲ့အလုပ် လှမ်းထားပြီးမှသာ ထွက်သင့်တာပါ။ အိမ်မှာနေရတာ အကျိုးမရှိဘူးလို့ထင်တဲ့စိတ်ကတော့ အလုပ်လုပ်ဖို့ တွန်းပို့မှာမို့ ကောင်းပါတယ်။ မိဘ ဘယ်လောက်ချမ်းသာချမ်းသာ ပညာသင်ပြီးရင် အလုပ်လုပ်မှ ဘဝအတွေ့အကြုံလည်းရ အမိပွာယ်လည်း ပြောနေမှာပါ။ အဆင့်မြင့်မြင့်ရောက်ဖို့ တစ်ဆင့်ချင်းတက်ပြောတယ်ဆိုတာကိုတော့ မမေ့ပါနဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၂၉)

◻ *ကျွန်မက မိုဘိုင်းလ်ဖုန်း သုံးပါတယ်။ ရှိုးပြဖို့ မဟုတ်ပါဘူး။ အရောင်းအဝယ်ကိစ္စအတွက် မိနစ်ပိုင်းနဲ့အမျှ ပြောင်းလဲနေတဲ့ ဈေးကွက်အတွက် သုံးရတာပါ။ အဲဒါ တချို့က ဒီ နားနားကပ်ပြီး ပြောရတဲ့ မိုဘိုင်းလ်ဖုန်းဟာ ကြာရှည်သုံးရင် ကျန်းမာရေးကို ထိခိုက်နိုင်တယ်လို့ ဆိုပါတယ်။ ဘယ်လို အန္တရာယ်နည်းအောင် ပြုလုပ်နိုင်ပါသလဲ။ သူတို့ ပြောတာကော ဟုတ်ပါ့မလား။*

**ခင်မမ၊ ရန်ကုန်။**

◆ အန္တရာယ်ရှိတာ မှန်ပါတယ်။ ဒါတွေ ကြိုမြင်လို့ မေနှင်း မိုဘိုင်းလ်မဝယ်ဘူးလေ။ ဩော်... တကယ်ပြောတာပါ။ မဝယ်နိုင်လို့ မဟုတ်ပါဘူး။ ဒီလို ဖြစ်လာမယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့ ရပါတယ်။ လူ့ဦးခေါင်းမှာရှိတဲ့ အသိဖြစ်ပေါ်ရာ 'နားစည်' ဆိုတာ အလွန်နူးညံ့တဲ့ အစိတ်အပိုင်းလေးပဲ။ ဒီနူးညံ့တဲ့ အစိတ်အပိုင်းလေးဟာ ပြင်းထန်တဲ့ ထိခိုက်မှုကို မခံနိုင်ဘူးပေါ့။ ရေကူးတဲ့အခါ နားထဲရေဝင်သွားရင် အသံမကြားရလောက်အောင် ပိတ်သွားတာမျိုး ကြုံဖူးမှာပေါ့။ နားရင်းကို ပိတ်ရိုက်ခံရရင် မျက်စိထဲမှာ မီးဝင်းဝင်းတောက်တယ်ဆိုတာ ကြားဖူးမှာပေါ့။ ပြီးတော့ အလွန်ဆူညံတဲ့ အသံတွေ ကြာကြာကြားရရင် နားပင်းသွားတာမျိုး၊ နားအူသွားတာမျိုးလည်း ကြားဖူးမှာပါ။ ဆူညံတဲ့ အသံဟာ နားအတွက် အန္တရာယ်ရှိတယ်လို့ သုတေသနစာတမ်းတွေကလည်း ပြောပြီးပါပြီ။ အခု နားနားကပ်ထောင်ရတဲ့ ဖုန်းကိစ္စမှာလည်း သုတေသနတွေက ရေးကြပါပြီ။ ဖုန်းထဲမှာဖြစ်တဲ့ radiation များက ဦးနှောက်ကို ထိခိုက်



စေပါတယ်တဲ့။ ဒါက ကြာရှည်သုံးရင် ပြောတာပါ။ ခဏတဖြုတ်က ကိစ္စမရှိပါဘူး။ ဖုန်းပြောတာပဲ ခဏတဖြုတ်လို့ မပြောနဲ့။ တချို့ကောင်မလေးတွေ ဖုန်းပြောနေတာ နာရီဝက်၊ တစ်နာရီပဲ။ အီး... အဲ... အဟင့်တွေနဲ့ ဖုန်းပြောခဘယ်လောက်ကျကျ မမှုတဲ့သဘော။ အခု သုနေသနစာတမ်းတွေထွက်လာတော့ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပြီး ဆင်ခြင်ရင် ကောင်းပြီပေါ့။ တချို့က Brain Cancer တောင် ဖြစ်နိုင်တယ်လို့ ဆိုတယ်။ ဒါပေမဲ့ Cancer သုတေသနအဖွဲ့ကတော့ အဲဒါ မဟုတ်ဘူးလို့ ငြင်းပါတယ်။ နည်းနည်းပါးပါးတော့ effect ဖြစ်မှာပေါ့တဲ့။ ဒီတော့ ဒါစဉ်းစားကြပေါ့ကွယ်။

*

## (၃၀)

◻ *ကျွန်မက မူကြိုဆရာမတစ်ဦးပါ။ အင်မတန် ဆော့တဲ့ကလေးကို ရိုက်မိပါတယ်။ အဲဒါ သူ့မိခင်က အော်ဆဲသွားတာ ခံရပါတယ်။ ကိုယ်က စေတနာနဲ့မို့ အခံရခက်လွန်းလို့ မေနှင်းရယ်။ သူက တခြားကလေးကို သွေးထွက်သံယိုဖြစ်အောင် လုပ်ခဲ့တဲ့ ကလေးမို့ ရိုက်ပြီး ဆုံးမခဲ့တာပါ။ ရှင်းပြရင်းမှာပဲ သူ့အမေက အော်ဆဲတာ။ ကျွန်မမှားသွားသလား။ ကူညီပါဦးနော်။*

**ဒေါ်သဲမာဦး၊ ရွှေရင်ခွင်မူကြို၊ တာချီလိတ်။**

◆ ဆရာမရေ သီအိုရီအရပြောရင်တော့ သူ ရိုက်လို့ပြန်ရိုက်တာ ကျေတယ်ပေါ့နော်။ ဒါပေမဲ့ စိတ်ပညာရှင်များ၊ ဒဿနပညာရှင်များရဲ့ အတွေးအခေါ်မှာတော့ ကလေးတွေကို လုံးဝ(ဘာအကြောင်းနဲ့မှ) မရိုက်ရပါဘူး။ သူတို့က ကလေးပေကိုး။

www.burmeseclassic.com



ကလေးဆိုတာ 'မတွေးနိုင်'သေးဘူး။ ဒီတော့ တွေးတတ်အောင်ပဲ သင်ပေးရမယ်။ သူက တခြားလူကိုရိုက်ရင် အဲသလို ရိုက်တာဟာ မှားတယ်လို့ သူ လက်ခံနားလည်အောင် 'ရှင်းပြ'နိုင်ရမယ်။ အဲဒါ ဆရာမတစ်ယောက်ရဲ့ အရည်အချင်းပါ။ ကိုယ့်တပည့်ပဲ နားလည်အောင် ပြောနိုင်ရမယ်။ မပြောနိုင်ရင် မပြောနိုင်တဲ့လူ ညံ့တာပဲ။ ဘယ်လိုလဲ ဒီလို ပြောလိုက်လို့ စိတ်ညစ်သွားလား။ မေနှင်းက ဒေါ်သဲမာဦးတစ်ယောက်တည်းကို ပြောတာ မဟုတ်ပါဘူး။ ဆရာအားလုံးကို ပြောချင်တာပါ။ မေနှင်းမှာ တစ်ချက်မှ မရိုက်ခဲ့ဘဲနဲ့ (ယနေ့တိုင်) 'တို့ဆရာမ' ဆိုပြီး ဂုဏ်ယူစွာ ချစ်ခင်နေကြတဲ့တပည့်တွေ အများကြီးပဲ။ သူတို့ နားလည်ကြတာကိုး။ တို့ ဆရာမက တို့ကို ချစ်တယ်ဆိုတာ သူတို့ သိကြလို့လေ။ အဲသလို သိအောင်ဆိုတာ တုတ်ကိုင်လို့ မဖြစ်ဘူး။ မေတ္တာစကားကို နှုတ်ဖျားက ပြရမှာပါ။ ကဲ... ဒီတော့ ရိုက်မိတဲ့လူ မှားတယ်လို့ မေနှင်းကတော့ ပြောလိုက်ပါပြီ။ ဒုတိယမှားသူက အမေပါပဲ။ ဆရာမတစ်ယောက်ကို အော်ဆဲတယ်ဆိုတော့ အတော့်ကို အောက်တန်းကျတာပဲ။ ဒီတော့ နောက်ထပ် မဆက်ဆံရုံပဲ ရှိတယ်။ ဘာမှ မပြောနဲ့တော့ပေါ့။ သူ့ဟာသူ သိသွားပါလိမ့်မယ်။ မှုကြီးဆိုတော့ အကြာကြီးဆုံစရာလည်း မရှိပါဘူး။ ကိုယ်လည်း သင်ခန်းစာ ရလိုက်တယ်လို့ပဲ အမြတ်ထုတ်ပါ။

*

(၃၁)

□ *သူက သမီးကို တကယ်ချစ်တာပါတဲ့။ ၅ လပိုင်းမှာ နိုင်ငံခြား*



*သွားတော့မယ်။ အဲဒါ သမီးကို ခေါ်တယ်။ လိုက်သွားရမလား။ သမီးဆုံးဖြတ်လို့ မရဘူး။ ဒီစာကို ၅ လပိုင်းမှာ ဆက်ဆက်ထည့်ပေးပါ။ ပယ်လိုက်မယ်ဆိုရင်တော့ သမီးတစ်သက်လုံး အခက်တွေ့သွားရလိမ့်မယ်။*

**အေး၊ မနေ့ဖြူ။**

◆ ခက်တော့တာပဲ။ မေနှင်းလက်ထဲ စာရောက်တာက ၅ လပိုင်းပဲ။ ဘယ်လိုလုပ်ပြီး ၅ လပိုင်းထုတ် မဂ္ဂဇင်းမှာ ထည့်ပေးနိုင်ပါ့မလဲ။ အရင်ကလည်း ပြောခဲ့ဖူးပါတယ်။ မဂ္ဂဇင်းတွေဆိုတာ ပြင်ဆင်ချိန် နှစ်လကြာတယ်လို့၊ အခု ၅ လပိုင်းမှာ ရေးတဲ့ဟာ ၇ လပိုင်းထုတ်ကျမှ ပါမှာလေ။ ဒါကြောင့် နောက်ကို အဲသလို ရက်ကန့်သတ်တဲ့ကိစ္စတွေ အလျှင်စလိုမပြောကြစေချင်ပါဘူးကွယ်။ စိတ်မကောင်းလို့ပါ။

ခုဆိုရင် မေနှင်းက လိုက်မသွားနဲ့လို့ အကြံပေးရင်လည်း အေးတစ်ယောက်က ချစ်သူနဲ့ နိုင်ငံခြားမှာ ဟမ်ဘာဂါစားနေပြီလား မသိ။ ပြောရတာပဲ အဖတ်တင်မှာပေါ့။ မလိုက်ဖြစ်ဘူးဆိုရင်တော့ ဒီအဖြေလေး ဖတ်ကြည့်ပါဦး။ 'သူ့နောက်လိုက်ဖို့ ခေါ်တယ်' ဆိုတာ ဘယ်လိုပုံစံလဲ။ မြန်မာပြည်မှာ လက်ထပ်ပြီးမှ ဇနီးအဖြစ် ခေါ်သွားမှာလား၊ အိမ်ဖော်အဖြစ် ခေါ်သွားမှာလား၊ တရားမဝင်သွားမှာလား၊ မလွယ်လိုက်တာ အေးရယ်။ နိုင်ငံရပ်ခြားသွားတယ်ဆိုတာ သူ့တစ်မျက်နှာ တစ်ရွာမှတ်ပြီး လိုက်ရမှာဆိုရင် တရားဝင်လက်ထပ်ပြီး သွားမှဖြစ်မှာပေါ့။ တစ်ခုခုဖြစ်ရင် စကားပြောလို့ရတယ်လေ။ တကယ် ချစ်တာပါဆိုတဲ့ စကားလေးနဲ့ တရားမဝင်လမ်းကများ လိုက်သွားရင် တွေးရဲစရာတောင် မရှိဘူး။ လူရောင်းစားတယ်။ လူကုန်ကူး

www.burmeseclassic.com



တယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ အမျိုးမျိုးဆွယ်ပြီး ခေါ်သွား၊ ဟိုကျ ရောင်းစားကြတာ။ ပြန်လွတ်အောင် ရွေးယူလို့ရတာ မဟုတ်ဘူးအေးရဲ့။ ရောင်းစားခံရရင် ပြည့်တန်ဆာလုပ်ခိုင်းတာမျိုး၊ တချို့များ ကျောက်ကပ်တွေဘာတွေ အထုတ်ခံရသတဲ့။ အဆိုးတွေချည်းပါပဲ။ မနေဖြူကအေးလေး မလိုက်ဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ်ကွယ်။

*

(၃၂)

▢ *ကျွန်တော် နားလည်ရခက်နေလို့ ကူပြီး တွေးပေးပါဦးရှင့်၊ ကျွန်တော် တစ်ခါမှ ရည်းစားမထားဖူးပါဘူး။ ကျွန်တော့် အစ်မရဲ့ ရည်းစားဟောင်းကို ကျွန်တော့်ဘက်က ခိုးချစ်နေခဲ့မိတယ်။ သူ Propose လုပ်တော့ ချက်ချင်း အဖြေပေးခဲ့မိတယ်။ ခုတော့ အဲသလို Propose လုပ်တာဟာ လက်ဖက်ရည်ဆိုင်မှာ သက်သေတွေနဲ့ လောင်းကြေး ၅၀,၀၀၀/(ငါးသောင်း)နဲ့ လုပ်ကြတာတဲ့။ ကျွန်တော် သိသိချင်း သူ့ကိုမေးတော့ ကြိုက်သလို အပြစ်ပေးပါတဲ့။ ဘာမှဖြေရှင်းချက်မပေးဘူး။ ရှောင်ထွက်သွားတယ်။ ကျွန်တော်က သူ့ကို ဆက်ချစ်နေမိတယ်။ အချစ်သစ်လည်း မရှာဘူး။ ဘာဆက်လုပ်ရမလဲ အန်တီ။*

**NN၊ မုံရွာစီးပွားရေးတက္ကသိုလ်။**

◆ ဘာဆက်လုပ်ရမလဲဆိုတော့ 'သေလိုက်ပါလား' လို့ ပြောရင် မေနှင်းကြမ်းတယ် ပြောဦးမယ်။ ဘယ့်နှယ်ကွယ် ကိုယ့်ကိုလည်း ချစ်တာလည်း မဟုတ်။ လောင်းကြေး ငါးသောင်းများတောင် အနိုင်ယူပြီး ရှောင်သွားတာတောင် ဆက်ပြီး ချစ်နေရတယ်လို့ ဒီလောက် ယုတ်မာပက်စက်၊ အောက်တန်းကျတဲ့ လူကို ဘာလို့ ဦးနှောက်ထဲ ထည့်နေရတာလဲ။ 'လွမ်းစရာရှိရင် နာစရာနဲ့ဖျောက်' ဆိုတဲ့စကားဟာ ထာဝရ အသုံးတည့်ပါတယ်။ ချစ်ရင် စိတ်ထဲကပဲ ချစ်နေပေါ့။ ဦးနှောက်ကတော့ 'သူ ငါ့အပေါ် မကောင်းဘူး' ဆိုတာကို အမြဲတမ်း အမှတ်အသားပြု လှုံ့ဆော်နေလိုက်ပါ။ တဖြည်းဖြည်း မချစ်တော့တဲ့ အနေအထား ဖြစ်လာပါလိမ့်မယ်။ လူဆိုတာ မိမိကိုယ်မိမိ အချစ်ဆုံးပါ။ မိမိကိုယ်ပိုင်ဥစ္စာကို ထိပါးလာရင် မခံနိုင်ကြပါဘူး။ သူ စော်ကားတာသေချာခဲ့ပြီ။ မိမိဂုဏ်သိက္ခာကို ရိုက်ချိုးခဲ့ပြီ။ ငွေငါးသောင်းများတောင် 'လုပ်စား' သွားခဲ့ပြီ။ ဒါကြီးကိုများ စိတ်မနာနိုင်တာ အံ့ပါရဲ့ဟယ်။

ဒါနဲ့ ပြောရဦးမယ် N.N ရေ။ နာမည်ကလည်း မိန်းမမှန်းယောကျ်ားမှန်းမသိ၊ 'ကျွန်တော် ကျွန်တော်' ဆိုတော့ ယောကျ်ားပဲ မှတ်တာပေါ့။ 'ရှင့်' ဆိုတဲ့ စာလုံးလေးတစ်လုံးကြောင့် မိန်းကလေးလို့ ဆုံးဖြတ်လိုက်ရတယ်။ စာရေးရင်တော့ မိန်းကလေးဆိုရင် မိန်းကလေးလိုပဲ ရေးကြပါလို့ တောင်းပန်ပါတယ်။

*

(၃၃)

▢ *သမီးက B.A(Eco)နဲ့ ဘွဲ့ရတစ်ယောက်ပါ။ သမီးချစ်သူကတော့ ဆယ်တန်းမအောင်ဘူး။ သမီးအိမ်က သဘောမတူပါဘူး။ ပညာမတတ်လို့တဲ့။ အခု သူ နိုင်ငံခြားထွက်သွားတယ်။*



www.burmeseclassic.com

www.burmeseclassic.com



*နိုင်ငံခြားက ပြန်လာရင် သမီးကို တင့်တောင့်တင့်တယ်နဲ့ တောင်းယူမယ်တဲ့။ သူက ပညာမတတ်တာကလွဲပြီး သမီးအပေါ် ကောင်းရှာပါတယ်။ အလေးအနက်လည်း ထားပါတယ်။ မေနှင်းအနေနဲ့ အိမ်ထောင်ဖက် ရွေးချယ်တဲ့အခါ ဘယ်လိုအချက်တွေ အဓိကထားပြီး ရွေးရမလဲဆိုတာ ပြောပြပေးပါ။ မိဘစကားပဲ နားထောင်ရမလား။ ချစ်သူကိုပဲ ရွေးရမလား။*

ရတနာ၊ မကွေး။

◆ မိဘဆိုတာကတော့ အတွေ့အကြုံများတယ်။ အဆိုးအကောင်း ခွဲခြားတတ်တယ်။ ဝေဖန်ချင့်ချိန်နိုင်တယ်။ သားသမီးအပေါ်လည်း စေတနာမှန်ကန်တယ်။ မကောင်းတာဖြစ်မယ့်လမ်းကို တားဆီးပြီး ကောင်းမယ့်လမ်းကို ညွှန်ကြတာပါပဲ။ မိဘဝတ္တရား ငါးပါးထဲမှာ 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်' လို့ ထိပ်ဆုံးက ပါနေတာကြည့်ပါလား။ ခုလို သားသမီး အိမ်ထောင်ရေး ပြဿနာပေါ်လာတဲ့အခါဆိုရင် မိဘတွေက ပိုပြီး စဉ်းစားကြရတာပေါ့။ တစ်သက်တာကိစ္စမဟုတ်လား။ မကောင်းမှန်းသိရက်နဲ့ အလိုလိုက်မယ်၊ မတားမြစ်ဘူးဆိုရင် ဒါဟာ မိဘဝတ္တရားမကျေရာကျတာပေါ့။ အခုကိစ္စမှာ ယောကျ်ားလေးက ဆယ်တန်းမအောင်ဘူးဆိုတဲ့ ပြစ်ချက်ကကြီးမားနေတယ်။ ဒါက ပြင်လို့လည်း မရဘူး။ နိုင်ငံခြားသွားတိုင်းလည်း လူချမ်းသာကြီးဖြစ်လာမှာ မဟုတ်ဘူး။ ဖြစ်လာသည့်တိုင် အိမ်ထောင်ရေးသာယာဖို့ အာမခံနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ဒီကိစ္စမှာ မေနှင်းတော့ မဆုံးဖြတ်ရဲဘူး။ နိုင်ငံခြားသွားတယ်ဆိုတာ တစ်ခုတည်းနဲ့ အမှတ်ပြည့်မပေးနိုင်သလို



ဆယ်တန်းမအောင်တဲ့ အပြစ်တစ်ခုတည်းဟာလည်း အိမ်ထောင်မသာယာနိုင်တဲ့ အချက်မဟုတ်ဘူး။ အိမ်ထောင်တစ်ခုသာယာဖို့က ကာယကံရှင်အချင်းချင်း ခံယူမှုနဲ့သာ ဆိုင်ပါတယ်။ ငွေကြေးပြည့်စုံတာဟာလည်း အဓိကမကျပြန်ဘူး။ ဒီတော့ အချိန်အတိုင်းအတာတစ်ခုအထိ စောင့်နေသင့်တယ်လို့ပဲ ပြောချင်ပါတယ်။

*

(၃၄)

ခ *သမီးက ကျောင်းပြီးလို့ အလုပ်ဝင်နေပါပြီ။ အသက် ၂၁ နှစ်ပါ။ သူက ၂၇ နှစ်ရှိပါပြီ။ ညတိုင်း အိမ်ရှေ့လာပြီး သမီးကို စကားမပြော၊ ဖုန်းမဆက်ဘဲ လာလာကြည့်ပါတယ်။ တစ်ခါမှ မခံစားဖူးတဲ့ ခံစားချက်မျိုး သမီး ခံစားရတယ်။ သူ့ဆီ တစ်ခါဖုန်းဆက်မိတယ်။ သူကတော့ သမီးအမေနဲ့တွေ့မှာစိုးလို့ဆိုပြီး မဆက်ပါဘူး။ သူနဲ့ ရွယ်တူတွေအားလုံး အလုပ်လုပ်နေကြပြီ။ သူက ဝေလေလေပါပဲ။ သမီးဦးနှောက်က သူ့ကို သဘောမကျဘူး။ နှလုံးသားကတော့ လက်ခံနေတယ်။ သမီး အချိန်ပြည့် သူ့ဆီ စိတ်ရောက်နေတာကိုလည်း စိတ်ညစ်တယ်။ သမီးက မြို့မှာ ဂုဏ်သိက္ခာနဲ့နေတဲ့ မိန်းကလေးတစ်ယောက်ပါ။*

ဒေါ်မြတ်သန္တာထွန်း၊ G.T.C (ရေနံချောင်း)

◆ အခုအတိုင်းဆိုရင် သမီးက သူ့ကို 'မူအရ' လက်မခံဘူး။ စိတ်ထဲက နှလုံးသားကို ဒေါသဖြစ်နေတယ်။ ဒါကို ရှင်းရှင်းသိထားပြီဆိုရင် ဘာလုပ်ရမလဲဆိုတာ လွယ်သွားပါပြီ။ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဦးနှောက်နဲ့ နှလုံးသားကြား မကြာခဏ တိုက်ပွဲဖြစ်တတ်ကြတာပါပဲ။ နောက်ဆုံး ဘယ်သူရှုံးလဲဆိုတာကတော့ မတူကြဘူးကွယ်။ ဦးနှောက်ကို အနိုင်ပေးလိုက်ပြီး တစ်သက်လုံး ဘဝသေသွားသလို တရိရိဆွေးရတဲ့ အပျိုကြီးတွေ အများကြီးပဲ။ မဖြစ်သင့်ဘူးဆိုပြီး ဇွတ်ဆုံးဖြတ်ရတာတွေပေါ့။ နောက်တစ်ခါ နှလုံးသားကို အနိုင်ပေးမိလို့ မျက်ရည်နဲ့ မျက်ခွက်၊ သားတွဲလောင်း၊ သမီးတွဲလောင်းဘဝကို ပြန်လည်မတည့်မတ်နိုင်တဲ့ သားသည်အမေတွေလည်း အများကြီးရှိတယ်။ ကိုယ်က အဲဒါကို နားလည်ပြီဆိုရင် ဘယ်ဘဝမျိုးကို ရယူချင်လဲလို့ ကိုယ့်ဟာကိုယ်ပဲ မေးပါ။ အဖြေကို မညာမတာထုတ်ပါ။ ချစ်သူနဲ့သာဆိုရင် ဘာပဲ ရင်ဆိုင်ရ ရင်ဆိုင်ရဆိုတဲ့ ခံယူမှုက အစပထမပိုင်းမှာပဲ ရှိမယ်။ မကျေနပ်လာတာတွေ များလာရင် ဘဝဟာ ဖရိုဖရဲနဲ့ ပြင်လို့လည်း မရ၊ ရှန်းလို့လည်းမရ ဖြစ်တတ်တယ်။ အဲဒီ ဒုက္ခတွေကို ကျေနပ်တယ်။ မောင့်မျက်နှာမြင်နေရရင် ထမင်းမစားရလည်း ရပါတယ်လို့ ဆုံးဖြတ်ရင်လည်း ဒီဒုက္ခတွေကို ခံပေါ့။ ဒုက္ခကို သုခမှတ်နေတဲ့ လူတွေ အများကြီးပဲလေ။ သေချာတာကတော့ မိမိ၏ ကံကြမ္မာသည် မိမိရွေးချယ်မှုအပေါ်မှာသာ တည်သည်ဆိုတာပါပဲ။

*

(၃၅)

ဝ လက်ရှိ သမီးမှာ ရည်းစားနှစ်ယောက် ဖြစ်နေပါတယ်။ ပွေတယ် ရှုပ်တယ်လို့တော့ မထင်ပါနဲ့နော်။ ပထမရည်းစားက တက္ကသိုလ် ပထမနှစ်မှာတွေ့ပြီး ချစ်ခဲ့တာပါ။ ကုသိုလ်ကံ



နိမ့်ပါးပြီး–ရောရောထွေးထွေးနဲ့ သူ ထောင်ကျသွားခဲ့ပါတယ်။ အဲဒီအကြောင်းသိတဲ့ နောက်တစ်ယောက်က နားလည်စွာ ချစ်ခင်လာလို့ လက်ခံခဲ့ပါတယ်။ သူ့ကို ရင်ထဲက မပါဘဲ ဇွတ်မှိတ်ပြီး အဖြေပေးခဲ့တာပါ။ အခု ပထမလူလွတ်လာတော့ သမီး မပြတ်နိုင်ဘူးဆိုတာ သိလာပါတယ်။ အိမ်ကတော့ ပထမလူကို သဘောမကျဘူး။ ဒုတိယလူကို နည်းနည်းလက်ခံပါတယ်။ သမီးကတော့ တကယ်ချစ်တဲ့လူကိုပဲ လိုချင်တာပါ။ မိဘကိုလည်း စိတ်မဆင်းရဲစေချင်ပါဘူး။ ဘာဆက်လုပ်ရမလဲ ကူညီပါ။

ငယ်လေး၊ အညာ။

◆ လောလောဆယ် ဘာမှမလုပ်ဘဲ နေရမယ့်အခြေအနေပါ။ စိတ်ဆင်းရဲနေလား၊ ဆင်းရဲရမှာပေါ့။ ဘယ်သူမပြု မိမိမှုလေ၊ ကိုယ် မချစ်ဘဲ ဘာဖြစ်လို့ လက်ခံခဲ့သလဲ။ ရည်းစားမရှိရင် မနေတတ်ဘူးလား။ သစ္စာပျက်တယ်ဆိုတာ အဲဒါပဲ။ သစ္စာမရှိတဲ့လူဟာ ဒီ သစ္စာဖောက်တဲ့ဒဏ်ကို ခံရတာပဲပေါ့။ ပထမလူမှာ အပြစ်ကြီးငယ်ရှိလို့ဆိုရင်တော့လည်း ထားပါတော့။ အပြစ်မဲ့တဲ့လူတစ်ယောက်ကို ဒုက္ခရောက်စဉ်မှာ မထူမတ်မကူညီတဲ့အပြင် အသစ်ရှာတယ်ဆိုတော့ အပြစ်ရှိတာပေါ့။ အပြစ်ရှိတဲ့လူဟာ ပြစ်ဒဏ်ခံရမှာပဲ။ စိတ်ဆင်းရဲရမှာပဲ။ ခံပေတော့။ နောက်ထပ် အပြစ်မရှိအောင်လည်း သတိထားရလိမ့်မယ်။ မချစ်တဲ့လူကို လုံးဝလက်မထပ်မိပါစေနဲ့။ ပိုပြီး မှား သွားလိမ့်မယ်။ နောက်ဆုံး ဘယ်သူမှ မယူဘဲ တစ်သက်လုံး နေသင့်နေရမှာ။ နောက်တစ်ခု မျှော်လင့်စရာရှိတာက အကယ်၍ ပထမလူဟာ သူ့အပြစ်ကြောင့် အိမ်ထောင်ကျတာ မဟုတ်

www.burmeseclassic.com



ဘူးဆိုရင် မိဘတွေ သဘောတူလောက်တဲ့ အနေအထားဖြစ်လာရင် ကိုယ်က လွတ်လပ်သူဖြစ်နေဖို့ပါပဲ။ နောက်ထပ် အမှားမကျူးလွန်ဖို့ပါပဲ။

*

## (၃၆)

ဘ *ကျွန်တော့် ချစ်သူက အသက် ၁၆ နှစ်ပဲ ရှိပါသေးတယ်။ **G.T.C** ပထနှစ်တက်နေသူပါ။ ကျွန်တော်က အဝေးသင်ဖြေမှာပါ။ ကျွန်တော်တို့ တစ်မြို့တည်း၊ တစ်ရပ်ကွက်တည်း နေကြတာပါ။ သူ့အိမ် ကိုယ့်အိမ်တွေကလည်း သိပြီး သဘောတူခွင့်ပြုထားကြပါတယ်။ အခု ကျွန်တော်က မြို့နဲ့ မိုင်ပေါင်းများစွာကွာတဲ့ မြန်မာပြည်မြောက်ပိုင်းမှာ ရောက်နေပါတယ်။ သူ့ဆီက စာမလာတာကြာခဲ့ပြီး နောက်တော့ သူ့ကို မေ့လိုက်တော့လို့ ရေးပါတယ်။ ကျွန်တော့်ကို ချစ်တယ်ဆိုတာ သူ့ကိုယ်သူ ညာခဲ့တာတဲ့။ သူ့မှာ ကျွန်တော့်အရင် တစ်ယောက်ရှိခဲ့ပါတယ်။ အဲဒီလူက သူ **G.T.C** တက်တဲ့မြို့နဲ့ နီးပါတယ်။ အခု သူတို့ ပြန်တွေ့သွားကြတယ်နဲ့ တူတယ်။ အချစ်ဆိုတာ ဒီလိုပဲလားဗျာ။*

**မောင်ဘအေး(M.K.N)**

◆ အေးကွယ့် ဟုတ်တယ်၊ အချစ်ဆိုတာ ဒီလိုပါပဲ။ 'မီးဝေးချိပ်မာ' ဆိုတဲ့ စကားကြားဖူးတယ် မဟုတ်လား။ 'ချိပ်' များဟာ မီးနဲ့တွေ့တော့ ပျော့ပြီး၊ မီးနဲ့ ဝေးရင် မာသွားရောလား။ နောက်ပြီး 'ပွန်းပြတ်–ပြတ်တယ်' ဆိုတာလည်း ရှိလေရဲ့။ တိခနဲပြတ်တာ မဟုတ်ဘူး။ တဖြည်းဖြည်းဝေးပြီး ပွန်းပြီး ပြတ်သွားတာ။ ပြောရရင် တကယ်မချစ်လို့ပေါ့ကွာ။ သူ့ အသက်လည်း ၁၆ နှစ်ဆိုတော့ လေးလေးနက်နက်ရှိသေးတာမှ မဟုတ်တာ။ မင်းက အဝေးကြီးသွားလိုက်တာ မီးဝေးဖြစ်သွားတာပေါ့။ ဒါ သဘာဝကျပါတယ်။ ဘယ်သူ့ကိုမှ အပြစ်မတင်ဘဲ မောင့်အဖြစ်နဲ့မောင်သာ ရှိပါစေတော့ မေရေလို့ပဲ သဘောထားပါတော့ကွယ်။ သိပ်သေချာတာက မင်းလည်း ချစ်စရာအချစ်တစ်ခု ထပ်တွေ့ဦးမှာပါ။ လောကကြီးမှာ သူတစ်ယောက်တည်းမှ မိန်းကလေးမဟုတ်ဘဲနော်။



*

## (၃၇)

□ *သမီး ဆုံးဖြတ်ရခက်နေလို့ ကူညီပါဦး။ သမီးရည်းစားက သမီးထက် လေးနှစ်ငယ်တယ်။ သမီးတို့အိမ်ရှေ့က အဆောင်မှာနေပါတယ်။ သမီးတို့မိသားစုက ရပ်ကွက်ထဲမှာ အချမ်းသာကြီးမဟုတ်ပေမဲ့ ချောင်လည်ပါတယ်။ သမီးရည်းစားက သမီးဆီက ပိုက်ဆံခဏခဏချေးတယ်။ တော်ကြာ တစ်သောင်း၊ နှစ်လောင်းလောက်နဲ့ မိန်းကလေးဘက်က ညာမစားရဘဲ သူကချည်း ယူနေတယ်။ သမီးက မျက်နှာမများချင်ဘူး။ သူက အလိုက်ကန်းဆိုး မသိဘူး။ တစ်ခါတလေများ အရက်တွေမူးပြီး အဆောင်ရှေ့မှာ သံသေးသံကြောင်နဲ့ သီချင်းတွေလာဆိုတယ်။ ရပ်ကွက်ထဲမှာ သမီးအရှက်ကွဲတာပေါ့။ သူ့ကို အဆက်ဖြတ်ရင်လည်း ဒုက္ခပေးမှာ။ သူက သမီးကို အောင်ယူမှာတဲ့။ သူ့ကို ဘယ်လိုဖြတ်စာရေးရမလဲ။ မေနှင်း ကူညီပါဦး။ သမီးအပြင်တောင် မထွက်ရဲဘူး။*

ပုံ့ပုံ့၊ မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com



◆ ဒီခုတစ်လ မေနှင်း ကံဆိုးတယ်ကွာ၊ ကောင်မလေးတွေခံရတဲ့စာတွေချည်း ဖတ်နေရတယ်။ တောက်… (ဒါ တောက်ခေါက်တာနော်) မခံချင်လွန်းလို့ပေါ့။ ဒါပေမဲ့ အားမငယ်ကြပါနဲ့၊ တရားတဲ့လူဘက်က အနိုင်ရရမှာပေါ့။ တစ်ခုတော့ရှိတယ် ပုံ့ပုံ့ရေ။ ပုံ့ပုံ့ စိတ်နိုင်ရဲ့လား။ အရပ်က ကွဲကွဲဆိုလို့ ကွဲလိုက်ရတယ်။ လွမ်းရတော့ ငါတစ်ယောက်တည်းဆိုသလို ဖြစ်နေဦးမယ်။ နောက်ကျတော့မှ ဖြတ်မိတာ မှားပါပြီ။ ပြန်ပြောပေးပါဦး ဘာညာ မလုပ်လာနဲ့နော်။ ခုပြောမယ့်ဆေးနည်းက တစ်ပွဲတိုးဆေးမြီးတို မဟုတ်ဘူး။ တစ်ခါတည်းနဲ့ အမြစ်ပြတ်စေရမယ်။ မယုံမရှိနဲ့ ကိုယ်တွေ့ကွယ့်။ … ကဲ သေချာပြီနော်။ ကိုယ့်ထက်လည်းငယ်၊ ကိုယ့်ဆီကလည်း ငွေကို တောင်းသုံးနေတဲ့လူ၊ ဘယ်လိုမှ ဘဝအဖော်အဖြစ် မရွေးသင့်တဲ့ လူ၊ ရပ်ကွက်ထဲမှာ ကိုယ့်သိက္ခာကို ချနင်းရဲတဲ့လူ(ဟုတ်ပြီလား) ကဲ… စိတ်ပြတ်ပြီဆို ပြောတော့မယ်။ 'ဖြတ်စာ' ဘယ်လို ရေးရမလဲဆိုတော့ လွယ်လွယ်လေးပါ။ လုံးဝ ပေါ်မလာတော့ဘူး။ စာလေး တစ်ကြောင်းပေါ့။ 'သို့ ကို … ကျွန်မထံမှ ချေးယူသွားသော ငွေတစ်သောင်း ပြန်ပေးပါ' တဲ့ တကယ်စွမ်းတဲ့ ဖြတ်စာ၊ စမ်းကြည့်ပေတော့။

*

## (၃၈)

❐ *ကျွန်မက မိန်းကလေးပီပီ လှချင်တယ်။ ကျွန်မဆံပင်က အကောက်ပါ။ လှိုင်းတွန့်ပေါ့။ အခု ဆံပင်အဖြောင့်ခေတ်စားနေတော့ ဖြောင့်ချင်ခဲ့ပါတယ်။ အခြေအနေအရ အခုမှ ဖြောင့်*



*ဖြစ်ပါတယ်။ အဲဒါကို ကျွန်မတို့ရပ်ကွက်က ,အတင်းပြောဝါသနာပါတဲ့ မိန်းမက မနာလိုဖြစ်ပြီး ကျွန်မကို မကြားတကြားပြောတယ်။ 'အဖြောင့်ခေတ်ကုန်ပြီ' တဲ့။ ကျွန်မ အရမ်းဒေါသထွက်သွားတယ်။ သူငယ်ချင်းတွေကတော့ ကလဲစားချေပါလားတဲ့။ အဲလိုလည်း မလုပ်ချင်ပါဘူး။ မေနှင်းကို ရင်ဖွင့်တာပါ။*

**K.S.D၊ မော်လမြိုင်။**

◆ ဒါမျိုးကို ကလဲ့စားချေစရာလည်း မလိုပါဘူး။ အဆင့်အတန်းနိမ့်တဲ့သူလို့ သတ်မှတ်ပြီး ဥပေက္ခာပြုလိုက်ပါ။ ဒေါသလည်း ဖြစ်မနေပါနဲ့။ 'ကိုယ့်ထက်သာ မနာလို' ဆိုတဲ့ စကားရှိတယ်။ မနာလိုခံရတာဟာ သူ့ထက် ကိုယ်ကသာနေတယ်ဆိုတဲ့ သာကေပဲ။ သူ့ဘာသာသူ မနာလိုဖြစ်ပြီး ခံစားနေပေစေ ကိုယ်က မခံစားရဖို့ အရေးကြီးတယ်။ ကိုယ့်အတွက် အရေးကြီးတဲ့ အချိန်တွေကို သူ့အကြောင်းစဉ်းစားပြီး အကုန်မခံပါနဲ့။

*

## (၃၉)

❐ *သမီးက ဆယ်တန်းဖြေထားတဲ့ ကျောင်းသူလေးပါ။ သမီးတို့အိမ်နားမှာ လုပ်ငန်းခွင်ဝင်တဲ့ အစ်ကိုကြီးတစ်ယောက်ကို ချစ်မိပါတယ်။ သူ မြို့ထဲပြောင်းသွားတဲ့အခါ သမီး ငိုလိုက်ရတာ။ သူ့ဆီ စာတွေရေးရေးပြီး ပို့နေခဲ့မိတယ်။ သူငယ်ချင်းတစ်ယောက်ရဲ့ လိပ်စာနဲ့မို့။ ငါးစောင်မြောက်မှာ သူ စာပြန်တယ်။ ခတ်ပုံတောင်းတယ်။ သမီး မပို့ရဲဘူး။ သူငယ်ချင်းက တွေ့ရဲရင် ထွက်တွေ့တဲ့။ သမီး သတ္တိမရှိပါဘူး။ အခု*

www.burmeseclassic.com



*စာမပြန်တော့ပါဘူး။ သူ့ကို အရမ်းချစ်တယ်ဆိုတာ ဒီစာဖတ်မိပြီး သိစေချင်လို့ပါ။*

**ဒီဇင်ဘာရိုင်၊ စစ်ကိုင်း။**

(၄၀)

□ *သူနဲ့ သမီးက Pen Friend တွေပါ။ ခင်ပြီး တစ်နှစ်လောက်မှာ သူ့ဘက်က ဖွင့်ပြောတယ်။ လူမမြင်ဖူးဘဲ မချစ်နိုင်ဘူးလို့ သမီး ငြင်းခဲ့တယ်။ နောက်တစ်နှစ်အကြာမှာ လူချင်းတွေ့လို့ သမီး ချစ်ကြောင်း အဖြေပေးခဲ့မိတယ်။ ယုံရပ့ါမလား။*

**ထက်၊ မိတ္ထီလာ။**

(၄၁)

□ *ပျိုက နွမ်းပါးတဲ့ မိသားစုကပါ။ သူ့ကို တစ်ဖက်သတ် ချစ်ခဲ့ရတယ်။ သူက မိဘကလည်း ချမ်းသာ၊ ဘွဲ့ရဖြစ်ပြီး TVသရုပ်ဆောင်တစ်ဦးပါ။ သူ့ဆီကို ပျို ကဗျာငါးပုဒ်ပို့ခဲ့တယ်။ ရောက်မရောက် မသိရဘူး။ သူ သိသွားမှာလည်း ကြောက်တယ်။ ဒါပေမဲ့ လောကမှာ သူ့ကို သိပ်ချစ်တဲ့ 'ပျို' ဆိုတဲ့ မိန်းမတစ်ယောက် ရှိနေတာကိုလည်း သိစေချင်တယ်။ ပျို ဘာလုပ်သင့်ပါသလဲဟင်။*

**နှင်းပျို၊ ဒဂုံမြို့သစ်တောင်ပိုင်း။**

❖ သဘောချင်းဆင်တဲ့ စာသုံးစောင်ကို တစ်ပေါင်းတည်း ဖြေလိုက်ပါမယ်။ အချစ်ဆိုတဲ့ ရောဂါဟာ အတော်ကုရခက်တဲ့ အမျိုးပဲ။ ရောဂါဖြစ်ရခြင်း အကြောင်းရင်းတွေက အမျိုးမျိုး ရှိသလို၊ အကြောင်းရင်းရှာမရတဲ့ ရောဂါလည်း ရှိတယ်။



တစ်ခါတလေကျတော့ အလိုလို ပျောက်သွားတာမျိုးလည်း ရှိတယ်။ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို သူ မစ ဘဲ ကိုယ်က စ မချစ်ရဘူးဆိုတဲ့ ဥပဒေတော့ မရှိဘူး ပေါ့။ ဒါပေမဲ့ ဖြစ်မလာနိုင်ဘူးလို့ ကိုယ့်ဘာသာ နားလည်နိုင်ရင်တော့ အဲဒီရောဂါကို ကိုယ့်ဘာသာ ကုသရမှာပါပဲ။ ရောဂါကို ရောဂါမှန်းသိဖို့ လိုပါတယ်။ လွမ်းရတာကို အရသာခံပြီး ခံစားနေရင်တော့ ကိုယ်ကျိုးနစ်နာဖို့ပဲ ရှိပါတယ်။ အရေးကြီးတာက ဘဝမပျက်ဖို့ပါ။ ထူးမလာမယ့်ကိစ္စကို အချိန်ကုန်မခံဖို့ပါ။ မိမိကိုယ်ကိုယ် မိမိ အရင်ချစ်ဖို့ပါ။ ဖြေဖျောက်တဲ့နည်းများစွာထဲမှ ဝါသနာပါတဲ့ အလုပ်တစ်ခုခုကို အချိန်ပြည့်လုပ်တဲ့နည်းက အကျိုးအများဆုံးပါပဲ။ ငါတစ်ယောက်မှ ကံဆိုးလေခြင်းလို့လည်း အားမငယ်စေချင်ဘူး။ အခုတောင် သုံးယောက်ပေါင်း ပြန်ရတာကြည့်။

*

(၄၂)

▪ *ပန်ပန်က သူ့ကို မြင်မြင်ချင်း ချစ်ခဲ့မိတာပါ။ ပန်ပန်ကျောင်းအပြန်မှာ သူ အတင်းလိုက်ပြီး စကားပြောလို့ နောက်ရက်မှာ အဖြေပေးခဲ့မိပါတယ်။ မကြာခင်မှာ ပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုတွေ တအားများခဲ့တယ်။ ဆယ်ရက်အကြာမှာ သူ့ကို ဖြတ်လိုက်ပါတယ်။ မိဘတွေသိမှာ ကြောက်လို့ပါ။ သူက ပန်ပန်ကို လက်ကိုင်တယ်၊ ပခုံးကိုင်တယ်။ ပြန်တွေးကြည့်ရင် သိပ်ရှက်တာပဲ။ တအားနောင်တရတာပဲ။ ဒီအမှားကို ဘယ်လိုပြန်ပြင်ရပ့ါမလဲ။ ဒါဟာ သမီးဘဝမှာ အမည်းစက်ကြီး*

www.burmeseclassic.com

www.burmeseclassic.com



*ဖြစ်သွားပြီလားဟင်။ သူက အခု နောက်ကောင်မလေးနဲ့ပါ။ သူနဲ့ လမ်းမှာ တစ်ခါတလေ တွေ့ရင် မျက်စိတစ်ဆုံး လိုက်ကြည့်နေတယ်။ ပန်ပန် သိပ်ကြောက်တာပဲ။ စိတ်ဆင်းရဲလိုက်တာအန်တီရယ်။*

ပန်ပန်၊ လမ်းမတော်။

◆ စိတ်မဆင်းရဲပါနဲ့ကွယ်။ ဒီအရွယ်လေးတွေက အိမ်မှာတင်ရုပ်ရှင်ကားတွေ အမျိုးမျိုးကြည့် ဇာတ်ကားထဲက ချစ်ခန်း၊ ကြိုက်ခန်းတွေကို အားကျပြီး လက်တွေ့မှာ နီးစပ်တဲ့ လူတွေနဲ့ ပတ်သက်မိကြတာ။ ပတ်ဝန်းကျင် လှုံ့ဆော်မှုများတာကိုး။ စိတ်ကစားတဲ့ ကလေးများလိုပေါ့။ မီးဆိုတာ ပူမှန်းသိသွားတဲ့အခါ မီးကို လွှတ်ချလိုက်တာပဲ။ မီးဆိုတာ အသုံးချတတ်တဲ့အရွယ်ကျရင်တော့ ဘဝအတွက် ကောင်းအောင် အများကြီး လုပ်လို့ရတယ်လေ။ အခုတော့ ဒါကို မစမ်းသပ်သင့်သေးဘူး။ ဒီသဘောပါပဲ။ အခု မီးကို ပူတယ်ဆိုပြီး လွှတ်ချခဲ့ပြီမို့ နောင်တရမနေပါနဲ့ကွယ်။ သမီး အမှန်ကို လုပ်နိုင်ခဲ့တာ ချီးကျူးပါတယ်။ ဆက်ပြီး ထိန်းထားရပါမယ်။ သူ့ကိုလည်း ကြောက်စရာမလိုပါဘူး။ သမီးသဘောမတူရင် သူ ဘာမှ လုပ်လို့မရဘူးဆိုတာ မှတ်ထားပါ။ စောစောက သမီးကစပြီး သူ့ကိုချစ်မိသလိုလိုဆိုတော့ အမှုအရာတွေ ပေါ်သွားခဲ့လို့ သူလည်းစရဲတာပါ။ ခုတော့ သူလည်း သူ့ဘဝနဲ့သူ ကိုယ်လည်း ကိုယ့်ဘဝ ကိုယ့်လမ်းကြောင်းပေါ်ကိုယ် လျှောက်နေတာမို့ ရဲရဲသာလျှောက်ပါ။ သူ့ကို လှည့်မကြည့်ပါနဲ့။ ကြောက်ဟန်လည်း မပြနဲ့။ လူပြတ်တဲ့လမ်း မသွားနဲ့။ အဖော်လေးနဲ့ဆိုရင်တော့ အကောင်းဆုံးပါပဲကွယ်။



(၄၃)

□ *ကျွန်တော်က ဘယ်ကောင်မလေးကိုမှ မကြိုက်ပါဘူး။ ဒါပေမဲ့ သူငယ်ချင်းတွေက ကောင်မလေးတစ်ယောက်နဲ့ စ နေကြတယ်။ အဲဒီကောင်မလေးက ကျွန်တော့်ကို ကြိုက်နေတယ်တဲ့။ ဟုတ်လား မဟုတ်လား သိရအောင် ဘယ်လိုလုပ်မလဲဗျ။ ပြီးတော့ လက်ဆောင်ပေးရင် ဘာပေးရသလဲ၊ ဖြေကြားပေးပါခင်ဗျာ။*

စိုင်းမွန်၊ မိုးညှင်း။

● မင်းကလည်းကွာ၊ ကိုယ်မကြိုက်ဘဲနဲ့ ဘာဇာတ်လမ်းလုပ်ချင်တာလဲ။ ကောင်မလေးက ကြိုက်နေတယ်ဆိုတာနဲ့ လက်ဆောင်ပေးချင်တာနဲ့။ ယောကျ်ားဆိုတာ အဲသလို မဟုတ်ဘူးကွ။ ကိုယ်ကြိုက်မှ လုပ်ရတယ်။ တော်ကြာ ကောင်မလေး ဒုက္ခရောက်နေပါဦးမယ်။ တစ်နေ့ မင်းချစ်တဲ့သူတွေ့ရင် ဘယ့်နှယ်လုပ်မလဲ။ မင်းကို မျက်နှာများတယ်လို့ ပြောမှာပေါ့။ ပွေတယ်၊ ရှုပ်တယ် ပြောမှာပေါ့။ ယောကျ်ားလေးလည်း အဖိုးတန်အောင်နေရတယ်။ အေးအေးဆေးဆေးနေပါကွာ။

*

(၄၄)

□ *ကျွန်တော် သူ့ကို ပထမအကြိမ် ဖွင့်ပြောတော့ ငြင်းပယ်ခံခဲ့ရတယ်။ သူက အေးတိအေးစက်နိုင်ပါတယ်။ ကျွန်တော်က တွေ့ကတည်းက အခုထိ ရင်ခုန်ဆဲပါ။ ဒုတိယအကြိမ် ဖွင့်ပြောရရင် ကောင်းမလား။ နောက်ထပ် ငြင်းမှာဆိုတော့ အကြောက်ဆုံးပါပဲ။ ဘာဆက်လုပ်သင့်တယ်ဆိုတာ အကြံ*

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ခုတော့ ပေးပါလို့တောင်းဆိုချင်ပါတယ်။

**ကိုစင်၊ မုံရွာ။**

◆ အကြံကောင်းပေးရရင်တော့ ရဲဘော်... ဆက်လုပ်ပေါ့။ တစ်ခါငြင်းတာနဲ့ နောက်မပြောရတော့ဘူးဆိုတာ ဓွဲမရှိရာကျတယ်။ ငြင်းချင်လည်း ဆက်ပြီး ငြင်းပါစေလေ။ ဒါပေမဲ့ သူ့ဘက်က ဟန်လုပ်နေခြင်းမဟုတ်ဘဲ တကယ်ကို သူ မချစ်လို့ မချစ်တာဆိုတာ သေချာသွားရင်တော့ ဆက်မပြောသင့်တော့ပါဘူး။ ဆက်ပြောနေရင် အနှောင့်အယှက် ပေးရာကျမယ်လေ။ သူ မချစ်တာ ကိုယ်က ဘာတတ်နိုင်မှာလဲ။ အချစ်ဆိုတာ ချဉ်ပေါင်ပင်စိုက်သလို မျိုးစေ့ကြဲလိုက်တာနဲ့ အပင်ပေါက်လာတာမျိုးမှ မဟုတ်တာကိုး။ ဒီတော့ တရားနဲ့သာ ဖြေပေါ့လို့ ပြောလိုက်ပါတယ်ကွယ်။

*

(၄၅)

❑ *ကျွန်တော်တို့ နှစ်ယောက်က သူငယ်ချင်းတွေပါ။ ကျွန်တော် သူ့ကိုချစ်တဲ့အကြောင်း ဖွင့်ပြောခဲ့တယ်။ အချိန်အကြာကြီး ယူပြီးမှ စဉ်းစားမယ်တဲ့။ ကျွန်တော် စောင့်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံး ဖြေတဲ့ အဖြေမှာတော့ 'ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'တဲ့ဗျာ။ ကျွန်တော်တို့နှစ်ယောက်လုံးဟာ ရည်းစားကို အပျော်တမ်း ထားတတ်တဲ့ သူတွေ မဟုတ်ပါဘူး။ အလေးအနက်သမားတွေပဲ။ သူနဲ့ ကျွန်တော်က ဘာသာတော့ မတူဘူး။ ဒါကြောင့်များလား ကျွန်တော့်ကို ဆုံးဖြတ်ပေးပါခင်ဗျာ။*

**မောင်နေလင်း။**



ဖြစ်နိုင်ပါတယ်။ အလေးအနက်သမားများဟာ ရှေ့နောက် စဉ်းစားကြပါတယ်။ အဖြေတွေ ကြိုတင်ထုတ်နိုင်ပါတယ်။ အခု သူလည်း အချိန်ယူစဉ်းစားပြီးမှ အဖြေပေးတာမို့ အဓိကကျတဲ့ ဘာသာရေးကိုပဲ ကြည့်ပုံရပါတယ်။ လက်မလွှန်ခင် ဆုံးဖြတ်တဲ့ သဘောပါပဲ။ အချစ်တစ်ခုတည်း မကြည့်ဘဲ ဘဝ ချင်းပေါင်းစပ်လို့ ဖြစ်မဖြစ်ကိုပါ ထည့်စဉ်းစားခဲ့တာ ဖြစ်လိမ့်မယ်။ ဒီတော့ သူ့သဘောသူ့ဆန္ဒကို လိုက်လျောခြင်းဖြင့် သူ့အတွက် အကောင်းဆုံးမိတ်ဆွေ ဘဝကို ခံယူခြင်းသာ နှစ်ယောက်လုံး စိတ်ချမ်းသာဖို့၊ ရေရှည်ကောင်းဖို့ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်ကွယ်။

*

(၄၆)

❑ *သမီးလေ ချစ်သူတစ်ယောက် ရှိခဲ့ဖူးပါတယ်။ ချစ်သူတွေ အဖြစ် နှစ်နှစ်ကြာခဲ့တာပါ။ ဒါပေမဲ့ သူက အသစ်တွေ့ပြီး သမီးကို လက်တွဲဖြုတ်လိုက်တာ တစ်နှစ်လောက်ရှိပါပြီ။ သရုပ်မှာ မေနှင်းရေးထားတာလေးတွေဖတ်ပြီး ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သမီး အခုထိ မမေ့နိုင်သေးဘူး။ ကိုယ့်အပေါ်မှာ ရက်ရက်စက်စက်လုပ်ခဲ့တဲ့လူကို ခုထိ ချစ်နေတုန်းပဲ။ သူကတော့ သမီးကို မျက်နှာချင်းတောင် မဆိုင်ချင်တဲ့ပုံပဲ။ သမီးက သူ့ကိုဘာကြောင့် မမေ့နိုင်ရတာလဲ။ နောက်ထပ် ရည်းစား လည်း မထားချင်တော့ဘူး။ သူ့ကိုလည်း လုံးဝမေ့လိုက်ချင်တယ်။ အိပ်ရာဝင်ခါနီးဆို ပိုပြီး သတိရတယ်။ အကြံဉာဏ်ပေးပါဦး။*

**မြတ်မွန်၊ သန်လျင်။**

www.burmeseclassic.com

www.burmeseclassic.com



◆ ဒီဘဝမှာ မဆုံစည်းနိုင်တော့ဘူးဆိုတဲ့ လူကို ဖြတ်နိုင်ဖို့ နည်းလမ်းနှစ်သွယ်ရှိတယ်လို့ မေနှင်း အမြဲပြောပါတယ်။ ခွင့်လွှတ်တဲ့နည်းနဲ့ နာကြည်းတဲ့နည်းပါ။ ပထမနည်းက ဪ...သူ့ကိုငါချစ်တာပဲ။ သူ စိတ်ချမ်းသာပါစေ၊ သူ စိတ်ချမ်းသာသလိုလုပ်သွားတာ လုပ်ပါစေ။ သူ ပျော်ရင်ပြီးတာပါပဲလို့ နှလုံးသွင်းတာပါ။ အေးချမ်းတာပေါ့။ ကိုယ့်အတွက် မပါတော့ဘူး။ အချစ်အတွက်ဆိုရင် အသွေးယူယူ၊ အသားယူယူလို့တောင်စာဆိုရှိတာပဲ။ လက်လွှတ်ဆုံးရှုံးရတာကိုး။ ရှုံးတယ်လို့ မခံယူဘဲ ခွင့်လွှတ်လိုက်နိုင်တယ်လို့ လက်ခံလိုက်ရင် ပထမဆုံးအေးချမ်းရတာက ကိုယ်ပါ။ သူ့ဆီက ဘာမှ မလိုချင်တော့ဘူးဆိုတဲ့အခါ အေးသွားတာပါပဲ။ ပူလောင်နေတာက လိုချင်နေသေးလို့။ လိုချင်လေ ပူလောင်လေ ငါ့ကို ပစ်ရက်လေခြင်းဆိုတာ အတ္တ။ သူလည်း သူ့စိတ်နဲ့ သူ့နှလုံးသား။ သူ လုပ်ခွင့်ရှိတာပဲ။ ဒီလို တွေးရပါမယ်။ ဒုတိယနည်းက နာကြည်းတဲ့နည်း။ သူ့လောက်များ ဘာဂရုစိုက်စရာရှိလဲ သွားစမ်း။ ရှင် ပစ်ပေမဲ့ ဘုရင်ကတော်တော့ ဖြစ်နိုင်သေးတယ်ဆိုတဲ့ အားတင်းစိတ်။ ဒါလည်း အားပြန်ဖြစ်တာပါပဲ။ ပြန်လိုချင်စိတ် ရှိနေသမျှတော့ ကိုယ်ပဲ ပင်ပန်းမှာ သေချာတယ်။ အိပ်ရာဝင်ရင် မမေ့နိုင်ဘူးဆိုတာအတွက်တော့ မေနှင်းရဲ့ကိုယ်တွေ့ 'ဩဠာရိကသုခုမ' ဆေးနည်းလေး မေတ္တာလက်ဆောင်ပေးပါ့မယ်။ ဟိုတွေး သည်တွေး အိပ်မပျော်သူများကျင့်သုံးရန်ပေါ့။ အိပ်ရာဝင်ခါနီး ရေချိုးပါ။ ဟာ၊ ညဘက်ရေ မချိုးရဲဘူးဆိုရင် ပူနွေးတဲ့ နွေရာသီလည်း ဖြစ်မယ်၊ ရေချိုးခန်းကလည်း လေလုံမယ်ဆိုရင် ချိုးသာချိုးပါ။ မကြောက်ပါ



နဲ့။ အခု မြန်မာတိုင်းရင်းဆရာကြီးတွေရဲ့ အပြောက 'ရေမချိုးလို့ သေတာ' တဲ့။ သိပ်ပူတဲ့ ကမ္ဘာကြီးမှာ နေရလို့ပေါ့။ ဆောင်း၊ မိုးမို့ ညဘက်ရေမချိုးရဲဘူးဆိုရင် ရေနွေးခပ်ပူပူနဲ့ချိုးပါ။ အထဲကသွေးတွေ နွေးသွားဖို့ဖြစ်တယ်။ ပူတဲ့အချိန်ရေအေးချိုးတာက အထဲက အပူတွေထွက်ဖို့ပါ။ အဲလိုချိုးပြီးရင် အောက်ပိုင်းတစ်ပိုင်းလုံး ခါးအထိ သနပ်ခါးလိမ်းပါ။ ပြီးရင် အဝတ်နွေးနွေး(ချည်ထည်)ဝတ်ပြီး အိပ်ရာပေါ်မှာ စန့်စန့်လေး ပက်လက်အိပ်။ တစ်ကိုယ်လုံးက အပူတွေ တရှိန်းရှိန်းနဲ့ ထွက်သွားကြတာ ခံစားရလိမ့်မယ်။ မျက်လုံးတွေကဖွင့်မရအောင် လေးလာမယ်။ မျက်စိသူငယ်အိမ် ကျဉ်းလာတာ။ ဒီအခါ ရည်းစားအကြောင်း တွေးချင်ရင်တောင် တွေးလို့မရတော့ဘူး။ သူ့ နာမည်တောင် မေ့တော့တော့ဆိုသလို ဖြစ်သွားပြီ။ လူဟာ အိပ်ပျော်ခြင်းကမ္ဘာထဲ စီးဝင်သွားပါလိမ့်မယ်။ အောင်မယ်လေး... ပြောရတာ မောလိုက်တာနော်။ ကိုယ်ချင်းစာလို့ပါ။ ဆေးနည်းပြောပြတဲ့အတွက် အထူးကုခတော့ ပူဇော်သင့်တယ်။

*

(၄၇)

□ *ကျွန်မက မိကောင်းဖခင် သားသမီးပါ။ သူနဲ့ချစ်မိတော့ ယုံယုံကြည်ကြည် ချစ်တာပါ။ ချစ်ပြီးတဲ့အချိန်မှာ သူက သူ့မှာမိန်းမရှိတယ်။ အခု ကွဲနေတယ်လို့ ဖွင့်ပြောတယ်။ လျှော်ကြေးခြောက်သိန်းပေးပြီး ကွာခဲ့တာတဲ့။ ဒါနဲ့ ကျွန်မ ယုံမှတ်ပြီးလက်ထပ်ခဲ့ပါတယ်။ ခြောက်လလောက် ကြာတဲ့အခါမှာတော့*

www.burmeseclassic.com



ပထမမိန်းမနဲ့ ပြန်ပြီး ဆက်သွယ်တယ်လို့ ကြား ရတယ်။ ကျွန်မ ရှက်လွန်းလို့ ကိုယ်ကိုယ့်ကိုယ် သေကြောင်း တောင် ကြံစည်ခဲ့ပါတယ်။ သေတော့ မသေဖြစ်ဘူး။ သူက တော့ တစ်လ တစ်ခါလောက်ပဲ ပြန်လာပါတော့တယ်။ ကျွန်မ ကို ကွာပေးဆိုတော့လည်း မကွာဘူး။ သူက ကျွန်မထက် သုံးနှစ်ကြီးတယ်။ သူ့မိန်းမက သူ့ထက် ၁၀ နှစ်ကြီးသတဲ့။ သူ့သားရှိလို့ သွားနေတာပါတဲ့။ ကျွန်မကိုလည်း အသက် ကြီးသွားရင် ချစ်တော့မှာ မဟုတ်ဘူးထင်တယ်။ သူ့ကို ဆက် ချစ်သင့်ပါသလား။

**K.M.T၊ ကျိုက်ထို။**

◆ ဘာဖြစ်လို့ ဆက်ချစ်သင့်ရမှာလဲကွယ်။ လူလိမ်ကြီးကို။ မိန်း မတွေ အဲသလို ပျော့ညံ့ကြ၊ ယုံလွယ်ကြလို့ ယောကျ်ားတွေ မယားများကြတာပေါ့။ အမှန်က နောက်ထပ်ယူချင်ရင် ပထမ မယားကို တရားဝင်ကွာပြီးမှ လက်ခံသင့်တယ်။ မယားကြီး နဲ့ ပြန်ပေါင်းမှန်းသိရင် ကိုယ်ချင်းစာပြီး ရှောင်သင့်တယ်။ ဒါလောက်ပဲ ပြောပါရစေ။

*

(၄၈)

□ ကိုယ်ရယ်၊ မောင်လေးရယ်၊ အဖေရယ်၊ အမေရယ် အေးချမ်း တဲ့မိသားစု သိုက်မြုံလေးထဲက အသက် ၄၂ နှစ်သာရှိသေး တဲ့ အဖေက ကွယ်လွန်သွားခဲ့တယ်။ ဖြေလို့ မရဘူး။ အားပေး တဲ့ စကားလေး တစ်ခွန်းလောက် ပြောပါဦး။

**ဖေ့သမီး၊ မန္တလေး။**



◆ 'သေခြင်း' ဆိုတဲ့ တရားကိုတော့ ဘယ်သူမှ အနိုင်မရကြပါဘူး ကွယ်။ သူ ခေါ်ရင် ခံကြရတာချည်းပါပဲ။ ပြုပြင်လို့မရတဲ့ ကိစ္စကြီးမို့ သဘာဝအတိုင်း လက်ခံလိုက်ပြီး မသေသေးတဲ့ လူတွေကို ပိုပြီး ချစ်ပြပါ။ ပြုစုပါ။ စိတ်ချမ်းသာမှု ပေးပါ။ သေသူကို လွမ်းနေလို့ အကျိုးမထူးတော့တဲ့ အချိန်နာရီတွေကို ရှင်သူများအတွက် အကျိုးပြုအဖြစ် အသုံးပြုခြင်းနဲ့ အစားထိုး ပါ။ အချိန်က ကုစားပေးပါလိမ့်မယ်။

*

(၄၉)

□ ရင်းနှီးနေတာ ကြာပြီ။ အခုမှ ရေးဖြစ်တယ်။ သရုပ်ဖွရဲ့ **အခန်း** ကဏ္ဍအသီးသီးကို ကြိုက်ပါတယ်။ အန်တီမေကို **တွေ့ဖူး** မြင်ဖူးချင်ပါတယ်။ အကြောင်းကတော့ သမီးဟာ **အခု** အသက် ၂၀ ပါ။ တက္ကသိုလ် ပထမနှစ်ကို နှစ်နှစ်ဆက်တိုက် စာမေးပွဲကျခဲ့ပါတယ်။ စိတ်ဓာတ်ကျနေတုန်း ၂၀၀၄ **ဇွန်လ** သရုပ်ဖွထဲမှာ အန်တီမေရဲ့ 'မြင့်မြတ်အေး၊ ပဲနွယ်ကုန်း' **ကို** ဖြေထားတာ ဖတ်ရတော့ အားတက်မိပါတယ်။ **စိတ်မညစ်** တော့ဘူး။ သူက ဆယ်တန်းမဖြေဖြစ်တာ။ **သမီးက** တက္ကသိုလ်မဖြေဖြစ်တာ။ သူ့ကိုလည်း ဆယ်တန်း**အောင်စေ** ချင်ပါတယ်။ သမီးလည်း တက္ကသိုလ်စာမေးပွဲတွေ **ပြီးအောင်** ဖြေမယ်အန်တီမေ။ သမီးရဲ့ စိတ်အခြေအနေကို **တည့်မတ်** ပြုပြင်ပေးတဲ့ အန်တီမေရဲ့ စကားလေးကိုလည်း **ထပ်ကြား** ချင်ပါတယ်။

**လဲ့လဲ့ သာယာဝတီ။**

www.burmeseclassic.com

www.burmeseclassic.com



◆ ဝမ်းသာပါတယ် လှဲ့လှဲ့။ စာရေးဆရာအလုပ်ဆိုတာ ကုသိုလ်လည်းရ၊ ဝမ်းလည်း ... အဲ... သိပ်တော့ မဝဘူးပေါ့လေ။ နည်းနည်းပိန်ပါတယ်။ ဘယ်လိုပဲ ပိန်ပိန်ပေါ့။ သူများတွေမြင်ရင် ကိုယ်ခန္ဓာအလေးချိန် ထိန်းနိုင်လိုက်တာဆိုပြီး အထင်ကြီးခံရ မနည်းဘူးနော်။ ခုလို ကိုယ့်စာဖတ်ပရိသတ်ဟာ ကိုယ့်စာကြောင့် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းသွားတယ်ဆိုတာ သိရတော့ ပီတိကိုစား အားရှိတယ်ပေါ့။ စာမေးပွဲနဲ့ ပတ်သက်ရင်တော့ မေနှင်းမှာ ယုံကြည်ချက်ရှိတယ်။ စာမေးပွဲကျတယ်ဆိုတာကို နားတောင် မလည်ဘူး။ ဘာဖြစ်လို့ ကျကြတာပါလိမ့်။ မေးခွန်းတွေက ဟောဒီစာအုပ်တွေထဲမှာ ပါတာတွေမေးမယ်လို့ တစ်နှစ်လုံးလုံး ကြေညာထားတာပဲ။ အဲဒီဟာတွေအကုန်သိအောင်လုပ်ဖို့ အချိန်တစ်နှစ်တောင် ရတာပဲ။ ဖြေနိုင်ရမှာပေါ့။ အောင်ရမှာပေါ့။ မေနှင်းက ဘဝတစ်သက်တာမှာ ဘာစာမေးပွဲမှ မကျခဲ့ဖူးတာ ဒီယုံကြည်ချက်ကြောင့်ပဲ။ တစ်ခုတော့ ရှိတာပေါ့လေ။ ဉာဏ်ကောင်းတဲ့လူက တစ်ခါဖတ်ရုံနဲ့ မှတ်မိသွားတယ်။ ဉာဏ်မကောင်းတဲ့လူက ပိုဖတ်ပေါ့။ မရမချင်း ဖတ်ပေါ့။ အချိန်တွေ အများကြီး ပေးထားတာပဲ။ တခြား အရေးမကြီးတာတွေ မလုပ်နဲ့။ အချိန်မပုပ်စေနဲ့။ အာရုံမများနဲ့။ ကဲ... အောင်ရင် စာရေးလိုက်ဦးနော်။

*

(၅၀)

□ *ယောကျ်ားလေးအများစုဟာ မိန်းကလေးတွေကို သူတို့နဲ့ ရင်းရင်းနှီးနှီးနေရင် အထင်သေးသလို ရှိကြတယ်။ ရေလာမြောင်းပေး လုပ်တာလို့ ထင်ကြတယ်။ ဘယ်အရာမဆို သူတို့ပဲအထက်မှာရှိတယ်လို့ ဆိုချင်တာလား။ မိန်းကလေးနဲ့ယောကျ်ားလေး ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံကြတာဟာကဲ့ရဲ့စရာလား။ မေနှင်းရဲ့အမြင်ကို သိချင်ပါတယ်။*



**ရွှေယွန်းလွှာ၊ မန္တလေး။**

◆ ပထမမေးခွန်း ယောကျ်ားလေးတွေနဲ့ သဘောထားကိစ္စ။ အဲဒီမေးခွန်းဟာ သိပ်ပြီး ခေါင်းထဲထားစရာမလိုပါဘူး။ သူတို့ဟာ သူတို့ ဘာထင်ထင်။ ကိုယ်မှန်ဖို့ပဲ လိုတယ်။ 'ရင်းရင်းနှီးနှီး' ဆိုတဲ့ အနေအထားကို ပြန်သုံးသပ်ပါ။ ကိုယ်က ဘယ်လောက်ရင်းရင်းနှီးနှီး လုပ်လိုက်တာလဲ။ လိုအပ်လို့လား။ ဒီနေ့ ကမ္ဘာကြီးမှာ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားရတာ အပိုတွေလျှောက်လုပ်ဖို့ အချိန်မရှိပါဘူး။ သွားရင်းလာရင်း တွေ့တဲ့လူနဲ့တော့ ပြောရဆိုရ ပေါင်းရမှာပဲပေါ့။ အဲဒီအခါ ပူးပူးကပ်ကပ်၊ ခရာလုံးတာလုံး သူများအမြင်မှာ 'သမီးရည်းစား' ထင်ရလောက်အောင် မရင်းနှီးနဲ့ပေါ့။ နှုတ်အမူအရာ၊ ကိုယ်အမူအရာ သိပ်သိသာပါတယ်။ သိသာလွန်းတဲ့အတွက် ဆင်ခြင်ဖို့လည်း လိုတယ်။ အလကားနေရင်း ပေါင်ပုတ်လက်ပုတ်၊ လက်ဆွဲ၊ ဇော့ရမ်း၊ တွန်းထိုး၊ ပူးကပ်(မေနှင်းက ပြောရက်လိုက်တာလို့ မမြင်နဲ့နော်။ အဲဒါမျိုးတွေ မြင်နေရတာ စိတ်ပျက်လွန်းလို့) အဲသလို မလိုအပ်တဲ့ Body Language ကိုယ်ဟန်စကားတွေလျှောက်လုပ်ပြီး ဒါဟာ ပွင့်လင်းတာပဲ။ ခေတ်မီတာပဲလို့ မပြောနဲ့။ ပွင့်လင်းတဲ့၊ ခေတ်မီတဲ့၊ ပညာတတ်တဲ့မိန်းကလေးဖြစ်ရင် ဘယ်ကောင်လေးကိုမှ ခုနပြောသလို မပူးဘူး။ ပူးရင်တော့ အပြောခံရတာ နည်းတောင် နည်းသေးတယ်။ ကြပ်ကြပ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ကြကွယ်လို့။ တို့လည်း အမြင်မတော်ဘူးကွယ့်။ ကြုံ တုန်း သိမ်းရုံးပြီး ပြောလိုက်ပြီ။ ကိုယ့်ဟာကိုယ်လည်း လျှော့ ဖွပ်ကြပါဦး။

*

(၅၁)

□ *အလုပ်ကိစ္စနဲ့ သူ့အိမ်ကို သမီးသွားတော့ သူက ပြုံးပြတယ်။ နောက် တွေ့တိုင်းပြုံးပြတယ်။ ဘာသဘောလဲ သိချင်နေပါ တယ်။*

**စုလွင်၊ မန္တလေး။**

◆ အဲဒီအမေးကို ဖြေဖို့ စဉ်းစားတော့ အငြိမ့်ထဲက လူရွှင်တော် ပြက်လုံးလေး သတိရတယ်။ လူရွှင်တော်နှစ်ယောက် မျက်နှာ ချင်းဆိုင်ဆုံတော့ တစ်ယောက်က ပြုံးပြတယ်။ ဒီအခါ ကျန် တစ်ယောက်က ဘာပြုံးတာလဲတဲ့။ ဒီတော့ တစ်ယောက်က ပြန်ဖြေတယ်။ ပြုံးတယ်ဆိုတာ ရယ်ချင်လို့တဲ့။

*

(၅၂)

□ *သမီး ချစ်သူဟာ အစက ဆိုးပါတယ်။ သမီးနဲ့ ချစ်ပြီးတော့ လိမ္မာလာတယ်။ ဆေးလိပ်တောင် မသောက်တော့ဘူး။ ဒါပေမဲ့ သူ့ အဖေက မကောင်းဘူး။ မိန်းမကြီးရှိရက်နဲ့ မိန်းမငယ်ယူပြီး အိမ်ပေါ်တင်ထားတယ်။ သူငယ်ချင်းတွေက သူသားလည်း သူ့ အဖေလို လာမှာပဲလို့ ပြောကြတယ်။ သမီးက သူ့ကို လက်ထပ် ဖို့ရည်ရွယ်ထားတာပါ။ ခုတော့ စဉ်းစားစရာဖြစ်လာပြီ။ ချစ်သူ*



*ကတော့ လက်ထပ်ပြီးရင် တခြားပြောင်းနေမယ် ပြောပါတယ်။*

**အငယ်၊ T.G.O။**

◆ လူတွေမှာ မျိုးရိုးဗီဇရှိတာ မှန်ပါတယ်။ ဒါပေမဲ့ ပတ်ဝန်း ကျင်လွှမ်းဆော်မှုနဲ့ သူ့ရဲ့ အသိစိတ်ဓာတ်က ကွပ်ကဲနိုင်ပါ တယ်။ အဖေဟာ သူ့အကြောင်းနဲ့သူ မိန်းမငယ်ယူတာဖြစ်ပြီး ဒါကို သားက တစ်သဝေမတိမ်း ပုံတူကူးချလိမ့်မယ်လို့ မယူဆ နိုင်ပါဘူး။ ဒီအပြုအမူကို သူမကြိုက်ဘူးဆိုရင် သူ ဘယ်လုပ် ပါ့မလဲ။ သူ့စိတ်အပေါ်မှာပဲ တည်ပါတယ်။ အဖေ အရက် သမား၊ သား ဘုရားဒကာတွေ အများကြီး။ အမေက တရား သူကြီး သမီးက ခိုးမှုနဲ့ ထောင်ကျတာမျိုး ရှိတာပဲ။ ဒီတော့ တရားသေ မစွဲလမ်းပါနဲ့။ ဒီအချက်ကို မကြိုက်ဘူးဆိုတာကို တော့ ကြိုတင်ပြီး ပြောထားပေါ့။ ဖြစ်လာရင် လက်မခံဘူးဆို တာ သိနေပါရစေ။ အဖေ့ကိုလည်း တစ်ဖက်သတ် အပြစ်မ တင်ပါနဲ့။ သူ့မှ သူ့အကြောင်းနဲ့သူ ရှိပါလိမ့်မယ်။ ကိုယ်နဲ့ မဆိုင်ဘူးလေ။

*

(၅၃)

□ *မော်လမြိုင်မှာ သူငယ်ချင်းတစ်ယောက် ရှိပါတယ်။ တက္ကသိုလ် မှာ ခင်ခဲ့တာပေါ့။ သူက အော်တိုရေးခိုင်းလို့ ရေးကြ။ အိမ်ပြန် ရောက်တော့လည်း အပြန်အလှန် စာတွေရေးကြနဲ့ သမီးအရှိန် ပျော်ခဲ့ပါတယ်။ နောက်တော့ သူက ဝတ္ထုရေးကောလေးပဲ ရေး တော့တယ်။ သမီး ခင်သလို သူ မခင်တော့ဘူးလား မသိဘူး။ သမီး အရမ်းဝမ်းနည်းတယ်။*

**ချိုခင်**

www.burmeseclassic.com

www.burmeseclassic.com



◆ ဒါ ဝမ်းနည်းစရာမှ မဟုတ်တာ။ သဘာဝပဲလေ။ ဘယ်သူမှ တစ်သက်လုံး စာရေးမနေကြပါဘူး။ တွေ့တော့လည်း ခင်လိုက်ကြ။ ကြာရင် ဝေးသွားကြ။ ဒီလိုချည်းပါပဲ။ အဲဒါ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်ပေတော့။ နောက် ခင်ရမယ့်လူ တွေ့ဦးမှာပဲ။ အလုပ်လုပ်စရာတွေ အများကြီး။ ဒါကို စဉ်းစား မနေပါနဲ့တော့။

*

## (၅၄)

□ *သူ့ကို ကျောင်းနေဖက်အဖြစ် ခင်ခဲ့ရတာ မဟုတ်ပါဘူး။ သူငယ်ချင်းကတစ်ဆင့် ခင်ခဲ့ရတာပါ။ မီး အခက်အခဲတစ်ခုဖြစ်တော့ သူ့ဆီက ငွေချေးခဲ့ရပါတယ်။ အဲဒီညနေပဲ ပြန်ပေးဖြစ်ပါတယ်။ နောက်နေ့ သူရယ်၊ သူငယ်ချင်းရယ်၊ မီးရယ် နွားနို့ အတူတူသောက်ရင်း မီးရင်ထဲ တလှပ်လှပ်နဲ့ အရမ်းပျော်လာတယ်။ နေ့တိုင်းတွေ့ချင်နေတယ်။ ညတိုင်း သတိရနေမိတယ်။ အဲဒါ အချစ်လားဟင်။*

မေယုယုနိုင်၊ ကလေးမြို့။

◆ အဲဒါ နွားနို့ပါ။ ဩော်... နောက်နေတာ မဟုတ်ပါဘူး။ နွားနို့မှာ အဲသလို ရင်တလှပ်လှပ်ဖြစ်စေတဲ့ ဓာတ်ပါတယ်ထင်တယ်။ ဒါမျိုး မေယုတစ်ယောက်တည်း ဖြစ်ဖူးတာ မဟုတ်ပါဘူး။ မေနှင်းဆို သံပရာရည်သောက်တိုင်း တခြားတစ်ယောက်ကို သတိရပြီး၊ ကော်ဖီသောက်တော့ တခြားတစ်ယောက်ကို သတိရတယ်။ ဘုရားရှိခိုးတောင် အမေ့ကို သတိရပြီး၊ ချာပါတီစားရင် အဖေ့ကို သတိရပြန်ရော။ တခြား သတိရစရာတွေ



အများကြီး။ ဒါဟာ အဲဒီကိစ္စမှာ စိတ်ထဲ ကိုယ့်ဟာကိုယ် ကျေနပ်ခဲ့တာတွေပဲ။ သတိရတာက တွဲမိသွားတာ။ ဒီတော့ ဒီလိုလုပ်လေ နောက်တစ်ယောက်နဲ့ (မိန်းကလေးသူငယ်ချင်း) နွားနို့သွားသောက်လိုက်ပါ။ ရိုးသွားပါလိမ့်မယ်။ အစွဲအလမ်း မထားပါနဲ့ကွယ်။ ကိုယ့်မှာ ငွေလိုရင် ချေးရမယ့်လူလောက်ပဲ သဘောထားလိုက်ပါ။ အလကား အင်အားကုန်တယ်။

*

## (၅၅)

□ *သမီး ကိုကြီးတစ်ယောက်ကို မြတ်မြတ်နိုးနိုး ချစ်ခဲ့ပါတယ်။ သူက ရန်ကုန်ကနေ ချင်းပြည်နယ်ဘက် ပြောင်းသွားတာ။ သမီးကို လုံးဝ မဆက်သွယ်တော့ဘူး။ ဟိုရောက်မှ ဆက်သွယ်မယ်ဆိုပြီး အခု တစ်လကျော်ပြီ သမီးအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ စဉ်းစားပေးပါဦး။*

ချစ်ချစ်၊ တောင်ကြီး။

◆ တောင်ကြီးနဲ့ ချင်းပြည်နယ် အဝေးကြီးပဲကွယ်။ ခုလို မိုးတွင်းဆို ခရီးလမ်းပန်းက ခက်ခဲပါဘိနဲ့။ သူ ဆက်သွယ်သည့်တိုင် လမ်းမှာ စာပျောက်နိုင်တာမို့ သည်းခံပြီးစောင့်ပါ။ ကိုယ့်ဘက်က ဆက်လို့ရတဲ့လမ်းလည်း ရှာပါ။

*

## (၅၆)

□ *အစ်မကြီး ခင်ဗျာ၊ အစ်မကြီးက မျက်နှာလိုက်ပြီး ကောင်မလေးတွေစာပဲ ဦးစားပေး ဖြေပါသလား။ သရုပ်ဖော်စာဖတ်*

www.burmeseclassic.com

www.burmeseclassic.com



*ပရိသတ်မှာ ကျွန်တော်တို့လို လေးဆယ်သမားတွေလည်း ပါပါတယ်။ အမေးအဖြေကဏ္ဍမှာ အချစ်ရေးချည်း မဟုတ်ဘဲ နိုင်ငံခြားမဂ္ဂဇင်းတွေလို ဗဟုသုတတွေ ထည့်ပေးစေချင်ပါတယ်။*

**ကိုမောင်မောင်၊ ရန်ကုန်။**

◆ သိပ်စိတ်ဆိုးတယ် ကိုမောင်မောင်။ ရှင်က 'လေးဆယ်သမား' ဆိုပြီး ကျွန်မကို ဘာဖြစ်လို့ 'အစ်မကြီး' လို့ ခေါ်ရတာလဲ။ မကြိုက်ပါဘူးနော်။ အလကား နောက်တာပါ။ ပြောတာလည်း ပြောစရာဖြစ်နေပြီ။ ဒီလလည်း ကောင်မလေးတွေစာ များနေတယ်။ ဘယ်တတ်နိုင်မလဲ ကိုမောင်မောင်ရယ်။ လာတဲ့အထဲက ပြဿနာလေးတွေကြည့်ပြီး ရွေးရတာကိုး။ ကိုမောင်မောင် အကြံပေးသလို နိုင်ငံခြားမဂ္ဂဇင်းတွေလို ဗဟုသုတတွေ ထည့်ချင်တာပေါ့။ အခါအားလျော်စွာ အကြောင်းတိုက်ဆိုင်လာရင် တတ်သမျှ မှတ်သမျှ ထည့်ပါတယ်။ မေးလည်း မေးစေချင်ပါတယ်။ Social ပေါ့နော်။ လူမှုရေးဘာသာရပ်ဆိုပါစို့။ မေနှင်းမသိတဲ့ ကိစ္စဆိုရင် နားလည်ကျွမ်းကျင်သူများထံ မေးမြန်းပြီး ဖြေပါတယ်။ ပစ်စလက်ခတ်မဖြေတာကတော့ သေချာပါတယ်။ မိမိ စာဖတ်သူအားလုံးကို လေးစားပါတယ်။ ဒီအဖြေတွေဟာ မေးသူ တစ်ဦးတည်းဖတ်တာ မဟုတ်ဘူးဆိုတာလည်း သဘောပေါက်ပါတယ်။ လူမှုရေး၊ ဗဟုသုတများ မေးခွန်းထဲပါလာရင် ပယ်စာရင်း လုံးဝမပါတော့ပါဘူး။ အကျိုးရှိမယ့်အရာလို့ သဘောထားပါတယ်။ ဖိတ်ခေါ်ကြိုဆိုပါတယ်။

*



(၅၇)

◘ *ပိုးနဲ့သူနဲ့ ချစ်သူတွေ ဖြစ်ခဲ့ပါတယ်။ သူက ပိုးကို အရမ်းချစ်ပါတယ်။ အလိုလည်း လိုက်ပါတယ်။ ပိုး အရင်က ယောကျ်ားလေး ရည်းစားထားဖူးခဲ့ပေမဲ့ သူ့လောက် ရင်မခုန်ခဲ့ပါဘူး။ ဒါပေမဲ့ အန်တီရယ် သူနဲ့ ပိုးအကြောင်းကို သိလာတဲ့ လူတွေက နှာခေါင်းရှုံ့ကြတယ်။ သူကတော့ သတ္တိရှိဖို့၊ လက်တွဲကြဖို့ အမြဲအားပေးပါတယ်။ ပိုး ဘယ်လို ဆုံးဖြတ်ရမလဲ။ မသင့်တော်မှန်းသိလျက်နဲ့ သူ့ကိုချစ်မိတာ မှားသွားပြီလား။ ပတ်ဝန်းကျင်ကိုရော ဂရုစိုက်သင့်ပါသလား။ သူက ယောကျ်ားလေးလို ဝတ်ပါတယ်။*

**ပိုး၊ ရန်ကုန်။**

◆ မှားပါတယ်။ သဘာဝမကျတဲ့ ဆက်ဆံရေးပါ။ အားနည်းသူ၊ အထူးသဖြင့် စိတ်ဓာတ်ခွန်အားနည်းတဲ့ မိန်းကလေးတွေ ဖြစ်တတ်တာမျိုးပါ။ ပတ်ဝန်းကျင်ကို ဂရုစိုက်တာ မစိုက်တာထက် မိမိဘဝအတွက် အနုတ်လက္ခဏာဖြစ်တာမို့ အမြန်ရုန်းထွက်သင့်တယ်။ သူ ချစ်တာ၊ အလိုလိုက်တာတွေ ဘေးဖယ်ပစ်လိုက်ပါ။ အချိန်မဖြုန်းပါနဲ့။ မိမိကိုယ်မိမိ အားကိုးပါ။ မိမိဘာသာ ရပ်တည်နိုင်အောင်နေပါ။ တည်ဆောက်ပါ။ တစ်ချိန်မှာ 'ယောကျ်ား' စစ်စစ်တစ်ယောက်နဲ့ သဘာဝကျကျ ချစ်လာရဦးမှာပါ။ ဒါကိုလည်း မျှော်လင့်မနေဘဲ ကိုယ့်ဘဝကိုယ် ဖြည့်ဆည်းနေဖို့ပဲ လိုအပ်ပါတယ်။ အားကစားလုပ်ခြင်း၊ စာဖတ်ခြင်း၊ မိသားစုနဲ့ ပျော်ရွှင်ခြင်းများ ပိုလုပ်ပါ။ စိတ်ကူးယဉ်မနေပါနဲ့။ အကျိုးမရှိတဲ့အပြင် ဘဝမှာ မလှမပနဲ့ ပုံပျက်ပန်းပျက် ဖြစ်သွားမယ်ဆိုတာ သတိရပါ။

*

www.burmeseclassic.com

www.burmeseclassic.com



(၅၈)

□ ကျွန်မမှာ ညီမလေးတစ်ယောက် ရှိပါတယ်။ သူ့အသက်က ၂၄ နှစ်ပါ။ သူက ကျွန်မအပေါ် အနိုင်ကျင့်တယ်။ အလုပ်ရှိရင် အကြောင်းရှာပြီး အခန်းအောင်းနေလိုက်တယ်။ တစ်ကိုယ်ကောင်း ဆန်တယ်။ သူ့ကို အရမ်းကြောက်တယ်။ ရင်နာတယ်။ မုန်းတော့ မမုန်းပါဘူး။ မိဘတွေက ပင်ပန်းဆင်းရဲစွာနဲ့ သမီးတို့ကို ရှာဖွေကျွေးမွေးနေရတာမို့ ပြန်လာရင် ဖွင့်မပြောရက်ပါဘူး။ ဒီလို ညီမလေးမျိုး မလိုချင်ပါဘူး။ သူပေးတဲ့ စိတ်ဝေဒနာတွေ မခံနိုင်တော့လို့ပါ။

ပြည့်ပြည့်ဟန်။

◆ မိဘတွေကို ဖွင့်ပြောပါ။ ဒါက မိဘတွေ တာဝန်ပဲ။ ငယ်ငယ်ကစပြီး မိဘက ပုံသွင်းခဲ့ရမှာပါ။ အသက်တွေက ကြီးလှပြီပဲ။ အရင်က အကြီးကို အလုပ်လုပ်ခိုင်းပြီး အငယ်ကို ဦးစားပေးခဲ့ပုံရတယ်။ သူ့မှာ အကျင့်ပါသွားခဲ့တာပေါ့။ မိဘအပြစ်ပါပဲ။ ဒီတော့ သူမရှိတဲ့အခိုက်မှာ မိဘတွေကို အေးအေးဆေးဆေး ပြောပြပါ။ သမီးစိတ်ဒုက္ခကို ဖွင့်ထုတ်ပါ။ မိဘတွေ သဘောပေါက်လာပြီး သမီးအငယ်ကို 'တာဝန်' သတ်မှတ်လိုက်ရင် အဆင်ပြေလာပါလိမ့်မယ်။ အပြောအဆိုနဲ့ ပတ်သက်ပြီး မှန်ကန်အောင် မိဘကပဲ သွန်သင်ရမှာပါ။ ကိုယ်က အကြီးမို့ ဆုံးမတာမျိုး၊ ဖျောင်းဖျတာမျိုးတို့လည်း လုပ်ရမှာပဲ။ နားမထောင်ရင်တော့ မိဘကိုသာ တိုင်ပေတော့။ သူတို့ငယ်ငယ်က အလိုလိုက်ခဲ့လို့ ဒီလို ဖြစ်ရတာကိုး။ ၂၄ နှစ်ဆိုတဲ့ အရွယ်ဟာ အလုပ်လုပ်နေရမယ့် အရွယ်ပဲ။

*



(၅၉)

□ သမီးမှာ ချစ်ရတဲ့သူ တစ်ယောက်ရှိပါတယ်။ သူက မျက်နှာများပါတယ်။ သမီးကတော့ သူ့ကို တမ်းတမ်းစွဲ ဖြစ်နေတာ။ သူလည်း သိပါတယ်။ သကြ်န်တုန်းက သမီးကို စကားလိုက်ပြောတယ်။ 'နင် ငါ့ကို တကယ်လိုအပ်နေပြီလား' တဲ့။ နင့်လို မျက်နှာများတဲ့လူကို ဘာလို့ လိုအပ်ရမှာလဲလို့ ပြန်ပြောလိုက်တယ်။ ပြီးတော့မှ သမီးရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်သွားသလိုပါပဲ။ ညတိုင်းသူ့ကို အိပ်မက်တယ်။ သူ့ကို မေ့ချင်တယ်။ မေ့နိုင်ဖို့ နည်းလမ်းလေးများ ပေးပါနော်။

ဆုလေး၊ တိုက်ကြီး။

● လွယ်ပါတယ်ကွာ။ 'လွမ်းစရာရှိရင် နာစရာနဲ့ ဖျောက်' တဲ့။ ရှေးကစကား မမှားသေးပါဘူး။ ကိုယ်က သူ့ကို စွဲလမ်းနေတာက သူ ကိုယ့်အပေါ် ကောင်းကွက်ကလေးတွေကို တွေးနေလို့ပါ။ ဟုတ်ဖူးလား။ ဘယ်တုန်းက သူ ငါ့ကို ကူညီဖူးတယ်။ ဘယ်လိုပြောတယ်၊ ဘယ်လိုကောင်းတယ် ဆိုတာတွေချည်း 'ကွက်ပြီး' တွေးတာလေ။ အခု ပြောင်းပြီး တွေးကြည့်စမ်း။ သူက ဓားကြီးကိုင်လို့ ကိုယ့်ကို သတ်မယ်ဆိုပြီး လိုက်နေတယ်လို့ မြင်ယောင်ကြည့်ရုံနဲ့ ပြေးမိမှာပဲ။ ဒါ ဘာလဲဆိုတော့ လူဟာ မိမိကိုယ်မိမိ အချစ်ဆုံးဆိုတာ ပြတာပဲ။ သတ်ချင်လည်း သတ်ပါကွယ်လို့ လည်စင်းပေးမယ့်လူ ဘယ်နှယောက်ရှိမလဲ။ မရှိပါဘူး။ ဒီတော့ အဲသလို တွေးကြည့်ပါ။ သူက 'ငါ့ကို လိုအပ်နေပြီလား' လို့ မေးတာဟာ ဓားကြီးကိုင်လိုက်တာထက် ကြောက်စရာကောင်းတယ်။ ဘဝကို သတ်မှာလေ။ ဒါက ချစ်လို့မေးတဲ့ မေးခွန်းမဟုတ်ဘူး။ စော်ကားတာ၊ လှုပ်ပါးဝတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကိုယ့်ကို သတ်တာပဲပေါ့။ ဒီလိုလူကို ဘာလို့ အိပ်မက်ထဲ အဝင်ခံရတာလဲ။ ဓားကြီးနဲ့လူလို့ သဘောထားလိုက်။ ကြောက်ပြီး မုန်းသွားလိမ့်မယ်။

*

(၆၀)

*သစ်သစ်က ကိုကြီးတစ်ယောက်ကို ချစ်မိပါတယ်။ သူက ဖွင့်မပြောဘူး။ နောက်တော့ ပဲခူးတိုင်းပြောင်းသွားရာက သူ့ရုံးက အစ်မတစ်ယောက်နဲ့ ကြိုက်နေတယ်လို့ ကြားရတယ်။ သစ်သစ်နဲ့ အကြာကြီးနေခဲ့ပြီး ဖွင့်မပြောခဲ့ဘူး။ ဟိုအစ်မကြီးနဲ့ကျ မြန်လိုက်တာ။ ဒီတော့ သစ်သစ်သိချင်တာက သူ သစ်သစ်ကို ချစ်လျက်နဲ့ ဘာလို့ ဖွင့်မပြောခဲ့တာလဲ။ အချစ်ဆိုတာ အနေနီးတိုင်း ဖြစ်တတ်သလား။ သစ်သစ်ကို တကယ် မချစ်လို့လား။*

**သစ်သစ်(မေသစွာမောင်)**

**သစ်သစ်ကို** တကယ်မချစ်လို့ပဲ အဖြေထုတ်ရမှာပါ။ တကယ်**ချစ်ရင်** ဖွင့်မပြောသင့်သေးလို့ မပြောခဲ့ပေမဲ့ နောက်အချစ်တစ်ခုကို မြန်မြန်မရှာနိုင်ပါဘူး။ အဝေးမှာကျန်ခဲ့တဲ့ အချစ်ကို တသသ လွမ်းနေဦးမှာပါ။ အခု ဟိုမှာ အချစ်ဇာတ်ခင်းပြီဆိုတော့ ရှင်းသွားပါပြီ။ ကိုယ့်ကို မချစ်လို့ပေါ့။ ကျန်တဲ့မေးခွန်းတွေ ဖြေဖို့ မလိုတော့ပါဘူးနော်။

*



(၆၁)

*သမီးမှာ လက်ရှိ ချစ်သူနှစ်ယောက် ရှိပါတယ်။ ပွေတယ်၊ ရှုပ်တယ် မထင်ပါနဲ့နော်။ ပထမချစ်သူက ချစ်သူဘဝ မရောက်ခင်မှာ တအားအလိုလိုက်ပြီး ချစ်သူဘဝရောက်တော့ အေးသွားခဲ့တယ်။ အဲဒီအချိန်မှာ နောက်ထပ် တအားဂရုစိုက်တဲ့လူနဲ့တွေ့တော့ လက်ခံလိုက်တာပါ။ ဒုတိယလူနဲ့ဖြစ်တော့မှ ပထမလူက ပြန်ပြီး ဂရုစိုက်လာတယ်။ သမီးက ကိုယ်ပိုင်လုပ်ငန်းရှင်ဆိုတော့ အချိန်မပေးနိုင်ဘူး။ တစ်ယောက်တည်းကိုပဲ လက်ထပ်ချင်တယ်။ ဘယ်သူ့ကို ရွေးရမှန်းမသိလို့ ကူညီပေးပါနော်။*

**မီးငယ်၊ ရန်ကုန်။**

ဘယ်သူ့ကို ရွေးရမလဲဆိုတာ ကိုယ်က ဘယ်သူ့ကို တကယ်ချစ်သလဲဆိုတဲ့အပေါ် စဉ်းစားရမှာပေါ့။ အခုအတိုင်းတော့ မီးငယ်က ကိုယ့်ကို ဂရုစိုက်တဲ့လူကို သဘောကျနေတဲ့ပုံပဲ။ ဒါဟာ အချစ်မဟုတ်သေးပါဘူး။ သာယာတာပါ။ နောက်ထပ် ပိုဂရုစိုက်တဲ့လူတွေ့ရင် လက်ခံဦးမယ့် သဘောဖြစ်နေတယ်။ ကြာရင် ဒုက္ခဖြစ်နိုင်တဲ့ ဇာတ်ပဲ။ ယောကျ်ားတွေကို အရူးလုပ်တယ်ဆိုပြီး လက်စားချေရင် အထိနာလိမ့်မယ်။ လျှာနှစ်ခွနဲ့ မြွေဟောက်မလို့ စွပ်စွဲခံရလိမ့်မယ်။ ရှေးတုန်းက ရုပ်ရှင်တွေထဲမှာတော့ မိန်းမတစ်ယောက်နဲ့ ယောကျ်ားနှစ်ယောက် ဆုံးဖြတ်လို့ မရရင် သေနတ်ပြိုင်ပစ်ကြသတဲ့။ သေတဲ့လူက ရှုံး၊ ကျန်တဲ့လူက မိန်းမကို ယူပေါ့လေ။ အခုခေတ် ယောကျ်ားတွေက အဲသလိုတော့ အသေခံမှာ မဟုတ်ဘူး မီးငယ်ရေ။ မိန်းမအတွက် အဲသလို မမိုက်မဲကြတော့ပါဘူး။ ရှုတ်ချပြီး

www.burmeseclassic.com



ထွက်သွားကြမှာ။ ကိုယ်ပဲ အထီးကျန် နာမည်ပျက်၊ ဘဝပျက်ပြီး ကျန်မှာ။ ဒါကြောင့် လူတစ်ယောက်ကို မစူးစမ်းဘဲ လက်မခံသင့်ပါဘူး။ နောက်မှ ရွေးရမှာ မဟုတ်ပါဘူး။ စကားမပြန်အဖြေမပေးခင်ကတည်းက စဉ်းစားရမှာပါ။ ကိုယ့်ဘက်ကတော့ နှစ်နှစ်ကာကာချစ်ရဲ့လားဆိုတာ မိမိကိုယ်မိမိ စစ်ဆေးရမှာပါ။ အဝေးကလူက ရွေးပေးတယ်ဆိုတာ သဘာဝမကျပါဘူးကွယ်။ ခံစရာရှိတော့ ကိုယ်ပဲခံရမှာ။

*

(၆၂)

▫ *သမီးက တနင်္လာ၊ သူက သောကြာ။ အိမ်ထောင်ပျက်လိမ့်မယ်လို့ စာအုပ်ထဲမှာဖတ်ရလို့ အရမ်းစိတ်မကောင်းဖြစ်မိတယ်။ ချစ်တဲ့လူကိုလည်း ပိုင်ဆိုင်ချင်တယ်။ တစ်သက်လုံးစိတ်ဆင်းရဲရမှာကိုလည်း ကြောက်တယ်။ သမီးကို အကြံပေးပါဦး။*

ခိုင်။

◆ ဒါက ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ၊ အိမ်ထောင်ဖက်အသက်မရှည်ရာဆိုတဲ့ အဆိုပေါ့လေ။ သော–က(သောကြာနဲ့ တနင်္လာ) အိမ်ထောင်ပြုရင် ကြာကြာမခံဘူးလို့ဆိုတာ။ လက်တွေ့ဘဝတွေကို လေ့လာခဲ့ဖူးပါတယ်။ သော–ကလည်း ဘာမှ မဖြစ်။ တည့်လှပါတယ်ဆိုတဲ့ 'စိန်–ပန်း' လည်း ခဏခဏ ရန်ဖြစ်ပြီးကွဲ။ အဲဒါမျိုးတွေ့ရတော့ ဒီနေ့ ကိစ္စကတော့ သက်ရောက်မှုမရှိဘူးလို့ လက်တွေ့အရ ပြောချင်တယ်။ လူသာပဓာနပါ။ သူ့မှာရှိတဲ့ မေတ္တာထု၊ ကိုယ့်မှာရှိတဲ့ သစ္စာတရား



ဘယ်လောက်ခိုင်မာသလဲ။ သူ့ကို ဘယ်လောက် ခွင့်လွှတ်နိုင်သလဲ။ ကိုယ့်ကို ဘယ်လောက် နားလည်နိုင်သလဲ။ အဲဒါသည်သာ အိမ်ထောင်ခိုင်မြဲရေးဖြစ်ပါတယ်။

*

(၆၃)

▫ *အိမ်ထောင်တစ်ခုမှာ ယောကျ်ားက ဦးမဆောင်နိုင်ရင် မသာယာဘူးဆိုတာ မှန်ပါသလား။ ကျွန်တော်က ပိုက်ဆံရှိတဲ့ မိန်းမကို မယူချင်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကောင်မလေးက ချမ်းသာတဲ့ မိဘက မွေးဖွားသူဖြစ်နေတယ်။ ကျွန်တော်တို့မိသားစုက ဝန်ထမ်းပါ။ ဒီတော့ အိမ်ထောင်ပြုလို့ အဆင်ပြေနိုင်ပါ့မလား။ သူကတော့ မိဘပစ်ပယ်လည်း ကျွန်တော် ထားသလိုနေမယ်လို့ ပြောပါတယ်။*

မောင်အောင်ခိုင်၊ မော်လမြိုင်။

◆ အများအားဖြင့်တော့ မှန်ပါတယ်။ ယောကျ်ားဦးမဆောင်နိုင်ရင် မိန်းမက အထင်သေးလာပါတယ်။ အထင်သေးရာကစပြီး အက်ကွဲကြောင်း ပေါ်တာပါပဲ။ ဒါပေမဲ့ ဦးဆောင်တယ်ဆိုတာမှာ စီးပွားရေးနဲ့ ဦးဆောင်မှသာ ဦးဆောင်မှုလို့ ခေါ်တာမဟုတ်ပါဘူး။ မိန်းမက ချမ်းသာတာတော့ ဟုတ်တယ်။ ပညာရေး၊ လူမှုရေး၊ အလုပ်အကိုင် အစစအရာရာမှာ ယောကျ်ားကနားလည်တယ်၊ ဆုံးဖြတ်နိုင်တယ်၊ လမ်းညွှန်နိုင်တယ်ဆိုရင်လည်း ဒါ အိမ်ထောင်ဦးစီး ပီသတာပါပဲ။ ငွေများများပါတဲ့လူမှ ဦးဆောင်တယ် မခေါ်ပါဘူး။ အဲဒါကို ချမ်းသာတဲ့ဘက်ကလူက လက်ခံဖို့ လိုတာပါပဲ။ သူကိုယ်တိုင်က တိုဘက်က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တတ်နိုင်တယ်ဆိုပြီး လက်မထောင်လာရင်တော့ ယောကျ်ားမာနနဲ့ ထိပ်တိုက်တွေ့မှာပါပဲ။ ပညာမတတ်တဲ့ ချမ်းသာသူဟာ ဘဝကို ဦးမဆောင်နိုင်ပါဘူး။ အဲသလို မဟုတ်ဘူး။ အရာရာကို ငွေကပဲ ဦးဆောင်တာမို့ သူ ဦးဆောင်တာကိုပဲ လက်ခံရမယ်ဆိုရင်တော့ မယူတာ ပိုကောင်းပါလိမ့်မယ်။

*

## (၆၄)

□ *မေနှင်းက စာတွေကို မဖြေခင် 'ပယ်'တယ်၊ 'ရွေး'တယ်လို့ ကြားရပါတယ်။ ဘယ်လိုစာတွေကို 'ပယ်'ပါသလဲ။ သိပါရစေ။*

**အေးအေးအောင်၊ မိုးမိတ်။**

◆ အကြောင်းအရာ ထပ်နေတာမျိုး ပယ်ပါတယ်။ စာဖတ်သူများ အကျိုးပါ။ နောက်တစ်ခုကတော့ အကြောင်းအရာ ဘယ်လောက်ကောင်းပါစေ၊ ဒါဟာ တကယ်ပြဿနာဖြစ်လို့ မေးတာမဟုတ်မှန်း သေချာတဲ့ စာမျိုးကို မဖြေပါဘူး။ ဆိုလိုတာကတော့ စာအိတ်တွေကို ဖွင့်လိုက်တဲ့အခါ စာရွက်အမျိုးအစားတူ၊ လက်ရေးတူတွေ တွေ့ရပါတယ်။ အကြောင်းအရာကိုတော့ ကွဲအောင် ရေးထားတယ်။ နာမည်ကွဲအောင် ရေးတယ်။ သူက တကယ်တော့ ပြဿနာ မရှိဘူး။ နှစ်စောင်သုံးစောင်ရေးရင် တစ်စောင်စောင် ပါအောင်ဆိုပြီး ရေးလိုက်တာနဲ့ တူတယ်။ သရုပ်ဖူရဲ့မေးဖြေကဏ္ဍက ကလောင်သွေးဖို့ မဟုတ်ပါဘူး။ တကယ်ပြဿနာဖြစ်နေတာတွေကို ကူညီချင်တာပါ။ ဒါကြောင့် တကယ်မဟုတ်ဘဲ လုပ်ကြံဖန်တီးရေး



ထားတာလို့ ယူဆတဲ့စာတွေကို မပြန်ပါဘူး။

*

## (၆၅)

□ *သမီးတို့ သူငယ်ချင်း ငါးယောက်ရှိပါတယ်။ အရမ်းခင်တဲ့ ကောင်လေးတစ်ယောက်လည်း ရှိတယ်။ သူက ရည်းစားရသွားတဲ့အခါ သမီးတို့ကို မခေါ်တော့ပါဘူး။ သမီးတို့ အရမ်းစိတ်မကောင်းဖြစ်ရပါတယ်။ သူ့ ကောင်မလေးက မခေါ်ခိုင်းလို့ဆိုရင်လည်း သူ မမြင်တဲ့အခါ ခေါ်ပေါ့။ ခုတော့ တကယ်ကို မခေါ်တော့တာ။ ဘယ်လိုလုပ်ရပါ့မလဲ။*

**ခိုင်၊ အေး၊ ရီ၊ သီ၊ ဝေ။**

◆ ဘယ် တတ်နိုင်ပါ့မလဲကွယ်။ ကိစ္စတော့ မရှိပါဘူး။ ဒီလောက် သဘောထားသေးကြောင်း တွေ့ရတာ ကောင်းတာပေါ့။ အရှုံးနဲ့တစ်ယောက်မို့ မကြောက်ပါနဲ့။ နောက်တော့ သူ့အမှားသူ သိလာမှာပါ။ ကိုယ့်ဘက်ကသာ စကားမမှားစေနဲ့။ အမူအရာ မရိုင်းစေနဲ့ပေါ့။ သူ့ ကောင်မလေးက ဘာကြောင့် မခေါ်ခိုင်းတာလဲဆိုတာလည်း သိသင့်တယ်။ သမီးတို့က သိပ်လောင်တတ်လို့ များလား။ တချို့ကောင်မလေးအုပ်စုတွေက ဆိုးတယ်နော်။ အဲသလို ဆိုးမှန်းသိလို့ ရှောင်ခိုင်းတာဆိုရင်တော့ ကိုယ့်ဘက်က အပြစ်မို့ သည်းခံခွင့်လွှတ်ဆင်ခြင် စိတ်လျှော့လိုက်ကြပေတော့။

*

www.burmeseclassic.com

www.burmeseclassic.com



(၆၆)

□ *ခုခေတ် ယောကျ်ားအများစုဟာ မိန်းကလေးတွေကိုမြင်ရင် မျက်လုံးတွေ တောက်လာပြီး ရင်ဘတ်ကိုကြည့်၊ တင်ကိုကြည့်နဲ့၊ သူတို့က မိန်းမတွေကို ရွေးတဲ့အခါ ပိုက်ဆံချမ်းသာရမယ်။ နောက်ခံအင်အား တောင့်ရမယ်၊ ဒီလို သဘောထားကြပုံရတယ်။ ယောကျ်ားတွေ ဘာ့ကြောင့် ဒီလိုဖြစ်သွားရတယ်လို့ ထင်ပါသလဲ။ ရှင်းပြပါ။*

**ရွှန်းလဲ့မိုး၊ ပြည်တက္ကသိုလ်။**

◆ နည်းနည်း တစ်ဖက်စောင်းနင်း ဖြစ်နေပြီထင်တယ်။ ကိုယ်နဲ့ မပတ်သက်မိအောင် ရှောင်ရင် လုံလောက်ပါတယ်ကွာ။ လူတင်ပါလို့ နွားကျားကိုကြီးတော့ပါ။ ကိုယ့်မိန်းမတွေဘက်က ကျွံတာတွေလည်း အများကြီး ရှိနေတယ်လေ။ ယောကျ်ားတွေက ဘာ့ကြောင့် ဒီလိုဖြစ်သွားရတယ် ထင်ပါသလဲဆိုတဲ့ မေးခွန်းအတွက် အဖြေကတော့ ခေတ်ပြောင်းသွားတာလို့ပဲ ပြောရမယ်ထင်တယ်။ ဒါပေမဲ့ ဝမ်းနည်းစရာတော့ မရှိပါဘူး။ အဲသလို ငွေမက်တဲ့ ယောကျ်ားတွေက ကိုယ်ပိုင် အရည်အချင်း၊ ကိုယ်စွမ်းကိုယ်စနည်းတဲ့ လူတွေမို့ နှမြောစရာလည်း မဟုတ်ဘူးလေ။ သူတို့ ဘာဖြစ်ဖြစ်၊ ကိုယ်နဲ့ မပတ်သက်ဖို့ပဲ အရေးကြီးတယ်။ ကိုယ်သာဝင်မပါမိစေနဲ့လို့ သတိပေးပါရစေ။

*

(၆၇)

□ *ကျွန်တော်က ဆေးကျောင်းသား တစ်ယောက်ပါ။ အိမ်နားက တစ်ယောက်နဲ့ ချစ်သူဖြစ်တယ်။ အမေလည်း သိပါတယ်။*



*အမေက ရယ်နေတယ်။ ဒါပေမဲ့ အမေ့ကွယ်ရာမှာ အဖေက ပြောပါတယ်။ သားကို စိတ်ချမ်းသာစေချင်လို့ အမေက ရယ်နေတာတဲ့။ သားနောက်ကွယ်မှာ သားအတွက် မျက်ရည်ကျတယ်တဲ့။ ကျောင်းစာတွေ ပျက်မှာလည်း ပူနေတာတဲ့။ ကျွန်တော် မေမေ့ကို စိတ်ချမ်းသာစေချင်ပါတယ်။ ချစ်သူကိုလည်း ဖြတ်ချင်တယ်။ သူတို့ မိဘအသိုင်းအဝိုင်းက သိပ်မကောင်းဘူး။ သူ့အဖေက အရက်သောက်တယ်။ မောင်က ဆိုးတယ်။ ဦးလေးတွေကလည်း အမူးသမားတွေပဲ။ အဲဒါကိုလည်း မေမေက မကြိုက်ဘူး။ ဒီတော့ မေမေလည်း စိတ်ချမ်းသာအောင်၊ ပညာရေးလည်း ကောင်းအောင် ဖြတ်လိုက်တာကောင်းမလား။ အကြံပေးပါဦး။*

**အောင်ကိုခန့်၊ တာမွေ။**

◆ လောလောဆယ်တော့ ပညာရေးထဲမှာပဲ စိတ်နှစ်ထားတာ ကောင်းပါလိမ့်မယ်။ ဆေးကျောင်းဆိုတော့ အကြာကြီး တက်ရဦးမှာ၊ အလုပ်သင်လုပ်ရဦးမှာ၊ အချိန်တွေ အများကြီး ရှိပါသေးတယ်။ ချစ်သူကိုလည်း ဖြတ်ပစ်စရာ မလိုသေးပါဘူး။ အချိန်ကြာတာနဲ့အမျှ အခြေအနေက အဖြေပေါ်လာမှာပါ။ ကိုယ်တိုင် ပညာစုံလို့ အလုပ်အကိုင်ရတဲ့အချိန်ကျမှ လက်ထပ်ဖို့ သင့်မသင့် ဆုံးဖြတ်လို့ရတာပဲ။ ရည်းစားဆိုတာ 'အထူးရည်ရွယ်ထားသူ' ဘဝပဲ ရှိသေးတာလေ။ မဖြစ်မနေ ယူရမယ်လို့ စာချုပ်ထားတာမှ မဟုတ်ဘဲ။ အဆင်မပြေဘူးဆိုတဲ့ သူ့မိသားစု အသိုင်းအဝိုင်းကိုလည်း အဲဒီအချိန်ကျမှ ဆုံးဖြတ်လို့ရပါတယ်။ ခွဲထုတ်လို့ရတဲ့ အခြေအနေဆိုရင် ချစ်သူကို အပြစ်မရှိဘဲ စွန့်ပစ်ဖို့ မလိုတော့ဘူးပေါ့။ ဒီကြားထဲ အချစ်ကို တတွဲ

www.burmeseclassic.com

www.burmeseclassic.com



တွဲမနေဖို့တော့ ထိန်းရလိမ့်မယ်။ ဒါမှလည်း မယူဖြစ်တဲ့အခါ နာမည်မပျက်မှာ မဟုတ်လား။

*

(၆၈)

□ *အချစ်ဆိုတာ အနေနီးစပ်မှု ရှိမှတဲ့လား။ တစ်ယောက် တစ်မြို့စီ ဝေးကွာပြီး ကျောင်းတက်နေကြတဲ့ လေးနှစ်တာအတွင်းမှာ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်တွေ ပြောင်းလဲသွားနိုင်သလား။ ကျောင်းတက်ရင်း အလုပ်လုပ်ရတဲ့သမီးက အခြေမြင့်တဲ့ သူ့အတွက် အချစ်တွေမွေးဖွားခဲ့တာ တစ်ဖက်သတ်မို့ ရှက်ပေမဲ့ နောက်မဆုတ်ချင်ဘူး။ ဘာလုပ်ရမလဲ အကြံပေးပါ။*

**အိသန္တာအောင်၊ ကျောက်မဲ။**

◆ အင်း ပြောလို့ မရပါဘူးကွယ်။ အဝေးကြီးကိုလည်း ချစ်တတ်တာပါပဲ။ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်က ဖြူစင်လှတဲ့အတွက် ပြောင်းလဲမသွားနိုင်ပါဘူး။ အလုပ်ချင်း မဆက်စပ်ရင် စိမ်းတာမျိုးတော့ ဖြစ်သွားပါလိမ့်မယ်။ မိမိထက် အခြေမြင့်တဲ့လူကို ချစ်တာဟာ အပြစ်မဟုတ်ပါဘူး။ တစ်ဖက်သတ်ဆိုရင်တော့ ရှုံးတာပေါ့။ စိတ်ညစ်ရမှာပေါ့။ နောက် မဆုတ်ချင်လည်း ဆက်ချစ်နေပေါ့လေ။ ရှေ့မတိုးရင် ပြီးတာပါပဲ။ ဘယ်သူ့ကိုဖြစ်ဖြစ် ခပ်ဝေးဝေးက တိတ်တိတ်ကလေး ချစ်နေရတာ တစ်မျိုးအရသာရှိပါတယ်။ အန္တရာယ်လည်း မရှိဘူး။ အလုပ်ပျက် အကိုင်ပျက်တော့ မဖြစ်စေနဲ့ပေါ့ကွယ်။

*



(၆၉)

□ *သူ့ကို ကျွန်တော်က စပြီး ချစ်ခဲ့တာပါ။ သူက ကျွန်တော်နဲ့ ခင်တဲ့ အစ်ကိုကြီးရဲ့ ညီမဖြစ်နေတယ်။ သူတို့က အရမ်းချမ်းသာတယ်။ မဖြစ်နိုင်မှန်းသိလို့ သူ့ကို မေ့သွားအောင် ကျောင်းမှာ ရည်းစားထားခဲ့တယ်။ ဒါပေမဲ့ ဘယ်လိုမှ မမေ့နိုင်ပါဘူး။ သူက မန္တလေး G.T.C မှာ၊ ကျွန်တော်က ကျောက်ဆည် G.T.Cမှာမို့ သိပ်မတွေ့ရဘူး။ ဖုန်းနဲ့ပြောဖြစ်တဲ့အခါ ဖွင့်ပြောချင်ပေမဲ့ မပြောရဲဘူး။ သူငယ်ချင်းအဖြစ်ကနေ ရပ်သွားမှာစိုးတယ်။ ဘယ်လို လုပ်ရမလဲ။*

**ပိုင်ဖြိုး၊ ကျောက်ဆည် GTC။**

◆ ယောကျ်ားပဲကွာ၊ ရှင်းရှင်းလင်းလင်းလုပ်ပေါ့။ ဒီတစ်ယောက်ကို မေ့အောင်ဆိုပြီး မကြိုက်တဲ့လူကို ရည်းစားလုပ်တာ အပြစ်ရှိတယ်။ ဒါဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အရည်အသွေးမဟုတ်ဘူး။ ဘာပဲလုပ်ချင်လုပ်ချင်၊ အဲဒီတစ်ခုကို အရင်တောင်းပန်ပြီး ဖျက်လိုက်ပါဦး။ ဘာလဲ နောက်လူနဲ့ ချစ်မိလို့ သေချာပြီဆိုမှ ဟိုလူကို စွန့်မလို့လား။ အဲဒါဆိုရင် ယောကျ်ားမဟုတ်ဘူး။ ခုကတည်းက ပထမကိစ္စကို ရှင်းပစ်ပါဦး။ ရှင်းလင်းပြီးမှ ဒုတိယခြေလှမ်းကို လှမ်းပါ။ မရလည်း ဒီအတိုင်းပဲ ခံလိုက်ပါ။ ယောကျ်ားပီပီ သတ္တိရှိရှိ နေပြပါ။ ရိုးသားပါ။

*

(၇၀)

□ *သမီးရဲ့ ယောကျ်ားလေးသူငယ်ချင်းကို သမီးရဲ့ မိန်းကလေးသူငယ်ချင်းနဲ့ မိတ်ဆက်ပေးလိုက်တာ မိန်းကလေးက*

www.burmeseclassic.com

*ယောကျ်ားလေးကို ကြိုက်သွားတယ်။ အမှန်က သမီးကလည်း ကြိုက်နေတာ။ အခု ... သူက ကြိုက်တယ်ဆိုတော့ နောက်ဆုတ်နေရတယ်။ စိတ်ညစ်ရင် အလုပ်ပဲ ထိုင်ပြင်နေရတယ်။ နှစ်သိမ့်ပေးပါဦးနော်။*

**စမ်းရေ၊ ဖျာပုံလမ်း။**

◆ ခပ်တိုတိုနဲ့ အရှင်းဆုံးနှစ်သိမ့်ရရင် ကိုရီးယားကားတွေကြည့်ခြင်း ခေတ္တရပ်ဆိုင်းထားလိုက်ပါ။

*

(၇၁)

□ *ကျွန်မက ရုပ်ရည်အားဖြင့် မြို့မှာတော့ ထင်ရှားသူတွေထဲမှာ ပါပါတယ်။ အသက်က ၂၀ ကျော်ပါပြီ။ ခုထိ ချစ်သူတစ်ယောက်မှ မရှိသေးပါဘူး။ ကျွန်မ အပျိုကြီး မဖြစ်ချင်ပါဘူး။ ကျွန်မကို ချစ်တဲ့သူတွေတော့ ရှိပါရဲ့။ ဒါပေမဲ့ သူတို့က ကျွန်မနောက် မလိုက်ရဲကြဘူးတဲ့။ ကျွန်မ မစွာတတ်ပါဘူး။ ခပ်တည်တည်နေတတ်တာ တစ်ခုပါပဲ။ ဒါကို မာနကြီးတယ်လို့ ပြောကြပြန်တယ်။ ကျွန်မလေ သူများအတွဲတွေမြင်ရင်လည်း အားကျမိပါတယ်။ ဒီတော့ ကျွန်မမှာ ချစ်သူရှိအောင် ဘယ်လိုလုပ်ရမလဲ။ နည်းလေးများရှိရင် ညွှန်ပြပေးပါရှင့်။*

**စိမ့်၊ မော်လမြိုင်ကျွန်းမြို့။**

◆ အပျိုဖြစ်တာ ကြာပြီကွယ်၊ ရည်းစားတစ်ယောက်တော့ လိုချင်တယ်... ဆိုတဲ့ သီချင်းကို အားမကျနဲ့ စိမ့်ရေ။ ရည်းစားဆိုတာ လိုချင်တိုင်း ရတာမျိုး မဟုတ်ဘူးလေ။ သူ့နှလုံးသားရင်ခုန်သံနဲ့ ကိုယ့်အသည်းက နားစွင့်တဲ့အချိန် ကိုက်သွားမှ



ကြားရတာမျိုးပါ။ ဖြစ်ချင်ရင် ကြံဖန်ဆုံမှာပါ။ စိတ်လည်း ထိုင်ညစ်မနေပါနဲ့။ မစရဲဘူးဆိုတဲ့ လူတွေက တကယ် မချစ်သေးလို့ပါ။ ချစ်လာရင် စွန့်စားပြီး ချဉ်းကပ်လာကြမှာပါ။ သိပ်လည်း ပူမနေပါနဲ့ဟယ်။ အပျိုလုပ်ရတာ နားမအေးဘူးလား၊ ဂဂျီဂဂျောင်ယောကျ်ားမျိုးနဲ့ရရင် သိပ်စိတ်ပျက်ဖို့ကောင်းတာနော်။ ငါးပိရည်ဖျော်တာ အစပ်မတည့်ဘူး အပြစ်တင်ခံရတာနဲ့၊ သူ့ရှပ်အင်္ကျီအလေးကြီး လျှော်ပေးရမှာနဲ့၊ မကြောက်ဘူးလား။

*

(၇၂)

■ *ကျွန်တော်ချစ်ရတဲ့ ကောင်မလေးက ကျွန်တော့်ထက်ငယ်ပါတယ်။ သူ့အိမ်နဲ့ ကျွန်တော့်အိမ်ကလည်း ရင်းနှီးပါတယ်။ ကျွန်တော် ကျောင်းသွားတက်နေလို့ တစ်မြို့စီခွဲနေရတဲ့အခါ၊ သူက ကျွန်တော့်ဆီ ဖုန်းဆက်တတ်ပါတယ်။ သံယောဇဉ်စကားတွေ ပြောပါတယ်။ ဒါပေမဲ့ ကျောင်းပိတ်လို့ပြန်လာခဲ့ရင် သူ့ဆက်ဆံပုံတွေက ပြောင်းလဲနေပါတယ်။ အေးစက်စက်နဲ့ပါ။ ကျွန်တော်တော့ သူ့ကို ဘယ်လိုနားလည်ရမှန်း မသိတော့ပါဘူး။ ကျေးဇူးပြုပြီး စဉ်းစားပေးပါခင်ဗျာ။*

**မင်းကြည်စင်၊ မကွေး။**

◆ အေးစက်စက်ဆိုတာ မင်းအထင် ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်။ မိန်းကလေးဆိုတော့ မင်းကိုမြင်တာနဲ့ ရှန်းရှန်းဝေပြီး ဖက်လဲတကင်း ဘယ်ဖြစ်မလဲ။ အဲ... တစ်ခုရှိတာက အဲလို ဖက်လဲတကင်း ဥပမာ 'ပြန်လာပြီလား၊ တို့အတွက် ဘာပါလဲ' စသဖြင့် ပွင့်ပွင့်

www.burmeseclassic.com



လင်းလင်း ပျူပျူဟှာဟှာဆိုရင် ဒါဟာ အတွင်းက မရှိးလို့ အပြင်က ထိန်းနေတာလည်း ဖြစ်နိုင်တယ်လေ။ ဒီတော့ ဘာမှ ပင်ပန်းခံပြီး စဉ်းစားမနေပါနဲ့တော့ကွာ။ ဖွင့်မေးပေါ့။ အဖြူ အမည်း သဲကွဲသွားအောင်လုပ်ပေါ့။ ဒါမှမဟုတ် ကိုယ့်ဘက်က ဂရုစိုက်မှုတွေပြပေါ့။ လျှို့ဝှက်ချက်တစ်ခု ပြောပြလိုက်မယ်။ မိန်းကလေးဆိုတာ ဂရုစိုက်တာကို သိပ်သာယာတတ်တယ်ကွယ့်။ အရမ်း ဂရုစိုက်ပြီဆိုရင် အဲဒါ သူတို့ မခံနိုင်ဘူး။ ဂရုသာ ကြပ်ကြပ်စိုက်ပေး။ ဒါနဲ့ နေရာတကာ ခြေကားယားလက်ကားယားလည်း သွားလုပ်မနေနဲ့။ အဲလောက်ကြီး ဂရုစိုက်ပြန်ရင်လည်း ပေါတောတောကြီး ဖြစ်ပြန်ရော။ အချစ်ဗေဒဆိုတာ ဒီလိုပါပဲ။ ခက်တယ်ကွယ့်။

*

(၇၃)

◻ *သမီးမှာ အရမ်းချစ်တဲ့ သူငယ်ချင်းတစ်ယောက် ရှိပါတယ်။ သူက ကောင်လေးတစ်ယောက်ကို အဖြေပေးမလို့ သမီးကို တိုင်ပင်တော့ သမီးက ကန့်ကွက်လိုက်တယ်။ သူ ရည်းစားရရင် သမီးကို အချစ်လျော့သွားမှာစိုးလို့ပါ။ ဒီလို တားရင်းနဲ့ အဖြေပေးမယ့်ရက် ကျော်သွားတယ်။ သမီး ဒီလိုလုပ်တာ မှန်ရဲ့လားဆိုတာ ဖြေကြားပေးပါ။*

ခင်ဆွေဝင်း၊ ကလေးမြို့။

◆ ဒါမျိုး မလုပ်ကောင်းဘူးလေ၊ သူများ ချစ်ခြင်းခွင်းရင် ဝဋ်လည်တတ်တယ်တဲ့။ ကိုယ့်ကို အချစ်လျော့မှာစိုးတယ်ဆိုတာ တစ်ကိုယ်ကောင်းဆန်သွားတာပေါ့။ ဒါ သမီးနားမလည်လို့ပါ။



အခု ပြန်တောင်းပန်လိုက်နော်။ သမီးကိုလည်း ခင်မြဲတိုင်း ခင်ပါလို့ ချွဲပေါ့ကွယ်။ အမှန်က အချစ်ချင်းတူတာမှ မဟုတ်တာ။ သူငယ်ချင်းဆိုတာ တိုင်ပင်ရတယ်။ ကူညီရတယ်။ အနစ်နာခံရတယ်။ နောင် သမီးလည်း ရည်းစားတွေ့ရင် ထားရမှာပဲလေ။ သူငယ်ချင်းကတော့ သူငယ်ချင်းပေါ့။ ဒါကြောင့် စိတ်မဆိုးဖို့ တောင်းပန်လိုက်ပါကွယ်။

*

(၇၄)

◻ *ကျွန်မအိမ်နားက အစ်ကိုကြီးက အိမ်ထောင်မကျခင် အရမ်းဆိုးပါတယ်။ အိမ်ထောင်ကျတော့ မိန်းမကို လုပ်ကျွေးတယ်။ ကျွန်မ အမေကတော့ အမေနဲ့မရခင်က အရမ်းရိုးတယ်တဲ့။ အမေနဲ့ရပြီးတော့ အရက်သောက်၊ သုံးဖြုန်းတယ်။ အဲဒါ အိမ်ထောင်ရေးကံနဲ့ ဆိုင်ပါသလား၊ ဘယ်လိုရွေးရမလဲ အတိတ်က ကုသိုလ်ကံပဲလား။*

သမီးငယ်ငယ်၊ ဥက္ကလာ။

◆ အင်း ကံက ၅၀ ရာခိုင်နှုန်း၊ လူက ၅၀ ရာခိုင်နှုန်းလို့ ပြောရမယ်ထင်ပါရဲ့။ အိမ်ထောင်ဖက်ရဲ့ စည်းရုံးနိုင်မှုနဲ့ မေတ္တာကလည်း အများကြီး စွမ်းအားကြီးလို့ပါ။ ဒါပေမဲ့ ဘယ်လောက်ပဲ မေတ္တာပေးပေး၊ ဆိုးသွားတဲ့ယောကျာ်းတွေလည်း ရှိတာမို့ အဲဒါကျ အတိတ်ကံလို့ပဲ ပုံချရမှာပေါ့လေ။ ဟုတ်တယ်။ တချို့မိန်းမတွေဆိုရင် ဘယ်လောက်ကောင်းတဲ့ ယောကျာ်းပဲ ယူယူ၊ သူ့လက်ထဲကျ မကောင်းဘူး။ သူ့လက်ကလည်း လွှတ်ရော တခြားလူနဲ့ကျ ကောင်းနေတတ်ပြန်တယ်။ ဒါမျိုးကျ—

www.burmeseclassic.com

www.burmeseclassic.com



ကာ်ပေါ့နော်။

*

## (၇၅)

□ အခုခေတ်မှာ ရည်းစားအတွဲဖြစ်ရင် အဆုံးစွန်ထိ နေထိုင်တတ်ကြတာ ရှားသလိုတောင် ဖြစ်နေတယ်။ ကျွန်မကတော့ ဒါဟာ ချစ်သူကို တန်ဖိုးမထားတာလို့ ယူဆတယ်၊ မေနှင်းရော ဘယ်လိုမြင်လဲ။

ပွင့်ဖြူ။

◆ နှစ်ဦးသဘောတူတဲ့ကိစ္စမို့ ဘယ်လိုမှ မမြင်တော့ပါဘူး။ ပြဿနာ တစ်စုံတစ်ရာ နှစ်နာမှုဖြစ်လာရင်လည်း ကာယကံရှင်တွေပဲ ခံကြပေတော့လို့ လက်လျှော့ထားပါတယ်။ တရားမဟောလိုတော့ပါဘူး။

*

## (၇၆)

□ သူက မေ့ထက် ၁၉ နှစ်ကြီးတယ်။ တစ်ခုလပ်ဖြစ်တယ်။ သူ့ကို လက်ထပ်သင့်ပါသလား။ မှားနိုင်ပါသလား။

**မေနှင်းရဲ့ မေနှင်း၊ ထားဝယ်။**

◆ ကြုံကြုံဖန်ဖန် နာမည်က လာတူနေသေး။ ဒီတော့ မေနှင်းအနေနဲ့ပဲ ဖြေမယ်။ မေနှင်းတော့ အဲလောက် အသက်ပိုကြီးတာ မကြိုက်ဘူး။ ပြီးတော့ သူက အရင်သေမှာ။ ကိုယ်က မုဆိုးမဖြစ် ကျန်ရစ်မှာ။ အဖေက အမေ့ထက် ၁၉ နှစ်ကြီးတယ်လေ။ အဲလိုပဲ အဖေက အစောကြီးဆုံးသွားတော့ မေနှင်း



တို့ မောင်နှမတွေ ဒုက္ခရောက်ခဲ့ရတာပေါ့။ ဒါဟာ အဖေနဲ့ အမေ အသက်ကွာလွန်းခြင်းကြောင့်လို့ အဖြေထုတ်ခဲ့ဖူးတယ်။ အဲဒါကြောင့်ပါ။

*

## (၇၇)

● *အစကတော့ ကိုယ့်ပြဿနာကို မေနှင်း ဖြေရှင်းပေးနိုင်မယ်လို့ မထင်ခဲ့ဘူး။ နောက်ပိုင်းမှာ မေနှင်းရဲ့ အဖြေတွေကို သေသေချာချာ ဖတ်တော့ စနစ်တကျဖြေတာတွေကို တွေ့ရတာရယ်၊ ကိုယ့်အနေနဲ့ စိတ်ထဲမှာ အရမ်းမွန်းကြပ်နေတာရယ်ကြောင့် ဒီစာကို ရေးဖြစ်သွားတယ်။ ကျွန်တော့်အသက် ၂၅ နှစ် ရှိပါပြီ။ အလုပ်သင်ဆရာဝန်အဖြစ်နဲ့ (....) မြို့မှာ တာဝန်ထမ်းဆောင်နေပါတယ်။ ဘွဲ့မယူရသေးပါ။ ပထမမေးချင်တာက ကျွန်တော်ဟာ မိသားစုထဲမှာ သားအကြီးဆုံးပါ။ မိဘ ညီအစ်ကို မောင်နှမများ မျှော်လင့်ချက်အပြည့်နဲ့ ပံ့ပိုးခဲ့လို့ ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့အောင်ပြီး ဆေးကျောင်းရခဲ့တာပါ။ အခု ဘွဲ့ယူရုံပဲ ရှိတော့တယ်။ ခက်တာက ဒီအလုပ်ကို ကျွန်တော် ဝါသနာမပါဘူးဗျာ။ မပျော်ဘူးဆိုတာ တစ်နေ့ထက်တစ်နေ့ ပိုသိလာတယ်။ မျှော်လင့်နေကြတဲ့ မိသားစုကို အသိပေးဖို့လည်း မဖြစ်နိုင်ဘူး။ ကျွန်တော်ဖြစ်ချင်တာက* ***Designer*** *ပါ။ နိုင်ငံခြားမှာ ဒီသင်တန်းတက်ဖို့ ငွေကြေး အခက်အခဲမရှိပါဘူး။ ဒါပေမဲ့ မိဘတွေကို ဘယ်လိုဖွင့်ပြောရမလဲ မသိပါ။ ကျွန်တော် ဘယ်လို ဆုံးဖြတ်ရမလဲ။ နောက်တစ်ခုက ကျွန်တော် ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နဲ့ နှစ်*

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း အိမ်ငှားပြီး နေခဲ့တာ။ အရမ်းပျော်ခဲ့တယ်။ သူက အရမ်းချော်တယ်။ ပြဿနာက ကျွန်တော် သူ့ကို ချစ်ခဲ့မိတယ်။ သူလည်း သံယောဇဉ်ရှိတယ် ထင်တာပဲ။ ကျွန်တော့်ကို အမြဲ အလိုလိုက်တယ်။ သူက တခြားမြို့မှာ တာဝန်ထမ်းဆောင်နေရင်း ခုတော့ စေ့စပ်လိုက်ပြီတဲ့။ သူ့သတင်းကြားတဲ့နေ့က ကျွန်တော် ထမင်းစားလို့ မရဘူး။ အိပ်လို့မပျော်ဘူးဗျာ။ ကျွန်တော်က မိန်းမ မဖြစ်ချင်ပါဘူး။ မိန်းမ အဝတ်အစားတွေလည်း မဝတ်ချင်ပါဘူး။ အလှပြင်ပစ္စည်းတွေလည်း မလိမ်းချင်ပါဘူး။ ကျွန်တော်ဟာ ပညာတတ်တစ်ယောက်မို့ စောင့်ထိန်းရမယ့် အရာတွေကို သေသေချာချာ သဘောပေါက်ပါတယ်။ ခက်တာက သူ့ကို ကျွန်တော် အနားထာဝရ ရှိနေစေချင်တယ်။ ကျွန်တော် ဘာလုပ်ရမလဲ။

**နေလင်း:(T.N)**

- ပထမအနေနဲ့ ကျေးဇူးတင်စကား ပြောချင်ပါတယ်။ မေနှင်းဟာ အဖြေတွေကို စနစ်တကျဖြေနေတာ တွေ့ရတယ်ဆိုတဲ့အတွက် ကျေးဇူးတင်တာပါ။ ဒီအမေးအဖြေကဏ္ဍဟာ အပျော်သဘော၊ အပျင်းပြေသဘော၊ ဟာသဆန်ဆန်ထားတဲ့ ကဏ္ဍမဟုတ်ပါဘူး။ စာဖတ်သူတွေ(မေးသူရော၊ မမေးတဲ့လူတွေပါ) ကျေနပ်နှစ်သိမ့်မှုနဲ့တကွ ဗဟုသုတရကြပါစေဆိုတဲ့ ဦးတည်ချက် စေတနာကြီးစွာထားပါတယ်။ ဒါကြောင့်လည်း မေးခွန်းတွေရွေးတာကအစ အရင်ဆုံး ဘယ်ပြဿနာကို ဖြေမယ်ဆိုတဲ့ ဦးစားပေးရွေးချယ်တာကအစ စဉ်းစားပါတယ်။ ကုန်ကုန်ပြောရရင် အဲသလို အမေးအဖြေရေးတဲ့နေ့ဆိုရင် တခြားဘာစာမှ မရေးပါဘူး။ ခေါင်းထဲမှာ ဒီတစ်မျိုးကိုသာ ပျိုး



ထောင်ပြီး မိမိအစွမ်းရှိသလောက် အသုံးပြုခဲ့တာမပါ။ အခုဆိုရှစ်နှစ်ရှိပြီပေါ့။ ဒါအတွက် ကုသိုလ်ရတယ်လို့လည်း ခံယူပါတယ်။ နေလင်းရဲ့ ပထမပြဿနာကို စဉ်းစားတဲ့အခါ မြန်မာနိုင်ငံရှိ အားလုံးသော မိဘများ ဒီစာ ဖတ်မိကြပါစေလို့ ဆုတောင်းမိတယ်။ ကိုယ့်သားသမီးကို ဘာဖြစ်လို့များ ဆရာဝန်လိုင်း ရစေချင်ကြတာလဲလို့ မေးချင်တယ်။ အရင်ကတော့ ရိုးရိုး:B.A ဆိုရင် အလုပ်ရဖို့ ခက်တယ်။ ဆရာဝန်က M.B.B.S ဆိုရင် အလုပ်က အသင့်ပဲ။ လစာငွေအပြင် အပြင်ဝင်ငွေလည်း ရတယ်။ လက်ဖျား ငွေသီးတယ်လို့ သိခဲ့ကြတယ်။ မှန်သလောက်လည်း မှန်ပါတယ်။ ဒါပေမဲ့ လောကကြီးမှာ ငွေနဲ့လူ ဘယ်ဟာ အဓိကလဲလို့ မစဉ်းစားကြတာတော့ များတယ်။ ဆရာဝန်အလုပ်ဆိုတာ အသေးစိတ် တာဝန်ကြီးတယ်။ ဝါသနာမပါရင် ခံနိုင်စရာ မရှိဘူး။ ဒီတော့ ဝါသနာကို အရင်ဦးစားပေးရမယ်လို့ တွေးရမယ်။ ဆရာဝန်ပညာက ခက်တဲ့အတွက် ဉာဏ်ရည်မီတဲ့လူမှ သင်ခွင့်ပေးခဲ့တာကို ဂုဏ်ယူပြီး ကျွန်မသားက M.C လို့ ကြွားချင်တာ ခပ်များများနဲ့ အတင်းဖွတ်ကြီး ဆေးကျောင်းတက်ခိုင်းတာဟာ ကျောင်းသားမှာလည်း နစ်နာတယ်။ စရိတ်စိုက်ထုတ်ရတဲ့ တိုင်းပြည်မှာလည်း နစ်နာတယ်။ ဒီကျောင်းသား ဝင်သွားတဲ့အတွက် အဖယ်ခံလိုက်ရတဲ့ တခြားဝါသနာပါတဲ့ ကျောင်းသားနောက်တစ်ယောက်လည်း နစ်နာတယ်။ ဘာရယ် ညာရယ် မသိ၊ အမှတ်များများရလို့ ဆေးဝင်တယ်ဆိုပြီး စာသင်၊ ဘွဲ့ရပြီးတော့ ဆရာဝန်မလုပ်တဲ့ လူတွေ အများကြီးပဲ။ (ဥပမာ စာရေးဆရာလုပ်နေသူတွေ၊ အနုပညာရှင်တွေ...)

www.burmeseclassic.com



ဒီတော့ နေလင်းအနေနဲ့လည်း အလုပ်ကို ခဏပဲ လုပ်ဖြစ်ချင် လုပ်ဖြစ်မယ်။ အဲဒါ နေလင်းရဲ့ အပြစ်မဟုတ်ပါဘူး။ မိဘတွေရဲ့ အပြစ်ပဲ။ (မိဘတွေလုပ်တာ) ဒီတော့ သူတို့ကို ညာစရာမလိုဘူးလို့ မေနှင်းကတော့ ခပ်ပြင်းပြင်းထန်ထန်ပဲ ပြောချင်တယ်။ (ညကြီးသန်းခေါင် လူသေခွဲရမယ်ဆိုရင် အမေ လိုက်ခွဲပေးမလား)လို့ ရယ်ရယ်မောမော ပြောကြည့်ပါလား။ ဆရာဝန်ဆိုတိုင်း နားကြပ်လေးလည်ပင်းဆွဲပြီး ကုတ်ဖြူဖြူလေးနဲ့ ကြော့မော့နေလို့ ပြီးတာမဟုတ်ဘူး။ ဒီတော့ ဆရာဝန် မလုပ်ချင်တာကို မလုပ်ပါနဲ့လို့ပဲ ဖြေလိုက်တယ်နော်။

ဒီစိုင်နာလုပ်ချင်တဲ့ကိစ္စတော့ နောက်တစ်ဆင့်ပေါ့။ ဒီနေရာမှာ ခိုင်လုံအောင် ကိုယ့်ကိုယ်ကိုယ်ပဲ သာကေပေးပါ့မယ်။ အထက်တန်းကျောင်းအုပ် ရာထူးရယ်၊ မြန်မာ့အသံမှာ အသံလွှင့်၊ စာမူပြုရတဲ့ ပြန်တမ်းဝင်အရာရှိရာထူးရယ်၊ အမျိုးသမီးမဂ္ဂဇင်းတစ်ခုရဲ့ အမှုဆောင်အယ်ဒီတာရယ် အဲဒီရာထူးတွေကို တစ်ခုပြီး တစ်ခု လွှင့်ပစ်ခဲ့တဲ့လူဟာ ဒီစာရေးနေတဲ့ မေနှင်းပါပဲ။ ဝါသနာပါတာ လုပ်ရရင် ပျော်နေတာပဲ။ ကျေနပ်နေတာပဲ။

လောကကြီးမှာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဖို့ အရေးကြီးဆုံးပါ။ နောက်ဆုံးတစ်ခု။ ယောကျ်ားလေးအချင်းချင်း ချစ်မိတဲ့ကိစ္စ။ အဲဒါ ဘာမှမပူနဲ့။ ကိုယ်က 'မိန်းမရှာ' လို့ သတ်မှတ်ခံရတဲ့ အဆင့်မှ မဟုတ်ဘဲနဲ့။ နည်းနည်းလေး 'နွဲ့' သွားချင်တာ အရေးမကြီးပါဘူး။ ခပ်နွဲ့နွဲ့နဲ့ပဲ ယောကျ်ားတစ်ယောက်လို အလုပ်လုပ်နေတဲ့ လူတွေ အများကြီး။ တစ်ခုပဲ လုပ်ဖို့လိုတယ်။ အချစ်နေရာမှာ အပြစ်မရှိတဲ့ အရာတစ်ခုကို အစားထိုးဖို့ပဲ။ ဝါသနာဟာ အကောင်းဆုံးအဖော်ဖြစ်လိမ့်မယ်။ သဘော



ပေါက်ပါတယ်နော်။ (အားနာလို့ စာရေးဆရာတွေထဲက နာမည်တွေ မဖော်တော့ပါဘူး။ မင်းလိုလူတွေ အများကြီး ရှိပါတယ်။)

*

(၇၈)

*ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဘဝအတွက် အကြံပေးပါဦး။ ကျွန်တော့်အသက်က ၂၀ ပါ။ ဆယ်တန်း အကြိမ်ကြိမ် ကျရှုံးခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ချစ်သူကတော့ မန္တလေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်ပါ။ ဒီမတူညီမှုကို ပြောတိုင်း သူက လက်မခံပါဘူး။ ဒါဟာ အရေးမကြီးဘူးလို့ ပြောတယ်။ ကျွန်တော် စိတ်ကူးနေတာက သာသနာ့ဘောင်ဝင်ဖို့ပါ။ ဘာသာရေးစာတွေ အများဆုံးဖတ်ပြီး အနှောင်အဖွဲ့ကင်းစွာ နေချင်တယ်။ ချစ်သူကိုလည်း ပါးလေးတောင် မနမ်းရက်ဘဲ နေခဲ့တာမို့ ဖြူစင်တယ်လို့ ယူဆပါတယ်။ ကျွန်တော် ရဟန်းဘောင်ဝင်ဖို့ ကျွန်တော့်အိမ်ကတော့ သဘောတူပါတယ်။ သူ့တစ်ယောက်ကိုပဲ ဘယ်လိုပြောရမှန်းမသိ ဖြစ်နေတယ်။ ကူညီပါဗျာ။*

နော်လူမုန်း(လားရှိုး)

'နှမလက်လျှော့ နေလေတော့' လို့ ရှင်မဟာရဋ္ဌသာရကတော့ ကဗျာ ဖွဲ့ခဲ့တာပဲကွယ့်။ ဒါပေမဲ့ သေသေချာချာလည်း စဉ်းစားပါဦးလူမုန်းရယ်။ တော်ကြာ ဒကာမလေး ဆွမ်းအုပ်လာပို့တော့မှာ မောင်မှားပြီခင်ရဲ့ ဖြစ်နေပါဦးမယ်။ ဒီတော့ လေးလေးလာဆယ်မှာ တစ်ဘဝစာ မဆုံးဖြတ်ပါနဲ့ဦး။ ဒုလ္လဘအဖြစ် ဝတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ။ နောက်တော့လည်း 'ပျော်သလောက်' ဆိုပြီး ဆက် ဝတ်ပေါ့။ အဲဒီအခါကျတော့လည်း ဝဏ္ဏပဘာလေးက ဘယ် တားရဲတော့မလဲ။ ကောင်းရာမွန်ရာ လုပ်တာပဲဟာကို။ ကဲ... ကဲ တို့များလည်း သာစုတစ်လုံး ခေါ်လိုက်ပါတယ်ကွယ်။ နှစ်လုံးတော့ ချန်ထားဦးမယ်နော်။

*

(၇၉)

□ *မိန်းကလေးတွေမှာ မကောင်းတဲ့ မိန်းမတွေ ရှိတယ်ဆိုတာ သမီးမျက်မြင်တွေ့ရတာကို ရေးပြချင်ပါတယ်။ သမီးရဲ့ ရင်းနှီးတဲ့ အစ်ကိုတစ်ယောက် ရှိတယ်။ ရာထူးအဆင့်အတန်းရှိတယ်။ ရုပ်ရည်သန့်ပြန့်တယ်။ ငွေကြေး အနည်းငယ် ချမ်းသာတယ်။ အဲဒီအစ်ကိုကြီးကို မိန်းမတစ်ယောက်က စပြီး ရည်းစားစကားပြောရာက ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ်။ အစ်ကိုကြီးက တကယ်တော့ မချစ်ပါဘူး။ အားနာတာပါ။ အဲသလိုနဲ့ အဲဒီမိန်းမပဲ သူ့အိမ်ခေါ်ပြီး ဟိုဒင်းဖြစ်တယ်ပေါ့ အန်တီရယ်။ ယောကျ်ားပဲနော်။ ရဟန္တာမှ မဟုတ်တာ။ မိန်းမက စတာ။ အခုတော့ မယူရင် တိုင်မယ် ဘာညာဆိုပြီး လုပ်နေတယ်။ ဒီမိန်းမ မတရားဘူးလို့ သမီးဖြင့် ယူဆတယ်။ အစ်ကို့ကိုလည်း သမီး အပြစ်တင်ပြီးပါပြီ။ ရင်ထဲ မွန်းကျပ်နေလို့ ဖြေသိမ့်ပေးပါဦး အန်တီရယ်။*

**မျိုးမြတ်နွယ်၊ မန္တလေး။**

◆ ကြက်ဖကြီးနဲ့ ကြက်မလေး သူတို့ဟာသူတို့ သဘောတူလို့ ဟိုဒင်းဖြစ်တာ၊ ဟင်းရွက်သည်က ဘာမခံနိုင်စရာ ရှိလဲ။



ကေနှ ဟင်းရွက်သည်က ကြက်ဖကြီးကို အဲသလိုပြောလိုက်ရင် နှာဦးမှာလား မျိုးမြတ်နွယ်။ အချစ်ကိစ္စမှာ ဘယ်သူက ဖြင့် စရမယ်။ ဘယ်သူကဖြင့် ဘာမပြုရဘူးရယ်လို့ မရှိပါဘူး။ အားနာတယ်ဆိုတာလည်း မရှိဘူး။ မချစ်ရင် ပွင့်ပွင့်လင်းလင်းပဲ ရှောင်ပေါ့။ သူပါ ပါခဲ့ပြီး ခုမှ ရဟန္တာတွေ ဘာတွေ မဆီမဆိုင် ဆွဲမသွင်းနဲ့။ ဒန်ပေါက်ထမင်း ကြက်ရင်ပုံနဲ့ စားတုန်းကတော့ ခေါင်းမဖော်တမ်း စားခဲ့ပြီး သွေးတက်ခါမှ မတည့်ဘူး။ သူစားခိုင်းလို့ပါလို့ ပြောရင် အပိုပဲ။ ယောကျ်ားဆိုတာ တည်ကြည်ရတယ်။ လုပ်ပြီးရင် တာဝန်ယူရတယ်။ တာဝန်မယူရဲရင် အစကတည်းက မလုပ်နဲ့။ ဖြစ်လာရင် ကိုယ့်ကိစ္စကိုယ်ရှင်း။ ဒါနဲ့ နေစမ်းပါဦး။ သူတို့ဖြစ်ပျက်တာကို မျိုးမြတ်နွယ်က ဘယ်နှယ့်ကြောင့် ရင်ထဲ မွန်းကျပ်ရတာလဲ။ နေသာသပ ချုံထဲက ဖြစ်ရမှာလေ။ အဲသလို တစ်ဖက်သတ် မစဉ်းစားရဘူးကွယ့်။ ကြားထဲကနေ မှုမှုတတတွေးရတယ်။ ကိုယ့်နဲ့ မဆိုင်ရင် ဘာမှလည်း ဝင်ပြောစရာ မလိုဘူး။ ဝင်ပူစရာလည်း မလိုဘူး။ မွန်းလည်း မကျပ်နဲ့။ သင်ခန်းစာပဲယူ။ ကိုယ့်ကျ အဲသလို မဖြစ်စေနဲ့ပေါ့။

*

(၈၀)

□ *မမေနှင်းခင်ဗျား။ ကျွန်တော့်ကို ချစ်လို့ဆိုပြီး ကောင်မလေး တစ်ယောက်အိမ်ကို ခဏခဏ လာနေတယ်ဗျာ။ မိန်းကလေး တစ်ယောက်က အရှက်တွေ သိက္ခာတွေကို မြေမှာချ အနှင်းခံပြီးတော့ ချစ်တယ်လို့ ပြောလာတော့၊ ကျွန်တော်က မချစ်ဘူး*

www.burmeseclassic.com

www.burmeseclassic.com



*လို့ ပြောရမှာ အားနာနေတယ်ဗျာ။ အခင်မင်လည်း မပျက်ချင်ဘူး။ အဲဒါ ဘယ်လိုလုပ်ရမလဲဆိုတာ ကျေးဇူးပြု၍ ပြောကြားပေးပါ ခင်ဗျာ။*

**ချစ်စမ်းမောင်၊ မုံရွာ၊ စီးပွားရေးတက္ကသိုလ်။**

◆ အောင်မယ်လေး ဒါများ ခက်ခက်နိုးနိုး၊ အပေါ်မှာ ဖြေခဲ့ပြီးပြီလေ။ အချစ်ကိစ္စမှာ အားနာတယ်ဆိုတာ မရှိဘူးလို့။ မင်းကို အဆိပ်ခတ်ထားတဲ့ထမင်း ကျွေးရင် အားနာပြီး စားမှာလား။ မှတ်ထား အချစ်ဆိုတာ တကယ်မချစ်ဘဲ သွားထိရင် အဆိပ်ပဲ။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတဲ့လူဆိုရင် မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ကိုယ်စိတ်မဝင်စားတဲ့ အလုပ်ကို မလုပ်ဘူး။ ပြောင် ပြောရဲရတယ်။ လုပ်ရဲရတယ်။ အားနာရင် ပိုက်ဆံချေးလိုက်၊ ပြန်မရလည်း အကြောင်းမဟုတ်ဘူး။ ပိုက်ဆံရှုံးတာလောက်ပဲ ရှိမယ်။ အချစ်ဆိုတာက အဲသလို ချေးလို့ရတာမျိုးမဟုတ်ဘူး။ ပြတ်ပြတ်လုပ်နိုင်မှ တော်ရုံကျတာ။ ဒါကို လက်ခံရင် နောက်တစ်ခါ သူလာတဲ့အခါ မင်းဘာလုပ်ရမလဲ ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့။ ကိုယ်က မရောင်းပါဘူးဆိုတာကို သူက အတင်းဝယ်လို့ ဘယ်ရမလဲ။ အဲသလို စဉ်းစားပါ။ အခင်မင်ပျက်မလား၊ ပျက်ပေါ့။ အဲသလို ပြတ်သားရတယ်။ ဒါမှ ယောကျ်ား၊ ဒါမှ လူသား။

*

**ပဲခူးတိုင်း၊ ရေတာရှည်မြို့မှ... ကေကေ**

**ဇန်းမော်မြို့မှ ပိုးပိုး**

**ပဲခူးတိုင်း၊ ပိန်းဇလုပ်မြို့မှ... ဥမ္မာဌေး**

ညည်းတို့သုံးယောက် အပေါ်က စာနှစ်စောင်ကို အပြန်ပြန် အလှန်လှန် ဖတ်ကြနော်။ သဘောချင်းတူနေလို့ ပေါင်းပြီး ပြောပါရစေ။ အချစ်ရေးဆိုတာ ကျားကွက်ရွှေ့တာနဲ့ ဆင်ဆင်တူမယ်ထင်တယ်။ အရွှေ့မတော်ရင် ကျားစားခံရမှာ သေချာတယ်။ တချို့ကျားတွေက တစ်ကောင် အရှုံးပေး အစားခံပြီး နှစ်ကောင် သုံးကောင်ကြီးများ ကွိခနဲ စားသွားတတ်တယ် ကွယ့်။ အကောင်းဆုံးက မကစားတတ်ရင် မကစားပါနဲ့လို့ အကြံပေးချင်ပါတယ်။ သူ့အလိုလို ပေါ်လာတဲ့ အချစ်ကျရင် ဖြင့် အစစအရာရာ အရှုံးပေးလိုက်ရရင်တောင် 'တန်' တယ် ပေါ့နော်။



*

(၈၁)

▪ *၂၀၀၅ ခုနှစ် Happy New Year ညက စတင်ခင်မင်ခဲ့ရတဲ့ အစ်မတစ်ယောက်ကို အဲဒီညကတည်းက ချစ်ခဲ့မိတာ ခုဆို တစ်နှစ်တင်းတင်း ရှိပြီပေါ့။ ဒါပေမဲ့ ခုထိ ဖွင့်မပြောရသေးပါဘူး။ ငြင်းပယ်မှာလည်း စိုးမိတယ်လေ။ သူကလည်း ကျွန်တော့်ကို 'မွေးစား မောင်လေး' တဲ့။ အဲဒါ ဘာအဓိပ္ပာယ်လဲဟင်။ ဖွင့်ပြောလို့ ဖြစ်ပါ့မလား။ ဒါနဲ့ မေနှင်းမှာကော မွေးစားမောင်လေး ရှိဖူးပါသလား။ စိတ်မဆိုးပါနဲ့နော်၊ သူ ရှိုး မရှိုး အသိရခက်နေလို့ပါ။*

**ညီညီ၊ မန္တလေး။**

◆ ဘယ့်နှယ်ကြီးတုံးဟာ။ ကိုယ့် ပြဿနာထဲ ဘယ့်နှယ် သူများကို လျှောက်ထည့်နေရတာလဲ။ ပိန္နဲပင်က သူ့ဟာသူ နေတာ ပိန္နဲပင်ကြီး မော့ကြည့်ပြီး ဘာပင်လဲဟင်လို့ မေးတာတော့

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်လွန်တာပေါ့။ ဒါပေမဲ့လည်း စိတ်မဆိုးပါဘူး မောင်လေးရယ်။ အဲ...ညီညီရယ်။ သိချင်လို့မေးတော့လည်း ဖြေရမှာပေါ့။ တာဝန်ယူထားမိတာကိုး။ အင်း... မေနှင်းမှာ လည်း မွေးစားမောင်လေးတွေ ရှိတာပေါ့။ ရှိတာမှ အများကြီး ပဲ။ မေနှင်းရဲ့ မွေးစားမောင်လေးဖြစ်ဖို့ အရည်အချင်းတွေက နံပါတ်တစ် ရုပ်ရည်သန့်ပြန့်ရမယ်။ Personality ပေါ့လေ။ ဥပမိရုပ်ခေါ်တာပေါ့။ မည်းမည်းသဲသဲ၊ ပုပုကွကွ မဟုတ်ရ ဘူး။ ဒါပေမဲ့ လောရှည်ကြီးလည်း မဖြစ်ရဘူး။ မျက်နှာမှာ အဆီပြန်မနေရဘူး။ လူတောထဲလာတာ ရေမချိုးခဲ့တာမျိုး၊ ရေတော့ ချိုးပါရဲ့ မနေ့ကဝတ်ပြီးသား ရုပ်အင်္ကျီကြီး ပြန်ဝတ် လာတာမျိုးမဖြစ်ရဘူး။ ရေမချိုးတဲ့ အင်္ကျီဟောင်းဝတ်တဲ့ ယောကျ်ားတွေ သိပ်နံတာ။ ဒါမျိုး အနားကပ်မခံနိုင်ဘူးလေ။ နေဦး ကျန်သေးတယ်။ မနံအောင်ဆိုပြီး ယောကျ်ားတန်မယ့် အပြင်းစားရေမွှေးတွေ နင်းကန်ဆွတ်လာရင်လည်း မုန်းတယ်။ ရေမွှေးနံ့ပြင်းပြင်း မေနှင်းနဲ့ မတည့်လို့ပါ။ ကဲ... Personality က ဒါလောက်ပဲ ထားပါဦး။ အသက်က ၃၅ နှစ်ပြည့် ပြီးဖြစ်ရမယ်။ ပညာအရည်အချင်းက အနိမ့်ဆုံး ဘွဲ့တစ်ခု ရရမယ်။ နောက်တစ်ခုက ‘စာရေးဆရာ’ ဖြစ်ရမယ်။ ဘယ်သူ သေသေ ငတေမာရင်ပြီးရောဆိုတဲ့ လူပေါ့လူသွမ်း Opportunist အခွင့်အရေးသမားဆို သိပ်ရွံရှာပါတယ်။ ကဲ... ဒါ လောက်ဆိုရင် မေနှင်းရဲ့မောင်လေးဖြစ်ဖို့ မလွယ်ဘူးဆိုတာ သိရောပေါ့။ ဒါပေမဲ့ ဒီလိုမောင်လေးတွေ အများကြီး ရှိနေပါ တယ်။ လူ့အဖိုးတန်လေးတွေပေါ့။ အဲဒီမောင်လေးတွေဟာ ချစ်သူဖြစ်လာနိုင်သလားဆိုတဲ့ မေးခွန်းကျတော့ မဖြေတတ်



ဘူးကွယ်။ အချစ်ဆိုတာ သတ်မှတ်အရည်အချင်းနဲ့ ဆိုင်တာ မှ မဟုတ်တာ။ ဖြစ်ချင်လည်း ဖြစ်လာနိုင်တယ်။ မဖြစ်ချင် လည်း မဖြစ်လာနိုင်ဘူး။ တစ်ဦးချင်းနဲ့ပဲ ဆိုင်ပါတယ်။ ဘာ ဖြစ်လို့လဲဆိုတော့ ‘အချစ်ဆိုတာက နှလုံးသားမှာ အလိုလို တပ်စွဲလာတာ’တဲ့။ သူက ‘တပ်စွဲတာ’ လို့ ပြောတယ်။ ပိုင်စိုး တဲ့အဓိပ္ပာယ်။ မေနှင်းသဘောကတော့ သူပြန်ချစ်မချစ်ဆိုတာ ကို ဘယ်တော့မှ ထည့်မတွက်ဘူး။ ကိုယ်က ချစ်ဖို့ပဲ အဓိက ကျတယ်။ ကိုယ် မချစ်ဘဲနဲ့ ‘သူချစ်’ ဆိုတဲ့ဟာကြီးက ပျင်းစ ရာကြီးရယ်။ ဒီတော့ ညီညီဘာသာပဲ ဆုံးဖြတ်ပါကွယ်။ မိတ် ပျက်တဲ့အထိတော့ မဖြတ်လိုက်ပါနဲ့ မမရယ်လို့ ချွဲပေါ့။ အနည်းဆုံး ‘ကိုယ်ရုံတော် တပ်မှူးလေး’ ရာထူးတော့ ပေးပါ လားလို့ တောင်းပန်ပေါ့။ အရှုံးမရှိနိုင်ပါဘူး။ ငါနဲ့များ လဲ လိုက်ချင်စမ်းပါဘိ။ အ လိုက်တဲ့ ညီညီ မန္တလေးသားရယ်။

*

(၈၂)

သမီး အသက် ၂၁ နှစ် မူလတန်း ဆရာမပါ။ သူက(*Stage*) ကျောင်းသား။ အသက် ၁၉ နှစ်။ သမီးကို ကြင်နာပါတယ်။ တခြား ကောင်မလေးတွေကိုလည်း စာပေးတယ်။ သမီး သူ့ကို အရွဲ့တိုက်ပြီး နောက်လူကို လက်ခံလိုက်တယ်။ သူ ပြန် တောင်းပန်လို့ အဆင်ပြေခဲ့ပေမဲ့ ဟိုလူနဲ့ မလွတ်မကင်း ဖြစ် ခဲ့မှာပဲလို့ စွပ်စွဲနေတယ်။ သူ ငယ်သေးလို့ ဒီလို ပြောတာလား။ သူ ဘွဲ့ရတဲ့အထိ စောင့်ရမလား။

**အေးချမ်းမေ၊ လှပ်ကုန်းမြို့။**

www.burmeseclassic.com

www.burmeseclassic.com



◆ မေးခွန်းကို မဖြေခင် အရင် 'ဆူ' လိုက်ဦးမယ်။ ကိုယ်ကလည်း ဒေါ်ခင်မျိုးချစ် စာတွေနဲ့ ကြီးပြင်းခဲ့တာမို့ အင်္ဂလိပ်စကားကို မကျွမ်းကျင်ဘဲပြောရင် နားက လက်မခံဘူး။ အဓိပ္ပာယ်တွေ လွဲနေတာကို: Stage ကျောင်းသားလို့ မပြောရဘူးလေ။ (State ကျောင်းသား) လို့ပြောမှ မှန်တယ်။ State ဆိုတာ State High School ရဲ့ အဖျားဆွတ်အမည်ပါ။ State ဆိုတာက နိုင်ငံတော်၊ Stage ဆိုတာက ဇာတ်ခုံ။ ကဲ... ခွဲခြားသိပြီလား။ (မေနှင်းကို ကြမ်းတယ်လို့ ပြောချင်လည်း ပြောကြပေတော့ အမှားကြာရင် အမှန်ဖြစ်တဲ့။ မှားတာတွေ ခဏခဏ မြင်ရတော့ နည်းနည်းစိတ်တိုတယ်။)

ကဲ... ပြဿနာ မေးခွန်းကို စဉ်းစားရအောင်။ ဆူပွက်နေရတာနဲ့ ကြာသွားပြီ။ 'သမီးကို ကြင်နာပါတယ်၊ တခြား ကောင်မလေးတွေကိုလည်း စာပေးတယ်' ဆိုတာ ထင်ရှားပြီးသားပဲ။ ကိုယ့်ကို မကြင်နာလို့ တခြားကောင်မလေးတွေကို စာပေးတာပေါ့၊ အေးချမ်းမေရယ်။ နီးများနီးရင် ပေတံနဲ့ တစ်ချက်လောက် ရိုက်စမ်းချင်တယ်။ အဲဒါ ကိုယ့်ကို မချစ်တာပေါ့။ ငယ်သေးလို့လားတဲ့။ လာသေးတယ်။ ကြီးလာရင် ဒီထက်ဆိုးနိုင်တယ်လို့ကော မတွေးဘူးလား။ 'ခွေးမြီးကောက် ကျည်တောက်စွပ်' တဲ့။ ကျည်တောက်စွပ်ဖြုတ်လိုက်ရင် ကောက်မြဲ ပြန်ကောက်တာပေါ့။ ဒူးနဲ့ မျက်ရည်သုတ်ဖို့သာ ပြင်ထားပေတော့။

*

(၈၃)

▢ *သမီးတို့ ချစ်သူသက်တမ်း သုံးနှစ်ပြည့်တော့မှာပါ။ သူငယ်*



*ချင်းတွေနဲ့ သွားအတူ လာအတူပါ။ သမီး တခြားကောင်လေးတွေနဲ့ တွဲရင်လည်း သူက သဝန်မတိုတတ်ဘူး။ သူငယ်ချင်းတွေက ပြောတာတော့ သမီးကို မချစ်လို့ သဝန်မတိုတာတဲ့။ အဲဒါ မှန်ပါသလား။*

ကြည်ကြည်အေး၊ ကောလင်း။

◆ မဆိုင်ပါဘူးကွယ်။ သူ့ပင်ကိုယ်သဘောထား ရင့်ကျက်တာပါ။ သမီး တခြားလူနဲ့ တွဲတယ်ဆိုတာကို သူက ရိုးရိုးတွဲသွားတွဲလာရတာလို့ ယူဆထားတာလည်း ဖြစ်နိုင်တယ်။ ဒီလိုလူမျိုးက သမီး တခြားလူနဲ့ ဆန်းဆန်းပြားပြားနေတာ တွေ့ရင်လည်း သဝန်တိုတာမပြဘဲ တိခနဲ ဖြတ်ပစ်လိမ့်မယ်။ ပြတ်သားတာပေါ့။ ဒီတော့ သူ့ဘာသာ အကျင့်စရိုက်အေးချမ်းတာကို မချစ်တာလို့ တလွဲမယူဆစေချင်ပါဘူးကွယ်။

*

(၈၄)

▢ *ဖြိုးက ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ပါတယ်။ သူက ဖြိုးထက် သုံးနှစ်ကြီးတယ်။ သူနဲ့ မခင်ပါဘူး။ ဖြိုးသူငယ်ချင်းနဲ့ ခင်တာပါ။ ဒါပေမဲ့ သူက ဖြိုးကို တည့်တည့်မကြည့်ဘဲ တစ်ချက်ပဲ ဝေ့ပြီး ကြည့်တတ်တယ်။ ဖြိုး တခြားယောကျာ်းတွေနဲ့ စကားပြောရင် သူ့ မျက်နှာကြီး မှုန်ကုပ်နေရော။ အဲဒါ ဘာအဓိပ္ပာယ်လဲဟင်။*

ဖြိုး၊ မန္တလေး။

◆ မှုန်ကုပ်နေတာက သဘောမကျတာပေါ့လေ။ တည့်တည့်မကြည့်တာက ကြောက်လို့ဖြစ်မယ်။ တစ်ချက်ပဲ ဝေ့ကြည့်တာ

www.burmeseclassic.com



က ဖြိုးမျက်နှာက နှစ်ချက် ပြန်ကြည့်စရာမရှိလို့ နေမှာပေါ့။ ဟော... ဒီလိုပြောတော့ မကြိုက်ဘူးမဟုတ်လား။ လူတွေက အဲဒါ ခက်နေတာ။ ပေါင်းသင်းဆက်ဆံရေးမှာ သူတစ်ပါး အမူအရာကို အပေါ်ယံကြည့်ပြီး 'ငါ့များ ကြိုက်နေလား' လို့ ထင်တစ်လုံးနဲ့ ဆုံးဖြတ်ကြတယ်။ အမှန်က အသာလေးပဲ နေလိုက်ရမှာပါ။ သိသိသာသာ ဖြစ်လာမှ ကိုယ်က အဖြေထုတ်တာ ကောင်းတယ်။ အလကား အချိန်ကုန်လို့ကွယ်။

*

## (၈၅)

□ *ကျွန်မနဲ့သူက နှစ်ယောက်စလုံး ဘွဲ့ရပြီးသားပါ။ သူ ချစ်ခွင့်ပန်ခဲ့တာ ကြာပါပြီ။ ကျွန်မ အဖြေမပေးသေးဘူး။ ကျွန်မမှာက နားမကောင်းတဲ့ ချို့ယွင်းချက် ရှိတယ်လေ။ အဲဒါကို သူက ခွင့်လွှတ်တယ်တဲ့။ ရေရှည်ဆိုရင်ကော ခွင့်လွှတ်နိုင်ပါ့မလား။ ဘယ်လို စမ်းကြည့်ရမလဲ။*

**နေမခ၊ မော်လမြိုင်။**

◆ နားမကောင်းတာ ကြီးမားတဲ့ ချို့ယွင်းချက်ကြီးတော့ မဟုတ်ပါဘူး။ ear.aid ဆိုတဲ့ နားကြားကိရိယာတွေ ဒီခေတ်မှာ ပေါ်နေပြီပဲ။ အဲဒါ တပ်ကြည့်ပါလား။ သူနဲ့ပေါင်းရတာ မရတာထား။ ကိုယ့်တစ်ကိုယ်အတွက်လည်း ဖြည့်သင့်တဲ့ကိစ္စပါ။ သူ ရေရှည်ခွင့်လွှတ်မလွှတ် ဘယ်လိုစမ်းမလဲဆိုတာက ရေရှည်ကျမှပဲ သိမှာပေါ့။ နမူနာတွေတော့ ရှိရဲ့။ မြင်ဖူးတာ ပြောရရင် မနှစ်လောက်က ကိုယ် ၃၂ လမ်း စာအုပ်တိုက် ပထမထပ် ဝရံတာမှာ လေရှူနေတုန်း မိသားစုတစ်ခု လမ်းလျှောက်သွားတာ မြင်ဖူးတယ်။ နွမ်းနွမ်းပါးပါးလေးတွေပါပဲ။ ယောကျ်ားက အဝတ်အိတ်ကြီးလွယ်လို့၊ ကလေးတစ်ယောက် လက်ဆွဲလို့၊ မိန်းမက ခြင်းတောင်းလေးတစ်ခု ညာဘက်လက်နဲ့ ဆွဲလာတယ်။ ဘယ်ဘက်လက်ကတော့ တံတောင်ဆစ်အထက်ပိုင်းပဲ ပါပါတယ်။ အဲဒါကြည့်ပြီး ဒီယောကျ်ား တော်လိုက်တာ၊ သစ္စာခိုင်မြဲလိုက်တာလို့ တစ်ဖက်သတ် အမှတ်ပေးလို့ မဖြစ်သေးပါဘူး။ အိမ်ထောင်တစ်ခု ကွဲရတဲ့အကြောင်းတွေ များစွာမှာ မိန်းမတွေအကုန်လုံး လက်တစ်ဖက်ပြတ်ကြတာ မဟုတ်ပါဘူး။ အိမ်ထောင်ခိုင်မြဲဖို့အကြောင်းတွေ အများအပြား လိုပါတယ်။ အိမ်ထောင်မြဲတိုင်းလည်း ဒီယောကျ်ား၊ ဒီမိန်းမ တော်တယ်လို့ မဆုံးဖြတ်နိုင်ဘူး။ ကွဲမဖြစ်တဲ့ အကြောင်းတွေ ရှိနိုင်တာကိုး။ (ဥပမာ... တစ်ဦးတည်းသော သမီးလေးကြောင့်။) ဒါကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှုတစ်ခုခုဟာ အိမ်ထောင်ရေးရှည်ရေးအတွက် အနှောင့်အယှက်လို့ မထင်မိပါဘူး။ ဒါဟာ တစ်ဦးစီရဲ့ ကိစ္စ(individual issue)လို့ပဲ ယူဆပါတယ်။



*

## (၈၆)

■ *ကျွန်မကို အဒေါ်ကတစ်ဆင့် နားဖောက်တဲ့လူ ရှိခဲ့ပါတယ်။ လူတွေ အများကြီး ဖိတ်ကျွေးပြီး စေ့စပ်တာမျိုးတော့ မဟုတ်ပါဘူး။ တကယ်လို့ ကျွန်မဟာ ကျွန်မချစ်သူနဲ့ လက်ထပ်လိုက်ရင် အဲဒီ နားဖောက်ခဲ့တဲ့လူက တရားစွဲနိုင်ပါသလား။*

**ဟန်နီ၊ အဝေးတစ်နေရာ။**

◆ နားဖောက်တယ် ဆိုတာ မေနှင်း နားလည်ထားတဲ့ အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ 'အသိပေး' တာပါ။ မိန်းကလေးမိဘများကို ယောကျ်ားလေးဘက်လူက သူတို့ ဒီမိန်းကလေးကို လိုလားကြောင်း၊ လက်ထပ်လိုကြောင်း၊ လူငယ်ချင်း မေတ္တာမျှနေရင်လည်း မေတ္တာမျှနေကြောင်း အသိပေးထားပါ။ တရားဝင် အသိပေးတာ။ အဲဒီလို သိရတော့မှ မိန်းကလေးမိဘက လက်ခံစဉ်းစားတယ်။ သဘောတူရင်လည်း တူတယ်ပေါ့။ မတူရင်လည်း လက်မခံဘူးပေါ့။ အဲဒါဆို ဇာတ်လမ်းပြတ်ရော။ လက်ခံတယ်ဆိုရင်တော့ လူကြီးစုံရာနဲ့ စေ့စပ်ပွဲ လုပ်ရပါသေးတယ်။ အညာမှာတော့ 'မိန်းမတောင်းတယ်' လို့ ခေါ်ပါတယ်။ အဲဒီကျတော့ လူကြီးတွေကို လက်ဖက်ရည်၊ မုန့်ကျွေးပြီပေါ့။ အဲဒီပွဲကနေ မင်္ဂလာရက် သတ်မှတ်တယ်။ တခြား တောင်းဆိုချက်တွေ ညှိကြတယ်။ အဲဒါပဲ။ ဒီတော့ အခုပြောတဲ့ နားဖောက်တဲ့ကိစ္စဟာ စေ့စပ်တာမဟုတ်တဲ့အပြင် လက်ထပ်တာ မဟုတ်လို့ တရားစွဲလို့ မရပါဘူး။ စေ့စပ်ပြီးတာကိုတောင် တစ်ဖက်ဘက်က မကြိုက်တော့ရင် ဖျက်သိမ်းလို့ ရတာပဲ။ နောက်ဆုံး လက်ထပ်ထားရင်တောင်မှ မကြိုက်တော့ဘူးဆိုတဲ့ အခါ ကွာရှင်းခွင့်တောင်းလို့ရတယ်။ တရားရုံးမှာ 'ကွာရှင်းလိုမှု' ပုဒ်မတပ်ပြီး လျှောက်လို့ရတယ်လေ။ အကြောင်းအချက်ခိုင်လုံရင် ကွာပေးရစမြဲပဲ။ ဒါကြောင့် နားဖောက်တာလောက်များ ကြောက်မနေပါနဲ့လို့ ပြောလိုက်ပါတယ်။

*

(၈၇)

□ *မိဘတိုင်းသည် သားသမီးများကို ခွဲခြား၍ ချစ်တတ်ပါသလား။ ဥပမာ မောင်မယ်ကြည်ဖြူစွာ ရ၍ မွေးခဲ့သော သားသမီးများနှင့် အလိုမတူဘဲ မွေးခဲ့ရသော သားသမီးအပေါ် ချစ်ခြင်း ညီ မညီ သိချင်ပါသည်။*

**ယွန်းရွှေလှ၊ မန္တလေး။**



◆ Very good question! အလွန်ကောင်းသော မေးခွန်းပါပဲ။ အမှန်ပြောရရင် မေနှင်းတစ်ယောက်တည်းရဲ့ အတွေ့အကြုံ၊ ဦးနှောက်၊ ဉာဏ်ပညာနဲ့ ဖြေလို့ မပြည့်စုံနိုင်ပါဘူးလို့ ကြိုတင်ဝန်ခံထားပါရစေ။ ပေါ့ပေါ့တန်တန် မေးလိုက်တာမဟုတ်လို့ ပေါ့ပေါ့ဆဆ ဖြေလို့လည်း မဖြစ်ပါဘူး။ မေနှင်း ကြိုးစားပြီး ဖြေကြည့်ပါမယ်။ သားသမီးဆိုတာ ချစ်တော့ ချစ်ရတာချည်းပါ။ 'ဝမ်းနှင့်မလွယ်၊ သားမမယ်'ဆိုတဲ့ စကားအရ အမိဟာ ကိုးလ ဆယ်လ မိမိဝမ်းတွင်းမှာ ဖြစ်တည်မှုပေးပြီး အစစ စောင့်ရှောက်ခဲ့ရလို့ အသက်နှင့်ထပ်တူ ချစ်တယ်လို့ အဖြေရပါတယ်။ အဖေကချစ်တာနဲ့ အမေကချစ်တာတောင် မတူသေးဘူးလို့ ဆိုကြပါတယ်။ ဒါပေမဲ့ တချို့အမေတွေက သားသမီးတွေကို အဖေနဲ့ထားခဲ့ပြီး အဝေးကို ထွက်သွားတာ မျိုးလည်းမြင်ဖူးရဲ့။ အဲဒါကျ မိခင်မပီသဘူးလို့ မှတ်ချက်ချတယ်။ တစ်ကိုယ်ကောင်းဆန်တယ်လို့ ပြောကြတယ်။ ဒါဟာ ခြွင်းချက်ပေါ့။ မိခင်အများစုကတော့ ကိုယ့်ကလေးမှန်ရင် ဖြူဖြူလေးပဲဖြစ်ဖြစ်၊ မည်းမည်းလေးပဲဖြစ်ဖြစ် နမ်းလိုက်ဖက်လိုက် ချစ်ကြတာချည်းပါ။ နောက်တစ်ခါ ကြည်ကြည်ဖြူဖြူရတဲ့ကလေးနဲ့ မလိုချင်ဘဲ ရတဲ့ကလေးဆိုတာ မခွဲခြားဘူးလို့ မေနှင်းတော့ ထင်တာပဲ။ ခွဲခြားတယ်ဆိုရင် ကလေးအပေါ် ခွဲခြားတာမဟုတ်ဘဲ ကလေးအဖေကို မုန်းလက်စပါ ဖြစ်ပါလိမ့်

www.burmeseclassic.com



မယ်။ အေးလေ သူ့အဖေကိုမုန်းလို့ သူ့ကလေးကို မကြည်ဖြူဘူးဆိုတာမျိုးဟာ ရှားရှားပါးပါး ခြွင်းချက်အနေနဲ့ ရှိနိုင်ပါတယ်။ ဒီလို ကလေးမျိုး ရှိတယ်ဆိုရင်လည်း ဒီကလေးဟာ အတော်ကံဆိုးတယ်လို့ ပြောရမှာပါ။ ရာနှုန်းအများဆုံးကတော့ မိဘမုန်ရင် မိမိသားသမီးကို ဖြူဖြူမည်းမည်း မခွဲကြပါဘူးလို့ ဖြေလိုက်ပါတယ်။

*

(၈၈)

□ *သမီးအသက် ၂၀ ပါ။ B.Com နဲ့ ကျောင်းပြီးသွားပါပြီ။ Computer Diploma နှစ်ခုလည်း ရထားပါတယ်။ နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ ဘဝအစီအစဉ်တွေ ဆွဲထားခဲ့တာပါ။ အဖေကလည်း အားပေးပါတယ်။ အစ်ကိုကြီးကတော့ လုံးဝအားမပေးပါဘူး။ လွန်ခဲ့တဲ့နှစ်မှာ အဖေက အိပ်ရာထဲ သုံးလလောက် လဲနေခဲ့တယ်။ သမီး နိုင်ငံခြားထွက်ဖို့လုပ်တော့ အဖေနေမကောင်းသေးလို့ နှစ်နှစ်လောက် နားစေချင်ကြောင်း၊ အိမ်စီးပွားရေးအလုပ်ကိုလည်း နားလည်အောင် နှစ်နှစ်လောက် အိမ်မှာနေပေးပါလို့ ပြောပါတယ်။ အစ်ကိုကြီးက လုံးဝ မသွားခိုင်းတော့ပါဘူး။ အခုဆိုရင် အိမ်ကို ကူညီနေရတာ ခုနစ်လရှိပြီ။ ဒီအတိုင်းဆိုရင် စာလည်း အဆက်ပြတ်၊ အရာရာမှာ နောက်ကျ ကျန်ခဲ့တော့မယ်။ ဘာဆက်လုပ်ရပါ့မလဲ။ သမီးမှာ ရွေးစရာလမ်းမရှိတော့ဘူး ဖြစ်နေတယ်။ အကောင်းဆုံး အဖြေပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်။*

**Snow**



◆ အိုး... ရွေးစရာလမ်း ရှိတာပေါ့ Snow ရယ်။ နှစ်နှစ်ဆိုတာ ခဏလေးပဲ။ အဖေ့စကားကို အခိုင်အမာ ယူထားပါ။ ခုတောင် ဆယ်လရှိပြီ မဟုတ်လား။ နောက်ထပ် ၁၄လပဲ ကျန်တော့တာများ။ တစ်ခုရှိတာက အိမ်ကအလုပ်ဆိုတာ ဘာလဲ ဖော်ပြမထားတော့ အကြံပေးရ ခက်နေတယ်။ အဲဒီအလုပ်ကို ဝါသနာမပါလို့လား။ ဝါသနာ လုံးဝမပါဘူးဆိုရင်တော့ ခုကတည်းက ကြိုတင်ပြောထားပါ။ အဖေမရှိတော့လည်း သမီးဒီအလုပ်လုပ်မှာ မဟုတ်ဘူးလို့။ နိုင်ငံခြားမှာ ကျောင်းတက်ချင်တာကရော ဘာအတွက်လဲ။ Fashion လား။ ဒီလိုတော့ မလုပ်နဲ့နော်။ အနည်းဆုံး သိန်းထောင်နဲ့ချီပြီး ကုန်မယ့်ဟာ။ ဟိုမှာ ကျောင်းတက်၊ ဟိုမှာ အလုပ်ဝင်ပြီးရင် အဲဒီငွေတွေ ပြန်ဆပ်နိုင်လား။ အဖေက သိပ်ချမ်းသာသလား။ ပေါများသလား။ အိမ်စီးပွားကို အထိနိုက်ခံပြီးမှ အိမ်ကို ဘာမှ ပြန်ဆယ်မပေးနိုင်ရင်ကော...။ အများကြီး စဉ်းစားပါ။ စဉ်းစားချိန် ၁၄ လ ယူပါ။ ကဲ... စာထပ်ရေးလိုက်ပါဦးနော်။

*

(၈၉)

□ *သမီးမှာ အချစ်စစ်နဲ့ ချစ်ရတဲ့ လူတစ်ယောက်ရှိပါတယ်။ မေမေတို့က သူ့ရဲ့ မျိုးရိုးကို သဘောမကျပါဘူး။ သူကတော့ လိမ္မာတယ်။ ဒီတော့ သမီးကို မတားမြစ်ခဲ့ဘူး။ ကံဆိုးချင်တော့ သူဟာ မတော်တဆ ပြဿနာတစ်ခု ဖြစ်ခဲ့တယ်။ အဲဒီပြဿနာကြောင့် နှစ်နှစ် အချုပ်အနှောင် ခံလိုက်ရတယ်။ မေမေလည်း သမီးကို အဆက်အသွယ် မလုပ်ခိုင်းတော့ဘူး။ အဖေသိရင်*

www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးမှာတဲ့။ သမီးကတော့ ချစ်သူအပေါ် မပြောင်းလဲနိုင်ပါဘူး။ ဂုဏ်ဆိုတာတွေလည်း မစဉ်းစားတတ်ဘူး။ သမီး သိချင်တာက အဲသလို နှစ်နှစ် အချုပ်ခံရတယ်ဆိုတဲ့ အမည်းစက်ကြောင့် ဂုဏ်သိက္ခာထိခိုက်တာတို့၊ မျက်နှာငယ်တာတို့ ဖြစ်နိုင်ပါသလား။ ဖေဖေ သဘောတူလာတဲ့အထိ သူ ကြိုးစားနိုင်ဖို့၊ ပြန်ပြီး ဆက်သွယ်သင့်ပါသလား။ ဒါမှမဟုတ် နှစ်ယောက်လုံး သိပ်မခံစားရအောင် စောစောကပဲ အဆက်အသွယ် ဖြတ်လိုက်ရမလား။

**အေးချမ်းသူ၊ ရန်ကုန်။**

◆ ဒီမေးခွန်းကို မှန်မှန်ကန်ကန် ဖြေနိုင်ဖို့အတွက် အေးချမ်းသူကို ပြန်မေးရပါဦးမယ်။ 'မတော်တဆမှု' ဆိုတာ ဘာလဲ။ အမှုဆိုတိုင်း အထင်သေးစရာ၊ ဂုဏ်မဲ့စရာ မဟုတ်ဘူးလေ။ အချုပ်ခံရတယ်ဆိုတာ 'ပြစ်ဒဏ်' အဆင့်မဟုတ်တဲ့အတွက် 'ပြန်လည်ချေပခွင့်' ပေးထားတာပဲ။ 'ခုခံကာကွယ်ခွင့်' ပေးထားတာပဲ။ ဒီတော့ အဲဒီ မတော်တဆဟာ အပြစ်မဟုတ်ဘူးဆိုရင် ဘာမှ ဂုဏ်ငယ်စရာ မရှိပါဘူး။ ဥပမာ– ကားတိုက်မှုဆိုတာမျိုးပေါ့။ ခိုးမှု၊ ဖဲမှု၊ ဘိန်းမှုဆိုရင်တော့လည်း ဒါဟာ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ဂုဏ်မဲ့တဲ့အမှုတွေမို့ ခွင့်လွှတ်စရာ မရှိပါဘူး။ ဒါကြောင့် အခုအေးချမ်းသူရဲ့လူ မတော်တဆမှုဆိုတာဟာ ဘာမတော်တဆမှန်း မသိရလို့ ဘာမှ အကြံပြုလို့ မဖြစ်ပါဘူးကွယ်။

*



(၉၀)

□ *ကျွန်တော်က အညာကပါ။ အခု ပုသိမ်မှာ ကျောင်းတက်နေပါတယ်။ First Year အထိ ရည်းစားမထားခဲ့ဖူးပါဘူး။ Second Year မှာတော့ အသက်တမျှ ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ကို အရမ်းပဲ ချစ်ခဲ့မိပါတယ်။ ရင်ထဲက ချစ်တဲ့အကြောင်းတွေ သူသိအောင် ပြောခွင့်ရတဲ့အတွက် ကျွန်တော် ဝမ်းသာခဲ့ရတယ်။ သိပ်ပြီး မကြာခင်အချိန်လေးမှာပဲ ကျွန်တော် အလိုချင်ဆုံး အဖြေတစ်ခုကို သူ့ဆီက ရခဲ့ပါတယ်။ 'မောင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူး' တဲ့။ ဒါပေမဲ့ မနေ့ရယ် Second Year ရဲ့ Second Semester မှာ သူက ကျွန်တော့်ကို ထားရစ်ခဲ့ပြီး တခြားကောင်လေးတစ်ယောက်နဲ့ တွဲနေလေရဲ့။ သူကတော့ ပျော်ရွှင်လို့ပေါ့။ ကျွန်တော့်မှာတော့ သူတို့အတွဲကို မြင်တိုင်း ခိုးလိုးခုလုနဲ့ ခံစားရတယ်။ သူ တွဲပေမဲ့ ကျွန်တော်က ချစ်ဆဲပါ။ ချွဲချွဲနွဲ့နွဲ့ပြောပြီး မာယာများတဲ့ မိန်းမတွေကို တစ်ကြိမ်တည်းနဲ့ လန့်သွားပြီဗျာ။ မရက်စက်တတ်တဲ့ နှလုံးသားဝေဒနာကို ဘယ်လိုနည်းနဲ့ ထိန်းချုပ်ရမလဲ ဖြေကြားပေးပါနော်။*

**ဩရသမောင်မောင်၊ ပုသိမ်ပညာရေးကောလိပ်။**

● ဩရသဆိုတော့ အကြီးဆုံးသား၊ the eldest son ပေါ့နော်။ အေးကွယ် တစ်ကြောင်းတည်း (one sentence)နဲ့ ဖြေရရင်တော့ Second Year ရဲ့ Second Semester မှာ Second lover ရှာတဲ့ ကောင်မလေးက Second lesson ပေးလိုက်တာပေါ့ကွယ့်။ ဒါဆို သဘောပေါက်လား။ မပေါက်သေးရင်လည်း မိဘတို့ ဝတ္တရားရှိသည့်အတိုင်း ထပ်ရှင်းပါ့မယ်။ မင်းရခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



First lesson က 'မောင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူး' ဆိုတာကို ယုံစားမိတာ မှားတာပဲ။ အဲဒါကိုယုံပြီး မြူးသွားခဲ့တာ မင်းရဲ့ မဟာအမှားပဲကွယ့်။ အဲဒါ ပထမသင်ခန်းစာ First lesson ပေါ့။ တကယ်တော့ ဒီစကားမျိုး ဘယ်သူမဆို ပြောကြတာပဲ။ မေနှင်းကော ပြောဖူးလားမမေးနဲ့ ပြောဖူးတယ်။ ပြောတာမှ တစ်ယောက်တည်း မဟုတ်ဘူး။ အဲသလိုပြောတာဟာ ညာတာလည်း မဟုတ်ဘူး။ အဲဒီအချိန်မှာ အဲသလိုပဲထင်လို့ ပြောခဲ့တာပဲ။ နောက်တော့လည်း စိတ်အခြေအနေ၊ လူ့အခြေအနေက ပြောင်းသွားတော့ မောင့်ကို မချစ်တော့ဘူး။ အစ်ကိုတစ်ယောက်ကို ချစ်သွားတယ်။ နောက်တစ်ခါ စသဖြင့် အဲဒါတွေဟာ သဘာဝကျတဲ့ နိယာမတရားတွေပဲလေ။ မင်း မြဲမြဲမှတ်ထား။ လူဆိုတာ လူတစ်ယောက်တည်းကိုပဲ စွဲမြဲပြီး ချစ်တာမဟုတ်ဘူး။ သူ စွဲစွဲမြဲမြဲချစ်တဲ့လူဆိုလို့ တစ်ယောက်တည်းရှိတယ်။ အဲဒီလူကတော့ သူ ကိုယ်တိုင်ပါပဲ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံးပဲ။ ဒါကို နားလည်ထားမယ်၊ လက်ခံယုံကြည်မယ်ဆိုရင် ဘယ်သူ့ကိုမှ နာကြည်းတော့မှာ မဟုတ်ပါဘူး။ သူ လုပ်ချင်တာ လုပ်သွားတာပဲလေလို့ ခွင့်လွှတ်နိုင်ပါလိမ့်မယ်။ သူနဲ့ပတ်သက်ပြီးဖြစ်ရတဲ့ ဝေဒနာတွေဟာလည်း မေတ္တာဘက်ကို ပြောင်းလဲခြင်း မဖြစ်သည့်တိုင်အောင် ဥပေက္ခာတရားနဲ့ ပြေပျောက်သွားပါလိမ့်မယ်။ ယုံလိုက်စမ်းပါ ညြရသရေ။

*



(၉၁)

◘ *သမီးက June လမှာ ချစ်သူထားမိပါတယ်။ July မှာ သူ မလေးရှားသွားပါတယ်။ မသွားခင် တီရှပ်အဖြူရောင်လေး တစ်ထည် မွေးနေ့လက်ဆောင် ပေးခဲ့တယ်။ ရောက်သွားတော့ ချက်ချင်း ဖုန်းလာပါတယ်။ စာလည်း ထည့်တယ်။ စာက မေမေ့လက်ထဲရောက်သွားလို့ သမီး မဖတ်ရတော့ဘူး။ အဆူခံရတယ်။ သူက ပြန်လာရင် လက်ထပ်ပါမယ်။ သစ္စာရှိရှိစောင့်နေပါလို့ မှာခဲ့တာပါ။ ဒါပေမဲ့ သူ့ အားနည်းချက်ကသူက ကိုးတန်းပဲ အောင်တယ်။ လူတစ်ယောက်ရဲ့ တန်ဖိုးကို ပညာအရည်အချင်းနဲ့ ဆုံးဖြတ်သင့်ပါသလား။ လက်ရှိ အချိန်တွေ၊ နောင်လာမယ့် အချိန်တွေအတွက် သမီးတို့နှစ်ယောက်လုံး ဘာတွေ ပြင်ဆင်ထားသင့်ပါသလဲရှင်။*

**ထိုက်ခင်၊ ဓ.လ.မ။**

● Very Difficult Question ပါပဲ။ လွယ်လွယ်ကူကူ ဖြေလို့ မဖြစ်ပါဘူး။ ပြီးစလွယ်ပြောလို့ မရနိုင်ပါဘူး။ မေနှင်း ကြိုးစားပြီး ဖြေမယ်နော်။ လူမှာ တန်ဖိုး(Value) ဆိုတာ ရှိပါတယ်။ ဒါပေမဲ့ အဲဒီ Value က အမျိုးမျိုးရှိတာပါ။ လူတစ်ဦးနဲ့တစ်ဦး Value ထားတာချင်း မတူကြပါဘူး။ ဥပမာ မေနှင်းက ခရီးသွားရင် အထက်တန်းတွဲစီးပြီး Hotel မှာ တည်းချင်တယ်။ ထမင်းကို ဆီဆမ်းပဲပြုတ်နဲ့ပဲ စားရ စားရ ကျေနပ်တယ်။ တချို့က ကြုံသလို သွားမယ်၊ နေမယ်၊ အစားအစာကို Hotel မှာ စားချင်တယ်။ အဲသလိုမျိုးပေါ့။ မေနှင်းက 'အိမ်လှလှလေး' ကြိုက်တယ်။ အဝတ်အစားကို ၆၀၀ တန် မြင်းခြံချည်ကြမ်း ဝတ်တယ်။ စသဖြင့်ပေါ့လေ။ ဒီတော့ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့တစ်ယောက် မတူကြတာအမှန်ပဲ။ တချို့က ကိုယ့် ယောက်ျား ကို နိုင်ငံခြားပို့တယ်။ မေနှင်းက အိမ်ကလူမှန်သမျှ မြန်မာပြည် မှာပဲ အလုပ်လုပ်စားကြမယ်လို့ မူချထားတာ။ ဒီတော့ လူတစ် ယောက်ရဲ့တန်ဖိုးဟာ ဘွဲ့ရတာလား၊ နိုင်ငံခြားပြန် ငွေထုပ်ပိုက် သူလားဆိုတာ မေနှင်း သဘောထားကို ပြောရင် အကြိုက်ချင်း တူချင်မှ တူပါလိမ့်မယ်။ အခိုကကျတာက ကာယကံရှင်များနဲ့ သက်ဆိုင်ရာ မိသားစုပါ။ အေးလေ ပြောရရင် အများကြီးပါပဲ။ ဘာသာမတူလို့ ခါးခါးသီးသီး တားဆီးခဲ့ပြီး ကောင်လေးက နိုင်ငံခြားထွက်သွား၊ ပြန်လာတော့ တက္ကစီလေးဝယ်လာ၊ အောင်မယ်… ဘာကြာလို့တုန်း မေနှင်းမှာ မင်္ဂလာလက်ဖွဲ့ ပြေးဝယ်ရပါရောလား။ 'တို့ရပ် ကွက်ထဲမှာ ဒီလိုပဲရှိတယ်' ဆိုတဲ့ ကိုင်ဇာသီချင်းလို ဖြစ်နေကြ တာမို့ ကိုယ့်အကြိုက်သာ ပြင်ဆင်ကြပေတော့လို့ ပြောလိုက်ပါရစေကွယ်။

*

(၉၂)

*သူနဲ့သမီးနဲ့က အရမ်း ခင်မင်ကြပါတယ်။ သူက သမီးထက် နှစ်နှစ်ကျော်ကျော်လောက်တော့ ကြီးပါတယ်။ သူ သမီးကို ဖွင့်မပြောသေးပေမဲ့ ချစ်နေမှန်း သမီး ရိပ်မိပါတယ်။ သူက သမီးတို့ထက် အရမ်းဆင်းရဲပါတယ်။ သမီးရဲ့ မိဘတွေက သူနဲ့သမီး ရိုးရိုးခင်နေတာကိုတောင် လုံးဝ သဘောမကျပါဘူး။ သူ့ထက် ပိုအဆင်ပြေတဲ့လူနဲ့ ဖြစ်စေချင်တာပေါ့။ အဲဒီတော့ သူ ဖွင့်မပြောခင် သမီးက သူ့ကို မခေါ်ဘဲ နေလိုက်ရမှာလား။ ဆက်ပြီး ခင်မင်နေရင် သူ့ကို မျှော်လင့်ချက်ပေးသလိုများ*



*ဖြစ်နေမလား။ သမီးက သူ့ကို ချစ်ချင်ပါတယ်။ မိဘတွေကို လည်း မလွန်ဆန်ချင်ပါဘူး။ ဒီတော့ နှလုံးသားကို စတေးပြီး မခေါ်ဘဲ နေရတော့မှာလား။ မေနှင်းရဲ့ဆုံးဖြတ်ချက်ကို သမီး မျှော်နေမှာပါ။*

**သမီး၊ နှင်းဆုရည်၊ ဝင်းဘော။**

ဆင်းရဲတာနဲ့ ချစ်တာနဲ့ကတော့ မဆိုင်ပါဘူး။ ဆင်းရဲတာကို ပြုပြင်ကြိုးစားလို့ ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြဖို့ဆိုတာ လွယ်လွယ်ကူကူ ဖြစ်ကြတာမဟုတ်ဘူးလို့ မေနှင်းကတော့ ခံယူပါတယ်။ ဒါပေမဲ့ အချစ်တစ်ခုတည်းကိုပဲ ဦးစားပေးရမယ်လို့လည်း မယူဆပါဘူး။ 'တူ နှစ်ကိုယ် တဲအို ပျက်မှာနေရ၊ ရွှေဘုံပေါ်မှာ စံရ၊ ချစ်တာချစ်တာ ပဓာနလို့ ဆိုချင်ပါတယ် မောင်ရယ်' ဆိုတဲ့ သီချင်း ကြားဖူးမှာပေါ့။ လူတွေက အဖျားဆွတ်ပြီး 'တူ နှစ်ကိုယ်၊ တဲအိုပျက်မှာ နေရ' ဆိုတာလောက်ပဲ ကောက်ချက်ချပြီး ဘယ်လောက် ဆင်းရဲရဲ ခံနိုင်ပါတယ်လို့ အမိပ္ပာယ်ကောက်နေကြတာ။ ဆက်ပြောထား တာကိုလည်း ကြည့်ဦးလေ။ 'ရွှေဘုံပေါ်မှာ စံရ' တဲ့။ ရွှေဘုံ ပေါ်မှာ စံရဆိုတာ ချမ်းသာတာကို ပြောတာမဟုတ်လား။ အဲဒါကိုလည်း မမေ့သင့်ဘူးလေ။ တဲအိုပျက်ထဲမှာ အမြဲ ထိုင် နေနိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဘယ်သူဖြစ်ဖြစ် ရွှေဘုံပေါ်မှာ စံချင်ကြမှာချည်းပါပဲ။ စံနိုင်အောင် ကြိုးစားကြတာပါပဲ။ ဖြစ် လာခြင်း၊ ဖြစ်မလာခြင်းကတော့ တစ်ပိုင်းပေါ့။ မိဘများ အနေနဲ့ကလည်း 'ဆင်စီးပြီး မြင်းရံ' တာကို မြင်ချင်ကြတာ မိဘတွေအပြစ်လည်း မဟုတ်ပါဘူး။ မိဘများနဲ့ ပူးပေါင်းပြီး လုပ်ကိုင်လို့ရနိုင်မယ့် လမ်းဆိုတာလည်း ရှိလာနိုင်ပါတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဖြေကြားလိုက်ပါတယ်။

*

(၉၃)

◘ *သမီးက ဒီနှစ် ဆယ်တန်းစာမေးပွဲ ဖြေရမှာပါ။ စာမေးပွဲကျမှာကို သိပ်ပူနေပါတယ်။ ခက်တာက စိတ်တွေက ဟိုရောက်သည်ရောက် စာထဲလည်း စိတ်မရောက်၊ စာကျက်လို့မရ ဖြစ်နေပါတယ်။ ကျွန်မမှာ ရည်းစားလည်း မရှိပါဘူးရှင်။ ဒါနဲ့တောင် စိတ်မငြိမ်ဘူးဖြစ်နေတယ်။ ဘာလုပ်ရမလဲဆိုတာ အကြံဉာဏ်ပေးပါ။ စာမေးပွဲက ဖြေရတော့မှာ အမြန်ဆုံး ဖြေပေးပါနော်။*

**KNO၊ တောင်ကြီး။**

◆ အမြန်ဆုံးနည်းနဲ့ ပန်းကန်လုံးစီးပြီး ဖြေလိုက်ပါပြီကွယ်။ ဒါက ဖြစ်တတ်ပါတယ်။ ကြီးမားတဲ့ ရောဂါမဟုတ်ပါဘူး။ တစ်ခုရှိတာက 'မောင်းနှင်အား'လိုနေတာလို့ပဲ ပြောရပါလိမ့်မယ်။ စာမေးပွဲဆိုတာကို မဖြစ်မနေ အောင်ကိုအောင်ရမယ်။ မအောင်လို့ မဖြစ်ဘူးဆိုတဲ့စိတ်နဲ့ မောင်းနှင်ရမယ်လို့ ဆိုတာပါ။ မေနှင်းဆိုရင် အဲသလို မောင်း နှင်အားတွေအပြည့်နဲ့ စာမေးပွဲတွေ ဖြေခဲ့ရတာမို့၊ ခုဆိုရင် ၄၂ဘဝမှာ ဘာစာမေးပွဲမှ မကျဖူးဘူးလို့ လက်မနှစ်ခုလုံး ထောင်ပြီး ပြောရဲနေတယ်။ မေနှင်းကြုံခဲ့တဲ့ မောင်းနှင်အားက 'ဘဝ' ပါ။ မေနှင်း အသက် ၉ နှစ်မှာ အဖေ ဆုံးသွားခဲ့ပါတယ်။ မောင်နှမခြောက်ယောက်ကို အမေ ခမျာ ဈေးတောင်းခေါင်းရွက် ရှာကျွေးခဲ့ရတာယ်။ အစ်ကိုဖြစ်သူက ခုနစ်တန်း မအောင်ခင် အိမ်က ထွက်သွားခဲ့တယ်။ မေနှင်းကတော့ အမေနှင့်တကွ မောင်နှမတွေအားလုံးကို လုပ်ကျွေးချင်တယ်။ ဈေးလည်း မရောင်းချင်ဘူး။ ဆယ်တန်းအောင်ရင်တော့ ဆရာမလုပ်လို့ရမယ်။ ဒီစိတ်နဲ့ ကြိုးစားတာ။ အတန်းတိုင်းမှာ နံပါတ်တစ်ကနေ ဖယ်မပေးခဲ့ဘူး။ ဆယ်တန်း(မက်ထရစ်)ကို ပထမ အဆင့်နဲ့ အောင်ရုံမက တက္ကသိုလ် စကောလားရှစ် ပညာသင် ဆုရခဲ့တယ်။ ဒါဟာ မောင်းနှင်အားကြောင့်ပါပဲ။ ဒါကြောင့် အဲသလို ကြိုးစားစေချင်ပါတယ်။ စာကျက်တဲ့အခါ ဟိုဟာချန်၊ ဒီဟာချန် မလုပ်ပါနဲ့။ မေနှင်းတို့ ဆရာမကြီးက ပြောဖူးတယ်။ ပြဿနာစာတွေ အားလုံးရအောင် ကျက်ထားရင် စာမေးပွဲခန်းထဲ ရင်ကော့ပြီး လက်မထောင်ပြီး ဝင်မေတော့တဲ့။ ဒါ အမှန်ပါပဲ။ ကိုယ်တွေ့ပါပဲလို့ အာမခံပြီး ဖြေကြားလိုက်ပါတယ်။ ခုပြောတာတွေကို ယုံလိုက်စမ်းပါ။



*

(၉၄)

◘ *သမီး စာရေးတာ နှစ်စောင်ရှိပါပြီ။ ဒီတစ်ခါတော့ စာပြန်ရေးမယ်လို့ ထင်ပါတယ်။ သမီးကို ကူညီပါနော်။ သမီး ဘယ်သူ့ကိုမှ ဖွင့်ပြီး မတိုင်ပင်ရဲလို့ပါ။ သမီးက ဇာတ်ပွဲကြိုက်တယ်။ သမီးတို့မြို့ကို ဇာတ်ပွဲတွေ ခဏ ခဏ လာတယ်။ အခု သမီးတို့ တခြားမြို့ကို ပြောင်းရတော့ ဇာတ်ပွဲ မကြည့်ရတော့ဘူး။ ဇာတ်ပွဲ ဗီဒီယိုအခွေ ကြည့်ရတယ်။ ဒီမှာတင် အဲဒီအခွေထဲက မင်းသားကို ကြိုက်သွားခဲ့တယ်။ ဆယ်တန်းအောင်ရင် သူ့ဆီသွားမလို့၊ ဒါပေမဲ့ ကျလို့ မသွားခဲ့ရဘူး။ ဒီတစ်နှစ်အတွင်း ဘယ်လိုအောင့်ထားရမလဲ အန်တီ။ သူ့ အခွေကို*

*တစ်နေ့ မကြည့်ရရင် မနေနိုင်ဘူး။ ပိုစတာတွေ ဝယ်ထားတာလည်း အများကြီးရှိနေပြီ။ သမီးက စွဲလမ်းပြီး ရူးနေတာ။ သူကတော့ သိမှာ မဟုတ်ဘူး။ တွေးမိရင် စာမကျက်ချင်တော့ဘူး။ သမီး ဘာလုပ်သင့်တယ်ဆိုတာ အကြံပေးပါဦး။ သမီး သူ့ကို ချစ်တယ် အန်တီ။*

သမီး။

◆ အေးကွယ် သမီးလေးရယ်။ သမီးမှာ အပြစ်မရှိပါဘူး။ ချစ်စရာတွေ့ရင် ချစ်မှာပဲပေါ့။ ဒါပေမဲ့ အချစ်ဆိုတာ ပန်းသီးလိုပဲ။ ရေခဲသေတ္တာထဲ သိမ်းထားလို့ရတယ် သမီးရဲ့။ ရေခဲသေတ္တာထဲ သိမ်းထားပြီးမှ ထုတ်စားရင် ချိုပြီး အေးပြီး မွှေးတယ်လေ။ စားတဲ့အခါမှာလည်း ဓားလေးနဲ့စိတ်ပြီး နည်းနည်းချင်း စားရတယ်။ အတုံးလိုက်၊ အတစ်လိုက် တအားကိုက်စားရင် 'သွား' ကျိုးတတ်တယ်။ သဘောပေါက်တယ်နော်။ ငါ့သမီးလေး သွားမကျိုးပါစေနဲ့။ (ပြန်စိုက်ရင် သွားတစ်ချောင်း လေးသောင်း ကျသတဲ့) ဒါကြောင့် အခွေကို ရေခဲသေတ္တာထဲ(အဲ... ဗီရိုထဲ)သိမ်းထားလိုက်ပါ။ စာကျက်ပါ။ စာမေးပွဲအောင်စာရင်းမှာ သမီးနာမည်ပါတဲ့အခါကျတော့ အခွေကို ဖွင့်ကြည့်ပါ။ အဲဒီအချိန်မှာ သမီး သူ့ကို မေ့ချင်မေ့နေနိုင်တယ်။ အဲဒီအခါကျရင် သရက်သီးတွေ ပေါ်နေပြီလေ။ သရက်သီးလည်း ချိုတယ်သမီးရဲ့။ သဘောပေါက်တယ်နော်။

*

(၉၅)

▢ *တို့က သရဖူက 'မေနှင်းကို မေးပါ' အခန်းကို ဖတ်ကြည့်တော့*



*သာမန် စိတ်ကူးယဉ်ကိစ္စ၊ သာမန် အချစ်ကိစ္စတွေ မဟုတ်ဘဲ မကြားဖူးပေမဲ့ တကယ်ရှိနေနိုင်တဲ့ ပြဿနာတွေကို ဖြေရှင်းပေးနေတာဖြစ်လို့ စွဲစွဲမြဲမြဲဖတ်ခဲ့တာ တစ်နှစ်ခွဲလောက် ရှိပါပြီ။ ဒါပေမဲ့ အချစ်တော်ဖွဲ့တဲ့ကိစ္စ၊ ယောကျ်ားချင်း၊ မိန်းမချင်း ချစ်မိတဲ့ကိစ္စတွေကို ဘာဖြစ်လို့ တန်ဖိုးရှိတဲ့ စာမျက်နှာပေါ်တင်ပြီး မေနှင်းရဲ့ ဘယ်လို ဗဟုသုတနဲ့ ဖြေရှင်းပေးနေပါသလဲ၊ ဘယ်လို နှလုံးသားနဲ့ ခံစားနားလည်ပေးနိုင်ပါသလဲ။ တို့ တကယ်သိချင်လို့ပါ။ တို့အထင်တော့ ဒီကိစ္စတွေကို အရေးတယူ ဖြေရှင်းပေးစရာ မလိုဘူး။ တခြား ဒီထက်တန်ဖိုးရှိတဲ့ မေးခွန်းတွေကို ပိုပြီး အရေးပေးသင့်တယ်လို့ ထင်တယ်။*

ခင်မေဦး၊ တောင်ကြီး။

● ကျေးဇူးတင်တယ် ခင်မေဦးရေ။ ဒီလို ဝေဖန်ရေးမျိုးကို ကြိုဆိုပါတယ်။ ဘာကြောင့် ဖြေနေရလဲဆိုတော့ ဒီပြဿနာတွေဟာ ဟိုးအရင် နှစ်ပေါင်း ၄၀ ကျော်လောက်က မိန်းကလေးကျောင်းအိပ်ကျောင်းစားနေကြတဲ့ခေတ်။ (မစ်ရှင်ကျောင်းတွေလို့ပဲ အတည့်ပြောလိုက်မယ်) အဲဒီခေတ်ကတည်းက အတော်ကြီးမားတဲ့ပြဿနာ ဖြစ်ခဲ့တယ်။ အချစ်တော်ကို အတိုကောက် (A.C.T)လို့ ခေါ်ကြတာပေါ့။ နေ့ကျောင်းတက်တဲ့ ကျောင်းသူတွေဘဝမှာ ရိုးရိုးသူငယ်ချင်းအဖြစ်ပဲ ရှိခဲ့ကြပေမဲ့ အတူအိပ်ကြရတဲ့ ဘော်ဒါတွေမှာ ဒါဟာ ဖက်ရှင်တစ်ခုလို ရှိခဲ့ဖူးတယ်။ ကိုယ်က မစ်ရှင်ကျောင်းမနေခဲ့ရပေမဲ့ ဆရာဖြစ်သင်ကောလိပ်နဲ့၊ ရန်ကုန်တက္ကသိုလ်မှာ 'မြင်မကောင်းအောင်' တွေ့ခဲ့ရဖူးတယ်။ ဒီထက် ရှင်းအောင် ပြောလိုက်ဦးမယ်။ ဒါ... ဒါကို မရှင်းလို့ဖြစ်မလား။ သဘာဝပဲဆိုပြီး ဥပေက္ခာပြုထား

www.burmeseclassic.com



ရမှာလား။ သူတို့က ခပ်ပြောင်ပြောင်ပဲ။ မိန်းမရော၊ ယောကျ်ား ရောတောင် ခေါ်ကြတာ။ အဲဒါ ဘာဖြစ်သလဲလို့မေးရင် ဒါဟာ ကျန်းမာရေးနဲ့ ဆိုင်ပါတယ်။ ယဉ်ကျေးမှုနဲ့ ဆိုင်ပါတယ်။ လူတွေကို လေးစားရမယ်ဆိုတဲ့ လူမှုရေးနဲ့လည်း ဆိုင်တယ်။ မေနှင်းကတော့ ဒါဟာ တိုင်းပြည်အတွက် နစ်နာတယ်လို့ တောင် ယူဆတယ်။ အကျိုးရှိမယ့်အလုပ်တွေ လုပ်ရမယ့် အချိန်(ဥပမာ–စာကျက်နေရမယ့်အချိန် နှစ်ယောက်ပူးပြီး) ထားပါစို့လေ။ ပြောရမှာ ပါးစပ်က မထွက်ဘူး။ ဒီတော့ မိန်း မတွေကိုရော၊ ယောကျ်ားတွေကိုရောပေါ့။ အလဟဿ အချိန် မဖြုန်းစေချင်ဘူး။ အာရှနိုင်ငံအတော်များများက မဂ္ဂဇင်းတွေမှာ **Sex education** ကို ပွင့်ပွင့်လင်းလင်း မေးနေ၊ ဖြေနေကြပြီ တို့က သူတို့လောက် မရဲသေးလို့ပါ။ ဒါကြောင့် ဒီကိစ္စတွေကို ဖြေနေရတာပါ။ အဲ...အဲ... ဘယ်လို ဗဟုသုတနဲ့ ဖြေသလဲတဲ့ ဆရာဖြစ်သင်ကောလိပ်ကျောင်းဆောင်၊ တက္ကသိုလ် ကျောင်း ဆောင်အပြင် မိန်းမဆောင်တွေမှာပါ သွားလေ့လာခဲ့ တာ လို့ဖြေရင် ကျေနပ်ပါ။ ဘယ်လို နှလုံးသားနဲ့ နားလည်ခံစား သလဲဆိုရင်တော့ လူကို လူလို ချစ်ခင်တတ်လို့၊ တိုင်းပြည်ကို ချစ်လို့ပါပဲ။

*

(၉၆)

ဂ ကျွန်တော် တက္ကသိုလ် ပထမနှစ်မှာ တက္ကသိုလ်က ဆရာမ တွေ့ခဲ့တယ်။ ဆရာမက ကျွန်တော့်ကို ကိုကိုလို့ခေါ်တ ဘယ်လို ကြည်နူးမှန်းမသိဘူး။ အခု အိမ်က ကျွန်တော့်ကို



*ယောကျ်ား ပေးစားတော့မယ်။ ကျွန်တော် အဲဒီလူကြီးကို မယူ ချင်ဘူး။ ဆရာမဆီပဲ ပြေးသွားချင်တယ်။ အန်တီမေနှင်း ကျွန်တော် ဘာလုပ်ရမလဲ။ ဆရာမကိုပဲ ပေါင်းရမလား။ မိဘ ပေးစားတဲ့ ယောကျ်ားကို ယူပြီး နိုင်ငံခြားကို အပြီးလိုက်သွား ရမလား။*

**ကဗျာ၊ ကလောမြို့။**

ကဲ... ပြောရင်းဆိုရင်း လိင်တူပြဿနာ လာပြန်ပြီ။ 'ကျွန်တော်၊ ကျွန်တော်' နဲ့ မရေးကြပါနဲ့ကွယ်လို့။ စာရေးရင် မိန်းမဆို ကျွန်မပဲ ရေးတော်မူကြပါ။ မေနှင်း ခေါင်းမူးလွန်းလို့ပါ။ ဆရာမဆိုတာကလည်း ငယ်ရွာသေးတယ်ထင်ပါရဲ့။ ကဲ... မန္တလေးက ခင်မေဦးရေ ဘယ့်နှယ်လုပ်ကြမလဲ။ ဒါဟာ အသေးအဖွဲပြဿနာမဟုတ်တော့ဘူး။ မေနှင်းကို ဆုံးဖြတ်ခိုင်း တာဆိုတော့ ခပ်ပြတ်ပြတ်ပဲ ဆုံးဖြတ်လိုက်မယ်။ မိမိကိုယ်မိမိ မိန်းမဆိုတာ သတိရပါ။ မိန်းမဆိုတာ မိန်းမ မယူရပါဘူး။ ယောကျ်ားပဲ ယူရပါတယ်။ ဒါကြောင့် မိဘပေးစားတဲ့ ယောကျ်ားကိုယူပြီး နိုင်ငံခြားလိုက်သွားတာ အကောင်းဆုံးပါ ပဲ။ စကားလက်ဆောင်(လက်ဖွဲ့ဆိုပါစို့) ပေးလိုက်မယ်။ လောက ကြီးမှာ အတုထက် အစစ်က ပိုကောင်းတယ်ဆိုတာပါပဲ။

*

(၉၇)

*သမီး ဘယ်လို နားလည်ရမှန်းမသိ ဖြစ်နေလို့ပါ။ သမီးရဲ့ 'ကိုကြီး' က ဒီနှစ်ထဲမှာ(× × )တက္ကသိုလ်က ကျောင်းဆင်း တော့မှာပါ။ သမီးတို့က တစ်ယောက်နဲ့တစ်ယောက် မမြင်ဖူး*

www.burmeseclassic.com

www.burmeseclassic.com



*ဘဲနဲ့ ချစ်သူဖြစ်ခဲ့ကြတာပါ။ ဓာတ်ပုံတောင် မမြင်ဖူးကြပါဘူး။ စာချင်းပဲ ဆက်သွယ်ခဲ့ကြတာ။ သူ့မှာ ရည်းစားရှိလားမေးရင် မရှိဘူးလို့ ဖြေတာပေါ့။ လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ သမီးကို Propose လုပ်တာပါ။ လူမမြင်ဖူးဘဲ ဒီလိုလုပ်တာ ယုံရပ့ါမလား။ သမီးက သမီးဘက်က အခက်အခဲတွေကြောင့် အမည်ရင်း၊ လိပ်စာ၊ ဓာတ်ပုံ အမှန်အတိုင်း မပေးခဲ့မိတာ မှားများသွားပြီလား။ ကိုကြီးက ကျောင်းဆင်းရင် သမီးကို လာတွေ့မယ်တဲ့။ အဲဒါ သမီး ကိုကြီးကို တွေ့ရမှာလား၊ မတွေ့ရဘူးလားဆိုတာ စဉ်းစားလို့ မရဘူး။ ခက်နေပါတယ်။ အန်တီနှင်း တတ်နိုင်သလောက် ကူညီပါနော်။ အခုလည်း ကိုကြီးဆီက စာနောက်ထပ် မလာတော့ဘူး။ သမီး ဘာလုပ်ရမလဲ။ သမီးကို တခြားလိုက်နေတဲ့ လူတွေရှိပေမဲ့ ကိုကြီးကိုပဲ ဦးစားပေးထားမိတာ မှားနေပြီလားရှင်။*

ဖူးသုန်၊ (× ×)

◆ အန်တီနှင်း အကူညီချင်ဆုံး အလုပ်ကို ပြောရရင်တော့ အဲဒီလူနဲ့ ချိန်းထားတဲ့ နေ့၊ ချိန်းတဲ့ နေရာကို မေနှင်းကိုယ်တိုင်သွားပြီး 'ကိုကြီးရဲ့ ဖူးသုန်ဆိုတာ မီးမီးပဲလေ' လို့ ပြောလိုက်ချင်တယ်။ တစ်ခါတည်း ပွဲပြတ်သွားမှာပဲ။ ကဲ... ဘယ်လိုလဲ။ အဲလို ကူညီရမလား။ မေနှင်းက သူများကို သိပ်ကူညီချင်လို့ပါ။ ဟော... ကောင်မလေး ငိုမဲ့မဲ့ဖြစ်သွားပြီ မဟုတ်လား။ သမီးရယ် မမြင်ဖူးတဲ့လူချင်း ခိုင်ခိုင်မာမာ ချစ်ကြဖို့ဆိုတာ အတော်ရှားပါလိမ့်မယ်။ ရှိချင်လည်း ရှိနိုင်တာပေါ့လေ။ မေနှင်း ကိုယ်တွေ့အရကတော့ မြင်မြင်ချင်းအချစ်ဆိုတာကိုတောင် သိပ်မယုံဘူး။ လူချင်း ရင်းနှီး၊ တစ်ဦးကိုတစ်ဦး နှစ်



သက်လိုလား၊ တွယ်တာ နှောင်ဖွဲ့၊ ဒီလိုကမှ ခိုင်မာတဲ့အချစ်၊ မြတ်နိုး တန်ဖိုးထားတဲ့ အချစ်ဆိုတာ ဖြစ်တည်လာနိုင်တာပါ။ ခုတွေ့၊ ခုကြိုက်၊ ခုကွဲဆိုတာတွေက အပေါစား ဓာတ်လမ်းတွေပဲ။ သမီးလို လေဖမ်းဝါးတန်းချည်ရတာမျိုးက ပိုပြီး မရေရာတာပေါ့။ ခုပဲ စာမလာတော့ဘူးဆိုရင် ရှင်းနေပြီပဲ။ သူ ပျင်းပျင်းရှိတိုင်း သမီးနဲ့ ရည်းစားထားတမ်း ကစားတာဖြစ်မှာပေါ့။ အဲဒါ သမီးက အဟုတ်မှတ်လို့။ ဒီခေတ်မှာ အင်တာနက်ကိုင်ကြတဲ့ ဝန်ထမ်းအများစု အဲသလို 'အီးမေးလ်ချစ်သူ' တွေလုပ်နေကြတယ်လို့ အတိအကျ သိရတယ်။ (မေနှင်းက သတင်းစုံရတယ်နော်) ပြီးတော့ G-Talk လို့ အတိုကောက်ခေါ်ကြတဲ့ Global Talk ဆိုတာကြီးလည်း ပေါ်လာပြန်ပြီဆိုပဲ။ သူက ကွန်ပျူတာမှာပဲ ဘာတွေ တပ်ဆင်ရတယ်ဆိုလားပဲ။ တယ်လီဖုန်းလို ပြောလို့ရသတဲ့။ တယ်လီဖုန်း မလိုတော့ဘူးတဲ့။ အဲဒါကြီးကိုလည်း အသစ်အဆန်းဆိုပြီး အပျင်းပြေပြောနေကြပြန်ပြီ။ လူငယ်တွေဆိုတော့လည်း အပြစ်မတင်သာဘူးပေါ့ကွယ်။ စမ်းသပ်ကြတာပေါ့။ အလုပ်ထဲ တင်းကျပ်လာတဲ့အခါ စီးပွားရေး၊ လူမှုရေး မွန်းကျပ်လာတဲ့အခါ ဒီလိုပဲ တီဗီဂိမ်းကစားသလို ကစားကြမှာပဲ။ ဒီတော့ သူလာတွေ့ရင်လည်း တွေ့လိုက်ပေါ့။ လိုက်တော့ မသွားနဲ့။ လူချင်းတွေ့တော့မှ သူ့ရုပ်က 'ရုပ်ဆိုးကြီး'ဖြစ်နေရင် သမီးလည်း စိတ်ပျက်သွားမှာပါ။ သမီးကိုလည်း သူချစ်ချင်မှ ဆက်ချစ်မယ်။ ပိုပြီး ချစ်လာတာမျိုးလည်း ဖြစ်နိုင်တယ်။ ဒါတွေဟာ လူသူချင်းဆုံမှ ပေါ်လာမယ့် ခံစားချက်တွေလေ။ စိတ်ကူးယဉ်စာရေးတာတွေက သက်သက်မယ့် တံဆိပ်ခေါင်းဖိုး ကုန်တာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ အဲဒီအချိန်တွေမှာ လူငယ်အကျိုးပြုစာအုပ် တစ်အုပ် လောက်များ ဖတ်နေလိုက်ရင် ဘယ်လောက်အကျိုးရှိမလဲ။

*

## (၉၈)

ဂ အန်တီမေနှင်း ဒီဇင်ဘာ သရဖူမှာပါတဲ့ ကိုနေလင်းရဲ့စာကို ဖတ်ပြီး ရင်ဖွင့်ချင်စိတ်ပေါက်လာလို့ ဒီစာကို ရေးလိုက်ပါတယ်။ ကျွန်တော်လည်း ဆေးတက္ကသိုလ်ကျောင်းသားတစ်ယောက်ပါ။ အခုဆိုရင် နောက်ဆုံးနှစ် အပိုင်း(ခ) တက်ရတော့မှာပါ။ ခက်တာက ကျွန်တော် ဆရာဝန်လုပ်ဖို့ လုံးဝ ဝါသနာမပါတာဘဲ။ ကျွန်တော်က အရမ်းရွံတတ်ပါတယ်။ လူနာရဲ့ အညစ်အကြေးတွေ၊ သွေးတွေတွေ့ရင် အန်ချင်နေပြီ။ ကျွန်တော် တကယ်ဖြစ်ချင်တာက *Model* တစ်ယောက်ပါ။ နိုင်ငံခြားအထိသွားပြီး *International Model* အဖြစ် ရပ်တည်ချင်တယ်။ ဒါပေမဲ့ ကျွန်တော့် ခန္ဓာကိုယ် အချိုးအစားက *International Standard* နဲ့ ကွာဟလွန်းတယ်။ ကျွန်တော် အသက် ၂၁ နှစ်ပြည့်ပြီးပါပြီ။ ဒီအရွယ်ရောက်မှ အရပ် ၆ ပေရှိလာအောင် ကြိုးစားလို့လည်း မဖြစ်နိုင်ဘူးနဲ့ တူပါတယ်။ ကျွန်တော့်အရပ်က ၅ ပေ ၇ လက်မပါ။ ဒီအတွက်လည်း တော်တော်စိတ်ဓာတ်ကျပါတယ်။ ဒီဝါသနာကိုလည်း လုံးဝ မစွန့်နိုင်ဘူးဖြစ်နေတယ်။ *exercise* လုပ်ဖို့လည်း အချိန်မပေးနိုင်ဘူး။ အစက ရန်ကုန်မှာ ကျောင်းတက်ရင်း *Model* လုပ်ဖို့ပါပဲ။ ဒါပေမဲ့ မိဘစကား နားမထောင်ရာကျမှာစိုးလို့ မကွေးမှာရှိတဲ့ ဆေးတက္ကသိုလ်တက်ဖို့ သဘောတူလိုက်ရတယ်။



ခုတော့ ဖြစ်ချင်တာတွေက ကျွန်တော်နဲ့ ဝေးသထက် ဝေးလာတာမို့ အကြီးအကျယ် စိတ်ဓာတ်ကျမိတယ်။ ဘဝကို အဓိပ္ပာယ်မရှိဘူးလို့ ခံစားနေရတယ်။ ကျွန်တော်ဖြစ်ချင်တဲ့ *Model* ရည်မှန်းချက်ကလွဲပြီး တခြားလုပ်ငန်း လုံးဝစိတ်မဝင်စားပါခင်ဗျာ။

**ကျော်ထက်အောင်၊ ဆေးတက္ကသိုလ်(မကွေး)။**

ကဲ... မိဘအပေါင်းတို့ ဖတ်မိကြပါစေသား။ ကျွန်မသားက M.C၊ ကျွန်မသမီးက ဆေးရတယ်လို့ အသားလွတ် ကြွားချင်ကြတဲ့ အမေတွေ၊ ကိုယ့်အပြစ်ကိုယ် မြင်နိုင်ကြပါစေ။ 'ဆေးရောဂါ' ဟာ 'ဆားရောဂါ' လိုပဲ ကူးစက်လေ့ရှိတယ်။ မေနှင်းတို့ခေတ်က လူနည်းသေးတော့ တက္ကသိုလ်ရောက်ရင် ယူချင်တာယူလို့ရတယ်။ ဆေးယူချင်ယူပေါ့။ ယူပေမဲ့ ဆေးမရောက်ခင် နှစ်နှစ်မှာ အရည်အချင်းတစ်ခါ စစ်တယ်။ မမီရင် ဝိဇ္ဇာ၊ သိပ္ပံ ရိုးရိုးပြန်သွား။ မီလို့ ဆေးကျောင်းရောက်ပြီးရင်တောင် 2nd M.B မှာ (ထင်ပါရဲ့) ကျပြန်ရင် လုံးဝ ဆက်တက်ခွင့်မရဘူး။ ရိုးရိုး B.A,B.Sc ပြန်သွားကြရတယ်။ M.B.B.S ရဖို့ အလွန်ခက်တယ်။ ဒါပေမဲ့ ဆေးရတဲ့လူဆိုပြီး ဘယ်သူမှ အထင်မကြီးပေါင်။ ကိုယ်မှ ဝါသနာမပါတာ။ ဝါသနာပါတဲ့ ဘာသာပဲ ယူကြတယ်။ ကိုယ်ယူတဲ့ဘာသာကို ကိုယ့်ဟာကိုယ် လက်မထောင်ပြီး ပြောကြတယ်။ ညံ့တဲ့လူ ဘယ်ဘာသာရတယ်လို့မှ မသတ်မှတ်ဘဲကိုး။ ပြီးတော့ တက္ကသိုလ် ရောက်တယ်ဆိုကတည်းက လူတော်တွေပဲ။ ဟိုတုန်းက မက်ထရစ် အောင်မြင်နှုန်း ၆ ရာခိုင်နှုန်းပဲ ရှိတယ်လေ။

ဒီတော့ ကိုယ့်ဝါသနာနဲ့ကိုယ် စာသင်လိုက်၊ တခြားလုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တာလေးတွေ လုပ်လိုက်နဲ့ တကယ့် ရွှေရောင်တဝင်းဝင်း ကာလများပါပဲ။ အခု ကျော်ထက်အောင်တို့၊ မောင်နေလင်းတို့လို မိဘက ဖွတ်အတင်း ဆေးယူရမယ်လို့ ဘယ်မိဘကမှ ခိုင်းတာ မကြားဖူးပါဘူး။ အခု ပြဿနာဖြစ်နေကြပြီ။ ဘယ်လိုဖြေရှင်းကြမှာလဲ။ မိဘတွေကို 'နောက် ကလေးကို နှိပ်စက်ဦးမလား' လို့ တုတ်ကြီးကြီးနဲ့ နာနာရိုက်ဖို့ပဲ ကောင်းတော့တယ်။ ဉာဏ်ရည်ထက်တဲ့ကလေးဟာ သူ ဝါသနာပါတာကို လုပ်ခွင့်ရရင် သူ့အလုပ်မှာ မိုးထိအောင် ကောင်းစားမှာပဲ။ အဲဒါ နားလည်ကြစမ်းပါ။ ဂရုစိုက်ကြစမ်းပါ။ 'စွမ်းရည်ထူး' ဆိုတဲ့ အင်္ဂလိပ်ဝတ္ထုတစ်ပုဒ် ကိုယ် ဘာသာပြန်ဖူးပါတယ်။ ဒီလစ်ခ်ဆိုတဲ့ ကလေးမလေးဟာ ကျောင်းမှာ သံပြိုင်သီချင်းဆိုတဲ့နေရာမှာ အသံကြောင်လွန်းလို့ ဂီတဆရာမက ရိုက်တာခံရတယ်။ ကလေးအချင်းချင်း အလှောင်ခံရတယ်။ ဒဏ်ပေးခံရတယ်။

အဲဒီညနေ စိတ်ညစ်ညစ်နဲ့ ချောင်းကူးတံတားပေါ်မှာ သွားငိုင်နေခဲ့တယ်။ ဒီအခါ ချောင်းတစ်ဖက်ကမ်းမှာရှိတဲ့ ဘုရားကျောင်းကမ္မဆရာ ရောက်လာတာနဲ့တွေ့တယ်။ မမ္မဆရာက ဒီလစ်ခ်လေးကို သိနေတော့ ချော့ခေါ်သွားတယ်။ ငါနဲ့အတူ ခရစ္စမတ်နေ့ ပြင်ဆင်နေတာ ကူညီစမ်းပါ။ ဖွားတော်မူခန်းကို ရွှံ့ရုပ်တွေနဲ့ လုပ်နေတာ မပြီးသေးလို့တဲ့။ ဒီလစ်ခ်လည်း လိုက်သွားပြီး အရုပ်ကလေးတွေ ကူလုပ်တယ်။ သူလုပ်တဲ့ အရုပ်ကလေးတွေ သိပ်ကို အသက်ဝင်တာပဲတဲ့။ ပွဲတော်နေ့မှာ ချီးကျူးခံရတယ်။ အဲဒီကလေးမလေးက နောင်အခါ ကမ္ဘာကျော် ပန်းပုထုဆရာမကြီး ဖြစ်သွားခဲ့တယ်။



အဲဒါပါပဲ။ လူဆိုတာ သူ့နေရာနဲ့သူ 'စွမ်း'ကြတာပါ။ ဖွတ်ပုံမသွင်းကြပါနဲ့။ တောင်းပန်ပါတယ်။ ကလေးတွေ ဘာစိတ်ဝင်စားသလဲ စူးစမ်းပါ။ သူ ဝါသနာပါတာကို ထိထိရောက်ရောက် အားပေးပါ။ မိဘတွေ နားလည်ကြစမ်းပါလို့ အကြိမ်ကြိမ် တောင်းပန်လိုက်ပါတယ်။ ဒီလတော့ မောလွန်းလို့ ဒီအဖြေနဲ့ပဲ အဆုံးသတ်ပါရစေ။

*

## (၉၉)

*သူနဲ့ကျွန်တော် ရည်းစားတွေဖြစ်ကြတာ ခုဆို တစ်နှစ် ပြည့်ပါတော့မယ်။ သူက ကျွန်တော့်ကို အရမ်းချစ်သလို အရမ်းလည်း အလိုလိုက်ပါတယ်။ သူက ရုပ်လည်း ချောပါတယ်ခင်ဗျား။ ပြဿနာက ကျွန်တော့်ဘက်ကပါ။ ကျွန်တော် သူနဲ့ဖြစ်စက သူ့ကို ကျွန်တော် ချစ်လာမယ်ထင်တာ။ အဲဒီတုန်းက သူ့ကို ချစ်တယ်လည်း ထင်ပါတယ်။ ခုတော့ ကျွန်တော် သူ့ကို ညီမလေးတစ်ယောက်လိုပဲ ချစ်နိုင်ပါတော့တယ် ခင်ဗျား။ သူ့အပေါ် ကျွန်တော် စည်းစောင့်ခဲ့သလို ဂရုစိုက်မှုလည်း မလျှော့ခဲ့ပါဘူး ခင်ဗျာ။ သူငယ်ချင်းတွေ အမြင်မှာတော့ ကျွန်တော်တို့ဟာ အားကျစရာ စုံတွဲပါပဲ။ ကျွန်တော်ဟာ သူ စိတ်ဆင်းရဲမှာစိုးလို့ မပြောရက်ခဲ့ပါဘူး။ သူကတော့ ကျွန်တော်နဲ့သာ လမ်းခွဲရရင် သူ ဘယ်လိုမှ ဘဝမှာ ရပ်တည်နိုင်တော့မှာ မဟုတ်ဘူးလို့ ပြောဖူးပါတယ်။ သူက မိဘတွေကို ဖွင့်ပြောပြီး ကျွန်တော်နဲ့ မိတ်ဆက်ပေးဖို့ လုပ်နေပါပြီ။ ခုချိန်မှာ ကျွန်တော် ဘာလုပ်သင့်ပါသလဲ ခင်ဗျာ။ သူ စိတ်မဆင်းရဲဖို့ ကျွန်တော်ပဲ*

www.burmeseclassic.com

www.burmeseclassic.com



*စိတ်ဆင်းရဲခံပြီး သူ့ကို လက်တွဲသွားရမလား။ ကျွန်တော့်မှာ အရင်က ချစ်ခဲ့ရတဲ့ ကောင်မလေးတစ်ယောက် ရှိပါတယ်။ သူ့ကိုလည်း ခုချိန်ထိ ကျွန်တော် မမေ့နိုင်သေးပါဘူးခင်ဗျား။ အဲဒီ ကောင်မလေးက ကျွန်တော့်ကို မကြိုက်ပါဘူး။ အခု ကောင်မလေးကိုလည်း သနားတယ်။ ကျွန်တော် ဘာလုပ်သင့်ပါသလဲ ခင်ဗျား။ သူရော ကျွန်တော်ရော ဆေးကျောင်းတက်နေကြပါတယ်။*

**ရှင်းသန့်၊ တတိယနှစ်ဆေး(မကွေး)။**

အဲဒါအားလုံးအတွက် စံပြသင်ခန်းစာပါပဲ။ ကိုယ့်ဘက်က ချစ်၊ မချစ် မသေချာဘဲနဲ့ သွားမစသင့်ဘူးဆိုတာ အကြီးအကျယ် သင်ခန်းစာပဲ။ မေနှင်းက 'ချစ်ခြင်းတရား' ကို လေးစားတယ်။ တန်ဖိုးထားတယ်။ လောကကြီးကို ချစ်ချင်းတရားနဲ့ တည်ဆောက်ရမယ်လို့ ခံယူတယ်။ မချစ်ရင် မချစ်ဘူးလို့ ပြောရဲရမယ်။ အချစ်နဲ့ပတ်သက်ရင် မလိမ်ရဘူး။ မညာရဘူး။ ချစ်ခြင်းဆိုတဲ့ အမှန်တရားဟာ ခွန်အားပဲဖြစ်ရမယ်။ ဒီလို ယုံကြည်သူပါ။ အခု ရှင်းသန့်က တကယ်မချစ်ဘဲ၊ ကိုယ့်ဟာကိုယ် မသေချာဘဲ သူများကို သွားချစ်လိုက်ပြီး ခုမှ မချစ်မှန်းသိရလို့ စိတ်ဆင်းရဲနေတယ်ဆိုတော့ မေနှင်း ခပ်ပြတ်ပြတ်ပဲ ဖြေမယ်နော်။ 'ပျက်အစဉ် ပြင်ခဏ' တဲ့။ ခဏတော့ စိတ်ဆင်းရဲရမှာပေါ့။ တစ်ဘဝလုံး စိတ်ဆင်းရဲရမှာနဲ့ နှိုင်းရင် ခဏ စိတ်ဆင်းရဲတာကို ရွေးရမယ်မဟုတ်လား။ အိမ်ထောင်တစ်ခုဆိုတာ ချစ်လို့ ယူကြတာတောင် အများကြီး ပြဿနာ ကြုံကြရတာ။ မချစ်ဘဲနဲ့ များဆိုရင် ဘယ် ခံနိုင်ရည်ရှိပါ့မလဲ။ ဒါကြောင့် အမှန်အတိုင်းပဲ ဖွင့်ပြောလိုက်ပါလို့ အကြံပြုလိုက်ရပါတယ်။ (ဘုရား...



ဘုရား သူများချစ်ခြင်းခွဲရတာနဲ့ ဝဋ်မလည်ပါစေနဲ့လို့ ဆုတောင်းရဦးမယ်။ ဒါပေမဲ့ အကြံပေးပုဂ္ဂိုလ်ဆိုတာကတော့ ဓမ္မဓိဋ္ဌာန်ကျကျ ဆုံးဖြတ်ရမှာပါပဲ။ အမှန်ပြောရရင် မေနှင်းလည်း ကိုယ်ချစ်တဲ့လူကိုပဲ လိုချင်တယ်။ ကိုယ့်ကို ချစ်တဲ့လူကိုပဲ လိုချင်တယ်။ အားနာပါးနာ ချစ်တာမျိုးကြီး မလိုချင်ပါဘူး။ ဒါကြောင့် တစ်ဘဝစာကိုပဲ ဆုံးဖြတ်ဖို့ ပြောရတာပါ။)

*

(၁၀၀)

ဂ *ကျွန်တော်ဟာ ရန်ကုန်နဲ့ အလှမ်းကွာဝေးတဲ့ ဒေသတစ်ခုမှာ တာဝန်ထမ်းဆောင်နေသူတစ်ယောက်ပါ။ ကျွန်တော့်ဘဝဟာ အရမ်းအထီးကျန်တယ်လို့ အမြဲခံစားရပါတယ်။ ဒီအခါ ကျွန်တော့်ကို စောင့်ရှောက်ပြီး ကြင်နာယုယမယ့် အနားမှာ အမြဲနေပြီး နားလည်ချစ်ခင်တဲ့ ရည်းစားတစ်ယောက်ကို အမြဲ မျှော်လင့်ခဲ့မိပါတယ်။ အသက် ၂၀ လောက်ကတည်းက ကျွန်တော့်ကို ကြိုက်တဲ့လူတွေ၊ ကျွန်တော်က ကြိုက်တဲ့လူတွေ ရှိခဲ့ပါရဲ့။ ဒါပေမဲ့ ကိုယ်မချစ်၊ သူချစ်။ ကိုယ်ချစ်၊ သူမချစ်။ အဲဒါတွေနဲ့ပဲ သံသရာလည်ခဲ့တယ်။ ပထမတစ်ယောက် ထားကြည့်ခဲ့တယ်။ ကျွန်တော့်အသက် ၁၀ နှစ်ကြီးပါတယ်။ ကျွန်တော်လိုချင်တဲ့ နွေးထွေးမှုတွေကို မရခဲ့ဘူး။ အရာရာကို မျှဝေခံစားမှု မရခဲ့လို့ အဆက်ပြတ်ခဲ့တယ်။ ကျွန်တော် တအား ခံစားခဲ့ရပါတယ်။ နောက်တစ်ယောက်က ရည်းစားများသူပါ။ ကျွန်တော်က ခိုင်ခိုင်မြဲမြဲ ချစ်ချင်တာ။ လက်တွဲဖော်ကို ဘယ်လိုရှာရပါ့မလဲ မေနှင်းရယ်။*

**PPA၊ ရခိုင်ပြည်နယ်။**

www.burmeseclassic.com



◆ အင်း... သေသေချာချာ စဉ်းစားကြည့်တော့ မင်းဘက်က 'အတ္တ'ဆန်နေတယ်လို့ ထင်ပါတယ်။ စိတ်မဆိုးကြေးနော်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက အယုယခံချင်တယ်။ နွေးထွေးခံချင်တယ်။ ရယူချင်တယ်ဆိုတာတွေပဲ ရှိနေတာကိုး။ တကယ့်အချစ်မှာက ကိုယ်က ပေးချင်တာလေ။ ကိုယ်က ယုယချင်တာ၊ ကိုယ်က ပေးအပ်ချင်နေတာ။ အဲဒါမှ တကယ့်မေတ္တာပါ။ ခုလို ကိုယ်က သူ့ဆီက လိုချင်နေတာဆိုရင်တော့ အချစ်မဟုတ်ဘူး။ တဏှာပဲ ဖြစ်မယ်။ တဏှာကို အခြေခံလို့ကတော့ အချစ်စစ်ကို ဘယ်ရနိုင်ပါ့မလဲ။ ဒါကြောင့် ကိုယ်က ယုယချင်တဲ့လူ အလိုလို တွေ့လာတဲ့အထိ ခပ်အေးအေး နေလိုက်ပါဦးလို့ အကြံပြုပါရစေကွယ်။

*

(၁၀၁)

ဂ *မေနှင်းကို အခက်အခဲတစ်ခု တင်ပြပါရစေ။ ကျွန်တော် အရမ်းစွဲလမ်းနေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်ခင်ဗျ။ ခက်တာက သူ့မှာ နှလုံးရောဂါ ရှိနေတယ်။ ဖွင့်ပြောလိုက်ရင် ပြန်ကြိုက်လို့က အကြောင်းမဟုတ်ဘူး။ ပြန်မကြိုက်ဘဲ ခါးခါးသီးသီး ငြင်းရင် နာကြည်းစိတ်တွေ၊ မုန်းတီးစိတ်တွေကြောင့် သူ့ရဲ့ရောဂါကို ထိခိုက်သွားမလားလို့။ အသက်အန္တရာယ်ထိ အခြေအနေ ဆိုးသွားမလားဆိုပြီး တွေးပူနေမိတယ်။ အဲဒါ ကျွန်တော် သူ့ကို ချစ်တယ်လို့ ဖွင့်ပြောသင့်၊ မပြောသင့် အကြံဉာဏ်ပေးပါ ခင်ဗျာ။*

ဟိန်းမင်းဇော်၊ ဖြူးမြို့။



◆ အောင်မယ်လေး...နှလုံးရောဂါရှိတဲ့လူကို ရည်းစားစကားမပြောကောင်းဘူးလို့ ဘယ်လိုအချစ်ကျမ်းမှာမှ ပြဋ္ဌာန်းမထားပါလားကွယ်။ ဘယ်စိတ်ပညာဆရာမှလည်း မတားဆီးကြပါဘူး။ မင်းနှယ် တွေးပူရန်ကောကွယ်။ အေးလေ တစ်ခုတော့ ရှိတာပေါ့။ သမီးရည်းစားရယ်လို့ ဖြစ်ကြရင် စိတ်ကောက်ကြ၊ စိတ်ဆိုးကြ၊ ချော့ရနဲ့ အနည်းနဲ့အများ အပူရှိတာပေါ့။ ပူပြီဆိုရင် ရောဂါထမှာပဲ။ ဒီတော့ 'နှလုံးရောဂါရှိသူများ ရည်းစားမထားသင့်' လို့ အကြံပြုရမလို ဖြစ်နေတာပေါ့။ ရည်းစားထားရတာ တကယ်ကို ပျော်စရာကောင်းသလို၊ တကယ်ကို ပြဿနာများတတ်တယ်လေ။ (မယုံမရှိနဲ့ ကိုယ်တွေ့ကွယ့်)။ ဒီတော့ မင်းတွေးပူတာလည်း ပူစရာပဲ။ တစ်ခုတော့ ရှိတာပေါ့လေ။ မင်းက သူ့ကို အမြဲအလိုလိုက်ပြီး အကြိုက်ဆောင်နေနိုင်ရင်တော့ ရင်အေးပြီး ရောဂါတောင် ပျောက်သွားမလားပဲ။ ပင်တော့ ပင်ပန်းမှာ သေချာတယ်။ နောက်တစ်ခု စဉ်းစားထားရမှာ ရှိသေးတယ်။ နှလုံးရောဂါရှိတဲ့လူဟာ ကလေးမွေးလို့ မဖြစ်ဘူး။ ဒီတော့ အိမ်ထောင်မပြုတာ ကောင်းတယ်။ ကဲ... မေနှင်းလည်း ခုလ တစ်လမှာ သူတစ်ပါး ချစ်ခြင်းခွဲသလိုတွေပဲ ပြောနေမိပြီ။ ဖွဟဲ့... ဝဋ်မလည်ပါစေနဲ့နော်။

*

(၁၀၂)

*သားက မြိတ်သားပါ။ အသက် ၁၉ နှစ်ရှိပြီ။ သားမှာ သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူက ၂၄ နှစ်။ သူ့ကို အစ်ကိုလို့ခေါ်ပြီး သူက သားကို ညီလေးလို့ ခေါ်ပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com



*ကျောင်းမှာ ဂုဏ်ထူးတန်း ဆုတွေပေးတော့ သားက ပထမရပြီး သူက ဒုတိယပဲရတယ်။ အဲဒီအချိန်ကစပြီး သူ သားကို မခေါ်တော့ဘူး။ သူ မနာလိုတာလား၊ ရှောင်သင့်တဲ့လူလား၊ မရှောင်သင့်တဲ့လူလား သိချင်ပါတယ်။*

**ဇော်ဇော်၊ မြိတ်။**

◆ ရှောင်စရာလည်း မလို၊ ခင်မင်စရာလည်းမလို၊ အစ်ကိုလို့လည်း မခေါ်ထိုက်တဲ့လူပေါ့ကွယ်။ ယောကျ်ားမဆန်ဘူးပေါ့။ သူက သူ့အဆင့်အတန်းကို ပြလိုက်တာပါပဲ။ စိတ်အနှောင့်အယှက် အဖြစ်မခံပါနဲ့။ လောကကြီးမှာ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်လမ်းကိုယ် လျှောက်ကြရတာပါ။ ကိုယ့်အရည်အသွေးကို ကိုယ့်ဘာသာပဲ မြှင့်တင်ကြရတာပါ။ ဒီတော့ ထားလိုက်ပါကွာ။ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်။ ဒါပဲရှိတယ်။ သူ လာပြန်ခေါ်တဲ့အခါကျတော့လည်း ကိုယ်က သဘောထားကြီးကြီးနဲ့ ပြန်ခေါ်လိုက်ပေါ့။ ယောကျ်ားတွေပဲကွာ။

*

## (၁၀၃)

▫ *ကျွန်တော်ဟာ လူတစ်ယောက်ပါ။ လူမှ လူအစစ်။ ခေတ်မဆန်ပေမဲ့ ခေတ်မီတဲ့ လူငယ်တစ်ယောက်ပါ။ ဝါသနာက စာရေးစာဖတ်၊ ဂီတာတီး၊ တိရစ္ဆာန်တွေအကြောင်း စိတ်ဝင်စားသူ။ အဲဒါကစပြီး ပြဿနာဖြစ်တာပါ။ အဆောင်မှာ အတူတူအိပ်တဲ့သူငယ်ချင်းတွေက လူစုံရင် အချစ်အကြောင်း၊ ကောင်မလေးတွေအကြောင်း၊ အဝတ်အစားနဲ့ ရုပ်ရှင်အကြောင်းပဲ ပြောကြတာပါ။ ကျွန်တော်တစ်ယောက်တည်းပဲ ကွဲနေတော့သူငယ်ချင်းတွေက ကျွန်တော့်ကို အရူးတဲ့။ အဲဒါ ကျွန်တော် မှားသလား ဆိုတာ ကူညီပြောပြပါနော်။*



**သားငယ်၊ ရုံးစည်။**

◆ မမှားပါဘူးကွယ်။ လူဆိုတာ ဒီလိုပဲ အမျိုးမျိုးရှိကြတာပါပဲ။ တစ်မိသားစုတည်းက ပေါက်ဖွားတဲ့ ညီအစ်ကိုအချင်းချင်းတောင်မှ စိတ်ချင်း၊ ဝါသနာချင်း မတူတတ်ကြပါဘူး။ ဒီလိုမတူတိုင်း အပြစ်မတင်ရပါဘူး။ တူတဲ့လူအချင်းချင်း ပေါင်းပြီး မတူတဲ့ကိစ္စတွေကို မတူတဲ့အတိုင်း ခွဲပြီး လုပ်ကြရပါတယ်။ ဒါကို လက်ခံလိုက်တဲ့အခါ ဘယ်သူ့ကိုမှ အပြစ်မမြင်ကြတော့ပါဘူး။ လွတ်လပ်စွာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားသွားဖို့ပါပဲ။ ဒါကြောင့် သားငယ်အနေနဲ့က မတူတဲ့လူတွေကို မဆန့်ကျင်ဘဲ ကိုယ်နေတတ်သလို နေပါလို့ပဲ ပြောချင်ပါတယ်။

*

## (၁၀၄)

▫ *ကျွန်မချစ်သူနဲ့ ကျွန်မကို အိမ်က သဘောမတူဘူး။ အကြောင်းကတော့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား အလုပ်မလုပ်ဘဲ နေလို့ပါ။ ကျောင်းပြီးခဲ့ပေမဲ့ မိဘက အလိုလိုက်ပြီး ဘာမှမခိုင်းဘဲ နေနေတယ်။ ကျွန်မကိုတော့ တစ်နှစ်စောင့်ဖို့ ပြောပါတယ်။ တစ်နှစ်အတွင်း ပြောင်းလဲနိုင်ပါ့မလား။ ကျွန်မနဲ့ သူနဲ့ကြားမှာ ဘာမှ ပြဿနာမရှိပါဘူး။ အလုပ်မလုပ်ဘဲနေတဲ့ ကိစ္စတစ်ခုပါပဲ။ ချစ်တာတစ်ခုတည်းနဲ့ ဘဝကို ထူထောင်လို့ မပြည့်စုံ ဘူးဆင်လို့ပါ။ ကျွန်မအမြင် မှန်လား၊ မှားလား ပြောပြပါဦး။ သူ့ကိုလည်း အားကိုးထိုက်တဲ့ ယောကျ်ားဖြစ်လာအောင် ကျွန်မ*

www.burmeseclassic.com

www.burmeseclassic.com



*ဘယ်လို စည်းရုံးသွန်သင်သင့်သလဲဆိုတာ အကူအညီတောင်းပါတယ်ရှင်။*

သက်သက်၊ တမူးမြို့။

◆ ကျောင်းပြီးခါစ မိဘ ချမ်းသာလို့ အချိန်ဖြုန်းနေတယ်ဆိုတာ တကယ်ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ သူနဲ့ ထိုက်တန်တဲ့ အလုပ်ကို ရွေးနေတာလည်း ဖြစ်နိုင်တာပါပဲ။ အလုပ်မရွေး လုပ်နိုင်ရမယ်ဆိုတာက အမိပ္ပာယ်တစ်မျိုးလေ။ ရွေးနိုင်တဲ့ အခြေအနေရှိသူတွေကတော့ ရွေးမှာပဲပေါ့။ အရေးကြီးတာက ကိုယ်ကိုယ်တိုင်က သူ့ကို စည်းရုံးစရာမလိုဘဲ သူ့အလိုလို တာဝန်ယူဖို့ပါပဲ။ သူ ကိုယ်တိုင် တာဝန်မယူချင်ဘူး။ ဆက်ပြီး အလုပ်မလုပ်ဘဲ နေမယ်ဆိုရင်တော့ သူ့ကို မယူဘဲ နေနိုင်အောင် မိမိကိုယ်မိမိပဲ စိတ်ခိုင်ခိုင်ထားပါ။ ကိုယ်က အလုပ်မရှိသူကို မယူဘူးလို့ စိတ်တင်းထားပေမဲ့ သူ့ကိုတော့ နိမ့်သလို ဖြစ်အောင် မပြောမိဖို့ လိုပါတယ်။ ဘဝကို အတူတူ ရုန်းကန်ကြမယ်ဆိုတဲ့ နှစ်ဦးသဘောတူပန်းတိုင်လည်း ရှိသင့်ပါတယ်။ ချစ်သူဘဝမှာ အနာဂတ်ကို စိတ်ကူးအိပ်မက်ဖို့တော့ လိုပါတယ်။ စိတ်တူသဘောတူ တည်ဆောက်ဖို့လည်း လိုပါတယ်။ သူ တစ်ယောက်တည်းကို အပြစ်ပုံချတာမျိုးလည်း မလုပ်သင့်ပါဘူးလို့ သတိပေးလိုက်ပါရစေ။

*

(၁၀၅)

❑ *သူက သမီးတို့မြို့မှာ ကျောင်းလာတက်သူပါ။ သမီးထက် တစ်နှစ်ငယ်ပါတယ်။ ကျောင်းပြီးဖို့ သုံးနှစ် လိုပါသေးတယ်။*



*သူ ချစ်ခွင့်ပန်ထားတာကတော့ ခြောက်လရှိပါပြီ။ အဖြေ မပေးရဲပါ။ နယ်က ဖြစ်နေလို့။ ပတ်ဝန်းကျင်မှာလည်း သစ္စာမရှိတဲ့ ယောကျ်ားတွေပဲ မြင်နေရလို့ပါ။ သမီး ဘယ်လို ဆုံးဖြတ်သင့်ပါသလဲ။ မေနှင်းဆီက အဖြေရမှ သူ့ကို ပြတ်ပြတ်သားသား ပြောတော့မယ်။*

လမင်း၊ သန့်လျှင်။

◆ အဲသလိုကြီးတော့ မေနှင်းကို တရားခံမလုပ်နဲ့လေ။ မေနှင်းက ပြန်ချစ်လိုက်ပါလို့ ပြောခွင့်ရှိသူမဟုတ်သလို တားဆီးခွင့်ရှိသူလည်း မဟုတ်ပါဘူး။ အမှန်က ကိုယ့်ဘာသာပဲ မေးရမှာပါ။ ချစ်နေလား၊ ချစ်ပေါ့။ နယ်ကမို့ မချစ်ရဲဘူးဆိုတာ မဟုတ်သေးပါဘူး။ ခုတိုင်းဆိုရင် လမင်းရင်ထဲမှာ အချစ်ဖြစ်တည်မှု မရှိသေးဘူးလို့ ယူဆရမယ်။ ရင်ထဲမှာ အချစ်ဖြစ်တည်လာရင် အလိုလို လှုံ့ဆော်လာမှာပါ။ ဒီတော့ ကိုယ့်နှလုံးသားရင်ခုန်သံကိုပဲ နားစွင့်ပေတော့လို့ ပြောချင်ပါတယ်။ ရင်မခုန်ရင် မချစ်ဘူးပြောရုံပဲလေ။ မေနှင်းကတော့ ဆုံးဖြတ်ချက်ပေးလို့ မရပါဘူး။

*

(၁၀၆)

❑ *မေနှင်းရယ် သူနဲ့က သူငယ်ချင်းတွေပါ။ သူ ချစ်ခွင့်ပန်တော့ သမီးက ပထမတစ်ယောက်နဲ့ ပြတ်တာ မကြာသေးလို့ ငြင်းလိုက်တယ်။ သူ ဘာမှ ဆက်မပြောတော့ဘူး။ နောက်တော့ သူ့ကို ချစ်မိသွားတယ်။ ဒါပေမဲ့ သူက ဆက်မပြောတော့ ခက်နေတယ်။ သူ ဖွင့်ပြောရင် လက်ခံဖို့ အသင့်ပါ။ ဘာဖြစ်လို့*

www.burmeseclassic.com

www.burmeseclassic.com



*လဲ မသိဘူးနော်။ အန်တီနှင်းကူညီပါဦး။*

**မေဦး၊ ရန်ကုန်။**

◆ ဩော်... ဒီလောက်ဖြစ်နေရင်လည်း ပြောလိုက်တော့ပေါ့။ မေနှင်းရဲ့ သူငယ်ချင်းပြောဖူးတယ်။ ကြိုက်ရင် ရေလာမြောင်းပေးတွေ ဘာတွေ လုပ်မနေနဲ့။ စူးအက်စ်တူးမြောင်းကြီး ဖောက်ပစ်လိုက်စမ်းပါတဲ့။ တစ်ခုတော့ ရှိတယ်နော်။ သူက မချစ်တော့တာဆိုရင်လည်း ခံပေတော့ပဲ။ ရင်းတော့ ရင်းရလိမ့်မယ်။ ရှုံးနိမ့်နိုင်တယ်။ မသေချာဘူး။

*

(၁၀၇)

□ *အိက ထမင်းဆိုင်က အစ်ကိုကြီးကို ချစ်နေတာပါ။ သူက ဖွင့်မပြောလို့ အိကိုချစ်လား၊ မချစ်လား သိချင်နေပါတယ်။ သမီး ဘယ်လိုလုပ်ရမလဲ။*

**Tomato၊ ကြည့်မြင်တိုင်။**

◆ စူးအက်တူးမြောင်းကြီးပဲ ဖောက်ပေါ့။ တူးမြောင်းထဲ လိမ့်ကျပြီး ရေနစ်ရင်တော့ ကယ်မယ့်လူ မရှိဘူးဆိုတာ မှတ်ထားပါ။

*

(၁၀၈)

□ *ဇင်ဇင်ရဲ့ အမျိုးသားက အရာရှိပါ။ စီးပွားအင်အားတော့ နည်းတယ်။ မောင်နှမများတယ်။ ဒီလို နောက်ခံအင်အားနည်းတဲ့ အတွက် အိမ်ကသဘောမတူဘူး။ ချစ်သူသက်တမ်းက ခြောက်နှစ်တောင် ရှိပြီ။ ဝေးနေတော့ စိမ်းသလိုပဲ။ ဝေးရင် ဒီလိုပဲ*



*ဖြစ်တတ်ပါသလား။*

**ဇင်ဇင်၊ ရန်ကုန်။**

◆ 'မီးဝေးချိပ်မှာ' ဆိုတဲ့ စကားတော့ ရှိတာပါပဲ။ 'ပွန်းပြတ်ပြတ်တယ်' ဆိုတဲ့အဖြစ်လည်း ရှိတယ်။ ဖြစ်တတ်တဲ့ သဘာဝတွေမို့ နီးချင်ရင်တော့ နီးချင်တဲ့လူက ကြိုးစားပေါ့။ ချစ်သူအချင်းချင်းမို့ အောက်ကျတယ် မထင်ပါနဲ့။ ပွင့်ပွင့်လင်းလင်း တိုင်ပင်သင့်ပါတယ်။ အိမ်က သဘောမတူတာကိုလည်း ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးပါ။

*

(၁၀၉)

□ *ကျွန်တော် မေနှင်းအဖြေတွေကို ထူးကဲစွာ နှစ်သက်မိတယ်။ မေနှင်းရဲ့ အတွေးထင်မြင်ချက်တွေက လောကကြီးကို အရည်ကျိုသောက်ထားသလိုပဲ။ ပွင့်လင်းပြီး အဓိပ္ပာယ်ရှိတယ်လေ။ ကျွန်တော့်မှာ သမီးတစ်ယောက်ရှိတယ်။ မိဘကို ဘယ်တော့မှ အကောင်းမမြင်ဘူး။ သူ့အမေကလည်း မဆုံးမနိုင်ဘူး။ မေနှင်းရယ် ကူညီပါဦး။ သူ့မှာ ကြိုက်တဲ့လူတွေကလည်း များနေတယ်။ အရာရှိတွေပဲ။ တစ်ယောက်က အလိုလိုက်တယ်။ ချောတယ်။ တစ်ယောက်က စည်းကမ်းရှိတယ်။ မချောဘူး။ ဘယ်သူ့ကို သဘောတူရင် ကောင်းမလဲလို့ မေနှင်းနဲ့ နှစ်ယောက်တည်း ဆွေးနွေးခွင့်ရရင် ကောင်းမှာပဲနော်။ အရမ်းလေးစားပါတယ်။*

**ဦးသက်စော၊ ညောင်တုန်း။**

◆ မလုပ်ပါနဲ့ ဆရာရယ်။ နှစ်ယောက်တည်း မတွေ့ရဲပါဘူး။

အဲဒါမျိုးတွေ ဆုဒိုနင်လုပ်ပါတယ်။ နှစ်ယောက်တည်း ဆွေးနွေးချင်ရင် သူ့ဆီသွားပါနော်။ မေနှင်းကတော့ သရဖူကတစ်ဆင့်ပဲ ပြောရဲပါတယ်။ ဘယ်သူ့ဆီမှလည်း သီးသန့် စာမပြန်ပါဘူး။ မေနှင်းတာဝန်က မဂ္ဂဇင်းက ပေးထားတဲ့ အတိုင်းအတာအထိပါပဲ။ မေနှင်းက သူများကိုစွ ကူညီဖို့သက်သက်ပါ။ ဒိုင်လူကြီးပါ။ ဒိုင်လူကြီးကိုတော့ ဘောလုံး မကန်ခိုင်းရဘူးလေ။ ပွဲပျက်သွားမှာပေါ့။ အခု ဦးသက်စောရဲ့ သမီးလေးကိုစွ စဉ်းစားရအောင်။ မေနှင်းသဘောကတော့ သမီးတွေအိမ်ထောင်ရေးမှာ မိဘတွေဝင်ပြီး ဆုံးဖြတ်တာ အားမပေးပါဘူး။ မေနှင်းက True Love ကို တန်ဖိုးထားတဲ့လူပါ။ သမီးချစ်တဲ့ လူပဲဖြစ်ပါစေ။ မချစ်ဘဲနဲ့ အောင့်ကာနမ်းရင် ဘယ်မွှေးပါ့မလဲ။ အိမ်ထောင်ဆိုတာ ချစ်တာနဲ့တောင် တန်ကာမကျလို့ပါ။

*

(၁၁၀)

မ *သူနဲ့သမီး ချစ်သူတွေဖြစ်ပြီး လေးလအကြာမှာ သူ နိုင်ငံခြားမှာ သွားအလုပ်လုပ်ပါတယ်။ နှစ်နှစ်ခွဲ ကျော်ပါပြီ။ နှစ်နှစ်အတွင်းမှာတော့ သမီးကို အဆက်အသွယ် မဖြတ်ခဲ့ပါဘူး။ ခုတော့ မဆက်သွယ်တာ ခြောက်လကျော်ပြီလေ။ စုံစမ်းကြည့်တော့ အဆင်ပြေတယ်၊ ကျန်းမာတယ်လို့ သိရပါတယ်။ သမီးဘက်က အကြိမ်ကြိမ် စာရေးပြီး ဆက်သွယ်ပေမဲ့ သူကတော့ လုံးဝ မဆက်သွယ်တော့ပါဘူး။ တစ်ချိန်တုန်းက သမီးကိုပဲ လက်ထပ်မှာဆိုတဲ့လူလေ။ အခုတော့ သမီးမှာ ဘာအပြစ်မှ မရှိဘဲ မုန်းလိုက်ပြီလား။ ဟိုမှာ သူနဲ့ အလုပ်တူတဲ့ မြန်မာမိန်းကလေးသူငယ်ချင်းတွေ ရနေပြီလို့ သမီးကို ပြောဖူးပါတယ်။ အဲဒါတွေနဲ့ ပျော်သွားတာလားဟင်။*



ကႉက(ဒိုက်ဦး)။

◆ အဲဒါကြောင့် ပြောတာပေါ့။ မီးဝေးရင် ချိပ်မာတတ်တယ်လို့။ လောကကြီးမှာ ငွေနဲ့လူ ဘယ်ဟာပိုပြီး တန်ဖိုးရှိသလဲ။ မိန်းမတွေက ကိုယ့်ယောကျ်ား၊ ကိုယ့်ရည်းစားကို တယ်ပြီး နိုင်ငံခြားသွားစေချင်ကြတာကိုး။ မလေးမှာလေ၊ စင်ကာပူမှာလေ၊ L.A မှာလေနဲ့ ဂုဏ်ယူတတ်ကြတယ်။ ခုလိုဖြစ်တော့ ကိုယ်မနှစ်နာဘူးလား။ ငွေများများရတာက လာပြီး ကူညီသလား။ လူတစ်ယောက်လုံးကို ဆုံးရှုံးရပြီ မဟုတ်လား။ (မေနှင်းကတော့ မေနှင်းရဲ့ချစ်သူကို နိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့၊ ဘယ်တော့မှ အားမပေးပါဘူး။ အဲ... ဒါက ကြုံလို့ပြောတာ၊ ကြွားတယ်မထင်နဲ့ဦး) တကယ်စဉ်းစားကြည့်တော့ နိုင်ငံခြားမှာ ငွေများများရတာ မှန်ပေမယ့် ကြာလာတဲ့အခါ ခုလို ပြဿနာတွေ ပေါ်ကြတာအများကြီးပဲ။ မြန်မာပြည်မှာ မိန်းမနဲ့ သားသမီးတွေကျန်ခဲ့ပါရက်နဲ့ အသစ်နဲ့မွေ့လျော်ကြတာ အများကြီး။ ပြန်မလာကြတာ အများကြီး။ ဟိုမှာ လူလွတ်ချင်းတွေ့ပြီး ပေါင်းကြတာလည်း တစ်ပုံကြီး၊ လွတ်လပ်ခြင်း၊ ကြွယ်ဝခြင်း၊ ပျော်ရွှင်ခြင်းဆိုတာတွေနဲ့အတူ၊ အချစ်လို့ထင်ရတဲ့ ပူးတွဲမှုတွေ ပါကြမှာပဲလေ။ အထီးကျန်ဘဝနဲ့ ဘယ်သူကြာကြာနေမှာလဲ။ တွေ့မှာပဲ၊ ဖြစ်မှာပဲ၊ ကောင်းတာက နှစ်ယောက်အတူသွား၊ အတူကြိုးစား၊ အဲဒါ စိတ်ချရရှိနိုင်တယ်။ ခုမှတော့ တရားနဲ့သာ ဖြေပေတော့လို့ ပြောချင်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



(နိုင်ငံခြားသွားချင်တဲ့ စုံတွဲများသတိ)

*

## (၁၁၁)

□ ကျွန်တော်က ပျော်ပျော်နေတတ်တယ်။ အပေါင်းအသင်းများတယ်။ ပညာရေးပိုင်းမှာလည်း ဉာဏ်ကောင်းပြီး မိဘကဖိအားပေးတော့ ထူးချွန်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က နည်းနည်း ပျင်းတတ်တယ်။ မိဘတွေက ကျွန်တော့်ကို ဆရာဝန်ဖြစ်စေချင်ကြတယ်။ ကျွန်တော်က စာရေးဆရာလုပ်ချင်တာ။ ကျွန်တော့်မှာ ချစ်သူတစ်ယောက် အဝေးမှာရှိတယ်။ ကျွန်တော့်ကို စောင့်နေတဲ့ လူတစ်ယောက်ရှိတယ်။ သူ့ကြောင့် ကျွန်တော် မျက်ရည်ကျဖူးတဲ့ အဖြေတောင်းဆဲတစ်ယောက်ရှိတယ်။ ကျွန်တော် ကြိုက်တဲ့အချိန် ခူးလို့ရတဲ့ ပန်းနှစ်ပွင့်ရှိတယ်။ (လုံးဝ ချစ်လို့မရဘူး) တွေ့တာ မကြာသေးပေမဲ့ တွေ့လိုက်တိုင်း ရင်ခုန်သွားတဲ့သူ တစ်ယောက်ရှိတယ်။ ကျွန်တော် ဘာလုပ်သင့်သလဲ။

**နေဇာတိုး၊ ဧရာဝတီတိုင်း။**

◆ အေးကွ၊ မင်းမဆိုးဘူး။ မင်း ဘာလုပ်သင့်သလဲဆိုတော့၊ မင်းစာရေးဆရာ လုပ်သင့်တာပေါ့။ (မေနှင်းကို စာရေးဆရာတွေဝိုင်းရိုက်မှာ ကြောက်ရတယ်). ဒါ မေနှင်းက အလွတ်တမဲ့ပြောတာတော့ မဟုတ်ပါဘူး။ အချစ်နဲ့ပတ်သက်ပြီး မင်းမှာဒီလောက် 'ဖြတ်သန်းမှု' များနေပြီဆိုတော့ အချစ်ဝတ္ထုရေးရင်ရပြီထင်လို့ပါ။ တကယ့် ဘဝစာရေးဆရာတော့ မဖြစ်နိုင်သေးဘူးလေ။ မင်းက ပျင်းတတ်တယ်ဆိုလို့၊ စာရေးဆရာဆိုတာ



လုံးဝ ပျင်းလို့မရဘူး။ နေ့နေ့ညည စာဖတ်၊ စာရေးနိုင်လွန်းမှဖြစ်တာ။ ခပ်ပေါ့ပေါ့ အချစ်ဝတ္ထုလေးတွေ (ရည်းစားစာရေးသလိုလျှောက်ရေး၊ ထားခဲ့သမျှ ရည်းစားတွေအကြောင်းရေး၊ အဲဒါမျိုး စွံတတ်တယ်လို့ ကြားဖူးလို့ပါ။)ဒါပေမဲ့ အဲဒါစာရေးဆရာအစစ်အဖြစ် ရေရှည်မဖြစ်နိုင်ဘူးဆိုတာ မြဲမြဲမှတ်စေချင်ပါတယ်။ စာရေးဆရာဆိုတာ ဖြစ်ဖို့က စာကို စိတ်ဝင်စားပြီး၊ တစိုက်မတ်မတ် လုပ်ရတာမျိုးပါ။ တစ်နှစ်လောက်ကြိုးစားရုံနဲ့လည်း မရပါဘူး။ အကြာကြီး ရင်းနှီးကြိုးပမ်းကြရတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် မင်းရည်းစားတွေ စာရင်းပြန်စစ်ပြီး စာရေးကျင့်ပေတော့။

*

## (၁၁၂)

□ ရှက်ရှက်နဲ့ တိုင်ပင်ပါရစေ။ ကျွန်မ အသက်က ၄၀ ကျော်ပါ။ ၃၅ နှစ်အရွယ် အမျိုးသားနဲ့ ရည်ငံမိကြပါတယ်။ အလုပ်တူသံယောဇဉ်ပေါ့လေ။ အတူသွား အတူစားနဲ့ ခုတော့ 'မမထားနဲ့ အပါ' ဇာတ်လမ်း ဖြစ်နေတယ်။ ဒါဟာ ပတ်ဝန်းကျင်မှာရှက်ဖွယ်ဖြစ်ဖို့ သေချာတာပေါ့နော်။ သူက လူကြီးဆန်ပါတယ်။ အရာရာကို ဦးဆောင်နိုင်ပါတယ်။ ခန္ဓာကိုယ်ချင်းယှဉ်ရင် ကျွန်မက ငယ်တယ်လို့ ထင်ရပါတယ်။ သူက မျက်နှာလည်း တည်တယ်။ ရင့်ကျက်တယ်။ လိုက်ဖက်တယ်လို့ကိုယ့်ဟာကိုယ်ထင်တယ်။ ဒါပေမဲ့ မွေးနေ့သက္ကရာဇ်စစ်တိုင်းအားငယ်ရတယ်။ ကလေးကို မုန့်ပေးကြိုက်တယ်လို့အပြောခံရတော့မယ်နော်။ သံယောဇဉ်ကို ဖြတ်ဖို့လည်း အတော်

www.burmeseclassic.com

ခက်နေကြတယ်။ အဲဒါ တရားဝင်ယူဖို့ ဖြစ်ပါ့မလား။

ခင်ခင်ကြီး၊ မင်းကုန်း။

◆ အမယ် စိတ်မပူပါနဲ့ ခင်ခင်ကြီးရယ်။ ဟောလိဝုဒ်မှာလေ မင်းသမီး ခင်ခင်ကြီးတွေက မင်းသားငယ်ငယ်လေးတွေနဲ့ တွဲကြ၊ တရားဝင်ယူကြတာ စတိုင်လ်ဖြစ်နေသတဲ့။ နေပါဦး သာဓကဆောင်ရအောင်၊ အဲတွေ့ပြီ။ ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး 'ဘာဘာရာဟာရှီ' ဆိုတာ အသက် ၅၇ နှစ်ရှိပြီ။ သူ့ချစ်သူက ရုပ်သံမင်းသား 'နာဗင်းအင်ဒရူးစ်' တဲ့။ သူက အသက် ၃၅ နှစ်လေ။ ကဲ ဘယ်လောက်ကွာလဲ။ ၂၂ နှစ်ကြီးများတောင် ကွာတယ်။ လွတ်လပ်သူချင်း၊ ကိုယ့်နှစ်ဦး သဘောကျလို့ယူတာ ဘာဖြစ်ရမှာတုန်း။ ချစ်ကြဖို့ပဲ အရေးကြီးတယ်။ အထူးသဖြင့် ယောကျာ်းက မိန်းမကို ကြင်နာဖို့၊ မြတ်နိုးဖို့၊ တန်ဖိုးထားဖို့ လိုတယ်။ တဈာသက်သက် မကြည့်ဘူးဆိုပါစို့။ ဒါက ဟောလိဝုဒ်က သာဓကနော်၊ မြန်မာ့သမိုင်းမှာလည်း ဘုရင့်နောင်ရဲ့ သမီးတော် 'ရာဇဓာတုကလျာ' ဟာ မုဆိုးမလည်းဖြစ်သေး၊ အသက်လည်းကြီးသေး၊ အဲဒီ သက်လျာဓာတုကို အသေအလဲ မြတ်နိုးတဲ့လူဟာ သူ့ထက် ၁၉ နှစ်ငယ်တယ်။ ရတုဘုရင် နတ်သျှင်နောင်ပေါ့။ အရေးကြီးတာက ယောကျာ်းက ချစ်ဖို့ပဲ။ ယောကျာ်းဖြစ်သူက မြတ်နိုးတန်ဖိုးထားရင် အဲဒီမိန်းမဟာ အသက် ၂၀ လောက် အလိုလိုငယ်သွားတတ်ပါတယ်။ နုသွားတတ်ပါတယ်။ စိတ်ကိုက ပြောင်းသွားတာဆိုပဲ။ စိတ်ပြောင်းတော့ ရုပ်ပါ ပျိုတာပေါ့။ အားမငယ်ပါနဲ့။ ဘာဘာရာလောက်မှ မကြီးဘဲနဲ့။

*



(၁၁၃)

□ ညီလေ မောင့်ကို သိပ်ချစ်တာပဲ။ ဒါပေမဲ့ မိဘတွေက သဘောမတူဘူး။ မောင်တို့က ချမ်းသာတယ် မေနှင်းရဲ့။ ညီတို့က ဆင်းရဲတယ်။ မောင်နဲ့ ညီယူလိုက်ရင် မောင့်အသိုင်းအဝိုင်းက ညီ့ကို နှိမ်မှာ မခံနိုင်ဘူးတဲ့။ အမေတို့ကိုလည်း စိတ်ချမ်းသာစေချင်တယ်။ မောင့်ကိုလည်း မခွဲနိုင်ဘူး။ မောင်နဲ့ဝေးရင် ညီသေလိမ့်မယ်။ ဘယ်လိုလုပ်ရမလဲ မေနှင်းရယ်။

ညီမျက်ဝန်း၊ ဗန်းမော်၊ တပ်ကလေးရပ်။

◆ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟာ လူတွေကို ခွဲမပစ်နိုင်အောင် ချစ်ခြင်းမေတ္တာက အစွမ်းထက်တတ်ပါတယ်။ ညီရေ၊ အားမငယ်ပါနဲ့။ ဒီကိစ္စ မောင်နဲ့သာ ဆိုင်ပါတယ်။ မောင်က ညီ့ကို ချစ်တယ်။ မိဘလက်အောက်က ရုန်းထွက်နိုင်တယ် ဆိုရင် ဘာမှ ပြဿနာ မရှိပါဘူး။ ညီက အလိမ္မာလေး ဖြစ်ဖို့ အရေးကြီးပါတယ်။

*

(၁၁၄)

□ သမီးရဲ့ချစ်သူက သမီးလက်ထဲကနေ တခြားမိန်းမနဲ့ ချစ်သွားပြီး မင်္ဂလာဆောင်လိုက်ပါပြီ။ ဖိတ်စာတောင် လာဖိတ်ပါတယ်။ ရက်စက်လိုက်တာနော်။ သမီးမှာ မသေရုံ ခံရတယ်။ အိမ်ချင်းက မျက်နှာချင်းဆိုင်ပါ။ သူတို့ တွဲနေတာကို မကြည့်နိုင်ဘူး။ ထွက်ပြေးချင်တယ်။ ဘာလုပ်သင့်သလဲ ပြောကြားပေးပါနော်။

ဝတ်ရည်၊ မိတ္ထီလာ။

www.burmeseclassic.com

www.burmeseclassic.com



◆ သူ့ဘက်က သစ်စိမ်းချိုး ချိုးသွားပြီပေါ့။ ဒါကလည်း သူ့စိတ်သူ့သဘောလေ။ ရည်းစားဘဝအနေအထားအရ ဘာမှ တားလို့မရဘူး။ အိမ်ထောင်ကျပြီးသားတွေတောင် ပစ်ခံရတာ ရှိတာပဲ။ ဒီတော့ လုပ်ရမှာက ကိုယ့်ဘဝပဲ။ ကိုယ့်ဘဝကိုယ် အဆုံးခံမလား။ ပစ်ထားမလား။ အဲဒါ စဉ်းစားပါ။ အသည်းကွဲတာမို့ နာတော့ နာမှာပဲ။ ခက်တာက သေမသွားသေးတော့ ဘယ်လိုဆက်လက် အသက်ရှင်မလဲ ဆိုတဲ့ကိစ္စပါ။ ဒီနေရာမှာ ခံနိုင်ရည်ကို မဖြစ်မနေ မွေးရပါမယ်။ ခံနိုင်ရည်မွေးတဲ့နည်းက နှစ်မျိုးရှိတယ်။ ပထမနည်းက ဘြော် သူစိတ်ချမ်းသာသလို လုပ်သွားတာပဲလေ။ ရှိပါစေ။ သူပျော်ပါစေဆိုပြီး လက်လျှော့တဲ့နည်း၊ သက်သာသွားတတ်ပါတယ်။ နောက်တစ်နည်းကတော့ 'မာန'နဲ့ တင်းတဲ့နည်းပါ။ ဘာဂရုစိုက်စရာရှိလဲ။ သူ့ထက်သာတာ တစ်ပုံကြီးဆိုပြီး စွန့်လွှတ်တဲ့နည်းပါပဲ။ ကြိုက်တဲ့နည်းနဲ့စမ်းကြည့်ပါ။ သက်သာပါလိမ့်မယ်။ အိမ်ကတော့ ထွက်မပြေးပါနဲ့ကွယ်။

*

(၁၁၅)

□ *ကျွန်တော်က ကျန်းမာရေးတက္ကသိုလ် တက်နေတာပါ။ ရည်းစားကို ဆယ်တန်းတုန်းက ထားခဲ့တာ။ တောသူလေးဖြစ်နေတယ်။ ကျွန်တော့်အနာဂတ် ကောင်းစားဖို့အတွက် ဒီတောသူလေးကို ဖြတ်သင့်ပါသလား။ ဆက်ထားရမလား။*

**အောင်မျိုးမြင့်၊ မကွေး။**

◆ မင်းတို့ယောကျ်ားလေးတွေ အဲဒါခက်တာပဲ။ ကြိုက်တုန်းက



ကြိုက်ခဲ့ပြီး၊ ခုကျမှ အရိုးများသလေး၊ ချေးခါးသလေး လုပ်နေတယ်။ တောသူ ဘာဖြစ်လဲ။ စကားပုံတောင် ရှိတယ်။ 'ကျွန်ကုလား၊ မယားတောသူ'တဲ့။ မယားဆိုရင် တောသူယူတာ အကောင်းဆုံးတဲ့။ မင်းကို ခံမပြောဘူး။ စကား နားထောင်မယ်။ ဝေယျာဝစ္စအားလုံး အောက်ခြေသိမ်း လုပ်ပေးမယ်။ *Shopping* သွားဖို့ မပူဆာဘူး။ ဘယ်လောက်များ နားအေးလိုက်မလဲလို့။ စိတ်ကူး မလွှဲပါနဲ့ကွာ။ တောသူ သဘောဖြူလေး သနားစရာပါ။

*

(၁၁၆)

□ *ကျွန်မအဖေဟာ ကျွန်မ ခုနစ်နှစ်မှာ ဆုံးပါးသွားခဲ့ပါတယ်။ နှစ်နှစ်အကြာမှာ အမေ နောက်အိမ်ထောင် ပြုတယ်။ ကလေးနှစ်ယောက် ထပ်မွေးတယ်။ အမေဟာ ကျွန်မကို သူ့ယောကျ်ားလောက် ဂရုမစိုက်ဘူး။ ချစ်တဲ့ အရိပ်အယောင် မပြဘူး။ သူ့နောက်လူကိုပဲ ချစ်တဲ့အရိပ်မြင်ရတယ်။ အဲဒါ မေနှင်း ဘယ်လိုထင်ပါသလဲ။*

**နန္ဒာ၊ မန္တလေး။**

◆ အခြေအနေအရ နောက်အိမ်ထောင်ကို ဦးစားပေးရတာ ဖြစ်ပါလိမ့်မယ်ကွယ်။ သမီးကြီးကို မချစ်ဘဲ ဘယ်နေပါ့မလဲ။ သူ့မှာက ကြည့်စရာအာရုံတွေ များနေတယ်လေ။ ဒီတော့ သမီးက အလိုက်သိပြီး နေပေးပါ။ သိပ်မကြာပါဘူး။ သမီးအသက် ၂၀ဆိုရင် ကိုယ့်ဘဝကိုယ် ထူထောင်နိုင်မှာပဲ။ ခဏလေး သည်းခံလိုက်နော်။

www.burmeseclassic.com



## (၁၁၇)

□ *ကျွန်မက အသက် ၂၈ နှစ်ပါ။ ပညာရာထူး ပြည့်စုံပါပြီ။ အပျိုကြီးဖြစ်နေတာ ဘေးကလှောင်လွန်းလို့၊ ကျွန်မ ဘာလုပ်သင့်ပါသလဲ။*

**လီလီတန်၊ ရန်ကုန်။**

◆ ဘာမှ မလုပ်လိုက်ပါနဲ့ အပျိုကြီးရယ်။ မေနှင်းဖြင့် သိပ်အပျိုကြီး ဖြစ်ချင်တာပဲ။ ဘာအပူအပင်မှမရှိ၊ စာဖတ်လိုက်၊ သီချင်းနားထောင်လိုက်၊ အလုပ်နားရက် လျှောက်လည်လိုက်၊ ရုပ်အင်္ကျီ မီးပူတိုက်ပေးစရာလည်း မလို၊ ကိုကို ပြန်မလာမှာလည်း မပူရ၊ တအားဒုက္ခငြိမ်းတာ၊ အပျိုကြီးဆိုတာ နာမည်သာဆိုးတာ၊ လူသိပ်သက်သာတာ၊ နေသာနေ။

*

## (၁၁၈)

□ *သမီးအသက် ၂၃ နှစ်ပါ။ ရည်းစား မထားဖူးပါဘူး။ သူနဲ့ ကျမ ဘာဖြစ်တယ် မသိပါဘူး။ သူနဲ့ ချစ်သူဖြစ်နေပါပြီ။ ဒါပေမဲ့ သူက 'လူလွတ်' မဟုတ်ပါဘူး။ သူ့မှာရှိတဲ့ သံယောဇဉ်တွေကို ဖြတ်ပြီး သမီးကို လက်ထပ်မယ်တဲ့။ စိတ်ချမ်းသာစေရမယ်တဲ့။ သမီးကြောင့် သူ့များမိသားစုကို မပြိုကွဲစေချင်ပါဘူး။ သူနဲ့ချစ်မိတာ မှားသွားလားဟင်။ သမီး ဘယ်လိုလုပ်ရမလဲ။ အကြံပေးပါဦး။*

**မီးမီး၊ ရန်ကုန်။**

◆ 'အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး'ဆိုတာ ကြားဖူးတယ်။ ဒါပေမဲ့ ဒါက တစ်ဖက်သတ်ပြောတာပါ။ အပြစ်မရှိတဲ့ လူမျိုးကို စစ်သွားတိုက်ရင်တော့ ဒါ မတရားတာပဲပေါ့။ အဲသလိုပဲ မချစ်သင့်တဲ့လူကို ချစ်မိတာဟာလည်း ဘယ်တရားပါ့မလဲနော်။ သို့သော် ဒီလိုအဖြစ်မျိုးတွေဟာ အရင်ကလည်း ရှိခဲ့သလို၊ ခုလည်း ရှိနေဆဲပါပဲ။ ရှေးတုန်းက ပဒေသရာဇ်ခေတ်မှာတော့ ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုပြီး ရှင်ဘုရင်တွေဟာ ယူချင်သလောက် ယူကြတယ်။ ဒါ ရှေးက ဘုရင်တွေရဲ့ အခွင့်အရေး။ အခု ဘုရင်စနစ် မဟုတ်တော့ဘူး။ လူသာမန်တွေရဲ့ဘဝ။ ဒီလိုဘဝမျိုးမှာ ပတ်ဝန်းကျင်အလယ် အိမ်ထောင်တစ်ခုရယ်လို့ တည်ဆောက်ပြီးရင် ပျက်စီးသွားတယ်ဆိုတာ အနုတ်လက္ခဏာပဲလေ။ ဘယ်သူမှ အထူးသဖြင့် မယားကြီးဖြစ်သူတွေက မပျက်စီးချင်ကြပါဘူး။ မပျက်စီးအောင်လည်း အမျိုးမျိုး သည်းခံပြီး ပေါင်းကြရပါတယ်။ အငယ်ဘက်ကကြည့်ပြန်တော့လည်း မျက်နှာငယ်ရတာ အမှန်ပါပဲ။ ယောကျ်ားလေးတွေကတော့ မယားကြီးကို ကွာမယ်၊ ကွာပြီးပြီ စသဖြင့် ပြောမှာပဲ။ ကိုယ်နဲ့တွေ့မှ ကွာရင်လည်း ကိုယ့်ကြောင့်ဆိုရင် ဘယ်တရားပါ့မလဲ။ တစ်ခုရှိတာက သူ ကိုယ့်ကို သံယောဇဉ် လာတွယ်တာကိုက၊ နဂိုအိမ်ထောင်မှာ မသာယာလို့၊ မပျော်ပိုက်လို့၊ အဆင်မပြေလို့ဖြစ်ရတာဆိုရင် သူ့ဘက်က ကိစ္စမို့၊ ကိုယ်နဲ့မဆိုင်သလို ပြောနိုင်ပါတယ်။ ကိုယ့်နှုတ်က မယားကြီးနဲ့ ကွာရင် ယူမယ်ဆိုတာမျိုး မတောင်းဆိုဖို့ အရေးကြီးတယ်။ သူတို့ဟာသူတို့ နဂိုက အဆင်မပြေလို့ ကွဲတယ်ဆိုရင်တော့ ကိုယ်က သူကွဲပြီးနောက်ပိုင်းမှာ ဆိုးပြီ နိုင်ပါတယ်။ ဒါတောင် ကိုယ်ရှိနေလို့ဆိုတာမျိုး မဖြစ်သင့်ဘူး။ ကိုယ်နဲ့ မပတ်သက်အောင် နေနိုင်လေ အကြံကောင်းလေ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ လူလွတ်မဖြစ်မချင်းတော့ တရားဝင်မယူတာ အကောင်းဆုံးပါပဲ။ တရားဝင်မယူရင် ပြစ်မှုမမြောက်ဘူးလေ။ အချစ်ဆိုတာကိုတော့ ပြစ်ဒဏ်ခတ်လို့ မရဘူးပေါ့။ သူ့ဒဏ်သူ ခံပါလိမ့်မယ်။ ချစ်ရက်နဲ့ မပေါင်းရတာဟာ ဒဏ်ခံရတာပဲလေ။

*

(၁၁၉)

❒ *သမီးသိချင်တာက 'စိတ်မဆိုးဘူး' ဆိုတဲ့ အဓိပ္ပာယ်ပါ။ သမီးကို Propose လုပ်တဲ့လူက စိတ်ဆိုးလား မေးလို့ 'စိတ်မဆိုးဘူး' လို့ သမီး ဖြေခဲ့တယ်။ သူက သမီးလက်ကို လာကိုင်တယ်။ ချစ်တယ်လို့ မပြောရသေးဘဲနဲ့ ဒီလို ပိုင်စိုးပိုင်နင်းလုပ်တာကို မကြိုက်ပါဘူး။ 'စိတ်မဆိုးဘူး'ဆိုတာ 'ချစ်တယ်' မှ မဟုတ်တာ အနက်ဖွင့်ရယ်နော်။ သူက သမီးကို သူ့ချစ်သူလို့ သဘောထားနေသလား။ စိတ်မဆိုးဘူးပြောရုံနဲ့ သူ့ချစ်သူဖြစ်ရောလား။ သမီး သူ့ချစ်သူ မဟုတ်ဘူးနော် အနက်ဖွင့်ပြေပေးပါ။*

**Lady ၊ ရန်ကုန်။**

◆ အင်း မြန်မာဝေါဟာရထဲမှာ စိတ်မဆိုးဘူးဆိုတဲ့ အဓိပ္ပာယ်ကတော့ စိတ်မဆိုးဘူးပဲပေါ့။ အဲသလိုပဲ 'လက်ကိုင်တာ' ဟာလည်း ချစ်သူ ဟုတ်ချင်မှ ဟုတ်မယ်လေ။ မေနှင်းတို့ စာရေးဆရာတွေ အချင်းချင်းလည်း မိန်းမ၊ ယောကျ်ားမရွေး စိတ်ဝင်တစားစကားပြောကြရင် လက်ကိုင်တတ်ကြပါတယ်။ မေနှင်းလည်း ခဏခဏ ကိုင်လေ့ရှိပါတယ်။ ဒါနဲ့ပဲ ရည်းစားတွေဖြစ်ကုန်ပြီလို့ ပြောလို့မရဘူးပေါ့။ ဒီတော့ စိတ်မဆိုးဘူးဆိုတာ



ချစ်တယ်မဟုတ်သလို လက်ကိုင်တာဟာလည်း **ရည်းစား** မဟုတ်ပါဘူးလို့ ဖြေလိုက်ချင်ပါတယ်။ အဲ…ကိုယ်က **ငြိမ်ပြီး** အကိုင်ခံနေမယ်။ ကြည်နူးရိပ်ပြနေမယ်။ လက်ခံတဲ့**သဘော** ပြနေမယ် ဆိုတဲ့အခါတော့ အဲဒါ ချစ်သူဖြစ်ရောပေါ့။ **အောင်** မယ်လေး…ပြောရတာ တယ်ပြီး လက်ပေါက်ကတ်ပါ**လား။** 'အချစ်ကို လက်ခံတုံ့ပြန်နည်းများ' ဆိုပြီး **စာအုပ်တစ်အုပ်** ထုတ်မှ ထင်ပါရဲ့ကွယ်။ **အေးကွယ့်** ဆက်ပြောလိုက်**ဦးမယ်။** စိတ်ထဲက ချစ်လျက်နဲ့လည်း လက်ကိုင်လာတာကို **ရုန်းတတ်** ကြသေးတယ်။ အဲဒါက ရှက်လို့။ မချစ်တာ မဟုတ်**ဘူး။** ဒီတော့ ခေါင်းယမ်း၊ ခေါင်းညိတ်လုပ်ကြရင် ကောင်းမယ်ထင်တယ်။ ခပ်ရှင်းရှင်းလေးပေါ့။

*

(၁၂၀)

❒ *သမီးကို ကောင်လေးတစ်ယောက်က အဖြေတောင်းပါတယ်။ ဖုန်းနဲ့ အဖြေတောင်းတာပါ။ မနက်ဖြန်ပဲ အဖြေပေးနိုင်မလားတဲ့။ သမီးက မိန်းကလေးပဲ။ တစ်ရက်တည်းနဲ့ ဘယ်လိုမှ စဉ်းစားလို့ မဖြစ်နိုင်သေးပါဘူး။ ပြီးတော့ သူက **စီးပွားရေး**ပဲ လုပ်တာ။ ၁၀ တန်း မအောင်သေးပါဘူး။ အိမ်ထောင်**တစ်ခု** ကို တည်ထောင်ရာမှာ အိမ်ထောင်ဦးစီးက ပညာတတ်ဖို့ လိုလား။ သူ့ကို ဘွဲ့ရမှ အဖြေပေးမယ်လို့ ပြောရမလား။ ဒါမှ မဟုတ် ဘယ်နည်းနဲ့ စောင့်ခိုင်းရမလဲ မသိလို့။ ကျေးဇူးပြု၍ အကြံပေးပါ။*

**သစ္စာ်မန္တလေး။**

www.burmeseclassic.com

www.burmeseclassic.com



◆ အိမ်ထောင်ရေးမှာ စီးပွားရေးအဓိကလား၊ ပညာရေး အဓိကလားဆိုတဲ့ မေးခွန်းဟာ မှန်ကန်တဲ့ အဖြေမရနိုင်ပါဘူး။ ဒါက တစ်ဦးစီရဲ့ တန်ဖိုးထားမှုနဲ့ ပတ်သက်တယ်။ စီးပွားရေးကို မက်မောတဲ့လူက စီးပွားရေးအဓိကလို့ ဖြေမယ်။ ပညာ မက်တဲ့လူက ပညာအဓိကလို့ ဖြေမယ်။ မတူနိုင်ဘူး။ စီးပွားဖြစ်ပြီး ပညာမရှိသူ၊ ပညာရှိပြီး စီးပွားမဖြစ်သူတွေ လောကမှာ အများကြီးရှိနေတယ်။ ပညာတတ်တိုင်း စီးပွားရှာတတ်တာ မဟုတ်ဘူး။ ဒီတော့ ပညာဦးစားမပေးဘဲ စီးပွားမက်တဲ့ လူအတွက် ပညာဟာ ကျေနပ်စရာ မဟုတ်ဘူး ဖြစ်နေလိမ့်မယ်။ ဒါကြောင့် ဘေးလူအနေနဲ့ အကြံပေးလို့ မရပါဘူးကွယ်။ ကိုယ့်အကြိုက်ပဲ စဉ်းစားပါ။ တစ်ခုကိုပဲ ရွေးချယ်ရမယ်ဆိုရင် ဘယ်ဟာကို ချို့တဲ့ခံမလဲ။ ကိုယ်တိုင် ခံစားကြည့်ပါ။ အချစ်ကို တောင်းဆိုလာတဲ့အခါ တုံ့ပြန်ဖို့ အဖြေပေးဖို့ဆိုတာလည်း ရက် အကန့်အသတ်မရှိပါဘူး။ လက်ထပ်တဲ့အခါမှသာ စဉ်းစား ရွေးချယ်ရမှာပါ။ ချစ်တာ၊ မချစ်တာကတော့ ကိုယ့်ဟာကိုယ် သိသာပါတယ်။ ချစ်တယ်ဆိုရင် ချက်ချင်း တုံ့ပြန်လည်း ဖြစ်တာပါပဲ။ ဆိုင်းငံ့နေစရာ မလိုပါဘူး။ ချစ်မချစ် ကိုယ့်ဟာကိုယ် သေချာအောင်သာ လုပ်ပါ။ အဲသလို သေချာပြီဆိုရင် ချစ်မိလို့ ဖြစ်လာတဲ့ အရာတွေကိုလည်း မညည်းမညူတမ်း ခံရပါလိမ့်မယ်။ အချစ်ကပေးတဲ့ သုခတရားတွေရှိသလို အချစ်ကပေးတဲ့ ဒုက္ခတရားတွေလည်း အများကြီးပါ။ ဒါတွေကို ခံယူဖို့ အားမွေးရလိမ့်မယ်။ ကံမကောင်းရင် အချစ်ဆိုတာ ရေပူစမ်းမှာ စိမ်ရသလို နွေးသလိုလိုနဲ့ ပူလောင်တတ်လို့ပါပဲကွယ်။

*



(၁၂၁)

□ *ငယ်ကြိုက်တဲ့ အဆိုတော်သရုပ်ဆောင်ဆီ စာရေးတာ သုံးခါရှိသွားပြီ။ စာမပြန်သေးဘူး။ အခန်းထဲက သူငယ်ချင်းတစ်ယောက်ဆီကိုတော့ စာရော ဓာတ်ပုံရော ထည့်ပေးတယ်။ ငယ်လည်း လိုချင်တာပေါ့။ သူ့ဆီကို နောက်ထပ် စာရေးသင့်ပါသလား။*

**ငယ်ချော၊ မိုးကုတ်။**

◆ အနုပညာရှင်တွေဆီ မိတ်ဆက်စာရေးတယ်ဆိုတာ ဒီလိုပါပဲကွယ်။ သူတို့က အလုပ်များတယ်၊ ဆက်သွယ်တဲ့သူ များတယ်ဆိုတော့ လူတိုင်းစေ့ ဘယ်စာပြန်နိုင်မလဲ။ ရတော့လည်း အမြတ်ပေါ့။ မရတော့လည်း ခွင့်လွှတ်ပေါ့။ သူတို့ကို မြင်ရနားဆင်ရရင်ပဲ ကျေနပ်လိုက်ပါ။ ဒီထက်ပိုပြီး ဘာမှ မျှော်လင့်မထားစေချင်ဘူး။ ဘာမှ ဖြစ်လာမှာ မဟုတ်လို့ပါ။ စိတ်ကူးမယဉ်ပါနဲ့ကွယ်။

*

(၁၂၂)

□ *ကျွန်တော်က ပထမနှစ်တက်နေပါတယ်။ မိန်းကလေးတစ်ယောက်နဲ့ ခင်သွားတယ်။ ကျွန်တော့်ကို မောင်လေးအဖြစ် အသိအမှတ်ပြုတယ်။ သူ့ရည်းစားနဲ့ တွဲသွားရင် ကျွန်တော် ဘာကို မကျေနပ်မှန်း မသိဘူး။ အဲဒါ အချစ်လား၊ ကျွန်တော် ကျောင်းတောင် မတက်ချင်တော့ဘူး။ ကျွန်တော် ဘာလုပ်ရမလဲ။ ဖွင့်ပြောလိုက်ရမလား။ အကြံပေးစာကို မျှော်နေပါမယ်။*

**မင်းထိုက်၊ မိုးတိမ်။**

www.burmeseclassic.com

◆ ရည်းစားရှိတဲ့လူကို ပိုးပန်းခွင့်ရှိပါတယ်။ ပိုင်ဆိုင်သေးတာမှ မဟုတ်တာ။ ဒါပေမဲ့ သူက ငြင်းလိုက်တာကို မင်း ခံနိုင်ရည် ရှိပါ့မလား။ အရင်စဉ်းစားပါ။ မောင်လေးဘဝမှာ မသိမသာ နေတာကမှ နှစ်ယောက်စလုံး ပျော်ရွှင်နိုင်မယ်လို့ ထင်ရင်လည်း ဖွင့်မပြောနဲ့ဦးပေါ့။ စိတ်ချမ်းသာမယ့်လမ်းကို ရွေးပါ။ ချစ်ဦးသူ ရှိပြီးတဲ့လူကိုမှ ချစ်မိတာ ကိုယ့်ကံလို့ပဲ ဖြေပါ။ သူ လက်မထပ် မချင်း မျှော်လင့်ချက်တော့ မဆုံးသေးပါဘူး။ တကယ်ချစ်ရင် ပေါင်းရမှ မဟုတ်ဘဲ သူ့အတွက် ဖြည့်ဆည်းပေးရတာကို ကျေနပ်နိုင်ပါတယ်။ တဖြည်းဖြည်းတော့ ဖြေနိုင်သွားမှာပါ ကွယ်။

*

(၁၂၃)

□ *သမီးအသက် ၁၅ နှစ်ပါ။ အစ်မကြီးနဲ့ အမေကို သိပ်ကြောက် ရတယ်။ ရည်းစားထားရင် သေအောင်သတ်မှာတဲ့။ သမီးကို စာပေးတဲ့ကောင်လေးကို ချစ်လျက်နဲ့ ရည်းစားမထားရဲဘူး။ ညညမှာ စာကျက်လို့ မရဘူး။ သူ့ကိုပဲ သတိရနေတယ်။ သမီး ဘာလုပ်သင့်ပါသလဲရှင့်။*

**မီးလေး၊ မြစ်သား။**

◆ ၁၅ နှစ်ဆိုတာ သိပ်ကို နုငယ်ပါသေးတယ်။ ဘူးသီးနုနု လေးလိုပဲ အထိအခိုက်ခံလို့ မဖြစ်ဘူး။ ဒီအတိုင်း အလှထား ရမယ့် အရွယ်ပါ။ ဝင်လာတဲ့ အချစ်စိတ်တွေဆိုတာလည်း ယာယီတွေပဲ ဖြစ်တတ်ပါတယ်ကွယ်။ သတိရတာကို မရနဲ့ လို့ မပြောပါဘူး။ မသင့်တော်သေးတဲ့အတွက် အဲဒီစိတ်တွေကို



အဝင်မခံရအောင် ကာကွယ်ရမှာပါပဲ။ ကာကွယ်တဲ့နည်းတွေ က အများကြီးရှိပါတယ်။ လူမှာ 'စိတ်' ဆိုတာ တစ်ချိန်မှာ တစ်စိတ်ပဲ တည်နိုင်တာမို့ အချစ်စိတ်နေရာမရအောင် တခြား စိတ်တွေနဲ့ အတင်း အစားထိုးရမှာပါပဲ။ စာကျက်မယ်၊ သီချင်း ကျက်မယ်၊ ပန်းချီဆွဲမယ်၊ အားကစား လုပ်မယ်၊ အလှပြင် မယ်၊ သင်တန်းတစ်ခုခုတက်မယ် စသဖြင့် ဦးနှောက်ကို မအား ရအောင် ဖန်တီးရပါမယ်။ စိတ်ဝင်စားစရာ ရှာဖွေရပါမယ်။ တွေ့နိုင်ပါတယ်။ အဲသလို တစ်ခုခုမှာ စိတ်နေရာ ရသွားပြီ ဆိုရင် သက်သာသွားဖို့ သေချာပါတယ်။ စမ်းပြီး လုပ်ကြည့် ဖို့ တိုက်တွန်းလိုက်ပါတယ်။

*

(၁၂၄)

□ *သမီးချစ်သူက မိသားစုလုပ်ငန်းမှာ လုပ်ပါတယ်။ မောင်နှမ များတယ်။ မချမ်းသာပါဘူး။ အမေတို့ သဘောတူတဲ့လူက နိုင်ငံခြားမှာ အလုပ်လုပ်ပါတယ်။ မောင်နှမ မရှိပါဘူး။ ဒီတော့ အမေက အဲဒီလူနဲ့ ယူမှသာ သမီးဘဝကောင်းစားမယ်လို့ ဆိုပါတယ်။ အဲဒီလူကို သမီးမချစ်ဘူးဆိုတော့ ခုမချစ်လည်း နောက်ကျရင် သံယောဇဉ်ဖြစ်ပြီး ချစ်သွားလိမ့်မယ်တဲ့။ အဓိက က ငွေပဲတဲ့။ အချစ်က ဘာမှ လုပ်စားလို့ မရဘူးတဲ့။ အဲဒါ ဟုတ်လားဟင်၊ ငွေကြောင့် လက်ထပ်ရတဲ့အိမ်ထောင်ရေးက ပျော်စရာကောင်းပါ့မလား။*

**ဖူးဖူး၊ မိတ္ထီလာ။**

◆ မေနှင်းကတော့ အချစ်ဘက်တော်သားပါပဲ။ ငွေကို ဒုတိယ

www.burmeseclassic.com



နေရာမှာပဲ ထားတယ်။ အချစ်ဆိုတာ ရှာဖွေလို့မရဘူး။ ငွေဆိုတာ ရှာဖွေလို့ရတယ်။ ဒီလိုပဲ ခံယူထားပါတယ်။ ဒါပေမဲ့ အချစ်ချည်းပဲ ရှိရုံနဲ့လည်း ဘဝကို ရပ်တည်လို့ မရနိုင်ဘူးလေ။ ငွေကိုတော့ မဖြစ်မနေ ရှာဖွေကြရဦးမှာပါ။ အဲသလို ရှာဖွေတဲ့အခါ အချစ်က စိတ်ချမ်းသာမှုပေးတယ်ဆိုရင် ဘဝဟာ နေပျော်မှာပေါ့။ ယောကျ်ားက ဆိုက်ကားနင်း၊ မိန်းမက အဝတ်လျှော်သည်လုပ်၊ ကလေးနှစ်ယောက်နဲ့ ရှင်သန်နေတဲ့ အိမ်ထောင်ရေးတွေ တွေ့ဖူးပါတယ်။ သူတို့ဘဝလေးထဲမှာ ကက်ဆက်တောင်မရှိ၊ ရေခဲသေတ္တာဆိုတာဝေး၊ အိမ်ပိုင်လည်းမရှိ။ ဒါပေမဲ့ မိသားစု ရရစားစားနဲ့ ပြုံးပြုံးရွှင်ရွှင် နေနေကြတာ မြင်ရတော့ အားကျစရာကောင်းတာ အမှန်ပါပဲ။ ယောကျ်ားက နိုင်ငံခြားမှာ နှစ်ရှည်လများနေ၊ မိန်းမက ပျင်းပြီး အပျော်လိုက်။ သုံးဖြုန်းစာရိတ္တပျက်နေတာမျိုးလည်း အများကြီးမြင်ရတော့ မေနှင်းအနေနဲ့ ငွေကို ပထမနေရာ မထားနိုင်တာ အသေအချာပါပဲ။ လောကကြီးမှာ ငွေရှိရင် အားလုံးပြည့်စုံတယ်ဆိုတာကို မေနှင်းမထောက်ခံပါဘူး။ လူသာ အဓိကပါ။ လူကောင်းဖို့လိုတယ်။ လူနဲ့ မခွဲမခွာ ကမ္ဘာတည်ဖို့လိုတယ်။ လူနဲ့လူ ပေါင်းပြီး ငွေကို ဖန်တီးလို့ရပါတယ်။ ဒါက မေနှင်းတစ်ယောက်တည်းရဲ့ သဘောပါ။ မှန်တယ်လို့ မပြောပါဘူး။ လူကို မလွမ်းတတ်တဲ့လူ၊ ငွေကိုင်ရရင် ပြည့်စုံနေတဲ့ လူတွေအတွက်တော့ ဒီအယူအဆဟာ မှား ချင်မှားမယ်ပေါ့။ အခု ပြောခဲ့တာတွေကို ကျကျနန အချိန်ယူပြီး စဉ်းစားပါ။ ချစ်သူနဲ့လည်း တိုင်ပင်ပါလို့ ဖြေလိုက်ပါရစေ။

*



(၁၂၅)

□ *သမီးချစ်သူကို သုံးနှစ်စဉ်းစားပြီးမှ ချစ်ခဲ့တာပါ။ ခုတော့ ကျောင်းပြီးသွားလို့ တစ်မြို့စီ ရောက်တဲ့အခါ တခြားတစ်ယောက်နဲ့ ယူတော့မယ်လို့ ဖွင့်ပြောလာပါတယ်။ သမီးအရမ်းဝမ်းနည်းတယ်။ အရမ်းလည်း ခံစားရတယ်။ သမီးမှာ ဘာအပြစ်ရှိလို့ ဒီလိုလုပ်သွားတာလဲဆိုတာ သိချင်တယ်။ စာပြန်ပေးပါနော်။*

**မိမိဖြိုး။**

◆ ဝေးသွားတဲ့ သဘောပါပဲကွယ်။ လူတွေဟာ 'အတ္တ' သမားတွေပါ။ မိမိစိတ် အဆင်ပြေရေးကို ဦးစားပေးတတ်ကြပါတယ်။ သမီးလုပ်နိုင်တာက သူနဲ့ ညှိနှိုင်းဖို့ပါပဲ။ ပွင့်ပွင့်လင်းလင်း တင်ပြဖို့ပါပဲ။ အကြောင်းတော့ ရှိရမှာပေါ့။ အဖြေတော့ ပေးနိုင်ရမှာပေါ့။ သမီးကို ပစ်လိုက်လို့ သိပ်ထိခိုက်မယ် မထင်တာလည်း ဖြစ်နိုင်တယ်။ ဒီတော့ သမီး သူ့ကို ဘယ်လောက်ချစ်တယ်၊ ခံစားရတယ်ဆိုတာတွေ ရေးပို့ပါ။ အချိန်ရှိပါသေးတယ်။ ကိုယ့်ချစ်သူပဲ၊ ဒီလိုပြောရတာ ရှက်ဖို့မလိုပါဘူး။ ချစ်တုန်းက ချစ်ခဲ့တာပဲလေ။ ဒါကြောင့် နောက်ဆုံးအချိန်ထိ ပြောပြပါ။ ညှိနှိုင်းပါ။ ဘယ်လိုမှ ပြောမရတော့မှပဲ ကိုယ့်ကံပါပဲလို့ ဖြေပေတော့။ အစွမ်းကုန်တော့ ဆွေးနွေးသင့်ပါတယ်။

*

(၁၂၆)

□ *သမီး ကျောင်းပြီးလို့ စကားပြောသင်တန်းတက်ရင်း သင်တန်းတက်ဖော်တစ်ယောက်နဲ့ တွေ့ပါတယ်။ သမီးကို တအား*

www.burmeseclassic.com

ချစ်ပါတယ်။ သမီးက အရင်တစ်ယောက်နဲ့ ပျက်ဖူးကြောင်း ပြောပြတာကို နားလည်ပေးပါတယ်။ သမီးကတော့ ယောကျ်ားတွေကို မယုံဘူး။ သူကလည်း မကြာခင် နိုင်ငံခြား သွားတော့မှာပါ။ မသွားခင် အဖြေတောင်းနေတာကို ပေးသင့်၊ မပေးသင့် အကြံပေးပါနော်။ နိုင်ငံခြားမသွားချင်တော့ဘူး လုပ်နေလို့ သူ့အိမ်နဲ့လည်း ပြဿနာ တက်နေပါတယ်။

**မို့မို့၊ ရန်ကုန်။**

◆ အရင်က ကိစ္စ အရင်က ကိစ္စပဲပေါ့ကွယ်။ သူ့ဘက်က စစ်မှန်တယ်။ ကိုယ်လည်း ချစ်နိုင်တယ်ဆိုရင်တော့ လက်ခံသင့်ပါတယ်။ သူ နိုင်ငံခြားသွားတာ၊ မသွားတာက တစ်ပိုင်းပေါ့။ အချစ်ကို ပုံဖော်တဲ့အခါ အရေးကြီးတာက မိမိနှလုံးသားရဲ့ အဖြေကိုပဲ အမှန်ယူရမှာပါ။ နိုင်ငံခြားသွားရမယ့်လူမို့ အထင်ကြီးပြီး လက်ခံတာမျိုးတော့ မဖြစ်သင့်ဘူး။ သူချစ်လို့ ပြန်ချစ်တာမျိုးလည်း မဟုတ်သေးပါဘူး။ ကိုယ်ချစ်တယ်ဆိုမှ ပြန်ချစ်ပါ။ အချစ်မပါတဲ့ ဘဝထူထောင်မှုဟာ ထာဝရပျော်ရွှင်စေမယ်လို့ မထင်ပါဘူး။

*

(၁၂၇)

◻ မေနှင်းရေ၊ လူတွေက အသက်ကြီးသွားရင် ကိုယ့်အသက်ကိုယ် မဖော်ပြရဲကြဘူး။ ကျွန်တော်တို့ သီပေါက ရန်ကုန်ပြောင်းသွားတဲ့ အဆိုတော်အလုပ် ကြိုးစားလုပ်နေတဲ့ လူဆိုရင် အသက် ၂၅ နှစ်ပါ။ ဒါပေမဲ့ သူက အခု မဂ္ဂဇင်းထဲမှာ ၂၀ ပြည့် မွေးနေ့လုပ်တာ ပါလာတယ်။ အတော် ရယ်ရတယ်နော်။



မေနှင်းကိုကော အသက်မေးရင် အမှန်အတိုင်း ဖော်ပြပါ့မလား။ တစ်မျိုးမထင်နဲ့နော်။ ခင်ချင်လို့ပါ။ အစ်မလို့ခင်ရမလား၊ အဒေါ်လို့ခင်ရမလား။ မသိလို့ပါဗျာ (ကျွန်တော့်အသက်က ၂၁ နှစ်ပါ။) မကျေနပ်လို့ မဖြေချင်လည်း ရပါတယ်။ စိတ်ဆိုးပြီး ဖြေလာလည်း ဖတ်ဖို့ အဆင်သင့်ပါ။

**စိုင်းကိုးအွမ်၊ သီပေါ။**

◆ တိုတိုလေးပဲ ဖြေမယ်။ သူငယ်ချင်းလိုပဲ ဆက်ဆံခေါ်ပါစိုင်း။

*

(၁၂၈)

◻ ကျွန်တော် စာရေးဆရာ ဖြစ်ချင်တယ်။ ဘာလုပ်ရမလဲ။

**နေကထိုး၊ ရောဝတီတိုင်း။**

◆ စာရေးဆရာဖြစ်ချင်ရင် စာရေးပေါ့လို့ လွယ်လွယ်ဖြေရင် မမှန်ပါဘူး။ စာရေးဆရာ တကယ်ဖြစ်ချင်တာလား၊ အပျော် လား၊ နာမည်ကျော်ချင်တာလား၊ အားကျတာလား၊ အဲဒီမေးခွန်းတွေ အရင်ဖြေပါဦး။ တကယ်ဖြစ်ချင်တာပါ၊ အပျော်မဟုတ်၊ နာမည်ကြီးချင်တာ မဟုတ်၊ အားကျတာမဟုတ်ဆိုရင်... နောက်ထပ်မေးပါဦးမယ်။ စိတ်ရှည်သလား၊ ဇွဲရှိသလား၊ သည်းခံနိုင်သလား။ စာရေးဆရာတစ်ယောက် ဖြစ်ဖို့အတွက် အဲဒီအရည်အချင်းတွေ လိုတယ်။ ပေါ်ပင်လုပ်ချင်လို့ မရဘူး။ စိတ်ပျက်တတ်လို့ မရဘူး။ သည်းမခံနိုင်လို့ မရဘူး။ စာရေးဆရာဆိုတဲ့ 'အလုပ်' ကို ပိုင်ပိုင်ရဖို့ဆိုတာ ခရီးရှည်တယ်။ အရင်းအနှီး များတယ်၊ ဆုံးရှုံးမှုများတယ်။ အားလုံးကို ကျော်ဖြတ်နိုင်ရ လိမ့်မယ်။ ကျော်ဖြတ်ပြီးတဲ့အခါမှာလည်း ငွေကြေးအရ ဆင်း

www.burmeseclassic.com



ရဲနိုင်သေးတယ်။ ငေါ်နိုင်သေးတယ်။ စာရေးပြီး ရပ်တည်နိုင်တဲ့လူဆိုတာ စာရေးဆရာ ၁၀၀မှာ ၁၀ ယောက် မရှိဘူး။ တခြားအလုပ်နဲ့ တွဲလုပ်ကြရသူချည်းပဲ။ ဒါကြောင့်... စဉ်းစားပေါ့ကွယ်။

*

(၁၂၉)

□ *သမီးချစ်သူက အဝေးမှာ ပညာသွားသင်မှာပါ။ သမီးနဲ့သူ အသက် ၂၂ နှစ်ပါ။ ဒီတော့ သမီးဘက်က လက်ထပ်ဖို့ ရည်ရွယ်တဲ့စကားတွေ၊ ကတိတွေ တောင်းပါတယ်။ သူက လောလောဆယ် အလုပ်ကြိုးစားဖို့ကလွဲပြီး ဘာမှ မတွေးမိဘူးတဲ့။ သမီးကိုလည်း ဘယ်အထိ စောင့်နေပါလို့ မပြောဘူး။ လက်ထပ်ဖို့ မရည်ရွယ်ဘူးလို့ ထင်ရပါတယ်။ သမီးနဲ့ ချစ်သူဖြစ်တာ နှစ်လပဲ ရှိသေးလို့ ဖြတ်ပစ်ရမှာလည်း ရှက်စရာကောင်းပါတယ်။ အားလည်း မရှိဘူး။ ခံနိုင်ရည် မရှိဘူး။ ဘာ ဆက်လုပ်သင့်ပါသလဲ။*

**အေးအေးတိ၊ မန်း။**

◆ ချစ်သူသက်တမ်း နှစ်လဆိုတာ တိုတိုလေး ရှိသေးတာပဲကွယ်။ သူ ဘာကြိုက်မှန်း၊ ကိုယ် ဘာကြိုက်မှန်းတောင် လေ့လာရတုန်း ဖြစ်မှာပေါ့။ မုန့်ဟင်းခါးကြိုက်တယ် ဆိုရင်တောင် အကြော်နဲ့လား၊ အလွတ်လားသိအောင် လုပ်ရဦးမယ်။ လက်ဖက်ရည်ကြိုက်တယ်ဆိုရင်တောင် ချိုကျလား၊ ပေါ့ကျလား သိအောင် လုပ်ရဦးမယ်။ တခြား အရေးကြီးတာတွေ တစ်ပုံကြီး ကျန်သေးတယ်။ 'လက်ထပ်ဖို့' ဆိုတာကြီးက လောလောဆယ်



ဆွေးနွေးဖို့ မလိုသေးဘူးလို့ ထင်တယ်။ ဝန်ထုပ်ဝန်ပိုးဖြစ်မှာ စိုးရတယ်။ ခုချိန်မှာ အရေးကြီးတာက တစ်ဦးနဲ့တစ်ဦး 'နားလည်ဖို့'ပဲ။ နားလည် ခြင်းကသာ အချစ်ကို ဖွံ့ဖြိုးစေမှာ ဖြစ်ပါတယ်။ အချစ် ဖွံ့ဖြိုးခိုင်မာလာတော့မှသာ ပေါင်းစည်းခြင်းကို ဦးတည်ကြရမှာပါ။ ခုချစ်၊ ခုလက်ထပ်ဖို့ ဆွေးနွေးဆိုတာ နည်းနည်း စောနေနိုင်ပါတယ်။ ဒီလိုပြောတဲ့အတွက် လက်ထပ်ဖို့ မရည်ရွယ်ရဘူးလားလို့ မထင်စေချင်ပါဘူး။ ချစ်ပြီဆိုရင် အတူနေချင်ကြတာ ချည်းပဲပေါ့။ ခက်တာက ဘဝမှာ လုပ်စရာတွေ အများကြီးရယ်။ လက်ထပ်လိုက်ပြီးမှ အခြားဟာတွေ လုပ်ရရင် ဝန်ထုပ်ဝန်ပိုးအများကြီး လေးသွားလိမ့်မယ်။ အဲဒီကျတော့မှ အိမ်ထောင်ပြုစောသွားတယ်လို့ နောင်တရရင် မကောင်းဘူးပေါ့။ ချစ်သူဘဝမှာ အကောင်းဆုံးက သူ့ဆီက ဘာမှ မတောင်းဆိုပါနဲ့။ မမျှော်လင့်ပါနဲ့။ မိမိဘက်က ပေးချင်တာတွေ စဉ်းစားပါ။ ချစ်သူကို စိတ်ချမ်းသာအောင်ထားပါ။ ကိုယ်ချစ်ခွင့်ရတာကိုပဲ ဝမ်းသာပါ။ ဒါဆိုရင် သူ့ဘက်က ငြိုငြင်စရာ ဘာမှ ရှိတော့မှာ မဟုတ်ပါဘူး။ အကြောင်းမလှလို့ မပေါင်းရရင်တောင် နာကြည်းစရာ ကျန်မှာမဟုတ်ပါဘူး။ ကတိဆိုတာတွေက မတည်ရင် စိတ်ဆင်းရဲစေနိုင်တယ်လေ။ သဘောပေါက်ပါတယ်နော်။

*

(၁၃၀)

□ *အေးမြက အသက် ၂၂ နှစ်ပါ။ သူက ခုနစ်နှစ်ကြီးပါတယ်။ သူ့အဘွားက ယောကျ်ားရှိရက်နဲ့ လင်ငယ်နေတယ်လို့ အေးမြ*

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဒေါ်လေးက ပြောတယ်။ သဘောမတူပါ။ အေးမြအမြင်မှာတော့ သူဟာ လူမှုရေးနားလည်တယ်။ ရည်မှန်းချက် ကြီးတယ်။ ဒီတော့ ဘယ်လိုဆုံးဖြတ်ရမလဲ။

**အေးမြ၊ မန္တလေး။**

## (၁၃၁)

□ သမီးအိမ်က သမီးချစ်သူနဲ့ သဘောမတူပါဘူး။ သိသွားလို့ တခြားကလူနဲ့ ပေးစားတော့မယ်။ ဒီအကြောင်း သူ့ဆီ စာရေးတယ်။ လာတွေ့ဖို့ ဖုန်းဆက်ခေါ်တယ်။ အားရင် လာခဲ့မယ်တဲ့။ ခုထိမလာပါဘူး။ သူ့ကို ခဏခဏ ဆက်သွယ်ရင်လည်း အထင်သေးခံရမှာ ကြောက်တယ်။ မဆက်သွယ်ပြန်တော့ သမီးကို မေ့သွားမှာ သိပ်ကြောက်ပါတယ်။ သမီးက သူကလွဲပြီး ဘယ်သူမှ မယူနိုင်ပါဘူး။ ဝေးသွားရင် မေ့သွားမှာ စိုးပါတယ်။ မဝေးနိုင်မယ့် နည်းလမ်းတွေ အကြံပေးပါဦး။

**ဖြူ၊ မန္တလေး။**

◆ နှစ်ယောက်စလုံး အိမ်က သဘောမတူတဲ့ ပြဿနာတူနေလို့ ပေါင်းပြီး ဖြေပါ့မယ်။ လူနှစ်ယောက် ပေါင်းစည်းရေးမှာ အိမ်က သဘောတူဖို့ဆိုတာ အရေးကြီးတာပါပဲ။ မိမိရဲ့ မိဘအိမ်သားတွေဆိုတာ တစ်သက်လုံး ကိုယ့်အပေါ် ပြုစုလာသူတွေမို့ ကောင်းစေချင်တဲ့ ဆန္ဒရှိကြတာချည်းပါ။ ဒါကြောင့် အိမ်ရဲ့ဆန္ဒကို မျက်ကွယ်မပြုကောင်းပါဘူး။ ဒါပေမဲ့ အချစ်ဆိုတာကလည်း ခဲခဲယဉ်းယဉ်း ဆုံတွေ့ရတဲ့ အနှစ်သာရတစ်ခုပါပဲ။ ဘဝနှစ်ခု ပူးပေါင်းဖို့အထိ အနစ်နာခံ ပေးဆပ်ကြရတာပါပဲ။ ဒီအခါ အိမ်က သဘောမတူတဲ့အချက်ကို ဆွဲ



ထုတ်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးရပါမယ်။ ဖွတ်မလုပ်သင့်ပါဘူး။ အဲဒီလို ဆွေးနွေးတဲ့အခါ အိမ်က လျှော့သင့်တာလျှော့၊ ကိုယ်က လျှော့သင့်တာလျှော့ကြရမှာပဲ။ အာဏာသုံးလို့ မကောင်းပါဘူး။ တစ်ပြိုင်နက်တည်း စဉ်းစားရမှာက မိမိချစ်သူကရော ဘယ်လောက် ခိုင်မာသလဲဆိုတဲ့ အချက်ပါ။ ဖြူရဲ့ စာထဲပါသလို အရေးကြီးလို့ ဖုန်းဆက်ခေါ်တာကို 'အားရင် လာခဲ့မယ်' ဆိုတာကြီးကတော့ သိပ်အလေးမထားရာ ကျတယ်လို့ ထင်ပါတယ်။ ဒီမှာ ကျားစားခံရတော့မယ်။ သူက ဆေးလိပ်မီးညှိပါရစေဦးဆိုတာလို အားကိုးစရာ မဖြစ်ဘူးထင်တယ်။ အဲဒါ ဖြူစဉ်းစားပေါ့ကွယ်။ အိမ်ကပေးစားတာကိုလည်း မယူနိုင်ကြောင်း ရှင်းပြပေါ့။ ဒီအတိုင်း ဆက်နေရင်း သက်သာရာလမ်းကို ရသွားနိုင်ပါတယ်။

*

## (၁၃၂)

□ သားမှာ မြတ်မြတ်နိုးနိုးနဲ့ ချစ်ရတဲ့ မမတစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ သူ့ပုံစံက အေးတိအေးစက်နဲ့ မချစ်ဘူးလို့ သံသယဝင်မိတယ်။ ဒီလိုတွေးမိရင် ဘာအလုပ်မှ လုပ်ချင်စိတ်မရှိအောင် စိတ်ညစ်တယ်။ မမက သားကို ဂရုစိုက်လာအောင် ဘာလုပ်ရမလဲ။ သားကို တကယ်ချစ်၊ မချစ်သိအောင် ဘယ်လိုလုပ်ရမလဲ။ ကူညီပါနော်။

**နေမင်း၊ မိုးကုတ်။**

◆ မမက ပိုချစ်လာအောင်၊ ပိုဂရုစိုက်လာအောင် ဘာလုပ်ရမလဲဆိုတော့ give & take ဆိုတာ ရှိတယ်လေ။ take & give

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်။ အရင် give လုပ်ရမှာ နောက်မှ take က ရမယ်။ အပေးအယူတဲ့။ ကိုယ်က အရင်ပေးရမယ်လေ။ ကိုယ်က အရင်ယူချင်လို့ မဖြစ်ဘူး။ ကိုယ့်ကို ဂရုစိုက်စေချင်ရင် ကိုယ်က အရင်ဂရုစိုက်ပေါ့။ ဂရုစိုက်တယ်ဆိုတာ အတော်ကျယ်ပြန့်ပါတယ်။ နေမင်း သဘောပေါက်အောင်ပြောရရင် မေနှင်းချစ်သူက မေနှင်းရဲ့ ကုတ်အင်္ကျီအဖြူရောင် ကော်လာမှာ အမှိုက်စလေးလား၊ အမှုန်လေးတစ်ခုခုလားမသိ၊ ကျနေတာကို မြင်တော့ သူက လက်နဲ့လှမ်းပြီး တောက်ခါ ပေးဖူးတယ်။ အဲဒါ ဂရုစိုက်တာပေါ့။ ခုထိ မမေ့နိုင်ဘူး သိလား။ သူ့ငါ့ကို အဲသည်လောက် ဂရုစိုက်တာဆိုပြီး တသိမ့်သိမ့်သူ ဖြစ်သွားတာပေါ့။ ကဲ... ဟုတ်ပြီနော်။ နောက်တစ်ခါ မမနဲ့တွေ့ရင် ကုတ်အင်္ကျီကော်လာမှာ အမှိုက်ကျနေလား ကြည့်ပေါ့။ ခေါ်တောလိုလည်း လျှောက်ကြည့်မနေနဲ့ဦး။ ဘာကြည့်တာလဲလို့မေးရင် မေနှင်းသင်ထားလို့ လို့လည်း မပြောလိုက်နဲ့ဦးနော်။ ကုတ်အင်္ကျီဝတ်မလာလို့ဆိုပြီး ထဘီကိုလည်း သွားကြည့်မနေနဲ့ဦး။ ထဘီကိုကြည့်တာ ရိုင်းတယ်၊ မှတ်ထား။ အောင်မလေး မင်းတို့လို မနူးမနပ် ကောင်လေးတွေကို သင်ရတာ မောလိုက်တာဟယ်။

*

## (၁၃၃)

□ *သမီးအဖေ ဆုံးသွားပြီးကတည်းက အမေက 'ကွမ်းယာဆိုင်' လေးထွက်ပြီး သမီးနဲ့အတူ ဘဝကို ရုန်းကန်ခဲ့ပါတယ်။ Day တက်ရတယ်။ သမီးဖြစ်ချင်တာက Chemist ပါ။ Chem-*



*ist ဖြစ်ဖို့က Ph.D ဘွဲ့ရမှ ဖြစ်တာပါလား။ နောက် ရည်မှန်းချက်တစ်ခုက မန်နေဂျာ ဖြစ်ချင်ပါတယ်။ ဘယ်လို အရည်အချင်း၊ ဘယ်လို သင်တန်းမျိုး တက်ရပါမလဲ။ သမီးရဲ့ စီးပွားရေး အနေအထားနဲ့ သင်တန်းတက်ဖို့ ခက်ပါတယ်။ မေမေ့ကိုလည်း မတောင့်မတ ထားချင်ပါတယ်။ သမီးကို လမ်းညွှန်ပေးပါ။*

**ချစ်သမီးငယ်၊ မန္တလေး။**

✦ ဘဝမှာ ဖြစ်ချင်တဲ့ ပန်းတိုင်တွေ ရွေးချယ်တာ လှပီသပါတယ်။ ဒါပေမဲ့ ပန်းတိုင်တစ်ခုရောက်ဖို့ဆိုတာ အခြေခံခိုင်မှ ဖြစ်ပါတယ်။ မိမိ လက်ရှိအခြေခံကို မူတည်ပြီးမှ လမ်းစ ဖော်နိုင်မှာပါ။ တစ်ခါတလေ ဖြစ်ချင်တာတလွဲ၊ လုပ်နေတာတလွဲ ဖြစ်တတ်တယ်။ ဘယ်သူမဆို သမ္မတဖြစ်ဖို့ စိတ်ကူးယဉ်နိုင်ပေမဲ့ သမ္မတဖြစ်နိုင်လောက်တဲ့ အချက်အလက် အခြေခံတွေကို အရင်စုဆောင်းနိုင်ရမှာပါ။ ဒါကြောင့် မိမိဖြစ်ချင်တဲ့ ဘဝသည် မိမိအခြေခံနဲ့ အလှမ်းကွာ၊ မကွာ ချိန်ဆပါ။ အလှမ်းကွာလွန်းရင်တော့ စိတ်ကူးယဉ်ကမ္ဘာထဲက ဖယ်ရှားလိုက်မှ စိတ်ချမ်းသာပါလိမ့်မယ်။ လောလောဆယ်တော့ လေ့ကားတစ်ထစ်ချင်းတက်သလို ကျောင်းစာမေးပွဲတွေကိုပဲ တစ်နှစ်ချင်းအောင်ဖို့ စိတ်ကူးစေချင်ပါတယ်။ အချိန်ရလာတာနဲ့ အတူ အခွင့်အလမ်းတွေ ပေါ်လာဖို့ မျှော်လင့်နိုင်ပါတယ်။ သိန်း ၁၀၀ ရှိရင် ကုမ္ပဏီဥက္ကဋ္ဌဖြစ်နိုင်တဲ့ ရာထူးမျိုးကိုတော့ မမျှော်စေချင်ပါဘူးကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## (၁၃၄)

□ *ကျွန်တော်က အငယ်တန်း အင်ဂျင်နီယာ တစ်ယောက်ပါ။ ဒါပေမဲ့ သရုပ်ဖော် ပါဖူးတဲ့ 'နေလင်း' လိုပါပဲ။ ဒီအလုပ်ကို ကျွန်တော် ဝါသနာ မပါပါဘူး။ ကျွန်တော်လုပ်ချင်တာက Designer ပါ။ မိဘတွေကိုလည်း မပြောရဲဘူး။ ရန်ကုန် အလုပ်ပြောင်းရတယ်လို့ မိဘတွေကို ညာပြီး အလုပ်ထွက်၊ ရန်ကုန်ပြောင်းပြီး သင်တန်းတက်ရ ကောင်းမလား။*

**ဇေမင်း၊ x x x ။**

◆ ကောင်းတာပေါ့လို့ အားမပေးရဲဘူးကွယ်။ အင်ဂျင်နီယာ အလုပ်မှာ မပျော်ဘဲ ဘာဖြစ်လို့ အင်ဂျင်နီယာလိုင်းကို ယူလိုက်တာလဲလို့ အပြစ်တင်ရရင်လည်း မိဘတွေကိုပဲ အပြစ်ပုံရပြန်ဦးမယ်။ ကိုယ့်သားသမီးကို မွေးလာကတည်းက ဆရာဝန်နဲ့ အင်ဂျင်နီယာပဲ ဖြစ်စေချင်ကြတဲ့ မြန်မာနိုင်ငံက မိဘများကို ပြောရတာလည်း မောလှပါပြီ။ အခု ဇေမင်း ဘာလုပ်ရမလဲ။ ပျော်ရာမနေရ...ဆိုတဲ့ ရှေးစကားကိုလည်း မကိုးကားချင်ဘူး။ မိမိရဲ့ အသက်မွေးဝမ်းကျောင်းဟာ မိမိဝါသနာဖြစ်ရင် အကောင်းဆုံးပေါ့။ တစ်ခုတော့ ရှိပါတယ်။ 'ခြေကမြဲမှ လက်ကလွှတ်' ဆိုတာလို တစ်ဖက်ကို လှမ်းမိပြီး အခိုင်အမာ ဖြစ်ပြီဆိုရင်တော့ မူလအလုပ်ကို လွှတ်နိုင်ပါတယ်။ အဲဒါ စမ်းကြည့်ပေါ့နော်။

*

◆ **မြတ်လေး၊ မြောင်းမြ။** နဲ့ **အိ၊ ရန်ကုန်။** တို့ကို နှစ်ယောက်ပေါင်းပြီး ဖြေပါ့မယ်။ နှစ်ယောက်လုံးဟာ ချစ်သူက ထားခဲ့ကြတာခံကြရတဲ့ ကံဆိုးသူလေးတွေပါ။ ယောကျ်ားတွေ



ဟာ ဒီလိုပါပဲလို့ သိမ်းကျုံးပြီး စိတ်နာဖို့ မေနှင်း အကြံမပေးချင်ပါဘူး။ သေချာတာက ယောကျ်ားတွေထားခဲ့တာ ခံရသူတွေ အများကြီးရှိတယ် ဆိုတာပါပဲ။ မြတ်လေးနဲ့ အိတို့သာ မဟုတ်ပါဘူးဆိုတာပါပဲ။ ယောကျ်ားတွေ ထားခဲ့တတ်သလို မိန်းမတွေကလည်း ထားခဲ့တတ်ကြတာပါပဲ။ ဒီတော့ အချစ်ကိစ္စမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အဆင်မပြေရင် ထားခဲ့တတ်ကြတာ ကမ္ဘာဦးအစကတည်းက ပါပဲကွယ်။ ဘာ တတ်နိုင်မှာလဲ။ သူတို့ကို ဆွဲခေါ်ပြီး သံကြိုးနဲ့ ချည်ထားလို့မှ မရတာကိုး။ ဒီအခါ တတ်နိုင်တာက ကိုယ့်ဘက်ကပဲ။ သူ ဘာလုပ်လုပ်၊ သူ့ကို ချုပ်ကိုင်လို့ မရဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြင်ဆင်ရမယ်။ ကိုယ့်ကိုယ်ကိုယ်ပဲ ချုပ်ကိုင်ရမယ်။ ကိုယ် ဘယ်လိုရင်ဆိုင်မလဲ။ ဒါပဲ ရှိတယ်လေ။ အိပ်ရာထဲလဲပြီး ငွေနေမလား၊ ကြံ့ကြံ့ခံမလား။ ကိုယ့်ဘာသာပဲ ဆုံးမပြရမှာပါ။ ခဏငွေချင်လည်း ငွေပေါ့။ ငိုချင်လည်း ငိုပေါ့။ ငိုတာဟာ ကောင်းပါတယ်။ *a good cry* လို့တောင် ပြောကြတာပဲ။ အားရပါးရ ငိုလိုက်ရင် ပေါ့တော့ ပေါ့သွားမှာပဲ။ ပြဿနာတော့ မပြီးဘူးပေါ့။ မပြီးချင်နေ၊ အရေးကြီးတာက ပေါ့ဖို့ပဲလေ။ နောက်ကြာတော့လည်း နဂိုအတိုင်း ပြန်ဖြစ်သွားတော့တာပါပဲ။ မသေမချင်း ထိုင်ငိုနေတဲ့လူ မရှိသေးပါဘူးနော်။

*

## (၁၃၅)

□ *သမီးဟာ လောကကြီးကို မျက်လုံးတစ်ဖက်တည်းနဲ့မြင်နေရသူပါ။ မမြင်ရတော့တဲ့ မျက်လုံးဟာ သာမန်မျက်လုံးလို*

www.burmeseclassic.com



*လှုပ်ရှားမှုတော့ ရှိပါသေးတယ်။ ဒါပေမဲ့ ဆရာဝန်တွေက လက်လျှော့ထားပါပြီ။ သမီးရဲ့ချစ်သူနဲ့ သမီးကို သူ့မိဘတွေက နဂိုကတည်းက မကြည်ဖြူပါဘူး။ ခုဆို သူ့ကို နိုင်ငံခြား ပို့ထားလိုက်ပါပြီ။ သမီး ခုလို မျက်လုံးတစ်ဖက် မမြင်ရတော့တာကို သူ မသိသေးပါဘူး။ သမီးရဲ့ အဖြစ်ဆိုးကို ပြောမပြရက်ပါဘူး။ ဒါကြောင့် သမီးအဆက်အသွယ် ဖြတ်ခဲ့ပါတယ်။ ချစ်သူက သူ့ကို မုန်းနေရင်တောင်မှ ကျေးဇူးပြုပြီး မမုန်းဘူးလို့ စာရေးလိုက်ပါတဲ့။ ချစ်သူရဲ့ တောင်းပန်သံကို ဥပေက္ခာပြုရတယ်။ ခုဆို တစ်နှစ်ပြည့်ပါပြီ။ ချစ်သူ သမီးကို မေ့ရက်နိုင်ပါပြီလား။ သမီးရဲ့ ဘဝဆိုးကို ချစ်သူ သိမသွားတဲ့အတွက်တော့ သမီး ကျေနပ်ပါတယ်။*

**စနိုး၊ ကချင်ပြည်နယ်။**

◆ မေးခွန်းမပါတဲ့ ရင်ဖွင့်သံအတွက် မေနှင်း ဘာဖြေရမှန်း မသိဘူးကွယ်။ လူ့ဘဝကြီးဟာ တစ်ခါတစ်ခါ အတော်မတရားတာပဲလို့ အပြစ်တင်ချင်မိတယ်။ ဒါမျိုးအတွက် ဖြေသိမ့်စရာက 'ဘာသာတရား' ပဲ ရှိမယ်ထင်ပါရဲ့။ မေနှင်းတို့ ဗုဒ္ဓဘာသာမှာ 'ကံ၊ ကံ၏အကျိုး' ဆိုတာ ရှိတယ်မဟုတ်လား။ ဘယ်သူမပြု မိမိမှုတဲ့။ ဥပမာပြောရရင် သားသေ၊ လင်သေ၊ မိဘသေပြီး အရူးဘဝနဲ့ ဘုရားရှင်ထံ ရောက်လာတဲ့ ပဋာစာရီကို ဘုရားရှင်က ဟောတယ်လေ။ ပဋာစာရီ ဘာလို့ ငိုနေတာလဲ။ အဲဒါ နင်ဖြစ်ချင်တာတွေ မဟုတ်လားတဲ့။ ဘယ့်နှယ် လင်သေ၊ သားသေ၊ မိဘသေဆိုတာ ပဋာစာရီဖြစ်ချင်တာ ဟုတ်ပါ့မလား။ မှန်ပါတယ်။ ခုဘဝမှာ မဟုတ်ပါဘူး။ ဘဝတစ်ခုတုန်းက မိဘနှစ်ပါးနဲ့ ခရီးသွားတုန်း ဓားပြရိုက်ခံရ



တော့ မိဘတွေသေပြီး သူလည်း သေရခါနီးမှာ 'နင်တို့ ဓားပြခြောက်ယောက် ငါ့မျက်စိရှေ့မှာ အသေဆိုးနဲ့ သေတာ မြင်ရပါလို၏' လို့ ဆုတောင်းခဲ့သတဲ့။ အဲဒီ ဓားပြခြောက်ယောက်ဟာ အခု ဘဝမှာ မိဘနှစ်ပါး၊ ခင်ပွန်းနဲ့ သားတွေ လာဖြစ်ကြတာတဲ့။ ဒီလိုဟောလိုက်တဲ့အခါ ပဋာစာရီ အကျွတ်တရားရသွားခဲ့တယ် မဟုတ်လား။ ဒီလိုပါပဲ။ ဘယ်လိုမှ မဖြေနိုင်တဲ့အခါ၊ မိမိလုပ်လို့ မရတဲ့အခါမျိုးမှာ ဘဝတစ်ခုက မိမိလုပ်ခဲ့တာ ဖြစ်မှာပါလို့ 'နှလုံးသွင်း'နိုင်ရင် ခံစားရတာ သက်သာပါလိမ့်မယ်။ ပြုပြင်မရတဲ့ ဘဝကို လက်ခံရုံကလွဲပြီး ရွေးချယ်စရာလမ်းမှ မရှိတော့ပဲကိုး။ ဒါကြောင့် စနိုးရေ အသက်မသေသေးသမျှ မိမိလုပ်စွမ်းတာလေးတွေ လှုပ်ရှားရင်း တရားနဲ့ပဲဖြေပါလို့ နှစ်သိမ့်ပါရစေကွယ်။

*

## (၁၃၆)

□ *ဆွေးနဲ့သူနဲ့ သိပ်ချစ်ခဲ့ကြပါတယ်။ နှစ်ဖက်မိဘကလည်း သဘောတူပါတယ်။ ဒါပေမဲ့ မမျှော်လင့်ဘဲ သူ လောကကြီးထဲက ထွက်သွားခဲ့ရတယ်။ ဆွေး အိပ်ရာထဲလဲတာ လေးလကျော်တယ်။ သူမရှိတော့တဲ့ လောကကြီးဟာ ဆွေးအတွက် အဓိပ္ပာယ်မရှိတော့ပါဘူး။ ဆွေးမှာ နဂိုက နှလုံးရောဂါရှိတဲ့အတွက် အခု ပိုဆိုးလာပြီ။ ဆရာဝန်က နှလုံးအစားထိုး ကုသဖို့ တိုက်တွန်းတယ်။ ဆွေး မိဘတွေရော၊ သူ့မိဘတွေရော ဆွေးကို နှလုံးအစားထိုး ကုသ ခံစေချင်ကြတယ်။ နိုင်ငံခြားမှာ သွားလုပ်ရမှာပါ။ မအောင်မြင်ရင် ဘယ်လိုလုပ်မလဲ။*

www.burmeseclassic.com

www.burmeseclassic.com



*မိဘများကတော့ သူ့ကို ဆုံးရှုံးရလို့ ဆွေးကို ထပ်ပြီး မဆုံးရှုံးစေချင်ကြဘူး။ ဆွေးက သူ မျက်စိမှိတ်ခဲ့တဲ့ အရပ်မှာပဲ မျက်စိမှိတ်ချင်ပါတယ်။ ဆွေးကို အားပေးပါဦး။*

**ဆွေး၊ မိတ္ထီလာ။**

◆ သေခြင်းသည် မဆန်းကြယ်သော်လည်း ကိုယ့်ချစ်သူမှ စောစောကြီး သေရလေခြင်းလို့ လက်မခံချင်စရာကြီးပါပဲ ဆွေးရယ်။ ဒါပေမဲ့ အထက်က စနိုးကို ပြောခဲ့သလို လူ့ဘဝမှာ ကိုယ်မဖြစ်ချင်တာ ဖြစ်ရတဲ့အခါ သက်သာရာရဖို့ အဖြေထုတ်ကြရမှာပါပဲ။ ဘာသာတရားကတော့ ခံယူတတ်ရင်၊ တကယ်ယုံကြည်သွားရင် အေးချမ်းစေပါတယ်။ အခု ဆွေး နှလုံးအစားထိုး မကုချင်ဘူးဆိုရင် နှလုံးအေးချမ်းမယ့်ကိစ္စကို နှလုံးသွင်းကြည့်ပါ။ လက်ခံလိုက်ပါ။ မသေခင် ငါ ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားပါ။ သေချင်လို့မှ မရဘဲကိုး။ ဒီလိုရှာဖွေရင်းနဲ့ နှလုံးဝေဒနာသက်သာမယ့် လမ်းတစ်ခုခု ရှိသွားနိုင်ပါတယ်။ အစားထိုးတယ်ဆိုတာ 'နှလုံး' မှ မဟုတ်ပါဘူး။ စိတ်ကိုလည်း အစားထိုးလို့ ရပါတယ်။ ဘာနဲ့ပဲ အစားထိုးထိုး လောလောဆယ် ရောဂါသက်သာဖို့ လိုပါတယ်။ ရောဂါသက်သာသွားရင် နိုင်ငံခြားသွားကုစရာ မလိုတော့ဘူးပေါ့။ အချိန်ဆိုတဲ့ ဆေးဆရာကြီးကလည်း တအား အစွမ်းထက်ပါတယ်။ နည်းနည်းလေး အားတင်းပြီး အချိန်တစ်ခု သတ်မှတ်လိုက်ပါ။ အဲဒီ သတ်မှတ်ချိန်မှာမှ မသက်သာရင် တစ်မျိုးကြံလို့ရတာပေါ့။ လောလောဆယ် စိတ်လျှော့ပြီး ကာလတစ်ခုကို ဘယ်လိုဖြတ်သန်းမလဲလို့ အဖြေရှာပါ။ အဲသလို ဖြတ်သန်းရင်း သက်သာလာရင် အဲဒါ ကုထုံးပဲဖြစ်ပါလိမ့်မယ်။ ဆွေးရေ



လောကကြီးက ဆွေးအတွက် ဆုလာဘ်တစ်ခုခုပေးမှာပါကွယ်။

*

(၁၃၇)

□ *ကျွန်တော် ၁၂ နှစ်လုံးလုံး ခံစားနေရတဲ့ကိစ္စ တိုင်ပင်ပါရစေ။ ၁၉၉၄ မှာ မြန်မာ့ရုပ်မြင်သံကြားဖန်သားပြင်မှာ မြင်ခဲ့ရတဲ့ actor တစ်ယောက်ကို စွဲလမ်းခဲ့ပါတယ်။ ခဏ မဟုတ်ပါဘူး။ အခု နိုင်ငံခြားမှာ ကြာကြာနေပြီး အချောအလှတွေ မြင်ရပေမဲ့ သူ့ကိုပဲ စွဲနေတယ်။ သူငယ်ချင်းတွေက ကျွန်တော့်ကို အရူးတဲ့။ မေနှင်းကော ဘယ်လိုထင်ပါသလဲ။ ၁၁ နှစ်လုံးလုံး သူ့ကို Propose လုပ်နေတာဟာ အောင်မြင်နိုင်ပါ့မလား။*

**N.D.A၊ ခေတ္တ–မလေးရှား။**

◆ အေးကွယ် actor နဲ့အဆိုတော်မိန်းကလေး အတော်များများကတော့ နိုင်ငံခြားသွားရင်း အဲဒီမှာဆုံကြပြီး ဖုန်းနဲ့ Propose လုပ်ကြ၊ လက်ခံကြ၊ လက်ထပ်ကြ၊ ဟော ကလေးတွေတောင် အပြိုင်အဆိုင် မွေးနေကြပါရော။ တချို့ မစွံတဲ့အပျိုကြီးတွေတောင် နိုင်ငံခြားသွားပါလားလို့ နောက်နေကြလေရဲ့။ အဲသလောက် နိုင်ငံခြားရောက် မြန်မာယောကျ်ားတွေမှာ စွံနေတဲ့အထဲ မင်း မပါတာ နာတာပဲနော်။ အေးလေ မင်းက မလေးရှားမို့လား။ L.A တို့ စင်ကာပူတို့မှ စွံတာများလား(အင်း ဖြေသာဖြေနေရတယ် အရိုက်ခံရဖို့ နီးသားနော်)ဒီတော့ ၁၁ နှစ်ဆိုတာ လုံလောက်တယ် ထင်တာပဲ။ မကြိုက်လို့ဘဲ ဖြစ်ရမယ်။ တခြားနိုင်ငံ ပြောင်းကြည့်ရင်ကော(ကဲ အရိုက်ခံရပြန်တော့

www.burmeseclassic.com



မယ်)ဟုတ်ပါတယ်။ ၁၁ နှစ်ဆိုတာ နည်းတဲ့အချိန်မှ မဟုတ်တာ။ လက်လျှော့လိုက်ရင် အကျိုးရှိမယ်ထင်ပါတယ်။ ဒါက မေနှင်း သဘောထားနော်။ မေနှင်းကတော့ 'မမူ' တတ်ဘူးလေ။ ကြိုက်ရင် ဟန်မလုပ်ဘူး၊ ချက်ချင်း ပြန်ကြိုက်တာပဲ။ အကြာကြီး ပိုးနေလို့လည်း အပိုပဲ။ မကြိုက်လို့ မကြိုက်တာကြီးကိုး။ ဒါကြောင့် မင်းကို ပြန်မကြိုက်တာဟာ မကြိုက်လို့ပဲ ဖြစ်မယ်လို့ ပြောတာပါ။ ဘာတတ်နိုင်မှာလဲကွာ။

*

(၁၃၈)

◻ *ကျွန်တော်တို့နှစ်ယောက်က ဆရာဝန်လောင်းတွေပါ။ လူကြီးတွေကို အသိမပေးဘဲ လက်ထပ်ထားပြီးပါပြီ။ ချစ်သူသက်တမ်း ၂ နှစ်ပါ။ ခက်တာက တစ်နှစ်မှာ သူ့မွေးနေ့နဲ့ ကျွန်တော့်မွေးနေ့ နှစ်ရက်ကလွဲပြီး နေ့တိုင်း ရန်ဖြစ်ကြတာပါ။ သူက ကျွန်တော့်ကို ချစ်ပါတယ်။ ကျွန်တော်ကလည်း သူ့ကို ချစ်ပါတယ်။ ဒါပေမဲ့ သဘောထား ကွဲလွဲနေတယ်။ အနာဂတ် ဦးတည်ချက်တူပေမဲ့ လုပ်ချင်တဲ့ပုံစံ ကွဲတယ်။ မေနှင်းရယ် ကယ်ပါဦး။*

ပြည့်စုံ၊ ဆေးသိပ္ပံ-နယူးဒေလီ။

◆ ရှင်းနေတာကို ရှုပ်အောင်လုပ်တယ်ဆိုတာ အမှန်ပဲ။ တကယ်က တစ်ဦးနဲ့တစ်ဦး မချစ်ကြလို့ပါ။ ဟော လက်မခံဘူးလား။ တကယ်ပြောတာ။ ပြည့်စုံတို့က အတ္တများနေတာလေ။ တကယ်ချစ်ပြီဆိုရင် အတ္တကွာကျတယ်။ ချစ်သူအလိုပဲ ဖြည့်ချင်တယ်။ ဘာလုပ်ပေးရမလဲ၊ ဘာဖြစ်ချင်လဲ။ ခင့်သဘော



အဲသလိုမျိုးလေ။ ဒီတော့ ပြန်ဆွေးနွေးကြပါဦး။ **တကယ်ချစ်**ရင် သဘောထား ဘယ်လောက်ကွဲကွဲ၊ လူချင်း **ရန်မဖြစ်ဘူး။** ဥပမာ မေနှင်းက ဆီချက်ကြိုက်တယ်။ ချစ်သူက **မုန့်ဟင်းခါး** ကြိုက်တယ်။ တခြားစီစားတဲ့အခါ မေနှင်းလည်း **ဆီချက်**စားတယ်၊ သူလည်း မုန့်ဟင်းခါးစားတယ်။ **အတူတူစားကြ**တဲ့အခါမှာတော့ မေနှင်းရောသူရောကြိုက်တဲ့ '**မြန်မာထမင်း**ဆိုင်' မှာ ထိုင်ကြတယ်။ အဆင်ပြေသွားရော ဟုတ်လား။

*

(၁၃၉)

◻ *သမီးအဖေက နောက်မိန်းမ ယူပါတယ်။ ကလေး**တစ်ယောက်** ထပ်မွေးပါတယ်။ အစ်မတွေက အိမ်ထောင်ကျပြီး **လွတ်လပ်**သွားကြပါပြီ။ သမီးနဲ့မောင်လေးကတော့ အိမ်မှာ ဒုက္ခ**ခံနေရ**တယ်။ အဖေက သူ့မိန်းမဘက် လိုက်ပါတယ်။ **သူ့မိန်းမနဲ့** သမီး မခေါ်တော့ဘူး။ သမီး ဘယ်လို ရပ်တည်ရမလဲ။*

**ဖူးဖူး၊ တာမွေ။**

◆ ဒီကိစ္စ အဖေ့ကိုပဲ ရင်ဖွင့်ပါ။ သမီးခံစားချက်ကို ပွင့်ပွင့်**လင်း**လင်းနဲ့ ရှင်းအောင်ကြိုးစားပြီး ပြောပြပါ။ ဟိုမိန်းမကို **အမုန်း**ပွားတဲ့အနေနဲ့ မပြောပါနဲ့။ အဖေက ကြားထဲက **အထင်လွဲ**စရာ လုပ်မိတာဖြစ်ပါလိမ့်မယ်။ တစ်ခုရှိတာက **ဒါဟာ** တစ်ဘဝကိစ္စ မဟုတ်ဘူးဆိုတာပါပဲ။ ကိုယ်က **သမီးတစ်**ယောက်အနေနဲ့ မိဘအရိပ်မှာခိုတုန်း အပြစ်မရှိအောင် **နေဖို့ပဲ**လိုတယ်။ မကြာခင်မှာ အစ်မတွေလိုပဲ ကိုယ့်အသိ **ကိုယ်ထူ**ထောင်ရမှာပါ။ ဒီလို ကြိုပြီး တွေးထားစေချင်ပါတယ်။ **နောက်**

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက အဖေနဲ့ မိန်းမကို အဆိုးမြင်ဝါဒနဲ့ချည်း မကြည့်ဖို့ပါပဲ။ အဖေ့အနေနဲ့ သူ့ သဘာဝအရ မိန်းမလိုလို့ မိန်းမယူတာပဲလို့ ယူဆလိုက်ပါ။ ကိုယ့်အလှည့်ကျလည်း အိမ်ထောင်ပြုချင် ပြုဦးမှာပဲ။ အိမ်ထောင်မပြုတောင် ကိုယ်အလုပ်လုပ်တဲ့အခါ သီးခြားနေနိုင်တာပဲ။ ကိုယ့်လမ်းကိုယ် လျှောက်ကြရတာပဲ။ အဖေ့ကျေးဇူးကို ကြုံတုန်း ဆပ်ခဲ့မယ်လို့ သဘောထားပါ။ မပြစ်မှားနဲ့နော်။ ကဲ စိတ်ချမ်းသာပါစေကွယ်။

*

## (၁၄၀)

◘ *ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူက နှစ်နှစ်ကျော်ပါပြီ။ အရမ်းချစ်ကြပါတယ်။ ဒါပေမဲ့ သူက အိမ်ကို အရမ်းကြောက်ရတယ်။ သူ့အိမ်က သိသွားလို့ အဆူခံရတယ်တဲ့။ သူ စိတ်ညစ်ပြီး ကျွန်တော့်ကို ဖြတ်မယ်ပြောပါတယ်။ လက်ထပ်ဖို့ ကတိတွေ ပေးခဲ့ပြီးမှ ခုလိုဖြစ်တော့ ကျွန်တော်လည်း အရမ်းခံစားရပါတယ်။ ကျွန်တော် ကြိုးစားကြည့်ချင်ပါသေးတယ်။ အကြံပေးပါဦးနော်။*

T.M၊ မော်လမြိုင်။

◆ အိမ်က သဘောမတူတဲ့ကိစ္စတွေဟာ အချိန်နဲ့ ကုစားရမယ့်ဟာတွေပါ။ ချက်ချင်းကြီး ဖြတ်ပစ်စရာ မလိုပါဘူး။ ဘယ်မိဘမဆို ပညာသင်တုန်း အချစ်နဲ့ ရောထွေးကြတာကို မလိုလားကြဘူးလေ။ ဒါကို လက်ခံပြီး အချင်းချင်း နားလည်စွာ ပညာစုံအောင် ကြိုးစားသင့်ကြပါတယ်။ ပညာရေး ဆုံးခန်းတိုင်ပြီ၊ အလုပ်ဝင်ပြီ၊ မိဘကိုလည်း သင့်တင့်စွာ ကျေးဇူးတုံ့ပြန်ပြီးပြီ



ဆိုတဲ့အချိန်မှာ မိဘတွေကလည်း နားလည်မှုပေးစမြဲပါပဲ။ ကိုယ့်ရွေးချယ်မှုကလည်း အပြစ်အနာမရှိဘူးဆိုရင် အဆင်မပြေစရာအကြောင်း မရှိပါဘူး။ ဒါဟာ ကမ္ဘာ့နိယာမတရားကြီးမို့ သဘောတူလာကြမှာပါ။ ဒီအတောအတွင်း မိမိတို့အချင်းချင်း မေတ္တာမပျက်ဖို့နဲ့ သစ္စာရှိကြဖို့အရေးကြီးပါတယ်။ မေတ္တာသာကြီးမားမယ်၊ သစ္စာသာ ခိုင်မြဲမယ်ဆိုရင် အရာရာကို ဖန်တီးနိုင်ပါလိမ့်မယ်။

*

## (၁၄၁)

◘ *သူက သမီးရဲ့ ဝမ်းကွဲအစ်ကိုပါ။ သမီးတို့ချင်း သံယောဇဉ်တွယ်ခဲ့ပါပြီ။ ဒီတော့ (၁) မောင်နှမဝမ်းကွဲတွေ ချစ်သင့်ပါသလား၊ (၂) သံယောဇဉ်ဆိုတာ အချစ်နဲ့အတူတူပဲလား၊ (၃) မိဘတွေက လက်ခံနိုင်ပါ့မလား။*

အငယ်လေး၊ တောင်ငူ။

◆ ဒီကိစ္စနဲ့ပတ်သက်လို့ သဘောထား ကွဲနိုင်ကြပါတယ်။ အများအားဖြင့်ကတော့ တစ်ဝမ်းကွဲမောင်နှမတွေဟာ အရင်းလိုပဲ သဘောထားလေ့ ရှိကြတယ်။ ဒါပေမဲ့ အနည်းအကျဉ်း မောင်နှမတွေဟာ မောင်နှမစိတ်ထက် ကျော်လွန်ပြီး ၁၅၀၀ ဘက်ကို ကူးသွားတာမျိုး ရှိတတ်တယ်။ ဒါဟာ မဖြစ်သင့်ဘူးလို့လည်း ပြောလို့မရဘူး။ နီးစပ်မှုနဲ့ နှုန်းယှဉ်မှု ပါသွားတာကိုး။ ပြန်နေလို့ ဆုတ်လို့လည်း ရနိုင်ပါတယ်။ စိတ်နိုင်ရင်ပေါ့။ စိတ်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ပြဿနာ မရှိတော့ဘူးပေါ့။ သံယောဇဉ်နဲ့အချစ် အတူတူပဲလားဆိုတော့ မတူဘူးလို့ ပြောရ

www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်။ အချစ်က ရူးရှတယ်။ ထိရှတယ်။ သံယောဇဉ် ဆိုတာက တမျှင်းမျှင်းနဲ့ ခိုင်မြဲတယ်။ သေချာတာက အချစ် ဆိုတာ 'အမုန်း' နဲ့ နံရံပါးပါးလေးပဲ ကာထားတာပါ။ အချစ် ကုန်ဆုံးတာနဲ့ အမုန်းဘက် ရောက်သွားတယ်။ သံယောဇဉ်က အဲလိုမဟုတ်ဘူး။ ဘယ်လိုမှ မမုန်းနိုင်ဘူး။ မပြတ်နိုင်ဘူး။ အဲဒါကြောင့် 'သံယောဇဉ်ကြိုး' လို့ ခေါ်ကြတာပါ။ ခိုင်မြဲ ပါတယ်။ မိဘတွေက လက်ခံပါ့မလားဆိုတာ မိဘတွေ အပေါ်ပဲ တည်ပါတယ်။ တချို့မိဘများဆိုရင် စိတ်ချရအောင် ဆိုပြီး သူတို့ကိုယ်တိုင်က လက်ဆက်ပေးတာမျိုး ရှိပါတယ်။ အတိအကျ စည်းကမ်းမဟုတ်ပါ။ လူအပေါ်ပဲ မူတည်ပါ တယ်။

*

(၁၄၂)

◘ *သမီးစာကတော့ အချစ်ဆန့်ကျင်ရေးပါပဲ။ သမီးက ယောကျ်ား တွေနဲ့ပတ်သက်ရင် မာနကြီးတယ်။ လမ်းသွားရင် နောက်က လိုက်တာမျိုး မကြိုက်ဘူး။ အနားကပ်ပြီး မထိတထိပြောတာ မုန်းတယ်။ ကိုယ့်ထက် ပညာအရည်အချင်းနိမ့်တဲ့လူကို မချစ် ချင်ဘူး။ သမီးဟာ ဘယ်လိုမိန်းကလေးမျိုးလဲ။ အတ္တကြီးသူ လား။*

သစင်ဖြူ။

◆ သစင်ဖြူဆိုတာ ပင်ယံမြင့်မှာ ငွားငွားစွင့်စွင့်နဲ့ ဆောင်းမှာမှ ပွင့်တဲ့ တော်ဝင်ပန်းပေါ့ကွယ်။ နာမည်နဲ့စရိုက် လိုက်ပါတယ်။ ဒီအတိုင်းဆက်ပြီး ကျင့်သုံးပါ။ မိန်းကလေးတွေကို လိုက်တိုင်း



ရတဲ့ အပေါစားမျိုး အထင်မခံရအောင် ဒီလိုပဲဖြစ်သင့်တာပါ။ သိပ် ဟန်ကြီးသွားရင် 'အပျိုကြီး' တော့ ဖြစ်သွားနိုင်တယ်နော်။ အပျိုကြီးဖြစ်ရတဲ့ အရသာကို တန်ဖိုးထားတယ်ဆိုရင်တော့ အချစ်နဲ့ကင်းတာဟာ အေးချမ်းတာပါပဲ။ အချစ်ဆိုတာ ဆူနာမီ လှိုင်းလို အောက်ခြေမှာ လျှောင်လှုပ်တာနဲ့ ပင်လယ်လှိုင်းလုံး တွေ မို့တက်လာပြီး ကမ်းခြေကို လွှမ်းမိုးတတ်တဲ့ အရာမျိုးပဲ။ ကင်းနိုင်ရင် ကောင်းပါတယ်။ လှိုင်းလေငြိမ်တဲ့လွင်ပြင်လို နည်းနည်းတော့ ခြောက်သွေ့မှာပေါ့။ အန္တရာယ်မရှိဖို့တော့ သေချာလှပါတယ်။

*

(၁၄၃)

◘ *ကိုယ့်ကိုယ်ကိုယ် အားကိုးတာဟာ စိတ်ကြီးဝင်တာပါလား။ သမီးကို ဆရာမက စိတ်ကြီးဝင်နေတာလို့ မှတ်ချက်ချခံရလို့ ပါ။ ဘယ်သူ့မှ အားမကိုးချင်တာဟာ မှားပါသလား။*

မေလင်း၊ မော်လမြိုင်။

◆ ကိုယ့်ကိုယ်ကိုယ် အားကိုးတာဟာ အကောင်းဆုံး အမှန်ဆုံး ပါ။ စိတ်ကြီးဝင်တယ်ဆိုတာက အမှန်တရားနဲ့ မနီးတဲ့ကိစ္စ တွေကို စိတ်ကူးပြီး ထင်တစ်လုံး ဖြစ်နေတာမျိုးပါ။ မြတ်စွာ ဘုရားက မိမိကိုယ်သာ မိမိအားကိုးရာဖြစ်သည် လို့ ဟောထား တာပါ။ ဒီအတိုင်းပဲ ဆက်နေပါကွာ။

*

www.burmeseclassic.com

www.burmeseclassic.com



## (၁၄၄)

▫ သမီးချစ်သူက ၁၀ တန်းမအောင်ဘူး။ သူ့ သူငယ်ချင်းက ဘွဲ့ရပြီးသားပါ။ သူ့ သူငယ်ချင်းက သမီးကို ချစ်တယ်ဆိုလို့ သူ နောက်ဆုတ်သွားတယ်။ သမီးဘ၀ ကောင်းစားဖို့လို့ ပြောပါတယ်။ သမီးက သူ့သူငယ်ချင်းကို လုံး၀ မချစ်ဘူး။ သမီး ဘာလုပ်ရမလဲ။ သူက သမီးကို တကယ်ကောင်းစားစေချင်တာလား။ မချစ်လို့လား။ ငိုရလွန်းလို့ မျက်ရည်တွေ ကုန်တော့မယ်။

**ကလေး၊ ခတ္တ ပထမနှစ်။**

◆ ဘာလုပ်ရမလဲဆိုတော့ မချစ်တဲ့လူကို မချစ်ဘူးပဲ ပြောလိုက်ပေါ့။ နောက်ဆုတ်သွားတဲ့လူကို အရင်အတိုင်း ပြောပြပေါ့။ နှစ်ယောက်အကျေအလည် ဆွေးနွေးရမယ့်ကိစ္စပါ။ လူဆိုတာ လွှဲပြောင်းပေးလို့ရတဲ့ အရာမှ မဟုတ်တာ။

*

## (၁၄၅)

▫ သမီး ချစ်နေတဲ့လူက သမီးကို မချစ်ဘူး။ သူချစ်လာအောင် ဘယ်လိုနေရမလဲ။ ယောကျ်ားလေးတွေ ကိုယ့်ကို ကြိုက်ရင် ဘယ်လိုအမူအရာ ပြတတ်ပါသလဲ။

**ပန်းအိစိုး၊ ရန်ကုန်။**

◆ ယောကျ်ားတွေက လွတ်လပ်မှု အခွင့်ရှိတယ်။ 'ယောကျ်ား ကြိုက်က စိုက်စိုက်လာ၊ မိန်းမကြိုက်က မျှော်လိုက်ကာ' ဆိုတဲ့ စကားရှိတယ်။ ယောကျ်ားက ကြိုက်ရင် သိသာတယ်။ ချောင်းပေါက်အောင် လာတော့တာပဲ။ မိန်းမဘက်ကကျ အဲဒီအခွင့်



အရေး မရှိခဲ့ဘူး။ ခုခေတ်တော့လည်း ရုပ်ရှင်တွေကျေးဇူးနဲ့ မိန်းကလေးတွေ ပွင့်လင်းလာခဲ့ကြတယ်ထင်ပါရဲ့။ အဲ... မချစ်တဲ့လူကို ချစ်လာအောင်လုပ်တဲ့ သေချာပေါက်နည်းတော့ မရှိပါဘူး။ ကိုယ်ချစ်ရင် ဂရုစိုက်ပြပေါ့။ ချစ်ခွင့်ရရင် ကျေနပ်စရာပဲ မဟုတ်လား။ ပြန်မချစ်လာရင်တော့လည်း ဘာမှ မတတ်နိုင်ပါဘူးကွယ်။

*

## (၁၄၆)

▫ ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူကို ဘာသာမတူလို့ သူ့ဘက်က သဘောမတူဘူး။ ချစ်သူကို အဝေးပို့ကြတော့မယ်။ ကျွန်တော်က လူကြီးတွေဆန္ဒအတိုင်း လိုက်လျောမယ်ဆိုတာ သိစေချင်ပါတယ်။ ကျွန်တော် ဘာလုပ်ရမလဲ။

**မောင်ဘညွန့်၊ ကျိုက်ထို။**

◆ ဒီကို လှမ်းမေးနေတာ ကြာတယ်။ လူကြီးတွေကို အမြန်ဆုံး တင်ပြလိုက်ပါ။ ဒီကိစ္စမျိုးက ညှိနှိုင်းလို့ ရပါတယ်။

*

## (၁၄၇)

▫ ကျောင်းမှာ ငယ်သူငယ်ချင်းနဲ့ ပြန်ဆုံပါတယ်။ သူ့ကောင်မလေးက တခြားနယ်မှာပါ။ အပေါင်းအသင်းမရှိလို့ သူနဲ့ တွဲမိပါတယ်။ သူ့ကောင်မလေးက ပြဿနာလုပ်တယ်။ သူက သမီးကို မတောင်းပန်ဘူး။ သူ့ကောင်မလေးကိုလည်း သူ တကယ် ၁၀၀%ကြိုက်တာပါ။ လက်ထပ်မယ့်သူပါ။ သမီး

www.burmeseclassic.com

www.burmeseclassic.com



*အပေါ် တွယ်တာတာကိုလည်း သူ့မျက်လုံးတွေမှာ တွေ့ရတယ်။ သူများအမြင်မှာ သမီးက တစ်ဖက်သတ်ကြိုက်သူဖြစ်နေတယ်။ ခံပြင်းလိုက်တာ။ ခုထိတော့ သူက သမီးကို ဂရုစိုက်သလို သမီးကလည်း သူ့ကို ဖြည့်ဆည်းချင်နေဆဲပါ။ သမီးကို 'ဆူ' လိုက်စမ်းပါ အန်တီနှင်းရယ်။*

**မေသူ၊ ရန်ကင်း။**

◆ မဆူပါဘူးကွယ်။ သံယောဇဉ်ဆိုတာ မမြင်ရတဲ့ ကြိုးတစ်ချောင်းပဲ။ သူ့မှာ ပိုင်ရှင်နဲ့ဆိုပြီး ဖြတ်ပစ်လို့လည်း ရကောင်းတဲ့အမျိုးမဟုတ်ပါဘူး။ နည်းလမ်းတွေတော့ ရှိပါတယ်။ အဲဒါက အပြစ်လွတ်နည်းပါ။ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ဆိုတာလေ။ ၁၅၀၀ အချစ်နဲ့ သူ့ချစ်သူအဖြစ် မနေရပေမဲ့ ၉၇၂ နဲ့တော့ နေလို့ရနိုင်ပါတယ်။ တစ်ကျပ်ဖိုးမရရင် တစ်မတ်ဖိုး၊ ဆယ်ပြားဖိုး ဆိုသလိုပေါ့။ ပိုင်ရှင်ကို မထိခိုက်တဲ့ နည်းမျိုးပါ။ ဒါမျိုးတွေ လောကကြီးမှာ အများကြီးပါ။ သူ့ကို သန့်စင်တဲ့မေတ္တာ(အဒေါသ)နဲ့ ဖြည့်ဆည်းပေးခွင့်ရရင်ပဲ ကျေနပ်လိုက်ပါ။ အချစ်က ပူလောင်ပြီး မေတ္တာက အေးမြတယ်လေ။

*

(၁၄၈)

□ *သူနဲ့ကျွန်တော် သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ။ ဒါပေမဲ့ သူ့မိဘအသိုင်းအဝိုင်းက သွေးခွဲစကားပြောပြီး ကျွန်တော့်ကို အဆက်အသွယ်ဖြတ်ခဲ့တယ်။ သူ မုန်းသွားတာတော့ မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ရှင်းပြဖို့ တောင်းဆိုတာကိုတော့ တစ်ခါမှ မလာပါဘူး။ ဘယ်လို လုပ်ရပါ့မလဲ။*

**မောင်ငယ်၊ အင်းစိန်ရွာမအရှေ့**



◆ ချစ်သူအချင်းချင်း မမုန်းသေးဘူးဆိုရင် မျှော်လင့်ချက်ရှိပါတယ်။ စိတ်ရှည်ရှည်ထားပါ။ ကမူးရှူးထိုး မလုပ်ပါနဲ့။ လူချင်းတွေ့ရတဲ့အခါ စကားကုန်အောင် ရှင်းပြပေါ့။ ကိုယ့်ဘက်က လျှော့ပေးရင် ပြေလည်နိုင်ပါတယ်။ ကိုယ်က အမှားတွေလုပ်မိရင် ပြင်ဖို့ လိုပါလိမ့်မယ်။ လူချင်းတွေ့ဖို့ အဓိကကြိုးစားပါ။

*

(၁၄၉)

□ *ကျွန်တော်က ကောင်မလေးနှစ်ယောက်ကို တစ်နေရာစီမှာ တွေ့ပြီး ချစ်သူဖြစ်ခဲ့တာပါ။ နှစ်ယောက်လုံးကို ချစ်တယ်။ တစ်ယောက်က ရိုးသားတယ်၊ ငယ်တယ်။ နောက်တစ်ယောက်ကတော့ ကြိုးစားတယ်၊ ဦးဆောင်နိုင်တယ်။ ကျွန်တော်က မညာချင်တော့ဘူး။ တစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲချစ်ချင်တော့တယ်။ အဲဒါ ဘာလုပ်ရမလဲဆိုတာ ဆုံးဖြတ်ရခက်နေလို့ပါ။*

**မင်းအောင်အောင်၊ ကျုံပျော်။**

◆ ဘာလုပ်ရမလဲဆိုရင် ဟိုးတစ်ခါက တို့အစ်ကိုကြီးပြောသလို ပြောရမလား။ သူ့ညီက သာရဝေါမှာ မယားကြီးရှိတယ်။ ဟင်္သာတမှာ မယားငယ်ထားတယ်။ မယားငယ်မှာက ကလေးမွေးတယ်၊ ကလေး နေမကောင်းဖြစ်တော့ မယားကြီးဆီ ပိုက်ဆံသွားချေးသတဲ့။ အဲဒါကို အစ်ကိုကြီးကကြားတော့ ဒေါသဖြစ်ပြီး ပြောတာလေ။ 'ဒီအကောင်၊ သာရဝေါနဲ့ ဟင်္သာတ ကူးလိုက်သန်းလိုက်နဲ့ အလကားကောင်၊ ဟင်္သာတ

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးထဲ ကျသေရင် ကောင်းတယ်' တဲ့။ မင်းလည်း အခု ဒီကိန်းဆိုက်နေတာပေါ့နော်။ မဆုံးဖြတ်နိုင်တာ ပျော့ညံ့တာပဲ ပေါ့။ အေးကွာ မင်းတို့လူဖြစ်နောက်ကျတာကိုး။ ပဒေသရာဇ် ခေတ်ကလိုသာဆိုရင် တောင်နန်းစံ၊ မြောက်နန်းစံ ထားလို့ ရတယ်။ ခုတော့ ကာယကံရှင်ကိုယ်တိုင် မဝေခွဲ မဆုံးဖြတ်ရဲ တာမို့ မေနှင်းတရားခံ မလုပ်ပါရစေနဲ့။

*

## (၁၅၀)

□ *သူနဲ့ကျွန်တော် ချစ်သူဖြစ်တာ ၄ လ ရှိပါပြီ။ အရင်က သူ ရည်းစားရှိခဲ့ဖူးပါတယ်။ ကျွန်တော် မသိချင်ယောင် ဆောင် ခဲ့တယ်။ အခုတစ်ခါ နောက်တစ်ယောက်နဲ့ တွဲနေပြန်တယ်။ ကျွန်တော် ဘာလုပ်သင့်ပါသလဲခင်ဗျာ။ ကျွန်တော် အရမ်း စိတ်ညစ်နေပါတယ်။*

**စကိုင်း၊ တောင်ကြီး။**

◆ စိတ်ညစ်ရတာကိုယ်က ချစ်မိလို့ပါ။ သူမှ မချစ်တော့ဘဲဆိုပြီး စိတ်တင်းကြည့်ပါလား။ သူကတော့ ဝါသနာပါနေတာ ဖြစ် နိုင်တယ်။ အဲဒါကိုမှ ကိုယ်ကချစ်မိတော့ ကိုယ် ကံဆိုးတယ် ပြောရမှာပေါ့။ သူ့ကို ဖျောင်းဖျလို့လည်း ရမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက မင်းကိုမချစ်တာ သေချာတယ်။ မင်းကို မချစ်လို့ တခြားမှာ တွဲတာပေါ့။ ဒီတော့ 'မပြတ်'နိုင် သေးရင် 'စောင့်ကြည့်' ဖို့ပဲ ရှိတယ်။ သူ့ဟာသူ နောင်တရပြီး မင်းဆီ ပြန်လှည့်လာမယ်ဆိုရင်လည်း ခွင့်လွှတ်ကြိုဆိုဖို့ ပြင် ဆင်ထားပေါ့။ ဒီလိုပါပဲကွာ ချစ်မိရင် ချစ်မိတဲ့လူ ခံရစမြဲပါပဲ။



## (၁၅၁)

□ *မသိလို့မေးမယ်။ 'မေနှင်း' ဆိုတာ နာမည်ရင်းလား။ မခံစား ဖူးလို့မေးမယ်။ 'အချစ်' ဆိုတာ ဘာလဲ။ မစဉ်းစားတတ်လို့ မေးမယ်။ 'ဘဝ' ဆိုတာ ဘယ်လိုဖြတ်သန်းရမလဲ။ ကျွန်တော် ချစ်ရမယ့်သူတစ်ယောက် တွေ့ဖူးတယ်။ အရမ်း ချစ်မိတယ်။ အဖြေတောင်းတော့ ကျောင်းကပြန်မှ ပေးမယ်တဲ့။ ကျောင်းက ပြန်တော့ ချစ်တယ်လို့ အဖြေပေးပါတယ်။ အဖြေလည်းရရော သူ့ကို ချစ်လို့မရတော့ဘူးဗျာ။ အဲဒါ ဘာဖြစ်တာလဲ။*

**ရိုင်းရိန်းလှ၊ လားရှိုး။**

◆ မေနှင်းဆိုတာ နာမည်ရင်းပါပဲ။ အချစ်ဆိုတာ တစ်ခွန်းတည်း နဲ့ ဖြေလို့မရပါဘူး။ ဘဝဆိုတာကို မထိမခိုက်မိအောင် ဖြတ် သန်းရပါမယ်။ ပထမချစ်တယ်၊ နောက် မချစ်တော့ဘူးဆိုတာ ဟာ ပထမကတည်းက မချစ်လို့ပါ။ အဲဒါ အချစ်မဟုတ်ဘူး လို့ပဲ သတ်မှတ်လိုက်ပါ။

*

## (၁၅၂)

□ *မေနှင်းဖြင့် အပျိုကြီးသိပ်ဖြစ်ချင်တာပဲလို့ မေနှင်းဖြေခဲ့တယ်။ ဒါဖြင့် မေနှင်းက အပျိုကြီးမဟုတ်ဘူးပေါ့။ မေနှင်းက ဟောသိ ဝဒ်အကြောင်းလည်းသိတယ်။ သက်လျာ ဓာတုတို့ နတ်သျှင်နောင် တို့အကြောင်းလည်း သိတယ်။ ဘယ်လိုအတွေ့အကြုံတွေနဲ့ ဒီမေးခွန်းတွေကို ဖြေနိုင်တာလဲ။ မေနှင်းကို အပြင်မှာ အရမ်း မြင်ဖူးချင်တာပဲ။*

**တူမလေး၊ မော်လမြိုင်။**

www.burmeseclassic.com

www.burmeseclassic.com



◆ ဩော်...အပျိုကြီး ဘယ်ဟုတ်ပါ့မလဲ။ ဒီလောက်ချောတဲ့လူ ဘယ်အပျိုကြီးဖြစ်မလဲနော်။ အတွေ့အကြုံဆိုတာတွေက ကိုယ်တွေ့ချည်းမဟုတ်ပါဘူး။ မြင်ရ ကြားရ ဖတ်ရတာတွေပေါ့။ မေနှင်းကို အပြင်မှာမြင်ရင် ဖျားသွားမှာပေါ့။ တစ်ခုတော့ ပြောနိုင်ပါတယ်။ စာရေးဆရာတစ်ယောက်က ပြောဖူးတယ်။ 'မမက မချောပါဘူး၊ ဒါပေမဲ့ မမနဲ့ မျက်နှာချင်းဆိုင် စကားပြောရင်း မမချောလာတယ်' တဲ့ အဲဒါသိသလား။ အတွင်း Colour ချောတာကို ပြောတာ။ သဘောဖြူရင် လှသတဲ့။ တူမလေးလည်း သဘောဖြူဖြူထားပါ။

*

(၁၅၃)

▫ *သမီးအိမ်က အခက်အခဲဖြစ်လို့ ကျောင်း ၃ နှစ် မနေခဲ့ရပါ။ အခု ကျောင်းပြန်တက် နေပါပြီ။ သမီး ၁၀ တန်းကို အမှတ်များများနဲ့အောင်ပြီး ပညာတတ်ကြီးဖြစ်ချင်သူပါ။ စာလည်း ကြိုးစားနေပါတယ်။ ၁၀ တန်းမှာ ဘယ်အချိန်တွေ စာကျက်ရင်အကောင်းဆုံးဆိုတာ ပြောပေးစေချင်ပါတယ်။*

**ဟိန်းဇာ၊ ရန်ကုန်။**

◆ ဘယ် အတန်းပဲဖြစ်ဖြစ် ဘယ်အချိန်စာကျက်မှရယ် မရှိပါဘူး။ မိမိအတန်းအတွက် ပြဋ္ဌာန်းထားတဲ့ စာတွေကို အကုန်ရအောင် ကျက်ဖို့ပါပဲ။ ပြဋ္ဌာန်းမထားတဲ့စာ မမေးပါဘူး။ ပြဋ္ဌာန်းပြီး တစ်နှစ်အချိန်ပေးထားတာမို့ မရမရှိအောင် ကျက်ပေါ့။ ဘယ်စာကိုမှ မလွှတ်ပါနဲ့။ ဒါဆိုရင် ဘယ်စာမေးပွဲမှ ကျစရာအကြောင်းမရှိပါဘူး။ မေနှင်း အဲဒီစနစ်ပဲ ကျင့်သုံးခဲ့တာမို့



ယုံကြည်လိုက်ပါ။

*

(၁၅၄)

▫ *ကျွန်တော်က ကျောင်းပြီးဘွဲ့ရ လုပ်ငန်းရှင်ပေါက်စ တစ်ယောက်၊ မဆိုးဘူးလို့ ပြောနိုင်ပါတယ်။ ကျွန်တော်ဖြစ်ချင်တာက အောင်မြင်တိုးတက်တဲ့ လုပ်ငန်းရှင်တစ်ယောက်ပါ။ ကျွန်တော့်ချစ်သူနဲ့ ချစ်သူသက်တမ်း ရှစ်နှစ်ရှိပါပြီ။ အေးအေးဆေးဆေးပါပဲ။ ဒါပေမဲ့ အခုတော့ ကလေးနှစ်ယောက်အမေ၊ အသက် ၃၀ကျော် မုဆိုးမတစ်ယောက်ကို စိတ်ကစားမိပါတယ်။ သူက ဆုံးသွားတဲ့ သူ့ယောကျ်ားနဲ့ တူလို့တဲ့။ သူ့ဘဝအကြောင်းတွေ ပြောပြတော့ သနားမိခဲ့တယ်။ သူက စီးပွားရေးလောကထဲကပါပဲ။ သူက မျက်နှာသာပေးပါတယ်။ သူ့ကို သနားတာနဲ့ပဲ ကျွန်တော့်ဘဝတစ်ခုလုံး ပုံပေးပြီး ကူညီရမလိုဖြစ်နေတယ်။ မိဘတွေသိရင် မလွယ်ဘူး။ ကျွန်တော့်ကောင်မလေးသိရင်တော့ ကျွန်တော့်အသက်တောင် စိုးရိမ်ရပါတယ်။ အစ်မကိုလည်း မစိမ်းရက်ဘူး။ ဒီတော့ နှစ်ဖက်လုံဓာတ်လမ်းလေး မစပါ အန်တီမေနှင်း ခင်ဗျား။*

**မောင်ထီ၊ တောင်ကြီး။**

◆ တော်တော်ဟုတ်တဲ့ လိပ်ကြီးပဲ။ နှစ်ဖက်လုံနည်းတဲ့။ တော်တို့ယောကျ်ားတွေဟာ... ဆိုပြီး တောက်တောက်စဉ်းဖို့ကောင်းတယ်။ ဒါက မိန်းမတွေဘက်က ကြည့်ပြီးပြောတာပါ။ ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုတဲ့ စကားနဲ့ မင်းတုန်းမင်းလက်ထက်က ဆိုရင်တော့ ဒါဟာ ပြဿနာ မဟုတ်

www.burmeseclassic.com

ပါဘူး။ ခုခေတ်လည်း 'ရက်ပတ်' နဲ့ ကျင့်သုံးနေကြတယ်လို့ စာရေးဆရာတစ်ယောက်က ပြောဖူးပါတယ်။ သုံးဦးသုံးဖက် အဆင်ပြေအောင် ဖန်တီးတယ်ပေါ့။ ဒီကိစ္စဟာ Personal လို့ခေါ်တဲ့ ပုဂ္ဂိုလ်ရေးတွေဖြစ်ပြီး မှုရယ်၊ စည်းမျဉ်းရယ်၊ ဥပဒေရယ်လို့ မရှိသေးပါဘူး။ (မူလ အိမ်ထောင်ရှင်မ ကွာမပေးရင် လုံးဝ တရားဝင် လက်ထပ်မပေးတာတို့) ဒီတော့ မေနှင်း အနေနဲ့ အကြံပေးဖို့ ခက်ပါတယ်။ နှစ်ဖက်လုံး လုဖို့ဆိုတာ သိပ်မဖြစ်နိုင်ဘူး။ တစ်ဖက်ဖက်တော့ အရှုံးဆိုးသွားမှာပဲ။ မသိအောင်လုပ်တယ်ဆိုတာ ဘယ်လောက်ကြာကြာ ဖုံးထားနိုင်မှာလဲ။ သိသွားပြီ ဆိုတဲ့အခါ လက်လွှတ်ဆုံးရှုံးခံနိုင်မလား။ အဲဒါ ကြပ်ကြပ် စဉ်းစားစေချင်ပါတယ်။ ဟုတ်ပြီ။ ဆုံးရှုံးခံနိုင်တယ်ဆိုရင် လူသိထင်ရှား လုပ်နိုင်ပါတယ်။ နောက်ဆုံး နည်းလမ်းတစ်ခုတော့ ရှိတယ်။ မြွှမသေ တုတ်မကျိုး နည်းပါပဲ။ အဲဒါက တရားဝင် ထင်ထင်ပေါ်ပေါ်မယူရဲ၊ မယူနိုင်တဲ့ လူနဲ့ လူချင်းမကွဲဘဲ နေနိုင်တဲ့နည်းပေါ့။ 'အလဲ့' တယ် ဟုတ်ပါလားလို့ အူမြူးမသွားနဲ့ဦး။ အဲဒီနည်းက ရေရှည်ကျင့်သုံးတဲ့အခါ အတော်ခက်ပါတယ်။ ပထမ အခြေခံအချက်က အဲဒီလူနှစ်ယောက်ဟာ တကယ်ချစ်တဲ့လူတွေ ဖြစ်ရမယ်။ တကယ်ချစ်မှ အတ္တနည်းတဲ့ အခုနည်းလမ်းကို ကျင့်နိုင်မှာမို့ပါ။ လူတစ်ယောက်ကို တကယ်ချစ်ပြီဆိုရင် ယူရမှဆိုတဲ့ အတ္တအပါဘူးလေ။ အတ္တကွာကျသွားတယ်။ သူ့အကျိုးကို လိုလားတယ်။ သူ့အတွက် အနစ်နာခံချင်တယ်။ ဖြည့်ဆည်းပေးချင်တယ် ဆိုတော့ကာ တရားဝင် လက်မထပ်ဘဲနဲ့ ဒီကိစ္စတွေ လုပ်ပေးနိုင်တယ်လေ။ အနီးဆုံး ဥပမာပေးရရင် ဆွေမျိုးတစ်



ဦးလိုပေါ့။ အရင်းနှီးဆုံးမိတ်ဆွေအဖြစ်ပေါ့။ ဒါတောင်မှ 'တဏှာ' မပါဘူးလို့ မပြောဘူးနော်။ ပါချင်ပါမယ်။ မပါလည်း ရတယ်။ ဒါက နှစ်ယောက်တည်း ကိစ္စ။ ပတ်ဝန်းကျင်မှာ အပြောအဆိုလွတ်အောင် ဆင်ခြင်ရမယ်။ တစ်ဦးကိုတစ်ဦး အကူအညီပေးနိုင်တယ်။ ငွေရေးကြေးရေး၊ လုပ်ငန်း၊ ကျန်းမာရေး၊ အရေးအကြောင်းဆို ပြေးခေါ်လို့ရနိုင်တဲ့ အားကိုးအားထားဖြစ်ရမယ်။ ကဲ ဒါဆို မကျေနပ်သေးဘူးလား။ ဘာလိုသေးလဲ အချစ်ရယ်။

*

(၁၅၅)

□ *သမီးက ယောကျ်ားလေးလို ဝတ်လေ့ရှိပါတယ်။ စိတ်ကတော့ မိန်းကလေးပါပဲ။ သမီးတို့ကျောင်းမှာ သမီးထက် အတန်းငယ်တဲ့ ညီမလေးတစ်ယောက်ကို စေတနာထားခဲ့မိတယ်။ မှန်ကျွေးတာမျိုး၊ အတူသွားတာမျိုးပါ။ အဲဒါကို 'အချစ်တော်' ဆိုပြီး အထင်လွဲကြတယ်။ သူ့အဒေါ်က စာနဲ့ပေနဲ့ တောင်းဆိုလာတယ်။ သူတို့အထင်မလွဲဖို့ သမီးက ယောကျ်ားယူပြရမယ့်ပုံ ပေါက်နေပြီ။ သမီးက ပညာရေးကိုပဲ အဓိကထားတာပါ။ Ph.Dအထိ ရအောင်လုပ်ဖို့ ဆုံးဖြတ်ထားတာပါ။ သမီး ဘာဆက်လုပ်ရမလဲရှင်။*

**လမင်း၊ G.T.C.**

◆ ဘာမှ လုပ်ဖို့မလိုပါဘူးကွယ်။ ကိုယ့်မှုနဲ့ ကိုယ်ပဲ နေပါ။ သူတို့ မကြိုက်တာ မလုပ်နဲ့ပေါ့။ ကိုယ် စိတ်ထားမှန်တဲ့ သိသွားတဲ့တစ်နေ့တော့ ရှင်းသွားမှာပဲ။ ကိုယ့်ရည်မှန်းချက် မပျက်

www.burmeseclassic.com



စေပါနဲ့။ အဝတ်အစားနဲ့ ပတ်သက်ပြီး ခုခေတ်မှာ သိပ်ကြီးကျယ်ခြားမှု မရှိတော့ပါဘူး။ ဘောင်းဘီလုလုဝတ်တာဟာ၊ စကတ်တိုတို ဝတ်တာထက်တောင် လုံခြုံသေးတယ်။ ကြည့်ကောင်းပါတယ်။ ရုပ်အင်္ကျီအစား Tရှပ် ပြောင်းဝတ်ပါလား။ ဒါဆိုရင် အင်္ကျီနေရှင်နယ်စတိုင်လ်မို့ ယောကျ်ားလေးလို့ စွပ်စွဲကြတော့မှာ မဟုတ်ပါဘူး။ တစ်ထစ်တော့ လျှော့ကြည့်စေချင်ပါတယ်။

*

(၁၅၆)

□ *သမီး အဖေနဲ့အမေက ကွဲသွားလို့ အဒေါ်၊ ဦးလေးနဲ့ နေရတာပါ။ စီးပွားရေးနဲ့ ဘွဲ့ရပြီး အလုပ်လက်မဲ့တစ်ဦးဖြစ်ပါတယ်။ သမီးကို လူများစုက ဥပေက္ခာပြုကြတယ်။ သမီးက ရိုင်းတဲ့လူ မဟုတ်ပါဘူး။ မိဘကွဲလို့ ခံစားရပေမဲ့ ဘယ်သူ့ကိုမှ ရန်မရှာခဲ့ပါဘူး။ ဒါပေမဲ့ သမီးပေါင်းသင်းတဲ့ သူငယ်ချင်းတွေက နောက်ဆုံး လမ်းခွဲသွားကြတာချည်းပဲ။ သမီး အရမ်းခံစားရတယ်။ သမီး ကံကြမ္မာကိုက မကောင်းတာလား။ သမီးကိုယ်၌ကပဲ လိုအပ်မှုတွေ ရှိနေလို့လား။ ကူညီအဖြေရှာပေးပါဦးနော်။*

ဝါဝါ၊ ပွင့်ဖြူ။

◆ သမီး ခုလိုအဖြေရှာရကောင်းမှန်း သိတာကိုက တော်တာပါ။ တချို့က ကိုယ့်အဖြစ်ကို ကိုယ့်ဘက်က မှန်တယ်လို့ပဲ သဘောထားတယ်။ သူများကို အပြစ်ဖွဲ့တယ်။ ဒီတော့ ပြုပြင်ရကောင်းမှန်း မသိတော့ဘူးပေါ့။ အခု သမီးက အဖြေရှာတယ်ဆိုတော့



အဖြေရှိရမှာပေါ့။ ပထမဆုံး သဘောပေါက်ရမှာက မိမိတကောင်းဖို့ပါပဲ။ ဘယ်သူ့ကိုမှ ရန်မရှာပေမဲ့ ဘယ်သူ့ကိုမှ မကူညီဘူးဆိုရင်လည်း တုံ့ပြန်အကျိုး မရနိုင်ပါဘူး။ ကူညီတယ်ဆိုတာမှာလည်း ပြန်ရဖို့ဆိုတဲ့ မျှော်လင့်ချက် မထားရပါဘူး။ စေတနာသန့်သန့်နဲ့ပဲ ကူညီရမှာပါ။ အဲသလို စေတနာသန့်ရင် ကိုယ့်အတွက် အကျိုးခံစားရတာပါပဲ။ ဒီလူဆီက မရလည်း တခြားလူဆီက ရပါလိမ့်မယ်။ ဥပမာ ကိုယ်က လူတစ်ယောက်ကို စေတနာသန့်သန့်နဲ့ လက်ဖက်ရည်တိုက်လိုက်ရင် အဲဒီလူက လက်ဖက်ရည် ပြန်မတိုက်ပေမယ့် တခြားလူတစ်ယောက်ယောက်က မုန့်ကျွေးတာ ခံရပါလိမ့်မယ်။ အဲဒါတော့ ယုံပါ။ တုသောအကျိုးဆိုတာ စေတနာအလျောက်အတိုင်းနဲ့ ခံစားရမြဲပါ။ ဒါကြောင့် သူများဆီက မေတ္တာလိုချင်ရင် ကိုယ်ကစပြီး မေတ္တာပေးပါလို့ အကြံပြုအဖြေထုတ်လိုက်ပါတယ်။

*

(၁၅၇)

□ *ဖြူက ပထမချစ်သူကို အေးစက်စက်နိုင်တယ်ဆိုပြီး ဖြတ်ခဲ့ပါတယ်။ ဒုတိယလူက ဂရုစိုက်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒုတိယလူကို မချစ်ပါဘူး။ နောက်တော့ ပထမလူက ပြန်တောင်းပန်ပါတယ်။ သူ့အပြစ်ကို ပြုပြင်ပါ့မယ်တဲ့။ သမီး ဘာလုပ်ရမလဲ။ ပထမချစ်သူကို ချစ်တယ်။ ဒုတိယလူကိုတော့ အားနာနေတယ်။ ပထမလူကို ပြန်လက်ခံပြီးမှ အရင်လို ပြန်ဖြစ်မှာလည်း ကြောက်တယ်။ ဒုတိယလူကိုပဲ ဆက်ပြီး လက်တွဲရမလား*

www.burmeseclassic.com



ဝေခွဲမရဖြစ်နေလို့ပါ။

ဖြူလေး၊ တောင်ကြီး။

◆ မေနှင်းက အချစ်သမားမို့ အချစ်ကိုပဲ တန်ဖိုးထားတတ်ပါတယ်။ တကယ်ချစ်ရင် အကျိုးမမျှော်ဘူးလေ။ အနစ်နာခံစမြဲပဲ။ အခု ဖြူက ဂရုစိုက်တာ ကြိုက်တယ်။ အေးတာ မကြိုက်ဘူးဆိုတော့ အတွက်တွေ များနေတယ်။ အတွက်များနေသမျှ စိတ်ချမ်းသာရမှာ မဟုတ်ပါဘူး။ ဘယ်သူ့ကိုပဲ လက်ခံလက်ခံ ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး။ ဒီတော့ မိမိဘာသာ ပြန်ဆန်းစစ်ပါ။ ကိုယ်က ဘယ်သူ့ကို တကယ်ချစ်သလဲ။ အချစ်မှာ အားနာတယ်ဆိုတာ မရှိဘူး။ မချစ်ဘဲနဲ့တော့ လက်မခံပါနဲ့။ ချစ်ရင်လည်း သူ့ဆီက ဘာကိုမှ မမျှော်လင့်ပါနဲ့။ ဒါဆို စိတ်ချမ်းသာမှာပဲ။

*

(၁၅၈)

□ *ကျွန်မ ခင်တွယ်မိသူက ကားသမားပါ။ ကျွန်မသူငယ်ချင်းရဲ့ ရည်းစားပါ။ သူဟာ ကျွန်မတို့အပြင် တခြားကောင်မလေးတွေကိုလည်း ရည်းစားထားပါသေးတယ်။ သူ မကောင်းမှန်းသိရက် သူ့ကို မခွဲနိုင်ဘူး။ သူ့ကို မေ့ဖို့ဆိုတာ ကျွန်မသေမှ ဖြစ်မှာပါ။ အခု ဟန်လုပ်ပြီး ဖြတ်လိုက်ပေမဲ့ ရူးမတတ် လွမ်းနေရပါတယ်။ ဘာလုပ်ရမလဲ။ မေနှင်း အကြံပေးတာကို လက်ခံပါ့မယ်။*

ဝါဝါ၊ လားရှိုး။

◆ ဖြတ်လိုက်တာ မှန်ပါတယ်။ သူက ဒီလောက် ရှုပ်ပွေနေတော့



ကိုယ်ပဲ ဒုက္ခဖြစ်မှာ။ ကိုယ်က ချစ်မိတော့လည်း ခံရတာပေါ့။ အချစ်ဆိုတာ တူမျှနေရင် ချိုမြိန်တဲ့ သစ်သီးတစ်လုံး စားရသလိုဖြစ်ပြီး ခွဲခွာရရင်တော့ ပူလောင်တဲ့ မီးခဲမျိုရသလို ခံစားရတယ်လို့ ဖတ်ဖူးပါတယ်။ ခက်တာက သူ့ဘက်က တူမျှတဲ့ အချစ်မရတော့ ဒီလိုပဲ နောက်ဆုတ်မှ ဖြစ်တော့မှာလေ။ လောလောဆယ်တော့ 'ကုရာနတ္ထိ ဆေးမရှိ' ဖြစ်နေဦးမှာပါပဲ။ ဒါပေမဲ့ လပေါင်း၊ နှစ်ပေါင်းကြာမှာ မဟုတ်ပါဘူး။ အချိန်ရဲ့ ကုစားချက်နဲ့ ပြန်ပြီးနလန်ထူလာမှာပါ။ လောလောဆယ် ဖြေသာအောင် ဝါသနာ အလုပ်တစ်ခုခုနဲ့ မိမိ ကိုးကွယ်ယုံကြည်တဲ့ ဘာသာကို ခါတိုင်းထက်ပိုပြီး ဆည်းကပ်၊ ဆုတောင်း၊ မေတ္တာပို့ပါလို့ပဲ အကြံပြုပါရစေ။

*

(၁၅၉)

□ *သမီးနဲ့ ချစ်သူကို အိမ်က သဘောမတူလို့ သမီး အသွားအလာတွေ အကုန် ပိတ်လိုက်ပါတယ်။ ချစ်သူက သူ့နောက်လိုက်ဖို့ ခေါ်တယ်။ သမီးက မလိုက်ရဲဘူး။ နောက်တော့ သူ သမီးကို လာမတွေ့တော့ပါဘူး။ အဝေးသင်တက်တော့မှ လွတ်လွတ်လပ်လပ် တွေ့ကြမယ်လို့ လူကြုံနဲ့ မှာပါတယ်။ သမီးက မိဘကိုလည်း မလွန်ဆန်ရဲဘူး။ သူနဲ့လည်း မခွဲနိုင်ဘူး။ ဘယ်လို ဆုံးဖြတ်ရမလဲ အန်တီနှင်းရယ်။*

ဂျူးဂျူး၊ ကလေးမြို့။

◆ ဒီကိစ္စက ချက်ချင်း ဆုံးဖြတ်စရာ မလိုသေးပါဘူးကွယ်။ အဝေးသင်တောင် မသွားရသေးဘူးဆိုတော့ ပညာသင်ဖို့အချိန်

www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးကျန်သေးတာပဲ။ မိဘလည်း စိတ်မပူရအောင် သူပြောသလိုပဲ အဝေးသင်ကျမှ တွေ့ကြတာ ပိုပြီး ကောင်းပါတယ်။ ဒီကြားထဲ သစ္စာရှိရှိနဲ့ လူချင်းမတွေ့ရတောင် စာနဲ့ဖြစ်ဖြစ် ဆက်သွယ်လို့ရတာပဲ။ အရေးကြီးတာက ခိုင်မြဲနေဖို့မဟုတ်လား။ သူက မုန်းစကားဆိုတာမှ မဟုတ်တာ။ နောက်ပိုင်း ပညာရေးဆုံးသွားတဲ့အခါ အရွယ်လည်း ရလာပြီ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီဆိုတဲ့အခါ ကြိုက်သလို ဆုံးဖြတ်နိုင်တယ်လေ။ အဲသလို အခြေအနေရောက်ရင် မိဘတွေကလည်း တားချင်မှ တားတော့မှာပေါ့။ အခု ပညာသင်ရမယ့်အရွယ်မှာ ပညာပဲ စိတ်ထဲထည့်ထားရင် အကောင်းဆုံးပါပဲ။

*

(၁၆၀)

▫ *သားက အသက် ၁၉ နှစ်ပါ။ ပထမနှစ် ဂုဏ်ထူးတန်း (အင်္ဂလိပ်ဝါသိပ္ပံ)တက်နေပါတယ်။ သား ဝါသနာပါတဲ့ ပညာရပ်နှစ်ခုရှိပါတယ်။ တစ်ခုက အင်္ဂလိပ်ဝါသိပ္ပံ၊ နောက်တစ်ခုက ကွန်ပျူတာပညာပါ။ ကွန်ပျူတာနဲ့ပတ်သက်ပြီး အောင်လက်မှတ်ခြောက်ခု ရထားပါတယ်။ ဒါပေမဲ့ သားက နောက်ထပ်နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာတွေ၊ အောင်လက်မှတ်တွေ လိုချင်သေးတယ်။ အခု အင်္ဂလိပ်ဝါသိပ္ပံဘွဲ့ ရပြီးရင် ရန်ကုန်မှာ ကွန်ပျူတာသင်တန်းတွေ တက်ချင်သေးတယ်။ သားဘဝမှာ ဘယ်ပညာကို အသုံးချရမယ်ဆိုတာ မစဉ်းစားတတ်တော့ဘူး။ ဟိုဟာလည်း မပြီး၊ ဒီဟာလည်း မအောင်မြင်နဲ့ မျောက်သစ်ကိုင်းလွတ်သလိုမျိုးလည်း မဖြစ်ချင်ဘူး။ တချို့က ဒီနှစ်မျိုးလုံးကို ကျွမ်းကျွမ်းကျင်ကျင်မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။ ဟုတ်ပါသလား ခင်ဗျာ။ ဒါနဲ့ပတ်သက်ပြီး သားမြန်မြန်သိချင်လို့ပါ။*



မင်းသုဝဏ္ဏပိုင်၊ မြိတ်။

❖ ပြဿနာ မရှိပါဘူးကွယ်။ အခုပြောတဲ့ ပညာရပ်နှစ်ခုဟာ တွဲပြီးလုပ်လို့ မရတဲ့ဟာမှ မဟုတ်ဘဲ။ ကွန်ပျူတာဆိုတာ ဒီနေ့ကမ္ဘာမှာ သီးခြားရပ်တည်နေတဲ့အရာ မဟုတ်ပါဘူး။ ဘယ်နေရာမှာမဆို အသုံးပြုနေကြတဲ့ ကိစ္စလေ။ ဒီတော့ ဒါနှစ်ခုကို ကျွမ်းကျင်တာဟာ ကောင်းရုံမက ထူးချွန်ဖို့ လမ်းစပဲ။ မင်းပြောသလို အခု အင်္ဂလိပ်ဘွဲ့ကို ရအောင် အရင်လုပ်။ ပြီးရင် ကွန်ပျူတာနဲ့ ပတ်သက်တဲ့ ပညာတွေ ဆက်သင်လို့ ရပါတယ်။ ပညာတွေက ဆုံးနိုင်တာမဟုတ်လို့ အလုပ်လုပ်ရင်းနဲ့လည်း သင်ယူသွားရဦးမှာပါ။ အထူးသဖြင့် ခေတ်မီသတင်းတွေ၊ နည်းပညာတွေကို ကွန်ပျူတာအင်တာနက်မှာ ရှာလို့ရတာမို့ အင်တာနက် မွှေနှောက်တတ်သူများဟာ တခြားလူတွေထက် ပိုပြီး အသိပညာ တိုးကြတာပဲ။ မင်း ဘာသိချင်သလဲ အင်တာနက်ဝက်ဘ်ဆိုက်တွေ သိန်းနဲ့ချီ ရှိနေတယ်။ အင်တာနက်ထဲမှာ ရှာဖွေလို့ရနိုင်တယ်။ ဒါကို ဘာဖြစ်လို့ မျောက် သစ်ကိုင်းလွတ်ရမှာလဲ။ စိတ်မလျှော့ပါနဲ့။ တစ်ဆင့်ချင်း လုပ်သွားပါ။ အင်တာနက်နဲ့ ပတ်သက်ပြီး ကွန်ပျူတာ စနစ်တွေက နေ့စဉ်ဆန်းသစ်နေတာမို့ ဆက်လက်ပြီး လေ့လာနေကြရတာပါ။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ အလုပ်လည်း ပြီးပါတယ်။ ဒါကြောင့် မင်း စိတ်ကူးထားသလိုပဲ လောလောဆယ် အင်္ဂလိပ်ဘွဲ့ရအောင် စိတ်ငြိမ်ငြိမ်နဲ့ ကြိုးစားလိုက်ပါဦး။ ပြီး

www.burmeseclassic.com



ရင် ရန်ကုန်တက်လာပေါ့။ အိမ်က ပိုက်ဆံတတ်နိုင်ဖို့သာ လိုပါတယ်။

*

## (၁၆၁)

□ သမီးက အသက် ၂၀ ပါ။ အလယ်တန်းအဆင့်နဲ့ ကျောင်းထွက်ခဲ့ရတယ်။ ဘဝပေး အခြေအနေအရ ကာရာအိုကေဆိုင်မှာ အလုပ်လုပ်နေရပါတယ်။ သမီးတို့ဆိုင်က သန့်ပါတယ်။ ယမကာလည်း မရောင်းပါဘူး။ တခြား ဘာမှ တွဲဖက်မရောင်းပါဘူး။ ဆိုင်ကသန့်တော့ ဝါသနာပါတဲ့ လူငယ်တွေ၊ မိန်းကလေးတွေပဲ လာဆိုကြတာပါ။ ဒါပေမဲ့ သမီး တစ်ရက်မှ စိတ်မချမ်းသာပါဘူး။ သမီး ဂျူတီက နေ့ခင်းပါပဲ။ ဒါပေမဲ့ လူတွေ အထင်သေးမှာကို ကြောက်တယ်။ အလုပ်ပြောင်းဖို့လည်း မဖြစ်နိုင်သေးဘူး။ သမီးမှာ ချမ်းသာတာဆိုလို့ သိက္ခာတရားပဲ ရှိပါတယ်။ ဒီသိက္ခာကို ဘာအတွက်နဲ့မှ အစွန်းထင်းမခံနိုင်ဘူး။ လူတွေ သမီးကို အထင်သေးနေနိုင်သလား။ ဘာဆက်လုပ်ရမလဲ။ အကြံပေးပါဦး။

P.S.M.T၊ ရန်ကုန်။

◆ သဘောပေါက်ပါတယ်။ ငွေရဖို့ ဒီအလုပ် လုပ်ရတယ်ပေါ့။ အထင်သေးလည်း မခံနိုင်ဘူး။ တခြား ပြောင်းဖို့လည်း ခက်နေတယ်။ ဒီနေရာမှာ ရွေးချယ်ရမှာက ငွေလား၊ ဂုဏ်သိက္ခာလားဆိုတာပဲနော်။ ကာရာအိုကေဆိုင်မှာ လုပ်တိုင်းလည်း ပျက်စီးနေသူတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ အများစုက အဲသလိုဖြစ်နေတယ်ဆိုတော့ သမီးက ရုန်းထွက်ဖို့ ကြိုးစားရမှာပဲ။



ကွယ်လွန်သူ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ် ပြောဖူးတယ်။ 'ပြည့်တန်ဆာအိမ် ထိုင်မိတဲ့ လူကြီးလူကောင်း' တဲ့။ ကိုယ်က လူကြီးလူကောင်းတော့ ဟုတ်ပါရဲ့။ ပြည့်တန်ဆာအိမ် ထိုင်မိတယ်ဆိုတော့ ဘယ်လို ငြင်းလို့ရမှာလဲ။ ဒါအတွက် မဟုတ်ရင် ဘာလာလုပ်တာလဲပေါ့။ ဒါပေမဲ့ သမီးတို့ဆိုင်က သန့်တယ်ဆိုတော့ တော်သေးတာပေါ့လေ။ လောလောဆယ် သမီးရဲ့ ဝတ်စားဆင်ယင်မှု၊ လမ်းလျှောက်ပုံက အစ ယဉ်ကျေးသိမ်မွေ့ ကျနေ့ရှိတဲ့ပုံစံကို အရအမိ ဖန်တီးပေတော့။ ငါဟာ သူတို့ထင်သလို မဟုတ်ဘူးဆိုတာ ကြုံတိုင်းပြပေတော့။ တစ်ပြိုင်နက်တည်းမှာပဲ တခြား အသက်မွေးဝမ်းကျောင်းတစ်ခုခုကို ပြောင်းဖို့ ကြိုးစားနေပါ။ ငွေကို ဒါလောက်ကြီး အထင်မကြီးပါနဲ့။ ငွေကိုသိပ် အရှုံးမပေးစေချင်ဘူး။ အဲဒါပါပဲကွယ်။

*

## (၁၆၂)

□ တစ်ခုလပ်ဆိုတဲ့ မိန်းမတွေအတွက် နေရာလေးတစ်ခုပေးဖို့ ဒီစာကို ရေးတာပါ။ သမီးဟာ ဓာတုဗေဒနဲ့ ဘွဲ့ရပြီးပါပြီ။ အသက်က ၂၃ နှစ်ပါ။ ဒုတိယနှစ်မှာ ကံဆိုးမိုးမှောင် ကျခဲ့ပါတယ်။ ကျောင်းသွားရင်း သူက သမီးကို ကားတင်ခေါ်ခဲ့တယ်။ သူဟာ အိမ်နဲ့ ခင်ရုံပဲ။ သမီးရဲ့ သူငယ်ချင်းလည်း မဟုတ်ဘူး။ သူက သမီးကို ကြိုက်နေမှန်းတော့ သိတယ်။ အဲသလို ကားနဲ့တင်သွားပြီး သူ့ အမေဆီ ခေါ်သွားခဲ့တယ်။ ၄-၅ ရက်ကြာသွားပြီး သမီးလည်း ထွက်ပြေးလို့မရောက်ခဲ့ပါတယ်။ တစ်လ နှစ်လအတွင်း ပြတ်စဲရှင်းလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သမီးဟာ 'တစ်ခုလပ်' ဆိုတဲ့ နာမည်ဆိုးကြီးကို ရခဲ့ပါတော့တယ်။ အလုပ်တွေခေါ်လို့ 'အပျို ဖြစ်ရမည်' ဆိုတဲ့ စည်းကမ်းချက်ပါရင် သမီး ကြေကွဲရတယ်။ လွန်ခဲ့တဲ့နှစ်က သမီး ချစ်သူရခဲ့ပါရဲ့။ ဒါပေမဲ့ မကြာပါဘူး။ သူ့ကို မေ့လိုက်ပါတော့တဲ့။ အဲသလို ခံစားနေရတဲ့ ဘဝကို ဘယ်လိုများ ဖြေသိမ့်ရပါ့မလဲ။

**သမီးအိ၊ ရန်ကုန်။**

◆ ဖြစ်မှဖြစ်ရလေ။ ဒီခေတ်မှာ ကားတင်တယ်ဆိုတာ မကြားဖူး သလောက်ပဲ။ အဲဒီတုန်းက လက်မလွန်ခင် အော်ဟစ်အကူ အညီတောင်းခဲ့ရမှာ။ သေသေကျေကျေ မိမိကိုယ်မိမိ ကာကွယ် ခဲ့ရမှာ။ ဘဝတစ်ခုကို အရအမိ ဆုပ်ထားရမှာပါ။ ကိုယ် မကြိုက်တဲ့လူရဲ့ လက်ထဲကို ဘယ်လိုနည်းနဲ့မှ အကျဆုံး မခံ သင့်ပါဘူး။ ဒါက တစ်ကိစ္စပေါ့။ အခု ၄–၅ ရက်နဲ့ လွတ်မြောက်လာခဲ့တယ်ဆိုတော့လည်း တစ်သက်လုံးခံရတာ မဟုတ်လို့ တော်သေးတာပေါ့။ ခက်တာက တကယ် ကိုယ် ချစ်တဲ့သူ တွေ့တဲ့အခါ သူက 'အင်တင်တင်' လုပ်သွားတာ အခံရဆိုးတာပေါ့။

အဲဒါ ဘာတတ်နိုင်မှာလဲ။ သူ ကိုယ့်ကို တန်ဖိုးမထားဘူး ဆိုတာ သိရတာပဲ။ ဒါပေမဲ့ တန်ဖိုးထားတဲ့လူ မတွေ့တော့ ဘူးလို့ စိတ်မပျက်လိုက်ပါနဲ့။ ကိုယ်ကသာ တန်ဖိုးရှိအောင် နေပြဖို့ လိုပါတယ်။ တလောတုန်းက မိတ်ဆွေဟောင်း တစ်ယောက်နဲ့ဆုံလို့ သူ့ခင်ပွန်းရော နေကောင်းရဲ့လားလို့ မေးမိတယ်။ အခု သူနဲ့ မဟုတ်တော့ဘူးတဲ့။ အခုရတဲ့လူက အကောင်းဆုံးပဲတဲ့။ အခုလူဟာ သူ့ရဲ့ စတုတ္ထမြောက် တရား



ဝင်လက်ထပ်သူပါ။ ကဲ အဲသလို စတုတ္ထကျမှ ကံကောင်းတဲ့ လူမျိုးလည်း ဒီလောကမှာ ရှိနေပါတယ်။

*

## (၁၆၃)

▫ ကျွန်တော် ချစ်မိတဲ့ ကောင်မလေးကို ဖွင့်ပြောပြီးပါပြီ။ ဒါပေမဲ့ သူ့ အဒေါ်ကလည်း ကျွန်တော့်ကို စိတ်ဝင်စားနေတယ်လို့ ကျွန်တော့်အစ်မက တစ်ဆင့် သိရပါတယ်။ သူ့အဒေါ်နဲ့ ကျွန်တော့်အစ်မက သူငယ်ချင်းပါ။ ကျွန်တော့်အသက်က ၂၁ နှစ်ပါ။ သူ့အဒေါ်က ၂၇–၂၈ လောက် ထင်တယ်။ ဒီ အသက် ကွာဟမှုကြောင့် မဖြစ်နိုင်ဘူးလို့ အကြိမ်ကြိမ်အခါခါပြောပေ မယ့် သူက နားမဝင်ဘူး။ ပစ်ပစ်ခါခါကြီး ပြောလည်း ဘယ်လိုမှ မနေဘူး။ အကြောင်းမရှိ အကြောင်းရှာပြီး အိမ်ကို ရောက်လာတော့တာပဲ။ အဲဒီအခါ ကျွန်တော်ချစ်တဲ့ ကောင်မ လေးက ကျွန်တော့်ကို စိတ်တိုတတ်တယ်။ ကျွန်တော် ဘယ်လို ဆုံးဖြတ်သင့်ပါသလဲ။ အကြံဉာဏ်ပေးပါဦး။

**စိုင်းစိုင်း၊ ကျောက်မဲ။**

◆ ဘာမှ ပြဿနာ မရှိပါဘူး။ ယောကျ်ားတစ်ယောက်က စိတ် မပါဘူးဆိုရင် မိန်းမတွေက ဘာမှလုပ်လို့ မရနိုင်ဘူး။ မင်း ကို ဘာလုပ်နိုင်သလဲ၊ ပြောပါဦး။ ကိုယ့်ချစ်သူလည်း ရှိနေ တယ်။ အစ်မသူငယ်ချင်းဆိုပြီး အားနာစရာလည်း မလိုဘူး။ ပြောင် ဖွင့်ပြောထားပြီးရင် ကိစ္စပြတ်ပြီပေါ့။ သူလာရင် ကိုယ် ရှောင်နေပေါ့။ လုံးဝ စကားမပြောဘဲနေပေါ့။ ရှိုင်းချင်ရှိုင်းပါ စေ။ ကိုယ့်ဘာသာ တည်ဆောက်ထားတဲ့ ဘဝကို စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ မဟုတ်လား။ ကြည့်ရတာ မင်းကလည်း ခပ်ရောရော အလိုက်သင့်နေခဲ့တယ်ထင်တယ်။ မိန်းမဆိုတာ ကိုယ့်ကို ကြည်ဖြူတတ်သူကို အားကိုးတတ်ကြတယ်။ အားကိုးရာက အထင်ကြီးပြီး တွယ်တာတဲ့အဆင့် ရောက်သွားတာ။ အဲဒါကို ပြောင်းပြန်လုပ်လိုက်ရင် သူ နောက်ဆုတ်သွားမှာပဲ။ ကင်းကင်း နေပေါ့ကွာ။ ဒါ ဘာမှ ခက်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒီကိစ္စ ဘယ်လို ဆုံးဖြတ်ရမလဲလို့ မေးတာကိုက မမေးသင့်တဲ့မေးခွန်း ပဲ။ မင်းဘာသာ ပြတ်သားပြီးသားဖြစ်နေရမှာလေ။ ဘာမှ စဉ်း စားစရာ မလိုဘူး။ ဆုံးဖြတ်စရာ မလိုဘူး။ အကြောင်းပြစရာ မလိုဘူး။ အသက်ကိုလည်း ထည့်ဖြေစရာမလိုဘူး။ မကြိုက် ဘူးဆို ပြီးတာပဲ။ ပြောရတာ ငရဲကြီးလိုက်တာနော်။

*

(၁၆၄)

▫ *ချစ်သူသက်တမ်း ငါးနှစ်ကျော် ကြာခဲ့တယ်။ မမျှော်လင့်ဘဲ ရုတ်တရက် သူ ကွယ်လွန်သွားခဲ့ပါတယ်။ သမီးနဲ့ လက်ထပ်ဖို့ သူ အလုပ်တွေ ကြိုးစားခဲ့တယ်။ ခုတော့ သူ သေဆုံးသွားခဲ့ပါပြီ။ သမီး ဘယ်လို ဖြေရမလဲ။ ဘယ်လိုမှ ဖြေလို့ မရဘူး။ သမီးသိချင်တာတစ်ခုက ဝိညာဉ်ဆိုတာ တကယ်ရှိလား။ နောက်ဘဝဆိုတာရော ရှိလား။ ရှိရင် သမီး သူနဲ့ ပြန်ဆုံနိုင်ပါဦးမလား။ အရမ်းအနေရခက်နေလို့ပါ။*

P.N၊(× × )မြို့။

◆ သေဆုံးခြင်းနဲ့ ပတ်သက်လို့ကတော့ အားလုံး အရှုံးပေးကြရတာပါပဲ။ ဒါကြောင့်လည်း 'မသေခင်' ဆိုပြီး လုပ်စရာရှိတာ



လုပ်ကြရတာ။ သေသွားပြီဆိုရင် ဘာမှ မတတ်နိုင်တော့ပါဘူး။ ငါးနှစ်ကျော် ချစ်ခဲ့ရတဲ့ ချစ်သူပဲဖြစ်ဖြစ်၊ အနှစ်ငါးဆယ် ပေါင်းခဲ့ရတဲ့ ခင်ပွန်းပဲဖြစ်ဖြစ် သေရင်တော့ လက်လွှတ်လိုက်ရတာပါပဲ။ ဖြေလို့ရတာ၊ မရတာက ကျန်ရစ်သူရဲ့ အလုပ်ပဲ။ တဖြည်းဖြည်းနဲ့တော့ နေသားကျသွားကြတာပါပဲ။ သင်္ဂြိုဟ်တဲ့နေ့မှာ မြေကြီးကျင်းထဲ သူပါ ဝင်တော့မတတ် ဖြစ်ခဲ့တဲ့ လူတွေဟာ ရက်လည်တဲ့နေ့ကျတော့ ပြုံးပြုံးလေးနဲ့ မုန့်ဟင်းခါးကျွေး ဧည့်ခံနေကြတာ ဖြစ်နေကျပါ။ ကြာရင် သက်သာသွားတဲ့ သဘောပေါ့။

ဝိညာဉ်ရှိခြင်း၊ မရှိခြင်း၊ နောင်ဘဝ ရှိခြင်း၊ မရှိခြင်းဆိုတာနဲ့ ပတ်သက်ပြီး ဒီစာမျက်နှာပေါ်မှာ သဘောထား မပေးပါရစေနဲ့ကွယ်။ ဒါတွေဟာ ဘာသာရေးနဲ့ဆိုင်တဲ့ကိစ္စတွေပါ။ အငြင်းပွားစရာတွေမို့ မေနှင်း ဝင်မပါရဲပါဘူး။ ကြားဖူးနားဝတွေကတော့ အများကြီးပေါ့။ ဘာသာရေးကျမ်းတွေမှာလည်း အမေးအဖြေတွေနဲ့ အများကြီး ဖတ်ဖူးပါတယ်။ လောလောဆယ် စာကိုးအဖြစ် သဘောလောက် ပြောပြပါ့မယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ကွယ်လွန်ခဲ့တဲ့ နာမည်ကြီးစာရေးဆရာမကြီးတစ်ဦးဟာ သူ့သမီးလေးကို သိပ်ချစ်မှာပေါ့။ သမီးက စင်ကာပူမှာ အလုပ်လုပ်နေတာ။ သူက မြန်မာပြည်မှ 'ကင်ဆာ' ဝေဒနာခံစားနေရတာ။ တစ်ညတော့ စင်ကာပူက သမီးဟာ အခန်းထဲမှာ ဘာပန်းမှမရှိဘဲ အမွှေးနံ့တစ်ခု ရသတဲ့။ အဲဒီမှာတင် သူ့မိခင်ဆုံးပြီလို့ ထင်လိုက်သတဲ့။ ထင်တဲ့အတိုင်း ဆုံးကြောင်း တယ်လီဖုန်းဝင်လာတာပဲတဲ့။ အဲဒါ မဂ္ဂဇင်းထဲ သူ့သမီးကိုယ်တိုင်ရေးထားတာပါ။ အဲဒါပါပဲကွယ်။

www.burmeseclassic.com



## (၁၆၅)

ဘ *အချစ်နဲ့ အိမ်ထောင်ရေး မေနှင်းကို မေးပါတဲ့။ စီးပွားရေးကိစ္စ မေးရင်ကော မေနှင်းက ဖြေမှာလား။ လောကမှာ သူ့အတွာနဲ့သူ ငွေကြေးအရင်းအနှီးရှိရင် ဘယ်လိုစီးပွားရေးလုပ်မလဲ Tနှင်း။ ရှိတဲ့ အရင်းအနှီးသေးသေးလေးကို မျိုးစေ့ချပြီး တိုးပွားအောင် လုပ်ချင်တယ် Tနှင်းရယ်။ ခေါင်းတစ်လုံးချင်းတူပေမဲ့ အသိဉာဏ်တွေ ထက်မြက်တဲ့ Tနှင်းရဲ့ အကြံဉာဏ်တွေကို ရွေချပါရစေနော်။*

**မီးမီး၊ ပခုက္ကူ။**

◆ ကျေးဇူးပြု၍ ကျွန်မကို T နှင်းလို့ မခေါ်ပါနဲ့နော်။ အထူးတောင်းပန်ပါတယ်။ ကျွန်မနာမည် 'မေနှင်း' ပါ။ T နှင်းဆိုတာ ကြားရုံနဲ့ ရှုံလွန်းလို့ပါ။ ဒီလိုလေ မေနှင်းက တီကောင်ဆိုတအားရှုံတတ်လို့ပါ။ အဲဒါကြောင့် အဲသလိုကြီး မခေါ်ပါနဲ့နော်။

အချစ်နဲ့ အိမ်ထောင်ရေး ကြိုက်သလို မေးနိုင်ပါတယ်။ အသိဉာဏ်ထက်မြက်တယ်တော့ မဟုတ်ပါဘူး။ အတွေ့အကြုံတာပါ။ ပြီးတော့ မေနှင်းက ဖြေတဲ့အခါ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင် ပုတ်ခတ်ပြီး မဖြေပါဘူး။ အတတ်နိုင်ဆုံးစဉ်းစားပြီး စကားလုံးရွေးချယ်ပါတယ်။ စေတနာ အဓိကပါ။ အဲ စီးပွားရေးကျတော့ သိန်း ၆၀ တန်တဲ့ တိုက်ခန်းကို ၄၀ နဲ့ ရောင်းခဲ့ပြီး သိန်း ၁၀၀ တန်တဲ့ကားကို ၉၀ နဲ့ ရောင်းခဲ့သူပါ။ ကဲ ဘယ်လောက်တိုးပွားမလဲ တွက်သာကြည့်ပါတော့။ တကယ်ပါ ငွေတိုးလည်း ချမှူးတယ်။ ငွေရင်းလည်းဆုံး၊ လူလည်းမုန်းတာ အဖတ်တင်တယ်။ ဈေးရောင်းဖူးပါရဲ့။ အရင်း



ပြုတ်ခဲ့တာချည်းပဲ။ အခု စာရေးစားတော့မှ တစ်မျက်နှာ ၁၀၀၀/-ဆိုပြီး ခပ်တည်တည်နဲ့ ရပ်တည်နိုင်တာလေ။ ဒါတောင် အရင်းအနှီးအဖြစ် ခုလို A4စာရွက်ကို အထုပ်လိုက်မဝယ်နိုင်လို့ လှည်းတန်းထိပ်က 'အလင်းအိမ်' ကွန်ပျူတာဆိုင်မှာ တစ်ဖက်လွတ်တွေတောင်းပြီး ရေးရတာပါ။ စီးပွားရေးအဲသလောက် ကျွမ်းပါတယ်။ အတုယူကြပေတော့။

*

## (၁၆၆)

ဓ *သမီးအသက် ၁၈ နှစ်ပါ။ အပျိုဆိုတော့ ယောကျာ်းလေးတွေ လိုက်စကားပြောတာ ခံနေရတယ်။ သူတို့လိုက်စကားပြောရင် သမီး သိပ်စိတ်ညစ်တယ်။ ချစ်သူရည်းစားလည်း မထားချင်ဘူး။ သူတို့ လိုက်စကားပြောရင် ဘယ်လို တုံ့ပြန်သင့်သလဲ။ သမီးတို့ မိန်းကလေးတွေ မိန်းကလေးပီသအောင် ဘယ်လိုနေသင့်သလဲ။ သမီးက အလှမပြင်လို့ သူငယ်ချင်းတွေက မိန်းမ မပီသဘူးလို့ ပြောကြတယ်။ သမီးကတော့ အလှအပနဲ့ ပတ်သက်ရင် သပ်သပ်ရပ်ရပ်ဖြစ်ရင် တော်ပြီလို့ ယူဆတယ်။ သမီး အယူအဆမှန်လားဟင်။*

**သွယ်(ခ) ဖြာဖြာ။**

◆ အပျိုဖြစ်လို့ ရည်းစားစကား အပြောခံရတာ သဘာဝကျပါတယ်။ ဂုဏ်လည်း ယူသင့်ပါတယ်။ တချို့ အဲသလို ရည်းစားစကား အပြောမခံရဖူးတဲ့လူတွေ ရှိတယ်။ ဒါပေမဲ့ ကိုယ်က နည်းနည်းလှုပ်လို့ လွယ်မယ်ထင်ပြီး အပြောခံရတာမျိုးတော့ မဖြစ်စေနဲ့ပေါ့။ ဘယ်လို တုံ့ပြန်ရမလဲဆိုရင် ခပ်တည်တည်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်နဲ့ 'မကြိုက်ဘူး' လို့ပဲ ပြောပါ။ အဟင့် သမီးငယ်သေးတယ်တွေ ဘာတွေ သွားမလုပ်နဲ့။ ခုခေတ်မှာ ဘယ်အရွယ်မှ မငယ်ဘူး။ ကြောက်ဆုတ်ကြောက်ဟန်လည်း မပြနဲ့။ ကြောက်ရင် ပိုကပ်လိမ့်မယ်။ အငေါ်တူးတူးနဲ့ 'ပါးရိုက်မယ်' လည်း မလုပ်နဲ့။ ကြမ်းရင်ရမ်းတတ်တယ်။ ကောင်းတာက လူပြတ်တဲ့နေရာဆိုရင် အဖော်လေးနဲ့ သွားပါ။

မိန်းကလေးပီသအောင် ဘယ်လိုနေရမလဲဆိုတဲ့ မေးခွန်းကို ဖြေဖို့ခက်ပါတယ်။ မိမိကိုယ်ကို တန်ဖိုးထားပါလို့ပဲ တိုတို ပြောပါရစေ။ မိမိကိုယ်ကို တန်ဖိုးထားတဲ့လူဟာ ဆံပင်စုတ်ဖွားမထားဘူး။ ဗိုက်ပေါ်ချက်ပေါ် မဝတ်ဘူး။ ရှုပ်ပျာ ရှုပ်ပျာ မပြောဘူး။ အများကြီးပါပဲ။ အလုပြင်တာနဲ့ ပတ်သက်လို့ မေနှင်းလည်း အလုပြင်ဖို့ အားပေးပါတယ်။ လူဆိုတာ အများအမြင်မှာ 'သပ်ရပ် ကြော့ရှင်း' နေမှ တန်ဖိုးရှိတာပါ။ ပစ်စုတ်ခေဝမနေသင့်ဘူး။ ကိုယ့်ကိုယ်ကိုယ် ရှိသေမှ သူများက ရှိသေမှာပေါ့။ အလွန်အကျွံ ပြင်ရင်တော့လည်း ရှိသေချင်စရာ မဖြစ်ပြန်ဘူး။ တင့်တင့်တယ်တယ် ဖြစ်အောင်တော့ အရွယ်နဲ့လိုက်ပြီး ပြင်ရပါမယ်။

*

(၁၆၇)

□ *သမီးရဲ့ အဖေနဲ့အမေဟာ သမီးကို အရမ်းချုပ်ချယ်တယ်။ သမီး စာဖတ်တာ၊ ပန်းချီဆွဲတာကို ကန့်ကွက်တယ်။ အမြဲကြားရတဲ့ စကားက နင့်အပြုအမူတွေ မပြင်ရင် အိမ်ကထွက်သွားတဲ့။ သမီး ဘာမှားနေလို့လဲ။ သမီး အရမ်းဝမ်းနည်း*



*တယ်။ အနားမှာ အားပေးမယ့်လူ မရှိဘူး။ တစ်ခါတလေ အဖေနဲ့အမေဟာ အဖေ အမေအရင်းမှဟုတ်ရဲ့လားလို့ ထင်မိတယ်။ သမီးကို အားပေးပါဦး။*

**ဖြိုးသဇင်ဝေ၊ တပ်ကလေး၊ ဗန်းမော်။**

◆ 'တပ်ကလေး' ကို မေနှင်း ကောင်းကောင်းသိပါတယ်။ သဆောင်ဆိပ်နားမှာ မဟုတ်လား။ အလွန် ဝေးလံသီခေါင်တဲ့ နေရာပဲကွယ်။ အဲဒီအရပ်က မိဘတွေအနေနဲ့ မိန်းကလေးတစ်ယောက် ပန်းချီဆွဲနေတာကို ဘယ်နားလည်နိုင်ပါ့မလဲ။ မိန်းကလေးဆိုရင် ချက်ပြုတ်၊ ချုပ်လုပ်၊ ရောင်းဝယ် ဒါမျိုးပဲ ဖြစ်စေချင်မှာပေါ့။ စာဖတ်တာဟာလည်း အပျော်ဖတ်ဝတ္ထုတွေချည်း ဖြစ်နေရင် လူကြီးအမြင်မှာ 'မှား' တာပဲလေ။ အခု သရုပ္ပလေးကိုင်ပြီး ဒီအမေးအဖြေလေးတွေ ပြကြည့်ပါလား။ ဒီလိုမျိုးအကျိုးပြုတဲ့စာတွေ၊ ဗဟုသုတတွေ အများကြီးပါတယ်ဆိုတာ ပြောပြပါလား။ အလိမ္မာ စာမှာရှိဆိုတာ သက်သေပြလိုက်ပေါ့။ ဘယ်ခေတ်ဖြစ်ဖြစ် မဖတ်သင့်တဲ့စာတွေ အများကြီးရှိပါတယ်။ ဖတ်တဲ့လူက ရွေးချယ်ပြီး ဖတ်ရမှာပါ။ အဖေ အမေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါ။ နားထောင်သင့်တာကို နားထောင်ပါ။ သူတို့ လုပ်စေချင်တာကိုလည်း လုပ်ပြပါ။ ဝမ်းမနည်းပါနဲ့။ လူဆိုတာ ကိုယ်လုပ်ချင်တဲ့ အလုပ်တစ်ခု လုပ်နိုင်ဖို့ မလုပ်ချင်တဲ့ အလုပ်နှစ်ခု လုပ်ကြရတာပါ။ လုပ်လိုက်စမ်းပါကွယ်။ မိဘတွေကို အရင်းမှ ဟုတ်ရဲ့လားဆိုတဲ့ အတွေးကိုလည်း ရှင်းပစ်လိုက်ပါ။ သူတို့ဟာ ရှေးရိုးကြီးတွေ ဆိုတာ နားလည်လိုက်ရင် လက်ခံနိုင်မှာပါ။ နေရာတကာ ကိုယ့်သဘောချည်း မတွေးပါနဲ့နော်။

*

www.burmeseclassic.com

www.burmeseclassic.com



(၁၆၈)

လွမ်းခဲ့တဲ့ ဇန်နဝါရီ ကျွန်မ မေမေ ဆုံးခဲ့ပါတယ်။ ညတိုင်း ငိုရဆဲပါ။ အစ်မတစ်ယောက်ကလည်း အဝေးကြီးကို ထွက်သွားတာ မေမေဆုံးတာတောင် မသိပါဘူး။ ဖေဖေက နှလုံးရောဂါနဲ့မို့ ဖေဖေ့ကိုလည်း ညာတာနေရပါတယ်။ မွန်းကျပ်လိုက်တာမေနှင်းရယ်။

ငယ်ငယ်၊ ကလေးမြို့။

(၁၆၉)

သန္တာဘဝမှာ အမေဆိုတာ ငယ်ကတည်းက မမြင်ခဲ့ရပါဘူး။ အမေနဲ့ အဖေက ကွဲသွားခဲ့ကြတာပါ။ အမေက သန္တာ့ကိုထားပြီး ရန်ကုန်ကို ထွက်သွားခဲ့တယ်။ သန္တာ တစ်နှစ်သမီးကတည်းကပါ။ သန္တာဟာ မိထွေးလက်မှာ အနှိပ်စက်ခံဘဝနဲ့ နေခဲ့ရတယ်။ အခု အသက် ၂၀ ရှိပါပြီ။ မိထွေးလက်က လွတ်ခဲ့ပြီ။ အမေ့ကို ရှာတွေ့နိုင်တဲ့နည်းလမ်း ပေးပါလား မေနှင်းရယ်။

သန္တာ၊ မြစ်သားမြို့။

နှစ်ယောက်စလုံး မိခင်အတွက် ရတက်မအေးရတဲ့လူတွေမို့ ကိုယ်ချင်းစာနိုင်ဖို့ ပေါင်းပြီးဖြေပါ့မယ်။ ဆုံးသွားတဲ့ အမေအတွက်ကတော့ ကုသိုလ်ပြုအမျှဝေတာပဲ လုပ်နိုင်ပါတော့တယ်။ သားသမီးဝတ္တရားငါးပါးထဲမှာ 'လှူမျှဝေ'ဆိုတာ တစ်ပါး ဖြစ်ပါတယ်။ အဲဒီနည်းနဲ့ပဲ သက်သာသွားပါလိမ့်မယ်။

ထွက်သွားတဲ့ မိခင်ကို ရှာဖို့ကျတော့ လွယ်မယောင်နဲ့ ခက်ပါ



တယ်။ နှစ် ၂၀ တောင် ကြာပြီဆိုတော့ သက်ရှိထင်ရှားကော ရှိပါဦးမလား။ မြို့ခံလူတွေဆီမှာ သတင်းအစအန စုံစမ်းရုံပဲ လုပ်နိုင်မယ်။ အမေက သူ့သမီးနာမည်ဟာ သန္တာဆိုတာတောင် သိပါ့မလား။ စိတ်မကောင်းပါဘူးကွယ်။

*

(၁၇၀)

သမီးချစ်သူနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသားပါ။ သူက အရင်က အရမ်းပွေပါတယ်။ သမီးနဲ့တွေ့ပြီး သိပ်ချစ်ခဲ့ကြပါတယ်။ လက်ထပ်မယ်ဆိုပြီး သွေးစစ်ကြည့်တော့ HIV Positive ဖြစ်နေတယ်။ ဘယ်လိုမှ နေမရအောင် ဝမ်းနည်းရပါတယ်။ သူလည်း တော်တော်ခံစားရပါတယ်။ သမီး လက်ခံမယ်ဆိုရင် လက်ထပ်ပြီး ကောင်းကောင်းမွန်မွန် နေပါ့မယ်တဲ့။ လက်မခံဘူးဆိုရင်လည်း မိတ်ဆွေလိုပဲ နေကြမယ်တဲ့။ စဉ်းစားပေးပါဦး။ သမီးသိချင်တာက HIV ပိုး ရှိသူနဲ့ လက်ထပ်လို့ ရပါသလား။ ကလေးယူပြီး မိသားစု ပျော်ရွှင်စွာ အသက်ရှင်လို့ ရပါသလား။ HIV နဲ့ပတ်သက်ပြီး သိသင့်တာတွေ ပြောပြပါနော်။

နှင်းနှင်းအိ၊ ကလေးမြို့။

HIV နဲ့ ပတ်သက်ပြီး Wellness မဂ္ဂဇင်းမှာ interview တွေ ထည့်ခဲ့ဖူးပါတယ်။ HIV Positive ဖြစ်နေပြီဆိုရင် ဆေးကုသမှုတော့ ခံယူရပါမယ်။ လုံးဝ မကောင်းစင်ဘဲ လက်ထပ်ရင်တော့ ကူးမှာသေချာပါတယ်။ သွေးကတစ်ဆင့် ကူးတာမျိုးမို့ပါပဲ။ လင်ရော မယားရော ရောဂါဖြစ်ပြီဆိုတဲ့အခါ ရလာမယ့်

www.burmeseclassic.com



ကလေးမှာလည်း မွေးရာပါရောဂါဖြစ်ဖို့ သေချာပါတယ်။ ဒီတော့ ဘယ်မှာ ပျော်ရွှင်စွာ အသက်ရှင်နိုင်ပါ့မလဲကွယ်။ မေနှင်းတွေ့ဖူးတာ ပြောမယ်နော်။ အဲဒီရောဂါဖြစ်တယ်ဆိုတဲ့ လူတွေဟာ မတွေ့တာ နည်းနည်းပဲကြာတယ်။ တစ်နှစ် နှစ်နှစ်တောင် မကြာဘူးထင်တယ်။ သေပြီလို့ ကြားတာပဲ။ သေတော့လည်း ရုပ်ဖျက်ဆင်းပျက်၊ အလောင်းတောင် လှလှပပ ပြင်ရတဲ့ အနေအထား မဟုတ်ဘူး။ ဆေးရုံက လာခေါ်တဲ့ အခေါင်းကြီးထဲ အဝတ်ပတ်ပြီး ထည့်လိုက်ရတာ မြင်ရတယ်။ လူပြလို့ မကောင်းတော့ဘူးတဲ့။ မသေခင်တော့ ပြုစုကြတာပါပဲ။ သွေးနဲ့ မကူးရင် မကူးပါဘူး။ စိတ်ညစ်စရာကြီးမို့ ဓာတ်လမ်းမရှည်အောင် မိတ်ဆွေဘာဝနဲ့ပဲ ကောင်းပါလိမ့်မယ်ကွယ်။ မိုက်သူနောင်တပေါ့။

*

(၁၇၁)

o *ကျွန်တော်က ရေကြောင်းတက္ကသိုလ် နောက်ဆုံးနှစ်ပါ။ ကျွန်တော့်ကောင်မလေးက M.Mc မကွေးကပါ။ ကျွန်တော်တို့ကြိုက်တာ လေးနှစ်ရှိပါပြီ။ မိဘတွေကလည်း သဘောတူပါတယ်။ ခက်တာက သူဟာ ကျွန်တော့်အစ်မတွေနဲ့ မတည့်ဘူး။ ကျွန်တော့်ကို အစ်မတွေနဲ့ စကားမပြောရဘူးတဲ့။ အရင်က ကျွန်တော်ဆိုးခဲ့တာတွေကို သူ ခွင့်လွှတ်ပေးခဲ့ပြီး အခု အနိုင်ယူနေတယ်။ ကျောင်းနဲ့ပတ်သက်တဲ့ ခရီးတွေ ထွက်မယ်ဆိုရင်လည်း နားလည်မပေးဘူး။ စိတ်ဆင်းရဲအောင် ပြောပြ ရှင်းပြရတယ်။ သူနဲ့ စကားများပြီးရင် ကျွန်တော် ငါးမိနစ်*



*လောက် ကြောင်တောင်တောင် ဖြစ်သွားတယ်။ ဖုန်းလည်း နေ့တိုင်းဆက်ရတယ်။ ဖုန်းဖိုးနဲ့တင် ကျွန်တော့်မုန့်ဖိုးတစ်ဝက် ကုန်တယ်။ သူ့ကို ကျွန်တော် အရမ်းချစ်တယ်။ သူလည်း ကျွန်တော့်ကို အရမ်းချစ်ပါတယ်။ သူ ကျွန်တော့်ကို နားလည်လာအောင် ဘယ်လိုလုပ်ရမလဲ။*

**A.W၊သန်လျင်။**

◆ မာနတွေပေါ့ကွာ။ မချစ်တာလည်း မဟုတ်ဘဲနဲ့။ တချို့ ကောင်မလေးတွေကျတော့ အဲသလိုဆိုးရတာ၊ အနိုင်ယူရတာတွေကို ဝါသနာကို ပါတာ။ အဲဒါတွေကို ခံတဲ့လူမှ သူ့ကို ချစ်တာလို့ အဖြေထုတ်တာ။ ဒီတော့ မင်းပဲ ရှင်းပြပေတော့။ ဒါက ကာယကံရှင်ပြောမှ ဖြစ်တာပါ။ မင်း ကြောင်တောင်တောင်ဖြစ်ရကြောင်း အလေးအနက်ပြောပေါ့။ ကြာရင် သန်လျင်ကနေ ရွာသာကြီးပြောင်းရတော့မယ်ဆိုတာ သူ နားဝင်အောင် ပြောပါ။ အဲဒီတော့မှ နောင်တရမနေနဲ့ပေါ့။ သူစိတ်ဆိုးရင် စာကျက်လို့မဘူး စသဖြင့်ပေါ့။ ပြီးတော့ ဖုန်းကိစ္စ၊ မင်းက ထည့်မရေးပါနဲ့ဆိုပေမဲ့ ရေးချင်တယ်။ မေနှင်း အိမ်နားမှာ အများသုံးဖုန်းလေးတွေ ရှိတယ်။ အားပါးပါး။ သမီးရည်းစားတွေ တယ်ပြီး ညုကြတာကိုး။ ဘေးမှာ ဖုန်းဆက်ချင်တဲ့လူက ချောင်းဟန့်လိုက်၊ မျက်နှာကြောတင်းပြလိုက် လုပ်ပြတာကိုလည်း ဂရုမစိုက်ဘူး ဆရာရေ။ အဟင့်... အဟိ... ဘာဟင်းနဲ့ စားလဲ...နဲ့ အရေးမပါတာတွေပြောတုန်း။ မေနှင်းဖြင့် ခေါင်းကို ရိုက်ခွဲပစ်ရကောင်းမလား။ သူ့လက်ထဲကဖုန်းကို ဆွဲလုရကောင်းမလား တွေးမိတယ်။ သူတို့က မိနစ် ၃၀ ထက်များဘာမှ မကြာဘူးလိုပဲ။ ဆိုလိုတာက ဖုန်းနဲ့ ညုကြတာ ဖက်ရှင်

www.burmeseclassic.com



ဖြစ်နေတယ်လို့ ထင်တာပါ။ ကိုရီးယားကားတွေမှာ ဖုန်းပြော နေကြတာကိုများ အားကျလေသလား။ တကယ်ကို အားမနာ ပါးမနာ ပြောကြတာ။ အဲဒါမင်း ကောင်မလေးတစ်ယောက် တည်း မဟုတ်ဘူးလို့မှတ်ပါ။ ဒီဘေးဒုက္ခက လွတ်ချင်ရင် နေမကောင်းဘူးဖြစ်ဖြစ်၊ တစ်ခုခု ဆင်ခြေပေးထားပေတော့။ ကောင်မလေးတွေကတော့ လျှော့မှာမဟုတ်ဘူးကွယ့်။ ဒါက ဖက်ရှင်ကိုး။

*

(၁၇၂)

□ *သမီးမှာ အရမ်းချစ်ရတဲ့ ချစ်သူတစ်ယောက်ကို တွေ့ခဲ့ပါတယ်။ တစ်ခါမှ မချစ်ဖူးလို့ အရမ်းချစ်မိသွားခဲ့ပါတယ်။ သူက အဝေး ကပါ။ ချစ်သူသက်တမ်း တစ်လမပြည့်ခင်မှာပဲ သူ့မှာ မိန်းမနဲ့ ကလေးရှိတယ်ဆိုတာ သိရတယ်။ သူ့ကို ဖွင့်မေးတော့ သူ ဝန်ခံ ပါတယ်။ သူ သမီးကို သိပ်ချစ်လို့ လိမ်ညာထားရတာပါလို့ ပြောတယ်။ အချိန်ပေးပါလို့လည်း ပြောတယ်။ သမီး ခါးခါး သီးသီး ငြင်းခဲ့ပေမဲ့ သူ လက်မခံဘူး။ သမီးက ချစ်တဲ့သူနဲ့ လက်ထပ်တဲ့လူ တစ်ယောက်တည်းပဲ ဖြစ်ချင်တယ်။ သူ့ကို လည်း မေ့လို့မရဘူး။ သမီး ဘာလုပ်သင့်ပါသလဲ။*

**ရွှေသဇင်သင်း၊ ဗန်းမော်။**

◆ ဒီအဖြစ်မျိုးတွေမှာ ဘေးလူက ဘာမလုပ်ပါနဲ့၊ ဘာမလုပ်သင့် ဘူးလို့ အကြံပေးရတာ ခက်ပါတယ်။ အချစ်နဲ့ဘဝ ထိပ်တိုက် တွေ့ကြတဲ့အခါ နှစ်ဖက်လုံးဖြစ်ဖြစ်၊ တစ်ဖက်ဖြစ်ဖြစ် နစ်နာ တာ အမှန်ပါပဲ။ အချစ်ကို ဦးစားပေးရင် ဘဝနာမယ်၊ ဘဝကို



အားပြုပြန်ရင် အချစ်ဆိတ်သုဉ်းမယ်။ ဝမ်းနည်းစရာတွေပါပဲ။ ကာယကံရှင်တွေကိုယ်တိုင်က ဘာဖြစ်ချင်တာလဲဆိုတဲ့ ဦးတည်ချက်နဲ့ပဲ ဆွေးနွေးရပါလိမ့်မယ်။ အဓိကလူက ယောကျ်ားပေါ့။ သူခင်းတဲ့ဇာတ် သူနိုင်အောင် ကရမယ်။ သူ ရွေးချယ်ရမယ်။ သူ ပြောသလို အချိန်ပေးပါဆိုတာလည်း လိုအပ်ပါတယ်။ အချိန်တစ်ခု ကြာသွားတဲ့အခါ အဖြေဟာ အလိုလို ပေါ်လာတတ်ပါတယ်။ မြွေမသေ၊ တုတ်မကျိုးဆိုတဲ့ အဖြစ်မျိုးကတော့ မလွယ်လှပါဘူး။ မြွေရင်လည်း သေနိုင်ပါ တယ်။ တုတ်ရင်လည်း ကျိုးနိုင်ပါတယ်။ တုတ်ကျိုးပြီဆိုရင် မြွေကိုက်တာကို ခံရဖို့ များတယ်။ ဒီတော့ မြွေကိုက်ခံမှာလား၊ စဉ်းစားပေတော့။ ကံတရားဆိုတာကို အပြစ်ပုံချပြီး ထင်ရာစိုင်း လို့လည်း မဖြစ်သေးဘူး။ ဘဝကို ဦးစားပေးမှာလား၊ အချစ် ကို ဦးစားပေးမှာလားလို့ မိမိဘာသာပဲ စစ်ဆေးရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်သည်တွေ နောက်အချစ် ပေါ်ရတဲ့ အကြောင်းရင်းတွေက အများကြီးရှိလို့ပါ။ ကာယကံ ရှင်တွေမှပဲ သိနိုင်ပါတယ်။ အဲဒီ အကြောင်းရင်းတွေကို အပေါင်းအနုတ် ချရေးကြည့်ပြီး ဆွေးနွေးဆုံးဖြတ်မှ အမှန်ရ မယ်ထင်ပါတယ်။ အမှန်ဆိုတာလည်း နှစ်ဖက် သုံးဖက်လုံး အတွက် အမှန်မဖြစ်နိုင်ပြန်ဘူး။ စောစောကပြောသလို မြွေ ရင်လည်း သေမှ၊ တုတ်ရင်လည်းကျိုးမှ ဇာတ်လမ်းက ပြတ်မှာ ပါ။ ရွှေသဇင်သင်းလေး မြွေကိုက်မခံရပါစေနဲ့လို့ ဆုတောင်း ပေးလိုက်ပါတယ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



(၁၇၃)

□ *သူနဲ့ကျွန်တော်က ငယ်သူငယ်ချင်းတွေပါ။ အိမ်နီးချင်းတွေပါ။ ငွေကြေးအဆင့်အတန်းကတော့ အတော်ကွာပါတယ်။ သူက ဘွဲ့ရ ပညာတတ်၊ ကျွန်တော်က မျက်နှာမွဲလေ။ သူ့ဘက်က ဖြူစင်ရိုးသားဆဲပဲ။ ကျွန်တော်က ရင်ခုန်ရှူးသွပ်၊ ဖွင့်မပြောရဲ၊ မပြောရက်၊ အဖြေမရလို့ အကြံပြုပါခင်ဗျာ။*

**အောင်အောင်၊ တောင်ကုတ်။**

◆ အချစ်နဲ့ပတ်သက်ရင် ဆင်းရဲတာ ချမ်းသာတာ အဓိကမဟုတ်ပါဘူး။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာတွေက ထာဝရအရာတွေမှ မဟုတ်တာ။ ချမ်းသာပြီးမှ ဆင်းရဲသွားတာတွေ၊ ဆင်းရဲရာက ချမ်းသာလာတာတွေ ရှိတာပဲ။ အချစ်ကျတော့ စစ်စစ်မှန်မှန်ရဖို့ ရှားပါတယ်။ ဒီတော့ ဖွင့်သာပြောပါ။ သူ့အဖြေကို လက်ခံပါ။ သူ မချစ်ဘူးဆိုရင် ဇာတ်က ပြီးသွားပြီ။ တအုံနွေးနွေး မဖြစ်တော့ဘူးပေါ့။ သူမချစ်လို့ မချစ်တာကို စိတ်ညစ်မနေဘဲ အကောင်းဆုံးမိတ်ဆွေဘဝနဲ့ ဆက်သွားသင့်ပါတယ်။

*

(၁၇၄)

□ *ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေးတို့ နားလည်မှုလွဲပြီး ပြတ်ခဲ့ကြပါတယ်။ ကျွန်တော့်ဘက်က ချစ်ဆဲပါ။ ဒီအကြောင်းတွေ သူငယ်ချင်းတစ်ယောက်ကို ရင်ဖွင့်ပါတယ်။ သူကလည်း ဂရု စိုက်ပြီး နားထောင်ပေးပါတယ်။ စိတ်ဝင်စားပေးပါတယ်။ ခု နောက်ပိုင်းကျတော့ ကောင်မလေးကို သူက ကျွန်တော်မသိ*



*အောင် ချစ်ရေးဆိုနေတယ်။ ကျွန်တော် အရမ်းစိတ်ဆိုးတယ်။ သူငယ်ချင်းဆိုတော့ အပြစ်လည်း မတင်ချင်ဘူး။ တကယ်လို့ သူတို့နှစ်ယောက် ချစ်သူဖြစ်သွားရင် ကျွန်တော် ဘာလုပ်သင့်ပါသလဲ။*

**မောင်မောင်၊ × × ×။**

◆ ဆိုးလိုက်တဲ့ သူငယ်ချင်းပါလား။ ယောကျ်ားမပီသဘူးပြောရမလား။ စိတ်ရဲ့ ဆွဲဆောင်မှုလို့ ပြောရမလား။ မင်းက ကောင်မလေးကို ဘယ်လောက်ချစ်တယ်ဆိုတဲ့အကြောင်းတွေ ပြောနေတာဟာ သူ ကောင်မလေးကို စိတ်ဝင်စားအောင် လုပ်သလို ဖြစ်သွားတယ်ထင်တာပဲ။ မင်းသာ မပြောခဲ့ရင် စိတ်ဝင်စားမိချင်မှ ဝင်စားမှာပါ။ အဲသလို စဉ်းစားမိတယ်။ နောက်တစ်ခုက မင်းတို့ချင်း ပြတ်နေပြီဆိုတော့ သူ့အနေနဲ့ ချစ်ရေးဆိုပိုင်ခွင့်ရှိတယ်လို့ ယူဆမှာပေါ့။ မင်းမသိအောင် လုပ်တာကတော့ သူ့ခမျာ မင်းကို ကြောက်လို့ပေါ့ကွာ။ ခွင့်လွှတ်လိုက်ပါ။ အဓိကလူက မင်းရဲ့ကောင်မလေးပါ။ သူပြန်ကြိုက်ရင် မင်း ဘာလုပ်လို့ရမှာလဲ။ သူ့ကိုယ်ပိုင် အခွင့်အရေးပဲဟာ။ ဒီတော့ သူတို့ချင်း ကြိုက်သွားကြရင် ဘာလုပ်သင့်သလဲဆိုတော့ ဘာမှ မလုပ်သင့်ပါဘူး။ မင်း ယုံကြည်မိတဲ့ သူငယ်ချင်းကိုသာ သူငယ်ချင်းအဖြစ်က ရပ်စဲပစ်လိုက်ပေါ့။ ဒါလောက်ဆို သူ့အပြစ် သူသိသွားပါလိမ့်မယ်။ တကယ်လို့ သူတို့ချင်း အဆင်မပြေဖြစ်ပြီး ကောင်မလေးကများ မင်းကို ပြန်ကပ်ရင်တော့ လုံးဝ ကျော့ခိုင်းသင့်ပါတယ်။ ဒါက သစ္စာတရားနဲ့ ဆိုင်တယ်။ ကိုယ့်အပေါ် ခိုင်မြဲမှုမရှိတဲ့လူကို လှည့်ကြည့်စရာ မလိုပါဘူး။ ကိုယ့်ဘဝကိုပဲ လှပအောင် ထုဆစ်ပေတော့။

www.burmeseclassic.com



## (၁၇၅)

မ သမီး ရည်းစားက ပထမတုန်းက သမီးရဲ့မမကို ကြိုက်တာပါ။ မမကို မရတော့ ညီမကို ရအောင်ယူမယ်လို့ ပြောတယ်။ သူပဲ သမီးကို ပြောပြခဲ့တာပါ။ သမီးက ဒါကို သိရက်နဲ့ သူ့ကို ချစ်ခဲ့တယ်။ သူ့အလိုလိုက်ပြီး မှားခဲ့ပါတယ်။ ကိုယ်ဝန်ရှိလာခဲ့တယ်။ ကိုယ်ဝန်ရှိတော့ သူ့မိဘတွေခေါ်ပြီး စေ့စပ်ခဲ့ပါတယ်။ ဒီအထိ အဆင်ပြေပါတယ်။ သမီး ရေနွေးသောက်မလို့လုပ်တာကိုတောင် ကလေးကိုထိလိမ့်မယ်၊ မသောက်နဲ့လို့ ပြောတယ်။ ဂရုစိုက်ခဲ့ပါတယ်။ သမီးကို ချစ်တယ်လို့ထင်ရပါတယ်။ ဒါပေမဲ့ မင်္ဂလာကိစ္စက အဆင်မပြေ ဖြစ်နေခဲ့တယ်။ မကြာခင် သမီးတို့အရှေ့ဘက်လမ်းမှာ မီးလန့်တယ်။ ကြောက်ကြောက်နဲ့ အိမ်ပေါ်က ခုန်ချလိုက်တာနဲ့ ကိုယ်ဝန်ပျက်သွားခဲ့ပါတယ်။ သမီး မိဘတွေကလည်း သူနဲ့ မပတ်သက်တော့နဲ့လို့ ပြောပါတယ်။ သူ့ဆီ သမီး စာရေးပေမဲ့ သူ စာမပြန်ဘူး။ အိမ်ထဲက ထွက်မရဘူးတဲ့။ သမီးတို့ကိစ္စ လူသိသွားပြီမို့ သမီး သိပ်ရှက်တယ်။ သူ့ကိုလည်း မပြတ်နိုင်ဘူး။ နေ့စဉ် ငိုနေရပါတယ်။ သူဟာ သက်သက် မမကို မရလို့ အရွဲ့တိုက်ပြီး အရှက်ခွဲတာလား။ အခုလို 'မှား'ပြီးရင် ခိုင်မြဲတတ်ပါသလား။ မချစ်ဘဲနဲ့ မှားလို့ရပါသလား။ မှားပြီးရင် ခွဲသွားတတ်ပါသလား။

**စိုးနွဲ့၊ ရွှေကူမြို့။**

◆ ရိုးသားလွန်းတဲ့ ရွှေကူသူ စိုးနွဲ့ရေ။ မေးခွန်းတွေအတွက် စဉ်းစားရင်း နေ့စဉ်ငိုနေရတဲ့ မျက်ရည်တွေကို ခန်းခြောက်စေချင်ပါတယ်။ 'ဘယ်သူမပြု မိမိမှု' ဆိုတဲ့ စကားဟာ ဖြေစရာတစ်ခုပါပဲ။ သူ့ကို အပြစ်မတင်နဲ့။ ကိုယ် အလိုလိုက်ခဲ့တာကိုး။ ကိုယ့်အပြစ်ပေါ့။ ဒီလိုတွေးပါ။ သူဟာသူ ဘယ်လောက်ပဲ ကလဲ့စားချေချင်ပါစေ၊ ကိုယ်သာ ခွင့်မပြုရင် မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ သူ ဘာလုပ်လို့ ရမှာလဲ။ ဒီတော့ သူ့ကို အပြစ်ကလွှတ်လိုက်ပါ။ ဒီလို သဘောထားနိုင်တဲ့အခါ မျက်ရည်တစ်ဝက် ခန်းခြောက်ပါလိမ့်မယ်။ နောက်တစ်ခုဟာ 'လူမတန်ကံချ' ဆိုတဲ့ စကားလိုပဲ။ ကိုယ်လုပ်တာက မမှန်ဘူးလေ။ ကိုယ်ဝန်ရှိရက် အိမ်ပေါ်က ခုန်ချခဲ့တာ။ အဲဒါလည်း ကိုယ်လုပ်တာပဲ။ သူ ဖျက်ချခိုင်းတာမှ မဟုတ်တာ။ သူ့အပြစ် မဟုတ်ဘူး။ နောက်တစ်ခါ ထပ်စဉ်းစားတော့ ဒီလို ပျက်ကျသွားတာ ခပ်ကောင်းကောင်းပဲ။ လက်ထပ်ဖို့ အဆင်မပြေဖြစ်နေရင်း ကလေးမွေးရဦးမယ်ဆိုရင် ပိုပြီး ဒုက္ခများမှာပေါ့။ အခု တစ်ကိုယ်ရေ တစ်ကာယ ဖြစ်သွားတော့ ရှင်းသွားတာပေါ့။ လူတွေသိတာကိုလည်း ဂရုစိုက်မနေပါနဲ့။ ခပ်ကင်းကင်းနေလိုက်ရင် ကြာတော့ ပြီးသွားတာပါပဲ။ ဘဝမပျက်စေနဲ့။ ကိုယ့်ဘဝကိုယ် ပြန်ပြီး တည်ဆောက်ပါ။ အလုပ်တစ်ခုခုလုပ်ပါ။ ခံစားရတာတွေကို အလုပ်နဲ့ အစားထိုးပါ။ မေးခွန်းတွေကို ဖြေရရင် သူဟာ မမကို မရလို့ အရွဲ့တိုက်ပြီး အရှက်ခွဲတာဆိုတာ ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး။ မယူတာ သေချာတဲ့အတွက် သူ မချစ်ဘူးဆိုတာ ရှင်းတယ်။ ဒီတော့ ဒီမေးခွန်းကိုဖြေဖို့ မလိုတော့ဘူး။ 'မှား'ပြီးရင် ခိုင်မြဲတတ်သလားဆိုတာ လုံးဝ(လုံးဝ) မဟုတ်ပါဘူးရှင်။ ဒီကိစ္စနဲ့ လူတစ်ယောက်ကို ချုပ်ကိုင်လို့ မရဘူးလို့ မေနှင်း မကြာခဏ သတိပေးခဲ့ဖူးပါတယ်။ ကိုယ်ပေးချင်လို့ပေးတာ။

www.burmeseclassic.com



နစ်နာတယ်ထင်ရင် အစကတည်းက မပေးနဲ့။ ခိုင်မြဲဖို့ မသေချာတာကတော့ အမှန်ပဲ။ မှားပြီးရင် စွန့်ခွာသွားတတ်လား ဆိုတာလည်း မဟုတ်ပါဘူး။ စွန့်ခွာခြင်း၊ မခွာခြင်းဟာ အဲဒီဟာနဲ့ မပတ်သက်ပါဘူး။ ဒါဖြစ်ပြီးလို့ မစွန့်ရဘူးလို့ သဘောမထားနိုင်သလို၊ ဒါရပြီးတာနဲ့ စွန့်သွားရောဆိုတာလည်း မမှန်ပါဘူး။ လူတစ်ဦးချင်းရဲ့ 'စိတ်' နဲ့ပဲ ဆိုင်ပါတယ်။ မေနှင်းယုံကြည်တာကတော့ မေတ္တာတရားပါ။ တစ်ဦးပေါ်တစ်ဦး 'မေတ္တာစိတ်'ရှိနေကြတယ်ဆိုရင် ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် မစွန့်ကြပါဘူး။ ဒီတော့ ဒါကို ကျေလည်အောင် စဉ်းစားပါ။ ကျေလည်ပြီဆိုရင် မျက်ရည်အားလုံး ခြောက်သွားပါလိမ့်မယ်။

*

(၁၇၆)

□ *သမီးသူငယ်ချင်းတွေက ကျောင်းဆက်မတက်ကြတော့ဘူး။ သမီးတို့က ပထမနှစ်(မြန်မာစာ)လေ။ အဲဒါ အခု သူတို့က ကျောင်းမတက်ဘဲ အဝေးသင်ပြောင်းကြတယ်။ Language တွေပဲ တစ်ခုပြီးတစ်ခု တက်ကြမယ်တဲ့။ သမီးကတော့ ဘာလုပ်ရမှန်း မသိဘူး။ သူငယ်ချင်းတွေမတက်တော့ တစ်ယောက်တည်းသွားရမှာ ပျင်းခြောက်ခြောက်ကြီးပဲ။ သူတို့တက်မယ့် Language ဆိုတာကိုလည်း ဝါသနာမပါဘူး။ အိမ်ကတော့ သမီးသဘောပဲတဲ့။ ဘာလုပ်ရမှန်းမသိလို့ ဒီစာရေးလိုက်တာပါ။*

**မီးငယ်၊ ကမာရွတ်။**

◆ စာလှမ်းရေးဖော်ရတာကို ကျေးဇူးတင်ပါတယ်ကွယ်။ စာဖတ်တဲ့ သမီးလေးလို့လည်း ယုံကြည်ပါတယ်။ စာဖတ်တဲ့လူဆိုတာ စာမဖတ်တဲ့လူထက် သာတာကတော့ အသေအချာပဲ။ စဉ်းစားနိုင်တယ်၊ တွေးနိုင်တယ်ပေါ့။ အခု ကျောင်းဆက်တက်၊ မတက် ကိစ္စမှာလည်း သမီး စဉ်းစားပါ။ ပထမနှစ်ဆိုတာ ငယ်ငယ်လေး ရှိသေးတယ်။ အချိန်တွေ အများကြီးရှိတယ်။ သမီးဘာလုပ်ချင်တာလဲ။ အဲဒါ စဉ်းစားလေ။ လုပ်ချင်တာ ဘာမှ မရှိဘူးဆိုရင် ရှင်းရှင်းလေးပဲ။ ပညာကို ဆုံးအောင် လုပ်လိုက်ပါ။ ပြီးတော့မှ ထပ်စဉ်းစားတာပေါ့။ လုပ်ချင်တာ ရှိနေတယ်ဆိုရင်တော့ ဥပမာ ရုပ်ရှင်မင်းသမီးလုပ်ချင်တယ်။ အဆိုတော် လုပ်ချင်တယ် စသဖြင့် အနုပညာနဲ့ ပတ်သက်တာကိုပဲ စွဲစွဲလမ်းလမ်း လုပ်ချင်တာဆိုရင် အနုပညာသင်တန်းတွေစပြီး တက်သင့်တယ်လေ။ ဘွဲ့ကို အဝေးသင်ယူပေါ့။ အဓိကပြောချင်တာက ဘာကို စိတ်ဝင်စားသလဲဆိုတာပါ။ ဆရာဝန်ဖြစ်အောင် ခုနစ်နှစ်သင်ပြီးမှ ဆရာဝန်လုပ်ရမှာ ဝါသနာမပါလို့။ အနုပညာ စာရေးဆရာလုပ်တဲ့လူတွေ ရေးတဲ့စာ ဖတ်ဖူးတယ်။ သူတို့အနေနဲ့က ကျောင်းတက်ခဲ့တဲ့နှစ်တွေဟာ အချိန်ဖြုန်းနေတာပဲတဲ့။ အဲဒီအချိန်မှာ ဝါသနာ ဘာသာရပ်ကို လုပ်ခဲ့ရမှာတဲ့။ အဲဒါပါပဲကွယ်။ အရာရာကို စိတ်က ဦးဆောင်နိုင်တာမို့ မိမိစိတ်ကို အရင်စစ်ဆေးပါလို့ပဲ အကြံပြုလိုက်ပါတယ်။

*

(၁၇၇)

□ *ကျွန်တော့်ရဲ့ ရင်ထဲက ကောင်မလေးတစ်ယောက်ကြောင့် ခုချိန်*



www.burmeseclassic.com

www.burmeseclassic.com



မှာ မူးမိုက်စွာ တမ်းတရှူးသွပ် လွမ်းဆွတ်နေရတဲ့ ဝေဒနာတစ်ခု အကြောင်းကို ဒေါက်တာ မေနှင်း(အသည်းနှလုံး အထူးကု ပါရဂူကြီး) သရုပ္ မဂ္ဂဇင်းသို့ တင်ပြပါရစေ။

ကျွန်တော်နဲ့ သူငယ်ချင်းကောင်မလေး ခင်မင်ပြီး ရင်းနှီးခဲ့တာ သိပ်မကြာသေးပါဘူး။ အလွန်ဆုံးကြာရင် နှစ်နှစ်လောက်တော့ ရှိပြီပေါ့။ ခု ကျွန်တော်နဲ့ သူ ခဏတာ ခွဲနေတဲ့ အခိုက်အတန့်မှာ ကျွန်တော့်အနေနဲ့ သူ့ကို ဆက်သွယ်ဖို့ အစွမ်းကုန်ကြိုးစားပေမဲ့ ရေမှာ အရုပ်ရေးသလို အရာမထင်ခဲ့ဘူး။ သူကျွန်တော့်ကို အဆက်အသွယ်မလုပ်သေးတာ အိမ်ကို ကြောက်လို့လို့ ကျွန်တော်ထင်တယ်။ ကျွန်တော် သူ့ကို ရည်းစားစကားပြောသလို ချစ်ရေးလည်း ဆိုပြီးပါပြီ။ ဒီနေရာမှာ ကျွန်တော်မေးချင်တာက ကျွန်တော့်ရဲ့ရင်ထဲက အဲဒီကောင်မလေးဟာ ဘာကြောင့် ဒီလောက် စဉ်းစားနေရတာလဲ။ သူ ကျွန်တော့်ကိုပဲ မယုံတာလား။ သူ့ကိုယ်သူပဲ မယုံတာလားဆိုတဲ့ မေးခွန်းတွေကို ဒေါက်တာမေနှင်းအနေနဲ့ ကျွန်တော့်ကို မွန်းကျပ်လွမ်းဆွတ်မှုစိတ်တွေ ပြေပျောက်သွားစေဖို့ အားပေးမှုဆေးတစ်ခွက်နဲ့ ကျွန်တော့်ဝေဒနာတွေကို သရုပ္မဂ္ဂဇင်းစာမျက်နှာပေါ် အမြန်ဆုံးဖော်ပြပြန်ကြားပေးပါလို့။ ဒေါက်တာမေနှင်းရဲ့ ကျေးဇူးမမေ့သလို ကျွန်တော့်ကောင်မလေးကိုလည်း ထာဝရမမေ့လို့ရမှာ မဟုတ်ဘူးနော်။

ကောင်းဇော်ထက်၊ ဒဂုံမြို့သစ်။

◆ ဒေါက်တာမေနှင်း(အသည်းနှလုံးအထူးကု ပါရဂူကြီး)ဆိုတော့ ဒေါက်တာခင်မောင်ဝင်း(အသည်း)နဲ့ မှားနေပါဦးမယ်။ တကယ်တော့ မေနှင်းက ခဏခဏ လူနာအဖြစ် ရောက်ခဲ့သူ



ပါ။ နှလုံးသားရေးရာမှာ ပါရဂူလည်း မဟုတ်ပါဘူး။ ယုံကြည်ချက်တစ်ခုတော့ ရှိတယ်။ အဲဒါကတော့ မေတ္တာတရားပါ။ မေတ္တာဆိုတာ အချစ်ထက် ပိုတယ်။ အချစ်က ရယူပိုင်ဆိုင်လိုမှု ပါတဲ့အတွက် မရတဲ့အခါ သိပ်ခံစားရတယ်။ မေတ္တာက မရချင်နေ၊ ကိုယ်က ပေးချင်နေတာမို့ ပေးရရင် ကျေနပ်တာပေါ့ပဲ။ ဒီတော့ ကောင်မလေးကို တကယ်မေတ္တာရှိရင် စောင့်နေရုံပါပဲ။ ကိုယ့်ဘက်က အစစ်မှန်ဆုံး ပေးအပ်ပါ။ အကယ်၍ မရလာဘူးဆိုရင် ကိုယ်က မေတ္တာသမားဆိုတော့ သိပ် ပူပူလောင်လောင် ခံစားရမှာ မဟုတ်ပါဘူးကွယ်။

*

## (၁၇၈)

၁ ကျွန်တော်က တစ်ဖက်သတ်ချစ်နေရသူ တစ်ယောက်ပါ။ သူနဲ့ကျွန်တော်က ကျောင်းတစ်ကျောင်းတည်း တက်ကြတာဆိုတော့ အတန်းမတူပေမဲ့ နေ့တိုင်းလိုလို တွေ့ဖြစ်ပါတယ်။ တွေ့တဲ့အခါတိုင်းလည်း ခဏ ခဏ အကြည့်ချင်း ဆုံမိကြပါတယ်။ ကျွန်တော် သူ့ကို မခွဲနိုင်လောက်အောင် ချစ်မိနေပါပြီ။ ပြီးတော့ ကျွန်တော်က ဖွင့်ပြောလိုက်လို့ ကျွန်တော့်ကို ပြန်မချစ်ဘဲ ပစ်ခွာသွားမှာကိုလည်း သိပ်ကြောက်မိတော့ ဖွင့်မပြောရဲဘူး။ ဒီ ခံစားမှုနှစ်ခုကြားမှာ အနေခက်လှပါတယ်။ ကျွန်တော် ဘာဆက်လုပ်ရမလဲဆိုတာ ဖြေကြားပေးပါဦး။

လင်းဓောင်၊ စစ်တွေ။

◆ ဘာဆက်လုပ်ရမလဲဆိုတော့ ဖွင့်ပြောဖို့ပါပဲ။ ဖွင့်မပြောရင် သူဘယ်သိမလဲ။ ပြောပုံပြောနည်းကတော့ သိမ်မွေ့လှပဖို့ လိုပါ

www.burmeseclassic.com



တယ်။ သိမ်မွေ့ရင် သူ့ဘက်က မချစ်ရင်တောင် မုန်းတဲ့အထိ ရောက်မသွားနိုင်ပါဘူး။ ကိုယ်က ဇွတ်တရွတ်ကြီး လုပ်တာမျိုးကိုတော့ မိန်းကလေးတွေက မကြိုက်တတ်ကြဘူး။ ဣန္ဒြေပျက်လောက်အောင် မနှောင့်ယှက်မိအောင် ဆင်ခြင်သင့်ပါတယ်။ သူ့ကို မရရင် သေရပါလိမ့်မယ်ဆိုတာ ခုခေတ်မှာ အသုံးမတည့်တော့ဘူးလေ။ သိက္ခာရှိရှိနဲ့ သူ့ကို ဂရုစိုက်တာမျိုး၊ ဦးစားပေးတာမျိုးက အလုပ်ဖြစ်တတ်တယ်။ ဒါပေမဲ့ မိန်းမပိုးနည်းတွေထဲမှာ သေချာပေါက်နည်းဆိုတာ မရှိပါဘူးကွယ်။ ကိုယ့်ဘက်က အမှားမပါအောင်ဘဲ လုပ်ပါ။

*

(၁၇၉)

□ သမီးက ရုပ်ချောတဲ့သူ တစ်ယောက် မဟုတ်သလို ပညာတတ်တစ်ယောက်လည်း မဟုတ်ပါ။ သာမန်အရုပ်သူ တစ်ယောက်ပါပဲ။ ဒါပေမဲ့ သမီးရဲ့အဖြစ်ချင်ဆုံးဆန္ဒနဲ့ အကြီးမားဆုံးဝါသနာတစ်ခုဟာ အောင်မြင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ချင်နေတာပါပဲ။ မဖြစ်နိုင်တာကိုမှ ဝါသနာပိုးပါလာတဲ့ သမီးရဲ့ ဝါသနာကိုတားနိုင်တဲ့ နည်းလမ်းလေးများရှိရင် ပေးပါနော်။ သမီးနဲ့ လုံးဝ မသက်ဆိုင်တဲ့ ဒီဝါသနာကြီးကို သမီးဘယ်လို ဖျောက်ပစ်ရမလဲ။ မေနှင်း ကူညီပေးပါနော်။

**တောင်ပေါ်မြေမှ ကောင်မလေး။**

◆ အင်း သရုပ်ဆောင်ဖြစ်ဖို့ဆိုရင် ရုပ်ရည်ကတော့ အသင့်အတင့်ရှိရမှာပဲ။ မလှတဲ့လူက ဝိုနေရင် ကြည့်မကောင်းဘူး။ လှတဲ့လူက ဝိုနေလည်း လှတာပဲလေ။ ဒါပေမဲ့ လှတာတစ်ခုတည်းနဲ့



တော့ သရုပ်ဆောင်မဖြစ်နိုင်သလို အောင်မြင်သူလည်း မဖြစ်နိုင်ပါဘူး။ တခြားအချက်တွေ အများကြီးရှိသေးတယ်။ သာမန်ရုပ်ရည်မျိုးနဲ့ သရုပ်ဆောင်ဖြစ်သွားတဲ့လူလည်း အနည်းအကျဉ်းတော့ ရှိတတ်ပါတယ်။ ကြည့်ကောင်းအောင် ပြုပြင်ရင်ပေါ့။ ဘယ်အခန်းကပဲ နေရနေရဆိုရင်တော့ တစ်နေ့ရာ ရနိုင်ပါလိမ့်မယ်။ ကြိုးပြီး စဉ်းစားထားရမှာက အကယ်၍ ဖြစ်မလာခဲ့ရင်ဆိုတာပါပဲ။ လောကကြီးမှာ ဖြစ်ချင်တာ မဖြစ်ရတဲ့လူတွေ ဒုနဲ့ဒေးပဲလေ။ အင်္ဂလိပ် စကားဆိုလေး တစ်ခုရှိတယ်။ Do what you love၊ love what you do တဲ့။ ကိုယ်မြတ်နိုးတဲ့အလုပ်ကိုလုပ်ပါ။ လုပ်ရတဲ့ အလုပ်ကိုလည်း မြတ်နိုးလိုက်ပါတော့ဆိုတဲ့ သဘောပါပဲ။

*

(၁၈၀)

□ အန်တီမေနှင်း

သူနဲ့ *Snow* ချစ်သူတွေဖြစ်ခဲ့ကြတာ သုံးနှစ်ကျော်ပါပြီ။ သူငယ်ချင်းဘဝကတည်းက တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးခဲ့ကြတာပါ။ ဒါပေမဲ့ ချစ်သူတွေဖြစ်သွားပြီးတော့လည်း ရည်းစားထက် သူငယ်ချင်းတွေလိုပဲ။ သူက *Snow* ကို သိပ်ပြီး ဂရုမစိုက်တတ်ဘူး။ သူ့စိတ်ထဲမှာ *Snow* ကို ကလေးသာသာပဲ ထင်နေတာ။ *Snow* ကျောင်းပြီးသွားတာ နှစ်နှစ်ရှိပါပြီ။ သူက *Snow* ထက် နှစ်နှစ်လောက်ကြီးတယ်။ အခု သူက လက်ထပ်ဖို့ ပြောနေတယ်။ *Snow* အသက်က ၂၁ နှစ်ပဲ ရှိသေးတယ်။ *Snow* အလုပ်လုပ်ပြီး မိဘတွေကို လုပ်ကျွေး

www.burmeseclassic.com



*ချင်သေးတယ်။ သူ့မှာတော့ အလုပ်ရှိပါတယ်။ ပြီးတော့ သူ့အသိုင်းအဝိုင်းက Snow နဲ့ သိပ်သဘောမတူချင်ဘူး။ Snow တို့က ဆင်းရဲတယ်လေ။ သူ့မိဘက လိုက်တောင်းပေးမယ်ဆိုပေမဲ့ Snow မျက်နှာငယ်ရမှာ။ ပြီးတော့ အခုအချိန်မှာ Snow လက်ထပ်လိုက်ရင် Snow မိသားစုအပေါ်မှာ တာဝန်မဲ့ရာ ကျနေမလား။ Snow က ရန်ကုန်မှာ အလုပ်လုပ်ဖို့ စဉ်းစားထားပါတယ်။ ဒါပေမဲ့ သူက ဘယ်လိုမှ သဘောမတူဘူးဖြစ်နေတယ်။ Snow ဘာလုပ်ရမလဲ အန်တီလေးရယ်။*

Snow, PDL

◆ အသက် ၂၁ နှစ်ဆိုတာ ငယ်ပါသေးတယ်။ ဒါပေမဲ့ ဘယ်အရွယ်မှာ အိမ်ထောင်ပြုရမယ်ဆိုတာကို အသက်နဲ့ အတိအကျသတ်မှတ်တာလည်း မမှန်နိုင်ပါဘူး။ အရေးကြီးတာက 'အခြေအနေ'ပါ။ လက်ထပ်ပြီး နှစ်ယောက်အတူ လမ်းလျှောက်နိုင်စွမ်းတဲ့ အခြေအနေရှိရင် လက်ထပ်သင့်တာပါပဲ။ ဒီတော့ Snow ကလည်း အခြေအနေကို ဖန်တီးရင်းဆင်ပြင်ပါလို့ပဲ အကြံပြုချင်ပါတယ်။

*

(၁၈၁)

◘ *ဇင့်ရဲ့ အန်တီမေနှင်းကို ပြောပြချင်တယ်။ ဇင်နဲ့ သူနဲ့ချစ်သူတွေဖြစ်တာ တစ်နှစ်ကျော်သွားပြီ။ သူက ချောလို့ နာမည်ကြီးတဲ့ သူပေါ့။ ဇင်က မှန်နေအောင် မချောပါဘူး။ ရှင်းရှင်းပြောရရင် လှလည်း မလှဘူး။ ဒါပေမဲ့ ချစ်စရာကောင်းတယ်ဆိုတဲ့ မျက်နှာကို ပိုင်ဆိုင်ထားပါတယ်။ ကံက နည်းနည်းကောင်းသေးလို့ပေါ့။ ဇင်တို့မြို့မှာ ဘာမှ အပြစ်ပြောစရာမရှိအောင်၊ လှည့်မကြည့်ဘဲ မနေနိုင်အောင် ချောတဲ့ မိန်းကလေးတွေ အများကြီးပဲ။ ချောတာမှ အန်တီမေနှင်းရယ် ကိုရီးယားမင်းသမီးတွေ ကျနေတာပဲ။ အဲလို မိန်းကလေးတွေကို ဇင်တွေ့ရင်'သူ တွေ့လို့ ကြိုက်များသွားမလား'ဆိုတဲ့ အတွေးနဲ့ အမြဲပူလောင်နေရတယ်။ အဲဒီစိတ်မကောင်းဘူးဆိုတာ ဇင့်ဘာသာဇင် သိပါတယ်။ ဒါပေမဲ့ ကြာလေ ပိုဆိုးလာတယ်။ သူကလည်း အဲဒီမိန်းကလေးတွေကို မြို့မှာ အမြဲမြင်နေ၊ တွေ့နေကျပါပဲ။ ဒါပေမဲ့ အဲလို မိန်းမပီပီသသ ချောမောနေတဲ့ သူတွေနဲ့ ဇင့်လို ချစ်စရာကောင်းတာပဲ ရှိတဲ့သူနဲ့ ယှဉ်လာမှာကို ဇင်အစိုးရိမ်ဆုံးပါပဲ။ အဲလောက် ချောတဲ့ မိန်းကလေးတွေနဲ့ ဇင်လမ်းမှာတွေ့ရင်တောင် ဇင့်အတွေးနဲ့တောင် ဇင် အားငယ်လာတယ်။ ဇင့် သူငယ်ချင်းတွေထဲမှာ ဇင် အရုပ်ဆိုးဆုံးပဲလားမသိဘူးဆိုပြီး စိုးရိမ်လာမိတယ်။ မကောင်းတဲ့စိတ်ကို သိသိကြီးနဲ့ မွေးထားနေမိသလိုပါပဲ။ သူကလည်း ဇင် စိတ်ပူနေပေမဲ့ မရှုပ်မပွေတတ်တဲ့ သူမျိုးပါ။ ဇင့်ကို တွေ့တွေ့ချင်းကတည်းက ချစ်ဖို့ကောင်းလို့ ချစ်မိသွားတာလို့ ပြောခဲ့တယ်။ ဇင့်အပေါ်လည်း သိပ်ကောင်းပါတယ်။ ဇင်တို့ ရန်တောင် သိပ်မဖြစ်ဖူးကြဘူး။*

ဇင်းဇင်း၊ မုံရွာတက္ကသိုလ်။

◆ အလကားနေရင်း ကြံဖန်တွေးပူနေတဲ့ ကလေးမပဲကွယ်။ ကိုယ့်ကိုချစ်တဲ့လူရှိနေမှပဲဟာ ဘာကို စိုးရိမ်စရာရှိလဲ။ ကိုယ်ချစ်တဲ့လူက ကိုယ့်ကို ပစ်မထားခဲ့အောင် ပြန်ချစ်ပြဖို့၊ သူ့ကောင်းကျိုးကို ဆောင်ရွက်ဖို့ အဲဒါတွေက ပိုပြီး အရေးကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်းထက် အချင်းက ပိုအရေးကြီးတယ်လေ။ အဆင်းက ရုပ်ဆိုးကြီးဖြစ်မနေရင် တော်ရောပေါ့။ တစ်ခုတော့ရှိတယ်။ ပြင်လွန်း ဖင်ချွန်းဆိုတာမျိုး မဖြစ်စေနဲ့နော်။ တချို့က ချစ်သူရှေ့မှာ လှချင်လွန်းလို့ မိတ်ကပ်တွေ over လုပ်တာ။ အဝတ်အစား လျှပ်ပေါ်လော်လီတာ။ ဆံပင်ကို ကိုယ်နဲ့ မလိုက်ဖက်တဲ့ပုံ ပြင်လွန်းတာ စသဖြင့် မျက်စိနောက်စရာတွေလည်း မလုပ်မိစေနဲ့ပေါ့။ အဓိကကတော့ ချစ်သူအတွက် ကိုယ်ဟာ အပြစ်ကင်းစင်သူ ဖြစ်နေဖို့ပါပဲကွယ်။

*

## (၁၈၂)

*ညီမရင်ထဲမှာ သိချင်တာလေးတွေ ရှိလို့ပါ။ မိဘပေးစားလို့ ယူလိုက်ရတယ်ဆိုတဲ့ သူ့ရဲ့အကြောင်းပြချက်က ညီမတို့ရဲ့ ရှစ်နှစ်တာတွဲခဲ့တဲ့ သံယောဇဉ်အတွက် ခိုင်လုံရဲ့လား။ ညီမမှာ ဘာ အပြစ်မှ မရှိဘဲ သူ ရက်ရက်စက်စက် ထားသွားရက်တယ်။ သူ ညီမကို တကယ်မချစ်ခဲ့ဘူးလား မေနှင်းရေ။ အချစ်ဆိုတာမပါဘဲ အိမ်ထောင်တစ်ခုကို တည်ဆောက်လို့ရလား။ ညီမကတော့ သူ့အပေါ် ဒီနေ့ထိ သစ္စာမပျက်ခဲ့ပါ။ သူ ညီမအပေါ် အခုလို ရက်ရက်စက်စက်ထားသွားခဲ့တာလည်း ညီမ သူ့အပေါ် နာကြည်းတဲ့စိတ် နည်းနည်းမှ မဖြစ်ဘူး။ အဲဒါ ဘာကြောင့်ပါလဲ။ သူနဲ့ မရင်းနှီးတဲ့ သူ့စိမ်းအိမ်မှာ သူ အဆင်မှ ပြေပါ့မလားဆိုတဲ့စိတ် ညီမမှာ ရှိနေတယ်။ သူယူလိုက်တဲ့ မိန်းကလေးက ညီမထက် ရုပ်ဆိုးပေမဲ့ ညီမထက် အရမ်းချမ်းသာတယ် မေနှင်းရေ။ သူ့ကို ပိုက်ဆံမက်တဲ့ ယောကျ်ား*



*လို့ရော သတ်မှတ်လို့ရလား။ သူ အခုယူလိုက်တဲ့* **မိန်းကလေး** *ကို သူ လုံးဝမမြင်ဖူးဘဲ လက်ခံလိုက်တာတဲ့။* **သူကိုယ်တိုင်** *ညီမကို ဝန်ခံခဲ့တယ်။ ညီမ ဘာလုပ်သင့်သလဲ။* **သူများ** *အိမ်ထောင်ရေးကို ပြိုကွဲစေချင်တဲ့ စိတ်လည်း ညီမမှာ* **မရှိပါ** *ဘူး။ ညီမ ရှေ့လျှောက် သူ့ကို လမ်းမှာတွေ့ခဲ့ရင် ဘယ်လို ဆက်ဆံရမလဲ။ မေနှင်း ပြောပြပေးပါဦး။ သူနဲ့ ညီမက တစ်ယောက်တစ်နယ်စီမှာပါ။ သူ့ရဲ့ဆန္ဒမပါဘဲ သူ အခုလို အခြေအနေ ရောက်နေတာပါလို့လည်း ညီမကို ပြောသေးတယ်။ ညီမတို့နှစ်ယောက်ရဲ့ ရှစ်နှစ်တာ စိုက်ပျိုးခဲ့တဲ့* **အချစ်** *သစ်ပင် သူကိုယ်တိုင်ခုတ်ပစ်ခဲ့ပြီ မေနှင်းရေ။ ညီမကို* **အားပေး** *စကား ပြန်ပြောပေးပါဦး။ ဒီအချိန်မှာ သူပျော်နေမလား။ နောင်တ ရနေမလား။ ညီမ သိချင်တယ်။*

**ငွေတောင်ပြည်မှ ဒွေးမယ်နော်။**

ငွေတောင်ပြည်က ဒွေးမယ်နော်...တဲ့။ အချစ်ကံဆိုးတဲ့ ကလေးမပဲ။ ဟိုး ဒဏ္ဍာရီထဲက ဒွေးမယ်နော်လည်း **ယောကျ်ား** သဘောမတူလို့ ကွဲရတာ။ ဒွေးမယ်နော်ခမျာ မိဘအိမ်ကို **ပြန်** ပြေးခဲ့ရရှာတယ်။ ဒွေးမယ်နော်ရဲ့ လုပ်ပုံလုပ်နည်းကတော့ **သူ့** မိဘအိမ်ပြန်မယ်။ သူ့ချစ်လင်ဟာ သူ့ကို တကယ်**ချစ်ရင်** ဘယ်လိုအတားအဆီးကြားကပဲ ဖြစ်ဖြစ် လိုက်လာမှာပဲ**လို့** ယုံတယ်။ ဒါကြောင့် လမ်းမှာ (အင်း... ဇာတ်တော်ထဲ**က** နေရာနာမည် မေ့နေတယ်) အဲဒီစခန်းမှာ ဒွေးမယ်**နော်ရဲ့** လက်စွပ်ကို အပ်ပစ်ခဲ့တယ်။ မလိုက်လာရင်တော့လည်း **ဘဝ** ပြီးပြီဆိုတဲ့သဘော။ ဒွေးမယ်နော်ရဲ့ ရွှေမင်းသ**ားလေး**က တကယ်ချစ်တဲ့လူဆိုတော့ လိုက်လာပါတယ်။ **လက်စွပ်ရ**

www.burmeseclassic.com

တော့ သဘောပေါက်ပြီး ဒွေးမယ်နော်ရဲ့ငွေတောင်အထိ လိုက်သွားတယ်။ သူ့မေတ္တာကို နားလည်သွားလို့ ဒွေးမယ်နော်ရဲ့ ဖခင်က လက်ခံပေးစားတယ်။ ပျော်ရွှင်စွာ ပေါင်းသင်းကြလေ သတည်း... ပေါ့။ အခု ဒီ ညီမ ဒွေးမယ်နော်လေးရဲ့ မင်းသားက သူများကို လက်ထပ်တယ်။ ညီမကို ထားပစ်ခဲ့တယ်ဆိုတာ လက်တွေ့ ပြသွားခဲ့ပြီ။ သူ ပျော်နေမလား၊ နောင်တ ရနေမလား မသိချင်ပါနဲ့တော့။ လမ်းမှာတွေ့ရင် မိတ်ဆွေရင်းလို ခေါ်ပေါ့။ ကိုယ့်ဘက်က မေတ္တာမပျက်ကြောင်း ပြခွင့်ရှိပါတယ်။ ဘဝဆိုတာ အချိုးအကွေ့တွေ အများကြီးမို့ အနာဂတ်မှာ ဘာတွေဖြစ်လာဦးမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ သူ့အပေါ် ကိုယ်ကတော့ အမြဲကောင်းနေတယ်ဆိုတာ သူသိသွားရင် ကိုယ့်ဘက်က အရှုံးမရှိပါဘူး။ တစ်ခုတော့ ရှိတယ်။ သူဟိုမှာ အဆင်မပြေလို့ ကွဲလာရင်ဆိုတဲ့ မျှော်လင့်ချက်တော့ မထားပါနဲ့။ အေးမြတဲ့မေတ္တာကို ပေးဆပ်ရင်း ကိုယ့်ဘဝကိုယ်လည်း အကျိုးအပဲ့မခံဘဲ ဆက်လက်တည်ဆောက်ပါကွယ်။ ဘဝရှင်သန်ရေးဟာ လူတစ်ယောက်အတွက် နံပါတ်တစ်ပါ။ အနာမခံပါနဲ့ကွယ်။

*

(၁၈၃)

◘ *ဘယ်လို ဝေခွဲရမလဲဆိုတာ မဆုံးဖြတ်နိုင်တော့လို့ သမီးကို ကူညီပေးပါဦး။ သူနဲ့ သမီးက ၂၀၀၇ မေလမှာ တွေ့ဆုံပွဲလေးတစ်ခုကြောင့် အမှတ်မထင် တွေ့ခဲ့ရတာပါ။ တိုက်ဆိုင်မှုတွေအများကြီးနဲ့ ခင်မင်ရင်းနှီးခဲ့ရတာပါ။ တွေ့ဆုံပွဲက တစ်*



*ပတ်လေးပဲကြာပေမဲ့ သမီးတို့နှစ်ယောက် အလွန်ရင်းနှီးခဲ့ပါတယ်။ နှုတ်ဆက်တဲ့ညမှာ သူက သမီးကို ပိုက်ဆံ ၃၀ ပေးပြီး ဒီတစ်ညလုံးမအိပ်ဘဲ စကားပြောကြရအောင်တဲ့။ သမီးက ခရီးဝေးပြန်ရမှာဖြစ်တာကြောင့် ခဏလေးပဲပြောပြီး အနားယူခဲ့ပါတယ်။ သမီး အဲဒီလို အနားယူတဲ့အချိန် သူက တစ်ညလုံး မိုးရွာထဲမှာ ငိုနေတဲ့အကြောင်းကို သူငယ်ချင်းက တစ်ဆင့်ကြားရတော့ သူ့ကို သနားမိတယ်။ သမီး အိမ်ကို ပြန်ရောက်တဲ့အခါ သူက စာတွေ ဆက်တိုက်ရေး၊ ဖုန်း ခဏခဏဆက်ပြီး အဖြေတောင်းနေတယ်။ အမှန်အတိုင်း ပြောရရင် သမီးလည်း သူ့ကို သတိရမိပါတယ်။ ဒါပေမဲ့ ခဏလေးတွေ့ခဲ့ရတာဆိုတော့ သူ့ရဲ့အချစ်ကို မယုံကြည်ရဲဘူး။ အချစ်ဆိုတာ အချိန်ကာလနဲ့ကော ဆိုင်ပါသလား။ သမီးကို ကူညီပြီး ဖြေရှင်းပေးပါနော်။*

**တွယ်တာမိုး၊ ဝိုင်းမော်။**

◆ အချစ်ဆိုတာ အချိန်ကာလနဲ့ မဆိုင်ပါဘူး။ တစ်သက်လုံး အတူနေလာပြီး ရိုးရိုးပဲ ခင်ကြတဲ့ သူငယ်ချင်းတွေအများကြီးလေ။ ခဏလေး မျက်လုံးချင်းဆုံမိပြီး ဖြန်းခနဲ ချစ်မိသွားတာမျိုးတွေလည်း အများကြီး။ အချစ်နဲ့ပတ်သက်ပြီး ကဗျာဆရာမ 'မအိ' က ပြောဖူးတယ်။ အချစ်ဆိုတာ သူ့အလိုလို လာပြီး အသည်းနှလုံးမှာ တပ်စွဲတာတဲ့။ သိပ်မှန်တာပဲ။ နှလုံးသားထဲ သူလာပြီး စိုးမိုးလိုက်ပြီးမှ ဦးနှောက်က သိရတာ။ ဦးနှောက်က အရင်စဉ်းစားပြီး ချစ်သင့်လို့ချစ်တာမဟုတ်ဘူး။ အချစ်ဆိုတာ နှလုံးသားရဲ့ ကိစ္စပဲ။ ဒါက သေချာပါတယ်။ ဦးနှောက်ရဲ့ အလုပ်က သင့်မသင့် စဉ်းစားတာပါ။ ဆုံးဖြတ်တာပါ။ ဒီတော့

www.burmeseclassic.com



ဘယ်လိုပဲ တစ်ဖက်က ဖုန်းဆက်ဆက်၊ အဖြေတောင်းတောင်း၊ ကိုယ့်နှလုံးသားကိုပဲ ပြန်မေးပါ။ နှလုံးသားက ရင်ခုန်နှုန်း ၁၈၀ ကျော်နေရင် ဒါဟာ ချစ်လို့ပဲ။ ဘာမှ မလှုပ်ရှားရင် ရိုးရိုးပဲ။ အဲဒါ သိသာပါတယ်။ မသိသာဘူးဆိုရင် အဖြေမပေးနဲ့ဦး။ မချစ်သေးလို့။ တော်ကြာ ၁၈၀ ကျော်တဲ့လူတွေ့ရင် ခက်နေမယ်။

*

(၁၈၄)

*သမီး ဘဝတစ်ခုလုံးအတွက် သိပ်အရေးကြီးနေလို့ပါ။ သမီးဟာ အသက် ၂၇ နှစ်ရှိပါပြီ။ ဒီအကြောင်းမပြောခင် သမီးရဲ့စိတ်ကို အရင်ပြောပါရစေ။ သမီးဟာ (ရုပ်မချောချင်နေ ရုပ်ရည်အသင့်အတင့် ရှိရမယ်ပေါ့) အရည်အချင်းရှိတဲ့ ယောကျ်ား၊ ဦးဆောင်နိုင်တဲ့ ယောကျ်ားတွေကို သိပ် သဘောကျပါတယ်။ သမီးသာ ချစ်နိုင်ပါစေ။ မချမ်းသာချင်နေ၊ သမီး ဒီလူကို လက်ထပ်မယ်။ ဘယ်လောက်ပဲ ချမ်းသာနေပါစေ၊ အရည်အချင်း ရှိနေပါစေ။ သမီး မချစ်နိုင်ရင် သမီးမလိုဘူး။ အချစ်ကို မကိုးကွယ်ပေမဲ့ ကိုယ်လက်ထပ်မယ့်သူဟာ ကိုယ်နှစ်သက်နိုင်တဲ့စိတ်ရှိမှ အိမ်ထောင်ရေးဟာ သာယာမှာလို့ထင်ပါတယ်။*

*သမီးဟာ စိတ်ချမ်းသာမှုကို ဦးစားပေးတဲ့သူ တစ်ယောက်ပါ။ ရွှေဘုံပေါ်မှာထိုင်ပြီး စိတ်ဆင်းရဲမှာ ကြောက်ပါတယ်။ အခု သမီးမှာ ချမ်းသာတယ်၊ အရည်အချင်းရှိတယ်၊ ရုပ်ရည်နည်းတယ်(ရုပ်ဆိုးတဲ့စာရင်းမှာ ပါတယ်) အရုပ်ပုပြတ်တဲ့*



*ယောကျ်ား၊ ချစ်ကြည့်လို့ကို မရတဲ့ ယောကျ်ားတစ်ယောက်က သမီးကို သဘောကျပြီး တောင်းရမ်းတော့မယ့်အဆင့် ရှိနေပါပြီ။ အိမ်က ဘယ်လောက် သဘောတူတူ သမီးက အကျောက်အကန်ငြင်းရင် ပေးစားမှာမဟုတ်ပါဘူး။ ခုခေတ်အခြေအနေကို ကြည့်လိုက်ရင်လည်း စီးပွားရေးတစ်ခုဟာ သိပ်အရေးကြီးနေပါတယ်။ သမီးတို့ သာမန်လူတန်းစားတွေအတွက် ဒီအခွင့်အရေးဟာ ရဖို့ မလွယ်ပါဘူး။ သမီးဟာ လောကီသားတစ်ယောက်မို့ သမီးရဲ့စိတ်ဟာ တွေဝေနေပါပြီ။ တစ်ဖက်က ကြည့်လိုက်ရင် သင့်တော်ပြီး တစ်ဖက်က ကြည့်ပြန်ရင် လုံးဝ လက်ခံကြည့်လို့မရ ဖြစ်နေပါတယ်မေနှင်းရယ်။ သမီးအဖြစ်က စားရမှာ သဲတရှုပ်ရှုပ်၊ ပစ်ရမှာလည်း ဆီတဝင်းဝင်းဖြစ်နေပါတယ်။ မေနှင်းရေ သမီးကို အကြံဉာဏ်ပေးပါဦးလို့ အဲ့ကိုးတကြီး စာရေးလိုက်ပါတယ်။*

**ပန်းလှိုင်၊ မြိတ်မြို့။**

တခြားလူကို မေးရင်တော့ ‘ဆင်စီး’ တာတို့ ‘မြင်းရံ’ တာတို့ ပြောချင် ပြောကြမယ်။ မေနှင်းကတော့ အချစ်ဆိုတာကို အလွန်တန်ဖိုးထားသူမို့ ‘မချစ်ရင် မယူနဲ့’ လို့ပဲ ဖြေပါမယ်။ အရုပ်ဆိုးလို့၊ အရပ်ပုလို့... ဆိုတာထက်၊ ချစ်လို့မရတဲ့ လူဆိုတာ စိတ်ပျက်စရာကြီးဟယ်။ တစ်ရေးနိုးလို့ ကြည့်လိုက်ရင် ကိုယ့်ဘေးမှာ ဘယ်ကလူကြီးမှန်းမသိ။ အောင်မယ်လေး ကိုယ်တို့တော့ မယူရဲဘူး။ အတူတူအိပ်ရမှာ တွေးတောင် မတွေ့ရဲဘူး။ ပိုက်ဆံချမ်းသာတာ ဘာလုပ်ရမှာတုံးဟာ။ ပိုက်ဆံဆိုတာ လူလုပ်တာ။ အချစ်ဆိုတာ လုပ်ယူလို့ မရဘူး။ ပိုက်ဆံချမ်းသာချင်ရင် ကိုယ့်ဟာကိုယ် ကြိုးစားပေါ့။ မချမ်းသာတော့

www.burmeseclassic.com



ကော ဘာဖြစ်လဲ။ မေနှင်းက ဆရာကြီး ဆရာစန္ဒြ(ဗေဒင်ဆရာကြီး)ကို မိခဲ့တယ်။ ဆရာကြီးဆီမှာ ဗေဒင်မေးတုန်းကပေါ့။ ဆရာကြီး ဆုံးမတဲ့စကား ခုထိ မှတ်မိတယ်။ 'သမီးရယ်... သမီးမှာ အဝတ်အစားတွေ ဗီရိုကြီးသုံးလုံးရှိတော့လည်း တစ်ကြိမ်မှာ ဘယ်နှစ်စုံ ဝတ်လို့ရသလဲ။ သမီးမှာ စားစရာတွေ ဂိုဒေါင်ကြီးတစ်လုံးရှိတော့ကော တစ်နေ့မှာ ဘယ်လောက်စားနိုင်လို့လဲ' တဲ့။ သိပ်မှန်တာပဲ။ လူ့ဘဝမှာ နေနိုင်ရုံ၊ စားနိုင်ရုံ၊ ရုပ်ပစ္စည်းပြည့်စုံရင် မတော်သေးဘူးလား။ မနေပျော်ဘူးလား။ ငွေချမ်းသာပြီး စိတ်မချမ်းသာရင် လူဖြစ်ရတာ တန်ပါ့မလား။ (ဟင်း... ဒီအဖြေကို ဟိုလူကြီး ဖတ်မိရင်တော့ မေနှင်းကို လူငှားပြီး အရိုက်ခိုင်းမှာ စိုးရတယ်) ဒါပေမဲ့ တကယ်ပါ။ မေနှင်းရဲ့ ဝါဒကတော့ ကိုယ့်ဘာသာ ငွေရှာမယ်။ ငွေရှိတဲ့လူဆိုရုံနဲ့ ကိုယ့်ဘဝကြီး ထိုးမအပ်နိုင်ပါဘူး။ ရှင်းရှင်းပဲ။

*

(၁၈၅)

သမီးမှာ ချစ်သူ ရှိပါတယ်။ ချစ်သူသက်တမ်း ၅ လ အကြာမှာ ရာထူးတိုးပြီး တာဝန်သွားထမ်းဆောင်နေရပါတယ်။ နောက် 'နှစ်' နှစ်လောက်ကျရင် 'လက်ထပ်မယ်'လို့ သူ မသွားခင် ပြောသွားပါတယ်။ လက်ထပ်ခြင်းဆိုတာကို အလျှင်မလိုဘဲ အားလုံးပြင်ဆင်ပြီးမှ လက်ထပ်သင့်တယ်လို့ ပြောပါတယ်။ အခု သမီးနဲ့ သူ ဖုန်းအဆက်အသွယ်ပဲ ရှိနေပါတယ်။ ဒီအတောအတွင်းမှာ သမီးကို ကြိုက်တဲ့ လူတစ်ယောက် ပေါ်



လာပါတယ်။

သမီးထက် အသက် ၈ နှစ်လောက် ပိုကြီးပါတယ်။ ဘွဲ့နှစ်ခု ရထားပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေပါတယ်။ သူက သမီးကို လက်ထပ်ခွင့်တောင်းထားပြီး သမီးအပေါ် အစစအရာရာ ဂရုစိုက်ပြပါတယ်။ သမီးမှာ ချစ်သူရှိမှန်းလည်း သိထားပါတယ်။ သမီးကို ညီမလေးလိုရော ချစ်သူ အိမ်ထောင်ဖက်လိုပါ ချစ်လို့ လက်ထပ်ခွင့်တောင်းတာပါတဲ့။ ဒါကြောင့် လက်ထပ်ဖို့ စဉ်းစားပေးပါလို့ ပြောပါတယ်။

အိမ်က လူတွေကလည်း အရင်ချစ်သူထက် လက်ရှိဒီအစ်ကိုကြီးကို ပိုသဘောကျနေပါတယ်။ လက်ရှိချစ်သူထက် ဒီအစ်ကိုကြီးက အရည်အချင်းတွေ၊ ပိုင်ဆိုင်မှုတွေ ပိုရှိသလို သမီးကိုလည်း အလိုလိုက် ဂရုစိုက်ပြနေတော့ အိမ်ကလူတွေက ဒီအစ်ကိုကြီးကိုပဲ ရွေးချယ်လက်ထပ်ဖို့ တိုက်တွန်းကြပါတယ်။ သမီးက နွမ်းပါးသူဆိုတော့ သမီးရဲ့ လိုအပ်ချက်တွေကိုလည်း ကူညီဖြည့်ဆည်းပေးပါတယ်။ သူ့ရဲ့ အကူအညီတွေကို ငြင်းဆန်ပေမဲ့ နည်းမျိုးစုံနဲ့ လှည့်ပတ်ပြီး အကူအညီပေးပါတယ်။ သမီးကလည်း ဒီအစ်ကိုကြီးကို အစ်ကိုတစ်ယောက်လို၊ မိတ်ဆွေတစ်ယောက်လို သံယောဇဉ်တွယ်မိပါတယ်။ ကြာလာတော့ ဒီ အစ်ကိုကြီးရဲ့ သမီးကို အလိုလိုက်မှုတွေ၊ အရည်အချင်းတွေ ပိုသိမြင်လာရတော့ ဒီအစ်ကိုကြီးကို (သူ့ရဲ့ အရည်အချင်းတွေကို) သဘောကျမိပါတယ်။ အိမ်ထောင်ဖက်ကောင်း တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ ပြည့်စုံပါတယ်။ ဒါပေမဲ့ သမီးမှာ ချစ်သူရှိတဲ့အတွက် ဒီ အစ်ကိုကြီးကို ရွေးချယ်လိုက်ရင် ချစ်သူအပေါ်ကို ရက်စက်ရာရောက်မှာ (အပြစ်ဖြစ်

www.burmeseclassic.com

*မှာ)ကိုအရမ်းစိုးရိမ်မိပါတယ်။ သမီးနဲ့ သမီးချစ်သူက ယယ်သူငယ်ချင်းတွေဆိုတော့ သူ့ကို နာကျင်အောင်(သူခံစားရအောင်) အပြစ်မလုပ်ချင်ပါဘူး မေနှင်းရယ် ...*

*အဲဒီအတွက် သမီးချစ်သူကို ရွေးချယ်ရအောင် ဆိုတာလည်း သူက အဆင်ပြေအောင်၊ ပြည့်စုံအောင် ပြင်ဆင်ဦးမယ်ဆိုတော့ မရေရာမှာကို ကြောက်မိပြန်တယ်(ပြီးတော့) သမီးချစ်သူရဲ့ ညာဘက်လက်ချောင်းတွေက မွေးရာပါ အဆစ်ကလေးတွေ တိုနေပါတယ်။ သမီး တကယ်ချစ်တာက သမီးရဲ့ချစ်သူကိုပါ။ ဒါပေမဲ့ သမီးစိတ်ထဲမှာ မဝံ့မရဲဖြစ်မိတာက သူ့ရဲ့ အားနည်းချက်ကြောင့် သမီးကို လူတွေ အပြောခံရမှာလား။ သူ့ရဲ့အားနည်းချက်က မွေးရာပါဆိုတော့ ရရှိလာမယ့် ရင်သွေးတွေအတွက် ဆိုးကျိုးတွေ ဖြစ်လာစရာရှိမလားဆိုတဲ့ မဝံ့မရဲစိတ်နဲ့ စိုးရိမ်မိပြန်တယ်။ တချို့က အချစ်ထက် ဘဝရှေ့ရေးပြေလည်နိုင်မယ့် အနေအထားကို ဦးစားပေး ရွေးရမယ်လို့ဆိုသလို တချို့ကျပြန်တော့ အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ သာယာမှုမရှိနိုင်ဘူးလို့ ပြောကြပြန်တယ်။ သမီးမှာ ချစ်သူကိုချစ်တဲ့စိတ်က တစ်ဖက်၊ တစ်ဖက်က အစ်ကိုကြီးကို အားနာ၊ စာနာမိနေတာက တစ်ဖက်ဆိုတော့ မဆုံးဖြတ်နိုင်လို့ပါ။*

O.M.K၊ အင်းစိန်။

◆ ဒီကိစ္စ အရေးကြီးပါတယ်။ ဒီကိစ္စဆိုတာ 'မွေးရာပါ အားနည်းချက်'ပါ။ လူဆိုတာ လူ့လောကထဲနေရတာဆိုတော့ တိုက်ပါများတဲ့ငုတ် ယိုင်တတ်တယ်ဆိုသလို အပြောခံရတာများရင် လဲတတ်ပါတယ်။ သူ့မှာရှိတဲ့ ချွတ်ယွင်းချက်က သိပ်ဆိုးနေသလား။ လူတွေမြင်ကွင်းမှာ အကြည့်ရသိပ်ဆိုးသလား။ ကိုယ်ကိုယ်တိုင်ကရော သူ့အပေါ် အမြင်ကြည်လင်ရဲ့လား။ အတူတွဲဝင်ရဲသလား။ အဲဒါ စဉ်းစားပါ။ ကိုယ်ကိုယ်တိုင်က သူနဲ့တွဲသွားရမှာကို ရှက်နေမိရင် ဒါ ကြာရှည်မခံနိုင်ဘူး။ အဲဒီအရှက်ကို အချစ်က မကာယ်နိုင်ဘူး။ ဒါပေမဲ့ ဒီလို ယတိပြတ်ပြောလို့လည်း မရပါဘူး။ မြို့ထဲမှာ မေနှင်းမြင်ဖူးတဲ့ စုံတွဲတစ်တွဲဟာ မိန်းမက သာမန်ပဲ။ ယောကျ်ားက လက်တစ်ဖက်မပါဘူး။ ပခုံးမှာ ပြတ်နေတာ။ အဲဒီ မိန်းမနဲ့ ယောကျ်ားဟာဘာမှ မခံစားရသလိုပဲ။ ပျော်ပျော်ပါးပါး အထုပ်တွေဆွဲရင်းဘူတာကြီးဘက် လျှောက်သွားကြတယ်။ အဆင်ပြေလို့ပဲ။ ဘယ်သူ ဘာထင်ထင်ပေါ့။ အဲသလိုပဲ မင်္ဂလာဆောင်တစ်ခုမှာလည်း တွန်းလှည်း ကုလားထိုင်(Wheel Chair)နဲ့ လာတဲ့ယောကျ်ားတစ်ယောက်ကို တွေ့ရတယ်။ လမ်းမလျှောက်နိုင်တာက ပိုလီယိုကြောင့်တဲ့။ အံမယ်... သူ့ဘေးမှာက မိန်းမချောချော။ အဲဒီမိန်းမက တစ်နှစ်လောက် အရွယ်ရှိတဲ့ ကလေးလေးချီလို့။ ကဲ... ပိုလီယိုကိုယူပြီး ကလေးချီရင်း တွန်းလှည်းနဲ့ ပွဲတက်တဲ့လူလည်း ရှိတာပဲ။ သူတို့နှစ်ယောက်လုံး ပြုံးလို့။ ဒီတော့ ဒီကိစ္စဟာ ကာယကံရှင်များရဲ့ စိတ်နဲ့ပဲ ဆိုင်ပါတယ်။ သူတို့အချင်းချင်း ကျေနပ်ရင် ပြီးတာပါပဲ။ လူတွေက အလုပ်ကြီးတစ်ခုလို တစ်ချိန်လုံး လိုက်ပြောမနေနိုင်ပါဘူး။ ဒါကြောင့် ညီမလည်း ကိုယ့်ဟာကိုယ် စဉ်းစားပါလို့ပဲ ပြောချင်ပါတယ်။

*

(၁၈၆)

◻ *သမီးက အသက် ၁၈ နှစ်ရှိပါပြီ။ အခုမှ 1st Yearဖြေထား*



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကျောင်းသူတစ်ယောက်ပါ။ သမီးမှာ အမေ မရှိတော့ပါဘူး။ အဖေကလည်း ကျန်းမာရေးမကောင်းလို့ အလုပ်မလုပ်နိုင်တော့ပါဘူး။ အရင်ကလုပ်ထားတဲ့ ငွေကလေးနဲ့ပဲ နေထိုင်နေရတာပါ။ သမီး အလုပ်လုပ်ချင်တယ်။ အဖေက ကျန်းမာရေးမဆိုးရွားပေမဲ့ အပင်ပန်း နည်းနည်းလေးမှ မခံနိုင်တာကြောင့် အလုပ်မလုပ်ပေမဲ့ သမီးကို တခြားမောင်နှမတွေလို ထားပေးချင်တယ်။ သမီးလည်း နေချင်ပါတယ်။ အဲဒီလို နေနိုင်ဖို့က သမီး အလုပ်လုပ်ပြီး ပိုက်ဆံစုချင်တယ်။ ကျောင်းပိတ်ထားတဲ့ အချိန်လေးမှာပေါ့။ ဒါပေမဲ့ အလုပ်တွေက တစ်နေကုန်လုပ်ရပြီး လစာက နည်းတယ်။ သမီးတက်နေတဲ့ သင်တန်းတွေကို ဖျက်ပြီး အလုပ်လုပ်ဖို့က လစာနည်းနေတော့ မကိုက်ဘူးဖြစ်နေတယ်။ သမီး ဘာဆက် လုပ်ရမလဲဆိုတာကို လမ်းညွှန်ပေးပါနော်။

မွန်။

◆ အလုပ်လုပ်ရင်း ပညာသင်နေတဲ့လူတွေ တစ်ပုံကြီးပါ။ ပညာသင်တယ်ဆိုတာကလည်း ပြီးဆုံးသွားတယ်မရှိတော့ ဒီလိုပဲ အလုပ်တစ်ဖက်နဲ့ သင်နေကြတာ မဆန်းပါဘူး။ ပင်ပန်းတာ၊ လစာနည်းတာတွေက ယာယီပဲ။ လောလောဆယ် ရတာလုပ်ပြီး ဒီထက်ကောင်းတဲ့အလုပ် ရှာရမှာပေါ့။ အလုပ်တစ်ခုကို အမြဲလုပ်ဖို့ မဟုတ်ဘူး။ ဒီထက်ကောင်းတဲ့ဟာကို အမြဲရှာနေရမှာ။ လုပ်နေတဲ့ အလုပ်ကိုလည်း ကောင်းအောင်လုပ်ရမှာ။ အရွယ်ကောင်းတွေဟာ တစ်နေ့ ၂၄ နာရီအနက် ၈ နာရီ အိပ်ချိန်ဖယ်ပြီးရင် ၁၆ နာရီတောင် ကျန်သေးတာပဲ။ ပင်ပန်းရင်ခဏနား၊ အားဖြည့်၊ လူရော စိတ်ရော အားရှိအောင်လုပ်၊



ဒီနည်းနဲ့ ခရီးတွင်အောင် လုပ်ကြရပါတယ်။ အချိန်ဖြုန်းတာတွေကို လျှော့ပစ်ရပါမယ်။ အခု ကလေးတွေရော၊ လူကြီးလူငယ်တွေရော အချိန်ဖြုန်းတာများနေတယ်လို့ မေနှင်းမြင်ပါတယ်။ ဥပမာ ဆင်ခြေဖုံးရပ်ကွက်တွေသွားရင် လက်ဖက်ရည်ဆိုင်တွေမှာ ဗီဒီယိုဇာတ်ကား ထိုင်ကြည့်နေကြတာ အမြဲမြင်ရတယ်။ သူဌေးအိမ်တွေရောက်တော့လည်း စလောင်းထိုင်ကြည့်နေကြတာ မြင်တယ်။ အလုပ်လုပ်နေရမဲ့ နေ့ခင်းကြီးမှာပါ။ လူတွေ ဒါလောက်ပဲ အားနေကြသလားလို့ တွေးမိတယ်။ ဘာဖြစ်လို့ အလုပ်မလုပ်ကြတာလဲလို့ စဉ်းစားမိတယ်။ တိုးတက်တဲ့ လူမျိုးတွေဟာ သိပ် အလုပ်လုပ်ပါတယ်။ လုပ်စရာအလုပ်မရှိဘူးလို့ ဘယ်တော့မှ မဖြစ်ကြဘူး။ ခရီးသွားရင်း စာဖတ်တယ်။ အရည်မရ အဖတ်မရတွေ ပြောမနေဘူး။ မေနှင်းဖြင့် မိန်းမတွေ သန်းတုတ်ရင်း အတင်းပြောနေတာ မြင်ရင် သိပ်ရိုက်ချင်တာပဲ။ ခေါင်းထဲ သန်းမွေးတာကိုက ညံ့ဖျင်းတာ။ ဒီလိုလူတွေရှိတဲ့တိုင်းပြည် ဘယ်လိုလုပ် တိုးတက်မှာလဲ။ တိုးတက်တဲ့နိုင်ငံက အိမ်ရှင်မတွေဟာ အချိန်ပိုနေရင် ကြမ်းတိုက်၊ နံရံသုတ်နေကြတာ။ အလကားမနေဘူး။ ဒီတော့ တိုးတက်တာပေါ့။ ဒါကြောင့် ၁၈ နှစ်သမီးရေ။ ပင်ပန်းတယ်လို့ မညည်းစမ်းပါနဲ့ကွယ်။ မေနှင်း အသက် ၈၀ တောင် တစ်ချက်မှ မနားပါဘူး။ မယုံရင် သရဖူကို မေးကြည့်။ အသက် ၈၀ ပေမယ့် ၁၈ နှစ်ကောင်မလေးလို ဖျတ်ဖျတ်လတ်လတ် သွားနေတုန်းပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



(၁၈၇)

□ ကျွန်တော့်ရင်ထဲမှာ ခံစားရလွန်းလို့ ဒီစာလေးကို ရေးပြီး ကျွန်တော် အမြဲဖတ်သလို ကျွန်တော့်ရဲ့ သည်းဦးပန်း(မမ) လည်း ဖတ်တဲ့ သရဖူစာမျက်နှာပေါ်မှာ ရှင်းပြခွင့်ပေးပါဗျာ။

ကျွန်တော့်ဘဝမှာ ရင်ခုန်တတ်စအရွယ် ကတည်းက ပထမ ဦးဆုံး ချစ်ရတဲ့ ချစ်ဦးသူဟာ 'မမ'ပါ။ 'မမ'နဲ့ ကျွန်တော် အသက် သုံးနှစ်ကွာပါတယ်။ အတန်းလည်း မတူခဲ့ပါဘူး။

'မမ' က အချောအလှစာရင်း မဝင်ပါဘူး။ အေးချမ်း တည်ငြိမ်ပြီး အရာရာကို တရားနဲ့ဖြေပြီး ခွင့်လွှတ် အနစ်နာခံ တတ်တယ်။ ဒီလို သူတော်ကောင်းလေးကို စော်ကားမိလို့ ကျွန်တော့်မှာ အခု ပူလောင်နေရပြီ။

'မမ'ကိုပဲ တစ်နေ့ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားခဲ့ပေမဲ့ ရုပ်ချောတဲ့ ကျွန်တော့်ကို မိန်းကလေးတွေဝိုင်းနေတော့ ကျွန်တော် စိတ်မခိုင်ဘဲ ရည်းစားတွေထားရင်းနဲ့ မျှားသွားခဲ့တယ်။ 'မမ' ဆုံးမနေတဲ့ကြားက မျောနေမိတယ်။

တစ်နေ့မှာ ကျွန်တော့်ဘဝကို ခေါက်ထိုးမိုးမျှော်လုပ်ပစ်တဲ့ အဖြစ်တစ်ခု မထင်မှတ်ဘဲ အလစ်ဝင်လာတယ်။ ကျွန်တော် တွဲနေတဲ့ ကောင်မလေးရဲ့ သူငယ်ချင်းက ကျွန်တော့်အမေကို လာပြောတယ်ဗျာ။ 'အန်တီ့သားနဲ့ ကျွန်မ လက်မထပ်လို့ မဖြစ် တော့ဘူး'တဲ့။ အမေဟာ သမီးချင်း ကိုယ်ချင်းစာစွာနဲ့ (ကျွန် တော့်ဖြေရှင်းချက်ကို မတောင်းခံဘဲ) အဲဒီမိန်းကလေးနဲ့ လက်ထပ် ပေးခဲ့တယ်။ ကျွန်တော့်ဘဝ မိုးမှောင်ကျသွားခဲ့တယ်။ မိသားစု ရဲ့ သားမိုက်၊ ချစ်သူရဲ့(သစ္စာဖောက်သူဘဝ) ဆိုတဲ့ ပြစ်ဒဏ် နှစ်ခု ရခဲ့တယ်။ အခု ကျွန်တော့်မှာ သားလေးတစ်ယောက်



ရှိနေတယ်။

'မမ'ကို မေ့လို့မရခဲ့ဘူး။ နောက်မှ သိရတာက 'မမ'ကို မနာလိုလို့ ကျွန်တော့်ကို ထောင်ချောက်ဆင် ဖမ်းခဲ့တာတဲ့ဗျာ။ မပျော်ရွှင်တဲ့ အိမ်ထောင်တစ်ခုမှာ 'သားလေး'သာ မရှိရင် လမ်းခွဲပစ်မှာ။ အမေ့ဆန္ဒ၊ 'မမ' ဆန္ဒအရ ရိုးမြေကျပေါင်း သင်းဖို့ ကတိပေးထားခဲ့ရတယ်။ 'မမ'က သူ့တူလေး(ကျွန် တော့်သား) ကို ခမြစာပင်မဖြစ်စေချင်ဘူး တဲ့။ မေတ္တာရှင်မကြီး 'မမ'ကတော့ အခုထိ အပျိုကြီးဘဝနဲ့ သူ့ ဌာနမှာ အောင်မြင် လို့၊ ပျော်ရွှင်လို့၊ ကျွန်တော့်ကိုလည်း တရားပြ ဆုံးမလို့ပေါ့။

ကျွန်တော်ကတော့ ဌာနမှာ စက်ရုပ်ကြီးလိုပေါ့။ 'မမ'က ခွင့်လွှတ်လေ ကျွန်တော် လိပ်ပြာမလုံလေ ပါပဲ။ 'မမ'ကို ချစ်သူ(သို့) ဇနီးလို ဒီဘဝမှာ ချစ်ခွင့်မရတော့ပေမဲ့ အစ်မရင်းလို ချစ်ခင်အားကိုးလျက်ပါ။ နောက်ဘဝဆက်တိုင်း အခုလို ရှင်ကွဲ ကွဲခြင်း၊ သေကွဲကွဲခြင်းဆိုသော ကွဲကွာခြင်းဒုက္ခမှ ကျွန်တော် ကော 'မမ'ပါ လွတ်ငြိမ်းပါရစေလို့ ဘုရားမှာ ညတိုင်း ဆုတောင်း ပါတယ်။

စာရှည်သွားလို့ မပစ်ပယ်လိုက်ပါနဲ့လို့ အနူးအညွတ် တောင်း ပန်ပါရစေဗျာ။

လမင်းမောင်၊ မိတ္ထီလာ။

✦ ဒီစာကို အရင်းအတိုင်း ဖော်ပြလိုက်ပါတယ်။ လူချောလေး လမင်းမောင် နောင်တရသွားတဲ့အဖြစ်ဟာ မြန်မာပြည်က လူချောများအားလုံးအတွက် 'ဆိုးခြင်းနမူနာ' ဖြစ်စေချင်ပါ တယ်။ စာရေးဆရာတစ်ယောက်က ရေးဖူးတယ်။ 'သူမသည် လှ၏၊ ခက်သည်မှာ သူမလှကြောင်း သူမကိုယ်သူမ သိခြင်း

www.burmeseclassic.com



ပင်' တဲ့။ ကိုယ့်ကိုယ်ကိုယ် လှတယ်လို့ သိတာဟာ ပြဿနာ တစ်ခုပဲတဲ့။ ငါ လှတယ်ဆိုပြီး မာန်တက်တာ။ ထင်တိုင်းကြဲတာ၊ ထင်တိုင်းကြဲတော့ 'လည်လွန်းတဲ့ဘီး၊ ချေးသင့်' ဖြစ်တာပေါ့။ အလှကို ဦးနှောက်နဲ့ မထိန်းတတ်တဲ့ လူတွေ (မိန်းမရော၊ ယောကျ်ားရော) ကြုံရမြဲလမ်းပါ။

ရုပ်ရည်လှပခြင်းကို ပိုင်ဆိုင်ဖို့ဆိုတာ ရခဲတဲ့အဖြစ်ပဲ။ မွေးကတည်းက ပြောစရာမရှိအောင်လှတဲ့ သူများဟာ ကုသိုလ်ကံထူးသူများပါ။ အပြစ်ကင်းစင်တဲ့ အလှကိုရဖို့ လုပ်ယူလို့ မဖြစ်ဘူး။ တချို့များကြည့်လေလှလေ။ အရှေ့က ကြည့်လည်းလှ၊ ဘေးတိုက်ကြည့်လည်းလှ။ ဘာလုပ်လုပ် လှတတ်တယ်။ မျက်မှန်တပ်ထားလည်း လှ၊ နှာခေါင်းပေါ်က လျှောကျလာတဲ့ မျက်မှန်ကို သူ့လက်မလေးနဲ့ မြှင့်တင်လိုက်ပုံလေးတောင် လှနေတတ်တယ်။ (မေနှင်းကတော့ အလှကို မြင်တတ်လှချည်လားလို့ မပြောနဲ့။ မေနှင်းကလည်း အလှကြိုက်တာကိုး) အဲသလို ဘယ်လိုနေနေ လှတဲ့လူမျိုးဟာ သူ့ကိုယ်သူမထိန်းနိုင်ရင် ပျက်စီးမြဲပဲ။ မေနှင်းတွေ့ဖူးတဲ့ လူချောတစ်ယောက်ဟာလည်း အတော်လှတဲ့လူ။ သူ့ကိုယ်သူ မထိန်းနိုင်လို့ ဘဝပျက်သွားလိုက်တာ၊ လူတောထဲ မတိုးရဲတဲ့ဘဝ ဖြစ်သွားတယ်။

ဒီတော့ ဘယ်သူမပြု မိမိမှုပဲကွယ်။ သစ္စာရှိတဲ့လူတွေကတော့ ပန်းပန်လျက်ပဲပေါ့။ တစ်ခုတော့ ရှိပါတယ်။ ပျက်အစဉ်၊ ပြင်ခဏတဲ့။ ပြင်နိုင်တဲ့အမှားဆိုရင် ပြင်ပေါ့။ ပေးဆပ်မှုတွေတော့ လုပ်ရမှာပဲ။ ပေးဆပ်မှုမကြီးမားအောင်၊ အရာရာကို အချိန်ယူပြီး စဉ်းစားဖို့လည်း ဘဝမှာ အရေးကြီးပါတယ်။ မှားတယ်



မှန်တယ်ဆိုတာလည်း ဒဂ်ါးပြားလို ဟိုဘက်သည်ဘက် ပါးပါးလေးပဲ ခြားတာပါ။ သဘောပေါက်ပါတယ်နော်။

*

(၁၈၈)

□ *ပရိသတ်တွေကိုအမြဲတမ်း စိတ်ချမ်းသာမှုကို ပေးနိုင်ခဲ့တဲ့ 'မေနှင်း' ရေ။ ကျွန်တော့်ကို တစ်ခုလောက် ကူညီစဉ်းစားပေးပါဦးဗျာ။*

*မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို ချစ်ဖို့အတွက် ဘာကို အခြေခံထားပြီး စဉ်းစားတာလဲဆိုတာ ကျွန်တော် သိချင်တယ်ဗျာ။ ကျွန်တော်လေ ကောင်မလေးတစ်ယောက်ကို ဘဝလက်တွဲဖော်အဖြစ် လက်တွဲဖို့အတွက် စဉ်းစားဆုံးဖြတ်ပြီး ချစ်ရေးဆိုခဲ့တာ အခုဆို ငါးနှစ်ရှိပါပြီ။ တိကျတဲ့ အဖြေတစ်ခု မရခဲ့သေးပါဘူး။ သူ First Year စတက်ကတည်းက ချစ်ကြောင်းပြောခဲ့တာ အခု သူတောင် မဟာကျောင်းသူ ဖြစ်နေပါပြီ။ ဖြေလိုက်တဲ့ အဖြေတိုင်းက 'သူယောကျ်ားလေးတွေကို အယုံအကြည်မရှိဘူး' တဲ့။ သူ့မှာလည်း တခြားယောကျ်ားလေးမိတ်ဆွေ မရှိသေးဘူး။ ကျွန်တော်လည်း သူ့စိတ်နဲ့ အံဝင်ခွင်ကျဖြစ်နိုင်လောက်တဲ့ အထိ ကြိုးစားတယ်။ သန့်ရှင်းအောင် နေတယ်။ အသက်တွေလည်း ငယ်လွန်းတဲ့အရွယ် မဟုတ်တော့ပါဘူးဗျာ။ ဒါကြောင့် မေနှင်းရေ မဟာကျောင်းသူ ကောင်မလေး စိတ်ဘယ်လို ပြောင်းလဲ နားမြို့က ကျွန်တော့်ကို ယုံကြည်လာအောင်၊ ချစ်လာအောင် ဘာလုပ်ရမလဲဆိုတာ ပြောပြပေးပါလားဗျာ။*

www.burmeseclassic.com



*ကျွန်တော့်ရဲ့စာ ရှည်လွန်းလို့ ချုန်မထားလိုက်ပါနဲ့ဗျာ။ ကျွန်တော်ခံစားရတာ မွန်းကျပ်လွန်းလို့ မေနှင်းကို အကူအညီ တောင်း မေတ္တာရပ်ခံတာပါဗျာ။*

**ကိုခန့်နိုင်(ပန်ဝါ)၊ မြစ်ကြီးနားမြို့။**

မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ချစ်ဖို့အတွက် ဘာကိုအခြေခံထားပြီး စဉ်းစားသလဲတဲ့။ ချစ်ဖို့အတွက် ဘာကိုမှ အခြေမခံဘူးလို့ဖြေရင် ယုံပါ့မလား။ မေနှင်း အကြိမ်ကြိမ် ပြောဖူးပါတယ်။ ချစ်တယ်ဆိုတာ အလိုလိုဖြစ်တာပဲ။ ဘာကြောင့် ချစ်တာလဲဆိုတဲ့ အကြောင်းပြချက်ရှိရင် အဲဒါ အချစ်မဟုတ်ဘူး။ ကြိုက်တာပဲ ဖြစ်မယ်။ ဥပမာ လူနှစ်ယောက်ရှိတယ်။ နှစ်ယောက်လုံး ရုပ်ရည် သန့်ပြန့်တယ်၊ ပညာတတ်တယ်၊ ပိုက်ဆံရှာနိုင်တယ်၊ လက်ဖက်ရည် ကြိုက်တယ်၊ ဘောင်းဘီ ဝတ်တယ်၊ မျက်မှန်တပ်တယ်၊ ဟန်းဖုန်းကိုင်တယ်၊ အင်တာနက်ကြည့်တယ်၊ ကဲ ထားပါတော့။ ဘယ်သူ့ကို ချစ်တယ်ထင်လဲ။ Aနဲ့ Bဆိုပါစို့။ Aကိုပဲချစ်တယ်။ Bကို ရိုးရိုးပဲ ခင်တယ်။ အရည်အချင်း အားလုံးတူတာပဲဆိုပြီး နှစ်ယောက်လုံးကို မချစ်ဘူး။ တစ်ယောက်ကိုပဲ တစိမ့်စိမ့်ချစ်တယ်။ ကျန်တစ်ယောက်ကို စဉ်းစားကြည့်လေ မချစ်လေပဲတဲ့။ မထူးဆန်းဘူးလား။ ဒါကြောင့် အချစ်ဆိုတာ ထူးဆန်းတယ်လို့ ပြောတာပေါ့။ မထူးဆန်းရင်လည်း အားလုံး သတ်ကုန်ကြမှာပေါ့။

အဲဒါက ချစ်တာကို ပြောတာပါ။ လက်ထပ်ဖို့ကျတော့ စဉ်းစားသင့်ပါတယ်။ ဒါက ဘဝနဲ့ ရင်းရမယ့်ကိစ္စ ဖြစ်လာပြီကိုး။ ဒီနေရာမှာ စာရေးဆရာတစ်ယောက်က သူ့သမီးကို ဆုံးမတဲ့



စကားလေး သတိရမိတယ်။ တက္ကသိုလ်ကျောင်းသူ သမီးကို အဖေကပြောတာ။ 'သမီး ရည်းစားရရင် ဖေဖေ့ကိုပြောတဲ့။ အမေက ယောကျ်ားတွေအကြောင်း မသိဘူး။ ဖေဖေက သိတယ်တဲ့။ သမီးလက်ထပ်ဖို့ ရွေးတဲ့အခါ ဘဝမှာ အစွန်းအထိ အောင်မြင်နေတဲ့လူကိုလည်း မရွေးနဲ့။ ကျဆုံးနေတဲ့လူကိုလည်း မရွေးနဲ့။ အသီးသီးနေတဲ့အပင်ကို မဆွတ်နဲ့။ အပွင့်ပွင့်နေတဲ့ အပင်ကို မခူးနဲ့။ မျိုးစေ့ရှင်သန်နေပြီဆိုတဲ့ အပင်ကိုသာ လက်ကမ်းပါ။ ဘဝကို မျှော်လင့်ချက်အပြည့်ထားသူကို ရွေးပါ။ ဘဝကို အတူရင်ဆိုင်၊ တိုက်ပွဲကို အတူတိုက်၊ အောင်ပွဲကို အတူယူ၊ စင်ပေါ်ကို အတူတက်၊ သမီး စိတ်ချမ်းသာလိမ့်မယ်တဲ့။ အဲဒါသူ့ အယူအဆပဲ။ မေနှင်းကတော့ ဆိုင်မှာ အင်္ကျီရွေးသလို လူကို 'ရွေး' ရကောင်းတယ်လို့ ဘယ်တုန်းကမှ မယူဆခဲ့ပါဘူး။ ဒါဟာလည်း ဘဝအတွက်လို့ ပြောတဲ့အခါ မှားပြန်ရော။ ဘဝတည်ဆောက်ရေးမှာတော့ စဉ်းစားကြရပါလိမ့်မယ်။ မှားရင် ပြင်ဖို့ခက်တာကိုး။ ဒီတော့ ခန့်နိုင်ချစ်တဲ့ မဟာကျောင်းသူဟာလည်း သူပြောသလို ယောကျ်ားတွေကို အယုံအကြည်မရှိဘူးဆိုတာ ဟုတ်မှာပါပဲ။ သူမင်းကို မချစ်တာ သေချာပါတယ်။ လက်လျှော့လိုက်ရင် သက်သာမယ် ထင်တယ်။

*

(၁၈၉)

□ *သမီးက အစွမ်းအစရှိတဲ့ ယောကျ်ားတွေကို သဘောကျတယ်။ အရည်အချင်းရှိရင် ဘယ်လောက်ပဲဆင်းရဲပါစေ* **သမီးချစ်ရင်**

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မယ်၊ ဘယ်လောက်ပဲ ချမ်းသာနေပါစေ၊ မချစ်ရင် လက်မထပ်ဘူးလို့ ဆုံးဖြတ်ထားတာပါ။ အခု သမီးကို ချမ်းသာပြီး အရည်အချင်းရှိတဲ့ လူတစ်ယောက်က မိဘတွေဆီမှာ လာတောင်းနေပါတယ်။ သူ့ကို သမီး မချစ်ဘူး၊ ရုပ်ဆိုးတယ်၊ အရပ်ပုတယ်။ သမီးတို့က သာမန်လူတွေမို့ ချမ်းသာသူကိုရတာ အခွင့်အရေးပါ။ ဒါပေမဲ့ အရပ်က ပုလွန်းတယ်။ ဘယ်လိုမှ မေတ္တာမရှိနိုင်ဘူး။ မိဘတွေကတော့ ယူဖို့ နားချတယ်။ သမီးက ဆုံးဖြတ်ဖို့ ခက်နေတယ်။ သူ အခု နှစ်လ ခရီးထွက်နေတယ်။ ဒီနှစ်လအတွင်း သမီးက အဖြေပြန်ရမှာပါ။ သမီးဘက်က 'နိုး' ဆိုရင် သူ တခြားတစ်ယောက်ကို သွားတောင်းလိမ့်မယ်။ သမီးကို တွယ်ကပ်နေမယ့် လူမျိုးတော့ မဟုတ်ဘူး။ သူ့အိမ်ကလည်း သူ့ကို အိမ်ထောင် ချပေးချင်နေပြီ။ မေနှင်းဆီက အကြံဉာဏ်ကို အမြန်ရမှ ဖြစ်မယ်။

**ပန်းလှိုင်၊ ခေတ္တ(မြိတ်)။**

◆ အချိန်ကန့်သတ်ချက်နဲ့ ကိုက်အောင်မဖြေနိုင်တာ စိတ်မကောင်းပါဘူး။ အခုလောက်ဆို မပန်းလှိုင်တစ်ယောက် သူ့ဌေးကတော်များ လုပ်နေပြီလား မသိဘူး။ ပျော်တောင် ပျော်နေပြီထင်တယ်။ မေနှင်းကိုမေးရင် မေနှင်းရဲ့ဝါဒကတော့ မချစ်ရင် မယူနဲ့ဆိုတာပါပဲ။ လူနှစ် ယောက်ဘဝတစ်ခု ပေါင်းစပ်ရာမှာ ချစ်တာတောင် ပြဿနာ ခဏခဏ ကြုံရတာမို့ ချစ်မှသာ သည်းခံခွင့်လွှတ်နိုင်တယ်။ မချစ်ဘဲနဲ့ အတူနေရတာ ဘာပျော်စရာရှိမှာလဲ။ လက်ထပ်သင့်တယ်ဆိုပြီး ယူခဲ့ရာက မချစ်တဲ့အတွက် ကြာလေ ပျော်စရာကင်းမဲ့လေဖြစ်တဲ့ အိမ်ထောင်တွေ အနီးအနားမှာ သာဓကတွေမြင်ရလွန်းလို့ မေနှင်းကတော့



ချစ်မှယူပါလို့ပဲ အမြဲဖြေပါတယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်တာမို့ အားကိုးအားထားဆိုပြီး ကိုယ့်ဘဝကို ပုံအပ်စရာ မလိုပါဘူး။ လွတ်လပ်မှုတွေကို ငွေနဲ့ မလဲသင့်ပါဘူး။ မချစ်တဲ့လူကို ယူမိ ပြီးမှ ချစ်တဲ့လူတွေ့ရင် မခက်ပါလား။ ချမ်းသာချင်တာတစ်ခုအတွက်နဲ့တော့ ဘဝအဆုံးမခံစေချင်ဘူး။ ကိုယ့်ဘာသာ လုပ်စားလို့ရတာပဲ။ အဲဒါ မာနမဟုတ်ပါဘူး။ မိမိကိုယ်မိမိ ယုံကြည်သူရဲ့ဝါဒပါ။

*

(၁၉၀)

□ သမီးရဲ့မျက်လုံးထဲမှာ 'မှဲ့' တစ်လုံးပါတယ်။ ရုပ်ကလည်း အသင့်အတင့် လှပါတယ်။ သမီးတို့ မြစ်သားမှာရှိတဲ့ ကောင်လေးတွေ သမီးရဲ့မျက်လုံးနဲ့ ဆယ်ခါလောက် မျက်လုံးချင်းဆုံမိရင် ကောင်လေးတိုင်း သမီးကို ချစ်ကြိုက်သွားကြတယ်။ ဒီလိုနဲ့ သမီးဟာ ရည်းစားများခဲ့ရပါတယ်။ မျက်လုံးထဲမှာ မှဲ့ပါတဲ့လူတွေအကြောင်းဖတ်မိရင် ဗဟုသုတအဖြစ်ထည့်ပေးပါဦး။ သမီး အခုရည်းစားက ရန်ကုန်မှာပါ။ တစ်နှစ်သုံးခါလောက်ပဲ တွေ့ရပါတယ်။ တစ်ယောက်ကိုတော့ အဖြေမပေးခဲ့မိဘူး။ အဲဒီလူက မိန်းမရသွားပြီ။ အဲဒီလူကိုလည်း ချစ်တယ်။ သမီးစိတ်က ဘယ်လိုကြီးလည်းမသိဘူး။ ငိုတောင် ငိုချင်တယ်။ ယောကျ်ားတွေအကြောင်း အန်တီတွေ့ကြုံခဲ့သမျှ ပြောကြားပေးပါနော်။

**သမီးပြည့်ပြည့်၊ မြစ်သား။**

◆ ယောကျ်ားတွေအကြောင်း အန်တီတွေ့ကြုံခဲ့သမျှတဲ့လား။

www.burmeseclassic.com



ပြောမဆုံးပေါင် တောသုံးထောင်ပေါ့ကွယ်။ မိန်းမတစ်ယောက်ကို မချစ်ဘဲနဲ့ယူတာ။ ယူပြီးမှ မချစ်တာ။ ကိုယ့်မိန်းမကလွဲရင် မိန်းမအားလုံးကို လှတယ်ထင်တာ။ ဒီနေ့ တွေ့ခဲ့တဲ့ လင်မယားများ စိတ်ပျက်စရာကြီး။ တစ်နေရာသွားကြမလို့ ထင်ပါရဲ့။ ကားမှတ်တိုင်ကို လမ်းလျှောက်ကြတာ။ ယောကျ်ားက ရှေ့က သူ့ဘာသာလျှောက်သွားတယ်။ မိန်းမကို လှည့်မကြည့်ဘူး။ မိန်းမက သူ့ခန္ဓာကိုယ် ဝဝကြီးကို မနည်းဆွဲပြီး အိပွဲအိပွဲနဲ့ အမီလိုက်နေရတယ်။ မေနှင်းတို့များ အဲလိုအလုပ်ခံရရင် ချက်ချင်းကွာပစ်မှာ။ ကိုယ့်မှ မကြင်နာတာ ဘာလုပ်ရမှာလဲ။ စသဖြင့် စသဖြင့် အများကြီးတွေ့ဖူးတာပေါ့ကွယ်။ ဒါက မကောင်းတာတွေ။ ကောင်းတဲ့ယောကျ်ားတွေလည်း မြင်နေရတာပဲ။ မိန်းမဝဝကြီးပေမဲ့ ဝတာကြီးမှ သဘောကျတယ်ထင်ပါရဲ့။ အံမယ် ပခုံးများ ဖက်လို့။ အမှန်က ယောကျ်ားရယ် မိန်းမရယ် မဟုတ်ပါဘူး။ လူဆိုတာ အမျိုးမျိုးရှိတာပဲ။ ယောကျ်ားလည်း လူမို့ အမျိုးမျိုး တွေ့ရတာပါ။

မျက်လုံးမှာ မှဲ့ရှိရင် ကြည့်မိတဲ့ ကောင်လေးတိုင်း ကိုယ့်ကို ကြိုက်ကြသတဲ့လား။ ဒီကိစ္စ ဒီတစ်ခါပဲ ကြားဖူးပါတယ်။ ကိုယ်တောင် အဲလိုမှဲ့မျိုး လိုချင်သား။ အဲဒါမှ ကိုယ်နှိပ်စက်ချင်တဲ့လူတွေကို လျှောက်ကြည့်ပြီး သူတို့ အရူးဖြစ်တာကို မြင်မယ်။ အဲဒါကြီးလည်း မကောင်းပါဘူးလေ။ မဟုတ်သေးပါဘူး။ ပြည့်ပြည့်ကိုယ်တိုင်က မျက်လုံးကစားပြီး နည်းနည်း 'ဆော့' တာ ဖြစ်လိမ့်မယ်။ အဲသလို ကြပ်ကြပ်လုပ်၊ ဒုက္ခတွေ့လိမ့်မယ်။ ဟုတ်လှပြီအောက်မေ့မနေနဲ့။ ခုချိန်ကစပြီး မျက်လုံး ငြိမ်ငြိမ်နေပါ။



(၁၉၁)

□ *သရုပ် ၁၀ နှစ်ကြော်ပြောက် အခမ်းအနားကျင်းပတယ်လို့ ကြားရတယ်။ ဂျာနယ်အချို့မှာ ဖတ်ရတယ်။ မေနှင်းဓာတ်ပုံလည်း မမြင်ရဘူး။ အဲဒီနေ့က မေနှင်းက မယ်ရွေးပွဲမှာ ဒိုင်မလုပ်ဘူးလား။ ဒေါ်ရီရီဝင်းနဲ့ ဒေါ်မာလာတင်ကိုပဲ တွေ့ရတယ်။ အဲဒီအခမ်းအနားအကြောင်း သမီးတို့ စိတ်ဝင်စားနေကြလို့ ဖြစ်နိုင်ရင် အသေးစိတ်ပြောပြပါလား။*

**သရုပ်ချစ်သူ၊ တမာမြေ။**

◆ စိတ်ဝင်တစားမေးတာ ကျေးဇူးတင်ပါတယ်။ အသေးစိတ်တော့ ပြောလို့ရမယ်မထင်ဘူး။ အခမ်းအနားက နေ့ခင်း ၁း၀၀ နာရီက ၆း၀၀ နာရီကျော်တဲ့အထိမို့ အစီအစဉ်တွေအများကြီး။ ဦးရဲတို့ အန်တီနန်းတို့အပြင် သရုပ်အယ်ဒီတာမများရဲ့ စေတနာတွေက စိတ်ကူးတွေဖြစ်လာပြီး အကောင်အထည်ဖော်ကြတာဆိုတော့ အစီအစဉ်တွေ တအားများတာပေါ့။ အဓိကအနေနဲ့ကတော့ သရုပ်ဟာ အလှအပဦးစားပေးမဂ္ဂဇင်းမို့ အလှအပတွေ အပြများတယ်လို့ ပြောရပါမယ်။

ထူးခြားတာပြောရရင် ဖိတ်စာက အစပေါ့။ ပန်းချီကျော်ကိုဇော်မောင်ရဲ့ ဖိတ်စာဒီဇိုင်းနဲ့ ဒီဇိုင်းကိုချစ်ကြည်ရဲ့ ကြော်ငြာဘုတ် ဒီဇိုင်းတွေကို လက်စွမ်းပြထားကြတာ။ မေနှင်းတစ်သက်မှာ ဒီလောက်ဆန်းတဲ့ ဖိတ်စာ ဒီတစ်ခါပဲ တွေ့ဖူးပါသေးတယ်။ (ကြွားတာ မဟုတ်ပါဘူး။ တကယ်ပါ) ဖိတ်စာမှာ ကံစမ်းမဲနံပါတ်လည်း ပါတယ်။ အဝင်ဝမှာ နံပါတ်နှစ်ပိုင်းထဲက တစ်ပိုင်းကို ဆုတ်ယူကြတယ်။ (ဒါက ကံစမ်းမဲနှိုက်ဖို့)

ကံစမ်းမဲဆိုလို့ အဲဒီကံစမ်းမဲနံပါတ်တွေကို နှိုက်ပေးရတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မေနှင်းပါပါတယ်။ ကိုဇော်ရိုး၊ ကိုစိုးသိဏ်း၊ ကိုကိုလှမြင့် တို့လည်းနိုက်ကြတယ်။ အဲဒါက သရုပ်ရဲ့ ပင်တိုင် ဆောင်းပါး ရှင်တွေကို ပွဲထုတ်တာလေ။ ကိုဇော်ရိုးတို့ ကိုစိုးသိဏ်းတို့က 'စတိုင်ဘောင်းဘီ' တွေနဲ့ မင်းသားတွေပေါ့။ မေနှင်းလား။ မော်ဒယ်လ်တွေလို မဝတ်ရဲပါဘူးဟယ်။ ကာတွန်းမြေဇာဆွဲ ထားတာ မတွေ့ကြဘူးလား။ 'ရင်လျှားတွေနဲ့ ရေချိုးဆိပ်သွား မလို့လား' တဲ့။ ဟုတ်ပ။ မော်ဒယ်လ်အားလုံးနီးပါး ရင်လျှား နဲ့ပဲ။ ဒူးခေါင်းတွေလည်း ပြကြတာပေါ့နော်။ အဲဒါကြောင့် နေမှာပေါ့။ ဆရာမောင်ဝံသနဲ့ ဆရာမောင်မိုးသူတို့ခများ Catwalk လျှောက်လမ်းနားမှာ အထူးတန်းအဖြစ် ဆိုဖာတွေနဲ့ နေရာပေးခံရရာက မော်ဒယ်လ်တွေလည်း စည်းချက်တဒုံးဒုံးနဲ့ ထွက်လာရော။ ထပြေးကြရှာတယ်။ (ကိုယ့်မျက်နှာကြီးတွေနဲ့ မော်ဒယ်လ်တွေတွဲပြီး ဂျာနယ်ထဲပါလာမှာ ကြောက်လို့တဲ့) မေနှင်းကတော့ မော်ဒယ်လ်တွေအားလုံးကို အားပေးပါတယ်။ ကိုယ်သာ မဝတ်ရဲတာကိုး။ မေနှင်းက သရုပ်နှစ်ပတ်လည် တိုင်း လက်ဆောင်ချီးမြှင့်နေကျဝတ်စုံနဲ့ပဲ ပဝါလေးခြုံပြီး တက်ပါတယ်။ ကဲ ဒါထားပါဦး။ ဆုချီးမြှင့်တဲ့နေရာတွေမှာ Mr.Crown နဲ့ Miss Crown အပြင် သရုပ်မဂ္ဂဇင်း ရောင်းအား အကောင်းဆုံးဆိုင်၊ ကြော်ငြာအများဆုံးကောက်ပေးတဲ့ဆိုင် ဆိုတာမျိုးတွေ ပါတယ်။ ထောင့်စေ့ပါတယ်။ ဖက်ရှင်လိုင်းဆို ပြီး စာပေကိုလည်း ပစ်ပယ်မထားပါဘူး။ စာပေပညာရှင် မောင်ဆုရှင်က စာပေစကားတွေ အများကြီး ဟောကြားပေးခဲ့ ပါတယ်။ စာပေနာမကျန်းပုဂ္ဂိုလ်တွေအတွက် အလှူငွေတွေ လည်း လှူခဲ့ပါတယ်။ မီဒီယာသမားတွေ ဓာတ်ပုံနဲ့ ဗီဒီယို



မှတ်တမ်းက ဘာများသလဲ မပြောနဲ့။ မေနှင်းနဲ့ စိုင်းစိုင်းခမ်းလှိုင် တွဲပြီး ဓာတ်ပုံရိုက်တာ(သွားရည်ကျနေကြလား၊ ကိုယ့်ကုသိုလ် နဲ့ ကိုယ်ပေါ့ကွယ်) အဲသလို ဓာတ်ပုံရိုက်တာ ခုထိ ပုံမမြင်ရ သေးဘူး။ CD ထဲမှာ ဓာတ်ပုံ အကွက်ပေါင်း ၂၀၀၀ ကျော်ရှိနေ လို့တဲ့။ ရှာလို့မရသေးဘူးတဲ့။ ကဲ ဒါပဲကြည့်တော့။ ဘယ် လောက်များပြားတဲ့ အစီအစဉ်တွေလည်းဆိုတာ မှန်းဆပေ တော့။ မေနှင်း အိပ်မက်ထဲမှာတောင် နေမျိုးဆေးဖန်တီးတဲ့ 'ဓာတ်ခုံ အခမ်းအနား' အပြင်အဆင်ဟာ မြင်နေရဆဲပါ။ ဆီဒိုးနားကကျွေးတဲ့ မုန့်လည်း ပြတ်တာပဲ။ အဲဒါပဲ ဒါဟာ ပရိသတ်က သရုပ်အပေါ် ဘယ်လောက် မေတ္တာထားတယ်ဆို တဲ့ ပြယုဂ်ပါပဲကွယ်။

သရုပ် ဆဲယ်နှစ်နှင့်အတူ သရုပ်ချစ်သူအားလုံး ပျော်ရွှင်ကြပါ စေ။

*

(၁၉၂)

□ *သမီးက အဆိုတော်တစ်ယောက်ကို သိပ်ချစ်ပြီး သိပ်အားပေး တဲ့ ပရိသတ်တစ်ဦးပါ။ သူ့မျက်နှာလေးက သိပ်ဖြူစင်ပြီး သိပ် ချစ်ဖို့ကောင်းတယ်။ သူဆိုတဲ့ သီချင်းတွေကလည်း ချိုချိုလေး။ အသံလေးကလည်း အေးအေးလေးနဲ့ သိပ်ဆွဲဆောင်မှုရှိတယ်။ သူ့ကို အရူးအမူး စွဲလမ်းခဲ့ရပါတယ်။*

*ဒါပေမဲ့ ၁၄.၁.၂၀၀၈ နေ့လယ် တစ်နာရီမှာ သူ့ဆီဖုန်း ဆက်တော့ ဘာကိစ္စလဲ၊ ဘာလဲ၊ ဘာမှ မမေးဘဲ( ) မိုလို ဖုန်းခေါ်နေတာလားလို့ ဆဲတယ် အန်တီရယ်၊ သူက ဆဲပြီး*

www.burmeseclassic.com

www.burmeseclassic.com



*ဖုန်းချသွားတယ်။ သမီးမှာ ပါးစပ်အဟောင်းသားနဲ့ ငုတ်တုတ်မေ့နေခဲ့တယ်။ နာရီဝက်လောက် ထိုင်ရာက လုံးဝမထနိုင်ခဲ့ဘူး။ ဖုန်းဆိုင်ကလူတွေက ဘာဖြစ်တာလဲဆိုပြီး ထူတော့မှ ငိုချပစ်ခဲ့မိတယ်။ သမီးရင်ကို ဓားထက်ထက်နဲ့ မွှန်းလိုက်သလိုပါပဲ။ တစ်ကိုယ်လုံး ပူလာပြီး ဖျားသွားခဲ့ပါတယ်။ ခုထိ အိပ်ရာထဲမှာ လဲတုန်းပါ။*

**သမီး မိုးမိုး၊ လှိုင်ကော်။**

◆ အထက်ပါစာနဲ့အတူ ဓာတ်ပုံလေးတစ်ပုံကိုပါ မြင်ရပါတယ်။ မေနှင်းက အဆိုတော်အားလုံးကို မသိပါဘူး။ ဒါပေမဲ့ အခုတွေ့ရတဲ့ ဓာတ်ပုံကိုတော့ မှတ်မိပါတယ်။ သေချာအောင် တခြားလူတွေ မေးကြည့်တဲ့အခါ ကိုယ်သိတဲ့လူပဲ ဖြစ်နေပါတယ်။ ဒါပေမဲ့ ဓာတ်ပုံမှာ ကာယကံရှင် လက်မှတ်ထိုးမထားဘူး။ ဒီလိုဓာတ်ပုံမျိုးက လမ်းဘေးပလက်ဖောင်းပေါ်မှာ ဝယ်လို့ရတယ်။ ဒါ့အပြင် 'ဟုတ်ကော ဟုတ်ပါ့မလား' လို့ စဉ်းစားတယ်။ မေနှင်းရဲ့နေရာက တစ်ဖက်သတ်ပြောတာကို ပစ်ခတ်ယုံလိုက်လို့ မဖြစ်သေးဘူးဟုတ်လား။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ လှိုင်ကော်လို ဝေးလံသီခေါင်တဲ့နေရာကနေ စာလှမ်းရေးတဲ့လူကိုလည်း ကိုယ်ချင်းစာရမှာပါပဲ။ ဒီတော့ မေနှင်းစဉ်းစားလို့ရတာက မှန်ပါတယ်။ ပြည်သူ့အချစ်တော်၊ ပြည်သူ့မေတ္တာ ခံယူရတဲ့ အနုပညာသမားတွေဟာ ပြည်သူကို ဒီလိုဆဲရေးဖို့မပြောနဲ့၊ စိတ်နဲ့တောင် မစော်ကားသင့်ပါဘူး။ မိမိရဲ့ထမင်းရှင်၊ မိမိကို အစားအစာပေးသောသူမို့ ခင်ပွန်းကြီးဆယ်ပါးမှာ တစ်ပါးပါတဲ့သူ ဖြစ်ပါတယ်။ စော်ကားရင် ဒဏ်ဆယ်ပါးသင့်တတ်ပါတယ်။ ဒီတော့ဒီအဆိုတော်ဟာ တကယ်ပဲ



ပရိသတ်ကို စော်ကားခဲ့တယ်ဆိုရင် သူ့ဟာသူ ကျဆုံးပါလိမ့်မယ်။ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ပြုခဲ့တဲ့ အပြစ်နဲ့ ထပ်တူ သူခံရမှာပါ။ ဒါက သူ စော်ကားတာ မှန်ရင်ပေါ့။ နောက်တစ်မျိုး လှည့်ပြီး စဉ်းစားတော့ မိုးမိုးကကော အရင်က ဒီလိုပဲ သူ့ဆီ ခဏခဏ ဖုန်းဆက်ခဲ့ဖူးသလား။ တစ်ဖက်သတ် ကြွေပြခဲ့မိလား။ အဲသလိုဆိုရင်လည်း သူ့ဘက်က စိတ်ပျက်မှာပဲ။ အထူးသဖြင့် အချိန်ပိုမရှိတဲ့ အနုပညာသမားတွေအဖို့ ဘာမှ မထိရောက်တဲ့ ကိစ္စအပေါ် အချိန်မပေးနိုင်ကြပါဘူး။ ဖုန်း နားမထောင်အားကြပါဘူး။ ဒါကြောင့်လည်း ခုပေါ်တဲ့ နည်းပညာအရ ဖုန်းထဲမှာ ပေါ်လာတဲ့ နံပါတ်(ဆက်တဲ့လူရဲ့နံပါတ်)ကို ကိုယ်နားမထောင်ချင်ရင် ပြန်ပိတ်လို့ရအောင် လုပ်ထားရတာပါ။ သူ့ဘက်ကိုလည်း ကြည့်ဦးပေါ့။ သူ စိတ်တိုနေတဲ့အခိုက်လည်း ဖြစ်နိုင်တာပဲလေ။ (× )လို့ ဆဲတာကလည်း တချို့ကောင်လေးတွေက ဘာရယ် မဟုတ်ဘူး။ အဲဒီအလုံးကို ပါးစပ်ထဲက လွယ်လွယ်ထွက်လေ့ရှိတတ်ကြတယ်။ ဆဲတာဟာ ယဉ်ကျေးတဲ့လူတွေရဲ့ နားထဲမှာ ခါးသီးလှပေမဲ့ တချို့လူတန်းစားထဲမှာတော့ ခပ်ပြုံးပြုံးပဲ။ အားလုံးသုံးသပ်လိုက်တဲ့အခါ ဖုန်းဆက်မိတာ ကိုယ့်အမှားပဲ သဘောထားပါကွယ်။ သူ့သီချင်းကြိုက်ရင် တစ်နေကုန်၊ ညအိပ်တမ်း နားထောင်ပေါ့။ လူကိုတော့ ထားလိုက်စမ်းပါ။ မေနှင်းငယ်ငယ်က ဝင်းဦးကိုသိပ်ကြိုက်တာ။ ဒါပေမဲ့ မိတ်ဆက်မပေးပါနဲ့လို့ နီးစပ်ရာလူကို ကြိုပြောထားတယ်။ ဂရုတစိုက်မလုပ်မှာစိုးလို့လေ။ ဒါကို ဝင်းဦးက ဒီလိုနေရလား ဆိုပြီး 'နောက်ခဲ့' 'စ' ခဲ့သေးတယ်။ (ဝင်းဦးအမှတ်တရမှာ

www.burmeseclassic.com



ရေးခဲ့ပြီးပြီ) ဆိုလိုတာက အနုပညာရှင်တွေကို အနုပညာအရပဲ ချစ်ပါ။ လူကို သွားမရောနဲ့။ ရောလို့ ခုလိုဖြစ်တော့ ကိုယ်ပဲခံရတာ ဟုတ်လား။ ကဲ အိပ်ရာထဲက ထလိုက်တော့။ မျက်နှာသစ်၊ သနပ်ခါးမွှေးမွှေးလေးလိမ်း၊ ပြီးတော့ သူ့အကြောင်း ချစ်စရာတွေပဲ တွေးနေပေါ့ကွယ်။

*

(၁၉၃)

□ *ကျွန်တော်က သူ့ကို ငယ်ငယ်ကတည်းက ချစ်ခဲ့တာပါ။ မပြောရဲခဲ့ဘူး။ နောက်တော့ ကျွန်တော်က မန္တလေးရောက်၊ သူက နေပြည်တော်ပျဉ်းမနားမှာ နေတယ်။ ဝေးနေတာ သုံးနှစ်ကြာမှ နေပြည်တော် ပျဉ်းမနားကို ကျွန်တော် အလုပ်ကိစ္စနဲ့သွားတော့ သူနဲ့ ဆုံပါတယ်။ ဒီတစ်ခါတော့ ပြောမှပဲဆိုပြီး စာနဲ့ ရေးပြောခဲ့ပါတယ်။ ကျွန်တော့်လိပ်စာနဲ့ ဖုန်းနံပါတ်လည်း ပေးခဲ့တယ်။ ကျွန်တော့်ဆီ စာမပြန်ဘူးဗျာ။ အဲဒါ ကျွန်တော်နဲ့ သူ ဆုံရအောင် မမနှင်းက မြားနတ်မောင်အဖြစ် ဆောင်ရွက်ပေးစေချင်ပါတယ်။*

**အောင်ကိုကိုထက်၊ မန္တလေး။**

◆ Sorry ပဲ အောင်ကိုရေ။ မနှင်းက အောင်သွယ်လုပ်မစားပါဘူး။ ရှေးစကား မကြားဖူးဘူးလား။ အောင်သွယ်ထားရင် အောင်သွယ်နဲ့ ညားတတ်တယ်တဲ့။ မလုပ်ပါနဲ့နော်။ ကိုယ့်ကိစ္စနဲ့ကိုယ် မနည်းလုပ်နေရတာ။ ဒါမျိုးက ကိုယ့်အားကိုယ်ကိုးရတာမျိုးပါ။ မင်းကုသထုံး နှလုံးမူပြီးပိုးပေါ့။ စာရေးနေတာ ကြာလှတယ်။ အီးမေးလ်ပို့။ ဖုန်းဆက်၊ ဒီကိစ္စကို အဖြေ



မရမချင်း ဇောက်ချပေါ့။ အဖြူအမည်း မသဲကွဲသေးသရွေ့ ဆက်သွယ်ခွင့်ရှိပါတယ်။ မိန်းကလေးဆိုတာ စာတစ်စောင်ပေးတာနဲ့ အင်းဆိုပြီး အဖြေပေးရင်လည်း တော်တို့ယောကျ်ားတွေက လွယ်လွယ်ရတယ်ဆိုပြီး အထင်သေးတတ်တာကိုး။ ဒီတော့ စဉ်းစားဦးမှာပေါ့။ ကဲပါ ကြာတယ်၊ ဆက်လုပ် မင်္ဂလာဆောင်ရင်တော့ မဖိတ်ပါနဲ့နော်။ လက်ဖွဲ့ဖိုးထက် တက္ကစီခ ခက်လို့ပါ။ ဖီးလိမ်းဝတ်စားထားတဲ့အခါ ဘတ်စ်ကားနဲ့ မဖြစ်ဘူး။ မဝတ်မစားလို့လည်း မဖြစ်ဘူး။ ဒါကြောင့် မင်္ဂလာဆောင် ဖိတ်စာရမှာများ ဒူးတုန်တယ်။ ကဲ အိုကေရင် စာလေးတော့ ရေးစေချင်ပါတယ်။

*

(၁၉၄)

□ *သူနဲ့ကျွန်တော် ချစ်ခဲ့တာ သုံးနှစ်ရှိပါပြီ။ သူလည်း ကျွန်တော့်ကို အရူးအမူးချစ်ခဲ့ပါတယ်။ ကျွန်တော် ဆယ်တန်းအောင်ပြီး DSTA ဆက်ဖြေပါတယ်။ ရေးဖြေ စာမေးပွဲ အောင်ခဲ့ပါတယ်။ နောက်တော့ ရန်ကုန်မှာ လက်တွေ့စစ်ပါတယ်။ ဆေးစစ်တော့ ဆေးကျပါတယ်။ အစာအိမ်ကင်ဆာနဲ့ပါ။ ကျွန်တော် သူ့ကို အမှန်အတိုင်း ပြောပြခဲ့ပါတယ်။ သူ့မိဘတွေက DSTA ရဲ့ ဂုဏ်ကို တန်ဖိုးထားကြတယ်။ ရေးဖြေအောင်တော့ သူ့မိဘတွေက ကြည်ကြည်ဖြူဖြူနဲ့။ ဆေးကျတဲ့နောက်ပိုင်း အရင်လို မဟုတ်တော့ပါဘူး။ ကျွန်တော် သူနဲ့ မဝေးချင်ဘူး။ နှီးအောင် ဘယ်လိုလုပ်ရမလဲ။ ကျွန်တော် ကြိုးစားချင်ပါသေးတယ်။ ဆရာမရယ် ကူညီပေးပါခင်ဗျာ။*

**HRK၊ တောင်ငူ။**

www.burmeseclassic.com

www.burmeseclassic.com



◆ ခက်တာပဲ အစာအိမ်ကင်ဆာဆိုတာ သေချာလား။ သေချာတယ်ဆိုရင် သူနဲ့နီးဖို့ မကြိုးစားနဲ့ဦး။ ကိုယ့်ရောဂါကုဖို့ မြန်မြန်လုပ်လေ။ ကင်ဆာဆိုတာ စောစောသိရင် ကုရတာ ပျောက်သတဲ့။ အဆင့် ၁၊ ၂၊ ၃၊ ၄ စသဖြင့် ရှိသတဲ့။ အဆင့် ၁ ဆိုရင် ကုလို့ရသေးတယ်။ ၂ ဆိုရင်လည်း ထိန်းနိုင်သေးတယ်။ ၃၊ ၄ ဆိုရင် မလွယ်ဘူး။ အဲဒါကို အရင်လုပ်ပါ။ ဒီစာက နောက်နှစ်လကြာမှ မဂ္ဂဇင်းထဲမှာပါမှာ။ ကင်ဆာဆိုတာ စက္ကန့်နဲ့အမျှ ပွားနေတာတဲ့။ မေနှင်းဖတ်ဖူးတာပါ။ ဒါကြောင့် DSTA မရတာကိုလည်း စိတ်မညစ်နဲ့တော့။ သူ့မိဘ မကြည်ဖြူတာကိုလည်း ဝမ်းမနည်းနဲ့တော့။ ကိုယ့်သမီးကို ကင်ဆာရောဂါသည်နဲ့ ဘယ်မိဘက သဘောတူနိုင်ပါ့မလဲကွယ်။ ကိုယ်ချင်းစာပေါ့။ ဒီတော့ ရောဂါကုဖို့ပဲ အာရုံစိုက်ပါ။ ရောဂါကုနေဆဲ ချစ်သူနဲ့ ပျော်အောင်နေပါ။

*

(၁၉၅)

ဝ မိဘဆွေမျိုးတွေ သဘောတူတဲ့ သူတွေထဲကမှ ဦးနှောက်နဲ့ ရွေးချယ်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီလို ဆုံးဖြတ်ပြီးကာမှ ဘုရားဖူးခရီး အတူသွားရင်း ပြန်တွေ့ခဲ့တဲ့ သူငယ်ချင်းလို့ပြောလို့ရတဲ့ သူတစ်ယောက်ကို သံယောဇဉ်ဖြစ်သွားမိခဲ့ပါတယ်။ ခရီးမှာကိုယ့်အပေါ် စောင့်ရှောက်မှုလေးတွေ၊ ဂရုစိုက်မှုလေးတွေကို ကျေးဇူးတင်ရင်း သူ့ရဲ့ အပြုအမူလေးတွေကို မြတ်နိုးတန်ဖိုးထားမိခဲ့ပါတယ်။ သူက ဆရာဝန်လောင်းလေးတစ်ယောက်ပါ။ တခြားအရာတွေမှာ တန်းတူလို



ဖြစ်နိုင်ပေမဲ့ ဆရာဝန်လောင်းဖြစ်နေတာကြောင့် မျှော်မှန်းရမှာ မဝံ့မရဲဖြစ်နေပါတယ်။ 'ဆန္ဒ' က အလုပ်သင်ရှေ့နေမလေးပါ။ အခုအချိန်မှာ သူနဲ့ အဆက်အသွယ်မရှိတော့ပါဘူး။ ဖုန်းနံပါတ်သိပေမဲ့ စဆက်ရမှာလည်း ဝန်လေးနေမိတယ်။ ဆန္ဒနဲ့ သိပ်ခင်နေတဲ့ သူငယ်ချင်းနှစ်ယောက်က သူနဲ့ သိပ်ရင်းနှီးကြတဲ့ သူငယ်ချင်းတွေပါ။ အဲဒီ သူငယ်ချင်းနှစ်ယောက်ကို ရင်ဖွင့်လိုက်ရမှာကလည်း စဉ်းစားစရာ ဖြစ်နေပါတယ်။ ဝန်ခံလိုက်ရင်ရော မိန်းကလေးမာနကို ထိခိုက်မှာလား။ သူငယ်ချင်းတွေ အထင်သေးသွားမလား။ ဒါမှမဟုတ် ဟိုတက်ဒီဘက် သူငယ်ချင်းတွေမို့ ကူညီပေးကြမလား။ ချစ်ရတဲ့ သူနဲ့တော့ ဘယ်လိုမှ မဝေးနိုင်အောင် ခံစားနေရပါတယ်။ အကြံဉာဏ်ပေးပါဦးရှင်။ မမဆီက အကြံပေးတာကို မျှော်နေပါ့မယ်။

အားကိုးနေတဲ့ ဆန္ဒ။

◆ ဒီဘုရားဖူးကိစ္စတွေ ခဏခဏ ဖြေရပါတယ်။ တစ်ခါမှ ဝေါင်းကြရတယ်လို့ မကြားဖူးပါဘူးကွယ်။ အားတော့ ငယ်မသွားပါနဲ့။ အမှန်က အဲဒါ ဘုရားဖူးခရီးဆိုတာ သောက၊ ဒေါသကင်းပြီး အလိုလို လွတ်လပ်ပျော်ရွှင်တဲ့ အခြေခံစိတ်ကြောင့် သံယောဇဉ်ဖြစ်ကြတာပါ။ ဘာတာဝန်မှ မရှိ။ အပျော်ခရီး၊ ကုသိုလ်ခရီးဆိုတော့ အချင်းချင်း ကူညီကြတယ်။ ဖော်ရွေကြတယ်။ ဒါကို ထာဝရကိစ္စကြီးလို့ ထင်ရင်မှားမယ်။ ကိုယ့်အိမ်ကိုယ် ပြန်ကြတဲ့အခါကျတော့ ကိုယ့်အလုပ်နဲ့ကိုယ် မအားတော့ဘူး။ အပိုတွေ မတွေးအားဘူး။ မလုပ်အားဘူး။ ဖုန်းနံပါတ်မြင်ရင်တောင် အကြောင်းကြီးငယ်မှ မရှိရင် မဆက်ဖြစ်တော့ဘူး။ အဲဒါဟာ သဘာဝတရားကြီးပါ။ ဒါကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပါ။ လက်ခံပါ။ ဒီကြားထဲ ကိုယ်က တအား သတိရရင်လည်း စပြီး ဆက်ပေါ့။ ဖုန်းဆက်တာကတော့ ဘာမှ အပြစ်မရှိပါဘူး။ ဒီနေရာမှာ မနှင်းကြားဖူးတဲ့ ပညာရပ်တစ်ခု မျှဝေချင်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းတွေကို တက္ကသိုလ်တစ်ခုမှာ ခေါ်ယူပြီး ပညာသင်ပေးရတဲ့ ပါမောက္ခကြီးတစ်ဦးရဲ့ စကားပါ။ ဆရာကြီးပြောတာက ပြဿနာတင်ပြတဲ့အခါ 'What to say' ဆိုတာ အရေးမကြီးဘူး။ 'How to say' ဆိုတာက အရေးကြီးတယ်တဲ့။ ပြောချင်တာပြောပေါ့။ ဘာကိစ္စပဲပြောပြော ရပါတယ်။ အဲဒီကိစ္စကို ပြောတဲ့အခါ ပြောပုံပြောနည်း 'How to say' ကို ဂရုစိုက်ရမယ်။ လူအထင်သေးအောင် ပြောမလား။ ယဉ်ယဉ်ကျေးကျေးနဲ့ ချေချေငံငံ သူတစ်ပါးနာခံချင်အောင် ဘယ်လိုပြောမလဲ။ How? ဒီကိစ္စကို မနှင်းသင်ပေးတတ်ပါတယ်။ မနှင်းရဲ့ အရင်က ချစ်သူတစ်ယောက်ကို မေးဖူးတယ်။ မနှင်းက လှလည်း မလှဘဲနဲ့ ဘာလို့ ချစ်တာလဲလို့။ သူ့အဖြေက မနှင်း စကားပြောတာကို နားထောင်ရင်း ချစ်သွားတာတဲ့။ ဒုက္ခပါပဲ။ မနှင်းရေ ဒီကဏ္ဍကို ပြန်အပ်မှထင်တယ်။ မေးခွန်းတွေဖြေရင်း ကိုယ့်အကြောင်းတွေ ပေါ်ကုန်တော့မယ်။

*

(၁၉၆)

*ကျွန်မ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ ကျွန်မ အသက်က ၂၃ နှစ်ပါ။ ကျွန်မခင်ပွန်းက ကျွန်မထက်ငါးနှစ်ကြီးပါတယ်။ သမီးလေးတစ်ယောက် ရပါပြီ။ ဒါပေမဲ့ သူက*



*လက်ကြောတင်းအောင် အလုပ်မလုပ်ပါဘူး။ သူ့မိဘ ညီအစ်ကိုတွေနဲ့ တခြားမှာသွားလည်ပြီး ပြန်လာရင်လည်း မယားဖြစ်တဲ့ ကျွန်မကို ပိုက်ဆံမအပ်ပါဘူး။ သူ့မိဘကိုပဲ ပေးတယ်။ သူ့မိဘတွေကလည်း ညည်းယောကျ်ားက အသုံးကြီးတယ်။ သူဆပ်စရာ ကြွေးတွေရှိတယ်။ ငါတို့ စိုက်ထားရတာတဲ့။ သူ အသုံးကြီးတာလည်း မှန်ပါတယ်။ ခက်တာက ကျွန်မနဲ့ သမီးလေးကို မညှာတာခြင်းပါပဲ။ ဖဲလည်း ရိုက်တယ်။ အရက်လည်း သောက်တယ်။ ကျွန်မသဘောကတော့ အလုပ်ကြိုးစားပြီး မိသားစု ပျော်ပျော်ရွှင်ရွှင်နေချင်ပါတယ်။ ဘယ်လိုဆက်ပြီး စခန်းသွားရမယ်ဆိုတာ အကြံပြုပါရန်။*

**နန်းမိုးလျှား၊ တောင်တွင်းကြီး။**

◆ ဒါကတော့ ကာယကံရှင်ကိုပဲ အမျိုးမျိုး ပြောဆိုရမှာပါပဲ။ အထက်မှာ 'ဆန္ဒ'ကို ဖြေခဲ့သလို 'How to say' ပါပဲ။ အရင်တုန်းကထားခဲ့တဲ့ စကားပုံတစ်ခုရှိသားပဲ။ 'မိဘပြောရင် တစ်လ၊ မယားပြောရင် တစ်ည' တဲ့။ မိဘ ဆုံးမလို့ တစ်လလောက်ကြာမှ အောင်မြင်မယ့် ကိစ္စကို မယားက ပြောရင်ဖြင့် 'တစ်ည' ပဲတဲ့။ သေသေချာချာ ပြန်ပြောမယ်နော်။ မယားပြောရင် တစ်ည။ တစ်နေ့ မဟုတ်ဘူး။ ဆိုလိုတာက နေ့ဘက် မပြောနဲ့(အလုပ်မအားလို့)ညဘက်ကျမှပြော။ ဘယ်ချိန်ပြောရမလဲဆိုရင် အင်း စဉ်းစားကြည့်ပေါ့ကွယ်။ ထမင်းစားရင်း ပြောမလား။ တီဗွီကြည့်ရင်း ပြောမလား။ ဒါမှမဟုတ် အဲဒါ ကိုယ့်ယောကျ်ားကိုယ် အသိဆုံးပဲ။ မနှင်းပြောရင် အရှိန်လွန်နေပါဦးမယ်။ ကြိုးစားပြီးပြော၊ ပရိယာယ်အမျိုးမျိုးနဲ့ပြော။ How?How?

www.burmeseclassic.com

www.burmeseclassic.com



## (၁၉၇)

▫ ကျွန်တော့်အသက် ၁၉ နှစ်ပါ။ ချစ်သူက ကျွန်တော့်ထက် နှစ်နှစ်ကြီးပါတယ်။ ချစ်သူသက်တမ်း ရှစ်လ ရှိပါပြီ။ မကြာခင်ကမှ သူဟာ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက အိမ်ထောင်ကျဖူးမှန်း သိရတယ်။ သူ့အမေကိုယ်တိုင် ပြောပြတာပါ။ ကျွန်တော် တအားစိတ်ဆိုးတယ်။ ကျွန်တော့်ကို သူလိမ်ခဲ့တာ။ ဖွင့်မပြောခဲ့တာ။ တကယ်ဆို စကတည်းက ပြောသင့်တယ်။ သူဟာ ကျွန်တော့်ရဲ့ အချစ်ဦးပါ။ သိပ်ချစ်ပါတယ်။ ဒါပေမဲ့ လိမ်တာကို ခွင့်မလွှတ်နိုင်ဘူး။ သူကတော့ ကျွန်တော် မုန်းသွားမှာစိုးလို့ မပြောတာပါတဲ့။ ဒီစာကို မဂ္ဂဇင်းမှာ ဖော်မပြဘဲ အဖြေကိုပဲ ဖြေပေးပါနော်။

× ×၊ ရန်ကုန်။

◆ အမေးကို မဖော်ပြလို့ မရဘူးကွယ်။ ဒါကြောင့် မင်းနာမည်ကိုပဲ ဝှက်ထားလိုက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အပြင်မှာ အကြံပေးဖူးပါတယ်။ မိန်းကလေးအနေနဲ့ ကိုယ်ဟာ အိမ်ထောင်ကွဲဖူးသူ(တစ်ခုလပ်)ဆိုတာ ဖွင့်ပြောရမလားလို့ မေးတာပါ။ မေနှင်းရဲ့ အဖြေက ကိုယ်ဟာ တစ်ခါက အိမ်ထောင်ကျဖူးတယ်။ အခု တစ်ခုလပ်ဖြစ်နေတယ်ဆိုတာကို ဘယ်သူ့မှ ပြောနေဖို့ မလိုပါဘူး။ (ကလေးရှိရင်တော့ ပြောရမှာပေါ့) ကလေးမရှိရင် ဘာမှ ထုတ်ဖော်ရှင်းလင်းနေစရာအကြောင်း မရှိဘူး။ ဒါပေမဲ့ ကိုယ့်ကို ချစ်တဲ့လူ၊ ကိုယ်ကလည်း ပြန်ချစ်မိပြီဆိုတဲ့လူ၊ ကိုယ်နဲ့ ဘဝချင်းပတ်သက်ရတော့မယ်ဆိုရင်တော့ ဒီကိစ္စ ပြောကို ပြောရလိမ့်မယ်။ ဒါမျိုးက တစ်သက်လုံး ဖုံးထားလို့ရတာမှ မဟုတ်တာ။ နောင်မှပေါ်သွားရင် အခု



မင်းဖြစ်သလိုမျိုး ငါ့ကို လိမ်ခဲ့တယ်လို့ စိတ်ဆိုးမှာပဲလို့။

အခု ဘယ်လိုလုပ်ကြမလဲ။ သူ ဖွင့်မပြောတာ မှားတယ်။ ဒါပေမဲ့ ကြောက်လို့မပြောတာဆိုတော့ သူ့ကို ညှာတာပြီး စဉ်းစားပေးပါ။ သူဟာ ခုလို ဖွင့်မပြောတာကလွဲပြီး ဘာအပြစ်ရှိသလဲ။ နောက်တစ်ခု ကိုယ့်ဟာကိုယ်မေးပါ။ သူမျိုးနဲ့ယူပြီးသားကို မလိုချင်ဘူးလား။ မညှာတမ်း မေးပါ။ အပျိုမဟုတ်လို့ မသတီဘူးလား။ ယောကျ်ားရပြီးသားမို့ မလိုချင်တော့ဘူးဆိုရင်တော့ ပြီးပြီလေ။ လိမ်တာ၊ မလိမ်တာနဲ့ မဆိုင်တော့ဘူး။ ကိုယ်လက်မခံနိုင်ဘူးဆိုရင်ဖြင့် အပြတ်ပဲ ပြောလိုက်တော့။ သူ့ကံပေါ့။ အဲသလို မဟုတ်ဘူး။ လိမ်တာကို စိတ်ဆိုးတာပါ။ အပျိုမဟုတ်တာ ကိစ္စမရှိပါဘူးဆိုရင်လည်း အမျက်ပြေလိုက်ပါတော့။ ကိုယ် သူ့ကိုချစ်ဖို့ပဲ အဓိကပါ။

*

## (၁၉၈)

▫ ကျွန်တော်က မိန်းမဆုံးပါးသွားခဲ့သူ၊ မိတဆိုးသမီးလေး တစ်ယောက် ကျန်ခဲ့သူပါ။ အမေမရှိလို့ဆိုပြီး အစစအလိုလိုက်ခဲ့တာမှာ အခု သမီးဆယ်တန်းမှာ အတော်ပြဿနာရှိနေတယ်။ ရုပ်ရှင်ထဲက မင်းသမီးတွေလို ဝတ်ချင်စားချင်တယ်။ လက်ကိုင်ဖုန်း လိုချင်တယ်။ ဘတ်စ်ကား မစီးချင်ဘူး။ စသဖြင့် ဘဝနဲ့ ကင်းကွာသလိုဖြစ်နေတယ်။ မပြောရက် မဆိုရက်ရောက ပြစာမဲ့ရတဲ့ဘဝ၊ နောင်အခါ အလကားဖခင်ဖြစ်သွားမှာလည်း စိုးရိမ်တယ်။ သမီးလေးကို ငဲ့သွားခဲ့လို့ နောက်အိမ်ထောင်လည်း မထူဖြစ်ပါဘူး။ ဒါတောင် သမီးက နားလည်မပေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမရင် စူဆောင့်တယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကိုယ်စား ဆုံးမပေးစေချင်ပါတယ်။

ဘမောင်တင်၊ ရန်ကုန်။

◆ ဒီလိုပါပဲ ဆရာရယ်။ အိမ်ထောင်တစ်ခြမ်းပဲ့တွေရဲ့ သားသမီးတွေဟာ အလိုလို ဆိုက်ကိုဝင်ပြီး တစ်ခုခု လွဲချော်စမြဲပါ။ ဂရုစိုက် အနစ်နာခံရမှာက လူကြီးတွေပေါ့။ ကျွန်မတို့နိုင်ငံမှာ ဒီလိုမိဘများကိုယ်စား ပြောဆိုပေးသူများက ကျောင်းက ဆရာ၊ ဆရာမတွေပါ။ ခုအခါမှာတော့ ကျောင်းစာတွေပိပြီး အချိန်နည်းလို့ ဆရာမတွေလည်း ဒီတာဝန်ကို များများ မယူနိုင်ကြတော့ဘူး။ ဆရာတော်တစ်ပါးက အခမဲ့ ဆွေးနွေးပေးတယ်လို့တော့ ကြားဖူးတယ်။ သိပ်မသေချာဘူး။ သေချာတာတစ်ခုကတော့ အဲသလို မိဘတွေဆုံးမလို့ ခက်နေတဲ့ကလေးတွေ အသက် ၂၅ နှစ်အောက်တွေကို သီးသန့် အချိန်ယူပြီး အကြံပေးမယ်လို့ သိရပါတယ်။ ဖုန်းနံပါတ်က ၀၉၅၀-၅၄၇၇၊ ၀၉၅၀-၄၂၇၀၅ တဲ့။ ကိုယ်တိုင်သာ ဆက်သွယ်ကြည့်ပါတော့။ အားလုံး ပျော်ရွှင်ကြပါစေ။

*

(၁၉၉)

▫ ကျွန်တော်တို့က ညီအစ်ကိုသုံးယောက် ရှိတာပါ။ ကျွန်တော်က အငယ်ဆုံးဖြစ်ပါတယ်။ စီးပွားရေးနဲ့ ကျောင်းပြီးသွားပါပြီ။ အစ်ကိုနှစ်ယောက်က နိုင်ငံခြားမှာ အလုပ်လုပ်နေကြပါတယ်။ အစ်ကိုကြီးက အမေရိကန်မှာ၊ အစ်ကိုငယ်က ဒိန်းမတ်မှာပါ။ ကျွန်တော်လည်း နိုင်ငံခြားထွက်ချင်တယ်။ အစ်ကိုကြီးက



စင်ကာပူသွားဖို့ ပြောတယ်။ အစ်ကိုငယ်ကကျတော့ လုံးဝ မထွက်ပါနဲ့တဲ့။ မိဘတွေကလည်း မသွားစေချင်ဘူး။ မိဘတွေ မအိုခင် လေးငါးနှစ်လောက် သွားချင်တာပါ။ ပတ်ဝန်းကျင်ကလည်း ကျွန်တော်တို့ ခုလိုအခြေအနေရှိတာ အစ်ကိုတွေကြောင့်ပါလို့ ပြောပြီး ကျွန်တော့်ကို အထင်သေးကြတယ်။ အစ်ကိုတွေရဲ့ အထောက်အပံ့အောက်မှာပဲ အမြဲနေခဲ့ရတော့ မကောင်းဘူးပေါ့။ မိဘတွေကတော့ အိမ်မှာရှိတဲ့ပစ္စည်းဟာ သားအငယ်ဆုံးအတွက်ပဲလို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်က ကိုယ်တိုင်ရှာချင်ပါတယ်။ မိဘတွေကလည်း တကယ်ချစ်ရင် မသွားပါနဲ့တဲ့။ ကျွန်တော် ဘာလုပ်သင့်ပါသလဲ။

နိုင်ထော်မွန်(ဟားခါး)။

◆ ဒီပြဿနာဟာ ဒီကနေ့ ပညာတတ်လူငယ်အသိုင်းအဝိုင်းမှာ အများဆုံး ရင်ဆိုင်နေရတဲ့ကိစ္စပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နဲ့ ဆွေးနွေးခန်းကို ၂၀၀၈ ခုနှစ်၊ ဧပြီနဲ့ မေလထုတ် Wellness မဂ္ဂဇင်းမှာ တင်ပြထားပါတယ်။ ဒေါက်တာ အောင်ထွန်းသက်(Ph.D ဒေါက်တာပါ)ရဲ့ ကျယ်ပြန့်တဲ့ သဘောထားအမြင်တွေ ပါပါတယ်။ ရှာပြီး ဖတ်စေချင်ပါတယ်။ လိုရင်းပြောရရင်တော့ မိဘတွေ အမြင်မကျဉ်းစေချင်ဘူးတဲ့။ ကာယကံရှင် သားသမီးများရဲ့ ရွေးချယ်မှုကိုသာ အဓိကထားရမယ်တဲ့။ ဒါဟာ လူ့အခွင့်အရေးတစ်ခုဖြစ်ပြီး လူသားပီသပါလိမ့်မယ်တဲ့။ လူငယ်တွေလုပ်ချင်တာကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ပေးရမယ်တဲ့။ မြန်မာလူငယ်တွေ နိုင်ငံခြားရောက်တဲ့အခါ National Identity(အမျိုးသားလက္ခဏာ)ရှိနေဖို့သာ အရေးကြီးပါတယ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ လူကြီးတွေက မျိုးဆက်သစ်တွေအတွက် အနစ်နာခံရမယ်တဲ့။ အဲဒါပါပဲကွယ်...။

*

## (၂၀၀)

*Tနှင်း နေကောင်းပါစေလို့ ဆုတောင်းပါတယ်။ ဖြိုးငယ်ငယ်ကတည်းက ချစ်ရတဲ့ ချစ်သူရှိပါတယ်။ ချစ်သူဖြစ်ပြီးမှ သူဟာ ခရစ်ယာန်ဘာသာဝင်တစ်ယောက် ဖြစ်နေခဲ့တာ သိခဲ့ရတယ်။ ဖြိုးတို့နှစ်ယောက် တစ်ခါမှ ပြဿနာမဖြစ်ဖူးပါဘူး။ တစ်ယောက်ကိုတစ်ယောက် နားလည်ကြပါတယ်။ လက်ထပ်ပြီးရင် အဲဒီနားလည်မှုက ရေရှည်တည်မြဲနိုင်ပါ့မလား။*

ဖြိုး(ဘားအံ၊ ပညာရေးကောလိပ်)

အိမ်ထောင်ရေးမှာပဲဖြစ်ဖြစ်၊ လူတွေနဲ့ ဆက်ဆံတဲ့အခါမှာပဲဖြစ်ဖြစ် 'နားလည်မှု'ဟာ အရေးအကြီးဆုံးပါပဲ။ နားလည်တယ်၊ ယုံကြည်တယ် ဆိုရင် အစစအရာရာ အဆင်ပြေစမြဲပါပဲ။ စိတ်က အဓိကကိုး။ ဒီတော့ ဘာသာရေးယုံကြည်မှုနဲ့ ပတ်သက်ပြီးတော့လည်း တစ်ယောက် ယုံကြည်တာကို တစ်ယောက်က နားလည်နိုင်ရင် ပြီးတာပဲလေ။ တစ်နေ့မှာ သေကြမှာချည်းပဲ။ မသေခင်မှာ စိတ်ပျော်ဖို့၊ ချစ်ခင်ဖို့ဆိုတာ နားလည်မှုရမှာ။ ကိုယ့်အတွက်ချည်း မစဉ်းစားဘဲ သူများဘက်ကလည်း စဉ်းစားပေးမယ်ဆိုရင် ဘာပြဿနာမှ မရှိတော့ဘူးပေါ့။ အထူးသဖြင့် ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာမှာ အသားရှောင်တဲ့ပြဿနာမရှိလို့ အတော် ပြဿနာနည်းပါတယ်။ သူလည်း သူ့ Church ကိုသွား၊ ကိုယ်လည်း ကိုယ့်ဘုရား ရှိခိုးပေါ့။



သူ့နောက် လိုက်ချင်လိုက်၊ မလိုက်လည်း စိတ်မဆိုးနဲ့။ ဒီလိုသဘောထားနိုင်ရင် ဘာမှ အခက်အခဲ မရှိတော့ဘူး။ နောင်ကလေးတွေ မွေးလာတဲ့အခါမှာလည်း ကလေးတွေထဲကသားလေးတွေပါလာရင် ဗုဒ္ဓဘာသာအရ ရှင်ပြု။ ကြီးလာတော့ကလေးတွေဆန္ဒအတိုင်း အမေ့ဘာသာလိုက်ချင်လိုက်၊ အဖေ့ဘာသာ လိုက်ချင်လိုက်ပေါ့။ ဒီလို နှစ်ဦး 'အပြီးအပြတ်'ကိုတင်ဆွေးနွေးထားဖို့ လိုပါတယ်။ ရည်းစားဘဝမှာ အလိုလိုက်တဲ့အနေနဲ့ ကတိပေးပြီး နောင်ကျမှ ချုပ်ချယ်မယ်ဆိုရင်တော့မဖြစ်ဘူး။ အထူးသဖြင့် သူ့ဘာသာက ကောင်းတယ်၊ ကိုယ့်ဘာသာက ညံ့တယ်ဆိုတဲ့ အငြင်းအခုံ မလုပ်မိပါစေနဲ့။ အားလုံး ကောင်းတာချည်းပဲလို့ သဘောပိုက်ထားလိုက်ပါ။ မတူတာတွေကို မငြင်းနဲ့တော့။ တူတာတွေ အတူလုပ်ပေါ့။ ဥပမာ–သတ္တဝါတွေကို မေတ္တာထားတာ၊ ပေးကမ်းစွန့်ကြဲတာ၊ အလှူပေးတာ အဲဒါတွေက တူနေတာမို့ အတူလုပ်ပြီး ကြည်နူးနိုင်ကြပါတယ်။

*

## (၂၀၁)

□ *သမီးနဲ့သူနဲ့ ချစ်ကြတာ မကြာသေးပါဘူး။ သူ့ကို သမီးတကယ်ချစ်သလို သူကလည်း ချစ်တယ်လို့ ထင်ပါတယ်။ အိမ်က သဘောတူအောင် ကြိုးစားရင်း နောက်သုံးနှစ်ကျမှ လက်ထပ်ကြမယ်လို့ တိုင်ပင်ထားပါတယ်။ ပြဿနာကတော့ ဗေဒင်မေးတာက စပါတယ်။ အဲဒီဆရာက နှုတ်စီးတယ်တဲ့ ပြောကြတယ်။ သူပြောရင် မှန်တယ်ပေါ့။ အဲဒီဆရာက ဗုဒ္ဓဟူး*

www.burmeseclassic.com



*ချင်း လက်ထပ်ယူရင် မကောင်းဘူး။ ပူလောင်မယ်၊ ရန်တကျက်ကျက်ဖြစ်မယ်။ နှစ်ယောက်လုံး အောက်တန်းဖွားဖြစ်လို့ တစ်ယောက်ကိုတစ်ယောက် မမှီရဘူးတဲ့။ စိတ်ညစ်စရာကြီးပါပဲ။ ပြီးတော့ အိမ်ကပေးစားသူကိုယူမှ အဆင်ပြေမယ်လို့ ပြောပါတယ်။ သွားမေးမိတာကိုတောင် နောင်တရနေမိတယ်။ အန်တီ့ဆီက အထိရောက်ဆုံး အဖြေတစ်ခုကို မျှော်နေပါရစေ။*

**မေစစ်အေး၊ ရခိုင်ပြည်နယ်။**

◆ ဗေဒင်ဆိုတာက ဗြဟ္မဏ ပုဏ္ဏားတွေရဲ့ကျမ်းလို့ ဆိုပါတယ်။ မေနှင်းကိုယ်တိုင် ဗေဒင်ကျမ်း ၅ ဘာသာကို ဘာသာပြန်ပေးခဲ့ရဖူးပါတယ်။ ခုခေတ်ကျမ်းတွေက မူလ အိန္ဒိယကျမ်းတွေနဲ့ ရှေးဟောင်း အနောက်တိုင်း အီဂျစ်ကျမ်းတွေကို အယူအဆပေါင်းပြီး ပေါ်လာတာလို့ အဲဒီစာထဲမှာ ပါပါတယ်။ အဲဒီအထဲမှာပဲ လူတစ်ယောက်ရဲ့မွေးဖွားချိန်မှာ ကောင်းကင်မှာ ဘာနက္ခတ်တွေ ရှိသလဲဆိုတာ တွက်ပြီး အဲဒီနက္ခတ်တွေရဲ့ လွှမ်းမိုးမှုကို ခံရတာမို့ အဆိုးအကောင်း ဘာတွေဖြစ်လာမယ်ဆိုတာ တွက်ရတာတဲ့။ နက္ခတ်က လူကို လွှမ်းမိုးတယ်ဆိုတဲ့ အယူအဆကို ယုံခြင်းမယုံခြင်းကို အသာထားပြီး အဲဒီအချိန်ကို တွက်တဲ့နေရာမှာတောင် မှန်ဖို့ ခက်နေတယ်။ ကိုယ်မွေးတဲ့ အချိန်မှာ ကြည့်တဲ့နာရီက မှန်လို့လား။ နေရာလိုက်ပြီး အချိန်ကွာတယ်။ သူတို့က အိန္ဒိယ စံတော်ချိန်နဲ့ ဇယားထည့်ထားတာ။ ကိုယ်မွေးတဲ့နေရာနဲ့ နာရီချင်း လွဲမနေနိုင်ဘူးလား။ ၃ မိနစ် လွဲရင်ကိုပဲ အဟောက မတူတော့ဘူးတဲ့။

ကဲ ဒီတော့ ဟောသမျှအားလုံး ဘယ်လိုမှ မမှန်နိုင်တာ



သေချာမနေဘူးလား။ ဒါကြောင့် ဗေဒင်မမှန်ဘူးလို့ မပြောဘူး၊ မယုံနဲ့လို့ မပြောဘူး။ ရာနှုန်းပြည့် မမှန်တာတော့ အသေအချာပဲ။ ဒီတော့ ကြည့်တာလည်း ကြည့်ပေါ့ (မေနှင်းလည်း ကြည့်တယ်လေ) စိတ်ပြေလက်ပျောက်ပေါ့။ မကောင်းတာဟောရင် မေ့ပစ်လိုက်။ မမေ့နိုင်ရင်လည်း ပိုက်ဆံသိပ်မကုန်တဲ့ ချေနည်းနဲ့ပဲ ချေပေါ့။ ငွေသိပ်အထိအခိုက် မခံနဲ့။ အယူသီးမှုတွေ ဖယ်ရှားပါ။ မေနှင်းဆိုရင် တနင်္လာ၊ အင်္ဂါ အပြင်ထွက်လို့ ဗုဒ္ဓဟူးနေ့တိုင်း ခေါင်းလျှော်တယ်(ဘာမှ မဖြစ်ပေါင်) တနင်္လာ ဆံပင်ညှပ်တယ်၊ ဘာမှမဖြစ်ဘူး။ စနေ ဈေးဝယ်တယ်၊ ကောင်းမှကောင်း။ ဘယ်နေ့သားနဲ့မဆို တည့်တယ် (ဥပမာ မပေးတော့ပါ)ကဲ…ဒီတော့ ကိုယ်ချစ်တဲ့သူကို နေ့ချင်းထပ်တယ်ဆိုတာနဲ့ မပစ်လိုက်ပါနဲ့။ အမယ်… တို့ကြားဖူးတာ ပြောပြဦးမယ်။ 'နေ့ချင်းထပ် မြတ်' တဲ့။ ဘယ့်နှယ်ရှိစ…။

*

(၂၀၂)

□ *အချစ်ဆိုတာမှာ 'ပကာသန' တစ်ဝက် ပါပါသလားရှင်။ သမီးချစ်သူက နိုင်ငံခြားကို ပညာတော်သင် စေလွှတ်ခြင်းခံရပါတယ်။ သမီးကို သူ အရမ်းချစ်တာ သူတို့တစ်မျိုးလုံး၊ သမီးတို့တစ်မျိုးလုံး အကုန်သိပါတယ်။ ပြည်ပကနေ စာတွေရေး ဖုန်းတွေဆက်နဲ့ ပတ်ဝန်းကျင်က အမြင်ကတ်လောက်အောင်ပါပဲ။ နောက်မကြာခင် သမီးတို့ စီးပွားရေး ကျဆင်းသွားခဲ့တယ်။ သမီးတို့က အချမ်းသာကြီးမဟုတ်ပေမဲ့ ဝတ်နိုင်စားနိုင်တဲ့ အနေအထားပါ။ ခုလို စီးပွားကျတော့ ဖုန်းထဲမှာ သူတို့*

www.burmeseclassic.com



ပြောမိတယ်။ သူက ပျာပျာသလဲ ဘာဖြစ်လို့ကျတာလဲ မေးတယ်။ အဲဒီနေ့ကစပြီး သူ့ဆီက ဖုန်းမလာတော့ဘူး။ အခု မြန်မာပြည် ပြန်ရောက်နေပါတယ်။ နိုင်ငံခြားသူတစ်ယောက်နဲ့ ငြိသွားပြီတဲ့။ အဲဒီမိန်းမနဲ့ သူနဲ့ လွန်သွားခဲ့ပြီတဲ့။ အဲဒီကို သူပြန်သွားမှာတဲ့။ အဲဒီမိန်းမက သူ့ဘဝတက်လမ်းတဲ့။ သမီးမှာ အသည်းကွဲရပြီလေ။ အရှက်လည်း ရနေပါတယ်။ သူ့အချစ်က ပကာသနတွေ၊ ဂုဏ်တွေနဲ့ တည်ဆောက်ထားတာလား။

သပြေညို၊ မိတ္ထီလာ။

မေနှင်းက မေးခွန်းတွေကို ပြီးလွယ်စီးလွယ် မဖြေပါဘူး။ ဒီတာဝန်ကို ယူလာတာ ၁၀ နှစ်လည်း ကျော်လာပါပြီ။ ဒီပြဿနာမျိုးတွေ ဖြေနိုင်အောင် လူမျိုးစုံဆီမှာ မေးမြန်းလေ့လာနားထောင်ခဲ့ပါတယ်။ အခုပြောတဲ့ ပြဿနာမျိုးကို ပညာတတ်၊ ဘွဲ့ရ၊ အလုပ်အကိုင်နဲ့ အသက် ၂၅–၃၀ ကြား မိန်းကလေးတိုင်းလိုလိုက ဖြေကြတဲ့အခါ တူနေတာ တွေ့ခဲ့ရပါတယ်။ သူတို့ပြောပုံက အခုခေတ် ယောကျ်ားလေးတွေက မေနှင်းတို့ခေတ်ကလို မဟုတ်ဘူးတဲ့။ မိန်းမတွေကို ရည်းစားထားကြပေမဲ့ တကယ်ယူတော့မယ်ဆိုတဲ့အခါ စဉ်းစားပုံက ငါ သူတို့ကို ဘယ်လို တင့်တယ်အောင်ထားမယ်၊ လုပ်ကျွေးမယ်ဆိုတာမျိုး မဟုတ်ဘူးတဲ့။ ဘယ်မိန်းမက နောက်ခံစီးပွားရေးအင်အား တောင့်သလဲဆိုတာ ကြည့်တာတဲ့။ သဘောကတော့ မိန်းမယူလိုက်ရုံနဲ့ အိမ်၊ ကား၊ ဟန်းဖုန်း၊ ပိုက်ဆံအိတ် အားလုံး အဆင်သင့်ပြည့်စုံစေရမယ်ပေါ့။ အဲသလိုမိန်းမကိုမှ ရွေးချယ်တာဆိုပဲကွယ်။ ဒါ မေနှင်းပြောတာ မဟုတ်ပါဘူး။ မေနှင်း



သုတေသနပြုခဲ့တဲ့ လူတွေရဲ့ တညီတညွတ် မှတ်ချက်တွေပါ။

ဒါအတွက် မေနှင်းလည်း စိတ်မကောင်းပါဘူး။ ကိုယ်က မေတ္တာသမားလေ။ အချစ်ကို တန်ဖိုးထားတယ်လေ။ သူတို့က ငွေကိုပဲ ကြည့်နေကြပြီဆိုတော့ ဘယ်မှာ ပျော်စရာရှိမလဲ။ သူတို့ကြည့်တဲ့ ငွေပမာဏကလည်း သူတို့ဘာသာရှာရင် ၁၀ နှစ်နဲ့ မရနိုင်တဲ့ ကိန်းဂဏန်းကိုး။ ဆလွန်းကားတစ်စီး သိန်းသုံးရာကျော်၊ တိုက်ခန်း၊ ဖုန်းက သုံးလေးလုံး၊ နေ့စဉ် အသုံးစရိတ်က တစ်ထောင်တန် အုပ်လိုက်ဆိုတော့ အင်း သူတို့စိတ်ကူးနဲ့ သူတို့တွက်ကိန်းက တွက်ခြေကိုက်တယ်ပေါ့လေ။ ဒီကြားထဲမှာ နှလုံးသားကို ယဇ်ပလ္လင်မှာ ပူဇော်လိုက်ရတဲ့ ပစ္စည်းမဲ့ မိန်းကလေးက ကံဆိုးပြီပေါ့။ ပိုဆိုးတာက မယူနိုင်ပေမဲ့ ဆက်ပြီး ချစ်သွားပါမယ်ဆိုပြီး လက်တွဲမဖြုတ်၊ အပြင်မှာ 'မောင်းမတစ်ထောင်' ဝါဒ ကျင့်သုံးတာပဲ။ ဒါကို တော်ပါသေးရဲ့၊ ငါ့ကို ချစ်ရှာသား၊ ဘားအတွက်သာ ယူရရှာတာ' ဆိုပြီး သနားစိတ်နဲ့ ဆက်ပြီး လက်ခံနေရတဲ့ အဖြစ်ပါ။ 'သူမှ မယူရဲတာ၊ သွားစမ်း' လို့ မာနမထားနိုင်တဲ့ အဖြစ်တွေပါ။ အေးလေ ဒါဟာ ၂၁ ရာစုရဲ့ လက္ခဏာ၊ မင်းတုန်းမင်းခေတ်ကို ပြန်သွားတာ။ ယောကျ်ားတွေ မိန်းမအများကြီး ယူခွင့်ရှိတယ်လို့ လက်ခံကြမယ်ဆိုရင်လည်း သဘောပေါ့။ ကာယကံရှင်များ သဘောပါပဲ။

*

(၂၀၃)

□ ကျွန်မအသက် ၃၁ နှစ်ပါ။ အိမ်ထောင်သက် ၁၀ နှစ်ရှိပါပြီ။

www.burmeseclassic.com



*ကလေးမရသေးပါဘူး။ မရတဲ့ အကြောင်းရင်းက သားအိမ်ထဲမှာ အလုံးရှိနေလို့ပါ။ အမြဲတမ်း ကိုက်ခဲနေတတ်တယ်။ ပိုဆိုးတာက လစဉ် မမှုတာလာတဲ့ အချိန်ပါပဲရှင်။ အဲဒီအလုံးကို ပထမအကြိမ် ခွဲထုတ်ခဲ့ပြီးပါပြီ။ တစ်နှစ်လောက်ကြာတော့ ပြန်ဖြစ်တာပါပဲ။ အခုတော့ ဆရာဝန်ကြီးက သားအိမ်ကို ထုတ်ပစ်ဖို့ ပြောပါတယ်။ ခက်တာက သားအိမ်ထုတ်လိုက်ရင် အိမ်ထောင်ရေးမှာ ပြဿနာဖြစ်မှာကို ပူတာပါ။ ကျွန်မအမျိုးသားက ကျွန်မကို တအားချစ်ပါတယ်။ သားအိမ်ထုတ်ပြီးတဲ့နောက်မှာ ပြောင်းလဲသွားနိုင်လားဟင်။ မရှက်မကြောက်ဘဲ မေးတော့မယ်နော်။ သားအိမ်ထုတ်လိုက်ပြီးနောက်ပိုင်း သူနဲ့ဆက်ဆံတဲ့အခါ ဘယ်လို ကွာခြားသွားပါသလဲ။ အမျိုးသားမှာ ဘယ်လိုထိခိုက်နိုင်ပါသလဲ။ ကျွန်မမှာရော စိတ်ပိုင်းဆိုင်ရာမှာ ဘယ်လိုထိခိုက်နိုင်ပါသလဲ။ သားအိမ်ထုတ်ပြီးတဲ့နောက်ပိုင်း အမျိုးသားအတော်များများဟာ နောက်အိမ်ထောင်ပြုသွားကြတာကို တွေ့ဖူးပါတယ်။ အဲဒါ ဘာဖြစ်လို့ပါလဲ။ ဖြေပေးပါနော်။*

ကြယ်စင်၊ (တောင်ကြီးတက္ကသိုလ်)

မေးခွန်းက အတော်လေး ဖြေရခက်တယ်။ အဖြေက ခက်တာမဟုတ်ပါဘူး။ စာမျက်နှာပေါ်မှာ ဖြေဖို့ ခက်နေတာကို ပြောတာပါ။ လူ့ဘဝမှာ ရခဲလှပါတယ်။ ဒီတော့ ကျန်းမာရေးအတွက် ဆရာဝန်ညွှန်ကြားချက်အတိုင်း သားအိမ်ကို ထုတ်သင့်ရင် ထုတ်ရပါလိမ့်မယ်။ ယောကျ်ားနဲ့ မိန်းမ နှစ်ဦးပေါင်းဖက်ကြတဲ့နေရာမှာ ကာမဆက်ဆံမှုက အဓိကလို့ သတ်မှတ်ထားတဲ့ လူတွေအဖို့တော့ အဲဒီကာမစိတ်တွေကြောင့် စိတ်သောက



ရောက်စရာပါပဲ။

တကယ်တော့ အချစ်ဆိုတဲ့ ပူလောင်မှုမပါဘဲ မေတ္တာဆိုတဲ့ အေးမြတဲ့သံယောဇဉ် ငြိတွယ်ထားကြမယ်ဆိုရင် ကိုယ့်ကျန်းမာရေးကြောင့် သူ့ရဲ့ တဏှာစိတ် ဖောက်ပြန်သွားမှာကို စိုးရိမ်စရာ မလိုပါဘူး။ အိမ်ထောင်တစ်ခုမှာ အဲဒီလို တဏှာဆက်ဆံရေး အဆင်မပြေလို့ ပစ်ခွာထားရစ်တတ်သူတွေ ရှိနေပေမဲ့ ကိုယ့်အပေါ်မှာ သူ တကယ်ပဲ ချစ်နေတယ်လို့ထင်ရင် သူ့အပေါ်မှာလည်း ကိုယ့်အားနည်းချက်ကြောင့် ဖြစ်လာတဲ့ ပြဿနာကို ကိုယ်က ခွင့်လွှတ်ရမှာပေါ့။

ဒီလို သားအိမ်ထုတ်လိုက်တဲ့ လူတိုင်းမှာလည်း ဒီလို ပြဿနာမျိုး မဖြစ်ကြပါဘူး။ သေတစ်ပန် သက်တစ်ဆုံးပေါင်းသင်းသွားကြတာ တွေ့ဖူး ကြုံဖူးပါတယ်။ သားအိမ်မထုတ်ဘဲ အိမ်ထောင်ရေး ဖောက်ပြန်နေတဲ့ ယောကျ်ားတွေ အများကြီးပဲလေ။ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် အိမ်ထောင်ရေးဆိုတာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်မှုနဲ့ တည်ဆောက်ထားခဲ့ကြမှသာ ခိုင်မြဲမှာ မဟုတ်လား။ ကိုယ့်ဘက်က အတတ်နိုင်ဆုံး မေတ္တာတတ်တွေ စစ်မှန်အောင်မွေးထားဖို့ လိုတယ်။ နယူတန်ရဲ့ နိယာမ မှန်နေသရွေ့ ဒါမှမဟုတ် ကြည့်မှန်တွေ ပြဒါးမပြယ်သရွေ့ မေတ္တာစစ်ရင် မေတ္တာစစ်ကို ရလာပါလိမ့်မယ်။ ဒါလောက်ဆို ကျေနပ်ပါနော်။

အဲ မျှော်လင့်ချက်တစ်ခု ရှိတာက ဆရာဝန်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောဖို့ပါပဲ။ မထိခိုက်နိုင်လောက်တဲ့ အတိုင်းအတာအထိ ခွဲစိတ်ရင် ရတယ်လို့ စုံစမ်းသိရှိရပါတယ်။ အဆင်ပြေအောင်ဆိုပါစို့။ အဲ ဒါပေမဲ့ အဆင်ပြေအောင်ဆိုပြီး 'ချန်'

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြန်ရင်လည်း ကင်ဆာဖြစ်သွားရင် အသက်ပါ ပေးရလိမ့်မယ်။ အဲဒါကြောင့် ဆရာဝန်ဆုံးဖြတ်ချက်ပဲ အတည်ပြုပါလို့ ပြောချင်တယ်။ မေနှင်းကတော့ ဒီလောက်ပဲ ပြောတတ်ပါတယ်။ စိတ်ပညာ ပညာရှင်တွေ အနေနဲ့လည်း ပြောစရာ ရှိပါလိမ့်မယ်။ အဲဒါက လူချင်းတွေ့မှပေါ့နော်။ ခုလောက် ဆွေးနွေးရတာက ဒီပြဿနာ ပြေလည်ကြစေချင်လို့ပါပဲ။ နောက်ဆုံးတစ်ခု အကြံပေးချင်တာက ဒီလိုရောဂါကို ဆရာဝန် တစ်ဦးတည်းနဲ့ မဟုတ်ဘဲ နောက်ထပ် သားဖွားမီးယပ်အထူးကု ဆရာဝန်ဆီမှာလည်း (သေချာအောင်) ထပ်ပြကြည့်ဖို့ပါပဲ။

*

## (၂၀၄)

*သီချင်တာလေးရှိလို့ မေနှင်းကို အကူအညီတောင်းပါရစေ။ 'မာစတာသကြ်န် ၂' သီချင်းခွေထဲမှာ ရတနာမိုင်နဲ့တွဲပြီး ဆိုတဲ့ အဆိုတော်လေးအကြောင်း သိချင်လို့ပါ။ ဖြစ်နိုင်ရင် သရုပ်မဂ္ဂဇင်းရဲ့ မေလထုတ်စာအုပ်မှာ သူ့အကြောင်းတွေ ဖတ်ချင်တယ်။ သူ့ရဲ့ဓာတ်ပုံလည်း ရချင်တယ်။ ကူညီပါနော်။ သမီးတို့ သူငယ်ချင်းတစ်စုက သူ့ကို သဘောကျနေကြတာ။ သူ့ရဲ့ Dancer က တစ်မျိုးလေးနော်။ အရမ်း ကြည့်လို့ကောင်းတာပဲ။ ဒါနဲ့ အခုနောက်ပိုင်းထွက်တဲ့ သကြ်န်သီချင်းတွေက ဘာတွေမှန်းလဲ မသိဘူး။ အကြိုက်ဆိုလို့ ၃ ပုဒ်၊ ၄ ပုဒ် လောက်ပဲ ရှိတယ်။ သကြ်န်သီချင်းအသစ် မျိုးမျိုးလေးတွေ မရေးတတ်၊ မဆိုတတ်ကြတော့ဘူးလား။ သမီးတို့ ပရိသတ်တွေ လိုချင်တာ ဒီလို သီချင်းပုံစံတွေ မဟုတ်ပါဘူး။ 'မာစတာ*



*သကြ်န် ၂' ထဲမှာ ဆုန်သင်းပါရဲ်ဆိုတဲ့ သီချင်းကို လုံးဝ မကြိုက်ဘူး။ လျှာရှည်တာတော့ မဟုတ်ပါဘူးနော်။ မေနှင်းရယ်။ ဂီတကိုလည်း သိပ်နားလည်တဲ့လူ မဟုတ်ပါဘူး။ နားထောင် မကောင်းလွန်းလို့ပါ။*

**နွေဦးသြ(မန္တလေး)**

◈ တေးပရိသတ်များအနေနဲ့ ကြိုက်တာမကြိုက်တာ ပြောခွင့်ရှိပါတယ်။ အခုနောက်ပိုင်း သကြ်န်သီချင်းအသစ် မျိုးမျိုးလေးတွေ မရေးတတ်၊ မဆိုတတ်ကြတော့ဘူးလားဆိုတဲ့ မေးခွန်းကို မေနှင်းလည်း သဘောတူပါတယ်။ စဉ်းစားကြည့်တဲ့အခါ အချက် နှစ်ချက်တွေ့ပါတယ်။ ပထမအချက်က အခြေခံယဉ်ကျေးမှုပါ။ လွတ်လပ်ရေး ရပြီးခါစ၊ စစ်ပြီးစ မြန်မာနိုင်ငံမှာ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်တွေက အရှိန်ကောင်းတုန်းပါ။ နိုင်ငံခြားယဉ်ကျေးမှု ဝင်ရောက်မှု နည်းပါသေးတယ်။ ဒီတော့ ရေးဖွဲ့သူရော ခံစားသူပါ မြန်မာရနံ့၊ မြန်မာအရသာ ကြိုင်လှိုင်သင်းပျံ့နေသေးဆဲပေါ့။ ဒါကြောင့်လည်း ဆရာ မြို့မငြိမ်းရဲ့ 'မန်းတောင်ရိပ်ခို' သီချင်း(မြနန္ဒာလို့ လူသိများတယ်) အဲဒီ သီချင်းကို ဘယ်သူမှ မမီသေးတာပါ။ ဒီနေ့အထိ သကြ်န်နဲ့ ပတ်သက်လာရင် ဒီသီချင်းဟာ ဖယ်ရှားမရတဲ့ သီချင်းဖြစ်နေတယ်။ အဲ အခုခေတ်ဆိုတာကျတော့ နိုင်ငံတကာယဉ်ကျေးမှုက အတားအဆီးမဲ့စွာ ဝင်ရောက်နေပြီ။ ဒီအခါ ရေးဖွဲ့သူရော ခံစားသူပါ မြန်မာရနံ့နဲ့ ဝေးစပြုလာတယ် ရိုးအီလာတယ်။ ဒါဟာ နံပါတ်နှစ်အချက်ပဲ။ ဒါကို အခြေခံလိုက်တဲ့အခါ ခုခေတ် ရေးတဲ့သကြ်န်သီချင်းတွေ သကြ်န်မဆန်တော့ဘူးပေါ့။ မေနှင်းတစ်ယောက်တည်းရဲ့ သဘောထားကို ပြောရရင်တော့

www.burmeseclassic.com

www.burmeseclassic.com



သကြံန်ရောက်ရင် အသစ်ဘာမှ မရေးစေချင်တော့ဘူး။ ရှိပြီးသားတွေပဲ ခံစားမယ်လေ။ မကောင်းမယ့်အတူတူ မရေးကြနဲ့စို့ပေါ့။ ဒီလိုပြောတဲ့အတွက် အရိုက်ခံရမလားတော့ မသိဘူး။ ရာသီအလိုက် စီးပွားရေးသမားတွေကလည်း သူ့အလုပ်သူ လုပ်မှာကိုး။ အကောင်းဆုံးက မကြိုက်ရင် မဝယ်ကြနဲ့ပေါ့ကွာ။ ဝယ်မယ့်လူမရှိရင် ဘယ်သူမှ ထုတ်မှာမဟုတ်ဘူးပေါ့။ အလိုလို ရပ်သွားပါလိမ့်မယ်။ တစ်ခုတော့ ရှိတယ်။ သကြံန်ကို ခံစားပုံချင်းလည်း မတူကြတော့ဘူးလေ။ ဖော်ကြ၊ မူးကြ၊ အော်ကြ၊ မြူးကြ၊ မေနှင်းဖြင့် သကြံန်ဆို ဂုဏ်အောင်းသတ္တဝါလုပ်ခဲ့တာ ကြာပြီပေါ့။ ဒီတော့ ကိုယ့်ဟာနဲ့ကိုယ်ပဲ လွတ်ရာလွတ်ကြောင်း ကြံဖန်ပေတော့ မန္တလေးက ဥသြရေ။

*

(၂၀၅)

*ကျွန်တော် မခံစားနိုင်လွန်းလို့ပါ။ အန်တီ့ဆီကို ရင်ဖွင့်ပါရစေ။ သူ့ကို ၂၁-၁၀-၀၂ တုန်းက စတွေ့ပြီး စွဲလမ်း ခင်သွားမိတာပါ။ ၁၀-၁-၀၆ မှ ချစ်သူတွေ စဖြစ်တယ်။ ခုတော့ ကျွန်တော့်ဘဝထဲမှာ သူ မရှိတော့ပါဘူး။ ၈-၇-၀၇ တုန်းက သူ လမ်းခွဲထွက်သွားပြီ။ သူ့မှာ အသစ်ရှိနေပြီတဲ့။*

*ဒါပေမဲ့ သူ့ကို ကျွန်တော် ဘယ်လိုမှ မေ့လို့မရဘူး။ အရမ်းပဲ ပင်ပန်းလာတဲ့အချိန်မှာ ငြိမ်းချမ်းလှတဲ့ သူ့ရင်ခွင်လေးကို ကျွန်တော့်မှာ တမ်းတမ်းတတ ရှိနေဆဲပါ။ ညကျရင် သူ့ကို အိပ်မက်မက်ပြီး ခဏခဏပဲ ကျွန်တော် မျက်ရည်ကျရတယ်။*

*တကယ်တမ်းကျတော့ ကျွန်တော်က အရပ်လည်းပု၊ ရုပ်ကလည်း ဆိုးတယ်။ ပြီးတော့ နေရာကလည်း တစ်မြို့စီ ခြားနေသေးတယ်။ ဒါပေမဲ့ သူ့ကို ဖြူဖြူစင်စင်ချစ်တာပါ။ ဘာအကြောင်းပြချက်မှလည်း မရှိဘူး။*

*အခု ကျွန်တော် အားလုံးကို နားလည်ခွင့်လွှတ်လိုက်ပြီ။ သူက စခွဲသွားတယ်ဆိုပေမဲ့ သူနဲ့ မတန်လို့ ကျွန်တော်က စပြီး ရှောင်ထွက်ပေးတာလို့ သဘောထားပြီး မေ့နိုင်ဖို့ ကြိုးစားနေပေမဲ့လည်း ဘာဖြစ်လို့ ကျွန်တော် မမေ့နိုင်တာလဲ။ သူ့ကို ခုထိ သဝန်တိုနေတဲ့စိတ်တွေ၊ နေ့တိုင်း နေ့တိုင်း သူ့ဆီရောက်နေတဲ့ အတွေးတွေကို ကျွန်တော် ဘယ်လို တားဆီးရမှာလဲ။ ကျွန်တော် အရမ်း ခံစားနေရတာ ၈ လ ရှိသွားပြီ။ ကျွန်တော် အရမ်းမောလှပြီ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို အကြံဉာဏ်လေး ပေးပါဦးဗျာ။*

H.S.L

◆ အားလုံးကို နားလည်ခွင့်လွှတ်လိုက်ပြီဆိုပြီးတော့ ဘာဖြစ်လို့ သဝန်တိုနေပြန်တာလဲ။ နားလည်တယ်၊ ခွင့်လွှတ်တယ်ဆိုရင် အေးချမ်းသွားရမှာပေါ့။ တကယ်နားမလည်နိုင်သေးလို့၊ ခွင့်မလွှတ်နိုင်သေးလို့ ခံစားနေရတာပါ။ နားလည်တယ်ဆိုတာ သူ ဘယ်လောက်ဆိုးဆိုး သူ့မှာ အကြောင်းတစ်ခုခုရှိလို့ပဲလို့ ယူဆလိုက်တာ။ သူ ဆိုးပေမဲ့ ကိုယ် စိတ်မဆိုးဘူး။ အဲဒါ နားလည်တာ။ ခွင့်လွှတ်တယ်ဆိုတာက သူ ဆိုးတာကို ဆိုးမှန်းသိတယ်။ ဒါကို ဆိုးချင်သလောက် ဆိုးပါစေ၊ သူ ပျော်ရင် ပြီးတာပါပဲ။ သူ စိတ်ချမ်းသာရင် ပြီးတာပါပဲလို့ သဘောထားနိုင်တာကို ပြောတာ။ အဆိုးခံရတာကိုပဲ ကျေနပ်နေတာ။ အဲဒါ နားလည်ခွင့်လွှတ်တာပဲ။ အဲသလိုမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သဝန်တိုနေသေးတယ်၊ လိုချင်နေသေးတယ်ဆိုရင် ဒါက မူလအချစ်စိတ်၊ ရယူပိုင်ဆိုင်လိုစိတ်။ ဒီစိတ်က အတ္တပါတယ်။ အလိုပြည့်ရင် ပျော်ရသလောက် အလိုမပြည့်ရင် ပူလောင်တယ်။ အလိုပြည့်ဖို့ဆိုတာက ကိုယ့်သဘောမှ မဟုတ်တာ။ သူ့သဘောမို့ ဘာတတ်နိုင်မှာလဲကွယ်။ သူ့ကို ပြန်တွေ့ပါရစေ၊ သူ ကိုယ့်ဆီ ပြန်လာပါစေလို့ ဆုတောင်းချင် တောင်းနိုင်ပါတယ်။ အတင်းအကျပ်တော့ လုပ်လို့မရပါဘူး။ ကိုယ်လုပ်နိုင်တာက ကိုယ့်စိတ်ကို ပြုပြင်ဖို့ပါပဲ။ ပြင်လို့ မရရင် တခြား စိတ်ဝင်စားမယ့် ကိစ္စတွေနဲ့ အစားထိုးပါ။ ရည်းစားနောက်တစ်ယောက် ထားဖို့ပြောတာ မဟုတ်ဘူးနော်။ စိတ်ကို နေရာမပေးနိုင်အောင် အလုပ်ရှုပ်နေဖို့ပြောတာပါ။ အဲသလို အလုပ်ရှုပ်နေရင် သူ့ကို လွမ်းတဲ့စိတ်က နေရာမရတော့ တဖြည်းဖြည်း နောက်ဆုတ်သွားပါလိမ့်မယ်။ နောက်တော့လည်း ဒီလူကို ငါ တစ်ချိန်က အရူးအမူး ဖြစ်ခဲ့ဖူးတယ်ဆိုတာကိုတောင် မယုံနိုင်လောက်အောင် ပြောင်းသွားနိုင်ပါသေးတယ်။ အခု ဒီစာဖတ်ရတဲ့ ဖွန်လမှာဆိုရင် ဖွန်မိုးနဲ့အတူ အေးချမ်းနေလောက်ပါပြီ။ မှတ်ထားရမှာက ချစ်ဒုက္ခဆိုတာ 'ယာယီ' ပါပဲကွယ်။

*

(၂၀၆)

*အားကိုးတကြီးနဲ့ တိုင်ပင်ပါရစေနော်။ သမီးနဲ့ သမီးချစ်သူဟာ သမီး ဒုတိယနှစ် T.T.S တက်နေချိန်မှာ တွေ့ဆုံပြီး ချစ်သူဖြစ်ခဲ့ကြပါတယ်။ သူက အစိုးရဝန်ထမ်းတစ်ဦးပါ။ သမီးထက်*



*အသက် ၆ နှစ်ကြီးပါတယ်။ သမီး ကျောင်းပြီးရင် တောင်းရမ်းလက်ထပ်မယ်လို့ တဖွဖွပြောခဲ့ပါတယ်။ ဒါပေမဲ့လေ သမီး ကျောင်းမပြီးခင် (သမီးနဲ့ ချစ်သူဖြစ်ပြီး ၈လ အကြာမှာ) သူက ရာထူးတိုးပြီး တခြားတိုင်းကို ပြောင်းရွှေ့သွားခဲ့ပါတယ်။*

*သမီးနဲ့ အဝေးကြီး ပြောင်းရွှေ့သွားခဲ့ပြီမို့ သမီးစိတ်ပူခဲ့ရပေမဲ့ သူ့ဘက်က အဆက်အသွယ် လုံးဝမပျက်ခဲ့ပါဘူး။ စာရေးတိုင်းလည်း အမြန်ဆုံး လက်ထပ်နိုင်အောင် ကြိုးစားပါ့မယ်လို့ အမြဲရေးပါတယ်။ ဒါလေးတွေနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ ဒါပေမဲ့လေ တစ်နှစ်ကျော်ကျော်လောက်အကြာမှာတော့ သူ့စာမှာ သူက သမီးဆီ ပြန်လာဖို့ သိပ်မလွယ်ကူ၊ မသေချာတော့ဘူး။ ဒါကြောင့် သူ့ကို မစောင့်ပါနဲ့တော့ အဆင်ပြေတဲ့သူ၊ သမီးချစ်နိုင်တဲ့သူနဲ့ တွေ့ရင် လက်ထပ်လိုက်ပါ။ သူ့ကို မစောင့်ပါနဲ့တော့တဲ့လေ။ အဲလို ရေးထားတဲ့စာ ရောက်လာတယ်အန်တီရယ်။ ဒါပေမဲ့ သူ့ဆီတော့ စာရေးပါဦးတဲ့။ သမီးလေ အဲဒီစာဖတ်အပြီးမှာ ခံစားလိုက်ရတာတွေကို ဘာနဲ့နှိုင်းရမှန်းတောင် မသိတော့ပါဘူး။ တစ်ပတ်လောက်အကြာမှာ သူ့ဆီက စာပြန်ရောက်လာတယ်။ အရင်စာကြောင့် သူ့မှာ စားမရ၊ အိပ်မရ ဖြစ်ခဲ့ရပါတယ်။ သူကိုယ်တိုင်လည်း အရမ်းခံစားခဲ့ရပါတယ်တဲ့။ ဒါကြောင့် အရင်ကစာကို ပြန်ရုပ်သိမ်းပါတယ်။ အဲဒီစာကို ရေးခဲ့တယ်လို့တောင် သဘောမထားပါနဲ့တဲ့။ အမြန်ဆုံးလက်ထပ်နိုင်အောင် ကြိုးစားပါ့မယ်၊ စောင့်ရှောက်ပါတဲ့။*

*ဒါကြောင့် သမီးချစ်သူကို သမီး စောင့်သင့်ပါသလားယုံသင့်ပါသလား၊ သမီးကိုရော တကယ်ချစ်ခဲ့သလား သမီး*

www.burmeseclassic.com

www.burmeseclassic.com



*ချစ်သူအပေါ် အန်တီ့အမြင်ကို သိပါရစေ။*

သမီး နွယ်နွယ်
ခေတ္တ မြစ်ကြီးနား။

စောင့်သင့်ပါတယ်။ သူက ချိန်ဆပြီး ရေးခဲ့ပုံရပါတယ်။ သူ တကယ် အားငယ်ပြီး မစောင့်ပါနဲ့တော့လို့ ရေးခဲ့တာပဲဖြစ်မှာ ပါ။ တစ်ပတ်အတွင်း ထပ်ရေးလာတာက သူ့စိတ် အမှန် ဖြစ်နိုင်ပါတယ်။ ယောကျ်ားတွေဟာ အားငယ်တာကို မဖော် ပြတတ်ကြဘူး။ မအောင်မြင်တာကို မပြောလိုကြဘူး။ ဒါကို နားလည်ပြီး သူ့ကို ပြန်အားပေးသင့်ပါတယ်။ လက်ထပ်နိုင် မယ့်အချိန်အထိ သူရောကိုယ်ရော ကြိုးစားသင့်ပါတယ်။ တစ်ခုတော့ ရှိတာပေါ့။ လက်ထပ်နိုင်မယ့်အခြေအနေကိုတော့ ကန့်သတ်လို့မဖြစ်ဘူး။ ဥပမာ ၁၀သိန်း စုမိမှ လက်ထပ်မယ် ဆိုတာမျိုး၊ အရာရှိဖြစ်မှ ယူမယ်ဆိုတာမျိုး၊ ရုပ်ပစ္စည်းနဲ့ မကန့် သတ်သင့်ပါဘူး။ စိတ်ချင်းက အဆင်ပြေပြီး ဘဝအနေအထား အသင့်အတင့်ရှိရင် အတူရှန်းသင့်တာပေါ့။ အဲဒါကို သူ့ကို ပြောပြပြီး အားပေးပါ။ ပျော်စရာ ဖြစ်လာမှာပါကွယ်။

*

(၂၀၇)

*သမီးရဲ့ အဖြစ်အပျက်လေးတစ်ခုကို ဖွင့်ဟပြောပြပါရစေ။ ကြာပြီဆိုပေမဲ့လည်း မေ့လို့မရခဲ့ပါဘူး။ မန္တလေး ရတနာပုံ တက္ကသိုလ်ကျောင်းဝင်းကြီးထဲမှာပေါ့။ အဝေးသင် ပထမနှစ် (Eco)တက်ဖို့အတွက် ဓာတ်ပုံလာရိုက်တာ။ နယ်ကနေ လာတာ ဆိုတော့ မိန်းကလေးအဖော်လည်း မပါဘူးလေ။ ဓာတ်ပုံ*



*မရိုက်ရသေးခင် ကျောင်းဆောင်ရှေ့မှာ ထိုင်စောင့်နေရင်း ပြဿနာ တက်ပါလေရော(ပြောရမှာလည်း ရှက်ပါတယ်) မေနှင်း နားလည်မှာပါ။ အဲဒါနဲ့ သမီးလည်း တစ်ယောက် တည်း စိတ်ညစ်ညစ်နဲ့ ထိုင်နေရတာ။ နေကလည်း အရမ်း ပူတော့ ရေဆာလိုက်တာ လွန်ပါရော။ ကျောင်းဆောင်ရှေ့မှာ လည်း ဓာတ်ပုံရိုက်ဖို့စောင့်နေတဲ့သူတွေ လေး၊ ငါးယောက် လောက်ရှိနေသေးတယ်။ မေနှင်းရယ် သမီးမှာလေ ဘာလုပ် လို့ ဘာကိုင်ရမှန်းမသိ၊ အတော့်ကို စိတ်ညစ်နေရတာ။ ဒီလိုဖြစ် နေတဲ့အချိန် သမီးထိုင်နေတဲ့ လှေကားထစ်ဆီးကို ဆိုင်ကယ် တစ်စီး လာရပ်တယ်။ လူငယ် ကောင်လေးနှစ်ယောက်။ သမီး ထက်တော့ အသက် နည်းနည်းကြီးပုံရတယ်။ ဘာကိစ္စနဲ့ လာတာလည်းတော့ မသိဘူးလေ။ သူတို့အချင်းချင်း စကား ပြောပြီး ဆိုင်ကယ်နားမှာပဲ ရပ်နေကြတယ်။ သမီးက စဉ်းစား တာပေါ့။ သူတို့ကို အကူအညီတောင်းလိုက်ရမလား။ အကြာ ကြီး စဉ်းစားပြီး နောက်တော့ သူ့ကိုနှစ်ယောက်ကိုကြည့်ပြီး 'ကျွန်တော့်ကို ရေသန့်ဘူး သွားဝယ်ပေးပါလား' လို့ အရဲစွန့် ပြောလိုက်မိတယ်။ ကိုယ်နဲ့မသိတဲ့ သူစိမ်း ယောကျ်ားလေးကို စပြီး စကားပြောမိတာ။ သူတို့ကတော့ သမီးကို ဘယ်လိုထင် မလဲ မသိပါဘူး။ ပထမတော့ သူတို့ ကြောင်ကြည့်နေကြတာ။ ပြီးတော့မှ သူတို့နှစ်ယောက်ထဲက တစ်ယောက်က 'ညီမလေး လည်း လိုက်ခဲ့လေ' တဲ့။ အဲဒါနဲ့ သမီးက 'အစ်ကိုပဲ သွားဝယ်ခဲ့ ပေးပါ' ဆိုပြီး တောင်းပန်ရတယ်။ သူက ဝယ်လာပြီး သမီးကို ပေးပါတယ်။ သမီးက ပိုက်ဆံ ထုတ်ပေးတာကိုတော့ မယူဘူး။ 'ဘယ်နှစ်တက်မှာလဲ' လို့ မေးတယ်။ 'ပထမနှစ်' လို့*

www.burmeseclassic.com

www.burmeseclassic.com



ဖြေလိုက်တယ်။ သူက မန္တလေး ကတဲ့။ သမီးကို လိုက်ပို့ပေးမယ်၊ လိုက်ခဲ့လို့ရတယ်လို့ ပြောသေးတယ်။ သမီးလည်း ရပါတယ်၊ ကျေးဇူးပါပဲဆိုပြီး ပြန်ပြောရတာပေါ့။ ကျန်တဲ့ တစ်ယောက်ကတော့ ဘာမှ ဝင်မပြောဘူး။ ဒါနဲ့ သူတို့တွေ ပြန်သွားကြတယ်။ ဒါပေမဲ့ အဲဒီအစ်ကိုတိုက်တဲ့ ရေအေးအေးကို သောက်ရတဲ့အတွက် ရင်ထဲမှာတော့ အနည်းငယ် အေးမြသွားတာအမှန်ပဲ။ ကျေးဇူးလည်း အရမ်းတင်မိတယ်။ ပြန်ဖို့အတွက် တက္ကသိုလ်အပေါက်ဝမှာ ကားစောင့်နေတုန်း သူတို့နှစ်ယောက်က ပြန်ရောက်လာတယ်။ သမီးကိုမြင်တော့ လိုက်ခဲ့ပါလို့ ပြောတယ်။ ထိုင်နေရင်းနဲ့ပဲ သူ့ကို ငြင်းလိုက်တယ်။ ဒီလိုနဲ့ သမီးတို့ ထပ်ပြီး မဆုံကြတော့ပါဘူး။ ကျောင်းတက်တော့ သူ့ကို ရှာမိသေးတယ်။ ဘယ်သူမှန်းမသိ၊ ဘယ်မှာနေမှန်း မသိနဲ့ ဒီအတိုင်းပဲ ဝေးနေရတာပေါ့။ သမီးလေ သူ့မျက်ဝန်းထဲက နွေးထွေးမှုတွေကို မေ့လို့မရဘူး။ သူ့ကိုတွေ့ရင် မေးကြည့်ချင်တယ်။ အပြာရောင်စကပ်တိုလေးနဲ့ ကောင်မလေးတစ်ယောက်ကို ရေဝယ်တိုက်ခဲ့တာ မှတ်မိသေးရဲ့လားလို့။

မေလေး၊ မိုးကုတ်။

အောင်မယ်၊ မိုးကုတ်က ကောင်မလေးက စာရေးကောင်းသား။ ဝတ္ထုဇာတ်လမ်းလေး ကျနေတာပဲ။ အရင်တုန်းက ဆရာငြိမ်းကျော်တို့သာသိရင် ဝတ္ထုဖွဲ့ ရုပ်ရှင်တောင် ရိုက်ဖြစ်နိုင်တယ်။

အေးပေါ့လေ။ မန္တလေးရဲ့ နေပူပူမှာ ထိုင်ရာက ထလို့မရတဲ့ မိုးကုတ်သူ ကောင်မလေးတစ်ယောက် (စကပ်ပြာပြာနဲ့)ကို ရေသန့်ဘူးဝယ်ပေးခဲ့ရတဲ့ မန္တလေးသား မင်းသားလေး ဒီစာ



ဖတ်မိပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့။ ဒါပေမဲ့ မဖတ်မိရင်လည်း ဝမ်းမနည်းပါနဲ့ကွာ။ မိန်းမတွေက အဲလိုပဲ။ အတော်အားကိုးရှာချင်တတ်တယ်။ မနေ့က ငယ်ငယ်တုန်းက ရန်ကုန်ကနေ စာမေးပွဲတစ်ခုဖြေပြီး ပြန်လာတာ သိလား။ ည အမြန်ရထားနဲ့ပေါ့။ တစ်ယောက်တည်းပဲ။ ထိုင်ခုံက နှစ်ယောက်ခုံ။ တွဲကျခဲ့တာက တပ်ကြပ်တစ်ယောက်ပါ။ အဲဒါကွယ် သူက တစ်လမ်းလုံး ကိုယ့်ကို စောင့်ရှောက်တယ်။ ဟန်းကောဆိုတဲ့ ခွက်ကြီးနဲ့ လက်ဖက်ရည်ဖျော်တိုက်တာများ ခုတောင် သောက်ချင်မိပါရဲ့။ ညအိပ်တော့မယ်ဆိုတော့ သူက အထုပ်တွေတင်တဲ့ စင်ပေါ်တက်အိပ်ရှာတယ်။ ကိုယ်လည်း ခုံတန်းမှာ လျောင်းခွင့်ရအောင်ပေါ့။ သူ ပြုစုတာဟာ ဘေးကလူတွေကြည့်ရင် လင်မယားလို့တောင် ထင်နိုင်လောက်တယ်။ ဒါပေမဲ့ သူ့လိပ်စာ၊ ကိုယ့်လိပ်စာလည်း မမေးမိကြပါဘူး။ နာမည်တောင် မမေးဖြစ်ဘူး။ မနက်ပိုင်း မန္တလေးဘူတာရောက်တော့ သူ့လမ်းကိုယ့်လမ်း သွားခဲ့ကြတာပေါ့။ ကြုံတုန်းပြုစုတာဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ စရိုက်ပဲလေ။ ဒါကို လွမ်းနေရင် ကြွေဖို့ပဲရှိတယ်။ (သတိတော့ ရသား၊ သူက အသားမည်းမည်း၊ ခပ်ဝဝ မလှဘူး) အင်းမလှလို့ မလွမ်းတာလည်း ဖြစ်နိုင်သား။ သူသာ ဒီစာဖတ်မိရင် ဆဲများဆဲချင်မလားပဲ။ ဆိုလိုတာက ဒါတွေဟာ ခရီးကြုံကိစ္စတွေမို့ ဦးနှောက်ထဲ ထည့်မထားဖို့ပါပဲကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



(၂၀၈)

ကျွန်တော့်ကို ကောင်မလေးတစ်ယောက်က အထာတွေပေးနေလို့ ကျွန်တော်လည်း သူ့ကို ရည်းစားစကားပြောမိပါတယ်။ အဖြေကိုတော့ ဒါရိုက်မပေးဘဲ အဆင်ပြေတယ်ပဲ ပြောရမလား။ သူ့လက်ကလေး ကိုင်ခွင့်၊ သူ့ရဲ့ပါးလေး နမ်းရှိုက်ခွင့်တော့ မကြာခဏ ရပါတယ်။ ဒီထက်ပိုပြီး ကျွန်တော့်ဘက်က အခွင့်အရေး မယူခဲ့ပါဘူး။ သူလည်း ကြည်ဖြူစွာ လက်ခံခဲ့ပါတယ်။ ကျွန်တော် သူ့ဆီကို မသွားရင်လည်း သူ ကျွန်တော့်ကို မျှော်နေတတ်တယ်။ တစ်ရက်တော့ မိတ်ဆွေ အမျိုးသမီးတစ်ဦးရဲ့ မနာလိုမှုကြောင့် သူ့ယောင်းမ သိသွားပြီး သူ့ကို ကျွန်တော်နဲ့ အဆက်ဖြတ်ခိုင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ခိုးခိုးတွေ့ဖြစ်ကြတယ်။ OKတယ်ပေါ့။ နောက်တော့ သူ့ရဲ့ ဂုဏ်သိက္ခာကို ငဲ့ကွက်မိတာရော သူလည်းသိတဲ့ ကျွန်တော့်ရဲ့ အိမ်တွင်းရေးကိစ္စတစ်ခုကြောင့်ရော သူ့ဆီကို ကျွန်တော် သုံးလလောက် သွားမတွေ့ဖြစ်ဘူး။ ဒီအရင်ကတည်းက သူ့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ သူ့ဆီ မကြာခဏ မလာချင်တဲ့အကြောင်းကို ကျွန်တော် ပြောပြခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို အကြောင်းပြချက်မရှိဘဲ သူ ပစ်သွားတယ်။ နောက်တစ်ယောက်ပါ ပြောင်းသွားတယ်။ ကျွန်တော် ချော့တယ် မရဘူး။ အခုတော့ ပျက်သွားသလိုပဲ။ အခုတော့ သူထွင်တဲ့လမ်းကို သူကိုယ်တိုင် ဘာကြောင့် ဆက်မလျှောက်နိုင်ရတာလဲမသိဘူး။ မမမေနှင်း သိရင်ပြောပြပေးပါဦး။

စိုင်းဖိုးသား၊ အောက်ဈေး–လောက်ကိုင်။



◆ သူထွင်တဲ့လမ်း သူကိုယ်တိုင် ဘာကြောင့် ဆက်မလျှောက်နိုင်ရတာလဲ... တဲ့။ ဒါ ဆန်းတဲ့ကိစ္စမှ မဟုတ်ဘဲကွယ်။ 'သူသိတဲ့ ကျွန်တော့် အိမ်တွင်းရေးကိစ္စ' ဆိုတာ အဓိကဖြစ်မှာပေါ့။ မဖြစ်နိုင်မှန်းသိလို့ စောစောစီးစီး လမ်းခွဲတာ နေမှာပေါ့။ ပထမတုန်းက သူ မင်းကို စိတ်ဝင်စားတာကိုတောင် မင်းက 'အထာပေးတယ်' လို့ ယူဆတယ်မဟုတ်လား။ အထာပေးလို့ ရည်းစားစကားပြောမိတယ်ဆိုတဲ့ မင်းသဘောထားကလည်း လမ်းဘေးမှာ ရေအိုးစင်မြင်လို့ အလကားရတာပဲဆိုပြီး ရေဝင်သောက်ခဲ့တာမဟုတ်လား။ ကိုယ့်ဘက်က မလေးနက်ဘဲနဲ့ သူများကို သစ္စာမရှိရကောင်းလားလို့ အပြစ်မတင်နဲ့လေ။ ကဲ အဲဒါ အဖြေပါပဲ။

*

(၂၀၉)

▢ အန်တီမေနှင်းကို ပြောပြစရာ၊ မေးစရာလေးတွေ တော်တော်ရှိနေတယ်။ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် ချစ်သူတွေ ဖြစ်ကြပြီဆိုပါစို့။ သူတို့နှစ်ယောက် ချစ်လာတာ နှစ်တွေကြာပြီထားပါတော့။ လေးနှစ်လောက်ရှိပြီ။ အကြောင်းတွေရှိလို့ လမ်းခွဲကြမယ်။ အဲဒါ သူတို့ဘာသာသူတို့ အဆင်မပြေတာ တစ်ခုခုကြောင့် လမ်းခွဲကြရင် ပတ်ဝန်းကျင်ဆိုတဲ့ဟာက အန်တီရယ် 'ညားပြီးနေပြီ' လို့ ထင်ကြ၊ ပြောကြတာပဲ။ 'သူတို့ တွဲခဲ့ကြပေမဲ့ သူတို့ ဖြူဖြူစင်စင် ရှိနေကြဆဲပါ' ဆိုတာ ဘယ်သူမှ ဘာလို့မထင်တာလဲ။ နှစ်တွေကြာတာနဲ့ ညားပြီဖြစ်ရောလား။ အဲဒါဆို ကောင်မလေးက

www.burmeseclassic.com

www.burmeseclassic.com



သူ မကြိုက်တဲ့အချက်တွေကို ဒီနှစ်အတွင်းမှာ ရှာတွေ့လို့ ကောင်လေးကို လမ်းခွဲချင်ပါပြီတဲ့။ အဲဒါတွေကြောက်လို့ 'မချစ်သော်လည်း အောင့်ကာနမ်းရ' လို ဖြစ်နေမှာပေါ့။ အဲဒါ ဘယ်လိုဖြစ်မလဲ။ 'ချို' နဲ့ 'ကို' နဲ့ ချစ်သူတွေဖြစ်တာ နှစ်နှစ် ကျော်ပြီ အန်တီ။ ချို့အစ်မဝမ်းကွဲတစ်ယောက်က ပြောတယ်။ 'နင် သူနဲ့ယူမှဖြစ်မှာ တခြားတစ်ယောက်နဲ့သာ ယူဖြစ်ရင် နင့်သိက္ခာတော့ ကျပြီ' တဲ့။ အခုထိ ချို ကို့အပေါ် အပြစ်ကြီးကြီးမားမား ရှာမတွေ့သေးဘူး။ ဒါပေမဲ့ တွေ့ခဲ့ရင်လည်း ချို လက်ခံမှာ မဟုတ်တော့ဘူး။ အဲ အပြစ်တစ်ခုခုလုပ်မိပြီဆိုပါတော့။ ချို လက်မခံနိုင်မယ့် ကိစ္စမျိုးပေါ့။ အဲဒါကို 'သူမှ ငါမယူရင်တော့ ဒုက္ခပဲ' လို့ ထိုင်တွေးနေရအောင် သူနဲ့ချိုကလည်း ဘာမှဖြစ်တာမဟုတ်ဘဲ။

ချိုခင်၊ ပုသိမ်တက္ကသိုလ်။

ပြဿနာ မဟုတ်ပါဘူးချိုရာ။ ကိုယ့်သမိုင်း ကိုယ်ရေး၊ ကိုယ့်ဘဝကိုယ် မောင်းနှင်နေရတဲ့ ခေတ်ကြီးမှာ သူများကိစ္စတွေလည်း ခေါင်းထဲသိပ်မထည့်အားကြပါဘူး။ လူနှစ်ယောက်တွေ့တယ်။ ချစ်တယ်ထင်လို့ ချစ်တယ်။ မချစ်တော့ဘူးဆိုတဲ့အခါ ခွဲကြရမှာပဲ။ ပတ်ဝန်းကျင်ကို ကြောက်လို့များ အဆုံးအဖြတ် မမှားစေနဲ့။ မှားသွားရင် 'ဘဝ' တစ်ခုလုံး ဆုံးမှာ။ အဲဒီအခါ ပတ်ဝန်းကျင်က ထမင်းလာကျွေးမှာ မဟုတ်ဘူး။ သဘောထားမတိုက်ဆိုင်လို့ ခွဲကြမယ်ဆိုရင် ယူပြီးမှခွဲတာထက် မယူခင်ခွဲရတာက ပိုပြီး မကောင်းဘူးလား။ သူနဲ့ တွဲလာတာ ကြာပြီ။ မယူရင် မကောင်းဘူးဆိုပြီး မယူချင်ဘဲယူ၊ ယူပြီးတော့လည်း အဲဒီ မကြိုက်တာကြီးကို လက်ခံနေရတယ်ဆိုရင်



လူဖြစ်ရှုံးပါတယ်။ ဒါကြောင့် ကိုယ့်ဆန္ဒနဲ့ကိုယ်ပဲ ရပ်တည်ပါလို့ ပြောချင်ပါတယ်။

*

(၂၁၀)

□ သမီးက တစ်ယောက်တည်း နေရတာပါ။ သိပ်ပျင်းတယ်။ ဘာလုပ်ရမှန်းမသိလို့ မေနှင်းဆီ စာရေးမေးရတာပါ။ လူကြီးတွေမသိအောင် ရေးရတာမို့ နာမည်ရော လိပ်စာပါ လွှဲပြီးပေးရပါတယ်။ အိမ်ကသိရင် ဆူမှာစိုးလို့ပါ။ အားကိုးပါတယ်နော်။

ယုယ၊ ဟသ်ာတ။

❖ အောင်မယ်လေး နေရာချင်း လဲလိုက်ချင်စမ်းပါဘိတော့။ မေနှင်းဖြင့် တစ်ယောက်တည်းနေချင်လိုက်တာ။ တကယ်ပြောတာပါ။ ဒီစာကိုတောင် ဘယ်မှာ ထိုင်ရေးနေရသလဲ သိလား။ မြို့တော်ခန်းမကြီးနောက်ကျော၊ စီးတီးစတားဟိုတယ် ပထမထပ် စားသောက်ခန်းမှာပါ။ (အလဲ့လဲ့ ကြွားလိုက်တာလို့ မထင်နဲ့နော်။ တကယ်ကို နားအေးပါးအေး တစ်ကိုယ်လုံးအေးတဲ့နေရာ ရှာနေတာ။ အဲယားကွန်းနဲ့ လူတွေလည်း များများမရှိတဲ့၊ စားပွဲကုလားထိုင်နဲ့ နေရာကို ရှာနေတာ။ စားစရာလည်း သိပ်ဈေးမကြီးတဲ့နေရာလေ။ အဲသလိုကို နားအေးပါးအေး နေရာရှာနေရသူပါ။ အိမ်မှာက စာအော်ကျက်တဲ့ကျောင်းသူတွေရှိတယ်။ မုန့်ဖိုးခဏခဏ တောင်းတဲ့ ကလေးလေးရှိတယ်။ အရှေ့ခန်းက ဟစ်ဟော့ပ် သီချင်းတွေအကျယ်ကြီးဖွင့်တယ်။ ဒါ့အပြင် မျက်စောင်းထိုးမှာရှိတဲ့ ဘာသာရေး

www.burmeseclassic.com



အဆောက်အအုံကြီးက ရွာမှာသုံးတဲ့ အော်လန်ကြီးနှစ်ခုကို အဆက်မပြတ်ဖွင့်နေတယ်။ ကဲ ဦးနှောက်နဲ့ အလုပ်လုပ်ရတဲ့ စာရေးဆရာ ဘာလုပ်မလဲ။ အသံချဲ့စက်ဥပဒေတွေ ဘာတွေတော့ ရှိပါရဲ့။ သွားမပြောရဲဘူး။ ဒီလို နားဒုက္ခခံနေရတာ ကိုယ်တစ်ယောက်တည်းလည်းမဟုတ်ဘူး။ နောက်ဆုံး အိမ်က ထွက်ပြေးရတဲ့အထိ ဖြစ်ရတာတော့ပါပဲ။ ဒါကြောင့် ယုယနဲ့ နေရာချင်းလဲချင်တယ်ပြောတာပါ။ မေနှင်းအဖို့တော့ တစ်ယောက်တည်း နေရတဲ့အချိန်ဟာ အငြိမ်းချမ်းဆုံးပဲ။ စာဖတ်မယ်၊ စာရေးမယ်၊ အင်္ကျီချုပ်မယ်၊ ရုပ်ရှင်ကြည့်မယ်၊ သီချင်း တိုးတိုးလေး နားထောင်မယ်၊ ပုတီး စိပ်ချင်စိပ်မယ်၊ တရားမှတ်ချင်မှတ်မယ်။ ကဲ ဘယ်လောက်ကောင်းလဲ။ ကိုယ်ကြိုက်တဲ့ ကော်ဖီတစ်ခွက်နဲ့ဆို ပြည့်စုံပြီလေ။ ဒီတော့ မပျင်းပါနဲ့ကွယ်။ တစ်ယောက်တည်း ပျော်အောင်နေတတ်ဖို့ လေ့ကျင့်စမ်းပါ။ အကောင်းဆုံးပဲ။

*

(၂၁၁)

*သမီး အခု အသက် ၂၀ ရှိပါပြီ။ သမီးမှာ အိမ်ထောင်ရှိပါတယ်။ ဒါပေမဲ့ အခု အိမ်ထောင်နဲ့ ကွဲနေတယ်လို့ ပြောရမှာပဲ။ သမီး အိမ်ထောင်မကျခင်မှာလည်း သမီးအိမ်က တင်းကျပ်မှုတွေ လုပ်ခဲ့တယ်။ ရည်းစားထားလို့ဆိုပြီးလေ။ သမီးက ရည်းစား များတဲ့သူ မဟုတ်ပါဘူး။ သမီး တစ်ယောက်တည်းပဲ ထားခဲ့တာ။ ဟသံာတတက္ကသိုလ်မှာ တက်ရင်းနဲ့ပါ။ သမီးတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်။*



*တစ်ယောက်နဲ့တစ်ယောက် သစ္စာမဖောက် မရှုပ်ဘဲနဲ့ကို ချစ်ခဲ့ကြတာ။ အဲဒါကို အိမ်က သိတော့ ဖြတ်ခိုင်းတယ်။ အဲဒီလို သမီးကို အကျပ်ရိုက်လွန်းအားကြီးလို့ သမီးတို့နှစ်ယောက် အစီအစဉ်မရှိဘဲ ခိုးပြေးဖြစ်ခဲ့တယ်။ နောက် သမီးယောကျ်ား အိမ်မှာ လိုက်နေတယ်။ ဒါပေမဲ့ ယောကျ်ားလေးဘက်က လိုက် အပ်မယ်ဆိုတာကို လက်မခံခဲ့ဘူး။ သမက် မတော်နိုင်ဘူးဆိုပြီး ငြင်းလွှတ်တယ်။ အဲဒါနဲ့ သမီးတို့ မအပ်ဖြစ်ခဲ့ဘူး။ သမီး အမျိုးသားနဲ့က တစ်မြို့တည်း မဟုတ်ပါဘူး။ သူတို့က တခြား မြို့မှာ နေတာပါ။ အကြောင်းအမျိုးမျိုးကြောင့် အအပ်နောက် ကျသွားတာကိုပဲ အပြစ်ပြောစရာ ရှိတယ်။ သမီး မိဘဘက်က အအပ်လက်မခံတော့ ယောကျ်ားဘက်က မိဘတွေက တင်းကြတယ်။ မတူသလို မတန်သလို ဆက်ဆံလို့ဆိုပြီးလေ။ သမီးအပေါ် ဆက်ဆံရေးကလည်း နောက်ပိုင်း ပြောင်းလာတယ်။ သမီးတို့မှာ အလုပ်သီးသန့် မရှိဘူး။ အဲဒီတော့ ဝင်ငွေ မရှိဘူး။ အလုပ်ထွက်လုပ်မယ်လုပ်တော့ ယောကျ်ားက လက်မခံဘူး။ ကြာလာတော့ သမီး ဆက်သည်းမခံနိုင်လို့ သမီး ယောကျ်ားကို ဘာမှ ရေရေရာရာမပြောဘဲ ပြန်လာခဲ့တယ်။ သူတို့က သူတို့ဆိုင်အလုပ်မှာပဲ ကူလုပ်စေချင်တယ်။ ယောကျ်ားကတော့ ပင်ပန်းမှာစိုးလို့ ထွက်မလုပ်ခိုင်းတာပါ။ ဒါပေမဲ့ ယောက္ခမဆိုင်မှာ ကူလုပ်လို့လည်း ပိုက်ဆံမရပါဘူး။ ထမင်းတော့ ကျွေးထားတယ်။ သမီးရဲ့စိတ်ကူးက သမီးတို့ နှစ်ယောက်တည်း ဘဝတစ်ခုကိုတည်ဆောက်ချင်တယ်။ နှစ်ယောက် တည်း အေးအေးဆေးဆေး ပျော်ချင်တယ်။ ဘယ်သူ့ရဲ့ ထိန်းချုပ် မှုကိုမှ မလိုချင်ဘူး။ ဒါပေမဲ့ သမီးယောကျ်ားက သူ့မိဘတွေနဲ့*

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေစေချင်တယ်။ အိမ်ခွဲနေမယ်ဆိုတာကို လက်မခံဘူး။ အဲဒီလို အကြောင်းအမျိုးမျိုးတွေကြောင့် သမီးတို့နှစ်ယောက် ကွဲနေတယ်။ ဒါပေမဲ့ စာချုပ်နဲ့ကွာရှင်း ပြီးတာမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ သမီးတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်။ သူလည်း မမေ့နိုင်ဘူး။ ကိုယ်လည်း မမေ့နိုင်ဘူး။ သူ့ဆီက ဖုန်းတွေလာတယ်။ ဒါပေမဲ့ သူ့ဆီကမှန်းသိလို့ မကိုင်ကြဘူး။ သမီးကိုလည်း ကိုင်ခွင့်မပေးဘူး။ သမီးမိဘတွေကလည်း အစကတည်းက ခွဲချင်ကြတော့ သမီးတို့ကိစ္စကို လုံးဝ ပြီးပြီလို့ပဲ သဘောထားကြတယ်။ သမီးလည်း စိတ်ကို အတတ်နိုင်ဆုံး ထိန်းပေမဲ့ သိပ်ချစ်ခဲ့တော့ မေ့လို့မရဘူး။ သမီးတို့ အကြောင်းကို တွေးမိတိုင်းလည်း သိပ်ဝမ်းနည်းရတယ်။ သမီး သူ့ကို ပြန်ဆက်သွယ်မှာစိုးလို့ဆိုပြီး ဘယ်မှ မသွားနိုင်ဘူး။ သူငယ်ချင်းတွေနဲ့ အဆက်အသွယ် လုပ်တာကိုလည်း မကြိုက်ကြဘူး။ သမီး အသက် ၂၀ ပြည့်ပြီးတာကိုတောင် လွတ်လပ်ခွင့်မပေးလို့ သမီးကတော့ ဒေါသဖြစ်မိတယ်။ သမီးဘာသာ ကောင်းကောင်း ဆိုးဆိုး ကိုယ့်ဟာကိုယ် ရပ်တည်ကြည့်ချင်တယ်။ သမီးကို မယုံတာ သိပ်မုန်းတယ်။ သမီး ဘာဆက်လုပ်ရမလဲ။

သမီးခင်၊ ဟသာ်ာတ။

ဒီကိစ္စ ဖြည်းဖြည်း ဖြေရှင်းရမှာပါ။ ခင့်ယောကျ်ားက ဖုန်းနဲ့ ဆက်သွယ်နေဆဲဆိုတာက ခွန်အားပါပဲ။ နှစ်ယောက်ကြားမှာ မေတ္တာခန်းခြောက်မသွားဖို့က အရေးကြီးပါတယ်။ ဒီခေတ်ကြီးမှာ လူတစ်ယောက်ကို လှောင်အိမ်ထဲထည့်လှောင်ထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တစ်နည်းနည်းနဲ့ အဆက်အသွယ်လုပ်ကြပါ။



စိတ်မလျှော့ပါနဲ့။ နှစ်ယောက်တွေ့ပြီဆိုတဲ့အခါ ဘယ်လို ရှေ့ဆက်ကြမယ်ဆိုတာ ထပ်ပြီး တိုင်ပင်ပါ။ ယောက္ခမအိမ်မှာ နေရတာ အမြဲမှ မဟုတ်ဘဲ။ တဖြည်းဖြည်း အဆင်ပြေအောင် လုပ်ရင် ရတာပဲ။ လောကကြီးမှာ ကိုယ့်ဆန္ဒချည်းပဲ မဖြစ်နိုင်ဘူးလေ။ အခြေအနေပေးသလို အလိုက်သင့်နေကြရတာပါပဲ။ အဲဒါကို သည်းခံလိုက်ပါ။

*

(၂၁၂)

□ သမီး အန်တီနှင်းကို တိုင်ပင်ပါရစေ။ သမီးဟာ ယောကျ်ားတိုင်းကို အထင်မကြီးတတ်သူပါ။ သမီးကို မြင်သွားတာနဲ့ ယောကျ်ားတိုင်းလိုလို စွဲလမ်းသွားကြပါတယ်။ သမီးက သူတို့ကို ဂရုမစိုက်ဘဲ ခပ်တည်တည်နေပါတယ်။ ဒါပေမဲ့ သမီးကို တချို့က မာနကြီးတယ်လို့ ပြောကြတယ်။ သမီးမှာ မာနတို့ အတ္တတို့တော့ ရှိပါတယ်။ ဒါပေမဲ့ သမီး မာနတို့ အတ္တတို့ မကြီးတတ်ပါဘူး။ နောက်ကျတော့ သမီး စိတ်ဝင်စားသူ ပေါ်လာတယ်။ သူက သမီးအစ်ကို သူငယ်ချင်းပါ။ သူက သမီးကို ရယ်ရယ်ပြပါတယ်။ နောက်ကျတော့ သမီးကို မရယ်ပြတော့ဘူး။ သမီး သိပ်ခံစားရတယ်။ သူနဲ့မှ သမီးရဲ့ မာနတွေ၊ အတ္တတွေ လုံးဝ မရှိတော့ဘူး။ နောက်တော့မှ သူ့မှာ ရည်းစား ရှိနေတာ သိရတယ်။ သမီး သိပ်ကို ကြေကွဲရပါတယ်အန်တီနှင်းရယ်။ သူငယ်ချင်းတွေနဲ့ တိုင်ပင်တော့ မေ့လိုက်ပါတော့တဲ့။ သမီးက သူ့ကို မုန်းမှ မမုန်းဘဲ။ ဘယ်လိုလုပ် မေ့ရမှာလဲ အန်တီနှင်းရယ်။ ယောကျ်ားလေးတစ်ယောက်က အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



မကျမချင်း မိန်းကလေးတွေ ကြိုက်နိုင်တယ်ဆိုတာ ဟုတ်လား ဟင်။ သူက ရည်းစားရှိတယ်ဆိုတော့ သမီးက ကြိုက်ပိုင်ခွင့် ရှိဦးမလား။ ချစ်ပိုင်ခွင့်ရှိတယ်ဆိုရင် သူ သမီးကို ပြန်ချစ်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဖြေကြားပေးပါနော်။ သူကြိုက်တဲ့ အစ်မကလည်း နောက်တစ်ယောက်ပြောင်းသွားပြီလို့ သတင်းကြားပါတယ်။

ခင်၊ ညောင်လေးပင်။

ယောကျ်ားလေးတစ်ယောက် အိမ်ထောင်မကျမချင်း ကြိုက်ပိုင်ခွင့်ရှိတယ်ဆိုတာ ဟုတ်တာပေါ့။ ကြိုက်တာကတော့ ဘယ်သူဖြစ်ဖြစ် ကြိုက်ခွင့်ရှိတာပဲလေ။ ဒါက လူ့သဘာဝကိုး။ ခက်တာက အဲဒီ ကြိုက်နေတာကို ထုတ်ဖော်ရေးပဲ။ သူ့ကို ကြိုက်ပါတယ်လို့ ထုတ်ဖော်လိုက်ရင် ဘာဖြစ်လာမလဲ။ ရလဒ်ကို စဉ်းစားရအောင်။ သူ ပြန်ကြိုက်မလား။ မသေချာဘူး။ မသေချာရင် မလုပ်တာကောင်းတာပေါ့။ နို့မဟုတ်ရင် ပြောမိတာ အဖတ်တင်နေမယ်လေ။ တခြား ဂုဏ်သိက္ခာတွေဘာတွေ အသာထား၊ မသေချာတာလုပ်မိရင် အရှုံးပေါ်မယ်။ အဲဒါကြောင့် အရှုံးဖြစ်မယ့်ကိစ္စကို မလုပ်ကြတာပေါ့။ နောက်တစ်ခုက သူ့မှာ ချစ်သူရှိနေမှန်းသိရက်နဲ့ ဘာဖြစ်လို့ သွားထုတ်ဖော်မလဲ။ ကိုယ်ချင်းမစာသင့်ဘူးလား။ သူလည်း သူ့ချစ်သူကို ချစ်မှာပဲ။ ကိုယ့်ချစ်သူကို သူများလာလုရင်ကော ခံနိုင်သလား။ ဒါပါပဲကွယ်။

*



(၂၁၃)

❐ ကျွန်တော်တို့နိုင်ငံမှာ မောင်နှမ တစ်ဝမ်းကွဲချင်း ချစ်ကြိုက်တာကို ဘာဖြစ်လို့ အပြစ်တင်ရှုတ်ချ သဘောမတူကြတာလဲ။ သေသေချာချာတွေးကြည့်လေ အဖြေက အဝေးရောက်လေပဲ။ အန်တီမေနှင်းကို ဘာဖြစ်လို့ ရင်ဖွင့်နေရသလဲဆိုတော့ ကျွန်တော်လည်း တစ်ဝမ်းကွဲချင်း ပြန်ကြိုက်နေလို့ပါ။ သူမကို ဘယ်သူနဲ့မှ မတူအောင်ချစ်ပါတယ်။ မေမေနဲ့တော့ နှိုင်းလို့မရဘူးပေါ့။ ၁၅၀၀ ပြည့်ဖို့ ဘယ်အချက်တွေနဲ့ ပြည့်စုံရန်လိုအပ်ပါသလဲ။ သူမကို ကိုယ့်မူပိုင်ဖြစ်ချင်တာနဲ့ပဲ လုံလောက်သွားပြီလား။ ကျွန်တော်တို့နှစ်ယောက် လမ်းစပျောက်နေပါတယ်။ ဘာဆက်လုပ်လို့လုပ်ရမှန်း မသိတော့ပါဘူး။ ဒါကြောင့်မို့ မေနှင်းက လူကြီးတစ်ယောက်အနေနဲ့ စဉ်းစားပေးပါ။ လမ်းခွဲလိုက်ကြဆိုတဲ့ အကြံဉာဏ်ကလွဲပြီး ကျန်တဲ့ အကြံဉာဏ်တွေကို ရယူရန်အသင့်ပါပဲ။ ဝမ်းကွဲချင်း လက်ထပ်လို့ရလာတဲ့ကလေးက ဉာဏ်ထိုင်းတယ်ဆိုတာ ဟုတ်ပါသလား။

အောင်မျိုးဇော်၊ ရန်ကုန်။

✧ ဒီမေးခွန်းကို အရင်ကလည်း ဖြေဖူးပါတယ်။ လူတွေ အပြစ်တင်တာ၊ ရှုတ်ချတာက ခံနိုင်ရည်ရှိရင် ပြီးတာပဲ။ မယူကောင်းဘူးဆိုတဲ့ ဥပဒေလည်း မရှိပါဘူး။ ယူထားတဲ့လူတွေလည်း ရှိနေတာပဲလေ။ စဉ်းစားရမှာက ဟိုဘက်ဒီဘက် မိဘတွေ ဘာပြောမလဲ။ အကြီးအကျယ် စိတ်ထိခိုက်ကြမယ်ဆိုရင် စွတ်မလုပ်သင့်ဘူးပေါ့။ တခြား ပတ်ဝန်းကျင်၊ ရပ်ရွာလူထု အထောင်အမြင်ထက် မိသားစုတွေ၊ အထူးသဖြင့် မိဘတွေ ဘယ်လို ခံစားရမလဲဆိုတာကိုတော့ ဂရုစိုက်ရပါလိမ့်မယ်။ မောင်နှမ

www.burmeseclassic.com

www.burmeseclassic.com



အရင်းတွေ စိတ်ဝမ်းကွဲပြီး ဆွေဖြတ်မျိုးဖြတ် ဖြစ်တာမျိုးလည်း မကောင်းဘူးပေါ့။ နောက် အရေးအကြီးဆုံးက 'တကယ် တည်မြဲတဲ့၊ အစားထိုးမရတဲ့ အချစ်' နဲ့ ချစ်နေမိသလား ဆိုတာ ပါ။ ဒါကို ဘာကြောင့်ပြောရလဲဆိုရင် လူဆိုတာ အချိန်နဲ့အမျှ ပြောင်းလဲတတ်ပါသေးတယ်။ အရင်က သိပ်ချစ်တယ် ထင်ခဲ့ တဲ့လူကို အခု ချစ်ချင်မှ ချစ်တော့တာပါ။ မယုံချင်စရာကောင်း လောက်အောင် ပြောင်းလဲသွားတတ်ပါတယ်။ ဒါကြောင့် အရင်မလိုစေချင်ဘူး။ မောင်နှမအချစ်နဲ့ ဆက်ချစ်နေရင်း ဘြော် ငါအရင်က ငါ့ညီမလေးကို သံယောဇဉ်ကြီးခဲ့ရုံပါလို့ ထင်လာ ပါလိမ့်မယ်။ သံယောဇဉ်ကို ဘဝဖော်အထိ ခံစားသွားတာမျိုး လည်း ရှိနိုင်တာမို့ အချိန်စောင့်ပါလို့ ပြောပါရစေ။

*

(၂၁၄)

*ရည်းစားဘဝမှာ တခြား မိန်းမတစ်ယောက်နဲ့ ကျူးကျူးလွန် လွန်ဖြစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ဘဝလက်တွဲဖော် အဖြစ် ရွေးချယ်သင့်ပါသလား။ အဲဒီယောကျ်ားဟာ လက်ထပ် ပြီးတဲ့အခါမှာ အဲဒီအမူအကျင့်တွေ ရှိနေနိုင်ပါသလား။ ပျောက် သွားနိုင်ပါသလား။ အစ်မ မေနှင်း ကူညီစဉ်းစားပေးပါဦး။*

*သူနဲ့ ညီမက ရည်းစားသက်တမ်း ၄ နှစ် ရှိပါပြီ။ ညီမကိုယ် တိုင် ရန်ကုန်မှာ အလုပ်လုပ်ဖို့ လွတ်လိုက်ရာက အလုပ်ထဲမှာ အနေနီးပြီး ငြိကြတာပါ။ သူကတော့ သူမူးနေလို့ မှားတာပါ တဲ့။ နောက် မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်။ အဲဒီ ကတိကိုလည်း ယုံကြည်သင့်ပါသလား။*



*ညီမက သူ့ထက် အသက် ၅ နှစ်ပိုကြီးပြီး ဝင်ငွေက ငါးဆ ပိုသာပါတယ်။ ညီမ သူ့ကို မယူရင် တခြားမိန်းမတစ်ယောက် ကို သူ ယူတော့မယ်လို့ ပြောလာပါတယ်။ အဲဒါ ညီမ ဘာလုပ် သင့်သလဲဆိုတာကို အစ်မမေနှင်းအနေနဲ့ အကောင်းဆုံး စဉ်းစားပေးပါနော်။ ညီမအိမ်က သူနဲ့ လုံးဝ သဘောမတူပါ ဘူး။ အစ်မမေနှင်းရဲ့ အဖြေများကို နှစ်ခြိုက်သဘောကျပြီး အစ်မမေနှင်းကို လေးစားနေတဲ့...။*

သရဖူ အမြဲတမ်းပရိသတ်
MC၊တောင်ကြီး

◆ သာမန်အားဖြင့် ပြောရရင်တော့ ဒီအတွေ့အကြုံမျိုးကို ယောကျ်ားတိုင်းနီးပါး ရှိကြပြီးသားပါ။ အတွေ့အကြုံ လုံးဝ မရှိသေးတဲ့လူ ဆိုရင်တောင် သူတို့အချင်းချင်း ရယ်ပွဲဖွဲ့ကြ သတဲ့။ ဆိုလိုတာက ဒါဟာ ယောကျ်ားလေးတွေအဖို့ သိပ် အရေးမကြီးဘူးပေါ့။ ကိုယ်နဲ့ကျရင်ကောဆိုတော့ ဆက်လုပ် ချင်လည်း လုပ်ဦးမှာပဲ။ ဘယ်သူမှ တာဝန်မခံနိုင်သလို သူ ကိုယ်တိုင်လည်း တာဝန်မခံနိုင်ပါဘူး။ ဒါကို ကိုယ်က ခွင့်လွှတ်နိုင်သလား၊ အဲဒါပဲ စဉ်းစားပါ။ သူ့ကို ကတိတောင်း မနေနဲ့။ ကိုယ် ခွင့်လွှတ်နိုင်ရင် ပြီးရောပေါ့။ ညီမ သူ့ကို မယူရင် တခြားတစ်ယောက်ကို ယူတော့မယ်ဆိုတဲ့ စကားကို တော့ စဉ်းစားရမယ်။ သူက မိန်းမယူချင်နေတာ။ ဒီသဘော လား။ ကိုယ် အခု ယူနိုင်မယ်ဆိုရင် ယူကြရုံပဲ။ ဒီကိစ္စက သူ့ကို ယုံတာ၊ မယုံတာထက် ကိုယ့်ယူနိုင်၊ မယူနိုင်က အရေး ကြီးပါတယ်။ သူ့ကို မဆုံးရှုံးချင်ဘူးဆိုရင် ယူရမှာပဲ။ သူက ယူဖို့ အဆင်သင့်ဖြစ်နေတာကိုး။ ကိုယ်နဲ့ယူပြီးမှ တခြားမှာ

www.burmeseclassic.com

ဖောက်ပြန်နေမလား စိုးရိမ်နေရင်တော့ မယူနဲ့ပေါ့။ မဖောက်ပြန်ဘူးလို့တော့ ဘယ်ယောကျ်ားပြောပြော မယုံပါနဲ့။ အဲဒါအဖြေပါပဲ။

*

(၂၁၅)

သမီးကို ချစ်တယ်လို့ ပြောတဲ့ အစ်ကိုတစ်ယောက်ကို မချစ်နိုင်ဘူးလို့ ပြတ်ပြတ်သားသား ပြန်ပြောခဲ့ပေမဲ့ သူ သမီးကို လုံးဝ လက်လျှော့မသွားဘူး။ နောက်တော့ ချစ်သူတစ်ယောက်လို မချစ်နိုင်ရင်တောင် ခင်မင်ခွင့်ပေးပါဆိုလို့ သမီးသူ့ကို အစ်ကိုတစ်ယောက်လို ခင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ သမီးကို အမြဲတမ်း မျှော်လင့်နေတယ်။ အစ်ကိုတစ်ယောက်လို ခင်တယ်လို့ ပြောခဲ့လို့ ဒီထက်လည်း ပိုလာနိုင်တယ်ဆိုပြီးတော့များ မျှော်လင့်နေသေးတာလား အန်တီ။ သမီးဘက်ကတော့ အစ်ကိုတစ်ယောက်ထက် မပိုတာ သေချာတယ်။ ဒီလိုငြင်းရတာ သမီးမှာ ချစ်သူရှိလို့တော့ မဟုတ်ပါဘူး။ အန်တီပြန်လိုက်တဲ့ စာတစ်စောင်မှာ (တကယ်မချစ်ရင် မျှော်လင့်ချက် မပေးဖို့ပါဆိုပြီး) ဖတ်လိုက်ရတယ်။ သမီး သူ့ကို မချစ်ပေမဲ့ ခင်တယ်လို့ ပြောခဲ့တာ သူ့ကို မျှော်လင့်ချက်တွေပေးသလို ဖြစ်သွားသလား အန်တီ။ သူ သမီးကို ချစ်ခဲ့တာ နှစ်နှစ်တောင် ရှိပြီ။ ခင်မင်ခွင့်တောင်းခဲ့တာ သုံးလလောက်ပဲ ရှိသေးတယ်။ အစကတည်းက ချစ်လည်း မချစ်နိုင်ဘူး။ ခင်လည်း မခင်နိုင်ဘူးလို့ ပြောခဲ့ရင် သူ လက်လျှော့သွားလောက်တယ်နော်။ အခုတော့ သူက ခင်ခွင့်သာတောင်းတာ သမီးဆီက အဖြေကို အမြဲတမ်း



မျှော်လင့်နေတော့ သမီးလည်း အနေရခက်တယ်။ သူ့ကိုလည်း အားနာတယ်။ ခင်တယ်လို့ ပြောခဲ့မိတာ မှားသွားလားမသိဘူး အန်တီရယ်။ ရှေ့ဆက် ဘယ်လိုလုပ်သင့်သလဲဆိုတာ စဉ်းစားပေးပါဦးနော်။

T.S.C (Yangon)

✦ ကိုယ်တကယ် မချစ်ရင် အပြတ်ပြောပါ။ ဒါအားနာစရာ မဟုတ်ဘူး။ ပိုက်ဆံချေးရင် ဆုံးရှုံးပဲရှိမယ်။ အချစ်ကိုတော့ ချေးလို့ မဖြစ်ဘူး။ ခင်တာနဲ့ ချစ်တာကလည်း ကွာပါတယ်။ မချစ်ဘူးဆိုတဲ့ လူကိုဆိုရင် သူ့မျက်နှာကို ကြည့်ရင်းနဲ့ စဉ်းစား၊ ချစ်ကို ချစ်မလာဘူး။ သိသာပါတယ်။ ချစ်တဲ့လူဆိုရင် သူကိုယ့်ကို စိတ်ဆိုးနေရင်တောင် ငေးကြည့်ပြီး ချစ်နေဆဲပဲ သိလား။ မေနှင်းက သိပ်ချစ်တတ်ပါလားလို့ မမေးနဲ့။ အဲသလို လူတိုင်းကို မချစ်နိုင်ဘူး။ ဒါကြောင့် အခုမချစ်ရင် နောင်ချစ်လာမှာပဲလို့ မမျှော်လင့်စေချင်ဘူးပြောတာပါ။ ဒီတော့ မချစ်နိုင်ရင် ပြတ်ပြတ်သားသားပဲ ဆက်ဆံပါ။ ခင်ပါတယ် ဘာညာနဲ့ အိစိကလိ လုပ်မနေနဲ့။ အလကား အလုပ်ရှုပ်၊ အချိန်ကုန်တယ်။

*

(၂၁၆)

ဂ သမီးမှာ သိပ်ချစ်ရတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်။ မိန်းကလေးပေမဲ့ သူ့စိတ်က ပုံမှန်မဟုတ်ဘူး။ ယောကျ်ားလေးစိတ် ဝင်နေတာလေ။ သူ့ကို အမြန်ဆုံး မိန်းကလေးစိတ်နဲ့ မိန်းကလေးပုံစံ ပြန်ဖြစ်စေချင်တာ ဘယ်က စပြောရမှန်းမသိလို့ တကယ်လို့

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



*သူလည်း ဒီစာကိုတွေ့ရင် ကောင်းမယ်နော်။*

*သူက သမီးကို ချစ်သူလို ချစ်နေတာတဲ့။ သမီးကတော့ အဲဒီချစ်တာကို ခုတုံးလုပ်ပြီး ဘဝအမှန်ကိုရောက်အောင် လုပ်ပစ်ချင်တယ်။ အားနာလို့။*

*အခုသူနဲ့ အတူနေတဲ့ အမျိုးသမီးကလည်း (သူက တခြား ဘာသာဝင်)သူ့ကို အဲဒီပုံစံပဲ နေစိုင်းတယ်ထင်တယ်။ ဘာမှ လည်း မပြောဘူး။ အကျီတွေလည်း ယောကျ်ားလေးအကျီပဲ ဝယ်ပေးတာ။ အဲဒီ မမကလည်း သူ့ကို သမီးနဲ့ မပေါင်းရဘူး တဲ့။*

*သူ့ကို စိတ်ဆရာဝန်နဲ့ ပြကြည့်ရင်ကောင်းမလားဟင်။ သူ့ကို ဘာလုပ်ပေးလိုက်ရင် မိန်းကလေးပုံစံ ပြန်ဖြစ်သွားနိုင်မလဲ။*

L ဂျာ၊ Mdy

အလကား ဒုက္ခရှာလို့ကွယ်လို့ ပြောရင် ဥပေက္ခာပြုရာများ ကျမလား။ တခြားကြောင့်တော့ ပြောတာမဟုတ်ပါဘူး။ ဒီလို ယောကျ်ားလျာ၊ မိန်းမလျာတွေဟာ ပုံစံပြောင်းသွားတာ မတွေ့ ဖူးလို့ပါ။ သူတို့ မွေးလာကတည်းက ဒီစရိုက်က ပါလာတာ မို့ ဒီဘဝကို သူတို့မက်မောတယ်။ တွယ်တာတယ်။ သူ့ဟာသူ ကျေနပ်တယ်။ ကိုယ်က ဘာလို့ စိတ်ပူစရာရှိလဲ။ ကိုယ့်ကို လာပြီး ပတ်သက်တာကို မကြိုက်ရင် ကင်းကင်းနေလိုက်ရုံပါ ပဲ။ သိပ်ချစ်ရတဲ့ သူငယ်ချင်းတွေဘာတွေ လုပ်မနေနဲ့။ အလုပ် ရှုပ်မခံပါနဲ့။ လူ့ဘဝမှာ လူသားပီသဖို့ လုပ်စရာတွေ အများ ကြီး။ အဲဒီကိစ္စ ဦးနှောက်ထဲက ထုတ်ပစ်ပါ။ သူ့လမ်းသူ လျှောက်ပါစေလို့ ခပ်စိမ်းစိမ်းပဲ ဖြေလိုက်ပါတယ်။

*





(၂၁၇)

□ *အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့ စကား ကြားဖူးပါတယ်။ နောက် တစ်ခါ ချစ်ခြင်းအစ မျက်စိကလို့လည်း ပြောကြပြန်တယ်။ ဒီစကားနှစ်ခု ဘယ်ဟာက သဘာဝကျတယ်၊ မှန်ကန်တယ် ဆိုတာ ရှင်းပြပါခင်ဗျာ။ ကျွန်တော်က ကောင်မလေးချောချော တစ်ယောက်ကို ကြိုက်နေမိလို့ပါ။ မျက်စိက ဆုံးဖြတ်တာ မှားသွားမှာ ကြောက်တယ်လေ။*

သက်ကို၊ GTC မှော်ဘီ။

❖ စကားပုံတွေဆိုတာ သူ့နေရာနဲ့သူ မှန်ကြတာပါပဲ။ အတွေ့ အကြုံပေါ်မှာ မူတည်ပြီး ထားရစ်ခဲ့တဲ့ သီအိုရီတွေပါ။ သီအို ရီတိုင်းဟာ မမှန်နိုင်ဘူးလေ။ ကာလပြောင်းသွားတာနဲ့အတူ သီအိုရီတွေလည်း ပြောင်းကြတာပါပဲ။ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့ စကားပုံကို အဲသလို ရွာပြောင်းသွား တော့မှ ဒုက္ခဖြစ်ရတဲ့ အတွေ့အကြုံက 'သေချင်တဲ့ကျား တော ပြောင်း' လို့ မှတ်ချက်ချခဲ့ပြန်ရော။ အခု အချစ်မှာ မျက်စိမရှိ ဘူးဆိုတာလည်း တကယ့်မျက်စိကို ပြောတာ မဟုတ်ပါဘူး။ ဆင်ခြင်တုံတရားကို ပြောတာပါ။ ချစ်မိပြီဆိုရင် သင့်၏၊ မသင့် ၏ မဆင်ခြင်နိုင်ဘူး။ အချစ်အလိုကိုလိုက်ပြီး လုပ်ချင်ရာ လုပ်တော့တာပဲ။ ဒါကိုပဲ အချစ်ဆိုတာ မျက်စိမရှိဘူးလို့ သီအိုရီထုတ်ခဲ့တာပါ။ 'ချစ်ခြင်းအစ မျက်စိက' ဆိုတာက တော့ တကယ့်မျက်စိကိုပဲ ပြောတာပါ။ မြင်မြင်ချင်း ကြိုက် သွားတယ်ပေါ့။ လှလို့ ဖြစ်ချင်ဖြစ်မယ်။ သေချာတာကတော့ မြင်ပြီး ကြိုက်တာ၊ အသံကြားပြီး ချစ်တာမဟုတ်ဘူး။ ဒီတော့ စကားပုံနှစ်မျိုးလုံးဟာ သူ့ဟာနဲ့သူ မှန်နေပါတယ်။ တချို့က

www.burmeseclassic.com

www.burmeseclassic.com



မြင်လို့ကြိုက်တာ၊ တစ်ခုက ကြိုက်ပြီဆိုရင် ဘာမှ မစဉ်းစား တော့ဘူး။ အဲသလိုပါ။

*

## (၂၁၈)

*လင်မယားကွဲတဲ့ကိစ္စတွေ ခုတလော ကြားနေရပါတယ်။ မိန်းမက ကွဲပါပြီ ကြေညာတယ်။ ယောကျ်ားက မကွဲဘူးတဲ့။ ယောကျ်ားက မကွဲရင် ကွာရှင်းလို့မရဘူးလား။ မိန်းမတွေဟာ ကွာချင်တိုင်း ကွာလို့မရဘူးလား။ ယောကျ်ားတွေကျ နောက် မိန်းမ ယူချင်တိုင်း ယူကြတယ်။ ဒီမမျှတတဲ့ ကိစ္စကြီးကို ကျွန်မ တို့မိန်းမတွေ ဒီအတိုင်း ခံနေကြမှာလား။*

ခင်ခင်ကြီး၊ ရွှေတောင်ကြား။

ဒါတွေအတွက် မပူပါနဲ့။ ဥပဒေတွေ ရှိပါတယ်။ မိန်းမတစ် ယောက်က ယောကျ်ားတစ်ယောက်ကို မပေါင်းချင်တော့ဘူး ဆိုရင် အိမ်က ဆင်းသွားရုံနဲ့တော့ မရပါဘူး။ အိမ်ထောင်စု ဇယား မီးရှို့လိုက်လို့လည်း ဘာမှမဖြစ်ဘူး။ လက်ထပ်စာချုပ် ဖြဲပစ်လည်း ဖြဲတာပဲရှိမယ်။ တကယ် စိတ်ထဲက ပြတ်တဲ့ သက်သေတွေ ပြရပါတယ်။ ဥပမာ ရှာမကျွေးဘူး၊ ဒဏ်ရာ ဒဏ်ချက်ရအောင် ရိုက်နှက်တယ် စသဖြင့်ပေါ့။ အဲသလို ရိုက်နှက်ကြောင်းကိုလည်း လူသက်သေ ပြစရာရှိရပါတယ်။ (ဒီတော့ ရန်ဖြစ်ရင် အသိအကျွမ်းထဲက သက်သေပြစရာ အနားခေါ်ထား) တချို့နိုင်ငံတွေမှာတော့ ကွာရှင်းရေးအတွက် အကြောင်းပြချက် ကြီးကြီးမားမား မလိုပါဘူး။ ဘာလို့ ကွာ ချင်တာလဲလို့ တရားသူကြီးက မေးတဲ့အခါ 'အိပ်နေရင်း



ဟောက်လို့ပါ' လို့ အကြောင်းပြရုံနဲ့ ကွာခွင့်ပြုတာ မှတ်ရဖူး ပါတယ်။ မြန်မာနိုင်ငံ ဓမ္မသတ်ကျမ်းမှာလား ဘာလား မမှတ် မိတော့တဲ့ စာအုပ်ထဲမှာတော့ အဲသလို ကွာချင်လို့ လျှောက် တဲ့အခါ ဘာဖြစ်လို့လဲ မေးတော့ 'အသားမည်းလို့တဲ့' ဒီအခါ တရားသူကြီးက ကွဲမပေးဘူး၊ အသားမည်းတာ 'ခုမှ မမည်း၊ နောင်ကတည်းက မည်းသည်' တဲ့။ ရယ်ရတယ်နော်။ ကောင်း တာကတော့ ညှိနှိုင်းကြပေါ့။ ညှိမရတော့ဘူးဆိုရင်လည်း ကိုယ့်ကိုမှ မချစ်တော့တာ ဘာလို့တွယ်နေရမှာလဲဆိုပြီး လွှတ် ပေးလိုက်ဖို့ ကောင်းပါတယ်။ မချစ်ဘဲနဲ့ ဆက်ပေါင်းနေရရင် သူကော ကိုယ်ကော ဘယ်ပျော်ရွှင်နိုင်ပါ့မလဲနော်။

*

## (၂၁၉)

□ *စာရေးဆရာတွေ ဘယ်လို စာရေးပါသလဲ သိချင်ပါတယ်။ တချို့က ရင်ဘတ်နဲ့ ရေးတယ်တဲ့။ တချို့က ကူးချတယ်တဲ့။ တချို့က စာရေးဖို့ ထမင်းစားတာတဲ့။ ထမင်းစားဖို့ စာရေးတာ မဟုတ်ဘူးတဲ့။ သမီးက စာရေးဆရာမ သိပ်ဖြစ်ချင်တာပါ။ ထမင်းမစားဘဲတော့ မနေနိုင်ဘူး။ သမီးက ထမင်း သိပ်အစား ကြီးတယ်။ သမီး စာရေးဆရာလုပ်ရင် ထမင်းငတ်မှာပေါ့လို့ ဖေဖေက ပြောပါတယ်။ အခုတော့ သမီးဆယ်တန်းဖြေဖို့ ကျူရှင်တက်နေတယ်။ ကျူရှင်မှာ စာစီစာကုံးရေးရင် သမီး သိပ်ပျော်လို့ ဆရာကလည်း သမီး စာစီစာကုံးတွေက သိပ်လှ တယ်။ စာရေးဆရာမလုပ်လို့ ရတယ် ပြောပါတယ် အဲသလို စာစီစာကုံးတော်ရင် စာရေးဆရာဖြစ်လားဟင်။*

ချောဆုမေ၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဖြစ်ဖို့ဆိုတာ ဘာရှိရမယ်ရယ်လို့ ပြဋ္ဌာန်းချက် မရှိပါဘူးကွယ်။ စာရေးချင်တာကို မအောင့်နိုင်လို့ ရေးရင်က နေ ရေးတာများတော့ စာရေးဆရာ ဖြစ်လာကြတာပါပဲ။ စာ ရေးချင်စိတ်ပဲ အခြေခံပါတယ်။ စာစီစာကုံး တော်တာက လေ့လာမှုအားကောင်းလို့ ဖြစ်နိုင်ပါတယ်။ စာစီစာကုံးမှာ အမှတ်များတိုင်း စာရေးဆရာဖြစ်မလာနိုင်ပါဘူး။ စာရေးဆရာ ဖြစ်အောင် ဘယ်သူမှလည်း လုပ်ပေးလို့ မရပါဘူး။ ကိုယ့် ဟာကိုယ် တည်ဆောက်ရတာပါ။ မေနှင်းတို့ကျောင်းမှာတုန်း က 'တက္ကသိုလ်× × ဘယ်သူ ဘယ်ဝါ'ဆိုတဲ့ ကလောင်တွေ အများကြီးပဲ။ ဒါပေမဲ့ ဒီနေ့အထိ စာရေးဆရာဖြစ်အောင် တောက်လျှောက်ရေးလာတဲ့လူ နည်းနည်းလေးပဲ ရှိတယ်။ အများအားဖြင့် ကျောင်းမှာ စိတ်လွတ်လပ်ပျော်ရွှင်ပြီး ပတ်ဝန်း ကျင်ရဲ့ လှုံ့ဆော်မှုလည်းရှိလို့ ရေးဖြစ်ကြပြီး ကျောင်းက ထွက်၊ အလုပ်ထဲရောက်၊ အိမ်ထောင်ကျတဲ့ အခါကျတော့ ဘောလ် ပင်တောင် ဘယ်ထားမိမှန်း မသိတော့တဲ့ 'ကလောင်သေ'တွေ ဖြစ်ကုန်ကြတယ်။ ဒီတော့ စာရေးဆရာဖြစ်ပြီဆိုရင်တော့ ထမင်း မငတ်ပါဘူးကွာ။ မေနှင်းဆိုရင် နေ့တိုင်း ထမင်းသုံးနပ် စားရပါတယ်။ စိတ်မပူနဲ့နော်။

*

## (၂၂၀)

*နှုတ်မဆက်ဘဲ ထွက်ခွာသွားတဲ့ချစ်သူက မှားပါပြီဆိုပြီး ပြန်လာတာကို ယုံရမှာလား။ ခက်တာက ကိုယ်ကလည်း အချစ်မပြယ်ဘူး။ ခွင့်လွှတ်ချင်နေတယ်။ ဒါဆိုရင် သူ နောင်*



*ကျရင် ကမ်းတက်မှာလား။ တစ်ကြိမ်သစ္စာမဲ့တဲ့လူဟာ နောင် လည်း သစ္စာမဲ့မှာပဲလို့ ထင်တယ်။ မတည်ငြိမ်တဲ့သူကို ပြန် လက်ခံပြီး နောက်တစ်ခါဖြစ်ရင် သမီး ခံနိုင်မှာ မဟုတ်ဘူး။ အခက်ဆုံးက သမီး လက်ခံချင်နေစိတ်ပါပဲ။ အဲဒီစိတ်ကို နှိမ် နင်းနိုင်ဖို့ မေနှင်းလမ်းကြောင်းပြပေးပါနော်။*

**စပယ်ဖူး၊ မြိတ်။**

❖ ခွင့်လွှတ်တာဟာ ကောင်းပါတယ်။ မှားမှန်းသိလို့ တောင်းပန် တာဟာလည်း ကောင်းတဲ့အပြုအမူပါပဲ။ နောင်ရေးအတွက် 'ယုံကြည်မှု' ကင်းမဲ့သွားရတာကတော့ မကောင်းဘူး။ ဘယ်တော့လိမ်မလဲ၊ ဘယ်တော့ ပြေးမလဲလို့ စိုးရိမ်နေရတာ အရသာမရှိဘူးပေါ့။ ဒါပေမဲ့ သူ့စိတ်ကို ကိုယ်က အစိုးမရဘူး လေ။ သူ့စိတ်ကို သူကိုယ်တိုင်တောင် မနိုင်လို့ ခုလိုဖြစ်ခဲ့ရ တာကိုး။ ကိုယ်ကလည်း အချစ်မပျက်ဘူးဆိုတော့ လက်ခံ လိုက်ရုံပေါ့။ ဘာကတိမှ တောင်းမနေနဲ့။ ကတိပေးလည်း အပိုပဲ။ သမီးရည်းစားဘဝမပြောနဲ့၊ တရားဝင် လင်မယား တောင်ကွဲကြသေးတာဟာ မမြဲတဲ့သဘောပဲ။ ဒါဟာ သဘာဝ တရားလည်းဖြစ်ပါတယ်။ အကောင်းဆုံးကတော့ ကိုယ်ချစ်တဲ့ လူကို ချစ်ခွင့်ရနေရင် တော်ပြီပေါ့ကွယ်။ ဘယ်အထိ ယုံရမှာ လဲ။ ဘယ်တော့အထိ ချစ်မှာလဲ၊ ဘာမှ မမေးနဲ့၊ ကိုယ်ပိုင်တာ ကိုယ့်စိတ်ပဲ။ ချစ်လို့ရတဲ့ အချိန်အထိ ချစ်ကြတာပေါ့လို့ စိတ် လျှော့ထားလိုက်ပါ။ ရတဲ့အချိန်လေးကို တန်ဖိုးထားပါ။ သူများတွေ ကိုယ့်လောက်တောင် ချစ်သူနဲ့အတူ နေရလို့လား လို့ ဖြေပါ။ ရသမျှ အမြတ်ပဲ သဘောထား၊ ယုံထားလိုက်ရင် ပျော်နိုင်ပါလိမ့်မယ်။ နောင် ပျက်တော့မှ ပျက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## (၂၂၁)

*မေနှင်းရေ မိသားစုပြဿနာလေး တင်ပြချင်လို့ပါ။ သမီးချစ်သူက တစ်ဦးတည်းသောသားပါ။ အမေရှိပြီး အဖေမရှိတော့လို့ သူက သူ့အမေသေတဲ့အထိ အမေကို မခွဲဘူးလို့ပြောပါတယ်။ သမီးကိုလည်း သူ့အမေက သိပ်ပြီး မကြည်ပါဘူး။ သမီးက ဘောင်းဘီဝတ်တယ်၊ ကြိုးတစ်ချောင်းအင်္ကျီဝတ်တယ်။ အဲဒါကို မကြည်တာ။ မိန်းကလေးမပီသဘူးတဲ့။ ဒါဆိုရင် ရန်ကုန်မှာ မိန်းကလေးပီသတဲ့လူ ဘယ်မှာရှိတော့မှာလဲ။ ချစ်သူကလည်း သမီးကို တအားချစ်တာပါ။ အမေသဘောတူအောင် ကြိုးစားပါတဲ့။ သမီးက ဘာမှ ချွတ်ယွင်းချက်မရှိဘဲ ဘောင်းဘီဝတ်တာလေးနဲ့တော့ ဒီလို မပြောသင့်ပါဘူး။ ဒီအတိုင်းဆိုရင် သူ့အမေသေမှပဲ ပေါင်းရမယ့်သဘော ဖြစ်နေတယ်။ မေနှင်းရေ မေနှင်းသာဆို ဘယ်လိုလုပ်မလဲဟင်။*

**ခင်လီမွှာမျိုးမြတ်၊ ရန်ကုန်။**

မေနှင်းသာဆိုရင်လား၊ ဘောင်းဘီချွတ်ပစ်လိုက်မှာပေါ့ ခင်လီမွှာရဲ့။ အောင်မယ်လေး နာမည်က ခင်လီမွှာမို့ပဲနော်။ တယ်မိုက်တာကိုး။ ကိုယ့်ချစ်သူနဲ့ အဆင်ပြေဖို့ ဦးစားပေးပေါ့။ ဘောင်းဘီမဝတ်ရ ဘာဖြစ်လဲကွယ်။ သူမမြင်တဲ့ အခါမျိုးကျတော့လည်း ပြန်ဝတ်လို့ရသားပဲ။ ယောက္ခမလောင်းကြီးဆုံးသွားတဲ့အခါ လူကြိုက်ဝတ်ပေါ့။ ဘာခက်တာမှတ်လို့။ ဘောင်းဘီဆိုတာက နေရာလိုက်ပြီးဝတ်ရတာပဲ။ သေတဲ့အထိ ဆိုတာကြီး မပြောကောင်းပါဘူးကွယ်။ လူကြီးကို စိတ်မဆိုးအောင်နေပြဖို့ လူငယ်တွေမှာ တာဝန်ရှိပါတယ်။ ကိုယ့်ချစ်သူ စိတ်ချမ်းသာရေးကိုလည်း ထည့်တွက်ပါ။ အားလုံးစိတ်ပျော်ဖို့



ဒီဘောင်းဘီကို ခဏခေါက်ပြီး သိမ်းထားလိုက်စမ်းပါ။

*

## (၂၂၂)

□ *'မိန်းမများကို ဦးစားပေးပါ၊ စောင့်ရှောက်ပါ၊ တန်ဖိုးထားပါ' ဆိုတဲ့ စာတန်းကို အမိပတိဘတ်စ်ကားကြီးပေါ်မှာ ကပ်ထားတာမြင်ရလို့ ဒီစာ လှမ်းရေးဖြစ်တာပါ။ အဲဒီစာကို တခြားနိုင်ငံက လူတွေမြင်ရင် မြန်မာနိုင်ငံကလူတွေ(ယောကျ်ားတွေ) ရိုင်းလိုက်တာ၊ စာရေးကပ်ပြီး သတိပေးနေရပါလားလို့ ထင်သွားမှာ စိုးတယ်။ မေနှင်းဘယ်လိုမြင်ပါသလဲ။*

**မြတ်မိုးမိုး၊ ကမာရွတ်။**

◆ ရေးသင့်လို့ ရေးတာလို့ မြင်ပါတယ်။ ဒီလိုရေးတာကိုလည်း ကျေးဇူးတင်တယ်။ မေနှင်းတို့က နှစ်ပေါင်း ၃၀ ကျော် ဘတ်စ်ကားစီးသူဘဝမှာ ကျင်လည်ခဲ့ရတာ။ ၁၉၇၁ မတိုင်ခင်ကဆိုရင် ကားပေါ် စတိုင်လ်လေးနဲ့တက်ရင်း မျက်လုံးဝေ့ ကြည့်လိုက်ရုံနဲ့ ယောကျ်ားတစ်ဦးဦးက နေရာဖယ်ပေးတယ်။ ဦးစားပေးတာလေ။ သင့်ခရဆိုးမတ်ချ်လို့ ပြုံးပြုံးလေးပြောရင်း ဇွေ့ခနဲထိုင်ရုံပဲ။ သူလည်း မကြာခင် ထိုင်စရာရသွားတတ်ပါတယ်။ စီးတဲ့လူနည်းတာကိုး။

၁၉၈၀ ကျတော့ သေဖို့သာပြင်ပေတော့ပဲ။ တိုးတယ်၊ တွန်းတယ်၊ လုတယ်၊ မိန်းမလား၊ လာမပြောနဲ့ ဆရာအောင်သင်းတောင် ဒီကိစ္စရေးဖူးပါတယ်။ ကောင်လေးတွေ ကားပေါ်မှာ နေရာမလုဖို့၊ နာရီဝက်လောက် ဒုက္ခခံရတာကို စိတ်မညစ်ဖို့ပေါ့။ အဆိုးဆုံးက လူကျပ်တာကို အခွင့်အရေးယူပြီး မတော်

www.burmeseclassic.com

www.burmeseclassic.com



မတာရားလုပ်တဲ့ကိစ္စပဲ။ ဒါမျိုး လူတိုင်း ကြုံဖူးလောက်တဲ့အထိ ဖြစ်ခဲ့တယ်။ မေနှင်းငယ်ငယ်ကတော့ ခေါက်ထီးနဲ့ နှက်ပစ်တာပဲ။ ရယ်စရာ ပြောရဦးမယ်။ ရွှေပြည်သာနဲ့ ရန်ကုန်ဆိုရင်တော့ အကြာကြီးမို့ ဘယ်သူပဲဖြစ်ဖြစ် ထိုင်ချင်ကြတာပေါ့။ မေနှင်းလည်း နေရာရဖို့ဆိုရင် ပြေးလုတာပဲ။ တစ်ခါမှာ ရွှေပြည်သာကားထဲ အဲသလို လုတော့ ယောကျ်ားတစ်ယောက်ကလည်း လုတယ်။ ကိုယ်က မြန်တော့ ကိုယ်နေရာရတယ်။ အဲဒါကို သူကမကျေမနပ်နဲ့ 'ကျွန်တော့်မှာလည်း ဖင်ပါတယ်' တဲ့(ကန်တော့နော်၊ ထင်ရှားအောင်ပြောတာ)။ မေနှင်းကလည်း ဘယ်ခံမလဲ၊ 'နှင့်မှာ ဖင်ပါတာ ငါ့လာမပြောနဲ့ နှင့်မိန်းမသွားပြော' လို့ ပြောပစ်တယ်။ အတူပါတဲ့ သူငယ်ချင်းက ရှက်လို့။ အဲသလို ရိုင်းပျတဲ့ ယောကျ်ားတွေရှိနေလေတော့ အခု အဓိပတိက စာရေးတာ သိပ်ကောင်းတယ်။ (နိုင်ငံခြားသားတွေက မြန်မာစာ မဖတ်တတ်ပါဘူးဟယ်)

*

(၂၂၃)

*လူတစ်ယောက်ဟာ အောင်မြင်မှုပန်းတိုင်ကို ရောက်ဖို့အတွက် ဘာလိုအပ်ပါသလဲ။ တချို့လူတွေဆိုရင် လောက သုံးခုလေးခုမှာ အောင်မြင်နေကြတယ်။ အဲဒါမျိုးဖြစ်အောင် ကြိုးစားလို့ ရသလား။ အင်္ဂလိပ်စကားပုံတစ်ခု ကြားဖူးပါတယ်။ 'Jack of all trades,master of none' တဲ့။ အဲဒါကော မှန်ပါ့မလား။ ကျွန်တော်က ကဗျာလည်း ရေးချင်တယ်။ အဆိုတော်လည်း ဖြစ်ချင်တယ်။ ရုပ်ရှင်သရုပ်ဆောင်လည်း လုပ်ချင်တယ်။ ပိုက်ဆံလည်း ချမ်းသာချင်တယ်။ ကုမ္ပဏီပိုင်ရှင်လိုပေါ့။ ရုပ်ရှင်တွေထဲက 'ဒါရိုက်တာလူကြီး' ဆိုတဲ့ အဆင့်မျိုး ဖြစ်ချင်တာပါ။ အဲဒါဆိုရင် ကျွန်တော်ဖြစ်ချင်တာတွေဟာ များလွန်းနေသလား။ ဆွေးနွေးပေးပါခင်ဗျား။*

**အေးအောင်၊ တောင်ကြီး။**

◆ ဒီကိစ္စကို ပုံသေနည်းနဲ့ ပြောလို့မရပါဘူးကွယ်။ တစ်ဦးချင်းရဲ့ အရည်အသွေးနဲ့ပဲ ဆိုင်ပါတယ်။ သူများဖြစ်တိုင်း ကိုယ်မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ကြိုးစားမှုရဲ့ ရလဒ်ကတော့ ရနိုင်စမြဲပါ။ အားလုံး ပထမချည်းဖြစ်ဖို့သာ ခက်တာပါ။ သစ်ပင်များလိုပေါ့။ အပင်ကို အရပ်မြင့်စေချင်တာလား၊ အခက်ဝေစေချင်တာလား။ အရပ်မြင့်စေချင်ရင် ဘေးအကိုင်းတွေ ခုတ်ပစ်ရပါမယ်။ အခက်ဘေးကားစေချင်ရင် အညွန့်ကို ချိုင်ပစ်ရပါတယ်။ အရပ်လည်းမြင့် ဘေးလည်းဝေတဲ့အပင်မျိုး **မရှိမ**ဟုတ်။ ဒါပေမဲ့ ရှားတယ်ပေါ့။ ဒီတော့ ကိုယ့်ဘာသာပဲ **စဉ်းစား**ပါ။ ဘယ်ဟာ ဦးစားပေးမလဲ။ ဦးစားပေးတဲ့ဟာကို **ဇောက်ချ**ပြီး ကျန်တဲ့ဟာကို လျှော့ရမယ်။ ဒီတော့မှ **အချိန်ရော**၊ အင်အားရော ပိုထွက်လာမှာမို့ အဲဒီအချိန်နဲ့ အင်အားကို **ဦးစား**ပေးအလုပ်မှာ ပိုသုံးရမှာဖြစ်ပါတယ်။ ဟိုစပ်စပ်၊ ဒီစပ်စပ်လုပ်ရင်တော့ Master of None ဖြစ်တတ်တာ အမှန်ပါပဲ။ **မေနှင်း**ရဲ့ ကိုယ်တွေ့ပြောရရင် စာရေးဆရာဖြစ်ချင်တဲ့အတွက် **တခြား**ဝန်ထမ်းအလုပ်တွေက ထွက်ခဲ့တယ်။ စာပဲ ဖိရေးခဲ့**တာမို့** စာရေးဆရာအလုပ်နဲ့ ရပ်တည်နိုင်ခဲ့တာပါ။ အဲသလို **တစ်ခုခု**ကိုပဲ ဇောက်ချလုပ်ရင်တော့ မအောင်မြင်တာ မရှိ**ဘူး**လို့ **ပြော**ရဲပါတယ်။ ဝါသနာတွေကို ဦးစားပေး ၁၊ ၂၊ ၃ **အစီအစဉ်**

www.burmeseclassic.com



ချလိုက်ပေါ့။ ၁ ကို ရအောင်လုပ်၊ အချိန်ပိုတော့မှ ၂၊ ၃ ကို လုပ်ပေါ့။ ကဲ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်လာပါစေကွယ်။ (ဆုတောင်းရုံပဲပေါ့နော်)။

*

## (၂၂၄)

*သမီးက တက္ကသိုလ်ကျောင်းသူ တစ်ဦးပါ။ သမီးမှာ ချစ်သူ ရှိပါတယ်။ သူက သမီးကို အရမ်းချစ်ပါတယ်။ သမီးထက် ၆ နှစ်ကြီးတယ်။ သမီးအပေါ် အင်မတန်စိတ်ရှည်ပြီး သည်းခံပါတယ်။ ချစ်သူဖြစ်စက ရိုးရိုးဘွဲ့ရတစ်ယောက်ပါ။ ခုတော့ အရာရှိဖြစ်နေပါပြီ။ သူ ဘယ်ဒေသရောက်ရောက် သမီးဆီ ဖုန်း တစ်ရက်မှ မပျက်ပါဘူး။ စာလည်း အမြဲတမ်းရေးပါတယ်။ သမီး နှစ်သက်တဲ့ အရုပ်တွေ မျိုးစုံဝယ်ပြီး ပို့ပါတယ်။ ဒါပေမဲ့ သမီးက သူ့ကို ဖြတ်ရတော့မှာပါ။ သူစိတ်ပျက်အောင် အမျိုးမျိုးလုပ်တာ မရဘူး။ သူ့ကို စိတ်မဆင်းရဲစေချင်လို့ပါ။ သမီးကို သူ တွယ်တာမနေမှ ခံသာမှာ။ ဘာဖြစ်လို့လဲဆိုတော့ သမီးက နောက် ၆ လလောက်ပဲ နေရတော့မှာပါ။ သမီးမှာ နှလုံးရောဂါရှိနေတာကို ဧပြီလကမှ သိခဲ့ရတယ်။ သမီးကြောင့် သူ စိတ်ဆင်းရဲမှာ စိုးလို့ပါ။ သမီးတို့ ချစ်သူသက်တမ်းက ၄ နှစ်ရှိပါပြီ။ အဲဒါ သမီးကို ကူညီပါ။ သူ စိတ်မဆင်းရဲအောင် ဘယ်လို ပြောခဲ့ရမလဲ။*

**ယွန်းပိုးအိမ်(သုဝဏ္ဏ)**

နေပါဦး၊ ၆ လပဲ နေရမယ်လို့ ဘယ်သူက ပြောတာလဲ။ နှလုံးရောဂါရှိတာနဲ့ပဲ ၆ လ ဖြစ်ရမှာလား။ ကင်ဆာဆို ခန့်မှန်းလို့ ရသေးတယ်။ မဟုတ်သေးပါဘူးကွယ်။ မေနှင်း သိသလောက်က နှလုံးရောဂါဆိုတာ ခွဲစိတ်ကုသလို့ ရပါတယ်။ ဘာဖြစ်လို့ ၆လ ဖြစ်ရမှာလဲ။ ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာနမှာ သေသေချာချာပြပါ။ မေနှင်းမောင်လေးဆိုရင် အဲဒီမှာ ခွဲစိတ်ကုသခဲ့တာ ၁၀ နှစ်လုံးလုံး ဘာမှ ပြန်မဖြစ်ဘူး။ ဆရာဝန်တွေက ကျွမ်းကျင်ကြတယ်။ ဆေးတွေလည်း စွမ်းကြတယ်။ ခွဲဘဲနဲ့ ဆေးသွင်းတာမျိုးတွေလည်း ရှိနေတာပဲ။ ဒီတော့ အဲသလို ဘဝအဆုံးမပြောပါနဲ့။

ချစ်သူကိုလည်း ဖွင့်ပြောပါ။ ဒါဟာ ဖုံးထားသင့်တဲ့ ကိစ္စ မဟုတ်ဘူး။ အတူတူတိုင်ပင်ပြီး စဉ်းစားဆုံးဖြတ်ကြရမှာပါ။ သူ သိသင့်ပါတယ်။ ချစ်သူတွေဆိုတာ ဆိုးတိုင်ပင် ကောင်းတိုင်ပင်တွေပဲ။ အကြံဉာဏ်ရတာပေါ့။ ကူညီမှာပေါ့။ ပိုပြီး ကြင်နာမှာပေါ့။ စိတ်တော့ ညစ်ရမှာပဲလေ။ ဒါပေမဲ့ နှလုံးရောဂါက ကုသလို့မရတဲ့ ရောဂါမှမဟုတ်တာ။ ဒီတော့ အမြန်ဆုံးဖွင့်ပြောပါ။ ဆေးခန်း အတူသွားပါ။ ၆ လ ဆိုတာကြီး ဟုတ်မယ်မထင်ပါဘူး။ တကယ်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ ပြပါ။ ပျော်စရာအဖြေရလာမယ်လို့ ယုံကြည်ပါတယ်။

*



## (၂၂၅)

*သမီးရဲ့ချစ်သူက သမီးကို ချုပ်ချယ်လွန်းပါတယ်။ ဆံပင်ပုံ ကအစ သူပြောသလို ထားရပါတယ်။ ရှိုးပွဲသွားတာလည်း မကြိုက်ဘူး။ သူငယ်ချင်းပေါင်းတာကအစ၊ ဟိုလူနဲ့ ပေါင်းမဲ့ စသဖြင့် ချုပ်ချယ်တယ်။ သမီးက လွတ်လပ်ချင်သူပါ။ ဒီတော့*

www.burmeseclassic.com



*ကိုယ့်အပေါ် ချစ်လို့ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့ ဘဝတစ်ခုလုံးကို စိုးမိုးတာမျိုး သမီးမခံနိုင်ပါဘူး။ လက်ထပ်ပြီးမှဆိုရင် ကလေးယူတာကအစ သူပဲ ဆုံးဖြတ်မှာ။ အဲဒါ သမီးကြောက်တယ်။ သူ့ကိုလည်း ချစ်ပါတယ်။ အဲဒီလွှမ်းမိုးမှုကြီးကို မခံနိုင်တာ၊ ဘယ်လိုလုပ်ရပါ့မလဲ။*

**ဝင်းဝင်း(သာကေတ)**

ချစ်ရင်တော့ အားလုံး ခံနိုင်ပါလိမ့်မယ်။ ဥပမာပြောမယ်။ အလွန်ထက်မြက်တဲ့ စာရေးဆရာမလေးတစ်ယောက်ရှိတယ်။ ဘာမဆို သူကိုယ်တိုင် ဦးဆောင်လှုပ်ရှားပြီး ဌာနဆိုင်ရာက အပ်တဲ့ မဂ္ဂဇင်းတစ်စောင်ကိုတောင် သူ့ဟာသူ ပုံဖော်နိုင်သူပါ။ သူ ချစ်သူရတော့ မေနှင်းက သူ့ကို မေးဖူးတယ်။ အခု လွတ်လွတ်လပ်လပ်နေရတာ ပျော်စရာကောင်းတယ်။ လက်ထပ်ပြီးရင် လွှမ်းမိုးခံရမှာ မကြောက်ဘူးလားလို့။ ဒီတုန်းက သူ ပြုံးနေတယ်။ သူ လက်ဖက်ရည်တစ်ငုံ သောက်တယ်။ ပြီးတော့မှ ခေါင်းကလေးမော့ပြီး ရယ်လိုက်တယ်။ ဘာတွေများ တွေးနေလဲမသိပါဘူး။ ကိုယ်က သူ့ဘာဖြေမလဲ စောင့်နေရတာပေါ့။ နောက်ဆုံးတော့ သူက ရယ်ရင်းပြောတယ်။ 'တစ်ခါတလေတော့ လွှမ်းမိုးတာခံချင်သလိုပဲ' တဲ့။ ပြီးရောပေါ့။ အဲဒါပါပဲ။ ချစ်ရင် သူ ဆရာကြီးလုပ်မှန်း သိသိကြီးနဲ့ ခံလိုက်တာပါပဲ။ အခု အဲဒီစာရေးဆရာမလေးဟာ ကလေးငါးယောက်မွေးပြီးပြီ။ ပျော်လို့ပဲ။ လူ့ဘဝမှာ စိတ်ပျော်ဖို့ အရေးကြီးပါတယ်။ လွှမ်းမိုးစမ်းပါစေကွယ်။

*



(၂၂၆)

□ *ကျွန်တော် ရိုးသေလေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်တော်ဟာ နီယွန်းအိန်(အိမ်)(သာပေါင်း)နာမည်နဲ့ ကဗျာတွေ၊ ဝတ္ထုတိုတွေ ရေးနေသူတစ်ယောက်ပါ။ ကျွန်တော့်ရဲ့ စာမူတွေ မဂ္ဂဇင်းတွေမှာ ပါမလာခဲ့ရင် စာဆက်ရေးချင်စိတ်တောင် မရှိတော့ပါဘူး အန်တီမေနှင်း။ ဒါပေမဲ့လည်း ကျွန်တော် ဝါသနာပါရာ ဒီစာရေးခြင်းကို ဝါသနာပါပါနဲ့ပဲ ဆက်ရေးနေပါတယ်။ ကျွန်တော့်မှာ P.F သူငယ်ချင်းတွေ များစွာရှိပါတယ်။ အနယ်နယ် အရပ်ရပ်ကပါပဲ။ မိန်းကလေး သူငယ်ချင်းတွေက ပိုများပါတယ်။ ယောကျ်ားလေးသူငယ်ချင်းတွေလည်း ရှိပါတယ်။ ကျွန်တော့်မှာ P.F သူငယ်ချင်းတွေများရတာက အပျိုစင်နဲ့ ဖက်ရှင် မဂ္ဂဇင်းတို့မှာ ကျွန်တော့်ရဲ့ လိပ်စာပါလို့ပါ။*

*အန်တီမေနှင်းရေ…*

*P.F သူငယ်ချင်း ကောင်မလေးတချို့က ကျွန်တော့်ဆီကို စာလှမ်းရေး၊ ဖုန်းလှမ်းဆက်နဲ့ နာဂစ်မုန်တိုင်းကြောင့် ကျွန်တော်တို့မြို့ ပါသွားတယ်ထင်လို့ အဆက်အသွယ်လုပ်ကာ မေးမြန်းကြပါတယ်။ စိတ်ပူလို့ ထင်ပါတယ်။ ကျွန်တော့်ကို စာလှမ်းရေးကြတဲ့ P.F ကောင်မလေးတွေထဲမှာ ကျွန်တော့်ကို သံယောဇဉ်အဖြစ်ဆုံးက ဒိုက်ဦးက '…' ဆိုတဲ့ ကောင်မလေးပါပဲ။ သူက စိုးရိမ်စိတ်နဲ့ စာလှမ်းရေးတယ်။ ဖုန်းလည်း လှမ်းဆက်တယ်။ သူက ကျွန်တော့်အပေါ် သံယောဇဉ်တော်တော်ရှိပုံပါပဲ။ သူနဲ့ ကျွန်တော် စာရေးကြရင်း ခင်မင်ခဲ့ကြတာ အခုလဆိုရင် ၇ လလောက်တောင် ရှိတော့မယ်အန်တီမေ*

www.burmeseclassic.com

www.burmeseclassic.com



...။

ကျွန်တော် အခုထိ သူ့ဆီကို ရည်းစားစာလိုလိုစာမျိုး တစ်ခါမှ မရေးဖူးသေးပါ။ သူနဲ့ ကျွန်တော်က တစ်ယောက်နဲ့ တစ်ယောက် ဓာတ်ပုံထဲမှာပဲ မြင်ဖူးကြတာပါ။ သူက အသား ညိုညိုနဲ့ ညိုချောလေးပါ။ ကျွန်တော်က အသားဖြူဖြူနဲ့မို့ သူက ကျွန်တော့်ကို တရုတ်လို့ ထင်နေပါတယ်။ ကျွန်တော်က တရုတ်မဟုတ်တဲ့အကြောင်း စာလှမ်းရေးပါတယ်။ ရှမ်း၊ ဗမာ–ဗုဒ္ဓဘာသာဖြစ်တဲ့ အကြောင်းကိုလည်း စာလှမ်းရေးလိုက်ပြီးပါပြီ။

အန်တီမေနှင်းရေ သူ့ကို ကျွန်တော် သူငယ်ချင်းအဆင့်ထက် ကျော်ပြီး ပိုခင်မင်ချင်တယ်ဗျာ။ နောက်စာတွေကျရင် ရည်းစားစာတွေ ရေးလိုက်မယ်ဆိုလျှင် သူ့ဘက်ကနေ ဘယ်လိုတုံ့ပြန်မလဲဆိုတာ သိချင်ပါတယ်။ ကျွန်တော် သူ့ကို ရည်းစားစာရေးသင့်သလား။ မရေးသင့်သလားကိုတော့ ဝေခွဲလို့ မရပါ အန်တီမေ။ ကျွန်တော့်ရဲ့ ဒီစာလေး မပယ်လိုက်ပါနဲ့နော် အန်တီမေရေ။ ကျွန်တော့်ရဲ့တောင်းဆိုချက်လေးကို ဖြည့်ဆည်းပေးပါလို့ အနူးအညွတ် တောင်းဆိုလိုက်ရပါတယ် ခင်ဗျာ...။

မောင်အောင်နိုင်ဝင်း(နီယွန်းအိန်)

မိတ်ဆက်စာရေးတဲ့ ဓလေ့ကို မေနှင်း အားပေးပါတယ်။ အနည်းဆုံး စာရေးဖြစ်နေတာပေါ့။ ဘာအန္တရာယ်မှလည်း မရှိဘူး။ တခြား အပျော်အပါးတွေနဲ့စာရင် ဒီလို ကလောင်မိတ်ဆွေတွေနဲ့ ခင်ရတာ ပိုကောင်းပါတယ်။ ဓာတ်ပုံလဲကြ၊ စာရေးကြရင်းကနေ အချစ်ဘက်ကို ကူးတာဟာလည်း အဓိပ္ပာယ်ရှိတာပါပဲ။ ဥပမာ ဆရာသော်တာဆွေနဲ့ မေ... ဟာ ဒီလိုပဲ



ကလောင်မိတ်ဆွေက စပြီး နားလည်ခဲ့ကြတာ သေတဲ့အထိ ပေါင်းသင်းသွားကြတယ်။ တခြားဥပမာတွေလည်း အများကြီးပါ။ အရေးကြီးတာက တစ်ဦးကိုတစ်ဦး တကယ်နားလည်ပြီး တကယ်ချစ်ကြဖို့ပါ။ အပျော်အပျက်မျိုး၊ လက်တည့်စမ်းတာမျိုးတော့ မလုပ်စေချင်ဘူးကွယ်။ ကလောင်မိတ်ဆွေဆိုတဲ့ ဂုဏ်ကို ဖျက်ဆီးရာ ကျလိမ့်မယ်။

*

(၂၂၇)

ဝ အန်တီမေနှင်း၊ တစ်ခါမှ မမေးဖူးလို့ မှားတာရှိရင် ခွင့်လွှတ်ပါနော်။ အန်တီမေနှင်းသမီးစာကို အမြန်ဆုံး ပို့ပေးချင်ပါတယ်။ သမီးက ချင်းတောင်ကပါ။ သမီးက စင်ကာပူ သွားမှာမို့လို့ နိုဝင်ဘာလမရောက်ခင်မှာ အန်တီ့ရဲ့စာကို ရောက်စေချင်ပါတယ်။ သမီးချစ်သူနဲ့ ချစ်ကြိုက်ကြတာ ၂ နှစ် ၂ လ ကြာပါတယ်။ သူနဲ့ သမီး အတူတူနေတဲ့အချိန်ဆိုရင် အမြဲတမ်းရန်ဖြစ်ကြတာပဲ။ သမီးက အလုပြုပြင်ရေးသင်ခဲ့တာကို သူက သဘောမတူဘဲ သူနာပြုသင်တန်း တက်ခိုင်းတယ်။ သူက သမီးထက် ၃ လပဲ အသက်ကြီးခဲ့တာပါ။ အဲဒါကြောင့် သူက အစ်ကိုလို့ ခေါ်ပါတဲ့လေ။ သမီးထက် ၃ လပဲ အသက်ကြီးတာ သမီးကတော့ အသက်အတူတူပဲလို့ သမီးမခေါ်ချင်ဘူး။ သူက သိပ်စိတ်ဆိုးတယ်။ ပြီးတော့ သူက သမီးကို ည ဘယ်အချိန်အိပ်တာလဲ၊ နံနက်ဘယ်အချိန် ထတာလဲလို့ မေးတယ်။ ဒါပေမဲ့ ဒီမေးခွန်းတွေ သမီး မဖြေဘူး။ သိပ်မုန်းလို့ပါ။ သူ့ကို မုန်းတာမဟုတ်ဘူးနော်။ မေးခွန်းကို မုန်းတာ။ ပြီးတော့ သူများ

www.burmeseclassic.com



တွေက သူနဲ့မင်းဟာ ချစ်ကြတာလားလို့ မေးရင်လည်း မချစ်ဘူးလို့ ဖြေခဲ့တယ်။ သူက ဒီမေးခွန်းကိုသိတော့ နှင်း မပွင့်လင်းဘူးတဲ့။ သမီး သူငယ်ချင်းတစ်ယောက်က သူ့ကို တစ်ဖက်သတ်ချစ်တယ်။ သမီးနဲ့ စကားပြောရင် ရန်ဖြစ်၊ သူနဲ့ ပြောတော့ ချိုချိုသာသာ ပြောတယ်။ အဲဒါကြောင့် သမီးက မင်းတို့နှစ်ယောက် ချစ်ကြိုက်ကြတာလားလို့ သူ့ကိုမေးတော့ သူက ရယ်ပဲရယ်တယ်။ အန်တီမေနှင်း သူ မှားတာလား၊ သမီးမှားသွားတာလားဆိုတာလည်း သိချင်တယ်။

နှင်းပွင့်ဖြူ(ဖလမ်း)

ကဲပါဟယ်၊ စင်ကာပူသွားမှာ အေးအေးဆေးဆေး သွားစမ်းပါ။ သမီးတို့က 'ငယ်ကျွမ်းဆွေ' တွေပဲ။ စကားပြောရင်း အနိုင်လုကြတာက ထုံးစံပါ။ ကလေးဘဝမို့ပါ။ ချစ်တော့ 'မူ' ချင်တယ်ပေါ့။ ဘာမှ ပြဿနာ ကြီးကြီးမားမား မရှိပါဘူး။ သူက 'အစ်ကို' လို့ ခေါ်စေချင်ရင်လည်း ခေါ်လိုက်ပေါ့ကွယ်။ စကားစပ်မိလို့ပြောရရင် မေနှင်းတောင်မှ မေနှင်းရဲ့ချစ်သူကို 'အစ်ကို' လို့ ခေါ်ခဲ့တယ်။ သူ့ကို အစ်ကိုလို ယုံကြည်အားကိုးလို့ပေါ့။ အစ်ကိုခေါ်ရတာ လူတောထဲလည်း ကြားလို့ကောင်းတာပဲကွယ်။ မောင်ရေ အချစ်ရေ ဆိုတာမျိုးကျ နှစ်ကိုယ်ကြားပဲ ကောင်းတာ။ လူကြားထဲကျတော့ မခေါ်ရဲတာနဲ့ပဲ မခေါ်ဖြစ်တာတွေရှိတယ်။ ဥပမာပြောရရင် လူကြားထဲ စကားပြောချင်တာတောင် မခေါ်ရဲလိုက်တာနဲ့ 'ဟဲ့ ခွေး' လို့ အနားက ခွေးကို ဟောက်လိုက်သတဲ့။ ယောကျ်ားက လှည့်ကြည့်တော့မှ 'ထမင်းစားမယ်' လို့ ပြောရသတဲ့။ အဲသလိုကြီးများ ဖြစ်နေပါဦးမယ်ကွာ။



(၂၂၈)

□ မေနှင်းခင်ဗျား၊ စိတ်ထဲမှာ အစာမကြေတာတစ်ခုရှိလို့ မေးပါရစေ။ မကြာခင်က ဖတ်ခဲ့ရတဲ့ ဆောင်းပါးတစ်ပုဒ်နဲ့ ဝတ္ထုတစ်ပုဒ်မှာ သဘောတရားချင်းတူတဲ့ အယူအဆတစ်ခုကို တွေ့ခဲ့ရပါတယ်။ သူတို့ ဆိုလိုတာကတော့ ဒီခေတ်လူငယ်တွေဟာ သိပ် ညံ့ကြတယ်တဲ့။ အထူးသဖြင့် ဟိုသင်တန်းတက်လိုက်၊ ဒီသင်တန်းတက်လိုက်နဲ့ အောင်လက်မှတ်တွေ တစ်ထပ်ကြီးကိုင်ပြီး အလုပ်လျှောက်တဲ့ အင်တာဗျူးကျတော့ ဘာမှ မဖြေနိုင်ကြဘူးတဲ့။ ပေါ့ပေါ့ဆဆနဲ့ အလေးအနက်မရှိကြဘူးတဲ့။ ဆောင်းပါးက တိတိကျကျရေးပြီး ဝတ္ထုကတော့ သရော်တော်တော် ရေးထားတယ်။ ကျွန်တော် စိတ်မကောင်းဘူးဗျာ။ ကျွန်တော်တို့ သင်တန်းအမျိုးမျိုး တက်ကြရတာဟာ ငွေဖြုန်းတာမဟုတ်ဘူး။ အချိန်ဖြုန်းတာ မဟုတ်ဘူး။ လိုအပ်လို့ လုပ်နေကြရတာပါ။ အလုပ်ရှာရတာ ခက်လွန်းလို့ပါ။ ခုတော့ ကျွန်တော်တို့ကို အလွယ်လိုက်တဲ့လူတွေ၊ လူဖျင်းလူညံ့တွေလို့ မှတ်ချက်ချထားတာ အတော်ခံရခက်ပါတယ်။ မမေနှင်း ပြန်လည်ချေပပေးစေချင်ပါတယ်။

အောင်ကိုကိုသက် (ရန်ကုန်)

❖ ဟုတ်ကဲ့ပါ။ အယူအဆဆိုတာကတော့ တစ်ဦးနဲ့တစ်ဦး ကွဲလွဲကြစမြဲပါ။ စာရေးဆရာတွေ ဝတ္ထုရေးကြတာ၊ ဆောင်းပါးရေးကြတာကလည်း သူတို့ တွေ့ကြုံခံစားရတာတွေအပေါ် သူတို့အမြင်ကို ထင်ဟပ်ပြီး ကောင်းစေချင်တဲ့ စေတနာနဲ့ ရေးကြတာပါပဲ။ သူတစ်ပါးကိုနင်းပြီး နှိမ်ချင်လို့ ရေးကြတာတော့ မဟုတ်ပါဘူး။ အခု အောင်ကိုပြောတဲ့ကိစ္စကို မေနှင်းလည်း

www.burmeseclassic.com



စိတ်ဝင်စားပါတယ်။ ဒီနေ့ လူငယ်တွေ ညံ့နေတယ်လို့ ရေးတာဟာ ရေးတဲ့လူရဲ့ အတွေ့အကြုံ(အထူးသဖြင့် အင်တာဗျူးရဲ့အဖြေ...) ဖြစ်ပါတယ်။ ဒါကို လူငယ်အားလုံး ညံ့နေပြီလို့ မယူဆနိုင်ပါဘူး။ ဒီနေ့မှာ တအားတော်တဲ့ လူငယ်တွေရှိနေတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ တချို့ကလည်း လူတော်တွေ ကုန်ပြီ။ နိုင်ငံခြား ထွက်သွားကြပြီလို့ အော်ဟစ်ညည်းညူကြတယ်။ ဒီအယူအဆကိုလည်း ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပယ်ချခဲ့ပါတယ်။ ဒီအယူအဆကိုဖျက်ပစ်ရမယ်တဲ့။

တကယ်တော့ ဒီနေ့လူငယ်တွေထဲမှာ ဆောင်းပါးဝတ္ထုထဲရေးသလို လူညံ့တွေလည်း အများကြီးရှိတယ်။ လူတော်တွေလည်း အများကြီးရှိတယ်။ ဘယ်ဟာက ပိုများသလဲဆိုတာ သုတေသန လုပ်သင့်ပါတယ်။ ညံ့တာများနေပြီလို့ အဖြေထုတ်နိုင်သလား။ တော်တာများပါတယ်လို့ သက်သေပြနိုင်သလား။ ဒီတော့မှ ကောက်ချက်ဆွဲနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်ဌာနမှာတွေ့တာတစ်ခုတည်းနဲ့ တစ်ပြည်လုံး ဒီလိုဖြစ်နေပြီလို့ မဆုံးဖြတ်နိုင်သလို အင်တာနက်ကဖိုးလောက်ကြည့်ပြီး အားလုံး တော်ကြတယ်လို့ ဆုံးဖြတ်လို့လည်း မရနိုင်ပါဘူး။

မေနှင်းကတော့ အဲသလိုပဲ စဉ်းစားမိပါတယ်။ မှန်တာကတော့ နှစ်ဖက်လုံးမှန်တာပါပဲ။ အနည်းအများကွာတာပါ။ ဒီတော့ အောင်ကိုရေ၊ ညံ့တယ်အပြောခံရတာအတွက် ဝမ်းမနည်းပါနဲ့။ သူတွေ့တာ သူပြောတာပဲလေ။ ကိုယ်က အဲဒီညံ့တဲ့အထဲ မပါအောင် ကြိုးစားရမယ်။ ကိုယ့်ဝန်းကျင်ကလူတွေကိုလည်း ပြောပြစည်းရုံးရမယ်။ အများစု တော်လာအောင်



ပေါ့။ ကိုယ့် အများစုက တော်လာရင် ဘယ်သူမှ ညံ့တယ်လို့ ပြောကြတော့မှာ မဟုတ်ပါဘူးကွယ်။ စိတ်မကောင်း မဖြစ်နဲ့တော့နော်။

*

(၂၂၉)

□ *မေနှင်းရဲ့ အဖြေတွေကို အလွန်ကြိုက်ပါတယ်။ တဖြည်းဖြည်း မေနှင်းရဲ့ စိတ်နေသဘောထားနဲ့ အတွေးအခေါ် ရင့်ကျက်မှုတွေကိုသိလာရလို့ သိပ်လေးစားပါတယ်။ သိပ်လည်း အားကျပါတယ်။ မေနှင်းလို စိတ်ဓာတ်မျိုး ရှိချင်ပါတယ်။ အခု စာရေးရတာက ကျွန်တော့် အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး မေနှင်းရဲ့ အမြင်နဲ့ ဝေဖန်အကြံပြုချက်တွေကို သိချင်လို့ပါ။ ကျွန်တော် အသက် ၄၀ ရှိပါပြီ။ နှစ်ဖက်မိဘ သဘောတူပြီး ပေးစားကြလို့ ဘာသာမတူသူ အမျိုးသမီးနဲ့ လက်ထပ်ခဲ့ရပါတယ်။ မယူခင်မှာ သူနဲ့ကျွန်တော် သေသေချာချာ ညှိနှိုင်းပြီး ယူပြီးရင် သံယောဇဉ်ဖြစ်သွားမယ်ထင်ပြီး လက်ထပ်ဖြစ်ခဲ့ကြတယ်။ သမီးတစ်ယောက် ရပါတယ်။ ၁၃ နှစ်အရွယ် ရှိပါပြီ။ ဒါပေမဲ့ သံယောဇဉ်တွေ တိုးမလာဘဲ အခုချိန်ထိ သူစိမ်းတွေလို ဖြစ်နေပါတယ်။ သူဟာ ကျွန်တော့်အတွက် အဝတ်လျှော်၊ ထမင်းချက်သက်သက်ပါပဲ။ သူက ကျွန်တော့်ကို တစ်ခါမှ မနမ်းဖူးသလို ကျွန်တော်က ချစ်တယ်လို့ ဘယ်လောက်ပြောပြော သူက ချစ်တယ်လို့ တစ်ခါမှ ပြန်မပြောခဲ့ပါဘူး။ ကျွန်တော် နေမကောင်းရင် နဖူးကို မစမ်းဖူးသလို ကျွန်တော် ခရီးသွားပြီး အိမ်မပြန်ရင်လည်း သူ မပူပါဘူး။ ကျွန်တော် ဆန္ဒရှိတဲ့အခါ*

www.burmeseclassic.com



တွေမှာလည်း ဘယ်တော့မှ မလိုက်လျောခဲ့ဘူး။ နှစ်တွေကြာလာတော့ ကျွန်တော် လက်လျှော့လိုက်ရတယ်။ တစ်အိမ်တည်းနေပြီး အိပ်ရာခွဲအိပ်တာ ၇ နှစ်နီးပါး ရှိပါပြီ။ မွေးခဲ့တဲ့သမီးအတွက် ဖခင်တာဝန်ရှိသေးတာမို့ ၁၈ နှစ်ပြည့်တဲ့အထိ ရှာဖွေကျွေးမွေးပါ့မယ်လို့ ပြောထားပါတယ်။ ကျွန်တော်သိချင်တာက

(၁) ကျွန်တော့်မိန်းမဟာ ဘယ်လိုမိန်းမမျိုးလဲ။

(၂) ဒီဘဝမှာ သူ့ဆီက မေတ္တာ အကြင်နာတွေ ရနိုင်ပါဦးမလား။

(၃) တခြား ကျွန်တော့်ကို မေတ္တာထားနိုင်မယ့်သူနဲ့ မတော်တဆတွေ့ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော် ဘာလုပ်သင့်သလဲ။ ဆွေးနွေးပေးပါ မေနှင်း။

H.T(သာကေတ)။

အင်မတန် အန္တရာယ်ကြီးတဲ့ မေးခွန်းပါပဲ။ ဖြေတဲ့သူ နှစ်ဦးသုံးဦးရှိရင် အဖြေ နှစ်မျိုးသုံးမျိုးထွက်မှာ သေချာပါတယ်။ ဒီတော့ မေနှင်းရဲ့ အဖြေကိုလည်း လူကို လေးစားတာနဲ့ အတည်မယူစေချင်ပါဘူး။ တခြားလူတွေရဲ့ အဖြေနဲ့ မတူမှာ သေချာလို့ပါ။ အခုဖြေမယ့်အဖြေဟာ မေနှင်းတစ်ယောက်တည်းရဲ့ အမြင်ဖြစ်ပါတယ်။ လူအများအတွက် မှားမလား၊ မှန်မလား မသိပါဘူး။ ဖြေတာကတော့ ဖြေပါ့မယ်။ လိုက်နာဖို့ မတိုက်တွန်းပါဘူး။

လူဆိုတာ ကိုယ် စိုက်ပျိုးခဲ့တာကို ကိုယ် ရိတ်သိမ်းရတယ်ဆိုတဲ့ စကားပုံတစ်ခုရှိပါတယ်။ ဘယ်သူမပြု မိမိမှုတဲ့။ ကိုယ်လုပ်တာ ကိုယ်ခံရတယ်တဲ့။ H.T က မူလကတည်းက မှားခဲ့



တာ။ မချစ်ဘဲနဲ့ ဘာလို့ လက်ထပ်ခဲ့သလဲ။ မိဘတွေပေးစားတဲ့ 'မှု' ကို မေနှင်းက ဘယ်တော့မှ မထောက်ခံပါဘူး။ မိဘတွေနဲ့ ပေါင်းရတာမှ မဟုတ်တာ။ အဆင်မပြေတော့ ကိုယ်ပဲစိတ်ညစ်ရတာ။ အဆင်ပြေသွားတာတွေရှိရင် အကြောင်းမဟုတ်ပေမဲ့ ခုလို အဆင်မပြေတော့ ဘယ်သူဝင်ပြီး ကူညီစိတ်ညစ်သလဲ။ အချစ်ဆိုတာ ကိုးကွယ်ရာ မဟုတ်ပါဘူး။ ဒါပေမဲ့ အချစ်ဟာ အလွန်အင်အားကြီးပါတယ်။ ခွန်အားဖြစ်ပါတယ်။ တကယ်ချစ်ရင် ဘာကိုမဆို ခံနိုင်ရည်ရှိတယ်။ ဒါကြောင့်လည်း အချစ်ဟာ ကမ္ဘာမှာ မတိမ်ကောတာပေါ့။ အခု H.T ကိစ္စမှာ အဲဒီမိန်းမဟာ ဘယ်လိုမိန်းမလဲဆိုတော့ အချစ်မရှိတဲ့မိန်းမလို့ မြင်ပါတယ်။ လောကကြီးမှာ အချစ်မရှိတဲ့လူတွေ အများကြီးပဲ။ တစ်ခါမှ ချစ်သူမထား၊ အိမ်ထောင်မပြုဘဲ အရိုးထုတ်သွားကြသူတွေ ဒုနဲ့ ဒေးပါပဲ။ အဲသလိုလူမျိုးဆီက ၁၅၀၀ အချစ်ရဖို့ မမျှော်လင့်နိုင်ပါဘူး။ သူ့အပြစ်လည်း မဟုတ်ဘူး။ သူ့မှာမှ အချစ်မရှိတာ၊ ဘယ်ပေးနိုင်ပါ့မလဲ။ ဒီတော့ နံပါတ် ၂ မေးခွန်းကို တစ်ပါတည်း ဖြေပြီးပါပြီ။ နံပါတ် ၃ အတွက်က 'မတော်တဆ' မဟုတ်ဘဲ ကိုယ့်ကိုတကယ်မေတ္တာပေးနိုင်သူရှိရင် လက်ခံရမှာပဲ။ သမီး ၁၈နှစ်ဆိုရင် သူ့ကို ပေးဆပ်ခဲ့တာ အနှစ် ၂၀ ထား။ လူတစ်ယောက်ကို သစ္စာရှိရှိ၊ အနှစ် ၂၀ ပေါင်းခဲ့တယ်ဆိုတာ လုံလောက်ပါတယ်။ တစ်သက်လုံး အလိုမကျခဲ့တာကို သည်းခံခဲ့ရတာမှ ဒါဟာ အပြစ်မဟုတ်တော့ပါဘူး။ လူတစ်ယောက်ရဲ့ ရပိုင်ခွင့်အတွက် လွတ်လပ်မှု ရသင့်ပါတယ်။ သီးခြား လွတ်လပ်စွာနေထိုင်ခွင့်ရသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**(နောက်အိမ်ထောင်ပြုချင်လို့ မဟုတ်ဘဲ ကိုယ့်ဘာကိုယ် စိတ်ချမ်းသာစွာ နေဖို့ပါ) ဒီလိုမဟုတ်ဘဲ သမီးလေးနဲ့နေရရင် ဘဝဟာ ပြည့်စုံတယ်လို့ ခံယူနိုင်ရင်လည်း မကွဲနဲ့ပေါ့။ အိမ်ဖော်ငှားရင် စရိတ် ၄–၅ သောင်း ရှိတယ်လေ။ သမီးကို ဗဟိုပြုပြီး နေကြပေါ့။ အချစ်ကို လိုချင်ပါသေးတယ်ဆိုရင်တော့ သမီးနဲ့လဲရမှာနော်။ အဲဒါလေးတော့ မလုပ်ခင် စဉ်းစားရပါမယ်။**

*

## (၂၃၀)

*ဘဝမှာ အပေါင်းအသင်းဆိုတာ တစ်စိတ်တစ်ပိုင်းတော့ အရေးပါလားဟင်။ အခုဆို ကျွန်တော့်မှာ သူငယ်ချင်းတစ်ယောက်ဆို တစ်ယောက်မှ မရှိဘူး။ ကျောင်းသားဘဝတုန်းက လူတွေနဲ့ ခပ်ရှင်းရှင်းနေခဲ့တဲ့ ကျွန်တော့်ရဲ့ အမှားပါ။ အခုဆို သိပ်အထီးကျန်တဲ့ လူတစ်ယောက် ဖြစ်နေပြီ။ ဘွဲ့လေးတော့ ရပြီးပါပြီ။ မိဘလုပ်ငန်းမှာ ဝိုင်းကူပေးနေပါတယ်။ နေ့ဆို အလုပ်ရှိတော့ ဘာမှ မဖြစ်ပေမဲ့ မိုးရာသီရောက်ရင် အလုပ်အားလို့ အထီးကျန်ပြီး ဒါကို ရှက်လည်းရှက်မိတယ် အန်တီ။ ပွဲတော်ဆို သူများတွေ အဖွဲ့လိုက် အုပ်စုလိုက်သွားလာတာ တကယ် အားကျမိတယ်။ သင်္ကြန်ဆို ပိုဆိုးပေါ့အန်တီရယ်။ ကျွန်တော့် နေရာဝင်ပြီး တွေးကြည့်ပေးစမ်းပါအန်တီရယ်။ ကျွန်တော် လည်း သူတို့လို လူငယ်တွေပါ။ ရှိတဲ့ သူငယ်ချင်း တစ်ယောက်ဆို အခု အဆက်အသွယ်တောင် မလုပ်တော့ဘူး။ ရိုးလွန်းလို့တဲ့။ ကျွန်တော် နားလည်ပေးပါတယ်အန်တီ။*



*ကျွန်တော့်အပေါ် သစ္စာမဖောက်တာ သရုပ္ပဲရှိတော့တယ်။ နိုင်ငံခြား ထွက်ချင်တယ်။ မိဘ လုပ်ငန်းမှာ ဝါသနာမပါဘူး။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့်သာ။ တကယ် စိတ်ညစ်ရပါတယ်။ ဖြေသိမ့်ပေးပါဦး။*

**ဇေယျ (သံဖြူဇရပ်)**

❖ အထီးကျန်တယ်ဆိုတာ ပထမဆုံး မိမိမှာ အခြေခံပါတယ်။ ကိုယ်က သီးသန့်နေခဲ့တာ၊ ကိုယ်က ခပ်ခွာခွာနေခဲ့တာ၊ ဘယ်သူ့ကိုမှ စိတ်မဝင်စားတာ။ အဲဒါတွေကြောင့် သူများကလည်း ကိုယ့်ကို စိတ်မဝင်စားကြတော့တာပါပဲ။ ဒီတော့ အထီးမကျန်ချင်ရင် ကိုယ်ကစပြီး ပတ်ဝန်းကျင်ကို စိတ်ဝင်စားလိုက်ပါ။ ဥပမာ မိုးတွင်းမို့ အထီးကျန်ပါတယ် ဆိုတဲ့ကိစ္စမှာ ရပ်ကွက်ထဲက ရေမြောင်းရှင်းပေးတာမျိုး၊ လမ်းမှာ ချိုင့်ခွက်ဖြစ်နေတာကို ဖို့ပေးတာမျိုး စမ်းပြီး လုပ်ကြည့်စမ်းပါ။ တစ်နာရီလုပ်ရင် တစ်နာရီ အထီးမကျန်တော့ဘူးပေါ့။ မောလာရင် လက်ဖက်ရည်ဆိုင်ဝင်ပြီး ကော်ဖီပူပူလေးတစ်ခွက်သောက်၊ တွေ့တဲ့လူကို ပြုံးပြ၊ လမ်းပြင်တဲ့အကြောင်းပြော၊ စကားပြောဖော်ရလာရော။

ဒါက ဥပမာပြောတာပါ။ ပရဟိတလုပ်ငန်း လုပ်တဲ့လူတွေဟာ ဘယ်တော့မှ အထီးမကျန်ဘူးဆိုတာ ပြောတာပါ။ ကိုယ်က ဘယ်ပတ်ဝန်းကျင်ကိုမှ စိတ်မဝင်စားဘူး၊ လူတွေကိုလည်း နှုတ်မဆက်ချင်ဘူးဆိုရင်တော့ လူတွေကလည်း ကိုယ့်ကို ရှောင်မှာပေါ့။ နောက်တစ်ခုက စာဖတ်တာမျိုး၊ ပန်းချီဆွဲတာမျိုး ဝါသနာပါရင်လည်း အထီးကျန်ဖို့အချိန်တောင် မရှိပါဘူး။ ခုခေတ်မှာ အင်တာနက်သွားမွှေရင် အချိန်ဆိုတာ

www.burmeseclassic.com



လောက်တောင် မလောက်ဘူး။ နိုင်ငံခြားထွက်ချင်တဲ့ကိစ္စမိဘနဲ့ တိုင်ပင်ပါ။ အရွယ်ရောက်ပြီပဲ။ ကိုယ့်ဘာသာ ဆုံးဖြတ်လို့ ရပါတယ်။

*

(၂၃၁)

*သမီးနဲ့သူနဲ့က သူငယ်ချင်းတွေပါ။ သမီးအစ်ကိုနဲ့လည်း အရမ်းခင်ပါတယ်။ သမီးနဲ့လည်း အရမ်းခင်တော့ ရည်းစားမကျ၊ သူငယ်ချင်းလည်း မကပါဘူး။ ဒါပေမဲ့ သမီးကိုလည်း တစ်ခါမှ ရည်းစားစကား မပြောပါဘူး။ သူ့ သူငယ်ချင်းနဲ့ သမီး သူငယ်ချင်းတွေရှေ့မှာတော့ သမီးကို ချစ်သူလို့ခေါ်ပြီး ခင်မင်တဲ့သူတွေကိုလည်း ဒါ ငါ့ချစ်သူလို့ ပြောတယ်။ သမီးကွယ်ရာမှာလည်း ချစ်တဲ့အကြောင်းတွေ ပြောတယ်တဲ့။ သူငယ်ချင်းတွေကတစ်ဆင့် သိရပါတယ်။ သမီးရှေ့မှာတော့ တစ်ခါမှ မပြောပါဘူး။ ဒါ ဘာသဘောလဲရှင့်။ အားလုံးကလည်း သမီးနဲ့သူ့ကို ရည်းစားတွေလို့ ထင်နေကြတယ်။ မဟုတ်ပါဘူးလို့ ဘယ်လိုမှ ရှင်းပြလို့မရဘူးဖြစ်နေတယ်။ မဟုတ်ဘဲနဲ့ အထင်ခံရတော့ ရင်ထဲမှာ အရမ်းခံစားရတယ်။ အဲဒါ သမီး သူ့ကို အရင်ကလိုပဲ ဆက်ခင်နေရမှာလား။*

*ဒါမှမဟုတ် သူငယ်ချင်းအဖြစ်က စွန့်လွှတ်လိုက်ရမှာလား။ ဘာလုပ်သင့်တယ်ဆိုတာ အန်တီမေနှင်း လမ်းညွှန်ပေးပါနော်။*

P.P.C(Kaw Lin)

အချစ်ဆိုတာ နှုတ်က ဖွင့်ဟမှ မဟုတ်ပါဘူး။ ကိုယ်အမူအရာ၊



ကိုယ့်အပေါ် ဆက်ဆံတဲ့ အပြုအမူ အထူးသဖြင့် သူ့မျက်လုံးတွေမှာ မြင်နိုင်ပါတယ်။ ကိုယ့်ကို တွေ့တဲ့အခါ သူ ဘယ်လိုဖြစ်သွားသလဲ။ မထိန်းနိုင်ခင်မှာ မျက်လုံးတွေ လက်သွားသလား။ တစ်ချက်လောက် မြင်ရရင် သေချာတာပါပဲကွာ။ တစ်ချိန်လုံး ချစ်လိုက်တာပြောနေမှ မဟုတ်ပါဘူး။ ဒါပေမဲ့ သေချာချင်ရင်တော့ စမ်းလို့ရပါတယ်။ စမ်းသပ်နည်း အမျိုးမျိုးရှိပါတယ်။ ဒီမှာ ဖော်ပြလို့ မရဘူး၊ ဒါမှမဟုတ် ပွင့်ပွင့်လင်းလင်းမေးလည်း ဖြစ်တာပဲ။ ဒါဟာ ရှက်စရာမှ မဟုတ်တာ။ မချစ်ပါဘူးလို့ သူဖြေရင်လည်း တအုံနွေးနွေး ဓာတ်လမ်းတစ်ခု ပြီးသွားတော့ အေးတာပဲလေ။ သူငယ်ချင်းအဖြစ်ကတော့ စွန့်လွှတ်ဖို့ မလိုပါဘူး။ ကိုယ့်အပေါ် ခင်မင်တဲ့လူဆိုတာ အဖိုးတန်ပါတယ်။ နောက်တစ်ခု ရှိသေးတယ်။ ၅၂၈၊ ၁၅၀၀ အချစ်တွေအပြင် ၉၇၂ အချစ်ဆိုတာပဲ။ ၁၅၀၀ အထိလည်း မရောက်ဘူး။ ၅၂၈ ထက်လည်း ပိုတယ်။ အဲဒါ မကောင်းဘူးလား။ အန္တရာယ်ကင်းပြီး အပြစ်လည်း ကင်းပါတယ်။ ဒီတော့ ဘာမှ လုပ်စရာမလိုပါဘူး။ ပျော်စရာကောင်းလာမှာပါကွယ်။

*

(၂၃၂)

❐ *အခုလက်ရှိဖြစ်နေတဲ့ အကြောင်းအရာတစ်ခုပါ။ ကျွန်တော် အချိန်တိုင်းလိုလို သူ့အနား မရှိနိုင်ပေမဲ့ အချိန်တော်တော်များများ တစ်နေရာက သူ့ကို ကြည့်နေခဲ့တယ်။ ဒီလိုပဲ သွားကြည့်၊ ပြန် (ပြုံးတောင် မပြုံးနိုင်ပါဘူး)နဲ့ ကျွန်တော်စောင့်*

www.burmeseclassic.com



**နေတာ** ဒီညဆိုရင် ၁၈ ရက်နဲ့ ၁၀ လတိတိ ဖြစ်သွားပြီ။ သူ့မှာက သူ ချစ်ရသူရှိတယ်။ စကားသွားပြောဖို့ဆိုတာ တရားပါသလား။ တရားတယ်ဆိုရင်တောင် ကျွန်တော် မနှောင့်ယှက်ဘူး။ ရှုးရှုးမူးမူးနဲ့ ဆယ်ကျော်သက်ကလေး ကျွန်တော် မဟုတ်တော့ဘူး မေနှင်းရဲ့။ ကျွန်တော် အစက ချစ်သူရှိတဲ့သူဆို စူးစမ်းတဲ့အကြည့်နဲ့ပဲ ကြည့်မိတယ်။ သူ့ကျ မှ ထူးတဲ့အသွင်နဲ့ ရှုးရှုးနှမ်းနှမ်း ဖြစ်ချင်နေတယ်။ ဒီနေ့အထိ ဒီနေ့အထိ သူ့အကြောင်း၊ သူ့နာမည် ဘာမှမသိဘူး။ ကျွန်တော် ဖုန်းဆက်ပြီး နာမည်မေးတော့ မပြောဘူး။ 'သိချင်ရင် လူကိုယ်တိုင် လာမေးပါ' တဲ့။ ကျွန်တော် မသွားခဲ့ဘူး။ ခု သူ့ကို စတွေ့တာ တစ်နှစ်ပြည့်တဲ့နေ့ကျရင် 'မျှော်လင့်ချက်မဲ့နဲ့ကောင်က ကိုယ်ပါ' လို့ပြောပြီး အပြတ်အသတ် ကြေကွဲလိုက်တော့မယ်လို့ ကြံရွယ်ထားတယ်။ ဖြစ်နိုင်ရင်တော့ ဘဝတစ်သက်စာအတွက် ကျွန်တော့်အနား သူ့ကို ထားချင်တယ်။ ခက်တာက ကျွန်တော် ကြေကွဲရင် သူတို့ပျော်ရ၊ ကျွန်တော်ပျော်ရရင် သူတို့ မျက်ရည်မဲ့စွာ ငိုရမှာစိုးတယ်။ ကျွန်တော့်အကြောင်းက ဒီလောက်ပါပဲ။ ဘာလုပ်ပါလို့ရေးတဲ့ အကြံပေးချက်ထက် ဘာလိုအပ်တယ်၊ မျှော်လင့်နိုင်တယ်ဆိုတဲ့ သုံးသပ်ချက်မျိုး ကျွန်တော် ဖတ်ချင်တယ်။ ခွန်လတုန်းက ပါလာတဲ့ 'ချစ်ဒုက္ခ ယာယီပါပဲ' ဆိုတဲ့အတွက် အဲဒီ ယာယီဆိုတာက ကျွန်တော့်အတွက် တစ်နေ့၊ တစ်မိုး၊ တစ်ဆောင်း ပြောင်းပြီးလည်း မှတ်သုံလေ ဆက်လက်အားကောင်းနေတယ် မေနှင်းရဲ့။

**ရန်ပြေ၊ ရန်ကုန်။**

ခင်ရယ် ချစ်ဒုက္ခက ပိုဆိုးပါတယ်ဆိုတဲ့ သီချင်းရှိတယ်။ ကိုယ်



ချစ်မိတဲ့လူက ပြန်မချစ်ရင် ဒုက္ခဖြစ်ကြရတာပါပဲ။ ဒီဒုက္ခ**ဟာ** 'ယာယီ' လို့ ပြောရတာကတော့ သေတဲ့အထိ ခံစားမသွား**ကြ**ပါဘူးလို့ ပြောတာပါ။ ဝင်းဦး ရေးခဲ့တဲ့ ဝတ္ထုတစ်ပုဒ် **အမှတ်ရ**နေတယ်။ သူ တစ်ချိန်က အရူးအမူး စွဲလမ်းခဲ့ရတဲ့ **မိန်းမတို**နောင် ပြန်တွေ့တဲ့အခါ ဟင် ဒါကြီးများ ငါကြိုက်မိခဲ့**တယ်**ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားလို့ ပြန်တွေးမိသတဲ့။ **မေနှင်း**ကိုယ်တိုင်လည်း ကြုံဖူးတာပါပဲ။ တစ်ချိန်က ချစ်တယ်**ထင်ခဲ့**မိတဲ့လူကို၊ အခုအခါမှာ အောင်မယ် အလကားဟာ**ကြီးလို့**ထင်မိတယ်ကွယ့်။ တကယ်ပြောတာ။ ဒါက မရခဲ့ရင် **ဖြေသိမ့်**ဖို့ပေါ့နော်။

ဘာလိုအပ်တယ်၊ မျှော်လင့်နိုင်တယ်ဆိုတဲ့ သုံးသပ်**ချက်တ**တော့ လူတစ်ယောက် လက်ထပ်မသွားသေးသရွေ့ **မျှော်လင့်**နိုင်တာပဲလေ။ ဘာလိုအပ်တယ်ဆိုတာကျ ကိုယ့်ဘက်က **ချစ်**နေကြောင်း အသိပေးဖို့ပဲ။ ဒီလို လုပ်နိုင်တဲ့အခွင့်အရေး **ရှိပါ**တယ်။ လုပ်ခွင့်ရှိတယ်။ သူ့ အနေနဲ့လည်း 'ရွေးချယ်ခွင့်' ရသွားမှာပေါ့။ ဒါ ကျိန်းသေ မပြောနိုင်ဘူး။ အိမ်ထောင်**ရှိသူ**မဟုတ်လို့ သူလည်း ရွေးချယ်ခွင့်ရှိတာပဲ။ မတရားတာ **မဟုတ်**ပါဘူး။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုတဲ့စကား **ဟုတ်**လောက်တယ်။ ဒီတော့ ကိုယ့်ဘက်က အသိပေးပြီး **မရတော့**လည်း ကြေကွဲရင်း မျှော်လင့်နေပေါ့ကွယ်။ တဖြည်း**ဖြည်း**အနာကျက်သွားမှာကတော့ အသေအချာပါပဲ။ **မသေနိုင်ပါ**ဘူးကွာ။

*

www.burmeseclassic.com

www.burmeseclassic.com



(၂၃၃)

မီအသက်က ၂၄ နှစ်ထဲမှာပါ။ မီဘဝမှာ အရာတော်တော်များများကတော့ အတိုင်းအတာတစ်ခုလောက်အထိ ပြည့်စုံစွာနေခဲ့ရသူပါ။ မီက ပျော်ပျော်နေတတ်ပြီး လူတိုင်းနဲ့လည်း အဆင်ပြေအောင်နေတတ်တော့ ရောက်လေရာအရပ်မှာ ခင်တဲ့လူတွေ ပေါပါတယ်။ ဒါပေမဲ့ လိုနေတာ တစ်ခုပဲရှိတယ်။ အဲဒါ ချစ်သူပေါ့။

သူများတကာတွေ ချစ်သူနဲ့ ပျော်ရွှင်ကြည်နူးနေသလို မီလည်းပဲ ပျော်ချင်ပါတယ်။ အခုတော့ အိမ်နဲ့ အလုပ်တွေနဲ့ပဲ တစ်နေ့တာ အချိန်ကုန်နေရပါတယ်။ ကြာလာတော့ မီဘဝကြီးဟာ ပျင်းစရာ ကောင်းလာသလိုပဲ။ နွေးထွေးကြင်နာမှုတွေပေးတဲ့ မိဘမောင်နှမတွေ ပတ်ဝန်းကျင်မှာ ရှိနေပေမဲ့ မပျော်ပါဘူး။

သူများတကာတွေလို ချစ်သူရဲ့ ဂရုစိုက်မှု၊ ကြင်နာမှုတွေကို ရချင်တယ်။ အခုချိန်ထိ မီကို ဟုတ်တိပတ်တိ ချစ်မယ့်သူလည်း တစ်ယောက်မှ မရှိသေးပါဘူး။ လိုက်တဲ့သူလည်း မရှိပါဘူး။ စန်းမပွင့်လို့လားတော့ မသိဘူးနော်။

သူငယ်ချင်းတွေဆို အိမ်ထောင်ကျတဲ့သူကျ၊ ရည်းစားရတဲ့သူ ရနဲ့ ရည်းစားမရှိတဲ့ မီကို လှောင်ချင်ကြတယ်။ မီထက်နိမ့်တဲ့သူတွေတောင် သူ့ဟာနဲ့သူ ကြိုက်မယ့်သူ၊ လိုက်မယ့်သူတွေရှိနေကြတာ။ မီက ရုပ်ရည်ရော၊ စီးပွားရေးပါ အသင့်အတင့်ရှိပါလျက်နဲ့ မစွံတော့ မီကိုယ်မီ ယုံကြည်ချက်တွေကင်းမဲ့ပြီး အားငယ်လာသလို ခံစားရတယ်။ သူငယ်ချင်းတွေကြားမှာလည်း တခြားကိစ္စတွေမှာ သာပေမဲ့ 'ရည်းစား' မရှိဘူးလား၊ နင့်ကို အခု ဘယ်သူကြိုက်နေလဲ' ဘာညာ မေးရင်



အရမ်း မျက်နှာငယ်ရတာပဲ။ မရှိတာကို လုပ်ဇာတ်ခင်းပြီး မီလည်း မပြောရဲဘူး။

မီ၊ ကျိုက်ထို။

❖ ချစ်သူမရှိလို့ မျက်နှာငယ်ရတယ်ဆိုတဲ့ စကားကို မေနှင်းသဘောမကျပါဘူး။ ချစ်သူမရှိလို့ ပျင်းစရာကောင်းတယ်ဆိုတာ လက်ခံပါတယ်။ မျက်နှာငယ်တယ်ဆိုတာတော့ လုံးဝလက်မခံပါဘူး။ မျက်နှာငယ်တယ်ဆိုတာ ဘာလဲ။ သူများတွေမှာ ရှိတဲ့ဟာ ကိုယ့်မှာမရှိလို့ ဟုတ်လား။ ချစ်သူဆိုတာ 'ပစ္စည်း' တစ်ခုမှ မဟုတ်တာ။ ဝယ်လို့မရ၊ ရှာလို့မရတဲ့ဟာပဲ။ အလိုလိုဖြစ်ပေါ်တဲ့ အမျိုးပဲ။ ဒါကို မရကောင်းလားလို့ အပြစ်တင်စရာမဟုတ်သလို မျက်နှာငယ်စရာလည်း မဟုတ်ဘူး။ ဒါမရှိလည်း ဘဝမှာ ပွန်းပဲ့မသွားဘူး။ အရေးကြီးတာ 'ဘဝ' ပဲ။

ပိုပြီး အရေးကြီးတာက မိမိစိတ်ပါ။ မိမိစိတ်မှာ အလိုလိုဖြစ်တည်လာတဲ့ အချစ်မဟုတ်ရင်လည်း ဒီအချစ်ဟာ အချစ်စစ် မဟုတ်တဲ့အတွက် စိတ်ချမ်းသာရမှာ မဟုတ်ဘူး။ သူများကို အားမကျပါနဲ့။ အချစ်စစ်နဲ့မတွေ့ရင် စိတ်ညစ်ရမှာ သေချာတယ်။ ဒီတော့ ခုအတိုင်းက ရင်ခုန်လှုပ်ရှားတာတွေ မရှိပေမဲ့ ငြိမ်သက်အေးချမ်းတယ်လို့ ခေါ်ပါတယ်။ ဘဝဟာ ဘာမှ ပူပူလောင်လောင် မဖြစ်ဘူး။ ပြည့်စုံတယ်ဆိုတာ အလွန်ရခဲပါတယ်။ ကိုယ့်ဘဝကို ကျေနပ်ပါ။ သူငယ်ချင်းတွေနဲ့ နေရတာ ပျော်စရာကောင်းသားပဲ။ နောက်တစ်ခုက အခုမှ ၂၄ နှစ်ပဲရှိသေးတာ။ ပေါ်လာဦးမှာပေါ့။ တချို့ဆိုရင် အသက် ၆၀မှာ လက်ထပ်ကြတယ်လေ။ ကြားဖူးတယ်မဟုတ်လား။ မကြားဖူးရင် ရှာဖတ်ပါ။ (ဒါ... ကြော်ငြာဝင်တာ)

www.burmeseclassic.com

www.burmeseclassic.com



(၂၃၄)

*ကျွန်တော်က ဆေး ၂ က ကျောင်းသားတစ်ဦးပါ။ သရုပ္ပ မဂ္ဂဇင်းကို လစဉ် ဖတ်ပါတယ်။ ကျွန်တော်မေးချင်တာကတော့ အရှည်ကြီးဗျ။ ကျွန်တော့်ဘဝဟာ အထီးကျန်တယ်ဗျာ။ ငယ်ငယ်လေးထဲက ကျောင်းသွားရင် ကျွန်တော့်ကို ကျောင်းလိုက်ပို့တဲ့သူ၊ လွယ်အိတ်သယ်ပေးတဲ့သူ၊ ထီးဆောင်းပေးတဲ့သူတွေနဲ့။ အဲလို အနံကြီးကွင်းကျယ်တွေပေါ့ဗျာ။ ဒါကြောင့်လည်း တစ်တန်းလုံးက ကျွန်တော့်ကို အမြင်ကတ်ကြတယ်။ ကျွန်တော် ၉ တန်းမှာ ကျောင်းသားအသစ်တစ်ယောက် ရောက်လာတယ်။ သူက ကျွန်တော့်ဘေးနားမှာ လာထိုင်တယ်။ ကျွန်တော်နဲ့ တအား ရင်းနှီးသွားတယ်။ သူက ဒီဇင်ဘာလောက်မှာ ရန်ကုန်ကို ပြောင်းသွားတယ်။ ကျွန်တော် တအားစိတ်ညစ်တယ်။ ကျွန်တော်နဲ့ တွဲမယ့်လူ မရှိတော့လို့လေ။ ဒါပေမဲ့ ညတိုင်း ဖုန်းပြောဖြစ်တယ်။ ကျွန်တော်တို့ နှစ်ယောက်လုံးမှာ ရည်းစားမရှိဘူး။ ဒီလိုနဲ့ပဲ ကျွန်တော်က သူ့အပေါ်မှာ သံယောဇဉ်တွေ တွယ်လာတာပေါ့။ ကျွန်တော့် ဘဝမှာ ရည်းစားဆိုတဲ့ အချစ်ကို တစ်ခါမှ မခံစားဖူးဘူးလေ။ အဲဒီတော့ ကျွန်တော်က သူ့ကို အစ်ကိုတစ်ယောက်လို၊ ညီတစ်ယောက်လို အရမ်းချစ်တယ်။ သူက ကျွန်တော့်ကို အဲလိုပဲ ချစ်တယ်။ သူက သူ ရည်းစားထားတာတောင် ကျွန်တော့်ကို တိုင်ပင်တယ်။ ကျွန်တော်က ကောင်းတယ်ပြောမှထားတာ။ ညဆို အခုထိ ညတိုင်း message ပို့တယ်။ ညတိုင်း နာရီဝက်ကျော် ဖုန်းဆက်တယ်။ ဒါပေမဲ့ သူက ၂ နှစ်နေရင် အမေရိကကို အပြီးသွားတော့မှာ။ ကျွန်တော် ဘယ်လိုဖြေသိမ့်*



ရမလဲ။

**ရဲကိုကို (ဆေး–၂)။**

❖ ငယ်ငယ်က ဖူးဖူးမှုတ်ခံခဲ့ရလို့ မိုခိုချင်စိတ်နဲ့ နီးရာလူကို တွယ်တာမိတာပါ။ ဒါဟာ တစ်ဘဝလုံးစာ မဟုတ်ဘူး။ တွေ့တဲ့အခါ ခင်ကြ။ ဝေးသွားတော့လည်း သူ့လမ်းသူလျှောက်၊ ကိုယ့်လမ်းကိုယ်လျှောက်ကြရတာပဲလေ။ ဘယ်သူမှ သူများအတွက် အသက်မရှင်ကြပါဘူး။ ဒီသဘာဝသဘောကို အရင်လက်ခံလိုက်ပါ။ ငါလည်း ငါ့လမ်းငါလျှောက်ရမှာလို့ သဘောပေါက်လက်ခံထားပါ။ ဘယ်ဟာမှ အမြဲတမ်း မတည်ဘူး။ လဝန်းဟာ ဆန်းလိုက်၊ ဆုတ်လိုက် ဖြစ်သလိုပဲ။ ဘဝဆိုတာလည်း ပြောင်းလဲနေတာမျိုးပါ။ ကိုယ်က အဲဒီအပြောင်းအလဲဒဏ်ကို ခံနိုင်ရမယ်။

အခုလောလောဆယ် လုပ်ရမှာက စာကိုပဲ အာရုံပြုဖို့ပါပဲ။ စာပြီးရင် တခြား ဘာစိတ်ဝင်စားသေးလဲ။ ရုပ်ရှင်ကြည့်မလား၊ ဂိမ်းဆော့မလား၊ ကွန်ပျူတာ chatting ဝင်မလား၊ အချိန်ဖြုန်းစရာတွေ ဒီခေတ်မှာ များမှများ။ လူတစ်ယောက်ကိုပဲ ငေးမော နေခြင်းကို ပြင်လိုက်ပါကွာ။ အဲဒါဟာ အမြန်ဆုံး ကုထုံးပါပဲ။

*

(၂၃၅)

□ *သမီးမှာ ရည်းစားဦးချစ်သူတစ်ယောက် ရှိပါတယ်။ သူနဲ့ ဖြစ်တာ ၄ နှစ် ရှိပါပြီ။ သူက သမီးထက် ၂ နှစ်ကြီးပါတယ်။ သမီး သူ့ကို တကယ်ချစ်လားတော့ မသိဘူး။ သမီး ၁၆ နှစ်မှာ သူနဲ့ဖြစ်တာ စိတ်ကစားခဲ့လို့များလား။ အခုတော့ သမီး*

www.burmeseclassic.com



တကယ်ချစ်ရတဲ့သူ တွေ့နေတယ်။ အရင်ကတော့ ရည်းစားထွေတယ် ဖြစ်မှာစိုးတာကြောင့် သူနဲ့ တွဲခဲ့ပါတယ်။ ခုတော့ သမီးရည်းစား K-N မိတ်ဆက်ပေးတဲ့ သူငယ်ချင်းတွေထဲက K-S ဆိုတဲ့ သူနဲ့ သမီး ဖုန်းခဏခဏ ပြောဖြစ်တယ်။ သူတို့နှစ်ယောက်က တပ်ထဲမှာ အတူတူနေတဲ့ သူငယ်ချင်းပါ။ သမီးကလည်း K-S ကို စိတ်ဝင်စားတယ်။ K-S ကလည်း သမီးကို စိတ်ဝင်စားပါတယ်။ ဖွင့်သာ မပြောတာ၊ အရိပ်အယောင်လောက်တော့ ပြောပါတယ်။ အစက ဖုန်းကတစ်ဆင့် ခင်တာပါ။ ခု ရန်ကုန်ကနေ နယ်ဘက်ပြောင်းလာတော့ လူချင်းတွေ့တာ နှစ်ခါရှိပါပြီ။ သမီးမျက်နှာကို တစ်ချက် အပျက်မခံပါဘူး။ အရမ်း အလိုလိုက်ပါတယ်။ သမီး သိချင်တာက

(၁) ဒီလိုကိစ္စမှာ သမီးမှာ အပြစ်ရှိလား။ (K-N ဆိုတာ သမီးရည်းစားပါ K-S နဲ့ သူငယ်ချင်းပါ)

(၂) သမီးရည်းစားနဲ့ရော စိတ်ကစားတဲ့အရွယ်မို့ ဖြစ်ခဲ့တာလား။

(၃) K-S က ဖွင့်ပြောရင် သမီး ဘာလုပ်သင့်ပါသလဲ။

**စံပယ်၊ မန္တလေး။**

သမီးမှာ အပြစ်မရှိပါဘူး။ အချစ်ဆိုတာလည်း ပြောင်းလဲတတ်တဲ့သဘောရှိပါတယ်။ အထူးသဖြင့် ငယ်သေးတဲ့ အခိုက်မှာကြုံရတဲ့ကိစ္စတွေဟာ ဝေဝါးသွားနိုင်တာပါပဲ။ လက်ထပ်တဲ့အခြေအနေမရောက်သေးတဲ့အတွက် လက်ထပ်ဖို့ လူ ရွေးချယ်ခွင့်လည်း ရှိနေပါတယ်။ ဒါပေမဲ့ ဘာကိုမှ အလျင်စလို မလုပ်လိုက်ပါနဲ့။ ကိုယ့်စိတ်ကိုလည်း ကိုယ့်ဘာသာ စစ်ဆေးပါ။ နောက် အရေးကြီးတာက သူ့စိတ်ကိုလည်း စစ်ဆေးရမယ်။



သူငယ်ချင်းရဲ့ ချစ်သူမှန်း သိသိကြီးနဲ့ သူတိုးတယ်ဆိုရင်၊ သူ့ကိုကော စိတ်ချရပါ့မလား။ ကိုယ့်အပြင် ထပ်ပြီး တခြားချစ်သူရှာသွားရင် ကိုယ်ကျန်ရစ်လိမ့်မယ်။ ဒီတော့ ဒီကိစ္စဟာ အင်မတန် နုနယ်ပါတယ်။ ပထမလူကိုကော တကယ်ပြတ်နိုင်လား။ တကယ်လို့ ဒုတိယလူနဲ့ ဖြစ်ချင်လှချည်ရဲ့ဆိုရင်လည်း ပထမလူကို အရင်ရှင်းရမှာ။ ရှင်းနိုင်သလား။ ရှင်းရဲသလား။ ဒုတိယလူကကော ဒီကိစ္စကို ရင်ဆိုင်ရဲသလား။ မေးခွန်းတွေ အများကြီးပဲ။ ဒါတွေ အရင်ဖြေကြည့်ပါ။

*

(၂၃၆)

□ *သမီးချစ်သူကလေ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က လက်ထပ်ခဲ့ဖူးပါတယ်။ အဲဒါက သူ အလိုတူလို့ မဟုတ်ပါဘူး။ ကောင်မလေးဘက်က သူ့ကို ကြိုက်ပြီး အိမ်ပေါ်အတင်းတက်လာတာပါ။ သူ့အမေကတော့ ညဘက်ကြီးဆိုတော့ အိမ်မှာပဲ အိပ်ခိုင်းလိုက်ပါတယ်။ မနက်ကျတော့ မိန်းကလေးဘက်က လက်မှတ်အတင်းထိုးခိုင်းတော့တာပဲ။ သူက ကျွန်တော်နဲ့ ဘာမှမဖြစ်ဘူး။ စစ်ဆေးလို့ ရပါတယ်ပြောလည်း ဟိုဘက်က လက်မခံခဲ့လို့ နောက်ဆုံးတော့ သူနဲ့ လက်ထပ်လိုက်ရပါတယ်။ အချစ်မပါတဲ့ အိမ်ထောင်ရေးဆိုတော့ ၅ လလောက်ပဲ ပေါင်းလိုက်ရတယ်တဲ့။ ဒီကြားထဲလည်း အမြဲရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းသွားတယ်တဲ့။ ဒါနဲ့ပဲ သူတို့ ကွဲသွားကြပါတယ်။ သူမှာ သားတစ်ယောက် ရှိလာပြန်ရော၊ ဒီတစ်ယောက်ကိုလည်း သူချစ်တော့ချစ်တယ်တဲ့။ တကယ်ယူမယ်လို့ ယူသပြီး တွဲတော့မှ*

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်မလေးရဲ့ စရိုက်ကြမ်းတွေ ပေါ်လာပါတယ်တဲ့။ သူ့သူငယ်ချင်းတွေရှေ့မှာ သူ့ကို ပါးရိုက်တာတို့၊ ဆွဲကုတ်တာတို့ပါ လုပ်လာတယ်တဲ့။ ပိုဆိုးတာက ကောင်မလေးက အိမ်ကို လာနေတော့ သူ့မိဘတွေက ကောင်မလေး မိဘတွေဆီမှာ သိတင်းကျွတ်ရင် ပေးစားမယ်လို့ ကတိပေးထားတယ်တဲ့။ အဲဒီကိစ္စတွေဖြစ်ပြီးမှ သူနဲ့သမီးနဲ့ တွေ့ကြတာပါ။ သမီးကိုတော့ အဖြေမတောင်းခင်ကတည်းက ကိစ္စအားလုံးကို ပြောပြပါတယ်။ သမီးဘက်ကတော့ ပထမကိစ္စကိုတော့ ခွင့်လွှတ်နိုင်ပါတယ်။ နောက်ကိစ္စကို သမီး မဆုံးဖြတ်တတ်ပါဘူး။ သူ့ကို သမီးက အရမ်းချစ်ပါတယ်။ သူက ခိုးပြေးမယ်လို့ ပြောတယ်။ သမီး ဘာလုပ်ရမလဲ။

နှင်းဝေလွင်၊ မော်လမြိုင်။

အောင်မယ်လေး ဘာမှ မလုပ်လိုက်ပါနဲ့။ ဒီလောက် အညှာလွယ်တဲ့လူကို လက်ခံရင် ဒုက္ခတွေ့ဖို့ ရာနှုန်း ၈၀ ရှိတယ်နော်။ 'အညှာလွယ်' တယ်ဆိုတာ သိသလား။ ဘူးသီးတို့၊ ခရမ်းသီးတို့ ခူးရင် အညှာကိုလိမ်ပြီး ဆွဲရတယ်။ တစ်ချက်တည်း လိမ်ဆွဲရုံနဲ့ ပါလာရင် အဲဒါကို အညှာလွယ်တယ်လို့ ခေါ်တယ်။ လူတစ်ယောက်ကိုလည်း တစ်ချက်လောက် လိမ်ဆွဲ...(အဲ လိမ်ဆွဲလို့တော့ မရဘူးပေါ့လေ၊ အဲ... တစ်ချက်လောက် ချစ်ဟန်ပြတာနဲ့) ပါလာရင် ဒါ အညှာလွယ်တာပဲ။ ဒါမျိုးဟာ မိန်းကလေးတွေမှာမှ ဒုက္ခဖြစ်တာ မဟုတ်ဘူး။ ယောကျ်ားလေးလည်း နာမည်ပျက်တာပဲ။ ဘယ်သူမှ သူ့ကို မယုံတော့ဘူး။ သူဟာ ပထမကိစ္စကတည်းက အဖြစ်မခံဘဲ နေရမှာ။ ဒီလို အိမ်ပါလာ၊ တစ်ည လာအိပ်တာနဲ့ ယူရမယ်



ဆိုရင် မင်းသားတွေ ဘယ့်နှယ်လုပ်မလဲ။ ကြိုက်တဲ့လူတွေ အများကြီး။ လာသမျှ မိန်းမတွေကို အိမ်မှာ ညအိပ်လက်ခံရမှာလား။ အတော် အညှာလွယ်တဲ့ လူပဲ။ မေနှင်းတော့ သူ့ကို အပြစ်တင်တယ်။ နောက်တစ်ယောက်ကျတော့လည်း အဆင်မပြေဘူး။ ဒါပေမဲ့ယူဖို့ လက်ခံရပြန်သတဲ့။ ကိုယ်မကြိုက်ရင် ကင်းကင်းနေပေါ့။ ယောကျ်ားတန်ဖိုး မလျော့စေနဲ့ပေါ့။

အခုတစ်ခါ ခိုးပြေးမယ်တဲ့။ သူက အိမ်ထောင်တစ်ခုကို တည်လွယ်၊ ပျက်လွယ် သဘောထားတာ။ ကိုယ်က စဉ်းစားရမယ်။ တစ်ဘဝစာအတွက် စဉ်းစားပါ။ လုံးဝ ခိုးရာမလိုက်ပါနဲ့။ ပြောသာပြောရတယ်။ ဒီစာက ဒီဇင်ဘာလဆန်းမှ ပါမှာ။ လိုက်သွားပြီလားတောင် မသိဘူး။ လိုက်သွားပြီး ပျော်နေရင်း ဒီစာဖတ်ရတဲ့အခါ မေနှင်းကို မုန်းနေမှာများလား။ ဒါမှမဟုတ် နောင်မှ ဖတ်ရလို့ နောင်တရနေလေမလား။ ဘာပဲဖြစ်ဖြစ် လက်ထပ်တဲ့ကိစ္စကို အမြန် မဆုံးဖြတ်ကြဖို့ အားလုံးကို ပြောချင်ပါတယ်။

*

(၂၃၇)

❒ သမီးက အခု တက္ကသိုလ်ကျောင်းသူပါ။ ဟိုးငယ်ငယ် ပုခက်တင်အရွယ်ကတည်းက နှစ်ဖက်မိဘတွေ သဘောတူထားတဲ့ လက်ထပ်ရမယ့်သူ ရှိပါတယ်။ သမီးတို့ချင်းက သိပ်မရင်းနှီးပေမဲ့ ကျန်တဲ့ သမီးရဲ့ မောင်နှမတွေနဲ့ အရမ်း ရင်းနှီးပါတယ်။ သူတို့မိသားစုက သမီးတို့အိမ်ကို နှစ်တိုင်း အလည်ရောက်ပါတယ်။ သမီးကိုလည်း အရမ်း (ဖူးဖူးမှုတ်)ချစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကလည်း ချစ်ပါတယ်။ သမီးက သူ့ကို ပတ်သက်ရမှာ နည်းနည်းရှက်မိတယ်။ အဲဒါကြောင့် ရှောင်နေမိတယ်။ ဒါပေမဲ့ သူက သမီးကို မြင်ရင် ပြုံးပြပါတယ်ပေါ့။ သမီးတို့က တစ်မြို့တည်းမှာ မရှိပါဘူး။ သမီးက အလယ်တန်းတက်နေတဲ့ အချိန် သူက အထက်တန်းဖြေပြီးလို့ သူတို့မြို့နဲ့ အရမ်းဝေးတဲ့ မြို့ကြီးမှာ သွားပြီးနေပါတယ်။ အခုတော့ အဲဒီ မြို့မှာလည်း မရှိတော့ဘူး။ နိုင်ငံခြားမှာပါ။ မသွားခင် သမီးတို့ အိမ်ကို သူရောက်လာပါတယ်။ (နှုတ်ဆက်ဖို့လို့ သမီးစိတ်ထဲမှာ ထင်ပါတယ်)။ သမီးက သူနဲ့ ထိပ်တိုက်တွေ့ရမှာ ရှက်တော့ အဝေးကပဲ သူ့ကို ကြည့်လိုက်မိပါတယ်။ သူရောက်လာတော့ ပျော်မိပါတယ်။ ဟိုကိုရောက်လို့ သိပ်မကြာခင်မှာ သမီးရဲ့ ဓာတ်ပုံကို မှာပါတယ်။ သူ့ဆီကလည်း သမီးတို့ အိမ်ကို ဓာတ်ပုံထည့်ပေးပါတယ်။ ပုံတွေကို ကြည့်လိုက်တော့ သမီး အရမ်းရင်ခုန်မိတယ်။ သမီးက ဓာတ်ပုံတွေ မထည့်ပေး လိုက်မိဘူး။ မေမေက ထည့်လိုက်တဲ့။ သမီး (ရှက်တယ်) အရမ်းပဲ။ (သူ့အမေဆီကတစ်ဆင့်)သမီး ကျောင်းပြီးလို့ရှိရင် သူ့အိမ်ရှိတဲ့ မြို့ကြီးကိုခေါ်ဖို့ သူ့အမေကို မှာပါတယ်။ မိဘတွေကလည်း ပို့ချင်ပါတယ်။ ယုံကြည်စိတ်ချပါတယ်။ ဘာလို့လဲဆိုတော့ သူ့အမေနဲ့ သမီးအမေက ညီအစ်မတစ်ဝမ်းကွဲ အရင်းခေါက်ခေါက် ဖြစ်လို့ပါ။ သူနဲ့ သမီးက အဖွားညီအစ်မ အရင်းရဲ့ မြေးမောင်နှမပါ။ သမီး သူ့ကို ချစ်နေပါသလား။

**ဝင်း(စစ်တွေ)။**

*

ဒီလောက် ရှည်ရှည်ဝေးဝေး စာလုပ်းရေးနေမှတော့ စိတ်ပါနေ



လို့ပေါ့။ စိတ်မပါရင် ခုလောက် အရေးလုပ်ပြီး မေးပါ့မလား။ ဒီလို နှစ်ဖက်မိဘက စီစဉ်ထားတဲ့ကိစ္စတွေမှာ ဝင်းတို့လို ဘာမှ ပြဿနာမရှိဘဲ လက်ခံနိုင်ကြတယ်ဆိုတာ အလွန် ဝမ်းသာစရာ ကောင်းပါတယ်။ အများအားဖြင့် မိဘက စီစဉ်တာ တစ်မျိုး၊ လူငယ်တွေက တခြားမှာ ချစ်သူရှိနေပြီးသား ဖြစ်တတ်တယ်။ အဲဒီအခါ ချစ်သူနဲ့ မိဘကြား လွန်ဆွဲရပြီ။ စိတ်မချမ်းမသာ ဖြစ်ကြရတယ်။ မိဘတွေလည်း စိတ်မချမ်းသာ၊ ကိုယ်လည်း စိတ်ဒုက္ခဖြစ်ကြရတယ်။ ဆုံးဖြတ်ချက်တွေက လည်း မှန်ချင်မှ မှန်တတ်တာမို့၊ ဘဝဟာ တစ်မျိုးတစ်ဖုံ ယိမ်းယိုင်သွားတတ်ကြတယ်လေ။ အခု ဝင်းတို့က မောင်နှမဝမ်းကွဲတွေဖြစ်ပြီး မိခင်အချင်းချင်း ပုခက်တွင်းကတည်းက အပ်နှင်းထားတာဖြစ်တဲ့အပြင်၊ လူငယ်တွေကိုယ်တိုင်က တစ်ဦးကိုတစ်ဦး လိုလိုလားလား ရှိကြတာဆိုတော့ သိပ်ကို ဝမ်းသာစရာကောင်းပါတယ်။ ဝင်းက သူ့ကို ချစ်နေသလား ဆိုတာတော့ ဝင်း ဒီလို စိတ်ဝင်စားနေခြင်းဟာ ချစ်နေလို့ပဲပေါ့။ တခြားမှာလည်း ဘာမှ အငြိအစွန်းမရှိတော့ သူ့ကိုပဲ ဆုံးဖြတ်ပြီး စိတ်ချလက်ချ ချစ်ပေတော့လို့ ပြောချင်ပါတယ်။ ဝင်းတို့ ဘဝက အားကျစရာကြီးပဲကွယ်။

*

## (၂၃၈)

❒ *မေနှင်းရေ အချစ်စစ်ဆိုတာ ဘာမှန်းမသိပေမဲ့ သူ့ကို မတွေ့ဘဲ မနေနိုင်ဘူး။ သူ့အလိုကိုပဲ ဖြည့်ဆည်းပေးချင်နေတယ်။ သမီး သူနဲ့ တစ်ကြိမ် မှားခဲ့မိပါတယ်။ အဲသလို မှားပြီးတဲ့နောက်*

www.burmeseclassic.com

www.burmeseclassic.com



*သူက သမီးကို ဆေးသောက်ခိုင်းပါတယ်။ သမီးက သူ့ကို တာဝန်မယူနိုင်ဘူးလားလို့ မေးတော့ သူက မဟုတ်ပါ ဘူးတဲ့။ ကိုယ့်ဘက်က ဘာမှ အဆင်သင့်မဖြစ်သေးလို့ပါတဲ့။ သူ ပြောတဲ့စကားကို မေနှင်းအနေနဲ့ ဆုံးဖြတ်ပေးစေချင်ပါ တယ်။*

**မီးငယ်၊ ထီလာ။**

'မေနှင်းအနေနဲ့ ဆုံးဖြတ်ပေး' လို့ မရဘူးလေ။ ဖြစ်ပြီးမှပဲ ပြောကြတယ်ကွယ်။ နို့... သိပ်ဖြည့်ဆည်းပေးချင်တာပဲဆို။ ကျေနပ်လိုက်ပေါ့။ သူ့ ပြောစကားကို နားထောင်ပေါ့။ မယူဘဲ ထားခဲ့မှာ ကြောက်နေလား။ ကြောက်ရင် နောက် 'မဖြည့်ဆည်း' နဲ့ပေါ့။ လူတွေဟာ 'သူ့စိမ်း' တွေချည်းဆိုတာ သတိရစေချင် တယ်။ မနစ်နာဘူးထင်လို့ အလိုလိုက်တာဆိုရင်လည်း တာဝန်ယူခိုင်းမနေနဲ့တော့ပေါ့။ နစ်နာတယ်ထင်ရင် နောက် 'မဖြည့်ဆည်း' နဲ့ပေါ့။ ဟာ... ပြောရတာ ချာလပတ်လည် ကုန်ပြီ။ စိတ်ညစ်လာပြီနော်။

*

(၂၃၉)

*ကျွန်တော် ချစ်မိတဲ့ ကောင်မလေးက ၁၆ နှစ်ပဲ ရှိပါသေးတယ်။ ကျွန်တော်ကတော့ အရာရှိငယ်တစ်ယောက်ပါ။ သူ့မိဘများ သိသွားလို့ ကျောင်းတောင် မတက်ခိုင်းတော့ပါဘူး။ သူလည်း အရိုက်ခံရလို့ သိပ်လန့်သွားပြီး ကျွန်တော့်ကို ဖြတ်စာရေး တယ်။ ကျွန်တော် မဖြတ်နိုင်ဘူး။ ဆက်လည်း မဆက်သွယ် ရက်ဘူး။ ဘာအပြစ်မှ မရှိကြဘဲနဲ့ သူ့အသက် ၁၆ နှစ် ဖြစ်နေ တာနဲ့ပဲ ခုလို ဘဝခြားသွားရတာ ခံစားရလွန်းလှပါတယ်။*



*ကျွန်တော် အရက်တွေ ဖိသောက်နေလိုက်တယ်။ ဘာလုပ် ရမှန်းမသိတဲ့အဆုံး မေနှင်းဆီ စာရေးလိုက်တာပါ။*

**ကိုရဲ၊ ငွေတောင်။**

ဩော်...စကားမစပ်။ နာမည်ကလည်း တို့များ သရုပ်မဂ္ဂဇင်းရဲ့ စီစဉ်သူနဲ့ တူနေပါကလား။ တို့များရဲ့ 'ကိုရဲ'တော့ မဟုတ်ပါ ဘူးနော်။

အေးကွယ်... ပြည်လုဖေတို့ ခေတ်ကတည်းက မရိုးနိုင်တဲ့ ဇာတ်လမ်းပါ။ 'ယက္ခကုမ္ဘဏ် ဝိုင်းရံခလို့ရယ်၊ စောင့်ကြပ်တဲ့ နတ်ပန်း အာသာဝတီနွယ်' တဲ့။ သီချင်းအဖြစ်တော့ အတော် ဆိုလို့ကောင်းတယ်။ လက်တွေ့ ခံစားရတာတော့ မသက်သာ လှဘူးပေါ့။ သို့သော် ကိစ္စတစ်ခုဖြစ်ရင် သူ့ဘက်ကနေပြီး လည်း စဉ်းစားလေ။ ၁၆ နှစ်ဆိုတာ နှင်းဆီအငုံလေးပဲကွယ်။ နုနုဖတ်ဖတ်လေး။ မိဘမပြောနဲ့ ဘေးလူတွေတောင် အရိပ် တကြည့်ကြည့်လုပ်ရတာ။ စိတ်ကလည်း ကလေးစိတ်ပဲ ရှိဦး မယ်။ တို့များ ၁၆ နှစ်ကဆို သစ်ပင်တက်၊ ဘောလုံးကန်၊ ကောင်လေးတွေနဲ့ ဂျင်ပေါက်တုန်း။ ရည်းစားမထားသေး ပေါင်တော်။ အမေက ပြောတယ်။ အသက် ၂၀ ကျမှ ရည်းစား ထားတဲ့။ စဉ်းစားတတ်ပြီတဲ့ နားထောင်တာပဲ။ ဒါကြောင့် ၂၀ မပြည့်ခင်က တွေ့တဲ့ လူတွေဆိုရင် ကားခနဲ၊ ကားခနဲပဲ။ ဘောလုံးကန်ရင်း ချော်လဲတာ။ တကယ်ပါ သိပ်ငယ်သေး တော့ မနူးတာဘဲ ကောင်းပါတယ်။ စိတ်ညစ်ရင် အရက်တော့ ဖိမသောက်ပါနဲ့။ အဖြေမထွက်နိုင်ဘူး။ ဒီလို လုပ်ပါလား။ 'ချစ်ပြုံး နှင်းဆီ' သီချင်းဆိုနေပေါ့။ မန္တလေးသိန်းဇော်ရဲ့ VCD ထဲမှာပါတယ်။ ကာရာအိုကေဆိုလို့ရတယ်။ အမယ်... သိန်းဇော်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကောင်မလေး (သရုပ်ဆောင် သက်မွန်မြင့်)က မင်း ကောင်မလေးထက်တောင် ချစ်စရာကောင်းသေးတယ်။ ကိုယ်က လူကြီးဆိုတော့ ဒီလိုပဲ တယောလေး အဖော်ပြုပြီး စောင့်ရတာပေါ့။ နောက်ဆုံး အဆင်ပြေသွားပါတယ်။ စိတ်မညစ်ပါနဲ့ကွာ။

*

(၂၄၀)

*သူ သမီးကို စိတ်ဝင်စားနေတယ်ဆိုတာ သိလိုက်တာနဲ့ ပျော်သလို၊ ကြည်နူးသလို ခံစားရပါတယ်။ အရင် တခြားယောကျ်ားလေးတွေ သမီးကို ချစ်ရေးဆိုဖူးပါတယ်။ ဘယ်လိုမှ မနေပါဘူး။ ဒီတစ်ယောက်မှ ချစ်ရေးတောင်မဆိုရသေးဘူး စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်။ နောက်ပိုင်း သမီး သူ့ငယ်ချင်းက တစ်ဆင့် သူ သမီးကို ချစ်နေကြောင်း သိခဲ့ရတယ်။ ဒါပေမဲ့ သူနဲ့သမီးနဲ့က အသက်ချင်း ကွာနေတယ်။ သူက သုံးနှစ်တောင်ငယ်တယ်။ ဒီတော့ သူနဲ့သမီး ချစ်သူဘဝရောက်သွားရင် ဘေးပတ်ဝန်းကျင်က ပြောလာမှာတွေ၊ အထင်သေးလာမှာတွေကို တွေးပြီး သမီး အရမ်းကြောက်နေတယ်။ သူ့ခမျာလည်း သမီးကို စကားနဲ့တောင် မပြောရဲလို့ စာတွေနဲ့ ရင်ဖွင့်ရှာပါတယ်။ သမီးကလေ သူနဲ့တွေ့ရင် မမြင်ချင်ယောင်ဆောင်နေရတယ်။ စိတ်ထဲမှာတော့ သူ့ရှေ့သွားပြီး 'မင်းကို ငါ အရမ်းချစ်တယ်' လို့အော်ပြောလိုက်ချင်တာ။ သမီးမှာ အပြစ်ရှိလားဟင်။*

အယ်အဲ၊ ရှမ်းပြည်နယ်။



◆ အော်ချင်သလိုသာ အော်ပြောလိုက်ပေဟော့ဟေ့။ အော်ခွင့်ရှိပါတယ်။ ဘာလို့ အပြစ်ရှိရမှာတုံး။ သူများတွေ အော်စရာတောင် မရှိဘူး။ အခုလို သူကလည်း နှစ်၊ ကိုယ်ကလည်း စိတ်ထဲက မနေနိုင်တောင် ချစ်နေရတဲ့ လူချင်းတွေ့ကြဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ အချစ်ဆိုတာ တကယ်ကို ရှားပါးပစ္စည်းပါ။ တန်ဖိုးကြီးပါတယ်။ အလေးအနက်မထားကြတဲ့ လူတွေကြောင့်သာ ပြဿနာဖြစ်နေတာ။ ဒီလို တန်ဖိုးကြီးဖြစ်တဲ့ အချစ်ကို ရလာတဲ့အခါ တော်ရုံတန်ရုံကိစ္စကြောင့် အပျက်မခံသင့်ပါဘူး။ အသက်ကွာတယ်ဆိုတာ ကြီးမားတဲ့ ပြဿနာ မဟုတ်ပါဘူး။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ တစ်ယောက်ကို တစ်ယောက် လေးစားဖို့ပဲ အရေးကြီးပါတယ်။ ကိုယ့်ထက်ကြီးတာပဲဆိုပြီး ငါ့ကို အလိုလိုက်ရမယ်ဆိုတာလည်း မှားတယ်။ ကြာရင်တစ်ဖက်မှာ ငြီးငွေ့သွားမှာပေါ့။ ကိုယ့်ထက်ငယ်တယ်ဆိုပြီးလည်း ကိုယ်ကချည်းဆရာလုပ်နေရင်လည်း သူ ဘယ်ကြိုက်မလဲ။ သူစိမ်းအချင်းချင်း တစ်ဘဝအဖြစ် ပူးပေါင်းတဲ့အခါ 'တစ်ဦးရဲ့အမြင်ကို တစ်ဦးက လေးစားဖို့၊ စာနာဖို့၊ လိုက်လျောဖို့' အလိုအပ်ဆုံးပါ။ အဲသလို မကျင့်ကြံနိုင်ရင်တော့ အသက်ကွာကွာ၊ မကွာကွာ အဆင်ပြေမှာ မဟုတ်ပါဘူး။ ကဲ... ချစ်သူအချင်းချင်း ချစ်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ်။

*

(၂၄၁)

□ *သမီးနဲ့သူနဲ့က ချစ်သူတွေ မဖြစ်ခဲ့ပါဘူး။ သူက သမီးတို့*

www.burmeseclassic.com

www.burmeseclassic.com



ချစ်ပုံရပါတယ်။ မရိုးသားဘူးဆိုတာ သေချာပါတယ်။ သမီးကလည်း သူ ဖွင့်ပြောလာရင် လက်ခံဖို့ အသင့်ရှိခဲ့တယ်။ ဒါပေမဲ့ မထင်မှတ်တဲ့အချိန်မှာ သူဟာ သမီးရဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ ချစ်သူတွေဖြစ်သွားခဲ့တယ်လေ။ သမီး အရမ်းခံစားရပါတယ်။ အဲဒီသူငယ်ချင်းနဲ့ ဆက်ပြီး လက်တွဲသင့်ပါသလား။ ဒီသူငယ်ချင်းကလည်း သမီးအပေါ် အရမ်းကောင်းသူပါ။ သမီးချစ်တဲ့လူကို လုသွားတာတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး။ ကောင်လေးက တခြားနယ်ကို ပြောင်းသွားပြီ။ သမီးဆီ တစ်ခါတစ်ရံ ဖုန်းဆက်တယ်။ သတိရလို့တဲ့။ သူ ဘာသဘောနဲ့ဆက်တာလဲ။ စကားလက်ခံပြောလို့သင့်တော်ပါ့မလား။

မီးငယ်၊ တောင်ကုတ်။

စဉ်းစားစရာတွေတော့ အများကြီးပဲ။ နံပါတ် ၁ သူ သမီးအပေါ်မှာ ချစ်ခဲ့ပုံရတယ်ဆိုတာ သေချာပါ့မလား။ သမီးသူငယ်ချင်းကို ဆက်သွယ်ချင်လို့ သမီးကို လာကပ်တာကော မဖြစ်နိုင်ဘူးလား။ အဲဒါကို သမီးက ငါ့ကို ချစ်တာလို့ ထင်ခဲ့တာ မဖြစ်နိုင်ဘူးလား။ တကယ်ပဲ အဲသလိုဆိုရင် သူငယ်ချင်းက သမီးဆီက 'လု' သွားတာ မဟုတ်တော့ဘူး။ အခုလည်းပဲ လုသွားတယ်လို့ ပြောလို့မရပါဘူး။ သမီး ပိုင်သေးတာမှ မဟုတ်တာ။ နှစ်ယောက်ထဲက တစ်ယောက်ကို သူ ရွေး သွားတာလို့ ပြောရင်တောင် ရနိုင်တယ်။ သူငယ်ချင်းက ကောင်လေးကို အတင်းနသားပါယား လုပ်တာတော့လည်း မဖြစ်နိုင်ပါဘူး။ ဖြစ်တယ်ဆိုရင်လည်း အထင်သေးဖို့တောင် ကောင်းတယ်။ ယောကျ်ားဆိုတာ မိမိရည်ရွယ်ချက်ကို ခိုင်ခိုင်ဆုပ်



နိုင်ရမယ်။ ကြိုက်တာတစ်ယောက် ရတာတစ်ယောက်ဆိုရင် သူ ပျော့ညံ့တာပဲ။ သူငယ်ချင်းကလာပြီး လုရင်တောင် ကျွန်တော်က 'သူ့' ကို ကြိုက်တာဗျလို့ ပြောရဲရမှာပေါ့။ ဒီလောက် မခိုင်မာတဲ့လူကို စိတ်မဝင်စားပါနဲ့တော့။ သူတို့ အချင်းချင်း ပြေလည်နေတာကို ဘာမှ ဝင်မနှောလိုမဖြစ်သင့်ပါဘူး။ သူငယ်ချင်းကိုလည်း ဆက်ဆံမြဲတိုင်းဆက်ဆံ။ ဟိုက ဖုန်းဆက်ရင်လည်း စကားပြောပေါ့။ မိတ်ဆွေအဖြစ် သဘောထားကြီးကြီး ထားပါ။ တကယ်လို့များ သူ မှားခဲ့ပါတယ်၊ သူ ချစ်တာ သမီးပါလို့များ ပြောလာရင်တော့ တစ်ဆင့် ထပ်စဉ်းစားကြတာပေါ့။

*

(၂၄၂)

New Year ပွဲတော်ည တစ်ညမှာ ကောင်လေးတစ်ယောက်နဲ့ တွဲခဲ့ပါတယ်။ ဒါက ကျွန်မစိတ်ထဲက ကြိုက်နေတဲ့လူက တခြားမိန်းကလေးနဲ့ တွဲနေတာ မြင်ရလို့ပါ။ မခံချင်လွန်းလို့ တခြားကောင်လေးနဲ့ တွဲပြခဲ့တာ။ ကောင်လေးက ကျွန်မကို လက်တစ်ကြိမ် ကိုင်တယ်။ ပခုံးကို တစ်ခါ ဖက်တယ်။ ကျွန်မ ဖျားသွားပါတယ်။ အဲလိုလုပ်လိုက်ပြီးတော့မှ ကျွန်မကြိုက်ခဲ့တဲ့ လူက ချစ်တယ်လို့ ဖွင့်ပြောပါတယ်။ ကျွန်မ သိပ်ရှုက်တာပဲ။ တစ်ခါမှ အဖက်မခံဖူးပါဘူး။ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ပခုံးဖက်တာ၊ အဲဒီမိန်းကလေးဟာ သန့်ရှင်းသေးရဲ့လား။ အခု သူ့ကို ကျွန်မ မတွေ့ရဲဘူး။ ဘယ်ပွဲတော်မှလည်း မတက်ချင်တော့ဘူး။

www.burmeseclassic.com



မချစ်ဘဲ တွဲခဲ့မိတဲ့ကောင်လေးကိုလည်း အားနာတယ်။ ဘယ်သူ့မှလည်း မတွေ့ချင်တော့ဘူး။

**သူသူ၊ ရန်ကုန်။**

ဒါက တုပ်ကွေးဖျားလောက်ပဲ ရှိတာပါကွယ်။ ဘာမှ အရေးမကြီးပါဘူး။ ပါရာစီတမောလ်လေးသောက်၊ ချွေးထွက်ပြီးသွားရင် နေကောင်းသွားမှာပါ။ ပွဲတော်ညတွေဆိုတာ ဒီလိုပဲ မိတ်ဆွေဖွဲ့ကြတာပဲ။ လက်ကိုင်ကြ၊ ပခုံးဖက်ကြတာ အပေါ်ယံ ချစ်ခင်မှုတွေ ပြကြတာပါ။ မရိုးသားမှု မဟုတ်ပါဘူး။ အခုသမီးကြိုက်တဲ့လူက ချစ်တယ်ပြောတော့ ပြန်ချစ်လိုက်ရင် ပြီးပြီလေ။ ဟိုညက ကိစ္စ မေ့လိုက်ပါ။ နောင်ပွဲတော်တွေ မတက်ချင်ဘူးဆိုတာ ကိုယ်က လိပ်ပြာမလုံဖြစ်နေတာပါ။ ရင့်ကျက်လာတဲ့အခါ ဘာမှ ခံစားရတော့မှာ မဟုတ်ပါဘူး။

*

(၂၄၃)

မေနှင်းရှင့်၊ ကျွန်မအချစ်ရေး မေးမလို့ မဟုတ်ပါဘူး။ လူမှုရေးပဲ ဆိုပါတော့။ ကျွန်မတို့ သူငယ်ချင်းအချင်းချင်း သဘောထားကွဲလွဲနေလို့ပါ။ ကျွန်မက အဝတ်အစား ဝါသနာပါတယ်။ အစားကို ချွေတာစားတယ်။ သူတို့က အစားကို ဦးစားပေးတယ်။ ကျွန်မတို့ မနက်ဘက် မုန့်ဟင်းခါးစားရင် ကျွန်မက အကြော်မပါ အလွတ် ၁၀၀ိ/ဖိုးပဲစားတယ်။ လက်ဖက်ရည်မသောက်ဘူး။ တစ်ခွက် ၁၂၀ိ/ဆိုတာ မတန်လို့။ ကော်ဖီမစ်က ၅၀ိ/ပဲ ကျတယ်မဟုတ်လား။ ဒီလိုမျိုး တွက်ချက်တာပေါ့။ သူတို့က မုန့်ဟင်းခါးကို အိုးဘဲဥရော၊ ငါးဖယ်ရော၊ ဘူးသီး



ကြော်ရော တစ်ပွဲတည်း ၃၀၀ိ/ ကျတယ်။ ပြီးတော့ လက်ဖက်ရည်ကို 'တိုင်ကီ' သောက်လိုက်သေးတယ်။ ၁၅၀ိ/ဆိုတော့ စုစုပေါင်း ၄၅၀ိ/တောင် ကျသွားရော။ အဝတ်အစားကျတော့ လမ်းဘေးမှာ ချိတ်ရောင်းတဲ့ အပေါစား ဈေးချိုပ်တွေ ဝယ်ဝတ်တယ်။ အဲဒါကို သူမှန်တယ်။ ကိုယ်မှန်တယ်ဆိုပြီး ငြင်းကြတာပါ။ မေနှင်းက ဒိုင်လူကြီးလုပ်ပြီး ဆုံးဖြတ်ပေးပါနော်။

**ဒေါ်သစ်သစ်၊ လမ်းမတော်။**

❖ Very Good Question ပဲ။ မေနှင်းက ဒိုင်လူကြီးတော့ မလုပ်ပါဘူး။ ငြင်းတဲ့အထဲဝင်ပြီး ပါမယ်လေ။ ဘယ်ဘက်က ပါမယ်ထင်လဲ။ ဒေါ်သစ်သစ်ဘက်ကလို့ မပြောဘူးနော်။ ဒါပေမဲ့ ဒီလို ရှိပါတယ်။ မေနှင်းကိုယ်တိုင်ကိုပဲ ငယ်ငယ်ကတော့ အစားသိပ်မမက်ဘူး။ အဝတ်အစားပုံကျကျမှ ဝတ်တယ်။ နယ်မှာနေစဉ်ကတောင် အကျီစကို လေယာဉ်ပျံနဲ့ လူကြုံပါးပြီး ရန်ကုန်က 'စိန်ကြိုင်'မှာချုပ်တာ။ ဒေါက်ဖိနပ်ဆို ဗိုလ်ချုပ်ဈေးမှာ Order မှာရမှ။ ဒါပေမဲ့ အခုကျတော့ ပြောင်းပြန်ဖြစ်သွားတယ်။ အဝတ်အစားကို Free ဖြစ်ရင်တော်ပြီ။ အသက်ရှူကျပ်လို့။ အစားကျတော့ သိပ်ကောင်းကောင်းစားချင်တယ်။ (လက်ဆောင်ပို့ချင်ရင် အစားအသောက်ပဲ စဉ်းစားကြပါရန်) ဒီတော့ကာ မတူတဲ့ လူတွေမဆိုနဲ့ တစ်ဦးတည်းမှာတောင် အရွယ်ပြောင်းသွားရင် အကြိုက်ပြောင်းတတ်ပါတယ်။

နောက်တစ်ခုကတော့ Value ဆိုတာ ရှိတယ်။ တန်ဖိုးထားခြင်းဆိုပါစို့။ တစ်ယောက်နဲ့တစ်ယောက် Value ထားတာချင်း မတူကြဘူး။ ဥပမာ မြန်မာလူမျိုးက 'နားရွက်'ထားရင် ဥာဏ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်လို့ဆိုပြီး သဘောကျကြတယ်။ အနောက်နိုင်ငံသားတွေက နားရွက်ကားရင် မလှလို့ဆိုပြီး ဖြတ်ပစ်ကြတယ်လေ။

ဒါကြောင့် ဒိုင်လူကြီးသဘောပြောရရင် ဒီလို တစ်ဦးချင်း အကြိုက်တွေနဲ့ပတ်သက်လို့ ဘယ်ဘက်မှ အနိုင်ပေးလို့ မရပါဘူး။ သရေပဲ ဆိုကြပါစို့နော်။

*

(၂၄၄)

□ *မီးငယ်က နယ်မြို့လေးတစ်မြို့ကပါ။ သရုပ္ Miss Crown ဝင်ပြိုင်ဖူးပါတယ်။ Miss Crown ကို နယ်မြို့တွေကဆို မရွေးဘဲ ရန်ကုန်တို့၊ မန္တလေးတို့ကပဲ ရွေးတယ်ဆို။ မီးငယ်ဖြင့် မုန့်ဖိုးတွေစုပြီး ဓာတ်ပုံရိုက်ပို့လိုက်တာ။ Miss Crown ရဖို့ နေနေသာသာ ပိုက်ဆံကုန်ပြီး စိတ်ဆင်းရဲရတာပဲ အဖတ်တင်တယ်။ သရုပ္တိုက်ကို ဖုန်းဆက်မေးတော့ ရောက်မလာဘူးတဲ့။ အမြန်ချောနဲ့ပို့တာပါ။ သရုပ္မရောက်ရင် မီးငယ်ဆီ ပြန်လာမှာပေါ့။ သရုပ္တိုက်က မီးငယ်ကို ဖုန်းထဲမှာ စကားပြန်ပြောတဲ့ ဦးလေးကြီးက သိပ်အပေါက်ဆိုးတာပဲ။*

မီးငယ်၊ မြင်းခြံ။

◆ ဟိုက်… စောစောစီးစီး ချမ်းရတဲ့ကြားထဲ ပြဿနာလုပ်ပြီ။ ကဲ… တစ်ခုချင်း ရှင်းပါ့မယ်။ နံပါတ်(၁) 'ဦးလေးကြီး' ဆိုတာ မှားနေပါတယ်။ သရုပ္မှာ ဦးလေးကြီးအရွယ် တစ်ယောက်မှ မရှိပေါင်တော်။ ဘယ့်နှယ့် စီစဉ်သူ ကိုရဲကအစ ရဲအောင်လောက်ပဲ ရှိသေးတာ။ နံပါတ်(၂) အပေါက်ဆိုးတယ်ဆိုတာ မဖြစ်နိုင်ပါဘူးကွယ်။ သရုပ္တိုက်သားတွေအားလုံး ယဉ်ကျေးကြပါတယ်။ နေဦးကွယ့် တစ်ခုတော့ရှိတယ်။ သရုပ်မှာတ လူပျိုကြီးတွေတော့ ရှိတယ်လေ။ (ဒါက ကြော်ငြာဝင်တာ) အဲ… လူပျိုကြီးတွေဆိုတာ သိပ်စိတ်မရှည်တတ်ဘူး။ ဒါကြောင့်လည်း လူပျိုကြီးဖြစ်နေတာပေါ့နော်။ စိတ်မရှည်တဲ့ အခိုက်လည်း ဖြစ်နိုင်တယ်။ နောက်ဖြစ်နိုင်တာက တစ်ခုက မီးငယ်ကိုယ်တိုင်ကကော ပြေပြေပြစ်ပြစ်ပြောလို့လား။ အခု စာထဲမှာတောင် ရန်ထောင်သံ ပါနေသေးတယ်။ အဲဒါကြောင့် တစ်ဖက်က စိတ်မရှည်တာလည်း ဖြစ်နိုင်တာပဲ။ Miss Crown ကို ရန်ကုန်၊ မန္တလေးကပဲ ရွေးတယ်ဆိုတာတော့ လုံးဝ မဟုတ်ပါဘူး။ တစ်လချင်း ရောက်လာတဲ့ အထဲက အကောင်းဆုံးလို့ အဘက်ဘက်က ယူဆပြီး ရွေးတာပါ။ အဲဒါတော့ ယုံပါ။ အမြန်ချောပို့ကိစ္စတော့ ကိုယ်မပိုင်နိုင်တဲ့ ကိုမှန်း မသိဘူးလို့ပဲ ဖြေပါရစေကွယ်။



*

(၂၄၅)

□ *သမီးချစ်သူနဲ့ ဒီဇင်ဘာလထဲမှာ မင်္ဂလာဆောင်ဖို့ တိုင်ပင်ထားကြပါတယ်။ တစ်ရက်မှာ သမီးချစ်သူက သမီးကို မေးပါတယ်။ မယားဝတ္တရား ဘယ်နှစ်ပါးရှိလဲ။ တစ်ခုချင်းကို အတိအကျပြော၊ သုံးရက် အချိန်ပေးမယ်တဲ့။ သမီးလည်း လူအတော်များများ၊ လင်မယားတွေကို မေးတာ မယားဝတ္တရား ငါးပါးရှိတယ်ပြောတဲ့လူနဲ့၊ ဆယ်ပါးပြောတဲ့လူနဲ့ အတိအကျလည်း မပြောနိုင်ကြဘူး။ သုံးရက်သာပြည့်ရော၊ သမီးချစ်သူ*

www.burmeseclassic.com



*က ပြောနေပြီ။ မင်္ဂလာသာဆောင်တော့မယ် မယားဝတ္တရား လည်း ဘာမှ မသိဘူးတဲ့။ အဲဒါ... ကူညီပါဦး။*

**နှင်းချယ်ရီဝင်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။**

**အင်း...** အခု မဂ္ဂဇင်းထွက်တာက ဖေဖော်ဝါရီလဆိုတော့ မင်္ဂလာဆောင်ပြီးတာ နှစ်လတောင်ရှိရောပေါ့။ အရေးကြီးတဲ့ မေးခွန်းမို့ ကြုံရာလမှာ ဖြေလိုက်ပါတယ်။ မယားဝတ္တရားက ငါးပါးဆိုတာ သေချာပါတယ်။ တို့များငယ်ငယ်က ကျောင်းမှာ သင်ရတာလေ။ ဆရာဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ သားသမီး ဝတ်၊ ပြီးတော့ လင့်ဝတ်၊ မယားဝတ်ပေါ့။ အားလုံး အရေ အတွက် ညီညီညာညာပါ။ ငါးပါးချည်းပဲ။ ကဗျာလေးနဲ့ကို သင်ရတာ။ အဲဒီ မယားဝတ္တရားငါးပါးကတော့ အဲ...အင်း... နေပါဦး... သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့် ချိ အဲ... ဒုက္ခပါပဲ။ သုံးချက်ပဲ မှတ်မိတော့တယ်။ ဒီအတိုင်းဆို မေနှင်းလည်း မင်္ဂလာဆောင်လို့ မဖြစ်သေးဘူးထင်တယ်။ ကိုယ်မဆောင်ရတာ ကိစ္စမရှိ။ နှင်းချယ်ရီ ပြဿနာမတက် အောင်ဖြေရမှာပဲ။ အင်း... သတိရပြီ။ သီဟိုဠ်က 'ဒေါက်တာ ဝါလ်ပိုလာရာဟုလာ' ရေးသားတဲ့ 'What the Buddha Taught' ဆိုတဲ့ ကျမ်း၊ မန္တလေးတက္ကသိုလ်၊ အငြိမ်းစား ဒုတိယ အဓိပတိ ဦးကိုလေး(ဇေယျာမောင်) ဘာသာပြန်တဲ့ 'မြတ်ဗုဒ္ဓ ဒေသနာ' မှာ ဖတ်ဖူးတာ သတိရတယ်။ စာအုပ်စင်ပေါ် ပြေး ရှာတော့ 'ဘာသာရေး' ဆိုတဲ့ အကန့်ထဲက စာအုပ်တွေ ဖုန်တက်နေပါရောလား။ အလုပ်နဲ့ ပတ်သက်တာတွေ ရွေးဖတ် နေရတော့ ဘာသာရေးမဖတ်ဖြစ်တာ ကြာပြီကိုး။ ကဲ... တွေ့ပါ ပြီ ဒေါ်နှင်းချယ်ရီဝင်းရေ။ 'မယားကလည်း အတုံ့အလှည့်



အားဖြင့် (၁) အိမ်ထောင်၏ ပြုဖွယ်ကိစ္စများကို **ကောင်းစွာ** အုပ်ချုပ်စီရင်ခြင်း၊ (၂) ညဉ့်အိပ်ညဉ့်နေ ရောက်ရှိလာသူ ဧည့်သည်၊ အလည်အပတ်လာသူ မိတ်ဆွေ၊ ဆွေမျိုးသားချင်း နှင့် အစေအပါး အလုပ်သမားတို့အား ဧည့်ဝတ်ကျေပွန်စွာ ပြုစုလုပ်ကျွေးခြင်း၊ (၃) မိမိလင်အား အစဉ် ချစ်မြတ်နိုး၍ အခြားသော ယောကျ်ားတစ်ပါးနှင့် မဖောက်ပြန်ခြင်း၊ (၄) **မိမိ** လင်သား ရှာဖွေစုဆောင်းခဲ့သော ဥစ္စာစည်းစိမ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ (၅) အလုံးစုံသောကိစ္စတို့၌ လိမ္မာ၍ ပျင်းရိ ခြင်းကင်းစွာ မိမိတာဝန်များကို ကျေပွန်စေရမည်တဲ့။ ဟုတ် တယ်... ပျင်းရိမှုတဲ့။ အစက...အိမ်တွင်းမှုလုပ်၊ သိမ်းထုပ် သေချာတာက စတာ မှတ်မိပြီ။ အေး... နှင်းချယ်ရီရေ– နှင်းရဲ့ လင်တော်မောင်ကိုလည်း လင့်ဝတ္တရားငါးပါး ရှင်းခိုင်းဦး။ ဒီလို တစ်ဖက်သတ်ကြီးတော့ မခံနဲ့နော်။ အထူးသဖြင့် သူတို့ ဝတ္တရားမှာလည်း 'မိမိမယားကို အစဉ်မြတ်နိုး၍ အခြားမိန်းမ နှင့် မဖောက်ပြန်ရခြင်း' ဆိုတာ ပါတယ်သိလား။ အဲဒါ — သတိပေးပေါ့။ အဲ...ပြီးတော့ 'လက်ဝတ်ရတနာများ၊ အဝတ် အစားများဝယ်ပေး၍ ဝမ်းမြောက်စေခြင်း' တဲ့။ စိန်ဆွဲကြိုး တို့ ဘာတို့ ပူဆာနိုင်တယ်နော်။ ရှုပါမားကက်လည်း လိုက်ပို့ ခိုင်း။ ရှင်လည်း လင့်ဝတ္တရား ကျေရမယ်လို့ ပြောပေါ့။ အရှုံး မပေးနဲ့။ ဒါဟာ သိင်္ဂါလောဝါဒသုတ်မှာ ပါတယ်လို့ ကျမ်းကိုး နဲ့ ပြောပေတော့။ အမယ်လေး... မေနှင်းခမျာလည်း မသိသေး သာပါလားနော်။

*

www.burmeseclassic.com



## (၂၄၆)

*ကျွန်မရဲ့ချစ်သူက ချစ်သက်တမ်း လေးလအကြာမှာ တခြား မိန်းကလေးနဲ့ ဖောက်ပြန်သွားခဲ့ပါတယ်။ ဒီကိစ္စကို သူ မ်က် ဆက်ပေးတဲ့ သူ့သူငယ်ချင်းကို ရင်ဖွင့်ရင်း အဲဒီလူနဲ့ နှစ်ဦးသား ရင်းနှီးပြီး ချစ်သူဘဝ ရောက်သွားပါတယ်။ မသင့်တော်ှုန်း သိရက်နဲ့ မိမိကိုယ်မိမိ မတားနိုင်ခဲ့လို့ စိတ်မချမ်းမသာ ဖြစ်ရ တယ်။ အချစ်ဆိုတာ ဒီလိုပဲ နှစ်ခါပေါ်နိုင်လားဟင်။*

**မေပန်းပွင့်။**

နှစ်ခါ ဘယ်ကပဲ့မတုံး။ အကြိမ်ပေါင်းများစွာ ပေါ်နိုင်တာပေါ့။ တစ်ပြိုင်နက်တည်းမှာသာ မဖြစ်နိုင်တာပါ။ မေပန်းပွင့်မှာ လုံးဝ အပြစ်မရှိပါဘူး။ နေပါဦး... ဇာတ်ထဲမှာပြောတဲ့ စကားလေး ရှိပါတယ်။ 'ရှင်က ပစ်ထားခဲ့ပေမဲ့ ဘုရင်ကတော်တော့ ဖြစ်နိုင် ပါသေးတယ်' ဆိုတာလေ။ စိတ်ချမ်းသာဖို့ အရေးကြီး ပါတယ်ကွယ်။ အပြစ်မပါတဲ့ အမှုကိစ္စဟုတ်မဟုတ် ကိုယ် အသိဆုံးပဲ။ သူတောင် သစ္စာသွေဖည်သေးတာ။ ကိုယ့်ဘာသာ နောက်တစ်ယောက်နဲ့ အဆင်ပြေတာ ဘာဖြစ်စရာရှိလဲ။ သူ့သူငယ်ချင်းမို့ မချစ်ရဘူးလို့ သတ်မှတ်ချက်မှ မရှိတာ။ အရေးကြီးဆုံးက နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် တကယ် ချစ်ဖို့ပါပဲ။

*

## (၂၄၇)

*ကျွန်တော့်နာမည် 'မင်းအောင်' ပါ။ သန်လျင် သ/မ ကောလိပ် မှာ Final နှစ်ရဲ့ 2nd Semester ကျမှ ချစ်သူကိုတွေ့တာ။*



*ချစ်ရေးမဆိုရခင် စာမေးပွဲပြီးလို့ သူပြန်သွားပါပြီ။ ကျွန်တော်က စစ်ကိုင်းလမ်းမှာနေတာ။ သူနေခဲ့တဲ့ ပုဂံလမ်းရောက်တိုင်း အရမ်း သတိရတာပဲ။ လွမ်းတဲ့အခါတွေမှာ သူ ဖယ်ရီစောင့်ရင်း စီးနေကျ ရွှေမန်းရုံရှေ့ကို ရောက်ဖြစ်တယ်။ ဒါတွေ သူမသိ ပါဘူး။ တွေ့ရင် ပြောပေးပါနော်။*

**La မင်းအောင်၊ အင်းဝဆောင်၊ စစ်ကိုင်းလမ်း။**

ကောင်းပါပြီကွယ်...။ နောက်ကျစွာ တွေ့လိုက်ရတဲ့ သန်လျင် သ/မ ကောလိပ်ကျောင်းသူ၊ ရွှေမန်းရုံရှေ့က ဖယ်ရီစောင့်စီး သူ၊ ပုဂံလမ်းမှာနေသူ၊ (ဒါလောက်ဆိုရင် သူ သိလောက်ပြီ လား) ဖတ်မိပါစေလို့ ဆုတောင်းပါတယ်။ သို့သော် သူက သ/မ ဂျာနယ်တွေပဲ ဖတ်နေရင်တော့ မင်းအောင် အလွမ်း မင်းသားလေး ဖြစ်ပြီပေါ့။ ကံမကုန်ရင် ပြန်ဆုံမှာပေါ့လို့သာ အောက်မေ့ပေတော့။ (လိပ်စာလေး၊ ဖုန်းနံပါတ်လေး ယူမထား လောက်အောင် အတဲ့ကောင်လေးပဲ။)

*

## (၂၄၈)

*ဒီဇင်ဘာလထုတ် သရဖူမှာပါတဲ့ 'မိုးကောင်းကင်၊ ပခုက္ကူ' ရဲ့စာကို သမီးတို့တစ်တွေ ဖတ်ရတယ်။ မိန်းကလေးများ အားလုံး ကိုယ်စား 'မိုးကောင်းကင်' ကို ပြောလိုက်ပါရစေ။ မိုးကောင်းကင် စာထဲမှာပါတဲ့ 'ဖုန်းဆက်ခြင်း၊ မိတ်ဖွဲ့ခြင်း အကြောင်းအမျိုးမျိုးပြ၍ အိမ်လည်လာခြင်း ခဏခဏကြုံရ လို့ပါ' လို့ ရေးထားတယ်။ ကာယကံရှင်ဖြစ်တဲ့ မိုးကောင်းကင် ကိုယ်တိုင်က အနေမှန်ဖို့ လိုပါတယ်လို့ အကြံပေးချင်ပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတိုင်း ဣန္ဒြေမရှိဘူးဆိုတာ မဖြစ်နိုင်ပါဘူး။

**အားလုံးသော မိန်းကလေးများရဲ့ ကိုယ်စား၊**

**မန္တလေးသူများ။**

ကြိုက်တယ်ကွာ။ ဒီလိုမှပေါ့။ ကောက်ညှင်းက မစေး ဆန်ကြမ်းက စေးရတယ်လို့။ မန္တလေးသူတွေ လှုစုထားကွာ။ သင်္ကြန်ကျရင် ပခုက္ကူသွားပြီး အဲဒီ မိုးကောင်းကင်ကို အိုးမည်း သုတ်ရအောင်။ အဲ…ဒါ… ဘယ်ဖြစ်မလဲ။ ကိုယ်က ဣန္ဒြေရှင်၊ ဒီတော့…ကဲ…. မိုးကောင်းကင်ရေ မန္တလေးသူတွေက မကျေနပ်ဘူးတဲ့နော်။ မန္တလေးများသွားရင် သတိနဲ့သွား။

*

## (၂၄၉)

*ကျွန်တော်နဲ့သူနဲ့က ကျောင်းနေဖက်ပါ။ ဒီနှစ်မှ သူ့ကို ချစ်မိပါတယ်။ သူကလည်း ကျွန်တော် ကြိုက်နေတာကို သိနေတယ်။ ဒါပေမဲ့ အခန်းထဲက သူငယ်ချင်းတွေက ကျွန်တော့်ကို တခြားတစ်ယောက်နဲ့ စတာကို သူက လိုက်စတယ်ဗျာ။ အဲဒါ ဘာသဘောလဲ။ ကွယ်ရာကျတော့ တစ်မျိုးဆက်ဆံတယ်။ သူ့ကို အိမ်ပြန်ပို့ရင် တခြားသူငယ်ချင်းတွေ မမြင်အောင် လက်ကလေးနဲ့ နှုတ်ဆက်တယ်။ သူ့ကို Propose လုပ်ချင်တယ်။ ဒါပေမဲ့ အကဲခတ်နေရတယ်။ သူ့ဘက်က သေချာသလောက် ရှိမှ ကမ်းလှမ်းချင်တယ်ဗျာ။ ကျွန်တော့်ကို Favour တော့ပေးပါတယ်။ ခေါင်းစားလွန်းလို့ အားကိုးပါရစေဗျာ။*

**တောင်ပေါ်သားလေး၊ စိုင်းခေးဆိုင်။**

'ကျွန်တော်ဟာ တောင်ပေါ်သားပါ' ဆိုတဲ့ စိုင်းဆိုင်မောဝ်သီချင်း



ဆိုပြလိုက်ပါလား။ ဘာဆိုင်လို့လဲဆိုရင် ဒီပုံပြင်လေး ပြောပြလိုက်။ တစ်ခါတုန်းက ကောင်လေးတစ်ယောက်ဟာ ကောင်မလေးတစ်ယောက်ကို ကြိုက်နေသတဲ့။ ဘယ်ကစပြီး ဖွင့်ပြောရမှန်း မသိဘူးတဲ့။ တစ်ညတော့ ကောင်မလေးအိမ် သွားလည်ရင်း ကောင်လေးက 'လ ကလေးက သာလိုက်တာ' လို့ ပြောသတဲ့။ ဒီအခါ ကောင်မလေးက 'လသာတော့ ဘာဖြစ်လဲ' လို့ မေးတာပေါ့။ ဒီအခါ ကောင်လေးက 'နင့်ကို ငါချစ်တာပေါ့' လို့ ဖြေလိုက်သတဲ့။ ပြီးရောလေ၊ ရည်းစားစကားပြောတာများ ခေါင်းစားရသေးသတဲ့။ အခု ဒီစာဖတ်လို့ ပြီးပြီးချင်းသွားပြော။ လကလေးက သာလိုက်တာလို့(ဟဲ့… လကွယ်ရက်ကြီးလည်း ဖြစ်နေဦးမယ်နော်။)

*

## (၂၅၀)

□ *သမီးနဲ့သူနဲ့က တွေ့လိုက်ရင် အမြဲ ဘုကန့်လန့်ပဲ ပြောတတ်ကြတယ်။ အဝေးကနေ နှစ်ယောက် ပြိုင်တူ ခိုးကြည့်တတ်ပြီး မသိသလို နေကြတယ်။ သူ့ဘက်က မာနမလျှော့ချင်သလို သမီးကလည်း ရေလာမြောင်းပေးလုပ်ဖို့ လုံးဝ စိတ်မကူးပါဘူး။ ရင်ထဲကတော့ သူ့ မေတ္တာကို အမြတ်တနိုး မျှော်လင့်နေပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ဝေးကြတော့မယ် ထင်တယ်နော်။ သမီး မျှော်လင့်သလို ဖြစ်မလာရင် ခံနိုင်ရည်ရှိအောင် နှစ်သိမ့်ပေးပါဦးနော်။*

**နန်း၊ သီပေါ။**

❖ ဝေးစရာအကြောင်း မရှိပါဘူးကွယ်။ တစ်ယောက်နဲ့တစ်

www.burmeseclassic.com



ယောက် မကြည့်ရဲကြည့်ရဲဆိုတဲ့ သီချင်းလေးဟာ နှစ်ဦးလုံးရဲ့ ရင်ထဲမှာ အချစ်ညှောက်လေးတွေ တွယ်နေတာကို ဖော်ပြတာမို့ ကြည့်နူးစရာ ကောင်းပါတယ်။ အမှန်က ပွင့်ပွင့်လင်းလင်း ရည်းစားဘဝမရောက်ခင် သူကလည်း ကျိတ်ပြီး မြတ်နိုး၊ ကိုယ်ကလည်း တိတ်တခိုးမျှော်လင့်ဆိုတဲ့ ကာလအပိုင်းအခြားဟာ ဘဝသက်တမ်းတစ်လျှောက်မှာ အသာယာဆုံးအချိန်ပဲကွယ်။ တစ်ဦးကိုတစ်ဦး ဂရုစိုက်တယ်။ ငြိုငြင်မှာ စိုးတယ်။ ကူညီတယ်။ စိုးရိမ်တယ်။ ကောင်းတာလေးတွေ ပေးချင်တယ်။ ဒီလိုတွေမဟုတ်လား။ ဒီတော့ ဒီနေ့ကစပြီး နန်းက 'ဘုကန့်လန့်' မပြောနဲ့တော့။ သူပြောရင်တောင် မျက်လွှာလေးချ၊ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး အောင်မယ်လေး သင်လိုက်ရတာနော်။ ကြာရင် မေနှင်းတောင် ရုပ်ရှင်ဒါရိုက်တာလုပ်စားလို့ရတော့မယ် ထင်တယ်။ အဲဒါပါပဲ။ ရန်မဖြစ်ပါနဲ့။ ချစ်စရာ အလှအပစကားတွေ ရွေးပြီး ပြောပါ။ ချစ်တာပဲဟာ ချစ်သလိုပဲနေပေါ့။ ပြောပေါ့။ ဒါဟာ ရေလာအောင် မြောင်းပေးတာမဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ အခွင့်အရေးပါ။ အပြစ်မရှိပါဘူး။ (ငါးရံ့ပြာလူးတော့ မလုပ်နဲ့ပေါ့။ ငါးရံ့ပြာလူးဆိုတာကော ဘာလဲ သိရဲ့လား။ မသိရင် ငါးရံ့အရှင်တစ်ကောင်ကို ပြာပူပူထဲချကြည့်။ လူးလူးလိမ့်လိမ့် ဖြစ်လိမ့်မယ်။ အဲဒါမျိုး မဖြစ်စေနဲ့ ပြောတာ။ နမူနာပြရအောင် ငါးရံ့လည်း မဝယ်နိုင်ဘူးကွယ်။ ကြက်တုပ်ကွေးဆိုတာနဲ့ ငါးရံ့တွေ ဈေးကြီးလိုက်တာ။)

*



(၂၅၁)

□ *သူနဲ့ သမီးက မရိုးသားတဲ့ အတိုင်းအတာမှာ တန့်နေတယ်။ သူက သမီး သင်တန်းပြန်ရင် လိုက်ပို့လိုက်ကြိုလုပ်ပေမဲ့ ချစ်ကြောင်း မပြောဘူး။ သူ မလိုက်အောင် ဘယ်လို **လုပ်ရ** မလဲဟင်။*

ငယ်ငယ်၊ **ရွှေဘို။**

◆ လာပြန်ပြီတစ်ယောက်။ သူချစ်ကြောင်းမပြောတော့လည်း ဒီလိုပဲ အလိုက်အထိုက်နေလိုက်ပေါ့။ သူ မလိုက်**အောင်** တကယ် လုပ်ချင်သလား။ လွယ်လိုက်တာမှ သူ လာ**ကြိုရင်** 'ကျွန်မမှာ ချစ်သူရှိတယ်၊ ရှင် ငရဲကြီးလိမ့်မယ်' ဆိုတဲ့**သီချင်း** ဆိုပြလိုက်။ သူ လက်လျှော့သွားလိမ့်မယ်။ ဩော်... **ဘာလဲ** သီချင်းသံစဉ် မရဘူးလား။ မြန်မာ့အသံက အရင်တုန်း**က** ခဏခဏ လွှင့်တယ်လေ။ ပပမြိုင်ဆိုထားတာ။ ကဲပါလေ—**ဒီ** သီချင်းမဆိုချင်ဘူးဟုတ်လား။ ဟန်ကလည်း လုပ်ချင်**သေး**တယ်။ ကောင်မလေးတွေ သနားလိုက်တာဟယ်။

*

(၂၅၂)

□ *မနှင်းမေခင်ဗျာ။ ကျွန်တော့်နာမည်က ပြည့်ဖြိုးကျော်ပါ။ **ရှမ်း**ပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့မှာ နေပါတယ်။ သ**ရုပ်** မဂ္ဂဇင်းထဲမှာ ရုပ်ရှင်မင်းသား(...) ရဲ့ စကားအရ ရုပ်ရှင်**လော**ကထဲကို ဝင်ချင်ရက်နဲ့ မပြည့်စုံလို့ စိတ်အားငယ်နေတဲ့**သူတွေ**ကို ကျွန်တော်ကတော့ အမြဲတမ်း Welcome လုပ်မယ်လို့ ပြောပါတယ်။ ကျွန်တော်က ရုပ်ရှင်မင်းသား လုပ်ချင်တယ်။*

www.burmeseclassic.com

www.burmeseclassic.com



*သိပ်ဝါသနာပါတာ။ ဒါပေမဲ့ အဝတ်အစားမရှိဘူး။ ပိုက်ဆံမရှိဘူး။ ဒီတော့ Welcome လုပ်မယ်ဆိုတဲ့(...)နဲ့ တွေ့ချင်လို့ လိပ်စာနဲ့ ဖုန်းနံပါတ် ပြောပေးပါလား မနှင်းမေခင်ဗျား။*

ပြည့်ဖြိုးကျော်၊

ပင်တီးကျေးရွာ၊ ကျောက်မဲ။

အရင်ဆုံးပြောချင်တာက ကိုယ့်နာမည် 'မနှင်းမေ' မဟုတ်ပါဘူးကွယ်။ 'မေနှင်း' ပါ။ 'မ' လည်းမပါပါဘူး။ ဒါက အောဝမ်းမင်းသမီးတွေကို အားကျပြီး မှည့်ခဲ့တာလေ။ မေရှင်၊ မေသစ်၊ မေလွင်၊ မေမြ စသဖြင့် ကြားဖူးမှာပေါ့။ ကိုယ်လည်း မင်းလိုပဲ ရုပ်ရှင်ဝါသနာ ပါခဲ့တာပေါ့။ ဒါကြောင့် သူတို့နာမည်တွေနဲ့ ဆင်တူ မှည့်ခဲ့တာပဲ ကြည့်တော့။ ဒါပေမဲ့ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ ဘယ်လွယ်လို့လဲကွယ်။ အဝေးကြီးပဲ။ အကြောင်းများစွာ တိုက်ဆိုင်မှ ဖြစ်တာပါ။ ဟို Welcome လုပ်မယ်ဆိုတာလည်း မယုံနဲ့။ ကြားကောင်းအောင်ပြောတာ။ အခု သူကိုယ်တိုင်တောင် ရုပ်ရှင်ထဲ သိပ်မတွေ့ရတော့ဘူး။ ဒီတော့ ကျောက်မဲက ပြည့်ဖြိုးကျော်ရေ စိတ်ကူးမယဉ်ပါနဲ့ကွယ်။ ကိုယ့်ဘဝနဲ့ အံဝင်ခွင်ကျ အလုပ်ကိုပဲ အာရုံပြုပါ။ ဘဝဆိုတာ ကိုယ့်လမ်းကိုယ် ဖောက်ကြရတာပါ။ အလွန် ကံထူးသူများမှ တွဲခေါ်တဲ့ လူနဲ့ကြုံတာ။ အားမကျပါနဲ့။ ကိုယ်လုပ်သင့်တာပဲ လုပ်ပါလို့။ စေတနာနဲ့ ပြောလိုက်ပါရစေကွယ်။

*

## (၂၅)

*ကျွန်မလေ အခု ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်*



*အောင် စိတ်ဖိစီးမှုတွေ ရှိနေပါတယ်။ ကျွန်မ အခု အသက် ၂၃ နှစ်ရှိပါပြီ။ ပတ်ဝန်းကျင်ကရော ကျွန်မမိဘတွေကရော ကျွန်မကိုယ်တိုင်ကရော မိန်းကလေးဆန်တဲ့ နူးနူးညံ့ညံ့ မိန်းကလေးတစ်ယောက်လို့ မှတ်ယူခဲ့ကြတာပါ။ ကျွန်မမှာ အခု လက်ရှိ ၄ နှစ်ကြီးတဲ့ ရည်းစားတစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ဖြူဖြူစင်စင်ပဲ နေခဲ့ကြပါတယ်။ နားနဲ့မနာ ဖဝါးနဲ့နာပါမေနှင်းရယ်။ ကျွန်မလေ ကျွန်မနဲ့ လုပ်ဖော်ကိုင်ဖက် သက်တူရွယ်တူ မိန်းကလေးတစ်ယောက်နဲ့ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး ပုံမှန်မဟုတ်တဲ့ ဆက်ဆံရေးမျိုး ရှိနေပါတယ်။ သူကလည်း လက်ရှိ ရည်းစားရှိနေတဲ့ နူးနူးညံ့ညံ့ မိန်းကလေးတစ်ယောက်ပါ။ အခု ကျွန်မရဲ့ ယောကျ်ားလေး ချစ်သူက လက်ထပ်ကြဖို့ ပြောနေပါပြီ။ ကျွန်မ သူ့ကို လက်မထပ်နိုင်ပါဘူး။ ဒါပေမဲ့ ယောကျ်ားယူလိုက်မယ်ဆိုရင် ကျွန်မ တစ်သက်လုံး စိတ်ဆင်းရဲနေမှာ သေချာပါတယ်။ ဟိုတစ်ယောက်လည်း အသက်သေနိုင်လောက်တဲ့အထိ ဖြစ်သွားပါလိမ့်မယ်။ ကျွန်မတို့နှစ်ယောက် တစ်သက်လုံး အတူနေချင်ပါတယ်။ ဒီနိုင်ငံက လက်မခံရင် တခြားနိုင်ငံကိုထွက်ပြီး ကလေးယူဖို့အထိတောင် စဉ်းစားထားကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်ကို အရမ်းချစ်တဲ့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေလို့ မှတ်ယူထားကြတဲ့ ပတ်ဝန်းကျင်ကိုရော၊ ကျွန်မတို့ မိဘတွေကိုရော၊ ကျွန်မတို့ရဲ့ ရည်းစားတွေကိုရော ကျွန်မတို့နှစ်ယောက်က ချစ်သူတွေပါလို့ ဘယ်လိုဖွင့်ပြောရမလဲ မေနှင်းရယ်။ ကျွန်မတို့ ဘယ်သူ့ကိုမှလည်း ဖွင့်ပြီး မတိုင်ပင်ရဲပါဘူး။ တိုင်ပင်ရမယ့်လူလည်း မရှိပါဘူး။ ကူပါဦး*

www.burmeseclassic.com

www.burmeseclassic.com



မေနှင်းရယ်။ သူနဲ့ခွဲဖို့တော့ မပြောပါနဲ့။ တောင်းပန်ပါတယ်။

New, Ygn

ဒီကိစ္စက တကယ်တော့ ကာယကံရှင်နှစ်ဦးနဲ့ပဲ ဆိုင်ပါတယ်။ ကိုယ့်ဟာကိုယ် အဆင်ပြေအောင်နေသွားရင် ဘယ်သူ့ကိုမှ မထိခိုက်ရင် ဘယ်သူမှ တားလို့မရပါဘူး။ ဒါဟာ သိပ်ဆန်းကြယ်တဲ့အဖြစ်လည်း မဟုတ်ဘူး။ အရင်တုန်းကတည်းက ဒါမျိုး ရုပ်ထဲရွာထဲမှာ ရှိခဲ့တာပါ။ ဘယ်သူမှလည်း ဥပဒေနဲ့ မတားဆီးနိုင်ပါဘူး။ အခုတလောမှာတော့ ဒီကိစ္စကို ဥပဒေဖြစ်ဖို့ ငြင်းခုန်နေကြတယ်လို့ သတင်းထဲမှာ ဖတ်ရတယ်။ ဒီကိစ္စထဲကနေ တခြားအငြင်းပွားစရာတွေ နောက်ဆက်တွဲဖြစ်လာကြလို့ ဖြစ်မှာပါ။ နှစ်ယောက်တည်း အတူနေရုံကတော့ ဘာဥပဒေနဲ့မှ မငြိစွန်းပါဘူး။

ဒီလိုဖြစ်ရတာဟာ ဆေးပညာအရ ဟိုမုန်းမမှန်ကန်လို့ ဖြစ်ရတာလို့ သိရတယ်။ မိန်းမအင်္ဂါရုပ်တွေ အစုံရှိပြီး ဟိုမုန်းကျတော့ ယောကျ်ားဟိုမုန်းက ပိုများနေတာကိုး။ ယောကျ်ားအင်္ဂါရုပ်ရှိနေသူမှာ မိန်းမဟိုမုန်းရှိနေတာမျိုးလို့ လွယ်လွယ်မှတ်ကြပါစို့။ ဒီလို သွေးထဲမှာ သဘာဝအလျောက် ဖြစ်နေတာမို့ အဲဒီလူမှာ အပြစ်မရှိပါဘူး။ ဒီအခါ လိင်တူချင်း တွယ်ငြိသွားတတ်တာပါပဲ။ ဒါကို ဘယ်သူမှ ကဲ့ရဲ့အပြစ်တင်ဖို့ မကောင်းပါဘူး။

သို့သော် ဒီကိစ္စထဲမှာ ဆက်နွှယ်လာတဲ့ တခြားအကြောင်းအရာတွေ ပါလာတဲ့အခါ အပြစ်တွေ ရှိလာတတ်ပါတယ်။ ဒါကြောင့် ကာယကံရှင်တွေကိုယ်တိုင် ဆုံးဖြတ်ဖို့ လိုပါတယ်။ ကိုယ်က ဘယ်သူ့ကို ရွေးမှာလဲ။ နှစ်မျိုးလုံးတော့ မရနိုင်ဘူး။



အဲဒါ ကိုယ့်ဘာသာပဲ စဉ်းစားပါ။ တစ်ခုကိုလိုချင်ရင် တစ်ခုကို စွန့်ရမယ်။ ဘယ်နိုင်ငံကိုမှလည်း သွားစရာမလိုပါဘူး။ ပြတ်ပြတ်သားသားလုပ်ဖို့ပဲ လိုပါတယ်။ သတ်သေစရာလည်း မလိုဘူး။ သတ်သေတာဟာ အဖြေမဟုတ်ဘူး။ ဒါကြောင့် ကိုယ့်စိတ်နဲ့ကိုယ် အမြန်ဆုံးဖြတ်ပါ။ ကြာရင် မကောင်းပါဘူး။

*

(၂၅၄)

*သမီးက မိဘမေတ္တာငတ်မွတ်သူတစ်ယောက်ပါ။ မေတ္တာတွေကို လိုလားတယ်။ တန်ဖိုးထားတယ်။ မွေးစားမာမီက အရမ်းအေးစက်လွန်းတယ်။ တစ်ခါတစ်လေ သမီးကို သူတို့မိတ်ဆွေတွေကို မိတ်ဆက်ပေးရင် အရမ်းဝမ်းသာတယ်။ ဒါပေမဲ့ အခုတော့ သမီးဟာ မွေးစားသမီးမဟုတ် အိမ်ဖော်မပည်တဲ့လူပါ။ သမီးမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်။ သူတို့ဖြတ်ခိုင်းလို့ ဖြတ်လိုက်ပြီ။ မာမီတို့က တာဝန်ကြီးတယ်တဲ့။ မဟုတ်တဲ့လူနဲ့ တွေ့သွားမှာ စိုးလို့တဲ့။ သူတို့ မှန်ပါတယ်။ ဒါပေမဲ့ သမီးရဲ့ နှလုံးသားကတော့ အနာတရ ဖြစ်သွားပြီပေါ့။ သူတို့ ထားရာနေ စေရာသွားခဲ့တာပါ။ အခု ရှေ့ဆက်ပြီး သမီး ဘယ်လိုလုပ်ရမလဲ။ သမီးရဲ့အနာဂတ်မှာ မှောင်မဲနေတယ်။ လမ်းဆုံမှာ ရောက်နေတယ်။*

*အန်တီထင်မယ်။ သမီးတစ်ဖက်သတ်ပြောတယ်။ လုပ်ကြေးတော်လမ်းပဲ၊ ပုံပြင်တစ်ပုဒ်ပဲ အိပ်မက်တစ်ခုပဲလို့။ ဒါပေမဲ့ ဒါတွေဟာ အမှန်တရားပါ။ သမီးကို အိပ်မက်တစ်ခုပဲလို့ သဘောမထားခိုင်းပါနဲ့။ အတိတ်ပဲ၊ မေ့လိုက်ပါတော့၊*

www.burmeseclassic.com



အနာဂတ်မှာ ဘယ်လို လုပအောင်နေမယ်ဆိုတာကိုပဲ စဉ်းစားလို့မပြောပါနဲ့။ အနာဂတ်ဆိုတာဘာလဲ။ ဘဝဆိုတာ ဘာလဲ။ သမီး ကြောက်တယ်။ သမီးကို ရွာမပြန်ခိုင်းပါနဲ့။ ရွာရောက်ရင် ပေါက်တူးကိုင်ရမှာ။ ကလေးတွဲလောင်းနဲ့လေ သူများဝိုင်းပြောကြမှာ။ 'ပြောလည်း ပြောပါစေ' လူဆိုတာ ကဲ့ရဲ့ ၇ ရက် ချီးမွမ်း ၇ ရက်ပဲလို့ မပြောပါနဲ့။ အဲဒီ ၇ ရက်လေးကိုတောင် သမီး အားမတင်းနိုင်တော့ဘူး။ ခဲတစ်ခါမှန်ဖူးတဲ့ငှက် နောက်တစ်ခါ ထပ်မမှန်ဘူးတဲ့။ မှားတယ်။ သမီးက တစ်ခါ မှန်ဖို့လို့ အနာမကျက်သေးဘူး။ နောက်ထပ်မှန်တယ်။ သမီး အလူးအလဲ ခံစားရတယ်။

ရှေ့ဆက် အသက်ရှင်ဖို့ အားအင်တစ်စက်မှ မကျန်တော့ဘူး။ ဘယ်သူကရော သမီးကို လက်ကမ်းပေးမှာလဲ။ အမြဲတမ်း မဆိုးနိုင်ပါဘူး။ ဘဝဆိုတာ ကောင်းတဲ့အခါ ရှိလာမှာပါ။ သည်းခံပါလို့ မနှစ်သိမ့်ပါနဲ့။ သမီး အသက်ရှူမဝဘူး။ သမီး ကျဉ်းကြပ်တယ်။ ရှေ့တိုးလို့မရ နောက်ဆုတ်လို့မရနဲ့ ဒီမှာတင် သမီး အသက်ထွက်သွားမှာလား။ ဘယ်တရားတော်မှာ သမီးအဖြစ်ကို ငြိမ်းချမ်းစေမှာလဲ။

သမီး၊ တောင်ကြီး။

အခုလို စာရေးနိုင်သေးတာဟာ ခွန်အားရှိသေးလို့ပေါ့။ ကိုယ့်ဘဝ ကိုယ့်ခံစားချက်တွေကို ခုလိုပဲ စာချရေးထားပါ။ ရင်ထဲပေါ့ပြီး သက်သာသွားပါလိမ့်မယ်။ ရွာမပြန်ချင်ရင် မပြန်ပါနဲ့။ ရပါတယ်။ လက်ရှိဘဝမှာ မျှောပြီး သည်းခံရင်း စိတ်လျှော့ထားစေချင်တယ်။ ရေကူးတဲ့အခါ လက်ပမ်းကျရင် 'ကိုယ်ဖော့' ရသလိုပေါ့။ ရေမနစ်ဖို့ပဲ အရေးကြီးတယ်။ ဘဝဆိုတာ ကိုယ့်



စိတ်ခံယူတတ်ရင် နေသာတာပါပဲ။ မေနှင်းသူငယ်ချင်း အပျိုကြီးတစ်ယောက်ရှိတယ်။ ခြံကြီးတစ်ခြံတည်းမှာ အိမ်တစ်လုံးနဲ့ တစ်ယောက်တည်းနေရတယ်။ သူ့မှာ မိဘလက်ကျန် ရွှေငွေပစ္စည်း အထုပ်ရှိတယ်။ အဲဒါတွေ ရပ်ကွက်ကလည်း သိတယ်။ 'လာလုပြီး ရိုက်နှက်ခံရမှာ မကြောက်ဘူးလား' လို့ မေးကြည့်တော့ 'အဲလိုဖြစ်သွားတော့ရော ဘာဖြစ်သေးလဲ' တဲ့။ ကြည့်စမ်း သူ့ရဲ့ ခံနိုင်ရည်၊ သူ့ရဲ့ ခံယူချက်။ ဘာအတွက်မှ မပူပန်ဘူး။ မလိုချင်ဘူး။ နောက်ဆုံး အသက်ကိုတောင် မစိုးရိမ်ဘူး။ ကိုယ် ရရှိထားတဲ့ဘဝကို ငြိမ်းချမ်းအောင်ထားတယ်။

ဒါဟာ စိတ်ထားတတ်ခြင်းပဲ။ အခု သမီးကိစ္စက အသက်ကို စိုးရိမ်ရတဲ့အဖြစ်မှ မဟုတ်တာ။ သူများသြဇာအောက်မှာ အလုပ်လုပ်ရတယ်။ နေစရာ စားစရာရှိတယ်။ လက်ရှိအနေအထားက 'မလွတ်လပ်' တာတစ်ခုပဲ မဟုတ်လား။ ဒါကို ကိုယ့်ဟာကိုယ် ကြိတ်ပြီးကြံစည်ရမှာပေါ့။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ဘာလုပ်မလဲ။ လူတစ်ယောက်ဟာ အသက် ၁၈ နှစ်ကျော်ရင် ကိုယ့်ဆန္ဒနဲ့ကိုယ် သီးခြားနေခွင့်ရှိတယ်။ အဲသလို နေနိုင်ဖို့ ကြံစည်ရမှာပေါ့။ ဘယ်သူ့မှ အားမကိုးပါနဲ့။ ကိုယ့်ဟာကိုယ် အလုပ်လုပ်ပြီးရပ်တည်ဖို့ ကြိုးစားပါ။ အဲဒါဟာ ဘဝရဲ့ထွက်ပေါက်ပဲ။ တခြားသူတွေရဲ့ ကူညီမစမှုကို လုံးဝမျှော်လင့်မထားဘဲ သီးခြားနေနိုင်ဖို့ ဆုံးဖြတ်လိုက်ရင် နည်းလမ်းတွေ ပေါ်လာပါလိမ့်မယ်။ တရားဥပဒေရှိတယ်။ ဘယ်သူ့မှ မကြောက်ပါနဲ့။ အသက်ရှင်နေသူ ဘာမဆို ဖြစ်နိုင်ပါတယ်။

□

www.burmeseclassic.com